၁၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန် (၁) ရှိ တိုင်းမြန်ကျော် ဥစား ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

နိုပေါနိုင်ငံသို့ လာရောက်လည်ပတ်နေသော တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကျူရုံကျိုသည် နိုပေါဘုရင် ဘီရင်ဒရာဘီရာဘီကရမ်ရာဒေဝအား ခတ္တမန္တလူမြို့တွင် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စကို ဆွေးနွေးကြသည်။

၁၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါ၍ ကျိုင်းတုံမြို့သို့သွားရောက်ကာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄) မိုင်းလားမြို့တွင် ဒေသဖွံ့ဖြိုးရေးအဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

နျူကလီးယား လက်နက်ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် အရှေ့တောင်အာရှကို နျူကလီးယားမဲ့ဒေသအဖြစ် ထားရှိမှုကို လေးစားမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်နေသည့် ဧည့်သည်တော်အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီ ဗာဂျ်ပေယီက ပြောကြားသည်။

၁၉ အာရပ်ပြိုင်ဘက်နိုင်ငံ နှစ်နိုင်ငံဖြစ်သော ဆီးရီးယားနှင့် အီရတ်တို့သည် လွန်ခဲ့သည့် နှစ် ၂၀ က စ၍ အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် ဆီးရီးယားနိုင်ငံက ပထမဦးဆုံးအကြိမ် သံတမန်မစ်ရှင်ဆက်ဆံမှု ပြန်ပြုလုပ်နိုင်ရေးအတွက် ဆီးရီးယားအဆင့်မြင့် သံတမန်တစ်ဦးဖြစ်သူ မိုဟာမက်ဟက်ဆန်အယ်တာဝပ်သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ ရောက်ရှိလာကြောင်း သံတမန်အသိုင်းအဝိုင်းက ပြောကြားသည်။

၂၀ (၅၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့တက်ရောက်ကြည်ညိုကြပြီး ဗိုလ်ချုပ်ကြီးမောင်အေးက ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရအရှင်ဂန္ဓမာလာလင်္ကာရအား အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ပူဇော်သည်။

၂၂-၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရခိုင်ပြည်နယ် စစ်တွေမြို့သို့

သွားရောက်၍ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်များအား ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မအီချောင်းတံတား တည်ဆောက်ရေးစီမံကိန်းနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လှည့်လည် စစ်ဆေးကြည့်ရှုသည်။

၂၅ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယကာ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၂) နှင့် အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း ဩဝါဒစကားမြွက်ကြားသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥတို – ကြာအင်းဒေသရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လယ်ယာစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးပြီး သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းနှင့် တော်လတီဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

၂၀ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်ပီစီ) သည် ပါပူဝါနယူးဂီနီပါလီမန်နှင့် အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် ဆန္ဒရှိနေသည်ဟု အင်ပီစီ အမြဲတန်းကော်မတီ ဥက္ကဋ္ဌ လီဖုန်းက ပြောကြားလိုက်သည်။

၂၁ ၂၀၀၁ ခုနှစ်၊ မေ ၃၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကက်စိန်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ ၂၀၀၁ အထိမ်းအမှတ်ကို ဂျီနီဗာ၌ ကျင်းပရာတွင် အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ဆေးလိပ်သောက်သုံးခြင်းကို ပိတ်ပင်တားမြစ်ထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလူအိတ်ချ်အို) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဘရန်လင်းက တိုက်တွန်းလိုက်သည်။

ဇွန်လ

၁ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၀၀ – ၂၀၀၁ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာအောင်လက်မှတ် ချီးမြှင့်အပ်နှင်းပွဲနှင့် ၂၀၀၁ – ၂၀၀၂ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာ သင်တန်းသားသစ် ကြိုဆိုပွဲ အခမ်းအနားကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး ယုဇနပညာသင်ဆုချီးမြှင့်သည်။

၂ ပညာရေးဝန်ကြီးဌာန ယုဇနပညာရေးနှင့် သုတေသနဖွံ့ဖြိုးရေး ဌေပဒေသာပင်စိုက်ထူရေးကော်မတီ၏ ယုဇနပညာသင်ဆုချီးမြှင့်ခြင်း အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာရှိ ယုဇနခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး ယုဇနပညာသင်ဆုချီးမြှင့်သည်။

နီပေါဘုရင်၊ မိဖုရားတို့နှင့် အတူ အခြားတော်ဝင်မိသားစု တစ်ဒါဇင်ခန့်သည် ခတ္တမန္ဒုရှိ နာရာယဉ်တီတီနန်းတော်၌ သေနတ်ဖြင့် ပစ်သတ်ခြင်းခံကြရကြောင်း စစ်တပ်နှင့် ဝန်ကြီးချုပ်နှင့်နီးစပ်သော သတင်းရပ်ကွက်များက ပြောကြားသည်။



သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့သော နီပေါ အိမ်ရှေ့မင်းသား ဒီပင်ဒရာ



လုပ်ကြံသတ်ဖြတ်ခြင်း ခံရသော နီပေါဘုရင် ဘီရင်ဒရာနှင့်မိသားစု

၄ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာရှိ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ တည်ထားတော်မူခဲ့သည့် သောဏုတ္တရစေတီညီနောင်တို့အား ပြန်လည်ပြုပြင် မွမ်းမံပြီးစီး၍ ရွှေထီးတော် တင်လှူပူဇော်ပွဲကို အာရုံခံတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ကြည်ညိုလျှို စိန်ဖူးတော်များ တင်လှူပူဇော်သည်။

၅ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မင်္ဂလာဒုံမြို့နယ်ရှိ



အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်.
နိုင်ငံ့ဂုဏ်ဆောင်
လက်ဝှေ့.အားကစားသမား
တစ်ဦးအား
ဂုဏ်ပြုဆုငွေပေးအပ်စဉ်

တပ်မတော်အရိုးကုဆေးရုံ (ခုတင်– ၅၀၀) ဆင်ဖြူရှင်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၁ ခုနှစ်) သို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားသည်။

၆ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကကြီးမှူးကျင်းပသော ၂၀၀၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားနှင့် ၂၀၀၁ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အစွမ်းရေးဝန်ကြီးချုပ် အာရိယယ်ရှရွန်နှင့် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်တို့တရား၀င် အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုရေး ထိပ်သီးဆွေးနွေးပွဲသည် ဖြစ်နိုင်စရာ အလားအလာရှိသည်ဟု အစွမ်းရေးတရားရေးဝန်ကြီး ဗီယာရှီထရစ်က ပြောကြားလိုက်သည်။

၇ နီပေါတော်ဝင် မိသားစုဝင်များအားလုံးနီးပါးကို ဇွန် (၁) ရက်က ပစ်ခတ်လုပ်ကြံခဲ့သူမှာ ယခင်အိမ်ရှေ့မင်းသားဒီပင်ဒရာဖြစ်ကြောင်း မျက်မြင်သက်သေ တစ်ဦးဖြစ်သူ ပစ်ခတ်မှုဖြစ်ပွားချိန်က တော်ဝင်မိသားစုနှင့်အတူ ရှိနေခဲ့သည့် ရာဂျစ်ရာဟီဆိုသူက ပြောကြားလိုက်သည်။

၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် H.E. Mr. Rizalino S. Navarro အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ ပါလက်စတိုင်းနှင့် အစွမ်းရေးတို့၏ အကြမ်းဖက်မှုလုပ်ရပ်များ ရပ်တန့်သွားစေရန် လက်ရှိအခြေအနေ၌ အစွမ်းကုန်ကြိုးပမ်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည် စတင်သွားသင့်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ကိုင်ရှိ၍ ပြောကြားလိုက်သည်။

၁၄ နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် မြန်မာ–ဩစတြေးလျအနောက်တိုင်း လက်ဝှေ့လက်ရည်စမ်း ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင် လက်ဝှေ့အားကစားသမားများ ဂုဏ်ပြုပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်. တက်ရောက် ဂုဏ်ပြု အမှာစကားပြောကြားပြီး အားကစားသမား များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် သည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီက ကြီးမှူး၍ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မရမ်းကုန်းမြို့ နယ် ကျောက်ရေတွင်းရပ်ကွက် သမ္မဉ္ဇုပုထိုး တော်ကြီး ပရဝဏ်အတွင်း ဓမ္မသက စာ သင်တိုက်အတွင်း၌ ကျင်းပသော သစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ပါဝင် စိုက်ပျိုးသည်။

၁၇ အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာ ရီဗာ့ချ်ပါယီသည် ပါကစ္စတန် စစ် ဘက်အကြီးအကဲဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူ ရှာရက်ဖ်နှင့် ဇူလိုင် ၁၄ ရက်၌ စတင်ဆွေး နွေးမည်ဖြစ်ကြောင်း၊ ယင်းအိမ်နီးချင်းနှစ် နိုင်ငံခေါင်းဆောင်နှစ်ဦး ဆွေးနွေးခြင်းသည် နှစ်နှစ်ကြာအတွင်း ပထမဆုံးအကြိမ် ဖြစ် သည်ဟု သတင်းတစ်ပုဒ်က ဖော်ပြသည်။

၁၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
၂၀ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှိနာဝပ် ခေါင်းဆောင် သည့် ထိုင်းနိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် အထူး လေယာဉ်ဖြင့် ရန်ကုန် မြို့သို့ ရောက်ရှိ လာသည်။

၂၁ မလေးရှားနိုင်ငံ၏ စီးပွားရေးတိုး တက်မှုနှင့် ပြည်သူလူထု သက်သာ ချောင်ချိမှုတို့အတွက် ငြိမ်းချမ်းတည်ငြိမ်မှု သည် အလွန်အရေးကြီးကြောင်း သွေးစည်း ညီညွတ်သော မလေးအမျိုးသား အစည်းအရုံး (ယူအမ်အင်အို) ဥက္ကဋ္ဌ၊ မဟာသီမိုဟာမက်က အလေးအနက်ထားပြောကြားသည်။

၂၂ သိပ္ပံနှင့် နည်းပညာသည် အခြေခံ ကျသော ကုန်ထုတ်အင်အားစုများ ဖြစ်သည်ဟု တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) အထွေထွေ အတွင်းရေးမှူးနှင့် နိုင်ငံတော် သမ္မတဖြစ်သူ ကျန်ဇီမင်းက ခြောက်ကြိမ် မြောက် တရုတ်သိပ္ပံနှင့် နည်းပညာအသင်း (စီအေအက်စ်တီ) ၏ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် အစည်းအဝေးဖွင့်ပွဲတွင် မှတ် ချက်ပြု ပြောကြားလိုက်သည်။

၂၄ မကွေးတိုင်း မကွေးခရိုင်မြို့သစ် မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်း ဦးစီးဌာန (၃) က တာဝန်ယူတည်ဆောက် ပြီးစီးသွားသည့် စွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန် ရှိသူများအား လမ်းညွှန်မှာကြားသည်။

လူပေါင်း ၂၂ သန်းအား သတ်ဖြတ် ချေမှုန်းခဲ့ပြီးသော အေအိုင်ဒီအက်စ် ရောဂါ နှင့်ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆ ချက်များကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြော ဆိုကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က တစ်ကမ္ဘာလုံးကို ဆော်သြ လိုက်သည်။

၂၆ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်း အမှတ်ပြတိုက် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ကျွန်းတော လမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ အဆိုပါ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ရှိ ဥပစာဒ္ဒကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်မိန့်ခွန်းပြောကြားပြီး မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၂၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေး တပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာ မှုသင်တန်း အမှတ်စဉ် (၃) နှင့် အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် ဩဝါဒစကား မြွက်ကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်အား ကုလသမဂ္ဂအတွင်းရေး မှူးချုပ်အဖြစ် ဒုတိယမြောက် သက်တမ်း ထမ်းဆောင်ရေးအတွက် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း အတည်ပြုသဘော တူညီလိုက်သည်။

၂၉ ရန်ကုန်တက္ကသိုလ်၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်နှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်တို့မှ ပါရဂူဘွဲ့ရရှိသူ (၃၁) ဦးတို့ အား ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ကျင်းပ ရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်. တက်ရောက်၍ နိုင်ငံတော်အစိုးရကိုယ်စား ဂုဏ်ပြုအမှာ စကားပြောကြားပြီး ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်သည်။

ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကုအိဇုမိ သည် စီးပွားရေး၊ လုံခြုံရေးနှင့် ကမ္ဘာကြီးပူနွေးမှု ကိစ္စရပ်များကို အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံ ခေါင်းဆောင်များနှင့် ဆွေးနွေးရန်အတွက် အဆိုပါသုံးနိုင်ငံသို့ အလည်အပတ်ခရီး ထွက်ခွာသွားသည်။

၃၀-၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အတူ ရှမ်းပြည်နယ်သို့ သွားရောက်၍ စက်မှုဇုန်များ၊ တောင်ကြီး-နမ့်စန် ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဇူလိုင်လ

၁ မြန်မာနိုင်ငံပညာရေးကော်မတီ အစီအစဉ်ဖြင့် စေတနာရှင် အလှူရှင်များလှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများကို အခြေခံပညာ မူလတန်းကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ထောက်ပံ့ လှူဒါန်းပွဲ အခမ်းအနားကို လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ စက်မှုမြို့၊ ကနောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး၊ လှူဒါန်းသည်။

ကုလသမဂ္ဂအထွေထွေညီလာခံကကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအနန်အား ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလမှ စတင်သည့် ဒုတိယ ငါးနှစ်သက်တမ်းအတွက် ကမ္ဘာ့အဆင့်အမြင့်ဆုံး သံတမန်အဖြစ် ပြန်လည်ခန့်ထားလိုက်သည်။

၂ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အစည်းအဝေးအမှတ်စဉ် ၃/၂၀၀၁ ကို ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၊ ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ် ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံပုံနှိပ် အတတ်ပညာသင်တန်းအမှတ်စဉ် (၂/၂၀၀၁) ဖွင့်ပွဲအခမ်းအနားကို အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ ဂျီတီစီပုံနှိပ်စက်ရုံရှိ သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်ပီစီ) အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာလီဖုန်းသည် အမေရိကန်အောက်လွှတ်တော်အမတ် ကလေရွန်နှင့် အမေရိကန် အာရှဖောင်ဒေးရှင်း ဥက္ကဋ္ဌ ရစ်ချတ်ကွစ်တို့ခေါင်းဆောင်သော အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် ဘေဂျင်မြို့တွင် တွေ့ဆုံသည်။

၂ ၂၀၀၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

၄ ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကာလအတွင်းလူ ၂၅၄၆ ဦး တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာမှ ၇၂ ဦးမှာ အဆိုပါရောဂါဖြင့် သေဆုံးသွားကြောင်း ကမ္ဘောဒီးယား အမျိုးသားဌာနက ဖော်ပြသည်။

၅ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကျန်ဇီမင်းနှင့်၊ အမေရိကန်သမ္မတကျော့ဂ်ဒဗလျူဘုရှ်တို့သည် တယ်လီဖုန်းဖြင့် စကားပြောကြပြီး တရုတ် အမေရိကန်ဆက်ဆံရေးနှင့် ဘုံအကျိုးစီးပွားကိစ္စများကို သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ လုပ်ငန်းလျာထားချက်များအပေါ် ဆွေးနွေးမှာကြားသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသော "၂၀၀၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား" သို့ တက်ရောက် အမှာစကားပြောကြားသည်။

၁၂ မေ (၃၀) ရက်မှ ဇွန် (၈) ရက်အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် ရေကြောင်းအန္တရာယ်လုံခြုံမှုကော်မတီ၏ (၇၄) ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံအား အခြား (၉၅) နိုင်ငံနှင့်အတူ 'အဖြူရောင် စာရင်းဝင် နိုင်ငံ' ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

၁၃ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်အေးချမ်း



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ဂုဏ်ပြုဆုရ မစုပုံချစ်အား ဆုချီးမြှင့်စဉ်

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မကွေးတိုင်း မြို့သစ်မြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် ဆည်ရေသောက်ဧရိယာဧက ၂၀၀၀ နှင့် သီးနှံဧရိယာဧက ၂၈၀၀ စိုက်ပျိုးရေပေးဝေနိုင်မည့် ပုလင်းရေလှောင်တမံကို တက်ရောက်ဖွင့်လှစ်ပေးသည်။

၁၈ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၁) ကြိမ်မြောက် ညှိနှိုင်းအစည်းဝေးကို ပြည်ထဲရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော် ပြတိုက်ဟောင်း တန်ဆောင်း၌ ကျင်းပသည့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီ အစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို မှာကြားသည်။

၁၅ အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သော ဧည့်သည်တော် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်နှင့် အိန္ဒိယဝန်ကြီးချုပ် အတာဘီဟာရီဗာဂ်ပေါယီတို့သည် နှစ်နိုင်ငံဖြစ်ပွားနေသည့် ပဋိပက္ခကို ဖြေရှင်းနိုင်မည့် အလားအလာများ ရှာဖွေတွေ့ရှိနိုင်ရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် အိန္ဒိယနိုင်ငံ အဂ္ဂရာမြို့တွင် ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပသည်။

ဘရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြို့တော်ဘေဂျင်းသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသွားပြီဖြစ်ရာ လာမည့်နှစ်အနည်းငယ်အတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို မကြုစဖူး ထူးကဲစွာ ဖန်တီးနိုင်တော့မည် ဖြစ်ကြောင်း ဘေဂျင်းမြို့ရှိ စီးပွားရေး ပညာရှင်များက ယုံကြည်ထားကြသည်ဟု အမ်အင်အေ (ဆင်ဟွာ) သတင်းဌာနက ဖော်ပြသည်။

၂၀ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးကို ပိုမိုခိုင်မာတောင့်တင်းပြီး ကျယ်ပြန့်စေရန် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်နှင့်အလည် အပတ်ရောက်ရှိနေသော လာအိုဝန်ကြီးချုပ် ဘိုအန်နန်ပိုရာချစ်တို့နှစ်ဦး ဟနွိုင်း၌ တွေ့ဆုံဆွေးနွေးကြစဉ် သဘောတူညီလိုက်သည်ဟု အမ်အင်အေ (ဆင်ဟွာ)သတင်းဌာနက ဖော်ပြသည်။

၂၂ သမ္မတပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် (၁၆)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် သမ္မတပုထိုးတော်ကြီး တည်ရာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အလှူငွေများလက်ခံသည်။

၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဇာလစ် ယောင်ချိုင်ယုဒ်နှင့် အဖွဲဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်သူ့အင်အား အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။


၂၇ ပြန်ကြား‌ရေး‌ဝန်ကြီး‌ဌာနက ကြီး‌မှူး၍ အာဆီယံ ဓာတ်ပုံပြပွဲဖွင့်ပွဲနှင့် ဆု‌ချီး‌မြှင့်ပွဲအခမ်း‌အနား‌ကို ရန်ကုန်မြို့.တော်ခန်း‌မ၌ ကျင်း‌ပရာ နိုင်ငံတော်အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီ အတွင်း‌ရေး‌မှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး‌ခင်ညွန့်.တက်ရောက် ဆု‌ချီး‌မြှင့်သည်။

အင်ဒိုနီး‌ရှား သမ္မတနိုင်ငံ သမ္မတသစ် မီဂါဝတီဆိုကာနိုပူထရီသည် ညွန့်.ပေါင်း‌အစိုး‌ရဖွဲ့.စည်း‌ရေး လုပ်ငန်း‌တာဝန်များကို ထား‌ရစ်ပြီး အင်ဒိုနီး‌ရှား‌နိုင်ငံ၏ ပြည်နယ်အတော်များများသို့ ခရီး‌လှည့်လည် သွား‌ရောက်ရန် ဂျကာတာမှ ထွက်ခွာသည်။

၂၉ (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြား‌ရေး‌ဝန်ကြီး‌များ အစည်း‌အဝေး‌ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့.၌ ကျင်း‌ပရာ နိုင်ငံခြား‌ရေး‌ဝန်ကြီး‌ဌာနဝန်ကြီး ဦး‌ဝင်းအောင် တက်ရောက်သည်။

၃၀ နိုင်ငံတော် အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီ အတွင်း‌ရေး‌မှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်.သည် ရှမ်းပြည်နယ် လား‌ရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်တစ်၊ လောက်ကိုင်၊ ´ချင်း‌ရွှေဟော် မြို့.များသို့ သွား‌ရောက်ပြီး ဒေသဖွံ့ဖြိုး‌တိုး‌တက်ရေး လုပ်ငန်း‌များကို ကြည့်ရှုစစ်ဆေး‌ပြီး ဒေသခံတိုင်း‌ရင်း‌သား‌ခေါင်း‌ဆောင်များနှင့် တွေ့.ဆုံဆွေး‌နွေး‌သည်။

၃၁ မလေး‌ရှား‌နိုင်ငံတွင် ကျင်း‌ပမည့် အရှေ့တောင်အာရှ အား‌ကစား‌ပြိုင်ပွဲသို့ သွား‌ရောက်ယှဉ်ပြိုင်မည့် အား‌ကစား‌သမား‌များ‌အား မြန်မာ့အား‌ကစား အောင်မြင်‌ရေး‌ကို ကောင်စီဥက္ကဋ္ဌက မှာကြား‌ခြင်း အခမ်း‌အနား‌ကို သုဝဏ္ဏအား‌ကစား‌ပြိုင်ပွဲရုံ (၁) ၌ ကျင်း‌ပရာ မြန်မာ့အား‌ကစား အောင်နိုင်‌ရေး ကောင်စီဥက္ကဋ္ဌ မြို့.တော်ဝန် ဦး‌ကိုလေး တက်ရောက်၍ အမှာစကား‌ပြောကြား‌သည်။



၂၀၀၈ ခုနှစ် ကမ္ဘာ့အိုလံပစ် အား‌ကစား‌ပွဲတော်ကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွား‌ခွင့်ရရှိခဲ့ရာ ပျော်ရွှင်မြူး‌တူး‌နေသူ အချို့.

ညှဉ်း‌တံလ

၁ ပါလက်စတိုင်း‌ခေါင်း‌ဆောင် ယာဆာ အာရာဖတ်သည် အရှေ့အလယ်ပိုင်း‌ဆူပူအကြမ်း‌ဖက်မှုများ တိုး‌ပွား‌နေခြင်း‌နှင့် ပတ်သက်သော အာရပ်ထိပ်သီး ညီလာခံတစ်ရပ်ကျင်း‌ပနိုင်‌ရေး‌အတွက် ထောက်ခံမှုများ‌ရရှိနိုင်‌ရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိနေသည်ဟု ရိုက်တာသတင်းဌာနက ရေး‌သား‌ဖော်ပြသည်။

၂ နိုင်ငံတော် အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီ၊ အတွင်း‌ရေး‌မှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး‌ခင်ညွန့်.သည် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ ကျင်း‌ပသော တိုင်း‌ရင်း‌ဆေး‌ဆရာ တစ်နှစ်သင်တန်း အမှတ်စဉ် (၁) ရန်ကုန် သင်တန်း‌ဆင်း‌ပွဲသို့ တက်ရောက် ချီး‌မြှင့်သည်။

၃ နိုင်ငံတော် အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်‌ရေး‌ဦး‌စီး‌ချုပ် ဗိုလ်ချုပ်မှူး‌ကြီး‌သန်း‌ရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့.သည် ရန်ကုန်တိုင်း ဒဂုံမြို့.သစ် (တောင်ပိုင်း) မြို့.နယ်ရှိ နိကာယ်ငါး‌ရပ်၊ ပိဋကတ်သုံး‌ပုံ စာသင်တိုက်ကြီး‌တွင် ကျင်း‌ပသည့် ကာကွယ်‌ရေး‌ဝန်ကြီး‌ဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသား‌စုတို့.၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း‌ပွဲ အခမ်း‌အနား‌သို့ တက်ရောက်ကြည်ညိုသည်။

၅ မြန်မာ – စင်ကာပူ နှစ်နိုင်ငံစီး‌ပွား‌ရေး‌နှင့် ကျွမ်းကျင်မှုပူး‌ပေါင်း‌ဆောင်ရွက်‌ရေး‌နှင့် စပ်လျဉ်း‌သည့် ညှိနှိုင်း‌အစည်း‌အဝေး‌ကို ကာကွယ်‌ရေး‌ဦး‌စီး‌ချုပ်ရုံး (ကြည်း) အစည်း‌အဝေး‌ခန်း‌မ၌ ကျင်း‌ပရာ နိုင်ငံတော်အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီ အတွင်း‌ရေး‌မှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး‌ခင်ညွန့်.တက်ရောက်ဆွေး‌နွေး‌မှာကြား‌သည်။

၇ ကမ္ဘာ့ပထမဆုံး အဏုမြူဗုံး‌ကြဲချသည့် (၅၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်း‌အနား‌ကို ဂျပန်နိုင်ငံ၊ ဟီရိုရှိမား‌မြို့.၌ ကျင်း‌ပသည်။

၉ ဗဟို‌ဝန်ထမ်း‌တက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူး‌မွမ်း‌မံသင်တန်း အမှတ်စဉ် (၁၁) ဖွင့်ပွဲအခမ်း‌အနား‌ကို မန္တလေး‌တိုင်း ပြင်ဦး‌လွင်မြို့.နယ်၊ ဗဟို‌ဝန်ထမ်း‌တက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်း‌မ၌ ကျင်း‌ပရာ မြန်မာနိုင်ငံပညာ‌ရေး‌ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီ၊ အတွင်း‌ရေး‌မှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး‌ခင်ညွန့်.တက်ရောက်၍ သင်တန်းဖွင့် အမှာစကား‌ပြောကြား‌သည်။

စင်ကာပူသမ္မတနိုင်ငံ ထူထောင်သည့် (၃၆) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် စင်ကာပူခေါင်း‌ဆောင်များ‌ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတကျန်ဇီမင်းနှင့် ဝန်ကြီး‌ချုပ် ကျူရုံကျိတို့.ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ‌ပေး‌ပို့.သည်။

၁၀ နိုင်ငံတော် အေး‌ချမ်း‌သာယာ‌ရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်‌ရေး‌ဦး‌စီး‌ချုပ် ဗိုလ်ချုပ်မှူး‌ကြီး‌သန်း‌ရွှေသည် ပန်း‌တနော်၊ ပုသိမ်၊ ဟသ်ာတ၊ ကြံခင်း၊ ဇလွန်၊ လေး‌မျက်နှာ၊ အင်္ဂပူမြို့.များသို့ သွား‌ရောက်ပြီး ဒေသဖွံ့ဖြိုး‌ရေး‌လုပ်ငန်း‌များ လှည့်လည်ကြည့်ရှုစစ်ဆေး‌ပြီး တာဝန်ရှိသူများ‌အား လမ်း‌ညွှန်မှာကြား‌သည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ပထမအကြိမ်အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပယျောက်ရေးအထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုအဆောင်၌ ကျင်းပသည်။

၁၃ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုကော်မတီ (၂/၂၀၀၁) ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ ကျင်းပရာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၁၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုထိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံ၊ ညောင်ဦး၊ တောင်သာ၊ စလင်း မြို့နယ်များသို့ သွားရောက်ပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

၁၅ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်ရှိ အလျားပေ ၂၇၇၀၊ အမြင့်ပေ ၂၀၊ ရေဆင်းဧရိယာ ၃၉၇ စတုရန်းမိုင်ရှိပြီး လယ်ယာမြေဧက ၃၃၀၀၀ ကို ရေပေးဝေနိုင်သည့် စလင်းရေလှောင်တမံကို အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ဖွင့်လှစ်ပေးသည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမှတ် (၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ ပထမလေးလပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့သို့ သွားရောက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ပုသိမ်မြို့သို့သွားရောက်ပြီး ဧရာဝတီတိုင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် ဆုချီးမြှင့်ပေးသည်။

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်-အာဆတ်သည် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ အတွင်းက အာဏာရရှိလာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ကူဝိတ်နိုင်ငံတွင် (၂) ရက်ကြာ နေထိုင်လည်ပတ်ရန်အတွက် ကူဝိတ်နိုင်ငံသို့ရောက်ရှိသည်။

၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစွတာ ဘွန်ညန် ဘိုရာချစ်နှင့်ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့ ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

၂၁ အင်ဒိုနီးရှားသမ္မတ မိဂါဝတီဆိုကာနိုပူထရီသည် အရှေ့တောင်အာရှအလည်အပတ်ခရီးကို စတင်ထွက်ခွာသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၂ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာဘွန်ညန်ဘိုရာချစ်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်သို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတကျန်ဇီမင်းသည် လူဦးရေများပြားသောနိုင်ငံ (၉) နိုင်ငံ (အီး-နိုင်း) ၏ ကျင်းပဆဲဖြစ်သော အားလုံးအတွက်ပညာရေး (E.F.A) ဆိုင်ရာ စတုတ္ထအကြိမ် ဝန်ကြီးအဆင့် ညှိနှိုင်းသုံးသပ်ရေးအစည်းအဝေးတွင် တက်ရောက်နေသည့်အဓိကပုဂ္ဂိုလ်များနှင့် ဘေဂျင်မြို့တွင် တွေ့ဆုံသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတမဒမ်မယ်ဂါဝတီဆိုကာနိုပူထရီခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လုပ်ငန်းသဘောခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး၊ ရန်ကုန်မြို့၊ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တွေ့ဆုံနှုတ်ဆက်သည်။

၂၆ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်မြို့၌ ကျင်းပမည့် ဝန်ကြီးအဆင့် မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေးအစည်းအဝေးတက်ရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

မလေးရှား နိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် လွန်ခဲ့သည့်နှစ် ၂၀၀၀ ပြည့်နှစ်က သန်း ၁၆၀၀ ရှိခဲ့ရာမှ ယခု ၂၀၀၁ တွင်သန်း ၂၄၀၀ ကျော်အထိ တိုးတက်လာမည်ဟု မလေးရှားနိုင်ငံကယုံကြည်ထားကြောင်း ဘာနားမားသတင်းဌာနက ဖော်ပြသည်။

၂၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁)



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးက လာအိုပြည်သူ.ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်အား ကြိုဆိုစဉ်

ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပဲခူးတိုင်းစိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတက်စေရေးအတွက် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်မှ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၈ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကကြီးမှူးဖွင့်လှစ်သည့် အခြေခံပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ် ၂/၂၀၀၁ သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့ရှိ ဂျပန်စီပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

၂၉ စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ သောင်သွပ်တိုက်နယ်၊ ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်သိန်းရီအား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က သူနာပြု တက္ကသိုလ်ခန်းမ၌ ဖလော့ရင့်နိုက်တင်ဂေး ဆုတံဆိပ်နှင့် ဆုလက်မှတ် ချီးမြှင့်ပေးအပ်သည်။



အရှေ.တောင်အာရှသို့ အလည်အပတ်သွားရောက်ခဲ့သော အင်ဒိုနီးရှားသမ္မတ မီဂါဝတီဆိုကာနိုပူထရီကို ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတ အာယိုရိနှင့်အတူတွေ့ရစဉ်

စက်တင်ဘာ

၂ အီဂျစ်သမ္မတမိုစ်နီမူဘာရက်သည် ပါလက်စတိုင်းတို့အား အစွမ်းရေးတို့ ဆက်လက် တိုက်ခိုက်နေမှုနှင့် ပတ်သက်၍ ဆီးရီးယားသမ္မတ ဘာရာအယ်အာဆတ်နှင့် ဒမတ်စကတ်မြို့တွင် ဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတရုံးသတင်းရပ်ကွက်မှ ပြောဆိုသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၃ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

၆ ပညာရေး ဝန်ကြီးဌာနက ကြီးမှူး ကျင်းပသည့် မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒဂုံမြို့နယ် ဥိးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တရုတ် ပြည်သူ့သမ္မတ နိုင်ငံနိုင်ငံတော်ကောင်စီဝင် ဂူယီနှင့်ရုရှားဒုတိယဝန်ကြီးချုပ် အီလီယာကလီဗာနော့တို့တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုနှင့် ဆဋ္ဌမအကြိမ်မြောက် နှစ်နိုင်ငံဝန်ကြီးချုပ်များအဆင့် ပုံမှန်ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးခဲ့ကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၇ ပညာရေးသည် စင်ကာပူနိုင်ငံ၏ အောင်မြင်မှုအတွက် အဓိကသော့ချက်ဖြစ်ပြီး စင်ကာပူနိုင်ငံ ရှေ့သို့တိုးတက်ချီတက်ရေးအတွက် နည်းလမ်းမှာ ပညာရေးကျွမ်းကျင်မှု၊ အသိပညာနှင့် နည်းပညာအဆင့်တိုးမြှင့်ပေးရန် ဖြစ်သည်ဟု စင်ကာပူသက်ကြီး ဝါရင့်ဝန်ကြီး လီကွမ်းယူက အလေးထားပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၈ ၂၀၀၁ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ စိန်ရတုခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

မီယက်နမ် နိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသစွာ မိတ်ဆွေဖြစ်ဆက်ဆံရေးတို့သည် တရုတ်ပြည်၏ မဟာဗျူဟာမြောက်အရေးပါသော အချက်ဖြစ်ကြောင်း တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ လီဖုန်းက ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဥိးစီးချုပ်၊ ကာကွယ်ရေး ဥိးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

၁၁ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်း အခမ်းအနားကို မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

၁၅ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၁) စတုတ္ထနေ့ အစီအစဉ်များကို ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရသူကလေးအား ဆုချီးမြှင့်စဉ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း ကျောင်း၏ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်း သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၁) သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်မြို့နယ်များမှ အသင်းကိုယ်စားလှယ်များအား ရန်ကုန်မြို့၊ ကုန်းမြင့်သာရှိ ဧရယာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၁၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းနှင့် ပျဉ်းမနား၊ မိတ္ထီလာ၊ ကျောက်ဆည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးရာ လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၉ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ၊ ဗုဒ္ဓသာသနာပြုတက္ကသိုလ် စာကြည့်တိုက်သို့ အလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသုခ (D.Litt) က ထေရဝါဒ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကျမ်းစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်၌ ကျင်းပ ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်, တက်ရောက်၍ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ခံရပြီးနောက် အကြမ်းဖက်ဝါဒ နှိမ်နင်းတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောက်ရွက်သွားကြရန် လိုအပ်ကြောင်း အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အတွင်းရေးမှူးချုပ် ရှီဒိဖိုစီဆီဗာနိုက အလေးအနက် ပြောကြား လိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးမောင်အေးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံ စစ်သံမှူးအား ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်, မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ် (MRTV - 3) ထုတ်လွှင့်မှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြား သည်။

၂၄ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီ အစည်းအဝေးကို ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းပြတိုက်တန်ဆောင်း၌ ကျင်းပသည်။ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ဆွေးနွေးမှာကြားသည်။

၂၅ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာမဟာသီ



စက်တင်ဘာလ ၁၁ ရက်နေ့က အကြမ်းဖက်တိုက်ခိုက်ခံရသည့် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ မီးလောင်ပြိုကျနေသည်ကို တွေ့ရစဉ်

ဘင်၊ မိုဟာမက်နှင့်ဇနီး ဒါတင်ဆရီ ဒေါက်တာ စိတီ၊ ဟက်စ်မာ၊ ဟာဂျီ၊ မိုဟာမက်အလီတို့၏ ဖိတ်ကြား ချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာသည်။

စက်တင်ဘာ (၁၁) ရက်တွင် အမေရိကန်ပြည်ထောင်စု၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ရေးရာပြဿနာရပ်များတွင် အာရပ်တို့၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်ရန်နှင့် ဂျော်ဒန် ဘုရင်အဗ္ဒဒူလာ ၂ နှင့် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး ဆော့အယ်လ်ဖိုင်ဇယ် တို့က သဘောတူကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိသော ထိုင်းနိုင်ငံ အထက်လွှတ်တော် တပ်မတော်ရေးရာ ကော်မတီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး အာသစ်ကယ်လောင်အီးကေနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ညွှဲရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံနှင့် ပင်တာဂွန်ကို တိုက်ခိုက်ဖျက်ဆီးခဲ့ရာတွင် လေယာဉ် (၄) စင်းကို ပါဝင်အပိုင်စီးခဲ့သူများဟု မသင်္ကာသူ (၁၉) ဦးကို အမည်နှင့် ရုပ်ပုံများဖြင့် အမေရိကန် တရားရေးက ကြေညာသည်။

၂၇ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၂၉ အဓိကရောဂါ (၆) မျိုး၊ ကုသရေး၊ ဆေးဝါးများ ထုတ်လုပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၀၁) ကို အမှတ် (၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ဆွေးနွေးမှာကြားသည်။

၃၀ မြန်မာ - ထိုင်း စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်း ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဝေဟာ၌ ကျင်းပရာ မြန်မာ - ထိုင်း စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက် ဆွေးနွေးမှာကြားသည်။

အောက်တိုဘာလ

၁ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး သက်ကြီးရွယ်အို အဘိုးအဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးများနှင့် အလှူငွေများပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကလေးစာကြည့်တိုက်နှင့် ELect- ronic library ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် ၅၂၉/၅၃၁ ရှိ စာပေဗိမာန် အဆောက်အအုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း တက်ရောက် ဖွင့်လှစ်ပေးသည်။

၄ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၀-၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ပြည်နယ်နှင့်တိုင်းအလိုက် ဒေသကြီးများတွင် သတင်းစာများ တိုက်ရိုက်ပုံနှိပ်ဖြန့်ချိနိုင်ရေး စီမံချက်အရ မကွေးတိုင်း၊ မကွေးမြို့၊ မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွား သတင်းစာရိုက်နှိပ်သော ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပုံနှိပ်တိုက်ခွဲ ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့၊ နတ်မောက်လမ်းရှိ အဆိုပါသတင်းစာပုံနှိပ်တိုက်ခွဲ၌ ကျင်းပသည်။

၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိုင်အယ်လ်အိုမှ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ဟောင်း The Right Hono-urable Sin Ninian Stephen ခေါင်းဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့၊ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၈ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry - METI, Japan) မြန်မာနိုင်ငံ အီး - အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force, Myan-mar) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (Myanmar Computer Frdera- tion MCF) တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် Myanmar Japan e - Learning Centre ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးသည်။

၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်

ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Han Namhong နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့၊ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၁ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာသည် သူမ အသစ်ခန့် အပ်ထားသည့် ဝန်ကြီးအဖွဲ့ဝင် ၆၀ ကို ဝန်ကြီးဌာန လုပ်ငန်းတာဝန်များ ခွဲဝေပေးလိုက်သည်။ ဝန်ကြီးချုပ်ခါလီဒါဇီယာသည် ကာကွယ်ရေးဝန်ကြီးဌာန လက်နက်ကိုင်တပ်ဖွဲ့ရေးရာနှင့် လျှပ်စစ်စွမ်းအား၊ စွမ်းအင်နှင့်သတ္တုတွင်း ဝန်ကြီးဌာနတို့ အပါအဝင် ဝန်ကြီးဌာနနှင့် ဌာနခွဲများ စုစုပေါင်း ရှစ်ဌာနတို့၏ ဝန်ကြီးအဖြစ် တာဝန်ယူထားသည်။

၁၄ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီကကြီးမှူးပြီး ၂၀၀၁ ခုနှစ် ၊အရှေ့တောင်အာရှစာပေဆု (2001 S.E.A Write Award) ချီးမြှင့်ခြင်းခံရသော အမျိုးသားစာပေဆုရှင် မြန်မာစာအဖွဲ့ ဦးစီးဌာန မြန်မာစာအဖွဲ့ဝင် စာပေပညာရှင် ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) အား ဂုဏ်ပြုပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ရွှေဝါခန်းမ၌ ကျင်းပသည်။

၁၅ နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၁၆ ၂၀၀၁ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်. တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၀ အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) စီးပွားရေးခေါင်းဆောင်များ၏ အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့တွင် ကျင်းပသည်။

၂၂ ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော အခြေခံဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၄၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၄ (၅၆) နှစ်မြောက် ကုလသမဂ္ဂနေ့. အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်. တက်ရောက် အမှာစကားပြောကြားသည်။

အိုင်းရစ်သမ္မတနိုင်ငံ စစ်တပ် (အိုင်အာအေ) က လက်နက်များ စတင်ဖြုတ်သိမ်းနေခြင်းကို အမေရိကန်သမ္မတကျော့ဒဗလျူဘုရှ်က ကြိုဆိုလိုက်သည်။ ယခုကဲ့သို့ အိုင်အာအေက လက်နက်များဖြုတ်သိမ်းခြင်းသည် သမိုင်းတွင်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ မြောက်အိုင်ယာလန်ပြည်သူများသည် ယခုအခါ ကြာရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ပိုမိုနီးစပ်လာပြီဖြစ်ကြောင်း ဘုရှ်က ပြောကြားသည်။

၂၅ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အီတလီဝန်ကြီးချုပ် ဆေလ်ဗီယို ဘာလူစကိုနီနှင့် မော်စကိုမြို့တွင် တွေ့ဆုံပြီး တင်းမာနေသော နိုင်ငံတကာအရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရေး အရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



၂၀၀၁ ခုနှစ် အရှေ့တောင်အာရှ စာပေဆုရ တက္ကသိုလ်ထင်ကြီးအား ဂုဏ်ပြုပွဲမြင်ကွင်း

၂၆ နိုပေါဘုရင်သစ် ဂျာနန္ဒရာသည် သား‌တော်မင်း‌သား‌ပရာ့စ်အာ‌း ထီး‌မွေ‌ဆက်‌ခံ‌မည့် အိမ်‌ရှေ့‌ဥ‌ပရာဇာအ‌ဖြစ် ခန့်‌အပ်‌လိုက်‌ကြောင်း နိုပေါအ‌စိုး‌ရ ရုပ်‌မြင်‌သံ‌ကြား‌ဌာ‌နက ဖော်‌ပြ‌သည်။

၂၇ ပညာ‌ရေး‌ဝန်‌ကြီး‌ဌာ‌န ၂၀၀၀ - ၂၀၀၁ ပညာ‌သင်‌နှစ် တက္ကသိုလ်‌ဝင်‌စာ‌မေး‌ပွဲ‌တွင် ထူး‌ချွန်‌စွာ‌အောင်‌မြင်‌သူ‌များ‌အာ‌း ဆု‌ချီး‌မြှင့်‌ပွဲ အခမ်း‌အနား‌ကို ရန်‌ကုန်‌မြို့၊ စမ်း‌ချောင်း‌မြို့‌နယ် အမှတ် (၂) အ‌ခြေ‌ခံ‌ပညာ‌အ‌ထက်‌တန်း‌ကျောင်း စံ‌ပယ်‌ခန်း‌မ‌ဏ္ဍ‌ကျင်း‌ပရာ မြန်‌မာ‌နိုင်‌ငံ ပညာ‌ရေး‌ကော်‌မတီ ဥက္ကဋ္ဌ၊ နိုင်‌ငံ‌တော် အေး‌ချမ်း‌သာ‌ယာ‌ရေး‌နှင့် ဖွံ့‌ဖြိုး‌ရေး‌ကော‌င်‌စီ အတွင်း‌ရေး‌မှူး (၁) ဒုတိ‌ယ‌ဗို‌လ်‌ချုပ်‌ကြီး‌ခင်‌ညွန့်၊ တက်‌ရောက် အမှာ‌စကား‌ပြော‌ကြား‌ပြီး ထူး‌ချွန်‌ဆု‌များ‌ချီး‌မြှင့်‌သည်။

၂၀ ပဲ‌ခူး‌တိုင်း၊ တောင်‌ငူ‌ခရိုင် ရေတာ‌ရှည်‌မြို့‌နယ်‌တွင် လယ်‌ယာ‌စိုက်‌ပျို‌း‌ရေး‌နှင့် ဆည်‌မြောင်း‌ဝန်‌ကြီး‌ဌာ‌န ဆည်‌မြောင်း‌ဦး‌စီး‌ဌာ‌န တည်‌ဆောက်‌ရေး (၅) မှ တာ‌ဝန်‌ယူ တည်‌ဆောက်‌ပြီး‌စီး‌သွား‌သည့် ဆွာ‌ချောင်း‌ရေ‌လှောင်‌တမ်‌ဖွင့်‌ပွဲ‌ကို အ‌ဆို‌ပါ ရေ‌လှောင်‌တမ်‌အနီး‌ရှိ မင်္ဂ‌လာ‌မဏ္ဍပ်‌၌ ကျင်း‌ပ‌ရာ နိုင်‌ငံ‌တော် အေး‌ချမ်း‌သာ‌ယာ‌ရေး‌နှင့် ဖွံ့‌ဖြိုး‌ရေး‌ကော‌င်‌စီ အတွင်း‌ရေး‌မှူး (၁) ဒုတိ‌ယ ဗို‌လ်‌ချုပ်‌ကြီး ခင်‌ညွန့်၊ တက်‌ရောက် အမှာ‌စကား ပြော‌ကြား‌သည်။

၂၉ ဖိလစ်‌ပိုင် သမ္မ‌တ အာ‌ရှ‌ယိုသည် တရုတ်‌ပြည်‌သူ့ သမ္မ‌တ‌နိုင်‌ငံ‌သို့ ချစ်‌ခင်‌ရင်‌နှီး‌မြှုပ်‌နှံ‌ရေး ခရီး သွား‌ရောက်‌လည်‌ပတ်‌သည်။ တရုတ်‌သမ္မ‌တ ကျန်‌ဇီ‌မင်း‌၏ ဧည့်‌သည်‌အ‌ဖြစ် လာ‌ရောက်‌လည်‌ပတ်‌ခြင်း‌ဖြစ်‌သည်။

နိုဝင်‌ဘာ‌လ

၂ နဝ‌မ‌အ‌ကြိမ် မြန်‌မာ့‌ရိုး‌ရာ‌ယဉ်‌ကျေး‌မှု အ‌ဆို၊ အက၊ အ‌ရေး၊ အ‌တီး‌ပြိုင်‌ပွဲ‌၏ ဆု‌ချီး‌မြှင့်‌ပွဲ‌အခမ်း‌အနား‌ကို ရန်‌ကုန်‌မြို့၊ ဒဂုံ‌မြို့‌နယ် မြို့‌မ‌ကျောင်း‌လမ်း‌ရှိ အမျို‌း‌သား‌ဇာ‌တ်‌ရုံ‌၌ ကျင်း‌ပ‌ရာ နဝ‌မ‌အ‌ကြိမ် မြန်‌မာ့‌ရိုး‌ရာ‌ယဉ်‌ကျေး‌မှု အ‌ဆို၊ အက၊ အ‌ရေး၊ အ‌တီး‌ပြိုင်‌ပွဲ ကျင်း‌ပ‌ရေး‌နာ‌ယ‌က နိုင်‌ငံ‌တော်‌အေး‌ချမ်း‌သာ‌ယာ‌ရေး‌နှင့် ဖွံ့‌ဖြိုး‌ရေး‌ကော‌င်‌စီ အတွင်း‌ရေး‌မှူး (၁) ဒုတိ‌ယ‌ဗို‌လ်‌ချုပ်‌ကြီး ခင်‌ညွန့်၊ တက်‌ရောက် အမှာ‌စကား ပြော‌ကြား‌ပြီး ဆု‌ရ‌ရှိ‌သူ‌များ‌အာ‌း ဆု‌များ‌ချီး‌မြှင့်‌သည်။

၂ အင်‌ဒို‌နီ‌း‌ရှား‌သမ္မ‌တ မီ‌ဂါ‌ဝ‌တီ‌ဆို‌ကာ နို‌ပူ‌ထ‌ရီ‌သည် အင်‌ဒို‌နီ‌း‌ရှား‌နိုင်‌ငံ‌၏ စီး‌ပွား‌ရေး‌နှင့် ပတ်‌သက်‌၍ နာ‌လန်‌ထူ‌ရန် လမ်း‌စ‌ကို မမြင်‌သေး‌ကြောင်း ဝန်‌ခံ‌ပြော‌ကြား‌လို‌က်‌သည်။ ပြည်‌သူ့‌အ‌တို‌င်‌ပင်‌ခံ လွှတ်‌တော် (အမ်‌ပီ‌အာ) သို့ တင်‌သွင်း‌ခဲ့‌သော သူ‌မ‌၏ တို‌း‌တက်‌မှု‌ဆို‌င်‌ရာ အ‌စီ‌ရင်‌ခံ‌စာ‌နှင့် ပတ်‌သက်‌၍ အမ်‌ပီ‌အာ‌အ‌မတ်‌များ‌၏ ဝေ‌ဖန်‌မှု‌များ‌ကို တုံ့‌ပြန်‌ရာ‌တွင် ဥ‌ပ‌ဒေ‌ပြု‌အ‌မတ်‌များ‌က ယင်း‌တို့‌၏ စို‌း‌ရိမ်‌ပူ‌ပန်‌မှု‌များ‌ကို တင်‌ပြ‌ခဲ့‌ကြ‌သည့် အတွက် ကျေး‌ဇူး‌တင်‌ကြောင်း သမ္မ‌တ‌က ပြော‌ဆို‌သည်။

၄ - ၆ ပြည်‌ထောင်‌စု မြန်‌မာ‌နိုင်‌ငံ‌တော် နိုင်‌ငံ‌တော် အေး‌ချမ်း‌သာ‌ယာ‌ရေး‌နှင့် ဖွံ့‌ဖြိုး‌ရေး‌ကော‌င်‌စီ ဥက္ကဋ္ဌ၊ နိုင်‌ငံ‌တော်‌ဝန်‌ကြီး‌ချုပ် ဗို‌လ်‌ချုပ်‌မှူး‌ကြီး‌သန်း‌ရွှေ‌နှင့် ဇနီး‌ဒေါ်‌ကြိုင်‌ကြိုင်‌တို့၊ ဦး‌ဆောင်‌သော မြန်‌မာ‌ကို‌ယ်‌စား‌လှယ်‌အ‌ဖွဲ့‌သည် ဘရူ‌နိုင်း ဒါ‌ရုဆ‌လမ်‌နိုင်‌ငံ ဘုရင်‌မင်း‌မြတ် ဆူ‌လ်‌တန်၊ ဟာ‌ဂျီ၊ ဟာ‌ဆာ‌နာ‌လ်၊ ဘို‌လ်‌ကီ‌း‌ယား‌၏ ဖိတ်‌ကြား‌ချက်‌အ‌ရ ဘရူ‌နိုင်း ဒါ‌ရုဆ‌လမ်‌နိုင်‌ငံ ဘန်‌ဒါ‌ဆ‌ရီ ဘီ‌ဂါ‌ဝ‌န်‌မြို့‌၌ ကျင်း‌ပ‌မည့် သတ္တ‌မ‌အ‌ကြိမ် အာ‌ဆီ‌ယံ‌ထိပ်‌သီး‌ညီ‌လာ‌ခံ‌နှင့် အာ‌ဆီ‌ယံ‌နိုင်‌ငံ‌အ‌စိုး‌ရ‌အ‌ကြီး‌အ‌ကဲ‌များ‌နှင့် တရုတ်‌ပြည်‌သူ့ သမ္မ‌တ‌နိုင်‌ငံ၊ ဂျပန်‌နိုင်‌ငံ၊ ကို‌ရီ‌း‌ယား‌သမ္မ‌တ‌နိုင်‌ငံ‌တို့‌မှ နိုင်‌ငံ‌အ‌စိုး‌ရ‌အ‌ကြီး‌အ‌ကဲ‌များ ထိပ်‌သီး‌ညီ‌လာ‌ခံ‌သို့ တက်‌ရောက်‌ရန် အ‌ထူး‌လေ‌ယာ‌ဉ်‌ဖြင့် ရန်‌ကုန်‌မြို့‌မှ ဘရူ‌နိုင်း ဒါ‌ရုဆ‌လမ်‌နိုင်‌ငံ ဘန်‌ဒါ‌ဆ‌ရီ ဘီ‌ဂါ‌ဝ‌န်‌မြို့‌သို့ နိုဝင်‌ဘာ‌လ (၄) ရက်‌နေ့‌တွင် ထွက်‌ခွာ‌သွား‌ကြ‌သည်။ နိုဝင်‌ဘာ ၄ ရက်‌နေ့ ညပိုင်း‌တွင် ဘန်‌ဒါ‌ဆ‌ရီ ဘီ‌ဂါ‌ဝ‌န်‌မြို့‌ International Convention Centre Royal Lounge - 1 ၌ ပြုလုပ်‌သော အာ‌ဆီ‌ယံ‌နိုင်‌ငံ‌များ‌မှ အ‌ကြီး‌အ‌ကဲ‌များ၊ အ‌စိုး‌ရ‌အ‌ကြီး‌အ‌ကဲ‌များ‌၏ လုပ်‌ငန်း‌သ‌ဘော ညစာ‌စား‌ပွဲ‌သို့ တက်‌ရောက်‌သည်။ နိုဝင်‌ဘာ ၅ ရက်‌နေ့‌တွင် International Convention Centre ၌ စတင်‌ကျင်း‌ပ‌သော သတ္တ‌မ‌အ‌ကြိမ် အာ‌ဆီ‌ယံ‌ထိပ်‌သီး ညီ‌လာ‌ခံ‌သို့‌လည်း‌ကောင်း၊



အာ‌ရှ‌ပ‌စိ‌ဖိတ် စီး‌ပွား‌ရေး‌ပူး‌ပေါင်း‌ဆောင်‌ရွက်‌မှု‌အ‌ဖွဲ့ (အေ‌ပက်) စီး‌ပွား‌ရေး‌ခေါင်း‌ဆောင်‌များ‌၏ အ‌စည်း‌အ‌ဝေး‌တွင် တရုတ်‌နိုင်‌ငံ သမ္မ‌တ ကျန်‌ဇီ‌မင်း၊ မိန့်‌ခွန်း‌ပြော‌ကြား‌နေ‌စဉ်

နိဝင်ဘာ ၆ ရက်နေ့တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများ၏ သီးခြားတွေ့ဆုံဆွေးနွေးပွဲသို့လည်းကောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်သည်။ နိဝင်ဘာ ၆ ရက်နေ့ ညနေတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၀ သြစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ်က အနိုင်ရရှိကြောင်း ထုတ်ပြန်ကြေညာသည်။ လာမည့်နှစ်များအတွင်း သြစတြေးလျပြည်သူများအား ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အလုပ်အကျွေးပြုသွားရန် သန္နိဋ္ဌာန်ပြုပါကြောင်း ရွေးကောက်ပွဲ အနိုင်ရရှိသူ ဝန်ကြီးချုပ်ဟောင်းဝပ်က ကတိပြုပြောကြားသည်။

၁၃ ယူကရိန်းမှရုပ်သိမ်းခဲ့သော နောက်ဆုံးအသုတ် ရုရှားနျူကလီးယားဒုံးပျံလက်နက်များကို အန္တရာယ်ကင်းစွာဖျက်ဆီးထားပြီဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က မော်စကိုမြို့တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်က ရုရှားသမ္မတ၊ အမေရိကန်သမ္မတနှင့် ယူကရိန်းသမ္မတတို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်များနှင့် အညီ ယူကရိန်းနယ်မြေမှ ရုရှားတို့ရုပ်သိမ်းလာခဲ့သော နောက်ဆုံးလက်ကျန် နျူကလီးယားဒုံးပျံများကို ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ကုန်၌ ဖျက်ဆီးပစ်လိုက်ပြီဖြစ်ကြောင်းဖြင့် ကြေညာချက်၌ ဖော်ပြထားသည်။

၁၅ ရာဇဂဟသိရီပစ္စယ ဂဇရာဇာအမည်ဘွဲ့တော်ရ ရတနာဆင်ဖြူတော်အား မင်္ဂလာဘိသိက်တော် ရေစင်သွန်းဖျန်း ကြိုဆိုခြင်း မင်္ဂလာအခမ်းအနား၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော် ဥယျာဉ်အနီးရှိ ရတနာဆင်ဖြူတော်ဆောင် (ယာယီ)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တက်ရောက်၍ ရာဇဂဟသိရီပစ္စယ ဂဇရာဇာ ရတနာဆင်ဖြူတော်အား ရွှေရေ၊ ငွေရေ၊ နဝရတ်ကိုးပါးရေ၊ ပရိတ်ရေတို့ဖြင့် စိမ်ထားသော မင်္ဂလာဘိသိက်တော် ရေစင်ကို သွန်းဖျန်း၍ ကြိုဆိုသည်။

၁၆ ပြည်ထောင်စု မြန်မာနိုင်ငံတော်
- နိုင်ငံတော် အေးချမ်းသာယာရေးနှင့်
၁၉ ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ မစ္စတာဆာမိန်းဗစ်နာကက်နှင့်ဇနီး မဒမ်ဆူဗန်းဗစ်နာကက်တို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်သည်။



သြစတြေးလျနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသော လက်ရှိဝန်ကြီးချုပ်ဟောင်း ဝပ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး လာအိုပြည်သူ.ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား ပိုဆောင်နှုတ်ဆက်စဉ်

၁၇ ကာကွယ်ရေးဝန်ကြီးဌာန (၄၈) ကြိမ်မြောက် မိသားစုဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ကထိန်သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၁၈ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးမိသားစု (၁၂) ကြိမ်မြောက် ဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့၊ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၁၉ မျော်လင့်ထားသည်ထက် အခက်အခဲနှင့် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့ရမည့် အနေအထားတွင် ရှိနေလင့်ကစား ဗဟိုယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၂ ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန် တန်ဖိုး (ဂျီဒီပီ) ဖွံ့ဖြိုးမှုနှုန်း ခုနစ်ရာနှုန်းဖြင့် မှန်မှန်တိုးတက်နေကြောင်း ဟနွိုင်းမြို့တွင် ကျင်းပသည့် ဒသမအကြိမ် အမျိုးသားလွှတ်တော် ဒသမအကြိမ် အစည်းအဝေးတွင် ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က ပြောကြားသည်။

၂၀ မလေးရှားဘုရင် ဆူလတန်ဆာလာဟူဒင် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ်မဟာသီမိုဟာမက်၏ လက်ထောက်တစ်ဦးက ပြောသည်။ အသက် ၇၅ နှစ်ရှိပြီဖြစ်သော မလေးရှားဘုရင်သည် ၁၉၅၇ ခုနှစ်တွင် ဇြတိန်လက်အောက်မှ မလေးရှားလွတ်မြောက်ခဲ့ပြီးနောက် ၁၁ ဦးမြောက် မလေးရှားဘုရင်အဖြစ် ဆက်ခံသူဖြစ်သည်။

၂၅ ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံး အကြိမ်လက်ခံကျင်းပသည့် (၅၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် နောက်ဆုံးဗိုလ်လုပွဲအခမ်းအနားကို ရန်ကုန်မြို့၊ သဃ်ိန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ (၅၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလတံခွန်စိုက်ပြိုင်ပွဲ ကျင်းပရေးနာယက၊ မြန်မာနိုင်ငံအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်
- ၂၈ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာသည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတံတား (မန္တလေး) တည်ဆောက်ရေး စီမံကိန်း မန္တလေးဘက်ကမ်း လုပ်ငန်းကို လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်နေ့တွင် ကျောက်ဆည်မြို့၊ အရှေ့ဘက် ခြောက်မိုင်အကွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်မှုနယ်မြေရှိ ဘိလပ်မြေစက်ရုံ စီမံကိန်း၊ ကျောက်ဆည်မြို့၊ အရှေ့ဘက် ရှစ်မိုင်အကွာ နွားလည်ကောက်ထုံးကျောက်တောင်အနီး တည်ဆောက်လျက်ရှိသည့် ဆင်မင်းဘိလပ်မြေစက်ရုံ စီမံကိန်း၊ ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ အမှတ် (၂) တို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်နေ့တွင် စဉ့်ကိုင်မြို့နယ် ပလိပ်ရှိ အမှတ် (၃) စက္ကူစက်ရုံ၊ ချည်မျှင်အထည်နှင့် အခြောကိုင်စက်ရုံရှိ ပတ်တီးစက်ရုံ၊ မန္တလေးမြို့ရှိ မန္တလေးဘီယာစက်ရုံနှင့် အမှတ် (၁) အရက်ချက်စက်ရုံတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၉ မဲခေါင်ဒေသအတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (၁၀) ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဒီဇင်ဘာလ


၁ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ကျပန်အိမ်ရှေ့မင်းသမီး မာဆာကိုသည် သမီးရတနာတစ်ဦး မွေးဖွားသည်။ မင်းသမီး မာဆာကိုသည် ကျပန်အိမ်ရှေ့မင်းသား နာရူဟီတိုနှင့် လွန်ခဲ့သည့် ရှစ်နှစ်ကလက်ထပ်ခဲ့ခြင်းဖြစ်ပြီး အသက် ၃၇ နှစ်တွင် ပထမဆုံးကလေး မွေးဖွားခြင်းဖြစ်ကြောင်း၊ မာဆာကိုနှင့် ကလေးပါ ကျန်းမာကြောင်း နှစ်တော်နှင့် သက်ဆိုင်သည့် သတင်းဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ ဘုရင့်မိသားစုသည် ၁၉၆၅ ခုနှစ် ကတည်းက သားရတနာ မွေးဖွားခြင်း မရှိကြောင်း သိရသည်။

၂ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားများတွင် တစ်ဦးဖြစ်သူ လူဇီကျန်က သူ၏ အသက်ရှည်စွာ နေထိုင်ရသည့်အဓိက အကြောင်းရင်း လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ နေ့စဉ် နံနက်စာကို ကြက်ဥလေးလုံး၊ ပေါင်မုန့်ခြောက်ခု၊ ပဲပိစပ်နို့တစ်ခွက် စားသုံးကြောင်း ထိုသူက ပြောကြားသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်မှ အသက် ၁၀၉ နှစ် အရွယ်ရှိ အဘိုးလူဇီကျန်သည် အစားအသောက်နှင့် အိပ်စက်ခြင်းတို့တွင် တိကျသော စည်းကမ်းရှိကြောင်း၊ နေ့စဉ် နံနက် ၆ နာရီတွင် အိပ်ရာမှထပြီး ည ၁၀ နာရီတွင် အိပ်စက်ကြောင်း သိရသည်။

မဲခေါင်မြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံး





သမီးရတနာတစ်ဦးဖွားမြင်ခဲ့သော ကျပန်အိမ်ရှေ့မင်းသမီးမာဆာကိုအား သူမ၏ရင်သွေးငယ်နှင့်အတူတွေ့ရစဉ်

မဲခေါင်မြစ်ကူး တံတားကြီးကို ဖွင့်လှစ်လိုက်သည်။ ယင်းတံတားကြီးသည် ကမ္ဘောဒီးယားနိုင်ငံ အရှေ့ပိုင်းနှင့်အနောက်ပိုင်းကို ကုန်းလမ်းခရီးဖြင့် ပထမဆုံးအကြိမ် ဆက်သွယ်ထားသည်။ တံတားကြီး တည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန် ဒေါ်လာ ၅၆ သန်း အသုံးပြုခဲ့ရသည်။ တံတားအရှည်မှာ ၀ ဒသမ ၈၅ မိုင်ရှိသည်။ ယင်းတံတားကုန်ကျစရိတ်ကို ကျပန်အစိုးရက ကျခံထောက်ပံ့ပေးခဲ့သည်။

၄ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့ပါဝင်သည့် ကမ္ဘာပေါ်ရှိ အဓိက ဆန်ရောင်းနိုင်ငံခြောက်နိုင်ငံတို့သည် ယင်းတို့၏ အခန်းကဏ္ဍခိုင်မာတောင့်တင်းရန်နှင့် ကမ္ဘာ့ဆန်စျေးတည်ငြိမ်မှု ရရှိစေရန်အလို့ငှာ ဆန်ရောင်းနိုင်ငံများအဖွဲ့ ဖွဲ့စည်းထူထောင်ရေးကို မူအားဖြင့် သဘောတူညီကြကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

၇ ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်သည် သမိုင်းတွင်မည့် ဗီယက်နမ်-အမေရိကန် ကုန်သွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီးဖြစ်ရာ ယင်း

သဘောတူစာချုပ်သည် တရား၀င် ဥပဒေတစ်ရပ်အဖြစ် အကျိုးသက်ရောက်မှု ရှိလာခဲ့ပြီးဖြစ်ကြောင်း ဗီယက်နမ်အစိုးရ သတင်းဌာနများက ဖော်ပြကြသည်။

၉ - ၁၂ တောင်အာဖရိကသမ္မတ သာဘိုးအမ်ဘီကီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကျန်ဇီမင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်သည်။

၉ ကင်ညာနှင့် ယူဂန္ဒာသမ္မတတို့သည် တန်ဇန်းနီးယားနိုင်ငံ၏ အနှစ် ၄၀ မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ၄င်းတို့သုံးနိုင်ငံ၏ စီးပွားရေး တိုးမြှင့်ရေးအတွက် ဥရောပသမဂ္ဂပုံစံမျိုး အကောင်အထည်ဖော် ဆောင်ရွက်ရန် ကတိပြုခဲ့ကြသည်။ အဆိုပါ သုံးနိုင်ငံမှ ခေါင်းဆောင်များသည် ယင်းသုံးနိုင်ငံ၏ အရှေ့အာဖရိကနိုင်ငံများအဖွဲ့ (အီးအေစီ) ၏ အောက်တွင် နိုင်ငံရေးနှင့်စီးပွားရေးကို ပိုမိုစည်းလုံးညီညွတ်မှုရရှိစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအဖြစ် ဒေသဆိုင်ရာ လွတ်တော်တစ်ရပ်နှင့် တရား၇ုံးကို နိုဝင်ဘာလက ဖွင့်လှစ်ခဲ့ကြသည်။

၁၁ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ တရား၀င် ပါ၀င်ခွင့်ရရှိသွားပြီးဖြစ်သည်။ သို့ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ၁၄၃ နိုင်ငံမြောက် အဖွဲ့၀င်နိုင်ငံ ဖြစ်လာသည်။

၁၂ - ၁၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်ဇီမင်းနှင့်ဇနီး မဒမ်၀မ်ရဲပင်းတို့ ခေါင်းဆောင်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၀င်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တရား၀င် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ ယင်းနေ့ညနေတွင် နိုင်ငံတော်၀န်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာကျန်ဇီမင်းက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။ ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ပြည်သူ့လွှတ်တော် အဆောက်အအုံ စာချုပ်ခန်းမ၌ ကျင်းပသည်။ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ငပလီ - သံတွဲမြို့သို့လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ပုဂံ - ညောင်ဦးသို့လည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် ပုဂံ - ညောင်ဦးမှတစ်ဆင့် မန္တလေးမြို့သို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက် လည်ပတ်သည်။ ဒီဇင်ဘာ ၁၅ ရက် နေ့တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။

အီတလီနိုင်ငံရှိ ယိုင်နေသော ပီဆာ
၁၅ မျော်စင်ကြီးမှာ ၁၂နှစ် နီးပါးကြာ ပြုပြင်ခဲ့ရာမှ ပြန်လည်ဖွင့်လှစ်လိုက်သည်။ ဖွင့်ပွဲနေ့တွင် ပျော်ရွှင်ကြည်နူးနေကြသော ကမ္ဘာလှည့်ခရီးသည် ဒါဇင်ပေါင်းများစွာတို့က ၂၉၃ ကြိမ်တိုင်တိုင် ပြန်ခင်းထားသော စကျင်ကျောက်သား လှေကားထစ်များကို တက်၍ မျော်စင်ထိပ်ဖျားပေါ်သို့ ရောက်အောင် သွားခဲ့ကြသည်။

၁၆ ဒုတိယအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာပေးပို့ပြီး အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ညီလာခံ အဖွင့်မိန့်ခွန်း ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆု၊ (၁၂) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။

၂၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျန်းမာရေး၀န်ကြီးဌာနတိုင်းရင်းဆေးပညာ ဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ဒုတိယအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို လာရောက်ကြည့်ရှုစစ်ဆေး အားပေးသည်။

တရုတ်သမ္မတကျန်ဇီမင်း၏ ဧည့်သည်တော်အဖြစ် တရုတ်ပြည်သို့ ငါးရက်ကြာ တရား၀င်အလည်အပတ်ခရီး လာရောက်ခဲ့သည့် ပါကစ္စတန်သမ္မတ ဟာဗက်ဇ်မူရှာရက်ဖ်သည် ခရီးစဉ် ပြီးဆုံးသွားပြီဖြစ်၍ ဘေဂျင်းမြို့မှ ပါကစ္စတန်နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။ သမ္မတမူရှာရက်ဖ် သမ္မတဖြစ်လာပြီးနောက် ၄င်း၏ တရုတ်ပြည်ခရီးစဉ်မှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။ သမ္မတမူရှာရက်ဖ်၏ တရုတ်ပြည် ခရီးစဉ်အတွင်း အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ လီဖုန်း၊ ဝန်ကြီးချုပ်ကျူရုံကျိနှင့် ဒုတိယသမ္မတ ဟူကျင်တောင်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို ကြည့်ရှုစဉ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ် (၄)၊ အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၃) နှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် ဩဝါဒစကား မြွက်ကြားသည်။

၂၆

၂၀၀၁-၂၀၀၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်ချီးမြှင့်သည်။

၂၇

ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးအမှတ် (၃) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်က တာဝန်ယူ တည်ဆောက်ခဲ့သည့် မြိတ်မြို့နယ် ကျောက်ဖျာမြစ်ကူး ပသောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ပသောင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်ချီးမြှင့်ပြီး တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်၊ တိုက်ကြီးမြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဥတို – ကြာအင်းဒေသ အင်းတွင်းကြီး လယ်ယာစိုက်ပျိုးရေးစခန်း၊ တိုက်ကြီးမြို့နယ် ဥတိုဒေသရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စပါး၊ ဟင်းသီးဟင်းရွက်နှင့် သုတေသနဌာန၊ တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအနီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်နေသည့် သပြေတန်း လျှပ်စစ်မြစ်ရေတင် စီမံကိန်း လုပ်ငန်းခွင်နှင့် ထန်းတပင်မြို့နယ်ရှိ ကြို့ကုန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် မိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့.က ဧည့်သည်တော် တရုတ်ပြည်သူ.သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်ဇီမင်းနှင့် ဇနီးအား ကြိုဆိုစဉ်




၂၀၀၁ ခုနှစ် ဒီဇင်ဘာလ (၂၈) ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး
(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး) ကျောက်ဖြာမြစ်ကူးပသောင်းတံတားဖွင့်ပွဲသို့တက်ရောက်ဖွင့်လှစ်စဉ်




၂၀၀၁ ခုနှစ် စက်တင်ဘာလ (၂၅) ရက်နေ့က မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိသော
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်(ယခုဗိုလ်ချုပ်ကြီးခင်ညွန့်) နှင့်ဇနီးအား မလေးရှားဝန်ကြီးချုပ်နှင့်ဇနီးက နှုတ်ဆက်စဉ်



မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်



ကမ္ဘာ့အကြီးဆုံး မြန်မာ့ပုလဲရတနာကြီး



နိုင်ငံကျော် ပန်းချီဆရာကြီးဦးငွေကိုင်၏လက်ရာ ကချေသည်ပန်းချီကား



နိုင်ငံကျော် ပန်းချီဆရာကြီး ဦးဘကြည်၏လက်ရာ ရှေးမြန်မာဇာတ်သဘင် နှစ်ပါးခွင်ပန်းချီကား



မြန်မာ့ရိုးရာ ကြိုးဆွဲရုပ်သေးနှစ်ပါးသွား

အပိုင်း-၂

ပညာရေး၊ စာသုံးမှုဓလေ့၊ ပန်းချီအနုပညာ၊ ရှေးဟောင်းသုတေသန၊ ခရီးသွား၊ အားကစားနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

* မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲမှု	...	ဦးသန်းဦး	...	၃၄
* မြန်မာ့ဆီ စာသုံးမှုဓလေ့	...	ဒေါ်ခိုင်ချိုန်ဘွား	...	၄၈
* ဆယ့်ကိုး ― နှစ်ဆယ်ရာစု မြန်မာနိုင်ငံ ပန်းချီလှုပ်ရှားမှု	...	ဦးမင်းနိုင်	...	၆၀
* မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း	...	မောင်မောင်မြင့်သိန်း	...	၆၈
* နှစ် ၅၀ ပြည့် မြန်မာနိုင်ငံဓာတ်ပုံအသင်း	...	ဦးစိုးအောင်	...	၈၀
* မြန်မာ့စဉ်	...	ဦးစိန်လှိုင် ဦးကြည်ထွဏ်း	...	၈၆
* မြန်မာနိုင်ငံနှင့် မိုးလေဝသခန့်မှန်းမှု	...	မောင်ကြင်နာ	...	၉၄
* မြန်မာဆင်နွှဲ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ	...	ဒေါက်တာတင်ထွန်းဦး	...	၁၀၈





မြန်မာနိုင်ငံ ပညာရေး ပြုပြင်ပြောင်းလဲမှု



ခေတ်မီနည်းပညာဖြင့် ဤသို့ပညာသင်ယူနေကြပြီ

နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကိုးအားထားရသော –

- သယံဇာတ သဘာဝအရင်းအမြစ်ပေါများကြွယ်ဝပါသည်။
- လူသားစွမ်းအား အရင်းအမြစ်များလည်း ဖြစ်ထွန်းမှု ရှိနေပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား အေးချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်၍ အဆိုပါ သယံဇာတ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှု (the richness of its natural resources) ကို ထိရောက်ထက်မြက်စွာ အသုံးချနိုင်စွမ်းရှိမည့် အရည်အသွေးမြင့်မားသည့် လူသားစွမ်းအား အရင်းအမြစ်များကြွယ်ဝမှု (the richness of its highly qualified human resources) ရရှိလာအောင် ထိုလူသားစွမ်းအား အရင်းမြစ်များကို ကောင်းစွာ ပြုစုပျိုးထောင် ဖော်ဆောင်မှုပြုကြရမည်သာ ဖြစ်ပါသည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး

နိုင်ငံတော်အတွက် လိုအပ်သော အရည်အသွေးမြင့်မားသည့် အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု (Highly Qualified Human Resources Development) အစီအစဉ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန်နှင့် ဒေသအလိုက် လိုအပ်သော အမျိုးသားလူ့စွမ်းအားအရင်းမြစ် ဖွံ့ဖြိုးမှု (Regional Human Resources Development) အစီအစဉ်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် **"အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း"** (၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄ နှစ်အထိ) ကို ရေးဆွဲချမှတ် ဆောင်ရွက်ခြင်းနှင့် ထိုအမျိုးသား ပညာရည် မြင့်မားရေးကို စဉ်ဆက်မပြတ် တိုးချဲ့တိုးတက်ဆောင်ရွက် သွားခြင်း ပြုနိုင်ရန်အလို့ငှာ အနှစ်သုံးဆယ် နှစ်ရှည်စီမံကိန်း မြန်မာ့ပညာရေးမျှော်မှန်းချက်ကို ရေးဆွဲချမှတ် ဆောင်ရွက် ခြင်း ဖြစ်ပေသည်။

အမျိုးသားပညာရည်မြှင့်တင်မှု အစီအစဉ်များ

ဖော်ပြပါ **"တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး"** ဦးတည်ချက်နှင့်အညီ **"အခြေခံပညာကဏ္ဍ"** နှင့် **"အဆင့်မြင့် ပညာကဏ္ဍ"** နှစ်ရပ်စလုံးကို ကောင်းစွာဆက်စပ်ပြီး အမျိုးသားပညာရေး မြှင့်တင်မှုအစီအစဉ်များအဖြစ် စနစ်တကျ ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အမျိုးသားပညာရည်မြှင့်တင်မှု အစီအစဉ်များသည် စင်စစ်အားဖြင့် **"အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှု"** အစီအစဉ်များ ဖြစ်ကြပေသည်။

အမျိုးသားပညာရေးမြှင့်တင်မှုအစီအစဉ်များကို တင်ပြရာ၌ **"အခြေခံပညာကဏ္ဍ"** နှင့် **"အဆင့်မြင့်ပညာကဏ္ဍ"** ဟူ၍ ကဏ္ဍနှစ်ရပ်ခွဲခြားပြီး ဖော်ပြသွားမည်ဖြစ်ပါသည်။

အခြေခံပညာကဏ္ဍ

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ -

(က) **ပညာရေးမြှင့်တင်မှုအစီအစဉ် (ပထမအဆင့်)**၊ ပညာရေးနှိုးနှောဖလှယ်ပွဲကို ၁၉၉၈ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးညှိနှိုင်း ရရှိသည့် လုပ်ငန်းစဉ် (၁၀) ရပ်ကို ၁၉၉၈-၉၉ ပညာသင်နှစ်မှစ၍ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိသည်။

(ခ) ပညာရေးမြှင့်တင်မှုအစီအစဉ် (ဒုတိယအဆင့်)၊ ပညာရေးနှိုးနှောဖလှယ်ပွဲကို ၁၉၉၉ ခုနှစ်တွင် အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည် နှစ်နေရာခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးညှိနှိုင်းရရှိသည့် လုပ်ငန်းစဉ် ကိုးရပ်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

(ဂ) ပညာရေးမြှင့်တင်မှုအစီအစဉ်(တတိယအဆင့်)၊ ပညာရေး နှိုးနှောဖလှယ်ပွဲကို ၂၀၀၀ ပြည့်နှစ်တွင် အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည် နှစ်နေရာခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးညှိနှိုင်းရရှိသည့် လုပ်ငန်းစဉ် ခြောက်ရပ်ကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာရေး ပြုပြင်ပြောင်းလဲမှုများ

ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာ၌ အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာကဏ္ဍမှစတင်ပြီး ဆောင်ရွက်ခဲ့သည်။

သင်ရိုးများ ပြောင်းလဲခြင်း။ ။ ပညာရေးမြှင့်တင်မှု အစီအစဉ်အရ အခြေခံပညာသင်ရိုးများကို နိုင်ငံတကာ အဆင့်မီစေရန်နှင့် ဘက်စုံပညာရရှိစေရန် ပြန်လည်စိစစ်သုံးသပ်ပြီး အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲရေးဆွဲခဲ့သည်။

အခြေခံပညာမူလတန်းအောက်ဆင့်၊ မူလတန်း အထက်ဆင့်တို့တွင် သဘာဝသိပ္ပံ၊ အခြေခံသိပ္ပံ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ ရသပညာနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှု စသည့် ဘာသာရပ်များ တိုးချဲ့ပြဋ္ဌာန်းပြီး ၁၉၉၈-၉၉ ပညာသင်နှစ်မှစတင်၍ အခြေခံပညာသင်ကျောင်းများ တွင် သင်ကြားလေ့ကျင့် ပေးလျက်ရှိသည်။

အခြေခံပညာအလယ်တန်းဆင့်တွင် ဘဝတွက်တာကျွမ်းကျင်စရာ၊ သက်မွေးပညာ၊ ရသပညာနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှု ဘာသာရပ်များကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ စတင်၍ တိုးချဲ့သင်ကြား လေ့ကျင့်ပေးလျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများနှင့် သာမက၊ ကမ္ဘာ့အဆင့်မီဖြစ်ရေးအတွက် အခြေခံပညာ အထက်တန်းဆင့်၊ နဝမတန်းနှင့် ဒသမတန်းသင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ရေးဆွဲခဲ့သည်။ မသင်မနေရ ဘာသာရပ်အဖြစ် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သချိ်ာဘာသာရပ်များကို သတ်မှတ်ပြီး

စိတ်ကြိုက် မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒ ဘာသာရပ်များအနက် နှစ်သက်ရာဘာသာရပ် ၃ ခု ပါဝင်သည့် ဘာသာတွဲကို **ရွေးချယ်သင်ယူခွင့်** ပြုရန် စီစဉ်ပေးခဲ့သည်။

ဘာသာတွဲရွေးချယ်ရာတွင် ကျောင်းသား၊ကျောင်းသူ၏ ဗီဇ၊ အထုံပါရမီ၊ ဝါသနာ၊ စွမ်းဆောင်နိုင်မှုတို့အပေါ် မူတည်၍ မှန်ကန်စွာရွေးချယ်ယူနိုင်ရန် အခြေခံပညာအလယ်တန်း၊ကျောင်းနှင့် အထက်တန်း၊ကျောင်းများတွင် စာပေပညာနှင့် ကိုယ်ရည်ကိုယ်သွေး၊ဆိုင်ရာ ဆွေးနွေးညွှန်ပြရေးအဖွဲ့များ ဖွဲ့စည်း၍ ဆွေးနွေးညွှန်ပြမှုများ ဆောင်ရွက်ပေးခဲ့သည်။

၂၀၀၀ - ၂၀၀၁ ပညာသင်နှစ်မှစ၍ နဝမတန်းတွင် အခြေခံပညာအထက်တန်း သင်ရိုးသစ်ဖြင့် စတင်သင်ကြား ခဲ့ပြီး ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ်မှစ၍ ဒသမတန်းတွင် အဆိုပါ သင်ရိုးသစ်ဖြင့် စတင်သင်ကြား လျက်ရှိသည်။

သင်ပြန်ညှိးများ ပြောင်းလဲခြင်း။ ။ သင်ရိုးများကို ပြုပြင်မွမ်းမံ၍ သင်ကြားလေ့ကျင့်ပေးရာတွင် **"ဘာသာရပ် ဗဟိုပြုချဉ်းကပ်မှုပုံစံ"** မှ **"သင်ယူသူ (ကလေး) ဗဟိုပြုချဉ်းကပ်မှု ပုံစံ"** သို့လည်းကောင်း၊ **"သမားရိုးကျ ပို့ချဆွေးနွေးသည့် ပုံစံ"** မှ၊ **"သင်ယူသူကိုယ်တိုင် တက်ကြွစွာ ပါဝင်လုပ်ဆောင် သင်ယူသည့်ပုံစံ"** သို့လည်းကောင်း၊ **"အလွတ်ကျက်မှတ်သည့်ပုံစံ"** မှ **"အသုံးပြုနိုင်မှုကို အခြေခံသင်ယူသည့်ပုံစံ"** သို့လည်းကောင်း၊ **"အတန်းတင်စာမေးပွဲစနစ်"** မှ **"စဉ် ဆက်မပြတ် အကဲဖြတ်၍ စစ်ဆေးတိုင်းတာမှုစနစ်"** သို့လည်းကောင်း ပြောင်းလဲ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ပညာရည် စစ်ဆေးတိုင်းတာမှုစနစ် ပြောင်းလဲခြင်း။ ။ အတန်းတင် စာမေးပွဲစနစ်၏ အလွန်အကျွံလွှမ်းမိုးမှုကြောင့် အတန်းကျနှုန်း၊ အတန်းအောင်နှုန်းနှင့် ကျောင်းထွက်နှုန်းများ မြင့်မားလျက်ရှိသဖြင့် ကျောင်းတွင်းစစ် စစ်ဆေးမှုများကို စဉ်ဆက်မပြတ် အကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ် သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။

အခြေခံပညာ မူလတန်းအောက်ဆင့် **"သူငယ်တန်း"** နှင့် **"ပထမတန်း"** တို့တွင် သီးသန့်စစ်ဆေးမှု မပြုတော့ဘဲ သင်ယူပြီးမြောက်မှုကို ပုံမှန်စစ်ဆေး၍ ဘာသာစကားနှင့် အခြေခံသချိ်ာ တတ်ကျွမ်းမှုတို့အပေါ် မူတည်ပြီး အတန်းတင်ပေးခြင်းဖြစ်သည်။ **ဒုတိယတန်း**တွင် စာပေဘာသာရပ်အလိုက် အခန်းဆုံးစစ်ဆေးမှုများဖြင့် အားနည်းမှုရှိသည့် ဘာသာရပ်များကို ကုစားသင်ကြားပေးပြီး ပညာသင်နှစ်အတွင်း အခန်းဆုံးစစ်ဆေးမှု ပျမ်းမျှရမှတ်ရာခိုင်နှုန်း အပေါ် မူတည်၍ အတန်းတင်ပေးခြင်းဖြစ်သည်။

အခြေခံ မူလတန်းအထက်ဆင့် **"တတိယတန်း"** နှင့် **"စတုတ္ထတန်း"** တို့တွင် စာပေဘာသာရပ်အလိုက် အခန်းဆုံးစစ်ဆေးမှုများ၊ ကုစားသင်ကြားပေးမှုများ၊ ကျောင်းလုပ်ငန်းစဉ် ကိုးရပ်အပေါ် ပါဝင်လုပ်ဆောင်မှုများနှင့် ကျောင်းသားကျောင်းသူ တစ်ဦးချင်းအလိုက် လစဉ်ထုတ်ဖော်တင်ပြချက်များအပေါ် စိစစ်အကဲဖြတ်မှုများဖြင့် စစ်ဆေးတိုင်းတာ သတ်မှတ်ပေးသည်။

အခြေခံပညာ **"အလယ်တန်း"** နှင့် **"အထက်တန်းဆင့်"** တို့တွင် ကျောင်းလုပ်ငန်းဆောင်ရွက်မှုဖြစ်စဉ် ခြောက်ရပ် သတ်မှတ်ပြီး မူလတန်းအဆင့်ဆင့်တွင် စိစစ်အကဲဖြတ်မှုအတိုင်း စစ်ဆေးတိုင်းတာ သတ်မှတ်ပေးသည်။ **"ပဉ္စမတန်း"** နှင့် **"ဆဋ္ဌမတန်း"** တို့တွင်၊ စာပေဘာသာရပ်များအတွက် အခန်းဆုံးစစ်ဆေးမှုများ စစ်ဆေးခြင်း၊ အားနည်းမှုရှိသည့် ဘာသာရပ်များကို ကုစားသင်ကြားပေးခြင်းဖြင့်၊ ပညာသင်နှစ်အတွင်း အခန်းဆုံးစစ်ဆေးမှု ပျမ်းမျှရမှတ်ရာခိုင်နှုန်း အပေါ် မူတည်၍ အတန်းတင်ပေးခြင်းဖြစ်သည်။

"သတ္တမတန်း"၊ **"အဋ္ဌမတန်း"**၊ **"နဝမတန်း"** နှင့် **"ဒသမတန်း"** ဘာသာရပ်များအတွက် ပထမနှစ်ဝက်အတွင်း အခန်းဆုံးစစ်ဆေးမှုများ၏ ပျမ်းမျှရမှတ်နှင့် ဒုတိယနှစ်ဝက်အတွက် ဒုတိယနှစ်ဝက်ဆုံး စာမေးပွဲစစ်ဆေးရရှိသည့် ရမှတ်တို့ကိုစုပေါင်း၍ ပျမ်းမျှရမှတ်အဆင့် သတ်မှတ်ပေးသည်။

ဘက်စုံပညာအရည်အချင်း မှတ်တမ်းချုပ် (CPR) သတ်မှတ်ဆောင်ရွက်ခြင်း။ ။ သက်ဆိုင်ရာ အတန်းအလိုက်၊ ကျောင်းသားကျောင်းသူတစ်ဦးချင်းအတွက် ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ် (Comprehensive Personal Record) ကို ပြုစုပေးပြီး၊ ပညာသင်နှစ်အတွင်း၊ စာပေဘာသာရပ်များနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှုများအပေါ် စစ်ဆေးတိုင်းတာသတ်မှတ်ချက်များကို ပုံမှန်ဖြည့်စွက်ရေးသွင်း၍ ပညာသင်နှစ်ကုန်ဆုံးချိန်တွင် ကဏ္ဍတစ်ခုချင်းအလိုက်ပြည့်မီရန် လိုအပ်သည့် အဆင့်သတ်မှတ်ချက်အရ၊ အတန်းတင်ပေးခြင်းနှင့် သင်ယူပြီးမြောက်ခြင်း အဆင့်ဆင့်တို့ကို ထုတ်ပြန်ပေး သည်။

ဒသမတန်းအထိ တက်ရောက်သင်ယူပြီးမြောက်သူများအား အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်း



အနှစ် (၃၀) နှစ်ရှည် မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ဘည်းကျောက်စာဖွင့်ပွဲ

လက်မှတ်ကို စာပေဘာသာရပ်နှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှု အဆင့်များဖော်ပြ၍ ချီးမြှင့်ပေးပါသည်။

အလား‌တူပင် အခြေခံပညာကို အဆင့်အလိုက် ပြီးမြောက်အောင် သင်ယူမှုကို အား‌ပေး‌ချီးမြှင့်သည့်အနေဖြင့် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းတို့ကိုလည်း အသိအမှတ်ပြု ချီးမြှင့်ပေးအပ်ပါသည်။ ဖော်ပြပါ အစီအစဉ်များဖြင့် ဘက်စုံဖွံ့ဖြိုးရေးကို လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိသည်။

ခေတ်မီနည်းပညာများ အသုံးပြုသင်ကြား‌ခြင်း။ ။ သိပ္ပံနှင့်နည်းပညာများ လျင်မြန်စွာတိုးတက်လာသည်နှင့်အမျှ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာ **(Information and Communication Technology)** များကို ယခုအခါ သင်ကြား‌သင်ယူမှုတွင် ထိရောက်ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် လိုအပ်လာပါသည်။ ထို့သို့ လိုအပ်လာသည်နှင့်အညီ သင်ကြား‌သင်ယူမှုလုပ်ငန်းများတွင် ကွန်ပျူတာအပါအဝင် ခေတ်မီပစ္စည်းကိရိယာများ တပ်ဆင်၍ ကျောင်းသားလူငယ်များကို အဆိုပါနည်းပညာများ၊ ပစ္စည်းများဖြင့် သင်ကြား‌လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်ဖြစ်သည်။

အခြေခံပညာကျောင်းများတွင် သင်ကြား‌မှုသင်ယူမှု အထောက်အကူပြုပစ္စည်းများကို စနစ်တကျ ခေတ်မီစွာ အသုံးပြုနိုင်ရန်အတွက် Multimedia Classroom များဖွဲ့စည်းဆောင်ရွက်ရန် စီမံခဲ့သည်။ Multimedia Classroom များ ဖွဲ့စည်းရာတွင် Computer Aided Instruction, Audio System (Language Lab), Video System, Projected Media, Printed Media, Display Media အစရှိသည့် အထောက် အကူပြုပစ္စည်းများ၊ Software များကို Grade

A,B,C ခွဲခြား သတ်မှတ်ပေး ပြီး သင့်တော်မည့် အဆင့် တစ်ခုခု ပြည့်စုံသည်အထိ ဖြည့်ဆည်းအသုံးပြုရေးတို့ကို ကြပ်မတ် ဆောင်ရွက်ခဲ့သည်။ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက် အကူပြု စာသင်ခန်းများ (Multimedia Classroom) တပ်ဆင် အသုံးပြုနေသည့် အခြေခံပညာကျောင်း ပေါင်း ၅၄၀ ကျောင်း ရှိပြီးဖြစ်သည်။ Computer, Language Lab, Audio-visual Media တစ်ခုခုကို အသုံးပြုသင်ကြားသည့် ကျောင်း များ ပေါ်ထွန်းလာပြီဖြစ်သည်။

အခြေခံပညာသင်ကျောင်းအလိုက် ကျောင်းအကျိုး တော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းနှင့် စေတနာရှင် ပြည်သူများ၏ အကူအညီကိုရယူ၍ ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများကို တိုးတက်ဖြည့်ဆည်း ရယူဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာ (Community)၏ ပါဝင်ပံ့ပိုးကူညီမှု အများအပြား ရရှိလျက်ရှိသည်။

အီးပညာရေး သင်ယူမှုဌာနများ (e - Education Learning Centre) များ ထူထောင်ခြင်း ။ ။ သတင်းအချက်အလက်နည်းပညာခေတ်တွင် Multimediaကိုအသုံးပြုသည့်ခေတ်မီ အီလက်ထရွန်နစ် ကိရိယာများတပ်ဆင်ထားသော သင်ယူမှု ဌာနများ (e- Education Learning Centres) ၌ ပိုမိုထိရောက် စွာ သင်ကြားနိုင်ပြီဖြစ်သည်။ Electronic data broadcasting စနစ်ဖြင့် ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်သော သင်ခန်းစာ များကို လွယ်ကူထိရောက်စွာ လေ့လာနိုင်ပြီဖြစ်သည်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် Data Broadcasting System နှင့် ဗဟိုက ထုတ်လွှင့်ပေးမှုများကို အနယ်နယ်အရပ်ရပ်က လက်ခံသင်ယူနိုင်သည့် e -Educatoin Learning Centre ၂၀၃ ခုကို မြို့နယ်ပေါင်း ၁၁၆ မြို့နယ်တွင် ထူထောင်ပေးခဲ့သည်။ ဆက်လက်၍ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ် အတွင်းတွင်၊ e - Education Learning Centres ပေါင်း ၁၀၁ ခုကို၊ မြို့နယ်ပေါင်း ၇၃ မြို့နယ်တွင် ဆက်လက်ထူထောင်သွားမည် ဖြစ်သည့်အတွက် မြို့နယ်ပေါင်း ၁၈၉ မြို့နယ်တွင် e - Education Learning Centre ပေါင်း ၃၀၄ ခုအထိ ရှိလာတော့မည်ဖြစ်ရာ ထုတ်လွှင့်သည့် သင်ခန်းစာများကို လွယ်ကူထိရောက်စွာ တိုးချဲ့လေ့လာနိုင်ကြမည်ဖြစ်သည်။

ဘက်စုံပညာထူးချွန်သူများကို အားပေးချီးမြှင့်ခြင်း ။ ။ ၁၉၉၈ – ၉၉ ပညာသင်နှစ်မှစ၍ အခြေခံပညာ စာပေဘာသာရပ်များနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှု များတွင် မှန်ကန်သောအကျိုးပြုယှဉ်ပြိုင်မှုဖြင့် အရည်အသွေးမြင့်မားလာစေရေးအတွက် အတန်းအလိုက်၊ စာပေဘာသာရပ်ထူးချွန်သူများ၊ ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်သူများ၊ ဘက်စုံပညာထူးချွန်သူများအား နှစ်စဉ်၊ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်/တိုင်းအဆင့်၊ ပညာရေးစုံညီပွဲတော်များတွင်လည်းကောင်း၊ အဌမတန်းနှင့် ဒသမတန်းတို့တွင် ပြည်နယ်/တိုင်းအဆင့် ပထမရရှိသူများအား ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်တွင်လည်းကောင်း ဆုများ ချီးမြှင့်ပေးလျက်ရှိသည်။ထို့ပြင် ပညာရေးအဆင့်အလိုက် ထူးချွန်သူများအား သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများ၏ အစီအစဉ်ဖြင့် နောက်တစ်ဆင့် ပညာသင်ကာလအတွင်း ပညာသင်ဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

အခြေခံပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း ။ ။ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေဖြစ်နိုင်ရန် မူလတန်းကျောင်းဝင်နှန်း မြင့်မားလာရန်၊ အနည်းဆုံးမူလတန်းအဆင့် ပြီးဆုံးအောင် ကျောင်းနေရန်၊ ဆက်လက်၍ အခြေခံပညာအဆင့်ဆင့်ကို ဆက်လက်ပညာ ဆည်းပူးနိုင်ရန် အားပေးဆောင်ရွက်လျက်ရှိသည်။

တိုးတက်များပြားလာသည့် အခြေခံပညာသင် ကျောင်းသားကျောင်းသူဦးရေအရ၊ အခြေခံပညာသင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

၁၉၈၇ – ၈၈ ခုနှစ်တွင် အခြေခံပညာသင် မူလတန်းကျောင်း ၃၁၃၂၉၊ အလယ်တန်းကျောင်း ၁၆၉၆ နှင့် အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ စုစုပေါင်း ၃၃၇၄၇ ရှိခဲ့ရာမှ ၂၀၀၁ – ၂၀၀၂ ခုနှစ်တွင် အခြေခံပညာသင် မူလတန်းကျောင်း ၃၅၁၃၀၊ အလယ်တန်းကျောင်း ၃၁၀၇၊ အထက်တန်းကျောင်း ၁၆၉၀ ကျောင်း၊ စုစုပေါင်း ၃၉၉၂၇ အထိ တိုးချဲ့လာခဲ့သည်။ တိုးတက်လာသည့် အခြေခံပညာသင်ကျောင်း ဦးရေစုစုပေါင်းမှာ ၆၁၈၀ ဖြစ်သည်။

၁၉၈၇ – ၈၈ ခုနှစ်တွင် အခြေခံပညာသင် မူလတန်းကျောင်းသား ၃၉၀၃၆၇၉၊ အလယ်တန်းကျောင်းသား ၁၀၉၄၈၄၄၊ အထက်တန်းကျောင်းသား ၂၄၁၃၅၅၊ စုစုပေါင်းကျောင်းသား ၅၂၃၉၈၇၈ ရှိခဲ့ရာမှ၊ ၂၀၀၁ – ၂၀၀၂ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းသား ၄၇၂၆၆၇၅၊ အလယ်တန်းကျောင်းသား ၁၇၁၅၀၄၅၊ အထက်တန်း

ကျောင်းသား ဖခင ၄၈၀၊ စုစုပေါင်းကျောင်းသား ၇၀၅၅၀၀ အထိ တိုးတက်ရှိလာခဲ့သည်။ အခြေခံပညာသင်ကျောင်းသား ခုနစ်သန်းကျော်ရှိနေပြီ ဖြစ်သည်။ တိုးတက်လာသည့် အခြေခံပညာသင် ကျောင်းသားဦးရေသည် ၁၈၁၄၂၂ တစ်သန်း ရှစ်သိန်းကျော်တိုးလာသည်။

ထို့ပြင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံဖြင့် အခြေခံပညာမူလတန်းကျောင်း ၃၈၃ ကျောင်း၊ အလယ်တန်းကျောင်း ၅၂ ကျောင်းနှင့် အထက်တန်းကျောင်း ၃၀ ကျောင်း၊ စုစုပေါင်း ၄၆၅ ကျောင်း ကို ဖွင့်လှစ်ထားနိုင်ပြီ ဖြစ်သည်။

တိုးတက်များပြားလာသည့် အခြေခံပညာသင်ကျောင်းသားဦးရေနှင့် တိုးချဲ့လာသည့် အခြေခံပညာသင်ကျောင်းအရ အခြေခံပညာသင်ဆရာများကို တိုးချဲ့ခန့်ထားခဲ့ရာ ၂၀၀၁ - ၂၀၀၂ ခုနှစ်တွင် ဆရာ ဆရာမပေါင်း ၄၂၇၅၇ အထိ တိုးတက်လာသည်။

ဆရာအတတ်ပညာအရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ခြင်း ။ ။ အခြေခံပညာ ဆရာ ဆရာမများ အရေအဝွေက် တိုးပွားလာသည်နှင့်အမျှ၊ ဆရာအတတ်ပညာ အရည်အသွေး မြင့်မားလာရေးတို့အတွက်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများ၊ လုပ်ငန်းခွင်အတွင်း ဆရာ ဆရာမများအတွက် ဆရာအတတ် စာပေးစာယူသင်တန်းများ၊ ပညာရေးကောလိပ်အခြေပြု ဆရာအတတ်သင်တန်းများ၊ မြို့နယ်အခြေပြု ဆရာအတတ်သင်တန်းများ၊ ပညာရေးဘွဲ့ပေါင်းကူး စနစ်သင်တန်း၊ လုပ်ငန်းခွင်ကြို ပညာရေးဘွဲ့သင်တန်း၊ လုပ်ငန်းခွင်ကြို ဘွဲ့လွန်ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများ၊ ပညာရေးဘွဲ့ စာပေးစာယူသင်တန်းများ၊ ပညာရေးဘွဲ့လွန် ပညာရေးမဟာဘွဲ့၊ ပညာရေးပါရဂူဘွဲ့သင်တန်းများစသည့် စဉ်ဆက်မပြတ် ဆရာအတတ်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးထားပြီး ဖြစ်သည်။

ကျေးလက်ဒေသပညာရေး ဖွံ့ဖြိုးမှုများ ။ ။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၊ ခေတ်မီသင်ကြားမှုသင်ယူမှုနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းပြီး၊ အရည်အသွေးမြင့် လူသားစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်ဖက်တွင်ကြိုးပမ်း ဆောင်ရွက်ရင်း အခြားတစ်ဖက်တွင်လည်း တစ်မျိုးသားလုံး ပညာရည် မြင့်မားရေး အစီအမံများအရ အထူးသဖြင့် အခြေခံဒေသ များဖြစ်ကြသည့် ကျေးလက်ဒေသများမှ ပြည်သူများ၏ ပညာရည်မြင့်မားရေးအတွက် စိမ်ဆောင်ရွက်နေသော **"ကျေးလက်ဒေသပညာရေးဖွံ့ဖြိုးမှုအစီအမံများ"** နှင့်အညီ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေဖြစ်ရေး၊ ကျောင်းနေနိုင်ရေးနှင့် မူလတန်းပညာပြီးဆုံးရေး အစီအမံများ၊ မူလတန်းပညာပြီးမြောက်သူတို့အဖို့ အတန်းပညာဆက်လက်သင်ယူနိုင်ရေး အစီအမံများ၊ ကျောင်းပြင်ပ ပညာရေးဖြစ်သည့် စာမတတ်သူပပျောက်ရေး၊ စာတတ်ပြီးသူများ စာဖတ်ရှုနိုင်တိုးမြှင့်ရေး အစီအမံများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

အသက်ငါးနှစ်ပြည့်ပြီး ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းဝင်နှုန်း (Enrolment Ratio) သည် ၁၉၉၉ - ၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၀ - ၂၀၀၁ ပညာသင်နှစ်တွင် ၉၁ ဒသမ ၅ ရာခိုင်နှုန်းသို့တိုးလာ၍ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ်တွင် ၉၂ ဒသမ ၁ ရာခိုင် နှုန်းသို့ပင် ထပ်မံတိုးမြှင့်လာခဲ့သည်။

ထို့ပြင် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၂၀၀၀ - ၂၀၀၁ ပညာသင်နှစ်တွင် ၉၁ ဒသမ ၄ ရရှိထားပြီးလည်း ဖြစ်သည်။

ဖော်ပြပါ ကျောင်းဝင်နှုန်းနှင့် သက်ကြီးစာတတ်မြောက်လာမှုနှုန်းတို့ကို အဆိုပါ ရရှိထားပြီးနှုန်းတို့ထက် ပိုမိုတိုးမြင့်လာအောင် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရမည် ဖြစ်သည်။

ပြောင်းလဲတိုးတက်ဖြစ်ထွန်းမှုများ

အခြေခံပညာကဏ္ဍ ၏ ပြောင်းလဲတိုးတက်ဖြစ်ထွန်းမှုများကို ခြုံငုံလေ့လာသုံးသပ်ကြည့်ပါက အခြေခံပညာကဏ္ဍ ပညာရေးမြင့်တင်မှု အစီအစဉ်များကို အဆင့်ဆင့် အကောင်အထည်ဖော် မြင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကျောင်းသားကျောင်းသူလူငယ်များ၏ ဘက်စုံပညာထူးချွန်ထက်မြက်ရေး၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးနှင့် မြို့ပြနှင့်ကျေးလက်ပညာရေး ကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ဖော် ဖြစ်ထွန်းလာနေသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍ

အမျိုးသားလူ့စွမ်းအား အရင်းအမြစ်များ မြင့်မားတိုးတက်ရေးကို မျှော်မှန်းပြီး စနစ်တကျ ထိရောက်ပီပြင်စွာ ပြုစုပျိုးထောင် ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ၊ အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၉၇ ခုနှစ်၊ ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ် များအတွင်း **"အဆင့်မြင့်ပညာကဏ္ဍ ပညာ မြှင့်တင်ရေး လုပ်ငန်းဆွေးနွေး ညှိနှိုင်းပွဲ"** များကို ကျင်းပ ပြုလုပ်ခဲ့သည်။



ဂြိုဟ်တုမှတစ်ဆင့် သင်ယူမှုဌာနများသို့ ပို့ချမှုလွှင့်ထုတ်စဉ်

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲများမှ ဆွေးနွေးညှိနှိုင်းရရှိချက်များကို အခြေပြု၍ **"အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း"** (အဆင့်မြင့်ပညာကဏ္ဍ) တွင် တိုးမြှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၂၁) ရပ်ကို ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှုများ

သင်ရိုးညွှန်တမ်းများ ပြန်လည်စိစစ်သုံးသပ် ပြုပြင်ရေးဆွဲခြင်း။ ။ အရှေ့တောင်အာရှနိုင်ငံများနှင့် သာမက ကမ္ဘာ့အဆင့်မီဖြစ်ရေးအတွက် အဆင့်မြင့်ပညာ သင်ရိုးညွှန်းတမ်းများကို ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော အခြေခံပညာအထက်တန်းဆင့်မှ နဝမတန်း၊ ဒသမတန်း သင်ရိုးညွှန်းတမ်းများကိုလည်း ညှိနှိုင်းပြင်ဆင် ရေးဆွဲခဲ့သည်။

ပြင်ဆင်ရေးဆွဲခဲ့သည့် အဆင့်မြင့်ပညာ သင်ရိုးသစ်နှင့်အညီ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှစ၍ ဘွဲ့ကြိုသင်တန်းများကို စတင်သင်ကြား ပို့ချလျက်ရှိသည်။

စာမေးပွဲစနစ်ကို ပြုပြင်ပြောင်းလဲခြင်း။ ။ အဆင့်မြင့်ပညာသင်ရိုးများကို ပြင်ဆင်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် စာမေးပွဲစနစ်ကိုပါ ပြုပြင်ပြောင်းလဲပေးခဲ့သည်။

ကျောင်းသားများအား နောက်ဆုံးစာမေးပွဲတစ်ခုတည်း ဖြေဆို အောင် / ရှုံး ဆုံးဖြတ်ပေးသည့် စနစ်ကို ပြောင်းလဲပြီး credit system ကို အသုံးပြုပါသည်။ ထို credit system ကို အသုံးပြုခြင်းဖြင့် ကျောင်းသားများ ကျောင်းတက်မှုနှုန်းမှု၊ နည်းပြတန်းများ တက်ရောက်မှု၊ သတ်မှတ်ထားသောလုပ်ငန်းများ ဆောင်ရွက်မှုတို့ကိုပါ စိစစ်အကဲဖြတ်ပြီး စာမေးပွဲရမှတ်များပေါင်း၍ အောင် / ရှုံး ဆုံးဖြတ်ပေးပါသည်။ တတ်မြောက်ကျွမ်းကျင်မှု ပိုမိုရရှိပြီး နောက်ဆုံးစာမေးပွဲတစ်ခုတည်း၏ အဆုံးအဖြတ်ခံရမှုကို ကျော်လွှားစေပါသည်။

မဟာဘွဲ့များကိုလည်း သင်ရိုးညွှန်းတမ်းများ ပြုပြင်ရေးဆွဲ သင်ကြားပို့ချခဲ့ပြီး credit system ကို အသုံးပြုပါသည်။ မဟာဘွဲ့များတွင် ပညာရည်အဆင့်မြင့်အောင် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ပါရဂူဘွဲ့များကို မြန်မာနိုင်ငံတော်တွင် ပေးနိုင်ရန် တက္ကသိုလ်များက



ဘက်စုံပညာရေးအဖြစ် ဂီတပညာကို သင်ယူနေကြစဉ်



ဘက်စုံပညာရေးအဖြစ် ကာယပညာသင်ယူနေကြစဉ်

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို credit system ကို ၂၀၀၀ – ၂၀၀၁ ပညာသင်နှစ်မှစတင်၍ **ပထမနှစ်သင်တန်းများ**တွင်လည်းကောင်း၊ ၁၉၉၉ – ၂၀၀၀ ပညာသင်နှစ်မှစတင်၍ စနစ်သစ် မဟာသင်တန်းများတွင်လည်းကောင်း အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိပါသည်။

ပေါင်းစပ်ဘာသာရပ်များ သင်ကြားရေး။ ။တက္ကသိုလ်၊ ဒဂုရိကောလိပ်၊ ကောလိပ်များတွင် ၂၀၀၁ – ၂၀၀၂ ပညာသင်နှစ်မှစ၍ ဘွဲ့ကြိုသင်တန်းတွင် ပေါင်းစပ်ဘာသာရပ် ၁၀ ခု၊ ဘွဲ့လွန်သင်တန်းများတွင် ပေါင်းစပ်ဘာသာရပ် ၁၃ ခုနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများတွင် ဒေသဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီသော ပေါင်းစပ်ဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည်။

ရုပ်ပိုင်းဆိုင်ရာ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း။ ။ ပညာရည်မြင့်မားရေးအတွက် မပါမဖြစ်၊ မရှိ မဖြစ်သည့် လိုအပ်ချက်တစ်ခုအဖြစ် တက္ကသိုလ်များ၊ ဒဂုရိ ကောလိပ်များ၊ ကောလိပ်များ၏ရုပ်ပိုင်းဆိုင်ရာ ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စာသင် ခန်းများ၏ ဖွဲ့စည်းပုံစနစ်များကို ခေတ်မီစာသင့်ခန်းအဆင့် သို့ရောက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

သင်ကြားသင်ယူရေးအတွက် ပေါက်မြောက်အောင်မြင်စေရန် ဘာသာရပ်ဆိုင်ရာ လက်တွေ့ခန်း (Language Laboratory) များ၊ သိပ္ပံဓာတ်ခွဲခန်း (Science Laboratory) များ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအခြေပြု (Resource Centre) များ၊ မာလ်တီမီဒီယာ စာသင်ခန်း (Multimedia Lecture Room) များ၊ အီလက်ထရွန်နစ် ပညာရေး (e - Education) နှင့် အီလက်ထရွန်နစ် ဆက်သွယ်ရေး (e - mail) များကို တက္ကသိုလ်အသီးသီးတွင် တပ်ဆင်အသုံးပြုလျက်ရှိသည်။ စာသင်ကြားရေးတွင် ပိုမိုထိရောက်အောင်မြင်အောင် Power Point ဖြင့် အသုံးပြု သင်ကြားလျက်ရှိသည်။

e - library အဖြစ် အဆင့်မြှင့်ခြင်း။ ။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ဗဟိုစာကြည့်တိုက်နှင့် အခြားတက္ကသိုလ်၊ ဒဂုရိကောလိပ်၊ ကောလိပ်စာကြည့်တိုက် ၁၇ ခုတို့တွင် Hardware များ၊ Library automation system (ELIB Software) များ ဖြည့်ဆည်းပေးထားသည်။

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်တွင် **"ရွှေဟောင်း မြန်မာစာပေရေးရာဌာန (ပေစာ၊ ပုရပိုက်၊ ကျောက်စာ)"** (Resource Centre For Ancient Myanmar Manuscripts) ကို ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ယင်းဌာန၏ Server နှင့် တက္ကသိုလ်များ၊ ဗဟိုစာကြည့်တိုက်၏ Mirror Server ကိုထား၍ယင်းဌာနနှစ်ခုရှိ အင်္ဂလိပ် မြန်မာစာအုပ်များ၊ ပေ၊ ပုရပိုက်၊ ကျောက်စာများ၊ စာနယ်ဇင်းများ၏ ကက်တလောက်များကို ရှာဖွေအသုံးပြုနိုင်ပြီး အချို့စာအုပ်များ၏ အဖုံး၊ မာတိကာတို့ကိုပါ ပူးတွဲကြည့်ရှုနိုင်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်တွင်လည်း အလားတူ "ရွှေဟောင်းမြန်မာစာပေ ရေးရာဌာန" (ပေစာ၊ ပုရပိုက်၊ ကျောက်စာ) (Resource Centre For Ancient Myanmar Manuscripts) ကို ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဖွင့်လှစ် တည်ထောင်နိုင်ခဲ့သည်။ တက္ကသိုလ်များ၊ ဗဟိုစာကြည့်တိုက်တွင် ရှားပါးသောစာအုပ်များနှင့် ရွှေဟောင်း ပေ၊ ပုရပိုက်များကို မိုက်ကရိုဖလင်ဖြင့်လည်းကောင်း၊ Scanner ဖြင့်လည်းကောင်း၊ ရိုက်ကူးပြီး CD - ROM များတွင် ထိန်းသိမ်းထားရှိပေးသည်။

အဝေးသင်ပညာရေးဖြင့် သင်ယူခြင်း။ ။ ပညာကို လိုလား လျှင် လိုလားသလို **အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ ဒေသမရွေး**၊ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ မြန်မာ့လူ့ဘောင် လူ့အဖွဲ့အစည်းတွင် ဖန်တီးပေးရမည်ဖြစ်ပါသည်။ အဆင့်မြင့်ပညာရေး လေ့လာဆည်းပူးရေးအတွက် အခက်အခဲအဟန့်အတားကိုလည်း ဖယ်ရှားကျော်လွှားနိုင်အောင် စီစဉ်ပေးရမည်ဖြစ်ပါသည်။

အဝေးသင်တက္ကသိုလ်များအတွက် သင်ကြားမှုသင်ယူမှုပေါက်မြောက်အောင်မြင်စေရန် e - Education Learning Centre များကို ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် ခေတ်မီသတင်းအချက်အလက်နည်းပညာ (Information Technology) အသုံးပြုဆောင်ရွက်ပေးလျက်ရှိသည်။

အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ Self - Study ကို အလေ့အကျင့်ရှိစေရန် Electronic Media ကို အသုံးပြု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့ ပူးပေါင်းပြီး အဝေးသင်တက္ကသိုလ်များ၏ သင်ခန်းစာများကို Data Broadcasting System (DBS) စနစ်ဖြင့် မြန်မာနိုင်ငံအနှံ့ရှိ သင်ယူမှုဌာန (Learning Centre) များသို့ ထုတ်လွှင့်သင်ကြားပေးလျက်ရှိသည်။



အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ဗိုလ်တထောင်၏ ကမ္ဘည်းမော်ကွန်းဖွင့်ပွဲ

ထို့ပြင် အဝေးသင်တက္ကသိုလ်များတွင် Resource Centre များတိုးချဲ့ခြင်း၊ ယင်းတို့ကို အသုံးပြုနိုင်ရေးအတွက် ဆရာများနှင့် နည်းပညာကျွမ်းကျင်သူများ ပြုစုပျိုးထောင်ခြင်း၊ Teleconferencing and Video conferencing တို့အတွက် တိုးချဲ့ခြင်း၊ e - Education Learning Centre များနှင့် e - Education Resource Centre များတွင် MHE-NET နှင့် Internet ကွန်ရက်များတပ်ဆင်ရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

အီလက်ထရွန်နစ် ပညာရေးဖြင့် သင်ယူခြင်း။ ။ကွန်ပျူတာနှင့် ခေတ်မီ digital ဆက်သွယ်ရေး နည်းပညာများကို ပေါင်းစပ်၍ Internet သို့မဟုတ် Intranet များမှဖြစ်စေ၊ အီလက်ထရွန်နစ် အချက်အလက် ထုတ်လွှင့်မှုအစီစဉ် (Electronic Data Broadcasting System) နည်းဖြင့် ဖြစ်စေ၊ သင်ကြားမှု သင်ယူမှုကို e - Education ဟု ခေါ်ဆိုနိုင်သည်။

ကွန်ရက် (network) ချိတ်ထားသည့်နေရာတိုင်း၊ data broadcasting ဖမ်းယူနိုင်သည့်နေရာတွင် သင်ယူသူတိုင်းသည် ပညာကို လေ့လာသင်ယူနိုင်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အဆိုပါ e - Education ကို ၂၀၀၁ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့တွင် စတင် အကောင်အထည်ဖော်ခဲ့ရာ ယင်းနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့သည်။ အဆိုပါ သဝဏ်လွှာတွင် **"နေရာသတ်မှတ်ချက်၊ အချိန်ကန့်သတ်ချက်များကိုကျော်လွှားပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ သင်ယူနိုင်သော အခွင့်အလမ်းကို မျက်မှောက်ကာလတွင် အီလက်ထရွန်နစ်ပညာရေး e - Education စနစ်က အပြည့်အဝ အားပေးကြောင်း"** ဖော်ပြပါရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းတွင် မြန်မာနိုင်ငံ၌ ဖော်ပြပါ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology, ICT) ကို ကျယ်ပြန့် ထိရောက်စွာ အသုံးပြု၍ ပညာရည်မြင့်တင်ရေးနှင့် ပညာရေးအခွင့်အလမ်းများ တိုးချဲ့ဖွင့်လှစ်ပေးရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံပညာရေးကွန်ရက် တည်ထောင်ခြင်း။ ။ မြန်မာနိုင်ငံပညာရေး ကွန်ရက်တွင် ပညာရေးဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် ပြည်နယ်တိုင်း ပညာရေးမှူးရုံးများ ပါဝင်သည်။ ယခုအခါတွင် ယင်းကွန်ရက်စနစ်ကို တည်ထောင်လျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကွန်ရက် တည်ထောင်ပြီးစီးလာသောအခါ ပညာရေးဝန်ကြီးဌာနနှင့် လက်အောက်ရှိဌာနအသီးသီးသည် အထက်နှင့်အောက် အချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ သင်ခန်းစာများ ဖြန့်ချိသင်ကြားနိုင်ခြင်း၊ Internet မှ အချက်အလက်များကို စိစစ်ရယူ၍ ထပ်ဆင့် ဖြန့်ချိပေးနိုင်ခြင်း၊ သုတေသနလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့တွင် Local Area Network (LAN) များ ချိတ်ဆက်ပြီး အသုံးပြုနေပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် အဆင့်မြင့်ပညာဦးစီးဌာန ရုံးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၂၅ ခု အသီးသီးတွင် ပညာရေးဝန်ကြီးဌာန ကွန်ပျူတာကွန်ရက်စနစ် (Ministry of Education WAN Network) MOE WAN စနစ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

ရာစုသစ် အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ ထူထောင်ဖွင့်လှစ်ခြင်း။ ။ တက္ကသိုလ်ကောလိပ်ကျောင်းသားကျောင်းသူများ၊ ပညာရှင်များ၊ သုတေသီများသာမက အခြေခံပညာကျောင်းသားကျောင်းသူများနှင့် အများပြည်သူတို့ပါ ပညာအဆင့်အတန်းအလိုက် အသုံးပြုသွားနိုင်သည့် **"ရာစုသစ် အရင်းအမြစ် ဖွံ့ဖြိုးမှုဌာန"** (New Century Resource Centre) များကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ထူထောင်ပေးခဲ့ပြီး ဖြစ်သည့်အပြင် အခြားသောမြို့ကြီးများတွင်ပါ ဆက်လက်၍ ထူထောင်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ ဖွဲ့စည်းခြင်း။ ။ တက္ကသိုလ်ပညာရေးကဏ္ဍတွင် အခွင့်အလမ်းများပေးသော ပညာရေးစနစ်ကို သမားရိုးကျပညာရေးစနစ်နှင့် အပြိုင် (parallel system) ထူထောင်ဆောင်ရွက်မှုအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးစေရေးသို့ ရှေးရှုလျက် ဒေသ၏လိုအပ်ချက်နှင့်အညီ သင်တန်းများတိုးချဲ့သင်ကြားနိုင်ရန် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တွင် **"အမျိုးသား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန"** "National Centre For Human Resource Development (NCHRD)" ကိုလည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပုံမှန်သင်တန်းများအပြင် ဒေသ၏လိုအပ်ချက်အရ အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသော သင်တန်းအမျိုးမျိုးကို ပို့ချပေးနိုင်ရန် **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန"** "Centre For Human Resource Development (CHRD)" များကို ၁၉၉၈ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစပြီး ဖွဲ့စည်းဖွင့်လှစ်ပို့ချ ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖွင့်လှစ်ပြီး ဖွင့်လှစ်ဆဲ သင်တန်းပေါင်း ၈၄ မျိုးရှိနေပြီဖြစ်သည်။

ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း။ ။ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ဖော်ဆောင်ရေး ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံတော်တွင် ပါရဂူဘွဲ့များကို ပေးနိုင်ရန် တက္ကသိုလ်များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပါရဂူဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးရာ၌ ရန်ကုန်တက္ကသိုလ်တွင် ဘာသာရပ်အလိုက် ပါရဂူဘွဲ့သင်တန်း (၁၆) မျိုး၊ မန္တလေးတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း (၁၁) မျိုး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း (၃) မျိုးတို့၌ ပါရဂူဘွဲ့သင်တန်းသားပေါင်း (၅၃၀) ဦးကျော် တက်ရောက် ပညာသင်ယူ ဆည်းပူးလျက်ရှိသည်။

အလားတူပင် ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း (၁၆) မျိုး၊ မန္တလေးနည်းပညာတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း (၃) မျိုး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း (၁) မျိုး ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ထိုနည်းတူ ဆေးတက္ကသိုလ်များ၌ ပါရဂူဘွဲ့သင်တန်း (၁၄) မျိုးတွင် သင်တန်းသားပေါင်း (၁၀၈) ဦး တက်ရောက်လျက်ရှိသည်။ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ်မှစ၍ ဆေးပညာအထူးပြုဘာသာရပ်ပါရဂူဘွဲ့အတွက် သင်တန်း (၁၉) မျိုး ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ်မှစ၍ ပါရဂူဘွဲ့သင်တန်းကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိသူပေါင်း ၄၀ ဦး ပေါ်ထွန်းထွက်ရှိလာပြီဖြစ်၍ မြန်မာ့ပညာရေးသမိုင်းတွင် ဤတိုးတက်ဖြစ်ထွန်းလာမှုကို သမိုင်းမှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသနှင့် စာရေးဆရာကြီးဦးသုခတို့ကို ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် **"ဂုဏ်ထူးဆောင် ပါရဂူဘွဲ့"** များ အပ်နှင်းချီးမြှင့်ပေးခဲ့ခြင်းကိုလည်း မှတ်တမ်းတင်ထိုက်ပါသည်။

တက္ကသိုလ်နှင့်ကောလိပ်များ တိုးမြှင့်တိုးချဲ့ဖွင့်လှစ်ခြင်း။ ။ အဆင့်မြင့်ပညာကို နိုင်ငံနှင့်အဝန်း ဒေသအသီးသီးတွင် သင်ယူရရှိနိုင်ရေးသို့ ရှေးရှု၍ တက္ကသိုလ်အသစ်များတည် ဆောက်ဖွင့်လှစ်ခြင်း၊ ဒီဂရီကောလိပ်များကို တက္ကသိုလ် အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ကောလိပ်များကို ဒီဂရီ ကောလိပ်အဖြစ် တိုးမြှင့်ခြင်းနှင့် ကောလိပ်အသစ်များ တည်ဆောက်ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဝန်ကြီးဌာန သုံးခုအောက်၌၊ တက္ကသိုလ် ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာမှ၊ ၂၀၀၁ - ၂၀၀၂ ခုနှစ်တွင် ဝန်ကြီးဌာန ၁၃ ခုအောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၄၄ အထိရှိလာပြီဖြစ်သည်။ တက္ကသိုလ်များနှင့်ကောလိပ်များ ၁၁၂ အထိတိုးလာသည်ကိုလည်း တွေ့ရသည်။

အဆင့်မြင့်ပညာ သင်ယူနေသည့် ကျောင်းသားကျောင်းသူများအနေဖြင့် ကြည့်ပါက၊ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူပေါင်း **တစ်သိန်းသုံးသောင်းကျော်**သာရှိခဲ့ရာက၊ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူပေါင်း **ငါးသိန်းငါးသောင်းကျော်**အထိ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ နေရပေသည်။

ပညာရှင်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။ ။အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် သက်ဆိုင်ရာပညာရှင်များက မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များဖြင့် နိုင်ငံတော်အား အထောက်အကူပြုပံ့ပိုးနိုင်ရန် နိုင်ငံတော်ကိုအကျိုးပြုမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊ ပညာရပ်ဆိုင်ရာအခြေခံကောင်းများကို တိုးတက်ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်နေကြသည့် ပြည်သူတို့၏ ပညာဉာဏ်အမြော်အမြင်နှင့် ကျွမ်းကျင်မှုများ အစဉ်မပြတ် တိုးတက်ကောင်းမွန်လာစေရေးအတွက် စီမံဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ်တွင် "မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့"၊ "မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့"၊ "မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့" နှင့် "မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့" လေးဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အဖွဲ့လိုက်ချမှတ်ထားသော ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်အောင် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည်။

Myanmar ICT Park ထူထောင်ခြင်း။ ။၂၀၀၁ ခုနှစ်သို့ကူးဝင်စ နှစ်ဦးကာလတွင် မြန်မာ့ပညာရေးသမိုင်း၌ မော်ကွန်းတင်ထား ရမည့် e - Education စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ၂၀၀၂ ခုနှစ် နှစ်ဦးအစတွင်လည်း မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍတွင် ပထမဆုံးဖြစ်သည့် Bangan Cybertech International Data Communication and Teleport နှင့် မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ Myanmar ICT Park တို့ကို ခမ်းနားကြီးကျယ်စွာ တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ Bagan Cybertech IDC and Teleport သည် မြန်မာနိုင်ငံဒေသနေရာအနှံ့အပြားနှင့် နိုင်ငံတကာ ဂေါ်တူဆက်သွယ်ရေးစနစ်နှင့် ဆက်သွယ်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြုသော အပြန်အလှန်ဆက်သွယ်ပြောကြားနိုင်သည့် "အဝေးသင်ပညာရေးစနစ်" (Interactive Distance Learning)။ "ရုပ်မြင်သံကြားနှီးနောဖလှယ်ပွဲ" (Video Conferencing)။ ဂေါ်တူဆက်သွယ်ရေးစနစ် အသုံးပြုသည့် "ဆေးပညာဗဟုသုတဖလှယ်ရေးစနစ်" (Telemedicine)။ "အီလက်ထရွန်နစ်ဘဏ်စနစ်" (e-Banking)။ "အစိုးရဌာနအချင်းချင်း သတင်းအချက် ဖလှယ်နိုင်သည့်" e - Government။ နယ်စပ်အစွန်အဖျား ကျေးလက်ဒေသများအထိ တယ်လီဖုန်းဆက်သွယ်နိုင်သည့် (Rural Telephone) စနစ်တို့အပြင် စီးပွားရေးနှင့်လူမှုရေး ကဏ္ဍများ၌ပါ အလွန်အသုံးကျသည့် Internet နှင့် Intranet ဆက်သွယ်မှုစနစ်များကို ဆောင်ရွက်ပေးလျက် ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေး ပြုပြင်ပြောင်းလဲမှု



ရာစုသစ် အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

Myanmar ICT Park နှင့် Bagan Cybertech International Communication and Teleport တို့ ယခုကဲ့သို့ ပေါ်ထွန်းလာခြင်းသည် မြန်မာနိုင်ငံအနှံ့အပြားနှင့် နိုင်ငံတကာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအရ ဆက်သွယ်ပေးမည့် ခေတ်မီဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၊ အခြေခံကောင်းများ ဖြစ်ထွန်းလာခြင်း ဖြစ်သည့်အတွက် ယင်းအခြေခံကောင်းများက တစ်ဆင့် ယနေ့ ကျောင်းသားကျောင်းသူများအကြား၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ထွန်းကားပြန့်ပွားအောင် အဆိုပါ Myanmar ICT Park တွင် ကျောင်းသားကျောင်းသူ လူငယ်များ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာချင်းဖလှယ်နိုင်ရန် စီမံဆောင်ရွက် လျက်ပေးနိုင်တော့မည်ဖြစ်သည်။

နိဂုံး

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာ ကဏ္ဍနှစ်ရပ်စလုံးတွင် အရည်အသွေးမြင့်မားသည့် လူသားစွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး၊ မိမိတတ်ကျွမ်းသည့် ပညာဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အားချမ်းသာယာပြီး ထာဝစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြဆောင်ကြိုးပမ်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် ကျရာကဏ္ဍက စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းရွက်နိုင်စေရေးတို့သို့ ရှေးရှုဦးတည်၍ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းအားသွန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထို့သို့အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြခြင်းသည် စင်စစ်အားဖြင့် ---

> "မျက်မှောက်ခေတ်ကာလဖြစ်သော ပညာခေတ် (Knowledge Age) ၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် **အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း** (Learning Society) ကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်

ဟူသော အနှစ်သုံးဆယ် နှစ်ရှည်ပညာရေးစီမံကိန်း "**မြန်မာ့ပညာရေးမျှော်မှန်းချက်**" ကို အဆိုပါ နှစ်ရှည်စီမံကိန်း အစနှစ်မှစတင်ကာ "**အမျိုးသားဟန်**"၊ "**အမျိုးသားမာန်**" တို့ဖြင့် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသတည်း။

ဦးသန်းဦး


Meizan
Meizan
Vegetable Oil
MEIZAN
MEIZAN
SHORTENING
DAIRY SALT
Meizan
Meizan
Meizan

မြန်မာဆိုစာသုံးမှုဝေလေ

မြန်မာ့စာသုံးမှုဝေလေ

ပုံတောင်ကျိုးယတ် (စ်) အဆင့်မြင့် လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိချက်အရ မြန်မာပြည်၌ ကျောက်ကြမ်းခေတ်၊ ကျောက်ချောခေတ်များကပင် သန္ဓေလူသားမျိုးနွယ်စုများရှိပြီး ဖြစ်ခဲ့ပါသည်။ မူရင်းနွယ်ဖွားများသည် ဟိုတစ်စု သည်တစ်စု အုပ်စုငယ်များအဖြစ် နေထိုင်ခဲ့ပြီး တရုတ်ပြည် အနောက်ဘက်ကုန်းမြေမြင့်မှ လူမျိုးစုများ ပြောင်းရွှေ့ရောက်ရှိလာမှ လူဦးရေလျင်မြန် စွာ တိုးတက်လာခဲ့ပါသည်။

ထိုသို့ လူဦးရေများပြားလာသည့် မြန်မာပြည် အထက်ပိုင်းသို့ အိန္ဒိယပြည် မဂ္ဂဓေသမှ မင်းအဘိရာဇာ ရောက်ရှိလာပြီး တကောင်းပြည်တည်ထောင်သော အချိန်မှစ၍ အိန္ဒိယပြည်မှ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဘာသာအယူကိုးကွယ်မှုများကို အမွေဆက်ခံရရှိခဲ့ပါသည်။



စားသုံးဆီအတွက် အားထားရသော ဆီအုန်းပင်

ဗုဒ္ဓဘုရားမပွင့်မီနှင့် ပွင့်ပြီးကာလများမှ ဆီစားသုံးမှုဓလေ့

မြန်မာအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးမှုဓလေ့များကို ဂေါတမမြတ်စွာဘုရားပွင့်တော်မူရာအရပ်မှ ရရှိပြီးထွန်းကားခဲ့ပါ

သည်။ ဘုရားမပွင့်မီ အိန္ဒိယနိုင်ငံမှ အရိယန်လူမျိုးများသည် ယာဂုခေါ် ဆန်ပြုတ်ကို အဓိကစားသောက်ခဲ့သည်။ ဆီစားပုံကို အထောက်အထားမတွေ့ရပေ။ ဘောဇဉ်ခေါ် ဘောဇနစားဖွယ်များကို စားကြသည်။ ဘောဇဉ်ငါးပါးဆိုသည်မှာ – ထမင်း၊ မုန့်မှုန့်၊ မုယောမှုန့် ၊ ငါးနှင့်အသား စသည်တို့ဖြစ်ကြသည်။

ထို့ပြင် တင်လဲ၊ဟူးရည်၊ မလိုင်၊ ထောပတ်တို့ဖြင့် ပြုလုပ်သော ခဲထားသည့်စားဖွယ်များကိုစားကြသည်။ ယင်းကို ခဲဖွယ်ဟုခေါ်သည်။ ထိုခေတ်က ထောပတ်တည်းဟူသော အဆီကို စားသုံးသည့်ဓလေ့ရှိကြောင်း တွေ့ရသော်လည်း ယခုခေတ် မြန်မာတို့ကြိုက်သည့် ဆီနှင့်ချက်သည့် ဆီပြန်ဟင်းမျိုး စားသုံးသည်ကို အထောက်အထားမတွေ့ရပေ။ ဘုရားအလောင်း ဒုက္ကရစရိယာကျင့်စဉ် ပဲနောက်ရည်တစ်လက်ဖက်၊ ပဲပိစပ်ရည်တစ်လက်ဖက်၊ ကုလားပဲရည်တစ်လက်ဖက်မျှကို အသီးသီးဆွမ်းဘုဉ်းပေးခဲ့ကြောင်း၊ ဒုက္ကရစရိယာမကျင့်တော့ဘဲ ဆွမ်းခံကြွသောအခါ သုဇာတာက ယနာနို့ဆွမ်းလှူကြောင်း စသည်ဖြင့် တွေ့ရှိရပါသည်။

ဗုဒ္ဓဘုရားပွင့်တော်မူပြီး လင်းလွန်းပင်အောက်၌ သီတင်းသုံးတော်မူစဉ်၊ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်က ပူဇော်ဆက်ကပ်သော ဆွမ်းများမှာ ပျားဆုပ်မုန့်နှင့် ကြွက်ကျစ်မုန့်တို့ဖြစ်ကြောင်း သိရှိပါသည်။

ဘုရားလက်ထက်တော်၌ ဘုရားနှင့်သံဃာတော်များအား ဆွမ်းကပ်သောဘုရင်များ၊ သူကြွယ်များ၊ ကုန်သည်များနှင့် လယ်တောသူများ စသော အဆင့်အတန်း အသီးအသီးမှ လူများ ကပ်လှူပုံကို လေ့လာသောအခါ မုယောဆွမ်း၊ စွပ်ပြုတ်၊ ပေါက်ပေါက်၊ ထမင်းစသည့်များသာဖြစ်ကြောင်း တွေ့ရ ပါသည်။ ဆီနှင့်ချက်သောဟင်းအကြောင်း မတွေ့ခဲ့ရပေ။

တကောင်းခေတ်မှ ကုန်းဘောင်ခေတ်အထိ စားသုံးမှုဓလေ့

တကောင်းမင်းဆက်မှ မဟာသမ္မတ၊ စူဠသမ္မတညီနောင်ကို ဖောင်တော်နှင့်မျှောလိုက်ရာ မယ်တော်ထည့်ပေးလိုက်သည့် စားမြိန်ထုပ်ကို ဘီလူးမက မပြတ်ခိုးစားသည်ဟုလာရှိသဖြင့် အထုပ်နှင့်ထည့်သော စားမြိန်ထုပ်တွင် ဆီမပါကြောင်း သေချာ၏။ အလားတူထိုခေတ်က စားဖွယ်များတွင် ဆီပြန်ဟင်းစားသောက်ပုံ အထောက်အထား မတွေ့နိုင်ပေ။

ပျူခေတ်တွင် စိုက်ပျိုးထုတ်လုပ်ကူးသန်းရောင်းဝယ်သည့် ထွက်ကုန်သီးနှံများကို လေ့လာသောအခါ ဆီထွက်သီးနှံမပါကြောင်း တွေ့ရှိရပါသည်။

ပုဂံခေတ်တွင် စိုက်ပျိုးသောသီးနှံများအနက် နှမ်းစိုက်ကြောင်းတွေ့ရပါသည်။ စားသောက်ကုန်မျိုးစုံ ထုတ်လုပ်ရောင်းချရေးအပိုင်းတွင် နှမ်းကို ဆီဆုံကြိတ်၍ ရောင်းချသူရှိကြောင်း တွေ့ရပါသည်။ သို့သော် နှမ်းဆီကို ဟင်းချက်စားသုံးသည်ထက် ဆေးဖော်ခြင်း၊ လိမ်းကျံခြင်း၊ ဆီမီးပူဇော်ခြင်း၌ သုံးလေ့ရှိကြောင်းတွေ့ရပါသည်။

နရသီဟပတေ့ တရုတ်ပြေးမင်းသည် ဟင်းခွက် ၃၀၀ ပြည့်မှ စားတော်ခေါ်ပုံကို လေ့လာသောအခါ အချို၊ အချဉ်၊ အခါး၊ အစပ်၊ အဆိမ့်၊ အဖန်စုံလှဟန်များ ဖော်ပြသော်လည်း အဆီအအိမ့်အကြောင်း မတွေ့ရှိရချေ။

အင်းဝခေတ်မှ ကုန်းဘောင်ခေတ်အထိ စာဆိုတော်များ၏ ပျို့၊ ရကန်၊ မော်ကွန်း၊ အဲချင်း၊ အိုင်ချင်းနှင့် တျာချင်းစသော စာကဗျာများမှ စားသုံးမှုဓလေ့ဆိုင်ရာ အထောက်အထားများစွာကို တွေ့ရှိရပါသည်။

တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၏ ဘလ္လာတိယပျို့တွင် နန်းတွင်းပွဲတော်ချက်ပုံကို စပ်ဆိုရာ “ အဂါငါးမည်၊ စားတော်သည်လျှင်၊ ဆီကြည်ထောပတ်၊ ဖျန်းဆွတ်ကောင်းဟုတ်... ” ဟု ဆီစားသုံးမှုဓလေ့နှင့် ပတ်သက်သောဓလေ့တစ်ချက်ကို တွေ့ရပါသည်။ ထိုခေတ်က ဟင်းချက်ရာ၌ ဆီကြည်ထောပတ်စသည်တို့ကို ဖျန်းဆွတ်ရုံလောက်သာထည့်မှ ကောင်းကြောင်း ဟုတ်ကြောင်း ပြဆိုနေပါသည်။

ဝက်မစွတ်မြို့စား ဒုတိယနဝဒေးကြီးက “အပေါင်းအကျစ်၊ ကင်ပျစ်လှော်ဖုတ်၊ ချက်ပြုတ်ထွေပြား...” ဟူ၍ စပ်ဆိုရာ ဆီကြော်ဟင်း၊ ဆီပြန်ဟင်းအကြောင်း မပါပေ။

ဝန်ကြီးပဒေသရာဇာက လယ်သမားတျာချင်းတွင် “ချိုလည်းချိုလွန်း၊ ရည်ရွှမ်းများစွာ၊ ကြဲဟင်းကြွက်နားဖောင်း၊ သောင်းပြောင်းရောရှိသာ... ” စသည်ဖြင့် ဆီမပါသော ဟင်းရွက်စုံ ဟင်းပွဲအကြောင်း သီကုံးဖွဲ့ဆိုခဲ့ပါသည်။ ထန်းတက်သမား တျာချင်းတွင် “ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး အိုးခင်းနှင့်လှော် ရေနှင့်ကြော် မိုးမျှော်ငရုတ်သီးငယ်နှင့်လေး” ဟု စပ်ဆိုထားပါသည်။ ထိုစဉ်က ဟင်းရွက်သားငါးကို ယခုခေတ်လို ဆီနှင့်မကြော်ဘဲ ရေနှင့်ကြော်ကြောင်း ပေါ်လွင်စေပါသည်။

စာဆိုဦးဆောင်း၏ ကျေးရွာသူတို့ ဟင်းကိုစပ်ပုံမှာ “ငါးလူးငယ်မျှင်မျှင်၊ ကြေးမသင် ရေလုံပြုတ်ပါလို့၊ အင်ကုတ်ကယ်ကျယ်ကျယ်နှင့်...” ဟူ၍ ဆီမပါဘဲ ရေလုံပြုတ်စားလေ့ရှိပုံကို တွေ့မြင်နိုင်ပါသည်။

စာဆို‌ဦး‌ကြီး‌၏ ကဗျာ‌တွင် "ဟင်း‌ချဉ်‌ပေါင်‌ဘက်၊ ပြုတ် ဘူး‌ရွက်‌နှင့်၊ ပိ‌ချက်‌ရေ‌ရံ‌ပြီး‌လျှင်၊ ဆန်‌ထ‌မင်း‌ရဲ‌ကျော်‌ကို၊ ဝန်‌ကတော်‌ပုံ‌လောက်‌ပြေး‌အောင်၊ ကျွေး‌ပါ့‌မယ်‌လေ း" ဟု စပ်‌ဆို‌ထား‌ပါ‌သည်။ အ‌ပြုတ်၊ အ‌ရည်‌များ‌အ‌ကြောင်း‌သာ ပါ‌ရှိ‌ပြီး ဆီ‌ရှဲ‌ရှဲ‌နှင့်‌ချက်‌ထား‌သည့် ဟင်း‌မ‌ဟုတ်‌ကြောင်း‌တွေ့‌ရှိ‌ပါ‌သည်။

အ‌ထက်‌ဖော်‌ပြ‌ပါ စာ‌ပေ‌ကျမ်း‌ဂန်‌အ‌ထောက်‌အ‌ထား‌များ‌အ‌ရ ပုဂံ‌ခေတ်‌မှ ကုန်း‌ဘောင်‌ခေတ်‌အ‌ထိ မြန်‌မာ‌တို့‌ကိုယ့်‌ထီး‌ကိုယ့်‌နန်း‌နှင့် စံ‌နေ‌တော်‌မူ‌သော ခေတ်‌အ‌ဆက်‌ဆက်‌တွင် နန်း‌တွင်း‌စား‌သောက်‌ပုံ၊ သူ‌ကြွယ်‌များ စား‌သောက်‌ပုံ၊ ကျေး‌ရွာ‌သား‌များ စား‌သောက်‌ပုံ‌တို့‌တွင် ဆီ‌ရှဲ‌ရှဲ ဆီ‌များ‌များ‌နှင့် ချက်‌သော‌ဟင်း‌ဟူ၍ အ‌လွန်‌ရှား‌ကြောင်း ပေါ်‌လွင်‌ပါ‌သည်။

စာ‌ပေ‌သည် ခေတ်‌ကြေး‌မုံ‌ပင် ဖြစ်‌သည်။ ရှေး‌ခေတ် မြန်‌မာ‌တို့‌၏ စား‌သုံး‌မှု‌ဝ‌လေ့‌တွင် ဆီ‌ကြိုက်‌သော စား‌သောက်‌ပုံ‌ရှိ‌ခဲ့‌ပါ‌က စာ‌ပေ‌ပ‌ညာ‌ရှင်‌များ‌လည်း ဆီ‌နှင့်‌ချက်‌သော‌စား‌ပွဲ‌များ‌အ‌ကြောင်း မ‌လွဲ‌မ‌သွေ‌ကဗျာ‌ဖွဲ့‌စာ‌ချဲ့‌၍ အ‌မွှမ်း‌တင်‌ကြ‌မည် သာ‌ဖြစ်‌ပါ‌သည်။ ယ‌ခု‌မူ ရှေး‌ခေတ်‌က ဆီ‌စား‌သုံး‌မှု‌ဝ‌လေ့ အ‌လွန်‌နည်း‌သော‌ကြောင့် အ‌လွန်‌ဦ‌ကာ‌ချဲ့‌ချင်‌သည့် စာ‌ဆို‌များ‌ပင် ချဲ့‌ရန်‌ဖွဲ့‌ရန် မ‌ရှိ‌ဘဲ‌ဖြစ်‌ခဲ့‌ရ‌လေ‌သည်။

ယ‌ခု‌ခေတ်‌ဆီ‌စား‌သုံး‌မှု‌ဝ‌လေ့ မြင့်‌မား‌လာ‌ရ‌ခြင်း‌အ‌ကြောင်း

ရှေး‌ခေတ်‌က မြန်‌မာ‌တို့ ဆီ‌စား‌သုံး‌မှု‌ဝ‌လေ့ အ‌လွန်‌နည်း‌ကြောင်း တင်‌ပြ‌ပြီး‌ဖြစ်‌ပါ‌သည်။ ဤ‌သို့‌ဆို‌လျှင် ယ‌ခု‌မျက်‌မှောက်‌ခေတ် မြန်‌မာ‌များ အ‌ဘယ့်‌ကြောင့် ဆီ‌ကို‌ကြိုက်‌နှစ်‌သက်‌နေ‌ကြ‌သည်‌ကို အ‌ဖြေ‌ရှာ‌ရန် လို‌အ‌ပ်‌လာ‌ပါ‌သည်။

ဗြိတိသျှ‌နယ်‌ချဲ့‌တို့‌ထံ‌မှ အ‌တူ‌မြင်‌အ‌တတ်‌သင်‌ခြင်း‌လော

၁၈၂၄ ခု‌နှစ်‌နှင့် ၁၈၅၂ ခု‌နှစ်‌များ‌တွင် အင်္ဂလိပ် မြန်‌မာ‌ပ‌ထ‌မ‌နှင့် ဒု‌တိ‌ယ‌စစ်‌ပွဲ‌များ ဖြစ်‌ပွား‌ခဲ့‌သည့်‌နောက် အောက်‌မြန်‌မာ‌ပြည် အင်္ဂလိပ်‌လက်‌အောက်‌ကျ‌ရောက်‌ခဲ့‌သည်။ ၁၈၈၅ ခု‌နှစ်‌တွင် တစ်‌ပြည်‌လုံး နယ်‌ချဲ့‌လက်‌အောက်‌ကျ‌ရောက်‌ခဲ့‌သည်။ အ‌စ‌မှ‌တွက်‌သော် အင်္ဂလိပ်‌လက်‌အောက်‌ကျ‌ရောက်‌ခဲ့‌သည့် နှစ်‌ပေါင်း ၁၂၀ ကျော်‌ကြာ‌ခဲ့‌သည်။ ထို့‌ကြောင့် အင်္ဂလိပ်‌တို့‌၏ စား‌သုံး‌မှု‌ဝ‌လေ့ လွှမ်း‌မို‌း‌ခြင်း‌ခံ‌ရ‌သ‌လော‌ဟု လေ့‌လာ‌သော‌အ‌ခါ အင်္ဂလိပ်‌ကြိုက်‌သော (Cheese) ခေါ် အ‌ဆီ‌ခဲ‌နှင့် (Butter) ခေါ် ထော‌ပ‌တ်‌ကို မြန်‌မာ့‌စား‌သုံး‌မှု‌ဝ‌လေ့‌၌ တွင်‌တွင်‌ကျယ်‌ကျယ်‌ပေါ်‌လာ‌သည်‌ကို မ‌တွေ့‌ရ‌သည်‌မှာ ထင်‌ရှား‌ပါ‌သည်။



ဆီ‌အုန်း‌ပင်‌မှ‌စား‌အုန်း‌ဆီ‌အ‌တွက် အ‌သီး‌များ‌ဖြစ်‌ထွန်း‌နေ‌ပုံ

အိန္ဒိ‌ယ‌လူ‌မျိုး‌များ‌ထံ‌မှ ဆီ‌များ‌များ‌စား‌သောက်‌သော ဝ‌လေ့‌ရ‌ရှိ‌ခြင်း

ဗြိတိသျှ‌တို့‌သည် သီ‌ပေါ‌မင်း‌ကို နန်း‌ချ‌ပြီး‌နောက် မြန်‌မာ‌ပြည်‌ကို သိမ်း‌ပိုက်‌ရ‌သည့် ထို‌စ‌စ်‌ပွဲ‌သည် ငွေ‌ကုန်‌အ‌နည်း‌ဆုံး နယ်‌ချဲ့‌စစ်‌ပွဲ‌ဟု ဝင့်‌ကြွား‌ခဲ့‌သည်။ ငွေ‌ကြေး‌အား‌ဖြင့် ပေါင်‌စ‌တာ‌လင် သုံး‌သိန်း‌ခွဲ‌သာ‌ကုန်‌ခဲ့‌သည်‌ဆို၏။ သို့‌သော် မ‌ကြာ‌မီ မြန်‌မာ‌မျိုး‌ချ‌စ်‌တိုင်း‌ရင်း‌သား‌တို့ တစ်‌ပြည်‌လုံး‌အ‌နှံ့‌ထောင်‌ထား‌ပုန်‌ကန်‌ကြ‌သော‌အ‌ခါ လူ‌အား‌ငွေ‌အား‌မ‌နိုင်‌တော့‌၍ အိန္ဒိ‌ယ‌ပြည်‌မှ ငွေ‌ရော‌လူ‌ပါ ခေါ် သုံး‌ရ‌လေ‌၏။

မြန်‌မာ‌မျိုး‌ချ‌စ်‌သူ‌ရဲ‌ကောင်း‌များ‌က အ‌နယ်‌နယ်‌မှ တိုက်‌ခိုက်‌လာ‌သော‌အ‌ခါ နိမ်‌နင်း‌ရေး‌လွယ်‌ကူ‌ရန် အင်္ဂလိပ် စစ်‌သည်‌များ စစ်‌မြန်‌မြန်‌ချီ‌တက်‌နိုင်‌ရေး‌အ‌တွက် ကား‌လမ်း‌များ ဖောက်‌လုပ်‌ရ၏။ လမ်း‌ဖောက်‌လုပ်‌သား‌အ‌ဖြစ် အိန္ဒိ‌ယ‌မှ ခေါ် ‌ရ‌ပြန်‌သည်။ မြို့‌ရွာ‌အုပ်‌ချုပ်‌ရေး‌တွင် မြန်‌မာ‌ပုလိပ်‌များ‌



မြန်မာတို့၏ ဆီစားသုံးမှုမြင်ကွင်း (ထက် – အောက်)

ကို မယုံရသောအခါ အိန္ဒိယမှပုလိပ်များကိုခေါ်၍ တာဝန် ပြန်သည်။ ဤနည်းဖြင့် မြန်မာပြည်သို့ အိန္ဒိယပြည်မှ ပေးရပြန်သည်။ စပါးနှင့်ဆန်များ အလွန်ရောင်းရ၍ပြည်ပ ကုလားလူမျိုးအမြောက်အမြား ရောက်လာကြတော့သည်။ တင်ပို့ရေးရော ပြည်တွင်းသယ်ယူရေးအတွက်ပါ ရောဝတီ ထိုသို့ အင်္ဂလိပ်ခေတ်တွင် မြန်မာပြည်သို့ ရောက်လာ သဘော်စင်းရေတိုးချဲ့ခြင်း၊ ရထားလမ်းသစ်ဖောက်လုပ်ခြင်း သည့် အိန္ဒိယလူမျိုးများသည် မဇ္ဈိမဒေသမှ လာသော ဗုဒ္ဓ များကြောင့် အိန္ဒိယမှဝန်ထမ်းများကိုခေါ်၍ တာဝန်ပေးရ နွယ်ဝင်လူမျိုးများမဟုတ်မူဘဲ တောင်ပိုင်း၊ အနောက်ပိုင်းမှ



ကျူလယာ (သို့.မဟုတ်) တမီလ် မွတ်ဆလင်များ၊ ကာကာ (သို့.မဟုတ်) မာလာဘာမွတ် ဆလင်များ၊ ဆူရတီ:နှင့် မီမွန် ခေါ် ဘုံဘေမွတ်ဆလင်များ၊ ဂူဂျာရတီ ခေါ် ဘုံဘေဟိန္ဒူ များ စသူတို့.ဖြစ်ကြ၍ ဆီစား:သုံး:မှဝလေ့မြင့်မား:သူများ ဖြစ်ကြသည်။ ယနေ့ မြန်မာတို့ ဆီစိမ်၍စား:သော သရက်သီး:ဆီစိမ်ကို သရက်သီး:ကုလား:တည်ဟု ခေါ်ပုံ၊ ငါး:ပိကို ဆီရွဲရွဲနှင့်ကြော်သော် 'ဘာလချောင်' ဟုခေါ်ပုံ၊ ဒဲပေါက်များ:တွင် ဆီအလွန်များ:ပုံ ကပင် အိန္ဒိယမှဆီစား:များ သောဝလေ့ ရောက်လာပုံကို သက်သေပြလျက်ရှိသည်။

ထိုကြောင့် အင်္ဂလိပ်ခေတ်က အလွန်များ:ပြား:စွာ ရောက်လာသော အိန္ဒိယလူမျိုး:များ:နှင့် မြန်မာတို့နှစ်ပေါင်း ၇၀ ကျော် အတူပူး:တွဲနေထိုင်စေခဲ့ပြီး: ဆီအလွန်ကြိုက်သော ဝလေ့ကို ရရှိခဲ့ခြင်း:ဖြစ်သည်။

တရုတ်လူမျိုး:တို့.ထံမှ ဆီစား:များ:သော ဝလေ့.ကိုရရှိခြင်း:

ဗြိတိသျှတို့.အောက်မြန်မာပြည်ကို သိမ်း:ပိုက်ပြီး:သော အခါ လူအများ:လာချင်အောင် တနင်္သာရီတိုင်း:တွင် လူခွန် တော်မကောက်ဘဲ ဝင်ထွက်နေထိုင်ခွင့်ပြုခဲ့သည်။ စီး:ပွား:ရေး လုပ်ကိုင်ရန် အခွင့်အလမ်း:များ:လည်း: ကောင်း:လာသည်။ ထို့.ကြောင့် တရုတ်ပြည်တောင်ပိုင်း: ပြည်နယ်များ:မှ တရုတ် လူမျိုး:များ: အများ:အပြား: မြန်မာပြည်သို့ လျင်မြန်စွာလိုမ့်ဝင် လာခဲ့ရာ မြို့.ရောတောပါ ပျံ့.နှံ့.လာလေသည်။

တရုတ်များ:သည် အိန္ဒိယလူမျိုး:များ:ကဲ့သို့ ပြောင်း:ရွေ့ လာသူများ:အဆင့်သာမက အခြေစိုက်လာရောက်နေထိုင်သူ များ: ဖြစ်လာကြသည်။ အိန္ဒိယမှ ကုလား:များ:ကဲ့သို့ မဟုတ်ဘဲ မြန်မာများ:နှင့်ရောနှောနေထိုင်ရာမှ ရေနှင့်ငါး:လို တစ်သား:တည်း: ဖြစ်လာခဲ့သည်။ ဝက်သား:အလွန်ကြိုက်သော တရုတ်များ:က ဝက်ဆီရွဲရွဲနှင့် ခေါက်ဆွဲကြော်များ:ကို မြန်မာများ:အား: ကျွေး:ကြသည်။ ဆီပြန်ဟင်း:များ:ချက်၍ ရောင်း:သော တရုတ်ထမင်း:ဆိုင်များ:တွင် စား:သုံး:သူကြိတ်ကြိတ်တိုး: ခဲ့သည်။

ထို့.ပြင် စီး:ပွား:ရေး:အကွက်မြင်သော တရုတ်လူမျိုး:များ: က မြန်မာပြည်တွင် မြေပဲကိုစတင်စိုက်ပျိုး:၍ ဆီကြိတ် ရောင်း:ချရာမှ ပြည်တွင်း:သာမက ပြည်ပအိန္ဒိယနိုင်ငံအထိ ပါ မြေပဲဆီများ: တင်ပို့.ရောင်း:ချကြသည်။

ဤသို့.အား:ဖြင့် မြန်မာပြည်တွင် ဆီထွက်သီး:နှံပိုစိုက်၊ ဆီတွေပိုထုတ်ပြီး: ဆီကိုလည်း: ပိုစား: ပိုကြိုက်လာခြင်း:ဖြစ် လေသည်။

စား:သောဆီ

လူတို့.သည် ဆီကိုစား:လည်:စား:သည်၊ သုံး:လည်း: သုံး: သည်။ အစား:အသုံး:နှစ်မျိုး:လုံး: ရေး:ချဲ့.တင်ပြပါက ဆုံး:အဲ့ မထင်သောကြောင့် စား:သောဆီအကြောင်း:ကိုသာ အဓိက တင်ပြပါမည်။

လူတို့.စား:သော ဆီကို (၂) မျိုး:ခွဲထား:ပါသည်။

(၁) အဆီ (Fats)

(၂) ဆီ (Oils)

အဆီနှင့် ဆီအမျိုး:ပေါင်း:များ:စွာရှိသည့်အနက် ထုတ် လုပ်စား:သုံး:မှုတွင် အထင်ရှား:ဆုံး:ဖြစ်သည့် အဆီနှင့်ဆီတို့. အကြောင်း:ကိုသာ တင်ပြပါမည်။

၁။ အဆီအမျိုး:အစား: (Fats)

(က) နို့.မှထွက်သောအဆီ	(Milk Fats)	- ထောပတ်	(Butter)
(ခ) အသား:ဆီ	(Animal Fats)	- ဝက်ဆီ	(Lard)
(ဂ) ငါး:ဆီ	(Marine Fats)	- ငါး:ကြီး:ဆီ	(Fish liver oil)
(ဃ) ဟင်း:သီး:ဟင်း:ရွက်ဆီ	(Vegetable Fats)	- မာဂျရင်:	(Magarine)

၂။ ဆီအမျိုး:အစား: (Oils)

(က) အိုလစ် – လီနို့.လစ် အက်ဆစ်အုပ်စု (Olice Linolice Oil)

- မြေပဲဆီ (Groundnut Oil)
- နှမ်း:ဆီ (Sessamum Oil)
- စား:အုန်း:ဆီ (Palm Olein Oil)
- ဖွဲနုဆီ (Rice Bran Oil)
- နေကြာဆီ (Sunflower seed Oil)
- ဝါစေ့ဆီ (Cotton seed Oil)
- ပြောင်း:ဖူး:စေ့ဆီ (Corn Oil)

(ခ) လီနိုလီနစ်အက်ဆစ်အုပ်စု (Lion Lenic Acid Oil)

- ဆိုရာပဲဆီ (Soya Bean Oil)

ဆီအုပ်စုနှစ်မျိုး:ခွဲထား:ခြင်း:

စား:သုံး:ဆီများ:ကို တိရစ္ဆာန်မှ ထွက်သောဆီ (Animal Fats) နှင့် ဟင်း:သီး:ဟင်း:ရွက်မှ ထွက်သောဆီ (Vegetable Fats) ဟူ၍ အာဟာရရှုထောင့်မှကြည့်ပြီး: နှစ်မျိုး:ခွဲကြ ပြန်သည်။

၁။ တိရစ္ဆာန်ဆီ (Animal Fats)

(က) တိရစ္ဆာန်ဆီ (Animal Fats)

(၁)ဝက်ဆီ (Lard)

(၂)ထောပတ် (Butter)

၂။ ဟင်း:သီး:ဟင်း:ရွက်ဆီ (Vegetable Fats)

(က) အစေ့ဆီ (Seed Oil)

(၁) မြေပဲဆီ

(၂) နှမ်း:ဆီ

(၃) ပြောင်း:ဖူး:စေ့ဆီ

(၄) ပဲပုပ်ဆီ

(၅) နေကြာဆီ



ရှားမြန်မာ့ထမင်းဝိုင်းနှင့်ဆီစားသုံးမှု

(၆) မုန်ညင်းဆီ
(၇) အုန်းဆီ
(၈) စားအုန်းအဆန်ဆီ
(ခ) အသီးဆီ (Fruit Oil)
(၁) စားအုန်းဆီ
(၂) သံလွင်ဆီ

ဆီစားသုံးခြင်း

အာဟာရဓာတ်

လူတို့သည် အာဟာရဓာတ် (၇) မျိုးကို နေ့စဉ်အချိုးကျမျှတအောင် စားသုံးနေကြရသည်။ ယင်းတို့မှာ ကာဘိုဟိုက်ဒရိတ်ကစီဓာတ်၊ ပရိတင်းအသားဓာတ်၊ ဖက်စ်အဆီဓာတ်၊ ဗီတာမင်သက်စောင့်ဓာတ်၊ မီနရယ်သတ္တုဓာတ်၊ ရေဓာတ်၊ ဖိုင်ဘာအမျှင်ကြမ်းဓာတ်တို့ ဖြစ်ကြသည်။

ဖက်စ်အဆီဓာတ်

အဆီဓာတ်ကို လူတို့စားသုံးကြခြင်းမှာ အောက်ပါအကြောင်းများကြောင့်ဖြစ်သည် –


(၁)လူတို့လှုပ်ရှားမှုအတွက် အင်အားဖြစ်ထွန်းစေရန်၊
(၁ ဂရမ်လျှင် ၉.၄ ကယ်လိုရီအား၊ရှိ)
(၂)ကစီဓာတ်မှ ထုတ်ပေးသော စွမ်းအားနှင့်မလုံလောက်ပါက ကူညီအားဖြည့်သော နောက်ခံသိုလှောင်ထားသည့် အရန်အင်အားတာဝန်ထမ်းရန်၊
(၃)အသားအရေ ချောမွေ့စေရန်၊
(၄)ကိုယ်ခန္ဓာအပူထိန်းရန်၊
(၅)အစာချက်ရာတွင် အဆီ၌ ပျော်ဝင်သောဗီတာမင်ဓာတ်များ ချေဖျက်မှု၌သုံးရန်၊
(၆)ဝမ်းတွင်းကလီစာများအတွက် အတွယ်အခိုအဖြစ် အကာအကွယ်ပေးရန်၊
(၇)လူနှင့်မတည့်သော မလိုလားအပ်သည့် အဆီများကို ပျော်၍ ပြန်ထုတ်ပစ်ရန်၊

အထက်ပါ အကြောင်းများကြောင့် လူတို့သည် အဆီဓာတ်ကို အာဟာရဓာတ်အဖြစ် စားသုံးရခြင်းဖြစ်ပါသည်။

တန်ဆေးလွန်ဘေး

လူ့ခန္ဓာကိုယ်အတွက် အကျိုးပြုသော ဆီကိုစားကြသည်တော့မှန်ပါ၏။ သို့သော်မှန်အောင် စားတတ်ရန်လည်းလိုပါသေးသည်။ ဆီသည် ဆေးဝါးနှင့်တူပါသည်။ တန်ရုံသင့်ရုံလိုသလောက်သာစား မှ ဆေးအဖြစ်အကျိုးပြုပါသည်။ လွန်အောင်စားလျှင် ဘေးဖြစ်စေပါသည်။

ဆီများများစားလျှင် ကျန်းမာရေးထိခိုက်၍ အသက်ဘေးအန္တရာယ် ဖြစ်စေပါသည်။ ထို့ပြင်ဆီတို့တွင် လူနှင့်တည့်သော ဆီသာမက မတည့်သော ဆီများလည်းရှိပါသည်။ ထို့ကြောင့် လူ့ခန္ဓာကိုယ်နှင့် ဆီအကြောင်း ကောင်းကောင်းသိထားရန် အရေးကြီးပါသည်။



ခေတ်သစ်မြန်မာ့ထမင်း‌ဝိုင်း‌နှင့်ဆီစား‌သုံး‌မှု

လူ့ခန္ဓာကိုယ်နှင့်ဆီ

လူခန္ဓာကိုယ်ထဲသို့ ရောက်လာသော ဆီများ‌အနက် ပြည့်ဝသော ဖက်တီး‌အက်စစ် (Saturated Fatty Acid) သည် လူနှင့်မတည့်သော ဆီမာတ်ဖြစ်ပါသည်။ မပြည့်ဝသော ဖက်တီး‌အက်စစ် (Unsaturated Fatty Acid) သည် လူနှင့်တည့်သော ဆီမာတ်ဖြစ်ပါသည်။

ပြည့်ဝသောဖက်တီး‌အက်စစ်

လူနှင့်တိရစ္ဆာန်များ‌၏ ခန္ဓာကိုယ်ထဲသို့ရောက်ပြီး‌နောက် အဆီစုရပ် (Fat depots) များ‌တွင် ခိုကပ်နေသော ဖက်တီး‌အက်စစ်မာတ်များ‌ကို လုံး‌ဝပြည့်ဝသော အဆီမာတ် (Fully saturated Fatty Acid) ဟု ခေါ်သည်။ ယင်း‌အဆီမာတ်တွင် လစ်ပိုဒ် (Lipide) များ‌ ဖြစ်ထွန်း‌နေသည်။ ထိုလစ်ပိုဒ်များ‌သည် လက်စီသင် (Lecithins) နှင့် ကိုလက်စထရော (Cholesterol) များ‌ စုပေါင်း‌၍ ခန္ဓာကိုယ်၏ အဆောက်အအုံတွင် ပါဝင်ပုံဖော်ထား‌ကြသည်။ လူတို့ဗိုက်ရွဲရွဲ၊ ပါး‌ဖောင်း‌ဖောင်း၊ ကုပ်သား‌ထူထူ၊ မေး‌စေ့အစ်အစ်၊ တုတ်တုတ်ဝဝ ဖြစ်နေခြင်း‌မှာ ပြည့်ဝသော အဆီမာတ်ဖြစ်သည့် တိရစ္ဆာန်အဆီ (Animal Fats) များ‌ စုစည်း‌နေသောကြောင့် ဖြစ်ပါသည်။

ထိုပြည့်ဝသော ဖက်တီး‌အက်စစ်အနက် လူသိများ‌သော ကိုလက်စထရောပါဝင်မှုနှုန်း‌အပေါ်မူတည်၍ Coronary Heart Diseases (CHD) ခေါ် နှလုံး‌သွေး‌ကြောပိတ်ရောဂါနှင့် အခြား‌အသက်အန္တရာယ်ရှိသည့် ရောဂါများ‌ ဖြစ်ပွား‌မှုများ‌ကြလေသည်။ ယခုတိုး‌တက်လာသော ခေတ်တွင် မူ ကိုလက်စထရောကိုပင် နှစ်မျိုး‌ထပ်ခွဲကြလေ၏။

သိပ်သည်း‌ဆနည်း‌သော လိုက်ပိုပရိုတင်း‌ ကိုလက်စထရော (Low density Lipoprotine Cholesterol, LDL-C) ကို အဆိုး‌ကိုလက်စထရောဟု ခေါ်သည်။ အဆိုပါ ကိုလက်စထရော လူ့သွေး‌ထဲ၌ လိုသည်ထက်ပိုမိုပါဝင်ပါက သွေး‌တိုး‌ရောဂါ (Hypertension)၊ ရင်အောင့်ရောဂါ (Angina pectoris)၊ သွေး‌ကြောမာကျဉ်း‌ရောဂါ (Artherosclesis)၊ အဆုတ်သွေး‌ကြောပိတ်ရောဂါ (Pulmonary embolism)၊ နှလုံး‌သွေး‌ကြောပိတ်ရောဂါ (Coronary thrombosis)၊ ဦး‌နှောက်သွေး‌ကြောပိတ်ရောဂါ (Cerebral thrombosis)၊ ဦး‌နှောက်သွေး‌ကြောပိတ် လေဖြတ်ရောဂါ (Central embolism) စသော ရောဂါဆိုး‌ကြီး‌များ‌ကို တိုက်ရိုက်ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ပြင် အဝလွန်ရောဂါကြောင့် ဖြစ်စေတတ်သော ရောဂါပေါင်း‌များ‌စွာကို နောက်ဆက်တွဲဖြစ်စေနိုင်ကြောင်း‌ ကျန်း‌မာရေး‌ဝန်ကြီး‌ဌာနမှ ဆရာဝန်သမား‌တော်ကြီး‌များ‌ကိုယ်တိုင် ရုပ်မြင်သံကြား‌၊ ရေဒီယိုနှင့်သတင်း‌စာများ‌မှ ပညာပေး‌ခဲ့ပြီး‌ဖြစ်ပါသည်။

သိပ်သည်း‌ဆများ‌သော လိုက်ပိုရိုတင်း‌ကိုလက်စထရော (High density lipoprotine Cholesterol, HDL - C) ကို အကောင်း‌ကိုလက်စထရောဟု ခေါ်သည်။ ယင်း‌ကို

လက်စထရောကို အကောင်းဟု ခေါ်ရခြင်းမှာ အဆိုးကိုလက်စထရောနှင့် ရောနှောနိုင်ပြီး အဆိုးကိုလက်စထရောကို အပျစ်မှအကျဲသို့ဖြစ်အောင် လုပ်ပေးနိုင်သောကြောင့် ဖြစ်သည်။ ဤနည်းဖြင့် အဆိုးကိုလက်စထရောကို ဓာတ်ပြုပြီး ခန္ဓာကိုယ်က လူပ်ရှားသောအခါ ပျော်ကျကာ သွေးမှတစ်ဆင့် ဆီး၊ ဝမ်း၊ ချွေး စသည်တို့နှင့်အတူ ထွက်ပါသွားနိုင်ပါသည်။

ပြည့်ဝသောဖက်တီးအက်စစ်များအနက် Palmatic Acid, Stearic Acid, Lauric Acid နှင့် Myristic Acid တို့သည် အဓိကကျသော ဓာတ်များဖြစ်ကြသည်။

မပြည့်ဝသောဖက်တီးအက်စစ်

မပြည့်ဝသောဖက်တီးအက်စစ် (Unsaturated Fatty acid) များသည် လူကိုဆိုးကျိုးမပေးသလောက်ဖြစ်ပြီး ကောင်းကျိုးသာအပေးများပါသည်။ မပြည့်ဝသော ဖက်တီးအက်စစ်ကိုလည်း နှစ်မျိုးထပ်ခွဲပါသည်။

ဧကမပြည့်ဝဖက်တီးအက်စစ် (Mono Unsaturated Fatty Acid) သည် ကောင်းကျိုးပေးသောဖက်တီးအက်စစ်ဖြစ်သည်။ သွေးထဲရှိ LDL- C ခေါ် ဆိုးကျိုးပေးသည့် ကိုလက်စထရောကို လျှော့ချပေးသည်။ HDL-C ခေါ် ကောင်းကျိုးပေးသည့် ကိုလက်စထရောကိုထိန်းပေးရုံမကတိုးပွားစေသည်။ အိုလစ်အက်စစ် (Olic Acid) သည် ထိုဧကမပြည့်ဝဖက်တီးအက်စစ်ဖြစ်၍ စားအုန်းဆီတွင် အများဆုံးပါဝင်သည်။

သာလွန်မပြည့်ဝသော ဖက်တီးအက်စစ် (Poly Unsaturated Fatty Acid) သည် ဆိုးကျိုးပေးတတ်သည်။

ထင်ရှားသောဆီအချို့တွင် ဖက်တီးအက်ဆစ် အမျိုးအစားအလိုက် ပါဝင်မှုနှုန်း

ဆီအမည်	ဧက မပြည့်ဝပါဝင်မှု ၄၃ရာနှုန်း	သာလွန် မပြည့်ဝပါဝင်မှု	ပြည့်ဝပါဝင်မှု
စားအုန်းဆီ			
မြေပဲဆီ	၃၉ ရာနှုန်း	၄၂ ရာနှုန်း	၁၉ ရာနှုန်း
ပြောင်းစေ့ဆီ	၃၀ ရာနှုန်း	၅၄ ရာနှုန်း	၁၆ ရာနှုန်း
ဆိုရာပဲဆီ	၂၅ ရာနှုန်း	၆၀ ရာနှုန်း	၁၅ ရာနှုန်း
ဆူးပန်းဆီ	၁၃ ရာနှုန်း	၇၇ ရာနှုန်း	၁၀ ရာနှုန်း
ထောပတ်ဆီ	၃၀ ရာနှုန်း	၄ ရာနှုန်း	၆၆ ရာနှုန်း
အုန်းဆီ	၅ ရာနှုန်း	၁ ရာနှုန်း	၉၄ ရာနှုန်း

ယင်းက HDL - C ခေါ် ကောင်းကျိုးပေးသည့် ကိုလက်စထရောသွေးထဲမှ လျော့နည်းအောင် ဓာတ်ပြုတတ်သည်။ လင်နိုလီအစ်အက်စစ် (Linoleic Acid) သည် ထိုသာလွန်မပြည့်ဝသော ဖက်တီးအက်စစ်ဖြစ်၍ စားအုန်းဆီတွင် အနည်းငယ်ပါဝင်ကြောင်းတွေ့ရသည်။

လူ့ခန္ဓာကိုယ်နှင့် မတည့်သောဆီသည် ပြည့်ဝပါဝင်မှု ၄၆ ရာနှုန်းကျော်လွန်သော ဆီများဖြစ်သည်။ စားအုန်းဆီတွင် ပြည့်ဝပါဝင်မှု ၄၆ ရာခိုင်ရာနှုန်းဖြစ်၍ တည့်သည့် အဆင့်၏ အမြင့်ဆုံးမှတ် (Upper Limit) တွင် ရှိသည်ဟု ဆိုရန်ရှိပါသည်။ သို့သော် အသေးစိတ်ဓာတ်ခွဲချက်အရ ထို ၆ရာနှုန်းအနက် အဆိုးပြည့်ဝဆီပမ်မိတစ် ၄၀ ရာနှုန်းသာပါဝင်ပြီး အကောင်းပြည့်ဝဆီစတီယာရစ်အက်စစ် ၆ ရာနှုန်းပါဝင်နေသောကြောင့် အကောင်းဘက်သို့ ပိုများလေသည်။

မပြည့်ဝဖက်တီးအက်စစ် ပါဝင်မှုကိုကြည့်ပါကစားအုန်းဆီတွင် အကျိုးပြုသော ဧကမပြည့်ဝပါဝင်မှု ၄၃ ရာနှုန်းအထိ အများကြီးပါဝင်သည်။ အဆိုးသာလွန်မပြည့်ဝပါဝင်မှုမှာ ၁၁ ရာနှုန်းသာရှိသည်။ ထို့ကြောင့်စားအုန်းဆီသည် လူနှင့်တည့်လေသည်။

ထို့ပြင် စားအုန်းဆီတွင် ကိုလက်စထရောလုံးဝမပါဝင်ကြောင်း စမ်းသပ်တွေ့ရှိရသောကြောင့် စားအုန်းဆီသည် လူနှင့်တည့်သော ဆီဖြစ်လေသည်။

လူခန္ဓာကိုယ်အတွက် ဆီလိုအပ်ချက်နှုန်း

လူတို့သည် အာဟာရပြည့်ဝစေရန် ခန္ဓာကိုယ်၌ ဆီဓာတ်လိုအပ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ဆိုသော် နေ့စဉ်ဆီဓာတ်မည်မျှ စားသုံးလျှင် ကျန်းမာရေးအတွက် သင့်လျော်ပါသလဲဟု မေးရန်ရှိလာပါသည်။

ပထမကမ္ဘာစစ်အတွင်းက (The Inter - Allied Food Com - mission) က ဆီကို ရာရှင်အဖြစ်သတ်မှတ်ရာ၌ တစ်နေ့ ၅၇ ဂရမ်ဖြစ်ကြောင်း မှတ်တမ်းအရ သိရှိပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီလေးတွင် အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ တစ်နေ့ဆီစားသုံးမှုမှာ ၅၀ ဂရမ်အထိ ရှိခဲ့ပါသည်။

သို့သော်အမေရိကန်နှင့် ဥရောပတိုက်သားများ အဝလွန်ခြင်း၊ နှလုံးနှင့် သွေးကြောရောဂါများထူပြောလာခြင်းတို့ကြောင့် ဆီစားသုံးနှုန်းကို သုတေသနပြုကြပြီး ဆီလျှော့စားလာကြသည်။

မြန်မာ့ဆီစား‌သုံး‌မှုဝေလေ့



ဆီအုန်း‌ခြံတစ်‌ခြံ
မြင်‌ကွင်း

သာမန်လူတစ်ယောက်၏ သွေး‌တွင် ကိုလက်စထရောပါဝင်မှုနှုန်း ၁၅၀မှ ၂၅၀ မီလီဂရမ်‌ရာနှုန်း‌ရှိသင့်‌ကြောင်း သိရှိလာကြသည်။ သွေး‌ထဲမှ ကိုလက်စထရောဆီဓာတ်ပိုများ‌မလာ‌အောင် ထိန်း‌ထား‌ရန်နှင့် ဝဖြိုး‌ပြီး ကိုယ်အလေး‌ချိန်တကမလာစေရန် ခေတမတုံ‌တကသော ပညာတတ်အသိုင်း‌အဝိုင်း‌က ဆင်‌ခြင်‌တွက်‌ချက်‌လာကြသည်။ ယင်း‌သို့‌တွက်‌ချက်‌မှုအရ နေ့စဉ်‌ဆီ ၁၀ဂရမ်‌မှ ၁၄ ဂရမ်‌ထက် ပိုလွန်း‌ခြင်း‌မရှိစေရန် စောင့်‌ကြည့်‌စား‌သုံး‌လျက်‌ရှိကြလေ‌ပြီ ဖြစ်သည်။

ရေဘေး၊ မီး‌ဘေး‌စသည်များ ကျရောက်သည့်‌အခါ ဒုက္ခသည်များ‌ကို ရိက္ခာပေး‌ဝေပါသည်။ ဆီပေး‌ဝေနှုန်း‌ကို မြန်မာနိုင်ငံကယ်ဆယ်ရေး‌နှင့် ပြန်လည်နေရာချထား‌ရေးဌာနက သတ်မှတ်‌ချက်‌သည် တစ်နေ့လျှင် (၂) ကျပ်သား‌နှုန်း ဖြစ်ပါသည်။ ဆိုရှယ်လစ်စီး‌ပွား‌ရေး‌စနစ် ကျင့်‌သုံး‌သောခေတ်က ကုန်သွယ်ရေး‌ဝန်‌ကြီး‌ဌာန‌အနေဖြင့် စား‌သုံး‌သူများ‌ကို ဆီဖြန့်‌ဖြူး‌ရောင်း‌ချပေး‌သော‌အခါလည်း‌တစ်နေ့လျှင် (၂) ကျပ်သား နှုန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ ကျန်း‌မာရေး‌ဝန်‌ကြီး‌ဌာန၏ သတ်မှတ်‌ချက်‌မှာ လူတစ်‌ဦး တစ်နှစ်‌အနည်း‌ဆုံး ဆီ ၄.၈ ပိသာ စား‌သုံး‌ရန် လိုအပ်သည်‌ဟု ဖြစ်ပါသည်။ တစ်နေ့လျှင် ၁.၃၂ ကျပ်သား‌ဖြစ်ပါသည်။ တစ်ကျပ်သား‌သည် ၁၆.၃၂၉ ဂရမ်‌ရှိရာ တစ်နေ့လျှင် ၂၂.၈ ဂရမ် စား‌သုံး‌လျှင်‌လုံလောက်ပါသည်။



လောင်းလုံမှဆီကြမ်းစက်ရုံ

ဤသို့လူတစ်ယောက်တစ်နေ့လျှင် ဆီ ၂၂.၈ ဂရမ် စားရမည်ဟုဆို၍ ဆီသို့မဟုတ် အဆီချည်း တိုက်ရိုက်စားရမည်ဟု မဆိုလိုပါ။ လူတို့နေ့စဉ်စားနေသော သား၊ ငါး၊နို့၊ ဥနှင့် အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ အစေ့အဆန်များတွင် ပါဝင်မှု အတော်များများရှိရာ အဆိုပါအစားအစာများကို စုံလင်မျှတအောင် စားနေခြင်းဖြင့် လူ့ခန္ဓာကိုယ်က လိုအပ်သော ဆီဓာတ်သင့်တင့်စွာ ရရှိပြီး ဖြစ်ပါသည်။

အကယ်၍ ဆီကိုမစား ဘဲ ရက်အတန်ကြာနေသောကြောင့် ခန္ဓာကိုယ်တွင်းက ဆီလိုအပ်ချက်ဖြစ်လာသော် ကာဘိုဟိုက်ဒရိတ်ခေါ် ကစီဓာတ်ကို အစာချက်ရာမှ ဆီဓာတ်အဖြစ် ပြောင်းပေးနိုင်သည့် သဘာဝ၏ ဇီဝကမ္မလုပ်ဆောင်ပေးခြင်းလည်း ရှိပါသေးသည်။ သို့ဖြစ်၍ လူတစ်ယောက် ဆီချည်းလုံးဝမစား ဘဲ မည်မျှကြာကြာ နေနိုင်သလဲဟု သုတေသနပြု၍ စမ်းသပ်သောအခါ လနှင့်၊ နှစ်နှင့်ပင် ချီ၍နေနိုင်ကြောင်း တွေ့ရှိရလေသည်။

လျော့စားတိုးထုတ် အမှန်လုပ်လျှင် ဆီစျေးကျမည်ပင်

ယခုကဲ့သို့ လေ့လာချက်များရှိ၍သာ ယနေ့ကျန်းမာရေးဝန်ကြီးဌာန၏ ပညာရှင်ဆရာဝန်ကြီးများက မြန်မာများလက်ရှိစားသုံးနေသော ဆီစားသုံးနှုန်းကို တစ်ဝက်လျှော့ချစားသုံးသင့်ကြောင်း ပညာပေးခဲ့ခြင်းဖြစ်ပါသည်။

ဤပညာပေးချက်ကို လိုက်နာရန်အလွန်သင့်ပါသည်။ လိုက်နာပြီး ဆီတစ်နေ့ (၂) ကျပ်သားစားမည့်အစား (၁) ကျပ်သားသာစားပါက မိမိအတွက်လည်း ကျန်းမာရေးကောင်းပါမည်။ နိုင်ငံတော်အတွက်လည်း အပိုကုန်ကျစရိတ် သက်သာပြီး ငွေရင်းငွေနှီးမြှောက်မြှားစွာ ထွက်လာနိုင်ပါသည်။

ကလေးငယ်ဦးရေနှုတ်ပယ်ပြီး မြန်မာပြည်၌ လူကြီး ၄၅ သန်းက ဆီကို နေ့စဉ်တစ်ဝက်လျှော့စားပါလျှင် တစ်ဦး တစ်ကျပ်သားသက်သာပါမည်။ ကျပ်သားပေါင်း ၄၅ သန်း တစ်နေ့သက်သာခြင်းသည် တန်ချိန်ပေါင်း ၇၃၄.၈ ဖြစ်သည်။ တစ်နှစ်လျှင် တန်ချိန် ၂.၆၈ သိန်း သက်သာလေ၏။ တစ်တန်ကို ယခုပေါက်ဈေး အမေရိကန်ဒေါ်လာ ၃၂၅၅ ရှိပါသည်။ တစ်နှစ်တန်ချိန် ၂.၆၈ သိန်း လျှော့စားခြင်းဖြင့် အမေရိကန်ဒေါ်လာ ၈၇.၁ သန်းသက်သာပါမည်။ ကျပ်နှင့်တွက်လျှင် တစ်နှစ်ကျပ် ၆၀၉၇၀ သန်း သို့မဟုတ် ၆၀၉၇ ကုဋေသက်သာပါမည်။ ဤတစ်နှစ်ပိုထွက်လာသော နိုင်ငံခြားငွေဒေါ်လာ ၈၇.၁ သန်းဖြင့် ဘိလပ်မြေဝယ်ယူတင်သွင်းပါက အိတ်ပေါင်း ၅၁ သန်း ရရှိပါမည်။ စက်ရုံကြီးများတည် ဆောက်နိုင်ပါသည်။ တံတားကြီးများတည်ဆောက်နိုင်ပါသည်။ မြို့လယ်တွင် ရုစ်ထပ်တိုက်ကြီးပေါင်းများစွာ တည်ဆောက်နိုင်ပါသည်။

ထို့ပြင်ဆီအုန်းပင်များ တိုးချဲ့စိုက်ပျိုးလျှင် မကြာမီနှစ်ပိုင်းအတွင်း ပြည်တွင်းဆီဖူလုံလာ၍ ပြည်ပမှဝယ်ယူတင်သွင်းရန်မလိုတော့ဘဲ ဆီစျေးကျဆင်းလာပါမည်။ နိုင်ငံခြားငွေသက်သာသွားပါမည်။ စီမံကိန်းချ၍ ဆီအုန်းကို စနစ်တကျတိုးချဲ့စိုက်ပျိုးပါက နောင် ၁၀ နှစ်ကြာသော် မြန်မာပြည်မှပြည်ပသို့ စားအုန်းဆီကို တင်ပို့ရောင်းချနိုင်သည့် အခြေအနေသို့ ရောက်ရှိလာပါမည်။ ပြည်ပပို့ကုန်မှ ဝင်ငွေအများအပြားရရှိပါမည်။

ဆီအုန်းပင်စိုက်ပျိုးခြင်း

ဆီအုန်းပင်သည် အီကွေတာ၊ တောင်မြောက်လတ္တီတွဒ် ၁၃ ဒီဂရီမှ ၂၀ ဒီဂရီအတွင်း စိုက်ပျိုးဖြစ်ထွန်းပါသည်။ တစ်နှစ်ပတ်လုံးအပူချိန် ၂၄ မှ ၃၂ ဒီဂရီစင်တီဂရိတ်အတွင်း အလွန် ဖြစ်ထွန်းပါသည်။ တစ်နှစ်လုံး မိုးမပြတ်သော ဒေသ၌ ပို၍အောင်မြင်ပါသည်။ မိုးရေချိန်လက်မ တစ်နှစ်ပျမ်းမျှ ၈၀ ထက်မနည်းသော ဒေသတွင် ပို၍အောင်မြင်စွာ စိုက်ပျိုးနိုင် ပါသည်။ ပီအိပ်ချ် ၅.၅ မှ ၆.၅ ရှိသော မြေမျိုးတွင် ပေါက်ရောက်ပါသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၃၀၀၀ မကျော်လျှင် စိုက်ပျိုး၍ကောင်းပါသည်။ တစ်နေ့ နေရောင်ခြည် ၆ နာရီထက်မနည်း ရရှိသောဒေသ ဖြစ်ရပါ မည်။ မြန်မာပြည်၌ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ရခိုင် ပြည်နယ်အောက်ပိုင်းတွင် ကောင်းစွာစိုက်ပျိုးထားနိုင်ပါသည်။ အလိုလိုဖြစ်ထွန်းနိုင်သော ရေမြေအနေအထား ရှိသည့်



သယ်နှံးကျွန်း ဆီချောစက်ရုံ

ဒေသများဖြစ်ပါသည်။ ဂရုတစိုက်နှင့် စိုက်ပျိုးပြုစုတတ်မည်ဆိုပါက ရန်ကုန်တိုင်း၊ ပဲခူးတိုင်းအောက်ပိုင်းနှင့် ကရင်ပြည်နယ်အောက်ပိုင်းတွင်လည်း စိုက်ပျိုးနိုင်ပါသည်။

ဆီအုန်းကို မျိုးကောင်းမျိုးသန့် မျိုးစေ့များဖြင့် ပျိုးရပါသည်။ ပလတ်စတစ်အိတ်တွင် စနစ်တကျပျိုးပြီး ၁၀ လမှ ၁၃ လကြာလျှင် အမြဲစိုက်ခင်းဌာနသို့ မြေချစိုက်ရသည်။ တစ်ပင်နှင့်တစ်ပင် ၂၂ ပေ × ၂၂ ပေမှ ၃၀ ပေ × ၃၀ ပေခြား၍ လေးကွက်ကြား စိုက်နည်း၊ သုံးနှားညီတြိဂံ စိုက်နည်းတို့ဖြင့် စိုက်တတ်ပါက တစ်ဧကလျှင် အပင်ပေါင်း ၄၈ ပင် မှ ၁၂၀ ပင်အထိ စိုက်နိုင်ပါသည်။

ဆီအုန်းကို ပထမ ၄ နှစ် အတွင်းသာ ဂရုစိုက်ပြုစုရသည်။ ၅ နှစ်သားမှစ၍ စီးပွားဖြစ်ဆီထုတ်လုပ်နိုင်ပါသည်။ ဆီအုန်းပင်သည် ၁၀ နှစ်မှ ၂၀ နှစ်အတွင်း အထွက်အကောင်းဆုံး ဖြစ်သည်။ အပင်သက်တမ်းမှာ အနှစ် ၃၀ ဖြစ်သည်။ အပင် အတက်နှေးပြီး နိမ့်သောမျိုးကို ရွေးစိုက်မှ ခူးဆွတ်၍ ကောင်းပြီး တွက်ခြေကိုက်ပါသည်။

အပင်အသီးအခိုင်မှည့်သည်အထိ အုန်းလက်ကြားတွင် ၅ လ – ၆ လ ကြာတတ်သည်။ တစ်ပင်လျှင်တစ်ပြိုင်နက်တည်း ၅ ခိုင် မှ ၁၀ ခိုင်အထိ သီးတတ်သည်။ တစ်ပင်လျှင် တစ်နှစ် ၁၀ ခိုင်မှ ၁၂ ခိုင်ထိသီးသော မျိုးကောင်းများရှိသည်။ တစ်ခိုင်လျှင် အသီးများစွာပြွတ်၍ သီးရာ အခိုင်ကြီးများတွင် ပျမ်းမျှအသီး ၁၀၀၀ မှ ၃၀၀၀ အထိရှိတတ်သည်။ တစ်ခိုင်လျှင် ပေါင် ၄၀ သို့မဟုတ် ၁၁ ပိဿာခန့်လေးသည်။ မျိုးကောင်းအခိုင်သည် ၁၈ ပိဿာအထိ အလေးချိန်ရှိသည်။

ဆီအုန်းခိုင်များ ရိတ်သိမ်းနည်းမှာ အလွန်ပညာပါသည်။ ရိတ်သိမ်းမှုအတတ်ကျွမ်းလေ ဆီထွက်မှန်လေဖြစ်သည်။ ရိတ်သိမ်းပြီး ၂၄ နာရီအတွင်း ဆီကြိတ်နိုင်လျှင် ပိုကောင်းသည်။ ၇၂ နာရီထက်ကျော်မှ ဆီကြိတ်လျှင် စားအုန်းဆီကောင်းရရန်ခက်သည်။


ဆီအုန်းသည် အခြားဆီထွက်သီးနှံထက် ၁၀ ဆမှ အဆ ၂၀ ထိ ဆီထွက်နှုန်းကောင်းသည်။ တစ်ဧကလျှင် တစ်နှစ် ပိဿာချိန် ၁၃၀ (၅ နှစ်သား၌) မှ ပိဿာချိန် ၆၀၀ ကျော် (၁၀ နှစ်သား၌) အထိ ဆီထွက်နှုန်းရှိသည်။ ၁၂ ရာသီပုံမှန်နီးပါး ထွက်ရှိထုတ်လုပ်နိုင်သော အပင်မျိုးဖြစ်၍ ရာသီဥတုအပေါ် လုံးဝမူတည်ခြင်းမဟုတ်သောကြောင့် နှမ်း၊ မြေပဲ စသည့်ရာသီထွက် အပင်များထက် အဆင်ပြေသည်။

ထို့ကြောင့် မြန်မာပြည်တွင် ဆီအုန်းပင်များ တိုးချဲ့စိုက်ပျိုးရန် အထူးလိုအပ်လာလေသည်။

ဆီအုန်းစိုက်ပျိုးခြင်းနှင့် စားအုန်းဆီထုတ်လုပ်ခြင်း

ယခုအခါ နိုင်ငံတော်အစိုးရက ဆီအုန်းခြံများကို စံပြအဖြစ် စိုက်ပျိုးပြသလျက်ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စိုက်ပျိုးလျက်ရှိသည်။ သို့သော်ပုဂ္ဂလိကလုပ်ငန်းရှင်အချို့က ကြွက်နှင့်ပိုးတို့၏ ဖျက်ဆီးမှုဒဏ်ကိုမခံနိုင်၍ ထိုအခက်အခဲကို ကြိုးစားကျော်လွှားခြင်းမပြုဘဲ နောက်ဆုတ်ချင်ကြသည်။ အလားတူ စားအုန်းဆီစက်တည်ဆောက်ရေးတွင်လည်း ဖြေရှင်းရန်ခက်သော အတား၊အဆီး၊အခက်အခဲများကြောင့် ရှေ့မတိုးနိုင်ဘဲ ရပ်တန့်နေကြသည်။ အမှန်စင်စစ်ထိုအခက်အခဲများကို လေ့လာကာ မိမိရှေ့မှလုပ်ကိုင်အောင်မြင်နေသည့် မလေးရှားနိုင်ငံမှ နည်းပညာများကို စံနမူနာယူပြီး ဖြေရှင်းပါက အောင်မြင်မည်သာဖြစ်ပါတော့သည်။

အောင်ချိန်ဘွား


Royal performan


Artist Min Wae Aung working at his studio


Royal Lake by U Lun Gywe





(၂၀) ရာစုခေတ်ဦး မြန်မာပိုစတာပန်းချီ


မြန်မာပန်းချီသည် ပေရေးပန်းချီ၊ နံရံပန်းချီ၊ ပုရပိုက်ပန်းချီနှင့် နိပါတ်ပန်းချီ ဟူ၍ လေးမျိုး လေးဆင့်ပြောင်းလဲလာခဲ့သည်။ ၁၈ ရာစုအဆုံး ၁၉ ရာစု အစလောက်တွင် ပြည်ပဆက်ဆံမှုများ တစ်စတစ်စ ထွန်းကားလာရာမှ ကမ္ဘာသုံးပန်းချီနည်းစနစ်များလည် တဖြည်းဖြည်းကူးစက်လာခဲ့ပေသည်။

ကူးစက်သည်ဆိုရာ၌ အရှေ့ထက် အနောက်ဥရောပနိုင်ငံများမှ နည်းစနစ်များ အများဆုံး ကူးစက်လွှမ်းမိုးလာသည်ဟု ဆိုရဖွယ်ရှိသည်။ ရှေးဟောင်းပစ္စည်း လေ့လာစုဆောင်းသူ၊ အထူးအဆန်း လေ့လာစုဆောင်းသူများတွင် ပန်းချီဆရာများလည်း ပါသင့်သလောက် ပါဝင်ကြပေသည်။ နှစ်ပြည့်တစ်ပြည် ချစ်ကြည်ရင်းနှီးရေးအရ လာရောက်ကြသူ သံတမန်အချို့နှင့်လည်း ပန်းချီဆရာများပါလာတတ်ကြပေသည်။ ထို့အတူ စစ်ပွဲများကို မှတ်တမ်းတင်သည့်အဖွဲ့များတွင်လည်း စစ်ပန်းချီဆရာများ ပါလာတတ်ကြပေသည်။ မြန်မာနိုင်ငံ၏ တောတောင် ရေမြေ သဘာဝ၊ မြန်မာတို့နေထိုင်ကြပုံ၊ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကို လာရောက်လေ့လာရေးဆွဲမှတ်တမ်းတင်ကြသည့် ပန်းချီဆရာများလည်း ရှိတန်သလောက် ရှိပေသည်။

ဆယ့်ကိုး – နှစ်ဆယ်ရာစု မြန်မာနိုင်ငံပန်းချီလှုပ်ရှားမှု



(၂၀) ရာစု လက်ရာရှေးခေတ်စစ်ချီတက်ပုံ ပန်းချီကား



မြင်းခင်းသဘင် ပုရပိုက်ပန်းချီ (၂၀ – ရာစုခေတ်ဦး)

ကုန်သွယ်ရေးကိုအကြောင်းပြု၍ ပစ္စည်းများကို ပေးပို့တင်သွင်းကြရာ၌ ပြည်ပနိုင်ငံများမှ ပန်းချီဆေးပစ္စည်းများ၊ ကိရိယာများ၊ စက္ကူ၊ ဖျင် (ကင်းဗတ်) နှင့် သံပြားများ ရောက်ရှိလာရာ ပန်းချီလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေပြီး ကြော်ငြာပန်းချီလုပ်ငန်းနှင့် ပုံနှိပ်လုပ်ငန်းများအတွက်ပါ အကျိုးဖြစ်ထွန်းစေသည်။

ပစ္စည်းများတိုးတက်လာမှုကို အကြောင်းပြု၍ နိပါတ်တော်ဇာတ်လမ်းများကို နံရံများပေါ်တွင် ရေးခြယ်ခဲ့ကြရာမှ ပိတ်ဖျင်နှင့် သွပ်ပြားများပေါ်သို့ ကူးပြောင်းရေးခြယ်လာကြရာ ရိုးရာမြန်မာပန်းချီတွင် "နိပါတ်" တစ်ခေတ်ထွန်းလာပြီးဟု ဆိုရဖွယ်ရှိပေသည်။ ထို့အတူ သဘာဝနည်းကို အခြေပြုသည့် ပန်းချီရေးခြယ်နည်းစနစ်ပါ ပြောင်းလဲလာသည်ဟု ဆိုရပေမည်။ အနီးအဝေးစနစ်နှင့် အလုံးအထည်ဖော်မှုကို မြန်မာပန်းချီဆရာများ စမ်းသပ်ရေးခြယ်နေကြသည့်ကာလမျိုးလည်းဖြစ်ပေသည်။

ထိုသို့ရေးခြယ်မှုမျိုးကို ကုန်းဘောင်နောက်ပိုင်း ရတနာပုံခေတ် ပုရပိုက်ပန်းချီများတွင်လည်းကောင်း၊ နန်းတွင်းမိသားစုတို့၏ပုံ (ဟန်ကား) ပန်းချီများတွင်လည်းကောင်း၊ နိပါတ်တော်ပန်းချီကားများတွင်လည်းကောင်း တွေ့ရတတ်ပေသည်။ ထို့အပြင် ၁၇ နှင့် ၁၈ ရာစု နောက်ပိုင်း တရုတ်နှင့် ဂျပန်တို့တွင် ခေတ်စား ခဲ့သည့် အပေါ်စီး ၄၅ ဒီဂရီမြင်ကွင်းကျယ် အနီးအဝေးစနစ် (BIRDS EYE VIEW PERSPECTIVE) ရေးခြယ်နည်း အချို့ကိုလည်း တွေ့ရတတ်ပေသည်။ အမရပူရ တောင်သမန်ကျောက်တော်ကြီး ဘုရားမှ နံရံပန်းချီများတွင် ယင်းစနစ်၏ အငွေ့အသက်တို့ကို တွေ့တန်သလောက် တွေ့ရပေသည်။

ကုန်းဘောင်နောက်ပိုင်း ရတနာပုံခေတ်တွင် ထွန်းကားခဲ့သည့် ပန်းချီလက်ရာများအနက် "ပါတိတ်ပန်းချီ" မျိုးကိုလည်း ချန်လှပ်ထား၍ မရပေ။ ရှေးက ဆေးရေးပုဆိုး၊ ပန်းရေးပန်းဆိုးများ ပေါ်ထွန်းခဲ့ရာမှ ဆေးဆိုးပန်းရိုက်သဘောမျိုးကို အခြေပြုသည့် "ပါတိတ်ပန်းချီ" ပေါ်ထွက်လာသည်မှာ ထူးခြားချက်တစ်ရပ်ပင်ဖြစ်ပေသည်။ ယင်းပန်းချီလက်ရာတို့ဖြင့် ပေ၊ ပုရပိုက်များကိုပတ်ကာ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းခဲ့သည့် သာဓကများလည်း ရှိပေသည်။

ပေ၊ ပုရပိုက်များကို ထုပ်ပိုးရာ၌ နှစ်မျိုးနှစ်စား ရှိပေသည်။ ပန်းပွင့်များ၊ အရုပ်များဖော်၍ ချည်ဖြင့်အလှထိုးထားသည့် ဖျင်များကို အသုံးပြုသည့်အခါ အသုံးပြုပြီး၊ အချို့ကပါတိတ်ပန်းချီသဘောမျိုး ဗုဒ္ဓဝင်နှင့် တောထွက်ခန်းတို့ကို ဆေးဆိုးပန်းရိုက်သဘောမျိုးပြုလုပ်၍ ပေ၊ ပုရပိုက်တို့ကို ထုပ်ပိုးတတ်ကြပေရာ ယင်းဓလေ့နှင့် ပါတိတ်ပန်းချီကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်မှ လေ့လာစုဆောင်းခွင့် ရရှိခဲ့ပေသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပါတိတ်ပန်းချီလက်ရာမျိုးကိုလည်း သုံးချပ်လောက်သာ ရှာဖွေတွေ့ရှိနိုင်ပေတော့သည်။ ပေ၊ ပုရပိုက်တို့ကို ထုပ်ပိုးသည့် ပါတိတ်ပန်းချီ ဖျင်တစ်စမှာ သုံးပေပတ်လည်ခန့်သာ ရှိပေသည်။

၁၇၉၅ ခုနှစ်မှ ၁၈၅၅ ခုနှစ်အထိ နှစ်ပေါင်း ၆၀ အတွင်း သံအဖွဲ့ဝင်များနှင့်အတူ ပန်းချီဆရာငါးဦးခန့် ပါလာခဲ့ရာ ယင်းပန်းချီဆရာတို့၏ ရေဆေး၊ ဆီဆေး၊ ရေးနည်းရေးဟန်နှင့် ပုံကြမ်းရေးခြစ်ဟန်တို့ကို မြန်မာပန်းချီဆရာများ လေ့လာခွင့်ရရှိကြမည်မှာ မလွဲပေ။ ထို့အတူ ၁၈၂၄ မှ ၁၈၈၆ ခုနှစ်များအတွင်း အင်္ဂလိပ် – မြန်မာစစ်ပွဲ သုံးပွဲကို မှတ်တမ်းတင်ခဲ့ကြသည့် စစ်ပန်းချီဆရာငါးဦးခန့်ရှိရာ ယင်းပန်းချီဆရာတို့၏ လက်ရာများကိုလည်း မြန်မာပန်းချီဆရာများ လေ့လာခွင့်ရရှိမည်မှာ မလွဲပေ။ အထူးသဖြင့် စစ်ပန်းချီဆရာများ၏ ပုံကြမ်းခြစ်ဟန်နှင့် ပုံကြမ်း (SKETCH) များကိုလည်း မြန်မာပန်းချီဆရာများ လက်လှမ်းမီသမျှ လေ့လာဆည်းပူးကြဖွယ်ရာ ရှိပေသည်။ ယင်းပုံကြမ်းများတွင် ခဲ၊ မင်၊ ကလောင်တို့ဖြင့် အကြောင်းအရာအမျိုးမျိုးကို ရေးချက်အမျိုးမျိုးဖြင့် သရုပ်ဖော်ထားသည့်အတွက် (LINE SKETCH) ရေးနည်းမှာ မြန်မာ့ပန်းချီလောကအတွက် တစ်မူဆန်းနေပေသည်။

စစ်ပန်းချီဆရာတို့၏ ပုံကြမ်း (LINE SKETCH)များတွင် မူးမတ်တို့၏ပုံများသာမက ရာဇဝတ်သားအား ကားစင်တင်သည့်ပုံ အချို့ပါ ပါဝင်လေရာ လက်ရာကို သာမက အကြောင်းအရာအနေဖြင့်ပါ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေသည်။ ပုံကြမ်းရေးနည်းဖြစ်သော်လည်း ခဲချက်၊ ကလောင်ချက်ဖြင့် ပုံတူရေးနည်းများပါ ပါဝင်လေရာ ပညာပိုင်းအနေဖြင့် အတုယူစရာများစွာ ရှိပေသည်။ မြန်မာပန်းချီတစ်ခေတ်ဆန်းသစ်ရေးနှင့် တိုးတက်ပြောင်းလဲရေးတွင် ပုံကြမ်း (LINE SKETCH) ရေးနည်းရေးဟန်မှာ ပဓာနကျသောအခန်းမှ ပါဝင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ပန်းချီ၊ ပန်းပု၊ အနုပညာလောကအတွက် အခြေခံအကျဆုံးမှာလည်း ပုံကြမ်းရေးနည်း ပုံကြမ်းဖြင့် ရုပ်လုံးဖော်နည်းဖြစ်သဖြင့် အောက်ခြေအဆင့်တွင် အရေးအကြီးဆုံးဟု ဆိုရပေမည်။

ပန်းချီလှုပ်ရှားမှုတွင် ပြပွဲ၊ ပြခန်းများ၊ ပြိုင်ပွဲများ၏ အခန်းကဏ္ဍကိုလည်း ချန်လှပ်ထား၍ မဖြစ်ပေ။ (၁၈၅၂) ခုနှစ် အင်္ဂလိပ် – မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် အောက်မြန်မာ



ပန်းချီပြခန်းတစ်ခန်းတွင် ပန်းချီလက်ရာများကို ကြည့်ရှုနေကြသောရဟန်းတော်များ

နိုင်ငံအား ဗြိတိသျှလက်အောက်သို့ လွှဲပြောင်းပေးအပ်လိုက် ရပေသည်။ ဗြိတိသျှအစိုးရသည် နိုင်ငံ၏အခြေအနေကို လေ့လာအကဲခတ်ရာ၌ ပန်းချီ ပန်းပုအနုပညာသည်တို့၏ အင်အားနှင့်အခြေအနေကိုလည်း အကွက်စေ့စေ့လေ့လာ အကဲခတ်ပုံရပေသည်။

ပန်းချီ ပန်းပုပညာသည်များကို နည်းအမျိုးမျိုးနှင့်လေ့ လာပြီး စနစ်တကျစာရင်းကောက်ယူသည်။ စာရင်းကောက် ယူပြီး လက်စလက်နရှိသူအချို့ကို ဘုံဘော၊ မဒရပ်၊ ကာလ ကတ္တား စသည့်အိန္ဒိယနိုင်ငံရှိမြို့ကြီးများတွင် ကျင်းပသည့် ပန်းချီ ပန်းပြပွဲပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေသည်။ ထိုသို့ယှဉ်ပြိုင်ကြရာ၌ ပညာသည်များကိုယ်တိုင် သွားရောက် ရန် မလိုဘဲ သက်ဆိုင်ရာ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ များက ပန်းချီပန်းပုအနုပညာပစ္စည်းများကို စုဆောင်းပြီး အဆင့်ဆင့်ပေးပို့ ယှဉ်ပြိုင်စေခြင်း ဖြစ်ပေသည်။

၁၈၈၅ ခုနှစ်တွင် ပန်းချီပန်းပုသာမက ပန်းထိမ်လုပ် ငန်းများကိုပါ ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး တစ်စတစ်စတိုးချဲ့ လာခဲ့ရာ ငွေပန်းထိမ်၊ ရွှေပန်းထိမ်၊ ရွှေဝါယွန်း၊ ကြေးသွန်း လုပ်ငန်းနှင့် ထီးပန်းရေးခြယ်မှုများပါ ပြိုင်ပွဲတွင် ပါဝင်လာခဲ့ ကြောင်း သိရပေသည်။

အောက်ရပ် အောက်ပြည်တွင် ထိုသို့ပြောင်းလဲနေ သော်လည်း အထက်မြန်မာနိုင်ငံတွင်မူ နန်းတွင်းမှတ်တမ်း တင် လုပ်ငန်းတစ်ရပ်ဖြစ်သည့် ပုရပိုက်ပန်းချီမှာ အရှိန်ရဆဲ အားကောင်းဆဲ ဖြစ်ပေသည်။ နန်းတွင်း ပန်းချီအစုအစည်း သည် မင်းမိဖုရားတို့၏ ကုသိုလ်ကောင်းမှုအဝဝနှင့် နန်းမူ၊ နန်းရာ၊ နန်းဓလေ့တို့ကို အကွက်စေ့စေ့ မှတ်တမ်းတင်ပြီး ပုရပိုက်ပန်းချီခေတ်ကို ထူထောင်နေဆဲဟု ဆိုရပေမည်။ ထို သို့ မှတ်တမ်းတင်နိုင်ခဲ့သည့်အတွက် ပုရပိုက်ပန်းချီသည် နန်းဓလေ့ဆိုင်ရာ ကြေးမုံပြင်ပမာ ထင်ရှားခဲ့ပေသည်။ တစ်နည်းအားဖြင့် ကုန်းဘောင်ခေတ်၏ ပန်းချီစာအုပ်ကြီး သဖွယ် ဖြစ်ပေသည်။

ပုရပိုက်ပန်းချီနှင့် နိပါတ်တော်ပန်းချီအကြား သီးခြား ထွန်းကားလာသည်မှာ "ဟန်ကား" ခေါ်သည့် နန်းတွင်း မိသားစုတို့၏ ပုံ ကားများဖြစ်ပေသည်။ အထူးသဖြင့် ယင်း ပန်းချီကားမျိုးကို ပါတော်မူပြီးနောက်ပိုင်းတွင် ရေးခြယ်ပုံရ ပေသည်။ ယနေ့အထိ လေ့လာရသမျှတွင် (၁၈၈၆) ခုနှစ် ထက်စောသည့် "ဟန်ကား" မျိုးကို မတွေ့ရသေးပေ။ ယင်း ပန်းချီကားမျိုး ရေးခြယ်ကြကြောင်းကိုလည်း စာပေအထောက်

ဆယ့်ကိုး – နှစ်ဆယ်ရာစု မြန်မာနိုင်ငံပန်းချီလှုပ်ရှားမှု



၂၀ ရာစုခေတ်ဦး နိပါတ်တော်ပန်းချီကားတစ်ချပ်

အထား: မတွေ့ရသေးပေ။ ပါတော်မူပြီး နောက်ပိုင်းတွင် နန်းမူ၊ နန်းရာ၊ နန်းမလေ့နှင့် ထီးခေတ်၊ နန်းခေတ်ကို ပြန်လည်တမ်းတမိ၍ လည်းကောင်း စိတ်ကူးယဉ်ကြသည့်အနေဖြင့် လည်းကောင်း ယင်းပုံမျိုးကို ရေးခြယ်ကြပုံရပေသည်။

အထူးသဖြင့် ယင်း "ဟန်ကား" မျိုးတွင် မင်းသားမင်း သမီးနှင့် ရဲရွေတော်များ၊ သက်တော်စောင့်များ ပါဝင်တတ်ပေသည်။ အချို့ကားများတွင် မင်းသားတစ်ဦး လက်ဝဲလက်ယာ မင်းသမီးနှစ်ဦးနှင့် ရဲရွေတော်များ ခစားနေ ကြပုံဖြစ်ပြီး သက် တော်စောင့်နှစ်ဦးက ဓား ထမ်းပြီး စောင့် ရှောက်နေကြပုံဖြစ်သည်။ ယင်းပန်းချီကားများတွင် ရွှေမင်များ ရေးသည့်အခါ ရေးခြယ်၍ အချို့နေရာများတွင် ရွှေချထားသည်ကို တွေ့ရပြီး လည်ဆွဲ၊ ဘယက်၊ လက်ကောက်၊ လက်စွပ်၊ နား တောင်းတို့ တွင် ကျောက်မျက်များ စီခြယ် ထားတတ်သည်ကို တွေ့ရပေသည်။ မကိုခေတ်ယဉ်ကျေးမှုများကူးစက်သလားဟု တွေး တောဖွယ်ရာ ရှိပေသည်။

ရတနာပုံခေတ် ပန်းချီကျော် ဆရာပုံ၊ ဆရာချို၊ ဆရာဆူ၊ ဆရာစော၊ ဆရာနယ်၊ ဆရာမြို့၊ ဆရာခ၊ ဆရာသောင်း၊ ရွှေပြည်ဆရာမြကြီး၊ နန္ဒမိတ္တဆရာနီတို့ "ဟန်ကား" များကို ရေးခြယ်ကြကြောင်း သိရှိရပေသည်။ အထူးသဖြင့် ထီးရိပ်၊ နန်းရိပ်နှင့် နီးစပ်သူ ပန်းချီဆရာများ ရေးခြယ်ကြပုံရပေသည်။ ရတနာပုံခေတ်တွင် ယင်းပန်းချီလက်ရာများကို အကြောင်းပြု၍ ဆရာချို့နှင့် သားများကလည်း မဟာမုနိပုံတော်ကို ရေးခြယ်ရာ၌ စလွယ် နားတောင်းတို့တွင် ကျောက်မျက်များ စီကပ် ရေးခြယ်ကြသည်ကို တွေ့ရဖူးသည်။ ထိုသို့ ရေးခြယ်သည့် စနစ်သည် မြန်မာပန်းချီလောကဌ နှစ်ပေါင်း (၃၀) ထက်ပို၍ သက်တမ်းမရှည်ခဲ့ပေ။ (၁၉၂၀) ပြည့်နှစ်နောက်ပိုင်းတွင် ယင်း "ဟန်ကား" မျိုး ရေးခြယ်ကြသည်ကို မတွေ့ရတော့ပေ။ (ယခုခေတ် ပန်းချီပြပွဲအချို့တွင် လူငယ်၊ လူလတ်ပန်းချီ ဆရာအချို့က ယင်းဟန်ကားမျိုးကို ကူးယူရေးဆွဲပြီး တင်ပြ ကြသည်ကို တွေ့ရဖူးသည်။)

၁၉၀၀ ပြည့်နှစ်ခန့်မှစပြီး ဇာတ် အငြိမ့်များ တဖြည်းဖြည်း ထွန်းကားလာရာ ဇာတ်ကားရေးပန်းချီဆရာများ ပေါ်ထွက်လာသလို ကြော်ငြာ၊ ဒီဇိုင်းရေးခြယ်သည့် ပန်းချီဆရာများလည်း ပေါ်ထွက်လာပေသည်။ မြန်မာရုပ်ရှင်မပေါ်ထွန်းသေးသော်လည်း အင်္ဂလိပ်၊ တရုတ်၊ ကုလား ရုပ်ရှင်ကားများကို ရန်ကုန်မြို့ပေါ်တွင် ပြသနေပြီဖြစ်သည့်အတွက် ရုပ်ရှင်ပိုစတာ ရေးခြယ်သည့် ပန်းချီဆရာအချို့လည်း ပေါ်ပေါက်လျက် ရှိပေပြီ။

၁၉၀၁ ခုနှစ်ခန့်မှစတင်ခဲ့သည့် နိုင်ငံလုံးဆိုင်ရာ လက်မှုအနုပညာ ပြပွဲပြိုင်ပွဲကြီးကိုလည်း နှစ်စဉ်လိုလိုကျင်းပပေးလျက်ရှိရာ ပန်းချီ၊ ပန်းပု၊ ပုံသွန်း၊ ပန်းထိမ်စသည့် လက်မှုအနုပညာရှင်များ လက်စွမ်းပြရန် အခွင့်အလမ်းသာလျက် ရှိပေသည်။ ၁၉၁၈ ခုနှစ်တွင် "ဘားမားအတ်ကလပ်" ခေါ် မြန်မာပြည်ပန်းချီအသင်းကြီးကို မျက်နှာဖြူတစ်စုက ဦးဆောင်ပြီး မြန်မာပန်းချီဆရာကြီးအချို့နှင့် ပူးပေါင်း၍ တည်



A ROYAL OFFICER

ရှေးခေတ်ဘုရင့်အရာရှိတစ်ဦး ကြွချီဟန်ပုရပိုက်ပန်းချီ

ထောင်ပေးရာ ပန်းချီပညာကို စနစ်တကျလေ့ကျင့်ရေး အတွက် အခွင့်အလမ်းပေါ်ထွက်လာသည်ဟု ဆိုရပေမည်။

၁၉၁၄ ခုနှစ်တွင် အစိုးရက အမရပူရ၌ ဆောင်းဒါးရက်ကန်းကျောင်းကို ဖွင့်လှစ်ခဲ့ရာ ပုံဆွဲနှင့်ဒီဇိုင်းပညာရပ်ကို ပါ ပူးတွဲသင်ကြားပေးသဖြင့် ပုံစံထုတ်လုပ်ရေးပညာ၏ အရေးပါ အရာရောက်ပုံကို သိရှိလာကြရပေသည်။

၁၉၂၀ ပြည့်နှစ်မှစ၍ မြန်မာရုပ်ရှင်ပေါ်ထွက်လာသည့် အခါ ရုပ်ရှင်ပိုစတာ ဆက်တင်ရေးခြယ်သည့် လုပ်ငန်းများ ဖြစ်ထွန်းလာခဲ့ပြီး ကုန်သွယ်ရေးပန်းချီတစ်စတစ်စ နယ်ကျယ်လာသည်သဘော ရှိပေသည်။ သူ့အစုနှင့်သူ ပညာသည်များ စုဝေးလုပ်ကိုင်လျက်ရှိကြရာ ရန်ကုန်အရှေ့ပိုင်းတွင် နိပါတ်ဆရာများ အခြေချနေထိုင်ကြပြီး လမ်းမတော်သံဈေးတွင် ဆိုင်းဘုတ်ရေးခြယ်သည့်ဆရာများ စုဝေးနေထိုင်လျက်ရှိကြပေသည်။ အလှူ၊ မဏ္ဍပ်နှင့် ဒုမင်္ဂလ၊ သုမင်္ဂလ မွမ်းမံသည့် ဆရာများနှင့် ရုပ်လုံး ရုပ်ကြွပြုလုပ်ကြသူ "စပ်"ပန်းချီဆရာများက ရန်ကုန်အနောက်ပိုင်း ကြည့်မြင်တိုင်၊ အလုံတစ်ဝိုက်တွင် နေထိုင်လျက်ရှိကြပေသည်။ ရုပ်ရှင်ပိုစတာ ဆက်တင်ပန်းချီဆရာအချို့က အောဝမ်း ဗြိတိသျှဘားမားစသည့် ကုမ္ပဏီများ အခြေစိုက်ထားသည့် ပြည်လမ်းရှိခြံများတွင် နေထိုင်လေ့ရှိကြပေရာ လုပ်ငန်းအလိုက် ဆက်သွယ်လုပ်ကိုင်ရန်မှာ အဆင်ပြေသည်ဟု ဆိုရပေမည်။

ရသေ့ဆရာတော်ကြီး ဦးခန္တိက မန္တလေးတောင်ကို ဗဟိုပြု၍ သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ဘုရား၊ ကျောင်းကန်၊ တန်ဆောင်းတို့၌ မွမ်းမံဆင်ယင်ရန် နိပါတ်တော်ပန်းချီမှာလည်း အားကောင်းလျက် ရှိပေသည်။ မန္တလေးတွင် ဗောဓိကုန်းဆရာအေးနှင့် သားများဦးဆောင်၍ နိပါတ်တော်ကားများကို တွင်တွင်ရေးခြယ်နေသည့် အချိန်တွင် ရန်ကုန်အရှေ့ပိုင်းတွင်လည်း ဆရာကြီးဦးဘိုးဘဦးဆောင်၍ နိပါတ်တော်ကားများကို ရေးခြယ်လျက်ရှိပေသည်။

၁၈၉၀ မှ ၁၉၁၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး ပန်းချီရေးဆွဲကြသည့် အရပ်သားဆရာများမှာလည်း ၁၀ ဦးထက်မနည်းရှိရာ ထိုပုဂ္ဂိုလ်များအနက် "ဘီ–အိပ်ချ်–ဝိုင်း" "ကယ်လီ" ပါမောက္ခဝါဒီ "မစ္စတာတင့်ချ" နှင့် "မာတင်ဂျုံး" တို့သည် ထင်ရှားကြပေသည်။

ဘီအိပ်ချ်ဝိုင်း(B.H.WILE)သည် မြန်မာပြည်အရပ်ရပ်ကို ဗန်းမော်အထိခြေဆန့်ပြီး ရှေခင်းများနှင့် ဘုရားကျောင်းကန်တို့ကို ရေးခြယ်ရာ၌ ဆရာကြီးဦးဘအုန်းက လိုက်ပါကူညီခဲ့ပြီး ပန်းချီရေးဆွဲခဲ့ရာ ဥရောပ ရေဆေးရေးခြယ်ပုံနည်းစနစ်ကို လက်တွေ့လေ့လာခွင့် ရခဲ့ပေသည်။ နောင်အခါဆရာကြီးဦးဘအုန်းသည် ရေဆေးရေးခြယ်နည်းကို အစဉ်တစိုက်လေ့လာရေးခြယ်ခဲ့ရာမှ ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သဖြင့် "တံဆိပ်တော်ရ ဦးဘအုန်း" ဟု ကြော်ကြားခဲ့ပေသည်။

"ကယ်လီ" နှစ်ဦးရှိရာ "တယ်လဗေါ့ကယ်လီ" သည် ရှေခင်းရေးဆရာဖြစ်ပြီး "ဂျီကယ်လီ" က ပုံတူရေးဆရာဖြစ်ပေသည်။ "တယ်လဗေါ့ကယ်လီ" ၏နည်းကို ဆရာကြီး

ဦးထွန်းလှက နည်းယူခဲ့ပြီး ဆက်လက်ကြိုးပမ်းခဲ့ရာ ၁၉၁၄ ခုနှစ် မတိုင်မီပြပွဲများတွင် ဆရာကြီးဦးထွန်းလှ ဆုနှစ်ဆု ဆွတ်ခူးနိုင်ခဲ့ပေသည်။

"ဂျီကယ်လီ" ကား ၁၉၃၇ ခုနှစ်က သီပေါစော်ဘွား စောအုံကြာ၏ခယ်မ "စောဘုန်းညွန့်" ကို ဘိလပ်တွင် ပုံတူရေးခြယ်ခဲ့ဖူးပြီး ယင်းပုံကို ပုံနှိပ်ထုတ်ဝေခဲ့ဖူးသည်။ လက်ရာကောင်း ဆီဆေးကားချပ်ဖြစ်သဖြင့် မြန်မာပန်းချီဆရာများ အတုယူရေးဆွဲခဲ့ကြဖူးသည်။ ပန်းချီ ပန်းပုကျောင်းဟူ၍ စနစ်တကျမပေါ်ထွန်းသေးသည့်ကာလမျိုးတွင် ရှေးမြန်မာပန်းချီဆရာများ လက်လှမ်းမီရာ လေ့လာရေးဆွဲခဲ့ကြရသည့် သာဓကများဖြစ်ပေသည်။

၁၉၂၄ ခုနှစ်တွင် ပုဂံ–ညောင်ဦး၌ အစိုးရက "ယွန်းကျောင်း" ကို ဖွင့်လှစ်ပေးရာ ပန်းချီပုံဆွဲနှင့် ဒီဇိုင်းပညာကို ပါ ပို့ချသင်ကြားပေးသဖြင့် ပန်းချီပုံဆွဲပညာ တဖြည်းဖြည်း နယ်ကျယ်လာသည့်သဘောဖြစ်ပေသည်။ ၁၉၂၂ မှ ၁၉၃၀ ပြည့်နှစ်အတွင်း ဦးဘညာဏ်နှင့် ဦးဘဇော်တို့ နှစ်ဦးအား ဘိလပ်သို့ ပန်းချီပညာတော်သင်စေလွှတ်ခဲ့ရာ ယင်းပုဂ္ဂိုလ်နှစ်ဦး၏ ကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံတွင် ဆီဆေးရေးခြယ်မှုနှင့် ရေဆေးရေးခြယ်မှုပညာရပ်များ စနစ်တကျ ထွန်းကားလာခဲ့သည်ဟု ဆိုရပါမည်။ ၁၉၁၅ ခုနှစ်ခန့် မှစ၍ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပုံဆွဲပညာကို သင်ကြားပေးလျက်ရှိပြီး ပုံဆွဲဆရာများကိုလည်း နှစ်တိုနှစ်ရှည်သင်တန်းပေး၍ မွေးထုတ်ခဲ့ရာ ၁၉၅၉ ခုနှစ်အတွင်း ပုံဆွဲဆရာ ၃၆၀ ခန့် ခန့်အပ်နိုင်ခဲ့ပေသည်။

၁၉၂၅ ခုနှစ်တွင် ဦးဘညာဏ်ပြုစုခဲ့သည့် မြန်မာဒီဇိုင်း ၅ တွဲခန့်ကို စာအုပ်ရိုက်နှိပ်ထုတ်ဝေပြီး ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းမှာလည်း ထူးခြားချက်တစ်ရပ်ဟု ဆိုရပေမည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပုံဆွဲပညာကို သင်ကြားပေးသော်လည်း အစိုးရက ဆေးရောင်စုံကိုင်ခွင့်မပြုပေ။ ဆေးရောင်စုံရေးဆွဲလိုသူ ကျောင်းသူကျောင်းသားများသည် မိမိတို့ လက်လှမ်းမီရာ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာပြီး နီးစပ်ရာဆရာများထံတွင် တပည့်ခံ၍ သင်ယူကြရပေသည်။

ပုံနှိပ်လုပ်ငန်းများ တစ်စတစ်စတိုးတက်လာသော်လည်း ၁၉၃၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံတွင် ရောင်စုံပုံ မနှိပ်နိုင်သေးပေ။ ရောင်စုံရိုက်နှိပ်လိုပါက အိန္ဒိယနိုင်ငံသို့ပေးပို့ပြီး ပုံနှိပ်ကြရပေသည်။ နိပါတ်၊ ပိုစတာ၊ ဒီဇိုင်းမျက်နှာဖုံးနှင့် ပုံတူ၊ ရှုခင်းရေးခြယ်သူများအပြင် တစ်ချပ်ချင်းအလှရေးဆွဲပြီး ရိုက်နှိပ်သည့်ပန်းချီကားများလည်း ရှိပေသည်။ ယင်းပန်းချီကားမျိုးကို ဦးဘလုံ၊ ဦးစောမောင်၊ ဦးလွန်းကြွယ်၊ ဆရာချုံနှင့် သားများက ရေးခြယ်လေ့ရှိကြပေသည်။ အများဆုံးတွင်ကျယ်သည့် ပန်းချီကားများမှာ ဘုရားကားနှင့် နတ်ကားများဖြစ်ကြပေသည်။ လူထုအများဆုံးဝယ်ယူအားပေးကြသည်မှာလည်း ဘုရားကားနှင့် နတ်ကားများသာ ဖြစ်ကြပေသည်။ အနုပညာထက် ကိုးကွယ်မှုအတွက် ဝယ်ယူကြခြင်းဖြစ်ပေရာ အနုပညာနှင့် လူထုမည်မျှ ထိတွေ့နီးစပ်လျက်ရှိသည်ကို အကဲခတ်နိုင်ပေသည်။

၁၉၃၉ ခုနှစ်တွင် အစိုးရက ပန်းချီပန်းပုနှင့် တူရိယာကျောင်းကို ဖွင့်လှစ်ပေးရာ ပါတော်မူပြီးနောက် ၅၃ နှစ်ခန့် အကြာတွင်မှ မြန်မာနိုင်ငံတွင် ယင်းကျောင်းမျိုး ပေါ်ထွန်းလာသည်ဟုမှတ်တမ်းတင်ရဖွယ်ရှိပေသည်။ "ပါမောက္ခဝါဒီ" တို့ လူစုက တက္ကသိုလ်တွင် "အနုပညာဌာန" တစ်ခု ပျိုးထောင်ရန် ကြိုးပမ်းကြသော်လည်း မအောင်မြင်ခဲ့ပေ။

မြန်မာပန်းချီလောကတွင် ပိုစတာ၊ ဒီဇိုင်း၊ ကြော်ငြာ၊ ပြက္ခဒိန်၊ မျက်နှာဖုံး၊ အတွင်းသရုပ်ဖော်၊ ခေါင်းစီး၊ ဇာတ်ကား၊ နတ်ကား၊ ဆက်တင်၊ ပုံတူ၊ ရှုခင်း၊ သက်ငြိမ်၊ ထီလက်မှတ်၊ ထီးပန်းရေး၊ ငွေစက္ကူ၊ တံဆိပ်ခေါင်းဒီဇိုင်း၊ နိပါတ်၊ မိတ်ကပ်၊ ဘုရားကား၊ အိမ်တွင်းအလှဆင် နံရံပန်းချီစသည်ဖြင့် ပန်းချီလုပ်ငန်းအမျိုးမျိုးနှင့် ပန်းချီဆရာအမျိုးမျိုးတို့ ပေါ်ထွန်းလာသည်ကိုလည်း မှတ်တမ်းတင်ကြရပေမည်။

ထို့အတူ မြန်မာ့ပန်းချီလောက တိုးတက်ထွန်းကားရေးအတွက် စာပေရှုထောင့်မှ ဝေဖန်ခဲ့ကြသည့် အမျိုးသားပညာဝန်ဦးဖိုးကျား၊ သိပ္ပံမောင်ဝ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘစိန်၊ ခေတ္တရာခင်မောင်သွင်၊ ရွှေကိုင်းသား အစရှိသည့် စာပေပညာရှင်တို့၏ ကျေးဇူးကိုလည်း ချပ်လှပ်မထား သင့်ပေ။

မင်းနိုင်






MYANMAR YEAR














[illegible] ခရီးဆွားလုပ်ငန်း

လူသား‌တို့သည် ရှေးယခင်ကာလကပင် ခရီးသွား‌ခြင်း‌ကို ပြုလုပ်ခဲ့ကြသည်။ လူသား‌အချင်း‌ချင်း‌ဒေသတစ်ခုမှ တစ်ခုသို့ ဆက်သွယ်သော‌အခါ ခရီးသွား‌လာခြင်း‌ကို ဆောင်ရွက်ကြရပါသည်။ ကုန်သွယ်မှုလုပ်ငန်း‌အတွက်သော်လည်း‌ကောင်း၊ သံတမန်ဆက်ဆံရေး‌အတွက်သော်လည်း‌ကောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံကူး‌လူး‌ဆက်ဆံခဲ့ကြသည်။ သည်နောက်ပိုင်း‌တွင် ဒေသန္တရဗဟုသုတရလိုခြင်း‌လည်း‌ကောင်း၊ စိတ်အပန်း‌ဖြေလိုခြင်း‌လည်း‌ကောင်း၊ အနာ‌ယူချင်ခြင်း‌လည်း‌ကောင်း၊ စီး‌ပွား‌ရေး‌လုပ်ငန်း‌အတွက်သော်လည်း‌ကောင်း၊ အုပ်စု အသင်း‌အဖွဲ့လိုက်၊ မိသား‌စုအလိုက်၊ ဌာနအလိုက်၊ အဖွဲ့အစည်း‌အလိုက် ခရီးသွား‌လာခဲ့ကြပါသည်။

ခရီးသွား‌လာခြင်း‌၏ အကျိုး‌ကျေး‌ဇူး‌များ‌ကို လူသား‌တို့သိရှိလာကြသည်။ ခရီးသွား‌လာခြင်း‌နှင့်ပတ်သက်၍ နယ်သစ်ရှာဖွေသူတစ်ဦး‌မှာ ခရစ်စတိဖာကိုလံဘတ်(စ်) ဖြစ်သည်။ သူသည် အီတလီနိုင်ငံသား‌တစ်ဦး‌ဖြစ်ပါသည်။ ကိုလံဘတ်(စ်)သည် အိပ်မက်ကို အကောင်အထည်ဖော်တတ်သူတစ်ဦး‌ဖြစ်သည်။ သူသည် တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ‌သို့ အနောက်ဘက်လမ်း‌ကြောင်း‌တစ်ခု ရှာဖွေရန် ကြိုး‌စား‌နေစဉ် အမေရိကကို အမှတ်မထင်တွေ့ရှိခဲ့သည်။ ထို‌အချိန်က ဥရောပလူမျိုး‌ ရေကြောင်း‌ထိန်း‌သူများ‌သည် တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ‌သို့ ပင်လယ်လမ်း‌ကိုရှာဖွေဖို့ ကြိုး‌စား‌နေကြသည်။ ကိုလံဘတ်(စ်)သည် ကမ္ဘာကြီး‌လုံး‌ဝန်း‌သည်ကို သိရှိခဲ့သူဖြစ်သည်။ ခရီးသွား‌လာခြင်း‌၏ သမိုင်း‌အစကိုဖော်ကျူး‌လျှင် ကိုလံဘတ်(စ်)သည် ချန်လှပ်၍ မရသော ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦး‌အဖြစ် လူသိများ‌ခဲ့သည်။


အာဆီယံနိုင်ငံများ‌၏ ကမ္ဘာလှည့်ခရီး‌သည်ဆွဲဆောင်သည့်နေရာများ

ကမ္ဘာပေါ်ရှိနိုင်ငံများ‌သည် ကမ္ဘာလှည့်ခရီး‌သည်လုပ်ငန်း‌ဖွံ့ဖြိုး‌တိုး‌တက်‌အောင် ဆောင်ရွက်ခြင်း‌ဖြင့် ခရီးသွား‌လာရေး‌လုပ်ငန်း‌ဖွံ့ဖြိုး‌တိုး‌တက်‌အောင် ဆောင်ရွက်နေကြပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အတုမရှိ ပြိုင်ဘက်ကင်း‌သော ကမ္ဘာလှည့်ခရီး‌သည် ဆွဲဆောင်မှုများ‌ ရှိကြပါသည်။ အထူး‌သဖြင့် အရှေ့တောင်အာရှတလွှား‌ ခရီးသွား‌လုပ်ငန်း‌ကို လေ့လာကြည့်လျှင် အာဆီယံနိုင်ငံအသီး‌သီး‌တွင် ကမ္ဘာလှည့်ခရီး‌သည် ဆွဲဆောင်မှုနေရာများ‌ ရှိကြပါသည်။

ဘရူနိုင်း‌ ဒါရုဆလမ်နိုင်ငံ၏မြို့တော် ဘန်ဒါဆရီဘီဂါဝမ် (Bandar Sen Begawan) တွင် တိုး‌ရစ်ဆွဲဆောင်သော နေရာများ‌ ရှိသည်။ ဥပမာ‌အား‌ဖြင့် အက်ဆန်နာဆိုမီး‌ယား‌ ငါး‌ပြတိုက်သည် အပူပိုင်း‌ဒေသငါး‌များ‌ကို အရောင်စုံစွာ ခင်း‌ကျင်း‌ပြသထား‌သဖြင့် ထူး‌ခြား‌ထင်ရှား‌သည်။ ထို့ပြင် ဘရူး‌နိုင်း‌ပြတိုက်တွင် တရုတ်ကြွေထည် မြေထည်နှင့် ကျောက်စိမ်း‌များ‌ကို ဆွဲဆောင်မှုရှိစွာ ခင်း‌ကျင်း‌ပြသထား‌ပြီး‌ အနုပညာဂုဏ်ပိုမြောက်သော ကြေး‌ညိုနှင့်ကြေး‌ဝါ နမူနာများ‌ကို မြင်တွေ့နိုင်ပါသည်။ တံစဖန် ကန်ပေါင်အေရာ (Kam Pong Ayer) ဟုခေါ်သော ရေလယ်ရွာ၏ နှစ်ခြိုက်စွဲငြိဖွယ်ရှုခင်း‌ကို အပေါ်စီး‌မှကြည့်ရင်း‌ တွေ့နိုင်သည်မှာ ဘန်ဒါဆရီဘီဂါဝမ်၏ အလယ်ဗဟိုရှိ အိုမာဘလီဆေဖူဒင်ဗလီဖြစ်သည်။ ယင်း‌ဗလီကို အာရှတိုက်ရှိ ဆွဲဆောင်မှုအရှိဆုံး‌ဗလီများ‌အနက် တစ်ခုအဖြစ် သတ်မှတ်ထား‌ပါသည်။ ထို့ပြင် ဘရူး‌နိုင်း‌နိုင်ငံ၏ အရှေ့ဘက်ဒေသရှိတမ်ဘူရောင်း‌တိရစ္ဆာန်ရုံတွင် အပူပိုင်း‌ဒေသ တောရိုင်း‌တိရစ္ဆာန်အမျိုး‌မျိုး‌ ရှိသည်။

ကမ္ဘောဒီး‌ယား‌နိုင်ငံ၏ အနောက်မြောက်ဘက်တွင် တည်ရှိသော အန်ကောဝပ်ဘုရား‌ကျောင်း‌သည် ကမ္ဘာပေါ်တွင် အကြီး‌မား‌ဆုံး‌ဘုရား‌ကျောင်း‌ဖြစ်ပြီး‌ ၁၂ ရာစု ဟိန္ဒူဘာသာ၏စိတ်ကူး‌ဉာဏ်ကွန့်မြူး‌ထား‌မှုကို ဖော်ပြသည်။ ထို့ကြောင့် ကမ္ဘာလှည့်ခရီး‌သည်များ‌ စိတ်ဝင်တစား‌လာရောက်ကြသည်။ ထို့ပြင် တော်ဝင်နန်း‌တော်အတွင်း‌ရှိ ငွေရောင်ဘုရား‌ (The Silver Pagoda) သည် ရင်ပြင်တော်အခင်း‌ကြောင့် ထူး‌ခြား‌နေပြီး‌ ရင်ပြင်တော်ကို ငွေပြား‌ ၅၀၀၀ ဖြင့် ပြုလုပ်ထား‌သည်။ ခြံဝင်း‌ကို ကာရံထား‌သော နံရံများ‌ကို ရင်း‌မ်ခါဟုခေါ်သော ခမာဘာသာဖြင့် ပြန်ဆိုထား‌သည့် ရာမယနဇာတ်တော်ထဲမှ ဇာတ်ကွက်များ‌ကို သရုပ်ဖော်ထား‌သော နံရံပန်း‌ချီများ‌နှင့် ခြယ်မှုန်း‌ထား‌သည်။ တော်ဝင်နန်း‌တော်၏ မြောက်ဘက်တွင် ကပ်လျက်တည်ရှိသော အမျိုး‌သား‌ပြတိုက်သည် ဖနွမ်း‌ပင်ဗိသုကာပညာ၏ အနုပညာဂုဏ် အမြောက်ဆုံး‌ကို ကိုယ်စား‌ပြုထား‌သည်။ ပြတိုက်အတွင်း‌၌

ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားရာပုဂံ



ကျိုက်ထီးရိုး

အင်းလေး

ဖ ရာစုမှ ၁၃ ရာစုအတွင်းက ဖန်တီးခဲ့သော အနုပညာလက်ရာ ၅၀၀၀ ကျော်ကို ခင်းကျင်းပြသထားသည်။ ဤသို့ဖြင့် ခရီးသွားဧည့်သည်များသည် အာရှတိုက်၏ အကြွယ်ဝဆုံးသော ယဉ်ကျေးမှုများကို ခံစားနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ထူးခြားချက်မှာ သဲသောင်ကမ်းခြေများနှင့် အေးမြသောတောင်ကုန်း တောင်တန်းများ၏ အလယ်တွင် ရှိခြင်းပင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကမ္ဘာ့အံ့ချီးဖွယ်ရာများအနက် တစ်ခုဖြစ်သည့် ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဘာသာဘုရားကျောင်းရှိသည်။ ယင်းဘုရားကျောင်းကို ကိုးရာစုအတွင်းက တည်ခဲ့ပြီး ဂျာဗားကျွန်းကန်ဒီဘိုရိုဘုဒါမှာ ရှိသည်။ ထို့ပြင် သည်းထိတ်ရင်ဖိုဖွယ်ကောင်းသော နွားထီးပြိုင်ပွဲကြည့်ရန် ဆူရာဘားနားမြို့ကြီးမှ မဒူရာသို့ခရီးတိုကြိုပို့ယာဉ်စီးပြီး သွားနိုင်သည်။ ဆူလ်တန်နန်းတော်များကို ဘိုးဘွားအမွေအနှစ်အဖြစ် တွေ့မြင်နိုင်သည်။ အနောက်ဘက်ဆူးမားတြားတွင် အင်ဒိုနီးရှား၏ အကြီးမားဆုံးသော အမျိုးသားဥယျာဉ်ကြီးကို တွေ့ရှိနိုင်သည်။

လာအိုနိုင်ငံတွင်လည်း ရိုးရာနှင့်ယဉ်ကျေးမှုများ ပေါကြွယ်ဝသည်။ စေတီပုထိုးများနှင့် သမိုင်းဝင်နေရာများအပြင် ကြီးမားလှစွာသော ဗုဒ္ဓရုပ်ပွားတော်နှင့်အတူ ကျောက်ကြားလှသည့် ဝပ်ဆီဆာခက် (Wat Sisa Ket) တွင် ဘုရားကျောင်းက ဆွဲဆောင်မှုရှိသည်။ ထို့ပြင် နံရံများကို မြရတနာများ၊ နံရံပန်းချီများဖြင့် စီခြယ်ထားသည့် သက်တမ်းရင့်လှပြီဖြစ်သော ဟိုတိုင်စာကြည့်တိုက် (Hotai Library) သည်လည်း ကြည့်ရှုဖွယ်ရာနေရာဖြစ်သည်။ ယင်းဘုရားကျောင်းသို့ အလည်မရောက်လျှင် ဗီယန်ကျင်းမြို့တော်၏ နှလုံးသားကို မြင်ဖူးလိမ့်မည်မဟုတ်ဟု ဆိုကြသည်။

မလေးရှားနိုင်ငံသည် လန်ကာပီ၊ ဟန်းကော်၊ တီအိုမန်ကျွန်း၊ ဆာရာဝက်ရှိ ဒါမိုင်းကမ်းခြေနှင့် ပီနန်ဒေသများရှိ သာယာလှပသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများကြောင့် ကမ္ဘာ့လည်ခရီးသည်များအကြား နာမည်ကျော်ကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မက်ထရိမနီလာတစ်ဝိုက်တွင် တွေ့မြင်နိုင်သည့် ဆွဲဆောင်ညှို့ငင်နိုင်သော ဘုရားကျောင်းများမှာ ရက်ဗီဒီးစ်မယ်တော်၏ ရုပ်တုရှိရာ မာလိတ်ဘုရားကျောင်း၊ တစ်ခုလုံးကို ဝါးဖြင့်ပြုလုပ်ထားသည့် သက်တမ်း ၁၆၅ နှစ်ကြာပြီဖြစ်သော လေမှုတ်စန္ဒရား (အော်ဂင်) ရှိရာ လပ်စဗီနပ်စ်ဘုရားကျောင်းတို့ဖြစ်သည်။

စင်ကာပူနိုင်ငံ၏ ဆင်တိုဆာအပန်းဖြေကျွန်းသည် အနုပညာရသအမြောက်ဆုံးသော ဆွဲဆောင်မှုများဖြင့် ကမ်းလင့်နေသည်။ ထိုဆွဲဆောင်မှုများတွင် စင်ကာပူ၏ နိမိတ်ပုံဖြစ်သော ၃၇ မီတာမြင့်သည့် ရေသူမခြေသုံး၊ ထင်ရှားကျော်ကြားသည့် ဂီတသံစဉ်ဖြင့် ယိမ်းနွဲ့ကပြသည့် ရေပန်းပဒေသာ၊ ရေအောက်ကမ္ဘာ၊ စိတ်ကူးယဉ်ကျွန်း၊ မီးတောင်ဒေသ၊ လိပ်ပြာဥယျာဉ်၊ အင်းဆက်ကင်ဒိုပြတိုက်၊ ဆင်တိုဆာသစ်ခွပန်းခြံနှင့် အာရုဏ္ဍာတို့ပါဝင်သည်။ ခရီးသွားဧည့်သည်များကို ဆွဲဆောင်သည့် ၂၀ ဟက်တာ ကျယ်ဝန်းပြီးလှပသည့် ဂျူရောင်းငှက်ဥယျာဉ်သည် အရှေ့တောင်အာရှတွင် အကြီးမားဆုံးငှက်ဥယျာဉ်ဖြစ်သည်။ မျိုးစိတ် (၆၀၀) မှ ငှက် (၈၀၀၀) ကျော်တို့ နေထိုင်စံပျော်ရာ အိမ်ဂေဟာဖြစ်သည်။ ဂျူရောင်းငှက်ဥယျာဉ်အတွင်းရှိ သာလွန်ထူးခြားသော အချက်မှာ လူသားတို့ဖန်တီးပြုလုပ်ထားသည့် ကမ္ဘာ့အမြင့်ဆုံး ရေတံခွန်ကြီး ရှိနေခြင်းပင်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် မြဘုရားသည် ကမ္ဘာလှည့်ခရီးသည်များ မသွားမဖြစ်သောနေရာဖြစ်သည်။ ပတ်တယားနှင့် ဖူးခက်ဒေသများရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသည် ရေငုပ်ကိရိယာဖြင့် ရေငုပ်ခြင်းနှင့် ရေလွှာလျှောစီးခြင်းမှသည် ဂေါက်သီးရိုက်ခြင်းအထိ အမျိုးမျိုးအဖုံဖုံ စုံလင်လှသော အားကစားလှုပ်ရှားမှုများဖြင့် ခရီးသွားဧည့်သည်များကို ဖိတ်ခေါ် ဆွဲ ဆောင်နေပါသည်။

ဗီယက်နမ်နိုင်ငံတွင် ဟန္နိုင်းမြို့တွင်ရှိသော ယဉ်ကျေးမှု အထိမ်းအမှတ်ကျောက်တိုင်များကို ကြည့်ရှုနိုင်ပါသည်။ သမိုင်းထင်၍ ယဉ်ကျေးမှုဆိုင်ရာ အရေးပါသည့် အခြားထူးခြားထင်ရှားသည့် နေရာများမှာ ခံတပ်ဟောင်း၊ သမ္မတနန်းတော်၊ ဟိုချီမင်းဗိမာန်၊ ဘဒင့်ပန်းခြံနှင့် ကွန်းဘတ်တန်း(စ်) အထိမ်းအမှတ် ကျောက်တိုင်တို့ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး


"ရွှေနိုင်ငံ" ဟုခေါ်သော မြန်မာနိုင်ငံသည် ရွှေရောင်တဖိတ်ဖိတ်တောက်ပသော စေတီပုထိုးများ၊ ကြီးမားကျယ်ဝန်းလှသည့် သစ်တောကြီးများရှိရာဒေသများနှင့် အလွန်ကြီးမားသော တွင်းထွက်သံယံဧာတ သိုက်များရှိရုံသာမက မြန်မာတို့၏ ညှဉ်တက်ကျပွန်တတ်မှုကြောင့် လူသိများထင်ရှားသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များအတွက် ဆွဲဆောင်မှုရှိသော နေရာများစွာရှိသည်။ မြို့တော်ရန်ကုန်

တွင် ရှေတိုဂုံကဲ့သို့သော သမိုင်းဝင်စေတီပုထိုးများ၊ ပြတိုက်များ၊ ဥယျာဉ်များနှင့် အပန်းဖြေစရာနေရာများရှိသည်။ မြန်မာတို့၏ မင်းနေပြည်တော် မန္တလေးမြို့တွင်လည်း မဟာမြတ်မုနိဘုရားနှင့် စေတီပုထိုးများရှိသည်။ ထိုမှ တစ်ဆင့် ဦးပိန်တံတားနှင့် ပြင်ဦးလွင်မြို့များသို့ ခြေဆန့်နိုင်သည်။

သက်သေ သာဓကတစ်ခုဖြစ်သည့်အပြင် အာရှတိုက်ရှိ ရှေးဟောင်းသုတေသန ပညာရပ်ဆိုင်ရာ ရတနာသိုက်များအနက် တစ်ခုဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များ နှစ်သက်သောနေရာတစ်ခုမှာ အင်းလေးကန်ဖြစ်သည်။ အင်းလေးကန်၏ ကျော်ကြားလှသော ခြေဖြင့်လှော်သည့်ဓလေ့ကို မြင်တွေ့ရမည်ဖြစ်သည်။




ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားရာ ပုဂံမြေတစ်နေရာ

ရောဝတီမြစ်ကမ်းတစ်လျှောက်တွင် တကောင်း၊ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ အင်းဝ၊ ပုဂံနှင့် ပြည်မြို့စသော မြန်မာဘုရင်များ၏ ရှေးဟောင်းမြို့တော်များကို လေ့လာနိုင်သည်။ ထောင်ပေါင်းများစွာသော ရှေးဟောင်း စေတီပုထိုးများရှိရာ ပုဂံမြို့သည် ကမ္ဘာ့အံ့ဖွယ်ရာများအနက် တစ်ခုအဖြစ် ကမ္ဘာလှည့်ခရီးသည်များ အသိအမှတ်ပြုရာ မြို့ဖြစ်သည်။ ရှေးဟောင်းစေတီပုထိုး (၂၀၀၀) ကျော်နှင့် အတူ သက်တမ်း ၁၂၀၀ တိုင်ခဲ့ပြီဖြစ်သော ပုဂံမြို့သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပေါများကြွယ်ဝမှုကို ဖော်ပြသော


မြန်မာနိုင်ငံရှိ အခြားသောအဓိက ကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်ရာနေရာများမှာ ငပလီ၊ မောင်းမကန်၊ ကမ်းသာယာနှင့် ငွေဆောင်ကဲ့သို့သော ရှည်လျားပြီး ဖြူလွလွသဲသောင်များရှိရာ ပျက်စီးယိုယွင်းခြင်းမရှိသေးသည့် ပင်လယ်ကမ်းခြေများဖြစ်သည်။ ထိုနေရာများတွင် အဏ္ဏဝါဆိုင်ရာ သက်ရှိများကို လေ့လာနိုင်သည်။

မြန်မာနိုင်ငံသည် စွေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောက်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားနိုင်ငံ

မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း



သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အရေးပါသောခါကာဘိုရာဇီတောင်ထိပ်မြင်ကွင်း



ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရာ ငပလီကမ်းသာ

များနည်းတူ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ဤတွင် ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပမှကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရန်အရေးကြီးပါသည်။ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီသည် ခရီးသွားလာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီအား အထောက်အကူပြု ဆောင်ရွက်နိုင်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော၊ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းကော်မတီသည် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ အမြောက်အမြား လာရောက်လည်ပတ်နိုင်ရန် ရည်ရွယ်လျက် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းကော်မတီ (Nature Tourism Cormittee) ကို အထောက်အကူပြုနိုင်ရန် အဖွဲ့ဝင် (၅) ဦးပါဝင်သော သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းအထောက် အကူပြုလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဆိုဖီတယ်ပလာဇာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းအကြောင်း ဟော်ပြောရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ဤသို့ဖြင့် ယင်းလုပ်ငန်းကို နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုသိရှိရေးကို မီဒီယာများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစခန်းများ ဖွင့်လှစ်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိနေပြီဖြစ်ပါသည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစခန်းများ

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆပ်ကော်မတီသည် အောက်ဖော်ပြပါ သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်းစခန်း (၁၅) ခုကို သတ်မှတ်ထားပါသည်။

၁။ ရန်ကုန်တိုင်းရန်ကုန်ပြည်နယ်
၂။ လှော်ကားဧရိယာ
၃။ အလောင်းတော်ကသပ အမျိုးသားဥယျာဉ်
၄။ ပုပ္ပါးတောင်ဥယျာဉ်
၅။ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
၆။ စိမ်ရေသစ်တောစခန်း (ရိုးမဖြတ်ကျော်လမ်း)
၇။ မိုးယွန်းကြီးအင်း ဘေးမဲ့တော
၈။ အင်းလေးကန်ဘေးမဲ့တော
၉။ အမျိုးသားကန်တော်ကြီးဥယျာဉ်
၁၀။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
၁၁။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
၁၂။ မြိုင်ဟဝန် ဆင်စခန်း
၁၃။ နတ်မတောင် အမျိုးသားဥယျာဉ်
၁၄။ ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
၁၅။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်

၁။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်

ရွှေတိုက်စေတီတော်မြတ်ကြီး၏ အရှေ့တောင်ဘက် ၅ ဖာလုံခန့်အကွာတွင် တည်ရှိ၍ ဧရိယာအား ဖြင့် ၆၉.၂၅ ဧက ကျယ်ဝန်းပါသည်။ ၁၉၀၆ ခုနှစ်၊ ဇန်နဝါရီလ တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ရံန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ပြည်သူများအပန်းဖြေအနားယူရန်နှင့် ဗဟုသုတရရှိမှီးနိုင်ရန်၊ ကျောင်းသားကျောင်းသူများ သတ္တဗေဒနှင့် ရက္ခဗေဒဆိုင်ရာ ပညာရှာမှီးရာတွင် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန်ကျေးငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက် စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရှားပါးသောတောရိုင်းတိရစ္ဆာန်ကျေးငှက်များအား မျိုးဆက်ထိန်းသိမ်းရန်အတွက် သားဖောက်မျိုးပွားရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပြသထားပါသည်။

၂။ လှော်ကားဥယျာဉ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့တွင် တည်ရှိပြီး ဥယျာဉ်ဧရိယာ ၈၁၈ ဧက၊ တိရစ္ဆာန်ဥယျာဉ်ငယ် ၆၂ ဧက၊ ကြားခံကာကွယ်တော ၆၆၀ ဧက၊ စုစုပေါင်း ဧရိယာအားဖြင့် ၁၅၄၀ ဧက ကျယ်ဝန်းပါသည်။ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အရိပ်အဝါသကောင်းသော မြက်ခင်းနေရာများတွင် ကလေးများ လွတ်လပ်စွာကစားနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ သိရှိလေ့လာနိုင်ခြင်း၊ သမင်၊ ဒရယ်၊ ချေ၊ ဆတ် စသည့် တိရစ္ဆာန်များ၏ သဘာဝအတိုင်း နေထိုင်ကျက်စားမှုကို လေ့လာနိုင်ခြင်း၊ အပန်းဖြေစခန်းများ၊ တိုင်းရင်းသားရိုးရာတဲများဌာနားနေအပန်းဖြေနိုင်ခြင်း၊ ဆင်စီးခြင်း၊ အပျော်စီး လှေစီးခြင်းတို့ကို ခံစားနိုင်ပါသည်။

ကျောင်းသားကျောင်းသူများနှင့် သတ္တဗေဒပညာရှာမှီးလိုသူများအနေဖြင့် တောရိုင်းတိရစ္ဆာန် ကျေးငှက်တို့၏ နေထိုင်စားသောက် မျိုးပွားပုံများ၊ ရက္ခဗေဒပညာရပ်နှင့် ပတ်သက်၍ အပင်မျိုးစုံတို့၏ အခြေအနေများကို အလွယ်တကူလေ့လာမှတ်သားခြင်း စသည်တို့ကိုပြုလုပ်နိုင်ပါသည်။ ဥယျာဉ်အတွင်းရှိ ကန်သဘာအတွင်း အပျော်စီးစက်လှေ ၄ စီးဖြင့် အများပြည်သူများ အပျော်စီးအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

၃။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်

စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်နှင့် ကနီမြို့နယ်အတွင်းတွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၆၂၀.၃၅ စတုရန်းမိုင် ၃၉၇၀၂၄ ဧက ကျယ်ဝန်းပါသည်။ ၁၉၄၂ ခုနှစ်တွင် ဘေးမဲ့တောအဖြစ်စတင်တည်ထောင်ခဲ့ပါသည်။ ခေတ်မီသဘာဝသုတေသနပြုခြင်း၊ ကျားသတ္တဝါများ ထိန်းသိမ်းရေးလုပ်ငန်းကိုလေ့လာခြင်း၊ ကုန်းပိုင်းဌာနေငှက်မျိုးစိတ်များကို လေ့လာကြည့်ရှုခြင်း၊ အမျိုးသားဥယျာဉ် ဧရိယာအတွင်း အင်တိုင်းတောမျိုးနှင့် ထင်းရှူးတောမျိုး တစ်ဆက်တစ်စပ်တည်း ပေါက်ရောက်မှုအခြေအနေများကို လေ့လာသုတေသနပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

၄။ ပုပွားတောင်ဥယျာဉ်

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်မြောက် လတ္တီတွဒ် ၉၅၀ ၁၅' အရှေ့လောင်ဂျီတွဒ် ၂၀ ၅၃' တွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၄၉.၆၃ စတုရန်းမိုင်၊ ၃၁၇၆၃ ဧကကျယ်ဝန်းပါသည်။ ၁၉၈၃ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပုပွားတောင်ဥယျာဉ်အဖြစ် ဖွင့်လှစ်ခဲ့ပါသည်။ အပူပိုင်းဂေဟစနစ်



ခရီးသွားရင်း အပန်းဖြေစရာ ငပလီတစ်နေရာ

ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒများနှင့် အညီ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ခြင်းလုပ်ငန်းကို ၁၉၈၄ ခုနှစ်၌ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ရှင်မဟာကဿပမထေရ် မြတ် စံပယ်ကိန်းဝပ်တော်မူရာနေရာဒေသသို့ ဖူးမြော်ခြင်း၊ ပျက်စီးမှုအနည်းဆုံးအခြေအနေတွင်ရှိသည့် မြန်မာနိုင်ငံ အဓိကသစ်တောအမျိုးအစားများစွာကို ကွင်းဆင်းလေ့လာနိုင်ခြင်း၊ (Dry Zone Ecosystem) လေ့လာခြင်း၊ ငှက်မျိုးစုံနှင့် အခြားတောရိုင်းတိရစ္ဆာန်တို့ကို လေ့လာခြင်း၊ အပူပိုင်းဇုန်ဒေသအတွင်း အိုအေစစ်သဖွယ်တည်ရှိနေသော သဘာဝရေမြေတောတောင်များ၏ ရှုခင်းအလှအပများခံစားခြင်း၊ စန္ဒကူးသစ်မျိုးများ သဘာဝအတိုင်း ပျံ့နှံ့ပေါက်ရောက်မှုအခြေအနေလေ့လာခြင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၃၂၀၀၀ ခန့်ကမ်းတောင်ဟောင်းနေရာဒေသတစ်ခုဖြစ်သဖြင့် ဘူမိ

အနေအထား၊ နှင့် သဘာဝတွင်းထွက်ကျောက်များ၊ လေ့လာနိုင်ခြင်း၊ ပုပ္ပား၊တောင်ဝန်းကျင်၌ သဘာဝတောလမ်းများအတိုင်း၊ ခြေလျင်ခရီးသွားနိုင်ခြင်း၊ မြင်းစီး၍လေ့လာနိုင်ခြင်း၊ ပရဆေး၊ ဆေးဖက်ဝင်အပင်နှင့် နွယ်ပင်များလေ့လာနိုင်ခြင်း၊ နှင့် ကွင်းဆင်းလေ့လာ ဖော်ထုတ်သုတေသနပြုနိုင်ခြင်း၊ သဘာဝရှုခင်းများကို ကား၊ မြင်း၊ ခြေလျင်ခရီးစသည်ဖြင့် ခံစားနိုင်ခြင်း၊ ဂေါက်သီး၊ရိုက်ကစားနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ပညာပေးအဆောက်အအုံကို လေ့လာကြည့်ရှုနိုင်ခြင်း စသည့်သဘာဝအနေအထားများ ရှိပါသည်။

၅။ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

မကွေးတိုင်း၊ မင်းဘူး၊ စေတုတ္တရာ၊ စကုန့် ငဖဲမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၂၀ ၁၂' အရှေ့လောင်ဂျီတွဒ် ၉၄ ၃၅' တွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၂၁၃.၄ စတုရန်းမိုင် ၁၃၆၅၇၆ ဧက ကျယ်ဝန်းပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ခြေတော်ရာကို ဖူးမြော်ခြင်း၊ မြန်မာ့ရှေးသမင်များ၏ သဘာဝနေထိုင်ကျက်စားမှု အခြေအနေများ လေ့လာခြင်း၊ အပူပိုင်းဂေဟစနစ် (Dry Zone Ecosystem) ကို လေ့လာခြင်း၊ သားငှက်တိရစ္ဆာန်မျိုးစုံကို လေ့လာခြင်း၊ မြန်မာ့ရှားပါးတိရစ္ဆာန် တွား သွား သတ္တဝါတစ်မျိုးဖြစ်သော ကြယ်လိပ်၏ သဘာဝနေထိုင်ကျက်စားမှု အခြေအနေများ လေ့လာခြင်း၊ ချင်းတိုင်းရင်းသားများ၏ ဓလေ့ထုံးစံများကို လေ့လာခြင်း စသည်တို့ပြုလုပ်နိုင်ပါသည်။

၆။ စိမ်ရေသစ်တောစခန်း (ရိုးမဖြတ်ကျော်လမ်း)

ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ခပေါင်းကြီးဝိုင်း အကွက်အမှတ် ၂၁၉ အတွင်း မြောက်လတ္တီတွဒ် ၁၉ ၅၁' ၃၀" အရှေ့လောင်ဂျီတွဒ် ၉၆ ၁၀' ၂၀" တွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၁၀၂ ဧက ကျယ်ဝန်းပါသည်။ ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ သဘာဝကျွန်းတောများ လေ့လာခြင်း၊ သဘာဝသစ်ခွပင်များ လေ့လာခြင်း၊ သစ်လုပ်ငန်းသုံး ဆင်များနှင့် ဆင်ဖြင့်သစ်ထုတ်လုပ်ငန်းများကို လေ့လာခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားမှုကို တောတွင်းလှည့်လည်လေ့လာခြင်း၊ ထူးခြားသော တောတွင်းစခန်း အပန်းဖြေအနာယူမှုများကို ပြုလုပ်နိုင်ပါသည်။

၇။ မိုးယွင်းကြီးအင်း ဘေးမဲ့တော

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၁၇ ၃၄' အရှေ့လောင်ဂျီတွဒ် ၉၆ ၃၅' တွင် တည်ရှိပြီး၊ ဧရိယာအား ဖြင့် ၄၀ စတုရန်းမိုင်၊ ၂၅၆၀၀ ဧက ကျယ်ဝန်းပါသည်။ ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ရန်ကုန်မြို့တော်နှင့် အနီးဆုံးရေတိမ်ဒေသတစ်ခုဖြစ်ပြီး ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များကို လေ့လာကြည့်ရှုခြင်း၊ သဘာဝအရသာခံစားခြင်း၊ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ရေတိမ်ဒေသဂေဟစနစ်ဖြစ်စဉ်များ သုတေသနပြုလေ့လာခြင်း၊ လှေဖြင့် သဘာဝအရသာကို ခံစားရင်း ရေဝပ်ဒေသ ပတ်ဝန်းကျင်ကို လေ့လာခြင်းများကို ပြုလုပ်နိုင်ပါသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောအတွင်း ပွင့်လင်းရာသီ၌ ဆောင်းခိုငှက်များ ရောက်ရှိ ကျက်စားချိန်၌ ကမ္ဘာလှည့် ခရီးသည်များ လာရောက်လေ့လာသည့်အခါ သွားလာနိုင်ရန် လူသွားလမ်းစကြံပြုပြင်မွမ်းမံခြင်း၊ ညအိပ်တည်းခိုနိုင်သော လှေအိမ် ၉ လုံး ဆောက်လုပ်ခြင်း၊ လူသွားစကြံလမ်း တစ်လျှောက် အပင်ကြီးများ စိုက်ပျိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

လာရောက်လေ့လာသော ငှက်ဝါသနာရှင်များအား ရှင်းလင်းပြသရန် ငှက်ကျွမ်းကျင်သောဝန်ထမ်းများအား လေ့ကျင့်ပညာပေးထားသည်။ ခရီးသွားလုပ်ငန်းကုမ္ပဏီများအနေဖြင့် ရန်ကုန်မြို့မှ နေ့ချင်းပြန်ရောက်သွားသည့် ခရီးစဉ်များကို ဆောင်ရွက်လျက်ရှိနေသည်။

၈။ အင်းလေးကန် ဘေးမဲ့တော

ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေ၊ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၂၀ ၁၀' အရှေ့လောင်ဂျီတွဒ် ၉၇ ဝ၂' တွင် တည်ရှိပြီး၊ တောင် – မြောက် အလျား ၅၀ မိုင်ကျော်၊ အရှေ့– အနောက်အလျား ၁၂ မိုင် ရှိ၍ ဧရိယာအားဖြင့် ၂၄၈ စတုရန်းမိုင်၊ ၁၅၈၇၂၀ ဧက ကျယ်ဝန်းပါသည်။ ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ တွင် တည်ရှိသော ရေတိမ်ဒေသဖြစ်၍ ရေတိမ်တောဂေဟစနစ်ကို လေ့လာနိုင်ခြင်း၊ ရှမ်းကုန်းမြေမြင့်၏ တောင်ပေါ်ဒေသရှုခင်းများကို လေ့လာခံစားနိုင်ခြင်း၊ ငှက်မျိုးစုံလင်စွာ လေ့လာကြည့်ရှုနိုင်ခြင်း၊ သုတေသနပြုနိုင်ခြင်း၊ အခြားနိုင်ငံများတွင် မတွေ့နိုင်သော ငါးဖွဲ၊ ငါးသဖွဲ၊ ငါးခူရှင်ဖ စသည့်ငါးများ၏ နေထိုင်ကျက်စားမှုကို လေ့လာနိုင်ခြင်း၊ အင်းသားတို့၏ ရိုးရာကျွန်းမျောများကို အသုံးပြု၍ ရေပေါ်စိုက်ခင်းများ တည်ထောင်စိုက်ပျိုးမှုစနစ်ကို လေ့လာနိုင်ခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ထူးခြားသော လူနေမှုစနစ်၊ ရိုးရာဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်မှုများကို လေ့လာနိုင်ခြင်း၊ တိုင်းရင်းသားများ၏ လှေကိုခြေဖြင့် လှော်



ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် ပါဝင်သော ခါကာဘိုရာဇီတောင်သို့ တက်၍ ဤသို့လေ့လာနိုင်သည်

ခတ်သည့် ထူးခြားသောဓလေ့ကို လေ့လာနိုင်ခြင်း၊ အထူးသဖြာယ်သော ရေလယ်ဘုရားကို ဖူးမြော်ကြည်ညိုနိုင်ခြင်း စသည့် သဘာဝအနေအထားများရှိပါသည်။


၉။ အမျိုးသားကန်တော်ကြီးဥယျာဉ်

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့အတွင်း မြောက်လတ္တီတွဒ် ၂၂ဝ' အရှေ့လောင်ဂျီတွဒ် ၉၆° ၃ဝ' တွင် တည်ရှိပြီး၊ ဧရိယာအား ဖြင့် ၄၃၆.၉၆ ဧက ကျယ်ဝန်းပါသည်။ ၁၉၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရက္ခဗေဒဘာသာရပ်ဆိုင်ရာ လေ့လာမှုများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ရာသီဥတုအေးမြ၍ အပန်းဖြေအနားယူနိုင်ခြင်းတို့ကို ခံစားနိုင်ပါသည်။

တစ်နှစ်ပတ်လုံးစိုက်ပျိုးသည့် ပန်းများအတွက် ပန်းပေါင် ၂ဝဝ၊ ဝါးစိုက်ကွက်နှင့် ရာသီအလိုက်ပွင့်သော အပင်ကြီးမျိုး ၁၆ မျိုး၊ အပင်ပေါင်း ၂၄ဝ စိုက်ပျိုးထားသည်။ တစ်နိုင်ငံလုံးမှစုဆောင်းထားသော မြန်မာ့သစ်ခွမျိုးစိတ်ပေါင်း ၁၄၆ မျိုးကို အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ခရီးသွားဧည့်သည်များ လေ့လာနိုင်သည်။

၁ဝ။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၁၆° ဝ၅' အရှေ့လောင်ဂျီတွဒ် ၁၉° ၁၈' တွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၅၃.ဝ၇၉ စတုရန်းမိုင်၊ ၃၃၉၇၁ ဧကကျယ်ဝန်းပါသည်။ ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒီရေတောများ၏ ဂေဟစနစ်ကို လေ့လာနိုင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းနည်းဖြင့် ဒီရေတောပြုစုထိန်းသိမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အခြေအနေများကို လေ့လာနိုင်ခြင်း၊ ရေပျော်ငှက်များ ကုန်းတွင်းပိုင်းဌာနေငှက်များ၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသော ဆောင်းခိုငှက်များကို လေ့လာကြည့်ရှုနိုင်ခြင်း၊ မိကျောင်းအပါအဝင် တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများနှင့် ရေနေသတ္တဝါများတို့၏ သဘာဝနေထိုင်ကျက်စားမှု အခြေအနေများကို လေ့လာနိုင်ခြင်း၊ နိဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလများအတွင်း ဘေးမဲ့တောမှ ၁ဝ မိုင်ခန့်ဝေးသော ကဒုံကလေး၊ လိပ်သောင်သို့သွားရောက်၍ ပင်လယ်လိပ်ကြီးများ ဥဥချခြင်းကို လေ့လာနိုင်ခြင်း၊ ပင်လယ်ပြင်ကို အမှီပြု၍ အသက်



ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တောတောင်ရှုခင်းအလှကို ခံစားနေသောကမ္ဘာလှည့်ခရီးသည် မိသားစု

မွေးဝမ်းကျောင်းပြုနေသော ပတ်ဝန်းကျင်ပြည်သူများ၏ လူနေမှုဘဝကို လေ့လာနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

၁၁။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ခရိုင်၊ မိုးညှင်းမြို့နယ်တွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၂၉၉.၃၂ စတုရန်းမိုင်၊ ၁၉၁၅ခု.ဂ ဧက ကျယ်ဝန်းပါသည်။ ၁၉၉၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။

အင်းတော်ကြီးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အင်းတော်ကြီးကန်အတွင်းရှိ ရွှေမဉ္ဇူဘုရားကို ဗဟိုပြု၍ ၁၁ မိုင်ပတ်လည်ရှိ ဧရိယာအတွင်း လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်စိမ်းကိန်းကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စိမ်းကိန်းကြီးကြပ်မှုကော်မတီကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၀ ပြည့်နှစ်၊ နိဝင်ဘာလတွင် ဖွဲ့စည်းပေးခဲ့သည်။

ဓမ္မတာမျိုးဆက်ခြင်း ဧက ၂၅၀၀၊ ဒေသခံပြည်သူအများ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း ဧက ၂၀၀၊ ပျိုးပင်များ ပျိုးထောင်ဖြန့်ဝေပေးခြင်း အပင် ၁၀၀၀၀၀ အသီးသီးဆောင်ရွက်ပြီးစီး၍၊ ပညာပေးမေတ္တာရပ်ခံချက်၊ တားမြစ်ချက်ဆိုင်းဘုတ် အချပ် ၁၀၀ စိုက်ထူခြင်း၊ ငှက်စာကျက် ငါးဧကတည်ထောင်ခြင်း၊ ငှက်မျှော်စင်တစ်လုံး ဆောက်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်သည်။

၁၂။ မြို့ဝင်ဟောင်း ဆင်စခန်း

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာမှ ၁၂ မိုင်ကွာဝေးသော နေရာတွင် တည်ရှိပြီး ဧရိယာအား ဖြင့် ၁၀ ဧက ကျယ်ဝန်း၍ ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ လဟာမငယ်အင်းရှိ၍ ငါးများ၊ ရေနေသတ္တဝါများ လေ့လာခြင်းနှင့် ငါးမျှားအပန်းဖြေခြင်း၊ ဆင်တဲအနီး ပျဉ်းကတိုးစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှု၍ သဘာဝကျေးငှက်များ၏အသံကို နားထောင်နိုင်ခြင်း၊ တောလမ်းခရီးကြမ်းနှင့် တောင်တက်ခြင်း၊ အိမ်ဆင်များ လိမ္မာယဉ်ကျေးအောင် သင်ကြားပုံကို လေ့လာနိုင်ခြင်း၊ စခန်းပတ်ဝန်းကျင်အပျော်ဆင်စီးခြင်း၊ တောဆင်ရိုင်းဖမ်းဆီးခြင်းတို့ကိုကြည့်ရှုလေ့လာနိုင်သည်။

၁၃။ နတ်မတောင် အမျိုးသားဥယျာဉ်

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၂၁ ၂၄' အရှေ့လောင်ဂျီတွဒ် ၉၃° ၅၅' တွင် တည်ရှိပြီး၊ ဧရိယာအား ဖြင့် ၂၇၉ စတုရန်းမိုင်၊ ၁၇၈၅၀၀ ဧက ကျယ်ဝန်းသည်။ ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သဘာဝတောင်ပေါ်ဒေသ ရှုခင်းများကို လေ့လာခံစား အပန်းဖြေနိုင်ခြင်း၊ မြန်မာနိုင်ငံ၌ တတိယအမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ပေပေါင်း ၁၀၀၁၈ ပေမြင့်သော နတ်မတောင်ထိပ်သို့ ကန်ပက်လက်မြို့ဟောင်းမှ ၁၅ မိုင်ရှည် ခရီးကို ခြေလျင်တောင်တက်လေ့လာနိုင်ခြင်း၊ ကန်ပက်လက်မြို့မှ ၁၀မိုင်ခရီးကို မော်တော်ယာဉ်ဖြင့်တက်၍ ကျန် ၅ မိုင်ကို ခြေလျင်တက်ရောက်နိုင်ခြင်း၊ မြန်မာနိုင်ငံအတွင်း၌သာ တွေ့ရှိနိုင်သောကုန်းတွင်းငှာနေ ငှက်ငါးမျိုးအပါအဝင် ငှက်မျိုးပေါင်း ၁၅၉ မျိုးကျော် လေ့လာတွေ့ရှိနိုင်ခြင်း၊ သဘာဝတောများအတွင်း စုံလင်ပေါများစွာပေါက်ရောက်နေသော မြန်မာ့သစ်ခွမျိုးများကို လေ့လာနိုင်ခြင်း၊ ဒေသခံချင်းတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ လူနေမှုစနစ်များကိုလေ့လာနိုင်ခြင်း၊ သဘာဝသစ်တောအမျိုးအစား များနှင့် သစ်တောသစ်ပင်များ၊ တောင်ဇလပ်နီကဲ့သို့သော အပင်များကိုလေ့လာနိုင်ခြင်း စသည့်သဘာဝလေ့လာစရာများ ကြွယ်ဝသည်။

၁၄။ ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၂၃° ၃၆' ၊ အရှေ့လောင်ဂျီတွဒ် ၉၅° ၃၂' တွင် တည်ရှိပြီး၊ ဧရိယာအား ဖြင့် ၁၀၃.၅၅ စတုရန်းမိုင်၊ ၆၆၂၇၂ ဧက ကျယ်ဝန်းပါသည်။ ၁၉၄၁ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ တောခြောက်ဂေဟစနစ် (Dry Forest Ecosystem) ကို လေ့လာနိုင်ခြင်း၊ ထင်ရှားသည့် ကြေးအင်း (Wet Land) ၏ သဘာဝအလှအပများကို ခံစားနိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များကို သုတေသနပြုသည့် ခေတ်မီစခန်းများကို လေ့လာနိုင်ခြင်း၊ ပရဆေးဖက်ဝင်အပင်နှင့် နွယ်ပင်များအပါအဝင် ချပ်သင်းဘေးမဲ့တော၏ သဘာဝသမိုင်းပြတိုက်ကို လေ့လာနိုင်ခြင်း စသည့်ခရီးသွားလေ့လာမှုများ ပြုလုပ်နိုင်သည်။ ဤဘေးမဲ့တောတွင် ငှက်ကြည့်စင်တစ်ခု၊ ပေ (၂၀၀) ရှည်သော ရေပေါ်တံတားနှင့် သမင်ကြည့် မျှော်စင်တစ်ခုရှိသည်။

၁၅။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၂၈° ၀၅' ၊ အရှေ့လောင်ဂျီတွဒ် ၉၇° ၄၄' တွင် တည်ရှိပြီး၊ ဧရိယာအား ဖြင့် ၁၄၂၀ ဧက ကျယ်ဝန်းပါသည်။ ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်၍ ရေခဲဖုံးတောင်များပေါ်သို့ တက်ရောက်နိုင်ခြင်း၊ ဧရာဝတီမြစ်ဖျား ခံရာဒေသ ပတ်ဝန်းကျင်အခြေအနေများကို လေ့လာနိုင်ခြင်း၊ သာယာလှပသော သဘာဝရေမြေ တောတောင်ရှုခင်းများကို ခံစားကြည့်ရှုနိုင်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ လေ့လာရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ဒေသခံ ရဝမ်၊ လီဆူး၊ မြန်မာ – တိဗက် လူမျိုး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုစနစ်များကို လေ့လာနိုင်ခြင်း၊ မြန်မာနိုင်ငံတွင်သာရှိသည့် မှတ်တမ်းမတင်ရသေးသော ဖက်ချေ ခေါ် ရှားပါးချေငယ်တစ်မျိုးအား လေ့လာနိုင်ခြင်း၊ ရှားပါး တောရိုင်းတိရစ္ဆာန်၊ ဆေးဖက်ဝင်အပင်များနှင့် ယနေ့ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် လူကြိုက်များလျက်ရှိသော လိပ်ပြာစုဆောင်းခြင်း တို့ကိုလည်း ပြုလုပ်ကြည့်ရှု ခံစားနိုင်ပါသည်။

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်သည် သတ္တဗေဒပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များအတွက်သာမက လူမှုလေ့လာရေးပညာရှင်များအတွက်ပါ စိတ်ဝင်စားဖွယ်ထူးခြားသောဒေသဖြစ်သည်မှာ ရာစုနှစ်ပင် ချီခဲ့ပြီဖြစ်သည်။ လူနေမှုကျဲပြီး ဆက်သွယ်ရေးခက်ခဲခြင်းတို့သည်လည်း ထိုသို့ထူးခြားမှု များကို အဓွန့်ရှည်စွာ ထိန်းသိမ်းပေးထားသကဲ့သို့ ဖြစ်သည်။ မြန်မာပြည်မြောက်ဖျား၊ နယ်ခြားဒေသများကို လခြမ်းသဏ္ဌာန် ပိုင်းခြားပိတ်ဆို့ထားသော ဟိမဝန္တာတောင်တန်းနှင့် ဆက်နွယ်နေသည့် နှင်းဖုံးတောင်မြင့်များ၊ နိုင်ငံတစ်ခုလုံးကို အကျိုးပြုနေသည့် တောရိုင်းတိရစ္ဆာန်နှင့် သစ်တောကြီးများ၊ လှပသောရှုခင်းနှင့် သန့်ရှင်းသော ဝန်းကျင်များသည် ပညာရပ်လေ့လာသူများ၊ စွန့်စားလိုသူများနှင့် အပျော်ခရီးထွက်လိုသူများအတွက် ဤဥယျာဉ်သည် မြန်မာနိုင်ငံ၏ ထူးခြားအဖိုးတန်သည့် ဒေသအဖြစ် တည်ရှိသည်။

မြန်မာနိုင်ငံ၏ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များကို ကမ္ဘာလှည့်ခရီးသည်များ လေ့လာသိရှိနိုင်ရေးအတွက် လမ်းညွှန်ပေးခြင်း၊ သွားလာတည်းခိုရေးအထောက်အကူပြု စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်သွားခြင်းဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၏ အရှိန်အဟုန်ကို မြှင့်တင်နိုင်မည်ဖြစ်ပေသည်။

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)


HEWLETT PACKARD
Polaroid

နှစ် ၅၀ ပြည့် မြန်မာနိုင်ငံတော်ပုံအသင်း



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်ချီးမြှင့်သော မြန်မာနိုင်ငံစာတ်ပုံအသင်း
ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ စာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနား

မြန်မာနိုင်ငံစာတ်ပုံအသင်း အခြေပြုရာ ရန်ကုန် စာတ်ပုံအသင်းကို ၁၉၅၀ ပြည့်နှစ်တွင် ဦးကျော်ထွန်းစိန်၊ ဦးခင်လေးမောင်၊ ဦးသန်းမောင်၊ ဦးဘသိန်းစသည့် စာတ်ပုံဝါသနာရှင်တစ်စုက စတင်ဖွဲ့စည်းသည်။ အသင်းဥက္ကဋ္ဌမှာ မစ္စတာဂျန်ကင် ဖြစ်သည်။ ထိုနှစ်ကုန်ခန့်တွင် အသင်း၏ အစည်းအဝေးကျင်းပပြီး အသင်း၏အမည်ကို မြန်မာပြည် စာတ်ပုံအသင်းဟူ၍ ပြောင်းလဲသတ်မှတ်သည်။ အသင်း ဥက္ကဋ္ဌအဖြစ် ဦးကျော်ထွန်းစိန်ကို ရွေးချယ်တင်မြှောက်သည်။ ထိုနောက် မြန်မာပြည်စာတ်ပုံအသင်းတွင် အသင်းသား များ တစ်စတစ်စ တိုးတက်များပြားလာပြီး စာတ်ပုံဝါသနာရှင်များ စုစည်းမိလာကြသည်။ မြန်မာပြည်စာတ်ပုံအသင်း ရုံးခန်း ဖွင့်ပွဲကို ယခုအသင်းတည်ရှိရာနေရာတွင် ၁၉၆၃ ခုနှစ် နှစ်ဦးပိုင်းက ကျင်းပသည်။ ၁၉၆၄ ခုနှစ်တွင် မြန်မာပြည် စာတ်ပုံအသင်းကို အမျိုးသားစည်းလုံးညီညွတ်ရေး ကာကွယ် သည့်ဥပဒေအရ မှတ်ပုံတင်ခြင်း ဆောင်ရွက်သည်။ ၁၉၇၈ ခုနှစ် သင်းလုံးကျွတ်ညီလာခံက အသင်း၏စည်းမျဉ်းဥပဒေ ရေးဆွဲအတည်ပြုပြဋ္ဌာန်းပြီး အသင်း၏အမည်ကိုလည်း မြန်မာနိုင်ငံစာတ်ပုံအသင်းဟူ၍ ပြောင်းလဲပြင်ဆင်သည်။ ၁၉၅၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းသော မြန်မာနိုင်ငံစာတ်ပုံ အသင်းသည် ၂၀၀၀ ပြည့်နှစ်တွင် နှစ် ၅၀ တိုင်ခဲ့ပြီဖြစ်သည်။

အသင်း၏ရည်ရွယ်ချက်များ

မြန်မာနိုင်ငံတွင် "စာတ်ပုံစွမ်းအား ပြည်ထွန်းကား" ဟူသည့် ဆောင်ပုဒ်နှင့်အညီ စာတ်ပုံပညာဖြင့် နိုင်ငံတည် ဆောက်ရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်



အာဆီယံနိုင်ငံများ ချစ်ကြည်ရေး ဖိတ်ခေါ်တာတ်ပုံပြိုင်ပွဲ ဆုရရှိသူတစ်ဦးအား
အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆုချီးမြှင့်စဉ်

အကူပြုစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဘဝ၊ ဓလေ့၊ ယဉ်ကျေးမှုများကိုဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ သမိုင်းအထောက်အထားများကိုရှာဖွေဖော်ထုတ်၍ မှတ်တမ်းတင်ရိုက်ကူးခြင်းဖြင့် မြန်မာနိုင်ငံသမိုင်းအား မော်ကွန်းတင်အထောက်အကူပြုရန်၊ ဓာတ်ပုံပညာလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ရှာဖွေဖော်ထုတ်ကြဆ သုတေသနပြု၍ မြန်မာနိုင်ငံတွင် ပြန့်ပွားစေရန်၊ ဓာတ်ပုံပညာလိုက်စားသူ အချင်းချင်းနှင့် ဓာတ်ပုံပညာဝါသနာပါသူ စိတ်ဝင်စားသူ အချင်းချင်း တစ်ဦးကိုတစ်ဦး အထောက်အကူပြုခြင်း၊ ကူညီခြင်းဖြင့် ဓာတ်ပုံပညာပြန့်ပွားရေးကို ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းကို ဖွဲ့စည်းတည်ထောင်ထားသည်။ ထို့ပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ဓာတ်ပုံပညာရှင်များက အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ကူညီပံ့ပိုးရေးဟူသော အဓိကရည်ရွယ်ချက်များကို ချမှတ်ထားသည်။ မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ဆောင်ပုဒ်မှာ "ဓာတ်ပုံပညာဖြင့် မြန်မာကို ကမ္ဘာကသိစေအံ့" ဖြစ်သည်။

ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံဓာတ်ပုံအသင်း စတင်ဖွဲ့စည်း တည်ထောင်ကာစက ရွှေတိဂုံဘုရားပွဲတော်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၊ မြို့တော်သန့်ရှင်းရေးစသည်တို့တွင် ဓာတ်ပုံပညာဖြင့် ပါဝင်ကူညီမှုပြုသည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် မြန်မာ့ထွက်ကုန်လုပ်ငန်း၊ မှတ်တမ်းတင်ဓာတ်ပုံများ၊ အပါအဝင် သတင်းမှတ်တမ်းတင် ဓာတ်ပုံမြောက်မြားစွာ ရိုက်ကူးပေးသည်။ ထို့ပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြောက်ပွဲများ၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့၊ အလုပ်သမားနေ့၊ အမျိုးသားနေ့ စသည့်နိုင်ငံတော်က ကျင်းပသော နေ့ကြီးရက်ကြီးများတွင် လည်း မှတ်တမ်းတင်ဓာတ်ပုံများကို ရိုက်ကူးပေးသည်။

အထူးသဖြင့် ရှားပါးသော သမိုင်းဝင်ဓာတ်ပုံများကို အသင်းသားများထံမှလည်းကောင်း၊ ပြင်ပပုဂ္ဂိုလ်များထံမှလည်းကောင်း ရှာဖွေစုဆောင်း၍ တပ်မတော်မော်ကွန်းတိုက်သို့ ပေးအပ်လှူဒါန်းသည်။ အမျိုးသားခေါင်းဆောင်ကြီးများ၏ ရှားပါးဓာတ်ပုံများကိုလည်း ရှာဖွေစုဆောင်းသည်။

နှစ် ၅၀ ပြည့် မြန်မာနိုင်ငံ စာတ်ပုံအသင်း



စာတ်ပုံပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲမြင်ကွင်း



မြန်မာနိုင်ငံ စာတ်ပုံအသင်းအခြေခံအဖြူအမည်းနှင့် ဆေးရောင်စုံစာတ်ပုံသင်တန်းဆင်းပွဲ

ထို့ပြင် စာတမ်းပုံပညာပြန့်ပွားရေးနှင့် အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အခြေခံစာတမ်းပုံပညာ သုံးလသင်တန်းကို တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်ပို့ချပေးသည်။ လစဉ်စာတမ်းပုံပြိုင်ပွဲ၊ သုံးလပတ်စာတမ်းပုံပြိုင်ပွဲနှင့် နှစ်ပတ်လည်စာတမ်းပုံပြိုင်ပွဲများကိုလည်း ကျင်းပသည်။ သင်တန်းနှင့် ပြိုင်ပွဲများတွင် ဝါရင့်စာတမ်းပုံပညာရှင်များက ကြီးကြပ်အကဲဖြတ် ဆောင်ရွက်သည်။

အပြည်ပြည်ဆိုင်ရာ ဆုတံဆိပ်ရရှိမှု

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပသော စာတမ်းပုံပြိုင်ပွဲများ၌ မြန်မာနိုင်ငံမှ စာတမ်းပုံပညာရှင်များသည် ဆုများ ဆွတ်ခူးရရှိသည်။ ဆုများ ဆွတ်ခူးရရှိသော စာတမ်းပုံပြိုင်ပွဲများမှာ ကိုဒတ်အပြည်ပြည်ဆိုင်ရာ စာတမ်းပုံပြိုင်ပွဲ၊ အဆာဟိပင်တက် စာတမ်းပုံပြိုင်ပွဲ၊ အာရှယူနက်စကို စာတမ်းပုံပြိုင်ပွဲ၊ ဟာဘစ်တက် စာတမ်းပုံပြိုင်ပွဲ၊ ကမ္ဘာ့နိုင်ငံကလေးများ စာတမ်းပုံပြိုင်ပွဲ၊ အောရှဝိခ် စာတမ်းပုံပြိုင်ပွဲ၊ အာရှနှင့် ပစိဖိတ်စာတမ်းပုံပြိုင်ပွဲ၊ မာဇဒါ စာတမ်းပုံပြိုင်ပွဲ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ် ၄၀ မြောက် အထိမ်းအမှတ် စာတမ်းပုံပြိုင်ပွဲ၊ ကမ္ဘာ့ကြက်ခြေနီအသင်း စာတမ်းပုံပြိုင်ပွဲတို့ဖြစ်သည်။ ထိုပြိုင်ပွဲများတွင် ဆုရရှိသော စာတမ်းပုံပညာရှင်များအနက် မာဃစန်ဝင်း (ကသာ) က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ် ၄၀ မြောက် အထိမ်းအမှတ် စာတမ်းပုံပြိုင်ပွဲ၌ ပထမဆုနှင့် ဦးချစ်ဝိန်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့က ကျင်းပသော World in Focus စာတမ်းပုံပြိုင်ပွဲ၌ ပထမဆု အသီးသီးရရှိသည်။

အသင်းသားများ

မြန်မာနိုင်ငံစာတမ်းပုံအသင်းတွင် အသင်းသားသုံးမျိုးသုံးစားရှိသည်။ သာမန်အသင်းသား၊ ရာသက်ပန်အသင်းသားနှင့် ဂုဏ်ထူးဆောင်အသင်းသားဟူ၍ ဖြစ်သည်။ သာမန်အသင်းသားအဖြစ် စာတမ်းပုံပညာဝါသနာပါသူတိုင်း မည်သူမဆို သတ်မှတ်ထားသော အသင်းဝင်ကြေးပေးသွင်း၍ ဝင်ရောက်နိုင်သည်။ ရာသက်ပန်အသင်းသားဖြစ်ရန် သာမန်အသင်းသား သက်တမ်း သတ်မှတ်ချက်ပြည့်မြောက်ပြီးမှ လျှောက်ထားနိုင်သည်။ ဂုဏ်ထူးဆောင်အသင်းသားအဖြစ် မြန်မာနိုင်ငံစာတမ်းပုံအသင်း၏ အကျိုးကို အစဉ်တစိုက် ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သူ အသင်းသားများကို အသင်း၏ နှစ်ပတ်လည်အစည်းအဝေးက ရွေးချယ်တင်မြှောက်သည်။

မြန်မာနိုင်ငံစာတမ်းပုံအသင်းသည် တစ်နှစ်ထက်တစ်နှစ် အသင်းသားဦးရေတိုးတက်များပြားလာပြီး အသင်းသားများမှာ စစ်ဘက်၊ နယ်ဘက်၊ အရပ်ဘက်ဆိုင်ရာကာယ၊ ဉာဏ်ဝန်ထမ်းမှစ၍ ကျောင်းသား ကျောင်းသူများအထိ အလွှာစုံ ဖြစ်သည်။ အသင်းသားများ စာတမ်းပုံပညာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် နှစ်စဉ်ကျင်းပသည့် နှစ်ပတ်လည်စာတမ်းပုံပြပွဲပြိုင်ပွဲအပြင် ၁၉၆၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ စာတမ်းပုံပြပွဲပြိုင်ပွဲကြီးကိုလည်း နှစ်စဉ် ကျင်းပသည်။

နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် စာတမ်းပုံပြပွဲကြီး

မြန်မာနိုင်ငံစာတမ်းပုံအသင်း ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ စာတမ်းပုံပြပွဲကြီးကို ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသည်။ အဆိုပါ စာတမ်းပုံပြပွဲကြီး ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၂ ရက်နေ့တွင် တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ပြပွဲကြီးကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မြန်မာနိုင်ငံစာတမ်းပုံအသင်း စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်သူ စာတမ်းပုံပညာရှင် ဦးခင်လေးမောင်နှင့် မြန်မာနိုင်ငံစာတမ်းပုံအသင်းဥက္ကဋ္ဌ ဦးသီဟသိန်းဉာဏ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံစာတမ်းပုံအသင်း၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် "အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဆိုင်ရာ ချစ်ကြည်ရေးဖိတ်ခေါ် စာတမ်းပုံပြိုင်ပွဲ" နှင့် "ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ စာတမ်းပုံပြိုင်ပွဲ" တို့မှ ဆုရစာတမ်းပုံများ၊ အနုပညာလက်ရာမြောက်စာတမ်းပုံများ၊ စာတမ်းပုံပညာရှင်ကြီးများ၏ လက်စွမ်းပြစာတမ်းပုံများ၊ ရှေးခေတ်ဟောင်းရှားပါးစာတမ်းပုံများ၊ ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ၊ အရောင်းပြခန်းနှင့် စာတမ်းပုံပေါင်လုပ်ငန်း အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

နှစ် ၅၀ ပြည့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း

ရွှေရတုအထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲ

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျင်းပသော "အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဆိုင်ရာ ချစ်ကြည်ရေးဖိတ်ခေါ် ဓာတ်ပုံပြိုင်ပွဲ" နှင့် "ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ" ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစား ပွဲကို ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အာဆီယံနိုင်ငံများ ချစ်ကြည်ရေးဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ညောင်ဦးဖိုးချို့နှင့် ရဲထွန်းဦး၊ အင်ဒိုနီးရှားနိုင်ငံမှ Mr.Hatono တို့က အဆင့်မြင့်ဆု (Grand Prize) ကိုလည်းကောင်း၊ ဒေါက်တာမောင်မောင်ကြီး၊ ရဲဌေးနိုင်၊ မိုးလိုင်၊ မင်းမင်းဦး၊ ဇော်ဇော်ဝင်း၊ ဖေမြင့်ဦးနှင့် မောင်မောင်သောင်းတို့က အထူးဆု (Special Prize) ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ Mr.Pham Kung Cmong၊ စင်ကာပူနိုင်ငံမှ Mr.Teo-Yo Ng၊ မလေးရှားနိုင်ငံမှ Mr.Goh Char Tiam၊ ထိုင်းနိုင်ငံမှ Mr.Dacho Buranabunpot Frps၊ ဘရူနိုင်း နိုင်ငံမှ Mr.Shang Suddin Idris၊ ဖိလစ်ပိုင်နိုင်ငံမှ Mr.Devey Serglo၊ လာအိုနိုင်ငံမှ Mr.Bounphak၊ ကမ္ဘောဒီးယားနိုင်ငံမှ Mr.Kith-Veasna၊ မြန်မာနိုင်ငံမှ ဇော်ဇော်ဝင်းနှင့် အင်ဒိုနီးရှားနိုင်ငံမှ Mr.Hatono တို့က နိုင်ငံအလိုက်ဂုဏ်ပြုဆု (ASEAN Commemorative Prize) ကိုလည်းကောင်း အသီးသီးဆွတ်ခူးသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ၊ ရှုခင်စဖွယ်အဖြူအမည်းကဏ္ဍတွင် ညောင်ဦးဖိုးချို့က ပထမဆုနှင့် Best Photographer of the Year ဆု၊ သက်နိုင်က ဒုတိယဆု၊ ညောင်ဦးဖိုးချို့က တတိယဆု၊ ထင်လင်း (Golden Arrow)၊ မိုးမင်း (Rays) နှင့် အဲမိုးစျန်တို့က နှစ်သိမ့်ဆုများကိုလည်းကောင်း၊ ရှုခင်စဖွယ်ဆေးရောင်စုံကဏ္ဍတွင် မောင်မောင်လွင် (ဘိုအဖွဲ့) က ပထမဆု၊ ဇော်ဇော် (ဘိုအဖွဲ့) က ဒုတိယဆု၊ ဖေမြင့်ဦးက တတိယဆု၊ သိန်းဦး (မြနန္ဒာ)၊ ညောင်ဦးဖိုးချို့နှင့် ကိုစောမောင် (တမာကုန်း) တို့က နှစ်သိမ့်ဆုများကိုလည်းကောင်း၊ ရှုခင်စဖွယ် ဆလိုက်ဆေးရောင်စုံကဏ္ဍတွင် ကိုသန်းဝေ (တောင်ကြီး) က ပထမဆု၊ ထင်လင်း (Golden Arrow) က ဒုတိယဆု၊ ညောင်ဦးသန်းဌေးက တတိယဆု၊ ဖေမြင့်ဦး၊ သီဟသိန်းဉာဏ်နှင့် ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်) တို့က နှစ်သိမ့်ဆုများကိုလည်းကောင်း၊ ရှုခင်စဖွယ် လူပုံဆေးရောင်စုံကဏ္ဍတွင် မိုးမင်း (Rays) က ပထမဆု၊ ထင်လင်း (Golden Arrow) က ဒုတိယဆု၊ တက္ကသိုလ်ဟန်မင်းဦးက တတိယဆု၊ ခင်မောင်လေး (The Picture Man) က နှစ်သိမ့်ဆုကိုလည်းကောင်း အသီးသီး ရရှိသည်။

ဓာတ်ပုံကောင်းတစ်ကွက်တည်းဖြင့် စကားလုံးပေါင်း၊ စာလုံးပေါင်းအမြောက်အမြားကို ဖော်ဆောင်ခြင်းပြုနိုင်သည်။ ဓာတ်ပုံပညာ၏တန်ဖိုးကို "စကားလုံးတစ်သောင်း၊ ပုံကောင်းတစ်ကွက်" ဟူသည့်စကားက ဖော်ညွှန်းလျက်ရှိသည်။ ယနေ့ခေတ်တွင် ဓာတ်ပုံပညာသည် အလွန်ရိုက်၊ အပျော်ရိုက် သက်သက်မျှသာမဟုတ်တော့ဘဲ လူသားအကျိုးပြုလုပ်ငန်းများဖြစ်သော ဆေးကုသရေးလုပ်ငန်း၊ လူနေအိမ်ခြေ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆည်မြောင်းတာတမံဆောက်လုပ်ရေးလုပ်ငန်း၊ အာကာသစူးစမ်း သုတေသနပြုရေးလုပ်ငန်း၊ မုဒိတာသနှင့် ဇလဗေဒခန့်မှန်းရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းနှင့် မှုခင်းထောက်လှမ်းရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သမိုင်းနှင့် မှတ်တမ်းတင်ရေးလုပ်ငန်း၊ လူထုဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း စသည့်လုပ်ငန်းများတွင် များစွာအကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင် နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် ကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကုဏ္ဍထူးဆောင်အသင်းသား များ၊ ရာသက်ပန်အသင်းသားများနှင့် သာမန်အသင်းသားများဖြစ်ကြသည့် ဓာတ်ပုံပညာရှင်များသည် ဓာတ်ပုံပညာဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်လျက်ရှိပေသည်။

စိုးအောင်


Twante Kilns 1 & 2

Twante Kiln 2

Lagunbyee Kiln

Excavated from Twante Kiln-Site 1

မြန်မာ့စဉ့်



အပြောက်အမွှမ်းများနှင့် ဆယ်လဒုန်စဉ့်ပန်းကန်ပြား (တွံတေးမှရသည်)

မြန်မာတို့သည် စဉ့်ထည်ပစ္စည်းများကို ပုဂံခေတ်က စတင်၍ လိုင်လိုင်ကြီး အသုံးပြုလာကြပြီဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် အီရန်နိုင်ငံမှ ရောက်ရှိလာသော ကြွေထည်လုပ်ငန်း အင်ဂျင်နီယာတစ်ဦးဖြစ်သူ မစ္စတာဒယ်လိုစတရိုလိုဂို (Mr.Dello Strologo) သည် ပုဂံခေတ်စေတီများရှိ စဉ့်ခွက်စဉ့်အုတ်များကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

ပုဂံခေတ်အဆောက်အအုံတို့သည် နှစ်ပရိစ္ဆေဒအားဖြင့် ရာစုများစွာ ကြာမြင့်ခဲ့သော်လည်း စဉ့်ရည်သုတ်မျက်နှာပြင်တို့သည် အိုမင်းဟောင်းနွမ်းခြင်းမရှိ။ မနေ့တစ်နေ့က လုပ်ကိုင်ထားသကဲ့သို့ သစ်လွင်လတ်ဆတ်တောက်ပလျက် ရှိနေပါသေးသည်။

ယင်းအချက်က ပုဂံခေတ်က စဉ့်ရည်သုတ်ခြင်းပညာမည်မျှမြင့်မားနေကြောင်း သိနိုင်သည်။ သို့သော် ပုဂံပုထိုးများတွင် ၉ ရာစုလောက်ကတည်းက စတင်တည်ရှိနေသော စဉ့်ထည်ပစ္စည်းများ၊ ၁၄ ရာစု နှစ်လောက်ကတည်းက နာမည်ကျော်နေသော မုတ္တမစဉ့်အိုးကြီးများ စသည့်မြန်မာ့စဉ့်သမိုင်းဆိုင်ရာ အထောက်အထားများရှိနေခဲ့သော်လည်း အရှေ့တောင်အာရှစဉ့်သမိုင်းတွင် မြန်မာနိုင်ငံကို ၁၉၈၄ မတိုင်မီအထိ စိတ်ဝင်စားမှု မရှိခဲ့ကြသေးပါ။ ရှေးဟောင်း




စဉ့်အိုး၊ စဉ့်ခွက်၊ စဉ့်အုတ်၊ စဉ့်ရုပ်များကို မြောက်မြားစွာ တွေ့ရှိခဲ့ရသော်လည်း စဉ့်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် ပထမဆုံး စဉ့်ဖိုပုံကြမ်းကို ၁၉၈၄ ခုနှစ်တွင် လကွန်းဗျည်း၌ စတင်ရှာဖွေတွေ့ရှိခဲ့သည်။

လကွန်းဗျည်းစဉ့်ဖို

လကွန်းဗျည်းမြို့သည် ပျူမြို့ဟောင်းဖြစ်သည်ဟု ဆိုသည်။ ရန်ကုန်–ပဲခူးကား‌လမ်း အနောက်ဘက် ၃၁ မိုင်တွင် ရှိသည်။ စဉ့်ဖိုသည် ဘဲဥပုံ၊ ကရဝိက်ငှက်ပုံသဏ္ဌာန်ရှိပြီး စဉ့်ဖို၏ ခေါင်းတိုင်တည်ရှိရာဘက်တွင် စေတီငယ်တစ်ဆူ တည်ရှိနေသည်။ ရှေးဟောင်းသုတေသန ဦးစီးဌာနသည် ရှေးဟောင်းစဉ့်ပညာရှင် ဒွန်ဟိန်း၏ အကူအညီဖြင့် ၁၉၉၁

တွင် ထိုစဉ့်ဖိုအောက်ပိုင်း မီးဖိုနေရာကိုသာ စတင်တူးဖော်နိုင်ခဲ့သည်။ ၁၉၉၈၊ ဒီဇင်ဘာလတွင် စေတီငယ်အား ပြောင်းရွှေ့၍ အသစ်တည်ဆောက်ပူဇော်စေပြီး ရှေးဟောင်းစဉ့်ဖိုနေရာကို ဦးမျိုးမင်းကျော် ဦးဆောင်သော ရှေးဟောင်းသုတေသနအဖွဲ့က တူးဖော်နိုင်ခဲ့သည်။ စဉ့်ဖိုသက်တမ်းသည် အေဒီ ၁၁ ရာစုနှင့် ၁၃ ရာစု ကြားမှ စတင်ခဲ့သည်ဟု ခန့်မှန်းရသည်။ ဤစဉ့်ဖိုမှ တွေ့ရှိရသည့် စဉ့်ထည်အပိုင်းအစများ၌ စဉ့်များကွာနေသည်ကို တွေ့ရ၏။ စဉ့်ဖို၏ မီးဖိုနံရံသာကျန်တော့သည်။ ဤစဉ့်ဖိုသည် မတူးဖော်မီကပင် ဖျက်ဆီးခံရဟန်တူသည်။ ဤကုန်းတွင် စဉ့်ဖိုတစ်ဖိုတည်း

မြန်မာနိုင်ငံရှေးဟောင်းစဉ့်ဖိုများမှ တူးဖော်ရရှိသော မီးမဖုတ်ရသေးသည့် စဉ့်ထည်ပစ္စည်းနှစ်ခု



သာ တွေ့ရသည်။ ကျန်စဉ့်ဖိုတစ်ဖိုကို ကုန်းအနောက်ဘက် အလုပ်သမား:တဲ၏အခြေတွင် တွေ့ရသည်။ လကွန်းဗျည်း စဉ့်ဖိုသည် ထိုင်းနိုင်ငံရှိ ရှေးဟောင်း ဖြတ်ထိုးစဉ့်ဖိုများနှင့် တည်ဆောက်ပုံဒီဇိုင်းသာမက အရွယ်အစား:လည်း မတိမ်း မယိမ်းလောက်ရှိကြောင်း တွေ့ရသည်။

ဖြတ်ထိုးဖိုမျိုးသည် မီးထိုးပေါက်မှ လေများဝင်ကာ မီးတောက်များသည် မြေညီမျဉ်းအတိုင်း ဖိုကိုဖြတ်လျက် ဖိုအထက်တွင် စီထား:သော စဉ့်ထည်ပစ္စည်း:များကို ပူစေပြီး တစ်ဖက်ရှိ ခေါင်းတိုင်မှ အပြင်သို့ထွက်သည်။ မြေညီမျဉ်း အတိုင်း ဖိုကို ကန့်လန့်ဖြတ်လျက် မီးဝင်သော နည်းဖြစ်၍ ဖြတ်ထိုးစဉ့်ဖိုဟု ခေါ်ခြင်းဖြစ်သည်။

ဖိုတွင်း စဉ့်ပစ္စည်း:များမှာလည်း ထိုင်းနိုင်ငံ တတ် (Tak) ဒေသတွင် တွေ့ရသော ပစ္စည်းအချို့နှင့် ဆင်တူကြောင်း တွေ့ရ၏။ ထိုဖိုကို တွေ့ရှိတူးဖော်ပြီးနောက် လကွန်ဗျည်း ချောင်းတစ်ဝိုက်ရှိကြိမ်ပင်စမ်းလျှို၊ တောင်သုံးလုံး၊ စုံပမား၊ အင်းလျား၊ အင်းပတီး၊ ရှောပင်လျှို၊ ခေါင်ဖုံးလျှို၊ ဝါးနက်ကုန်း ရွာ၊ သဇင်ပန်းရွာ၊ အင်းဂနီ၊ မာတာပီတုအင်း၊ အင်းလျားအင်း၊ ကျိုက်ဒေးပါး စသည့်နေရာများတွင် ရှေးဟောင်းစဉ့်ဖို စုစုပေါင်း ၁၀၀ ကျော်မက တွေ့ရသည်။

မြောင်းမြစဉ့်ဖို

မြောင်းမြမြို့ဟောင်းတွင် ရှေးဟောင်းစဉ့်ဖိုကို တွေ့ရှိရသည်။ မြောင်းမြမြို့ဟောင်းကို အေဒီ ၁၃၆၄ ခုနှစ်တွင် လောက်ဖျားက တွေ့ရှိခဲ့ပြီး ကျိုက်ဇလင်ထောဟု အမည်ပေးခဲ့သည်။ မြောင်းမြစား:လောက်ဖျား:သည် ရာဇဓိရာဇ်နှင့် ဘုရင်မင်းခေါင်တို့ တိုက်ခိုက်ခဲ့သော မွန်-မြန်မာ အနှစ် ၄၀ စစ်တွင် ထင်ရှား:သူတစ်ယောက်ဖြစ်သည်။ အေဒီ ၁၈၆၁ တွင် မြောင်းမြမြို့ဟောင်း:သည် မီးလောင်ပျက်စီး ခဲ့ပြီး အေဒီ ၁၈၆၇ တွင် လက်ရှိ မြောင်းမြ (မြို့သစ်) ကို ပြန်လည် တည်ထောင်ခဲ့သည်။ ယခင်မြောင်းမြမြို့ဟောင်း:သည် ယခု မြောင်းမြမြို့၏တောင်ဘက်ခုနစ်မိုင်အကွာတွင် တည်ရှိသည်။ ဒေသအခေါ် ဇော်ဂျီဖိုဟုခေါ်သော ရှေးဟောင်းစဉ့်ဖိုကို စေတီကလေးတစ်ဆူအနီးတွင် ၁၉၈၆ ခုနှစ်၌ ဒေါက်တာမျိုးသန့်တင်က စတင်တွေ့ရှိခဲ့သည်။ ၁၉၉၀ ပြည့်၊ ဧပြီတွင် ဤနေရာသို့ ဒွန်ဟိန်းနှင့် ဒေါက်တာမျိုးသန့်တင်တို့က စနစ်တကျလေ့လာခဲ့ကြပြီး ရှေးဟောင်း:သုတေသနနှင့် ပူးပေါင်းကာ စဉ့်ဖို ၁၁ ဖိုကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ရွှေစည်းခုံဘုန်းကြီးကျောင်းအနီး၌ စဉ့်ဖို သုံးနေရာ တွေ့ရှိခဲ့သည်။

တွံတေး:စဉ့်ဖိုများ

ရှေးဟောင်း:စဉ့်ဖိုများ: အများ:ဆုံး:တွေ့ရှိရသည့်နေရာမှာတွံတေးမြို့နယ် ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လတွင် သမိုင်း:ပညာရှင် ဦး:မောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေး:ပုဂ္ဂိုလ် ဒေါက်တာမျိုး:သန့်တင်၊ ကဗျာဆရာ သူရဇော်၊ မောင်သက်ကြူနှင့် စာရေး:သူတို့ပါဝင်သော အဖွဲ့သည် သမိုင်း:အချက်အလက်များ: လေ့လာရန် တွံတေးမြို့ကို ရောက်ရှိခဲ့သည်။ တွံတေးမြို့နယ်ခန်း:မတွင် ရှေး:ဟောင်း:စဉ့်ထည်ပစ္စည်း:များကို လေ့လာခွင့်ရရှိခဲ့သည်။ ထိုပစ္စည်း:များထဲတွင် စဉ့်ကရွတ်နှင့် စဉ့်ခုတို့ပါဝင်သည်။ ထို့ပြင် အရည်ပျော်ပူး:ကပ်နေသော ပန်း:ကန်လုံး:နှစ်လုံး: လည်း: တွေ့ရသည်။ စဉ့်ဖိုရှိသည့် နေရာမျိုး:တွင်သာ ယင်း:သို့လုပ်ငန်း:သုံး: စဉ့်ကရွတ်နှင့် စဉ့်ခုများ: တွေ့ရခြင်း:ဖြစ်သည်။ ထို့ပြင် အိုး:ခွက်များ:လုပ်ကိုင်သည့် နေရာတွင်သာ စဉ့်ဖုတ်စဉ် အရေးပျော်ပူး:ကပ်သွား:၍ စွန့်ပစ်ထား:သော ကုန်ချောပစ္စည်း:ပျက်များ: တွေ့ရခြင်း:ဖြစ်သည်။ ထိုသို့ တွံတေးမြို့နယ်တွင် ရှေး:ဟောင်း:စဉ့်လုပ်ငန်း:ကို ခြေရာခံမိပြီး ၁၉၉၉ ခုနှစ်၊ မတ်လတွင် ထိုအဖွဲ့သည် တွံတေးတောကြီး:တန်း:အတွင်း: တောနင်း:ရှာဖွေခဲ့သည်။ ဇော်တိကျေး:ရွာအုပ်စုရှိ ဦး:ချစ်ပုခြံအတွင်း: ရှေး:ဟောင်း:အိုး:ဖိုရာကို စတင်တွေ့ရှိခဲ့ကြသည်။ ဆယ်လဒုန် ခေါ် စဉ့်ပန်း:ကန်ကွဲများ:ကို နေရာအနှံ့တွေ့ရသည်။ စဉ့်ဒေါက်များ:ကိုလည်း: အများ:အပြား:တွေ့ရသည်။ ဦး:ချစ်ပုခြံနှင့် ဆက်စပ်လျက်ရှိသော ခြံများ:တွင်လည်း: စဉ့်ဖိုအများ:အပြား:တွေ့ရှိခဲ့သည်။ တွံတေးတောကြီး:တန်း:အတွင်း: ရှိခလရ(၇၀)တပ်ရင်း:၏ နောက်ကျောဘက်ရှိ မာလကာခြံအုပ်စုတွင်လည်း: စဉ့်ဖိုတော်တော်များများ: တွေ့ရှိရသည်။ မူးလမန်းကျေးရွာအုပ်စုတွင်လည်း: ၁၈ ဖုခန့် တွေ့ရသည်။

တွံတေးတောကြီး:တန်း:အတွင်း:ရှိ ကော့မူးမြို့နယ် တာကြီးကျေးရွာအုပ်စု ဦး:ကုလား:ကြီး:၏ ခြံတွင် စဉ့်ဖိုအမြောက်အများ:တွေ့ရှိရပြီး ရှေး:ဟောင်း:ပစ္စည်း:ရောင်း:ဝယ်သူများ:က နေရာအနှံ့ တူးဖော်ထား:ကြသည်ကို တွေ့ရသည်။ ဆယ်လဒုန် စိမ်း:ဝါပန်း:ကန်ကွဲများ:မှာ နေရာအနှံ့ဖြစ်နေသည်။ နွှတ်ခမ်း:အတွန့်များ:နှင့် အခြယ်အလှယ်များ:ပါသည့် စဉ့်ပန်း:ကန်ပြား:ကြီး:များ:နှင့် ပန်း:ကန်လုံး:ကြီး:များ:မှာ လက်ရာမြောက်လှသည်။

မြန်မာ့စဉ့်



လက်ရာမြောက်
ရှေးဟောင်းစဉ့်ထည်တစ်ခုဖြစ်သည့်
စဉ့်ပန်းအိုး

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနမှ လက်ထောက်ညွှန်ကြား‌ရေးမှူး ဦးမင်းဝေ ခေါင်းဆောင်သည့် အဖွဲ့သည် ၁၉၉၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစတင်၍ တွံတေးတောကြီးတန်း ပါဒကျေးရွာအုပ်စု ကန်ကြီးကျေးရွာ ကျောက်ဖျာ စမ်းတွင်ရှိသော ဦးကြာသန်းခြံအတွင်း ရှေးဟောင်းစဉ့်ဖို နှစ်ဖိုကို တူးဖော်ခဲ့သည်။ စဉ့်ဖို ဟောင်းပေါ်တွင် မြရာပင်၊ ဆိတ်ချေးပင်၊ တည်းပင်၊ ငှက်ပျောပင်နှင့် ဝါးပင်များ ပေါက်ရောက်နေပြီး သစ်ပင်ချုံပုတ်များနှင့် ဖုံးလွှမ်းလျက် ရှိသည်။ မေလ ၁၁ ရက်နေ့တွင် တူးဖော်မှုလုပ်ငန်းပြီးစီး၍ ၄၅ ရက်ကြာသည်။ အမှတ် ၁ ဖိုမှာ အလျားပေ ၄၀၊ အနံ ၁၇.၉ ပေ ရှိသည်။ ခန့်မှန်းခြေ ဖိုအကျယ်အဝန်းဧရိယာ ပေ ၉၀ ခန့် ရှိသည်။ ရှေးဟောင်း စဉ့်ဖိုအမှတ် ၂ မှာ အမှတ် ၁ ဖို၏ တောင်ဘက်တွင် ၁၄ ပေ ၉ လက်မ၊ မြောက်ဘက်တွင် ၃၂ ပေ ၆ လက်မ အကွာအဝေးတွင် ရှိသည်။ စဉ့်ဖိုအမှတ် ၂ ၏ အလျားမှာ ၃၈ ပေခန့် ရှိသည်။ အနံမှာ ၁၇ ပေ ၆ လက်မရှိသည်။ အကျယ်အဝန်းဧရိယာ ၈၉ ပေခန့် ရှိသည်။ တူးဖော်ရာတွင် အဓိကအား‌ဖြင့် စဉ့်ပန်းကန်လုံး၊ စဉ့်ပန်းကန်ပြား၊ စဉ့်ဒေါက်နှင့် အရုပ်အနည်းငယ် တွေ့ရသည်။ စဉ့်အရောင်မှာ အစိမ်းရောင်ဖြစ်ပါသည်။ အစိမ်းဖျော့မဟုတ်ဘဲ မြစိမ်းရောင်တောက်နေသည်။ စဉ့်ဖိုနှစ်လုံးမှ စဉ့်ခွက်အကွဲအစများ အား‌လုံးမှာ အရေအတွက်အား‌ဖြင့် ၂,၃၀၀ ကျော် ရှိသည်။ စုစုပေါင်းအမျိုးအစား ၄၅ မျိုး တူးဖော်ရရှိသည်။အရွယ်အစားများကား သိပ်မကွာခြားလှပါ။ ပန်းကန်ပြားနှင့် ပန်းကန်လုံးများမှာ အိုးထိန်းစက်ကို

အသုံးပြု၍ ပြုလုပ်ထားကြောင်း ထင်ရှားသည်။ အရပ်များ မှာ အိုးထိန်းစက်မပါဘဲ လက်ဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။

ထို့အပြင် တွံတေးတောကြီးတန်းအတွင်းရှိ ကျေးရွာများဖြစ်ကြသော ဇောတိ၊ မီးသွေးကျင်း၊ အင်းတံတား ရွာပျက်၊ နတ်ရေတွင်း၊ ပန်းကန်ဖိုစမ်း၊ ရှမ်းတောလေး၊ ညောင်ထောက်၊ အင်းလျားချောင်၊ ခလောင်၊ ရေကျော်၊ တံခွန်တိုင် စသည့် ကျေးရွာများတွင်လည်း ရှေးဟောင်းစဉ့်ထည်ပစ္စည်းများ စဉ့်ဖိုများ အများအပြား တွေ့ရှိရသည်။

စာရေးသူတို့အဖွဲ့သည် တွံတေးတောကြီးတန်းတွင် အကြိမ်ကြိမ်တောနင်းကာ စဉ့်ဖိုများရှာဖွေခဲ့ကြသည်။ ယင်းသို့ရှာဖွေရာတွင် ထိုင်းနိုင်ငံနေ ရှေးဟောင်းစဉ့်ပညာရှင် မစ္စဒီခရိုကိုးသည် အများဆုံးလိုက်ပါကာ စဉ့်ထည်များသက်တမ်းကို ဖော်ထုတ်ပေးခဲ့သည်။

ဒေါက်တာမျိုးသန့်တင် ဦးဆောင်သော အဖွဲ့သည် တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာအနီးတွင် စဉ့်ဖိုတစ်နေရာကို ရှာဖွေတွေ့ရှိပြီး ရှေးဟောင်းသုတေသနဌာနသို့ တင်ပြကာ ဂျပန်စဉ့်ပညာရှင် မစ္စတာဆူဒါ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖလကြီးစဉ့်ဖိုကို ရှေးဟောင်းသုတေသနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဘေဘီဦးဆောင်၍ ၂၀၀၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် စတင်တူးဖော်သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တူးဖော်မှုပြီးမြောက်၍ မီးမဖုတ်ရသေးသောအိုးများ ရရှိခဲ့သည်။ ဤဖိုသည် အိုးများထည့်သွင်းပြီး မီးမဖုတ်မီ စွန့်ပစ်ထားခဲ့ဟန်ရှိသည်။

အရှေ့တောင်အာရှစဉ့်စာတမ်းဖတ်ပွဲ

"အရှေ့တောင်အာရှစဉ့်ထည်များဆိုင်ရာ စာတမ်းဖတ်ပွဲ" Conference on Glazed Ceramics of South-East Asia ကို ၂၀-၁၂-၁၉၉၉ မှစ၍ သုံးရက်တိုင်တိုင် ရှေးဟောင်းပုဂံမြို့၊ ပုဂံရှေးဟောင်းပြတိုက်တွင် ပြုလုပ်ခဲ့သည်။ ယင်းစာတမ်းဖတ်ပွဲကို အစိုးရအဖွဲ့အစည်းဖြစ်သော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များသမိုင်းသုတေသန ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းမဟုတ်သော ခတ္တိယနည်းပညာ ပြန့်ပွားရေးလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် မြတ်မိခင် ဝံသရက္ခိတအဖွဲ့ စသောအဖွဲ့အစည်းလေးခု ပူးပေါင်းပြီး ဒေါက်တာမျိုးသန့်တင်က တာဝန်ယူဆောင်ရွက်သည်။


စာတမ်းဖတ်ပွဲသို့နိုင်ငံခြားတိုင်းပြည်များမှ ရှေးဟောင်းစဉ့်ပညာရှင် ၁၇ ဦး၊ ပြည်တွင်းမှ မှတ်ပုံတင်၍ တက်ရောက်သူ သုတေသီစဉ့်ဝါသနာရှင် ၁၇ ဦး၊ အဖွဲ့အစည်းများမှ ၃၀၊ စုစုပေါင်း ၆၄ ဦး တက်ရောက်၍ နိုင်ငံခြားသား စဉ့်ပညာရှင်ရှစ်ဦးနှင့် ပြည်တွင်းမှ ပညာရှင်ကိုးဦးတို့က စာတမ်း ၁၇ စောင် ဖတ်ကြားပြီး နိုင်ငံခြားသားပညာရှင်တစ်ဦးက ဗီဒီယိုတိပ်ခွေဖြင့် ပြသရှင်းလင်းသည်။ မြန်မာပညာရှင်ကိုးဦး၏ စာတမ်းများသည် မြန့်မာစဉ့်သမိုင်းကြောင်းနှင့် မြန်မာ့စဉ့်ထည်ပစ္စည်းများ၏ အနေအထားကို ပေါ်လွင်စေခဲ့သည်။

ရွှေဂူကြီးဘုရားမှ မာန်စစ်သည်စဉ့်ထည်များ


ပဲခူးအနီး ဘုရားသုံးဆူရှာတွင် ဓမ္မစေတီမင်း (ခရစ် ၁၄၇၂-၉၂) တည်ထားကိုးကွယ်ခဲ့သော ရွှေဂူကြီးဘုရားရှိသည်။ ထိုဘုရားတံတိုင်းများတွင် မာန်စစ်သည်ရုပ်ကြွစဉ့်ခွက်များ ရှိခဲ့၏။ ထိုရုပ်ကြွစဉ့်ခွက်များမှာ ယခုအခါ ကမ္ဘာကျော် ရှေးဟောင်းစဉ့်ထည်များအဖြစ် တည်ရှိနေပေပြီ။ သို့သော် အထူးဝမ်းနည်းဖွယ်ကောင်းသည်မှာ အဆိုပါ စဉ့်ခွက်များမှာ ရွှေဂူကြီးဘုရားတွင် အစအနမျှ တွေ့ရတော့မည် မဟုတ်ခြင်းဖြစ်၏။ အဘယ်သို့ရောက်ကုန်ပါသနည်း။

ကမ္ဘာ့အနှံ့အပြားရှိ ရှေးဟောင်းပြတိုက်များတွင် ရောက်ရှိနေပါပြီ။ သိရသမျှ ဗြိတိသျှပြတိုက် ဗစ်တိုးရီးယားနှင့် အဲလ်ဘတ်ပြတိုက်၊ အိတ်စ်တာပြတိုက်၊ ဟော်နီမန်ပြတိုက်၊ ဇော်ကာကွန်ဒီပြတိုက်၊ ဂူမတ်ပြတိုက် စသည်တို့တွင် မာန်စစ်သည် စဉ့်ရုပ်ကြွများ ရောက်ရှိနေကြ၏။ ယင်းပြတိုက်များတွင် မာန်စစ်သည် စဉ့်ခွက်ပေါင်း ၂၃၀ ခန့်မျှ ပျံ့နှံ့နေကြောင်း သိရ၏။ ကမ္ဘာ့ရှေးဟောင်းပစ္စည်းများလေလံပွဲများတွင် ရွှေဂူကြီးမှ မာန်စစ်သည် စဉ့်ခွက်များ အလွန်ရောင်းကောင်းနေသည်ဟု ဆိုသည်။ စဉ့်ထည်ပစ္စည်းများမှာ အနီ၊ အစိမ်း၊ အညိုရောင်များ ဖြစ်သည်။

ရွှေဂူကြီးစဉ့်ခွက်များနှင့် ပတ်သက်၍ စဉ်းစားစရာများရှိလာသည်။ ထိုစဉ့်ခွက်များသည် အိန္ဒိယမှယူလာခြင်းလော။ သို့မဟုတ် ပဲခူးမှာပင်ဖုတ်သော စဉ့်ခွက်များလော။ ၁၉၁၇ ခုနှစ်ထုတ် Burma Gazetteer Pegu District တွင် အေဂျေပေ့ A.j.Page က မာန်စစ်သည်စဉ့်ခွက်များသည် အိန္ဒိယမှ ယူလာခြင်းမဟုတ်ဘဲ ပဲခူးမှာပင်ဖုတ်သော စဉ့်ခွက်များဖြစ်သည်ဟု ယူဆခဲ့၏။ သို့သော် ပဲခူးတစ်ခွင်တွင် စဉ့်ကိုဖုတ်သော ဖိုများမတွေ့ခဲ့ချေ။ ဖိုမတွေ့သဖြင့် ပဲခူးတွင် ဖုတ်သည်ဆိုသော အချက်ကို အတည်မပြုနိုင်ခဲ့ပေ။ ထို့နောက် လဂွန်းဗျည်းမြို့ဟောင်းတစ်ဝိုက်တွင် ရှေးဟောင်းစဉ့်ဖိုများကို တွေ့ခဲ့ကြသည်။ တူးဖော်ခဲ့ကြသည်။ ထို့ကြောင့် ပဲခူးစဉ့်ထည်များကို ပဲခူးမှာပင် ဖုတ်သည်ဟူသော အယူအဆခိုင်မာခဲ့ရသည်။



လက်ရာမြောက် ရှေးဟောင်းစဉ့်ရေအိုး



အဖြူရောင် စဉ့်ရေသုတ် ရေတကောင်းပုံ အိုးလုံး
(တွံတေးမှရသည်)



တူးဖော်ရရှိသည့် ရှေးဟောင်းစဉ့်နှားရုပ်

ကမ္ဘောဇသာဒီစဉ့်ထည်များ

ဟံသာဝတီရွေးဟောင်းမြို့တော်ကြီး၏ ဂုဏ်ယူဖွယ်ရာ ကမ္ဘောဇသာဒီနန်းတော်ကြီးကို ရွေးဟောင်းသုတေသနဦးစီးဌာနသည် ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် စတင်တူးဖော်ခဲ့သည်။ တူးဖော်ရာတွင် တောင်ကုန်းအမှတ် ၁ မှ သဲကျောက်ဆင်းတုပေါင်း ၁,၈၀၀ ကျော်မျှရခဲ့သည်။ ယင်းအထဲတွင် စဉ့်ရပ်ပွားတော်တစ်ဆူပါရှိလာသည်။ မင်းမြောက်တန်ဆာ ငါးပါးဆင်ယင်၍ တင်ပျဉ်ခွေပုံတော်ဖြစ်ပြီး စိမ်းညိုရောင် စဉ့်ရည်သုတ်ထားသည်။ ဉာဏ်တော် ၂၉ စင်တီမီတာနှင့် လုံးပတ်တော် ၁၂ စင်တီမီတာရှိသည်။ တောင်ကုန်းအမှတ် ၃ နှင့် ၄ မှ အမိုးအုတ်ပြားများရရှိရာ ယင်းတို့တွင် စဉ့်သုတ်အုတ်ပြားများ ပါရှိသည်ကို တွေ့ရ၏။ စဉ့်သုတ်ပြားများက စဉ့်မသုတ်သည့်အပြားများထက် ပို၍ထူသည်ကို တွေ့၏။ စဉ့်ပြားများမှာ အရှည် ၂၄ စင်တီမီတာ၊ ဖြက် ၁၇ စင်တီမီတာနှင့် ဒု ၁၅ စင်တီမီတာရှိ၏။ အရောင်အသွေး မှာ အပြာ၊ အစိမ်းရင့်နှင့် အစိမ်းနုတို့ဖြစ်ကြ၏။ စဉ့်အိုးများနှင့် စဉ့်ထည်အကွဲအစများလည်း တူးဖော်ရရှိသည်။ အဖြူထည်နှင့် မီးခိုးရောင်စဉ့်ထည်များဖြစ်၏။ အချို့အိုးအကွဲအစများတွင် လှပသော ဒီဇိုင်းလက်ရာများပါရှိ၏။ အဖြူရောင်စဉ့်ကန်ငယ်ကလေးများမှာ ၅၊ ၆ နှင့် ၉ စင်တီမီတာစသည်ဖြင့် ရှိကြသည်။ အလတ်စားအရွယ် စဉ့်အိုးနှစ်လုံးမှာ အဖြူရောင်ဖြစ်ပြီး အမြင့် ၂၃ နှင့် ၂၇ စင်တီမီတာရှိသည်။ အစိမ်းရောင်စဉ့်အိုးငယ်ကလေးများမှာ အပြောက်အမွမ်းလက်ရာများပါရှိသဖြင့် ရှားပါးတန်ဖိုးရှိလှပေသည်။

မုတ္တမစဉ့်အိုးများ

ဟံသာဝတီ (ပဲခူး) နေပြည်တော်ကြီးသည် မုတ္တမစဉ့်အိုးများ ရောင်းဝယ်ဖောက်ကားရာ ဗဟိုဌာနဖြစ်လေသည်။ ယင်းအိုးများကို မုတ္တမဆိပ်ကမ်းမှ တင်ပို့ရောင်းချ၍ ဆိပ်ကမ်းအမည်ကို အစွဲပြုကာ Martaban Jars ဟု ကမ္ဘာတွင် ကျော်ကြားသော စဉ့်အိုးများဖြစ်၏။ ဟံသာဝတီနှင့် ဒလ (တွံတေး) မှ ထွက်ကုန်မျိုးစုံကို မုတ္တမဆိပ်ကမ်းမှပင် တင်ပို့ရောင်းချရသည်။ ဟံသာဝတီနှင့် ဒလစဉ့်အိုးကြီးများသည် မုတ္တမဆိပ်ကမ်းမှ သင်္ဘောကြီးများဖြင့် အရှေ့တောင်အာရှအလယ်ပိုင်းနှင့် အရှေ့တောင်အာရှဒေသများသို့ ရောက်ရှိပျံ့နှံ့သွားလေသည်။ အင်ဒိုနီးရှားသုတေသီ S.Adhyatman ၏ ထင်မြင်ချက်မှာ မုတ္တမစဉ့်အိုးဟူသည် သံလွင်မြစ်ဝ တနင်္သာရီဒေသအထိပါဝင်သော ကမ်းရိုးတန်းကို ကိုယ်စားပြုသည်ဟူ၍ ဖြစ်၏။ မုတ္တမစဉ့်အိုးကို အဦးဆုံးဖော်ပြရေးသားသည်မှာ အာရေဗျကုန်သည် Ibn Batuta ဖြစ်၍ သူသည် အေဒီ ၁၄ ရာစုက မုတ္တမသို့ရောက်လာ၏။ သူ၏ရေးသားချက်တွင် "ပင်လယ်ခရီးအတွက် ငရုတ်ကောင်း၊ ရောက်သီး၊ သရက်သီး စသည့်တို့ကို ဆားဖြင့်နယ်၍ သိပ်ထည့်ထားသော အိုးကြီးများ" ဟု တွေ့ရသည်။ မုတ္တမစဉ့်အိုးအကြောင်းရေးသော အခြားပုဂ္ဂိုလ်မှာ ပေါ်တူဂီခရီးသည် Duante Babosa ဖြစ်၍ မုတ္တမသို့ရောက်ရှိလာပြီး "မုတ္တမတွင် လှပသော စဉ့်ရည်သုတ်အိုးကြီးများကို တွေ့ရ၍ အနောက်ရောင်စဉ့်အိုးကြီးများမှာ ဈေးအလွန်ကြီး၏" ဟု ရေးသားထားသည်။ ဥရောပဟိုက်သားအချို့၏ မှတ်တမ်းများတွင် ရွေးအခါက သင်္ဘောများပေါ်ရှိ မုတ္တမအိုးကြီးများတွင် ရေ၊ ဆားနှင့် အရက်များထည့်သွင်း သိုလှောင်ထား၍ အချို့သင်္ဘောသားများသည် မြန်မာမိန်းမများကို ထိုအိုးအတွင်း ထည့်သွင်းယူဆောင်သွားကြသည်ဟု ဖော်ပြကြ၏။

အင်္ဂလိပ်တို့ကလည်း မုတ္တမအိုးများနှင့် ပတ်သက်၍ ၁၃၅၀ ပြည့်နှစ်ခန့်တွင် မှတ်တမ်းတင်ခဲ့ကြ၏။ ၁၈၅၀ ပြည့်တွင် လန်ဒန်မြို့ Great Empire Exhibition ပြပွဲတွင် မုတ္တမအိုး နမူနာပုံစံများကို အရွယ်အစားအမျိုးမျိုး ပြသခဲ့ပေသည်။

ကမ္ဘောဇသာဒီ နန်းတော်တူးဖော်ရေးလုပ်ငန်းမှ မုတ္တမအိုးကြီးငါးလုံးရရှိခဲ့၍ ယခုအခါ နန်းတော်တွင်းပြတိုက်တွင် ပြသထားသည်။ စဉ့်မှာ အညိုရောင်ဖြစ်၍ အိုးနှုတ်ခမ်းဝ အနီးတွင် ကွင်းလေးခုပါသည်။ အိုးများ၏အမြင့်မှာ ၇၀ မှ ၉၀ စင်တီမီတာရှိ၍ လုံးပတ်မှာ ၂၀၀ မှ ၂၈၀ စင်တီမီတာရှိသည်။ မုတ္တမစဉ့်အိုးများကို အမျိုးသားပြတိုက်နှင့် ပုဂံပြတိုက်တို့တွင်လည်း ပြသထားသည်။


ပညာရှင်ဒေါက်တာမျိုးသန့်တင် ခေါင်းဆောင်သော စဉ့်အဖွဲ့သည် သတင်းကြားသမျှ လက်လမ်းမီသမျှ နေရာဒေသများသို့ သွားရောက်ရှာဖွေမွှေနှောက်ကာ စဉ့်ဖုနှင့် စဉ့်ထည်များကို ဖော်ထုတ်နေဦးမည်ဖြစ်သည်။

ဤဆောင်းပါးကို ဖတ်ရှုစိစစ်ပေးသော မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ အဖွဲ့ဝင်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် စာရေးဆရာ ဒေါက်တာမျိုးသန့်တင်အား ကျေးဇူးတင်ပါသည်။

ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)
ဦးကြည်ထွဏ်း




အိန္ဒိယနိုင်ငံ နယူးဒေလီရောက်
ညွှန်ကြားရေးဝန် ဒေါက်တာဘိုးအေး(ဝဲစွန် တတိယ) နှင့် ဦးလှ(ယာစွန် တတိယ)



မင်းပြင်မုန်တိုင်းပြ ရေဒါစခန်း(ကျောက်ဖြူ)

မြန်မာနိုင်ငံနှင့် မိုးလေဝသခန့်မှန်းမှု




ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာမြေကြီးသည် နေစကြဝဠာအတွင်းရှိ သက်ရှိများနေထိုင်ရာ ဂြိုဟ်ကြီးတစ်ခုဖြစ်သည်။ ကမ္ဘာကြီးသည် စက်ဝိုင်းလုံးသဏ္ဌာန်ရှိပြီး အပေါ်ယံလွှာ၊ အတွင်းလွှာဟူ၍ အလွှာသုံးလွှာတွေ့ရှိရသည်။ အပေါ်ယံအလွှာသည် မြေသား၊ ကျောက်သားများဖြင့် အစိုင်အခဲ သဏ္ဌာန်တည်ဆောက်ထားသည်။ ပျမ်းမျှအထူ မိုင် ၂၀ မှ ၂၅ မိုင်အထိရှိသည်။ တောင်ကုန်းတောင်တန်းများတွင်မူ မိုင် ၃၀ ကျော်အထိ ရှိတတ်သည်။ အလယ်လွှာသို့မဟုတ် ကြားလွှာမှာ ပျမ်းမျှအားဖြင့် အထူ ၁,၇၅၅ မိုင်မှ မိုင် ၁,၈၀၀ အထိ ရှိတတ်သည်။ ၄င်းအလွှာ၌ မြေသား၊ ကျောက်သားတို့သည် အချို့မှာ အရည်ပျော်လျက်ရှိနေသော အခြေအနေ၌ ရှိသည်။ ကမ္ဘာ့အတွင်းလွှာသည် အချင်းဝက်မိုင် ၂,၂၀၀ ခန့် ရှိပြီး အရည်ပျော်နေသော အရာဝတ္ထုများဖြင့် တည်ဆောက်ထားသည်။


ကမ္ဘာ့အပေါ်ယံလွှာ မြေသား၊ကျောက်ထုများ၌ အလျားအနံ မိုင်ပေါင်းရာထောင်မျှ ရှည်လျားသော ကျောက်ဖျာကြီး ၁၂ ချပ်ပါဝင်ပြီး တစ်ဝက်အရည်ပျော်နေသော အလယ်လွှာ (ကြားလွှာ) ပေါ်တွင် အလွန်နေးကွေးသော နှုန်းဖြင့် မျောပါနေကြသည်။ အဆိုပါ ကျောက်ဖျာကြီးများမှာ မြောက်အမေရိက ကျောက်ဖျာကြီး၊ ဥရောပ အာရှကျောက်ဖျာကြီး၊ ပစိဖိတ်ကျောက်ဖျာကြီး၊ တောင်အမေရိကကျောက်ဖျာကြီး၊ အာဖရိကကျောက်ဖျာကြီး၊ အိန္ဒိယကျောက်ဖျာကြီး၊ အန္တာတိကကျောက်ဖျာကြီး၊ ဖိလစ်ပိုင်ကျောက်ဖျာကြီး၊ ကိုကိုးကျောက်ဖျာကြီး၊ နတ်ဇခါကျောက်ဖျာကြီး၊ ကာရေဘီယံကျောက်ဖျာကြီးနှင့် အာရေဗျကျောက်ဖျာကြီးတို့ဖြစ်သည်။ အိန္ဒိယကျောက်ဖျာကြီးနှင့် ဥရောပ-အာရှကျောက်ဖျာကြီးနှစ်ခု ဆုံနေသော နေရာအပိုင်းတစ်ပိုင်းမှာ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ဖြတ်ကျော်သွားသည်။

အထက်ပါ ကျောက်ဖျာကြီးများ ဆုံမိသောအခါ ကျောက်ဖျာတစ်ခုနှင့် တစ်ခုထိတွေ့မှုကြောင့် ယင်းတို့၏ အစွန်းအဖျားများ၌ ဦးတိုက်တွန်းကန်အားများ ဖြစ်ပေါ်လာသည်။ထို့ကြောင့် ကျောက်ဖျာကြီးများ ကစ်ခုနှင့်ကစ်ခု

မြန်မာနိုင်ငံနှင့် မိုးလေဝသခန့်မှန်းမှု



ကမ္ဘာကြီးအား လှည့်ပတ်ဝန်းရံစောင့်ကြည့်နေသည့် မိုးလေဝသဂြိုဟ်တုများ



ကမ္ဘာမိုးလေဝသစောင့်ကြည့်ရေးအဖွဲ့၏ လုပ်ငန်းကွန်ရက်

အင်အား:ကြီး:မား:စွာ ထိတွေ့မိသောအခါ ကျောက်ဖျာအစွန်း ပိုင်း:များ:သည် ကွေး:ကောက်တင်း:မာလာပြီး ခံနိုင်စွမ်း:ကို ကျော်လွန်သောအခါ ကျိုး:ပဲ့သွား:ပြီး **ပြတ်ရွှေ့**.များ: ဖြစ်ပေါ်လာသည်။ ကျိုး:ပဲ့သွား:သောကျောက်ဖျာကြီး:၏ အစွန်း:ပိုင်း:မှ ထွက်ပေါ်လာသော တုန်ခါမှုအင်အား:သည် မကျိုး:ပဲ့မီအချိန်တွင် စုဆောင်း:နေသော ဖိနှိပ်အား:အပေါ်မူတည်၍ ပျံ့.နှံ့.သွား:ပြီး: ငလျင်များ:ဖြစ်ပေါ်လာသည်။ ထိုသို့ ဖိအား:များ:စွာဖြင့် ထိတွေ့.ပြီး:နောက် အစွန်ပိုင်း:အချို့. ခုံး:တက်လာပြီး: တောင်တန်း:သဏ္ဌာန် ဖြစ်ပေါ်လာသည်။ ထိုတောင်တန်း:၏ အချို့.ဒေသများ:တွင် ကျောက်လွှာများ: အလွှာလိုက်ကျိုး: ပဲ့ပြတ်ရွှေ့.များ: ဖြစ်ပေါ်လာသည်။ ထိုအခါ ငလျင်ဖြစ်ပေါ်လာသည်။

မြေငလျင်အင်အား:ပမာဏကို အထူး:သတ်မှတ်ထား:သည့် မြေငလျင်တိုင်း: ကိရိယာမှရရှိသော မှတ်တမ်း:နှင့် ဗဟို ချက်အကွာအဝေး:ပေါ် မူတည်တွက်ချက်ရသည်။ မြေငလျင်အင်အား:ပမာဏကို ရူပဗေဒအတိုင်း:အတာ တစ်ခုဖြစ်သော အတ်ဂ်ဖြင့်လည်း:ကောင်း၊ တီအင်တီယမ်း:ဘီလူး:၏ ပေါက်ကဲအား:ဖြင့်လည်း:ကောင်း ဖော်ပြသည်။ ဤစကေး:ကို ချာ:လ်ရစ်ချ်တာက တီထွင်ပြီး: ရစ်ချ်တာစကေး:အဆင့် ၅ မြေငလျင်သည် ၁၀ - ၂၁ အတ်ဂ် သို့.မဟုတ် တီအင်တီယမ်း:ဘီလူး: တန် ၂၀၀၀၀ ၏ ပေါက်ကွဲအား: သို့.မဟုတ် အဏုမြူဗုံး: ပေါက်ကွဲအား:နှင့် ညီမျှသည်။

ငလျင်ပြင်း:ထန်မှုအား:ကို လူသား:တို့.နှင့် အရာဝတ္ထုများ:၏ ခံစား:ချက်အပေါ် မူတည်သတ်မှတ်သည်။ ၁၉၃၁ ခုနှစ် မတိုင်မီက တီထွင်သည့် ဥရောပနိုင်ငံ ရောစီဖော်ရယ်စကေး: အဆင့် ၁ မှ ၁၀၊ ဂျပန်နိုင်ငံအတွင်း:သုံး:သည့် ဂျပန်စကေး: အဆင့် ၁ မှ ၇ အထိ၊ ၁၉၃၁ ခုနောက်ပိုင်း: တီထွင်ပြီး: တစ်ကမ္ဘာလုံး:အသုံး:ပြုသည့် မာကယ်လီစကေး: အဆင့် ၁ သည် မသိမသာလှုပ်ခြင်း:၊ အဆင့် ၆ သည် အပျက်အစီး: အနည်း:ငယ်ရှိခြင်း:၊ အဆင့် ၉ တွင် ပျက်စီး:မှုများ: ဖြစ်ခြင်း:၊ အဆင့် ၁၂ သည် အလွန်ကြီး:မား:သော ပျက်စီး:မှုများ:ဖြစ်ခြင်း: ဟု သတ်မှတ်ထား:သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထား:အရ ငလျင်တုန်လှုပ်မှုမကင်း:သော ဒေသတွင်ရှိသည်။ မြန်မာနိုင်ငံ၏ ငလျင်ရပ်ဝန်း:ကို သုံး:ပိုင်း:ခွဲခြား:နိုင်သည်။ **ပထမငလျင်ကြော** သည် ချင်း:တွင်း:မြစ်ဝှမ်း:တစ်လျှောက်မှ ရခိုင်ရိုး:မအတိုင်း: ဖြတ်သန်း:ပြီး: ကပ္ပလီပင်လယ်ထဲသို့ ထိုး:ဆင်း:သွား:သည်။ **ဒုတိယငလျင်ကြောမှာ** ကချင်ပြည်နယ်မှစ၍ အထက်ဧရာဝတီမြစ်ကြောင်း:တစ်လျှောက်မှ စစ်တောင်း:မြစ်ဝှမ်း: အတွင်း:သို့ ဖြတ်သန်း:ကာ မုတ္တမပင်လယ်ကွေ့ထဲသို့ ဆင်း: သွား:သည်။ **တတိယငလျင်ကြောမှာ** ရှမ်း:ပြည်နယ်အတွင်း: သံလွင်မြစ်ကြောင်း:တစ်လျှောက် တည်ရှိနေကြောင်း: တွေ့.ရသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း:မှာ ငလျင်ရပ်ဝန်း: မှ ကင်း:လွတ်သောဒေသဖြစ်ကြောင်း:တွေ့.ရသည်။

မြန်မာနိုင်ငံ ငလျင်များ:ကို မှတ်တမ်း:များ:အရ ကောက်နုတ်တင်ပြရလျှင် -

ရခိုင်မြောက်ပိုင်း:ငလျင်

၁၇၆၂ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့.တွင် မြောက်လတ္တီတွဒ် ၂၁.၅ ဒီဂရီ၊ အရှေ့.လောင်ဂျီတွဒ် ၉၂ ဒီဂရီတွင် တုန်လှုပ်ခဲ့ပြီး: ရစ်ချ်စတာစကေး: ၇.၅ ရှိသည်။ ငလျင်ဒဏ်ကို စစ်တကောင်း:ဒေသတွင် ပြင်း:ထန်စွာခံစား:ရသည်။ ရွှံ့မီး: တောင်အချို့ ပေါက်ကွဲခဲ့သည်။ စတုရန်း:မိုင် ၆၀ ဧရိယာရှိ မြေထု နိမ့်ကျ၍ ရေထဲနစ်မြုပ်သွား:ခဲ့သည်။ ရခိုင်ကမ်း:ရိုး: တန်း: မိုင် ၁၀၀ ခန့်.အရှည်တွင် ကိုး:ပေမှ ၂၂ ပေအထိ မြင့်တက်လာခဲ့သည်။

အမရပူရငလျင်

၁၈၃၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့.တွင် မြောက်လတ္တီတွဒ် ၂၁.၇၀ ဒီဂရီနှင့် အရှေ့.လောင်ဂျီတွဒ် ၉၀ ဒီဂရီ ဒေသကို ဗဟိုပြု၍ လှုပ်ခဲ့သည်။ ကြောက်မက်ဖွယ် တော်လည်း:သံနှင့်အတူစက္ကန့်.၃၀ မျှ လှုပ်ခဲ့သည်။ ရစ်ချ်စတာစကေး: ၈ အဆင့် ရှိခဲ့သည်။ အမရပူရတစ်မြို့.လုံး: ပျက်စီး:ခဲ့သည်။ လူ ၃၀၀ ကျော် သေဆုံး:ခဲ့သည်။ မင်း:ကွန်း: ခေါင်း:လောင်း:ကြီး: ပြုတ်ကျခဲ့သည်။ အင်း:ဝနှင့် စစ်ကိုင်း: တို့.တွင်လည်း: အဆောက်အအုံနှင့် စေတီများ:ပျက်စီး:ခဲ့သည်။ ဧရာဝတီမြစ် ခေတ္တပြောင်း:ပြန် စီး:သွား:ခဲ့သည်။ မိုး:ကောင်း:အနောက်ဘက် အင်း:တော်ကြီး:ဘေး:ရှိ ရှမ်း:ရွာတစ်ရွာမှာ ရေထဲနစ်မြုပ် သွား:ခဲ့သည်။ အမရပူရတွင် နက်၍ ရှည်လျား:သော မြေလွှာကွဲကြောင်း:ကြီး: ဖြစ်ပေါ်ခဲ့သည်။

သရက်မြို့.ငလျင်

၁၈၅၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့.တွင် မြောက်လတ္တီတွဒ် ၂၉ ဒီဂရီ၊ အရှေ့.လောင်ဂျီတွဒ် ၉၅ ဒီဂရီတွင် သရက်မြို့.အနီး:တွင် ဗဟိုပြု၍ ပြင်း:ထန်သော ငလျင်လှုပ်ခဲ့သည်။ ရစ်ချ်စတာစကေး: ၇.၅ ရှိသည်။ သရက်နှင့် ပြည်မြို့.ရှိ စေတီနှင့်အဆောက်အအုံများ: ပျက်စီး:ခဲ့သည်။ ငလျင်သည်တောင်ဘက်သို့ တဖြည်း:ဖြည်း: အင်အား:လျော့သွား:ခဲ့သည်။ ငလျင်တုန်လှုပ်မှုသည် တောင်ဘက် ရန်ကုန်၊ မော်လမြိုင်အထိ ရောက်သည်။ တောင်ငူ၊ အင်း:ဝ၊ ပုဂံ


တို့သည်လည်း ၄င်းငလျင်ဒဏ်ခံရသည်။ ငလျင်လှိုင်းဒဏ်သည် ကျောက်ဖြူတွင် ပြင်းထန်ခဲ့သည်။ ရခိုင်ကမ်းခြေရမ်းဗြဲတွင် ကျွန်းငယ်တစ်ခု ရေအောက်နစ်မြုပ်သွားခဲ့သည်။ ဧရာဝတီမြစ် ခေတ္တကြောင်းပြန်စီးသည်။ မြစ်အောက်ကြမ်းပြင် မြစ်ရေမျက်နှာပြင် အထက်သို့ကြွတက်ခဲ့သည်။

ပြင်ဦးလွင် (မေမြို့) ငလျင်


၁၉၁၂ ခု၊ မေလ ၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၂၁၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ပြင်ဦးလွင် (မေမြို့) အနီးတွင် ဗဟိုပြု၍ လှုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် လှုပ်ခဲ့သော ငလျင်များတွင် အင်အား အပြင်းထန်ဆုံး ဖြစ်ခဲ့သည်။ အင်အား ရစ်ချ်စတာစကေး ၈ ကျော်သည်။ ရှမ်းပြည်နယ်

မြန်မာနိုင်ငံတွင် တုန်လှုပ်ခဲ့သော အင်အားပြင်း ငလျင်များ

စဉ်	နေ့စွဲ	နေရာ		ပြင်းအား	မှတ်ချက်
		လတ္တီတွဒ်	လောင်ဂျီတွဒ်		
၁။	၂၄-၈-၁၈၅၈	၁၉.၀	၉၄.၀	ရစ်ချ်စတာ ၇.၅	မာန်အောင်ကျွန်းအရှေ့တောင်ရိုကျွန်း ကွယ်ပျောက်သွားသည်။
၂။	၂၃-၅-၁၉၁၂	၂၁.၀ (တောင်ကြီး	၉၇.၀ မြောက်ဘက်)	ရစ်ချ်စတာ ၈.၀	တောင်ကြီး၏ မြောက်ဘက်တွင် ဖြစ်ခဲ့ပြီး မြေများစွာပြို။
၃။	၈-၈-၁၉၂၉	၁၉.၂၅ (ဆွာ)	၉၆.၂၅	ရစ်ချ်စတာ ၇.၀	ဆွာတွင် မီးရထားသံလမ်းများ ပျက်စီး။
၄။	၅-၅-၁၉၃၀	၁၇.၀ (ပဲခူး)	၉၆.၅	ရစ်ချ်စတာ ၇.၃	ပဲခူးတွင် အိမ်ခြေများစွာ ပျက်၊ လူ (၅၀၀) သေဆုံး၊ ရန်ကုန်တွင် အိမ်ခြေအချို့ပျက်စီး၊ လူ (၅) ဦးခန့်သေဆုံး။
၅။	၃-၁၂-၁၉၃၀	၁၈.၀ (ဖြူး)	၉၆.၅	ရစ်ချ်စတာ ၇.၃	အိမ်ခြေအချို့ပျက်စီး၊ လူ (၃၀) ခန့် သေဆုံး။
၆။	၂၇-၁-၁၉၃၁	၂၅.၄ (ကာမိုင်း)	၉၆.၈	ရစ်ချ်စတာ ၇.၆	အုတ်တိုက်များပြို၊ မြေပြို။
၇။	၁၂-၉-၁၉၄၆	၂၃.၅ (တကောင်း)	၉၆.၇	ရစ်ချ်စတာ ၇.၅	ဘုရားများစွာပြို။
၈။	၁၅-၈-၁၉၅၀	၂၈.၅ (အာသံ)	၉၆.၇	ရစ်ချ်စတာ ၈.၅	အာသံမြေငလျင်အရှိန်ကြောင့် ချင်းတွင်း မြစ်ရှိ မော်လိုက်နှင့် ကလေးဝမြို့၊ ဧရာဝတီမြစ်ရှိ အောင်လံမြို့တို့တွင် ရေများအထက်သို့ ဆန်တက်။
၉။	၁၆-၇-၁၉၅၆	၂၁.၈ (စစ်ကိုင်း)	၉၆.၃	ရစ်ချ်စတာ ၆.၅	စစ်ကိုင်းရှိ ဘုရားနှင့် အဆောက်အအုံများ ပျက်စီး၊ လူ (၄၀) ခန့်သေ၊ စစ်ကိုင်းတံတား အနည်းငယ်ရွေ့ခဲ့။
၁၀။	၈-၇-၁၉၇၅	၂၁.၄ (ပုဂံအနီး)	၉၄.၇	ရစ်ချ်စတာ ၆.၈	ပုဂံရှိ ရှေးဟောင်းစေတီများ အများအပြား ပျက်စီး၊ လူ (၂) ဦးသေ။
၁၁။	၅-၁-၁၉၉၁	၂၃.၆၁ (တကောင်း)	၉၅.၉၀	ရစ်ချ်စတာ ၇.၁	တကောင်း၊ ထီးချိုင့်၊ ကောလင်း၊ သပိတ်ကျင်းမြို့တို့တွင် မြေပြို၊ အိမ်အချို့ ပျက်စီးခဲ့၊ လူ (၂) ဦးသေဆုံး။



အနိမ့်ဆုံးမှ အမြင့်ဆုံး ငလျင်
မှတ်တမ်းတင်စက်



ရစ်ချ်တာစကေး ၄ နှင့်အထက်
တိုင်းတာသည့်စက်



Radio ထုတ်လွှင့်မှု
လက်ခံဖမ်းယူ
သည့်စက်

တစ်ခွင်လုံးအပြင် မန္တလေး၊ မိုးကုတ်၊ ရွှေဘို၊ စစ်ကိုင်း၊ မိတ္ထီလာ၊ မကွေး၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူးနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းပါ လှုပ်ခါသွားခဲ့သည်။ မြေငလျင်ကြောင့် တောင်ကြီးနှင့် ပြင်ဦးလွင် (မေမြို့) ကြား ရှိတောင်များ ပြိုကျခဲ့သည်။

ဒေးဒရဲငလျင်

၁၉၇၈ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ မြောက်လတ္တီတွဒ် ၁၆.၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၅.၈၆ ဒီဂရီရှိ ဒေသတွင် ဗဟိုပြု၍ တုန်လှုပ်ခဲ့သည်။ ရစ်ချ်စတာစကေး ၅.၇ ရှိသည်။ ဒေးဒရဲတွင် အပျက်အစီးများခဲ့ပြီး လူနှစ်ဦး သေဆုံးသည်။ ၄ က်အော်စမ်းတွင်လည်း အပျက်အစီး ရှိခဲ့ပြီး လူတစ်ဦးသေဆုံးသည်။

လေပွေနှင့် မုန်တိုင်းများ

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးအား လေထုလွှာကြီးလေးခုက ရစ်သိုင်းဝိုင်းရံထား သည်။ ပင်လယ်ရေမျက်နှာပြင်မှ ၁၀ မိုင်အထိအား ထရိုပိုစဖီးယား လေထုလွှာသည်လည်းကောင်း၊ မိုင် ၂၀ နှင့် ၅၀ ကြား တွင် စထရာတိုဖီးယားလေထုလွှာသည်လည်းကောင်း၊ မိုင် ၁၀၀ နှင့် ၂၀၀ ကြား တွင် အိုင်အိုလိုစဖီးယားအလွှာသည်လည်းကောင်း၊ မိုင် ၂၀၀ မှ ၇၀၀ ကြားတွင် အိပ်ဇိုစဖီးယားအလွှာသည်လည်းကောင်း လွှမ်းခြုံထား သည်။ လေထုလွှာ၏အလေးချိန်မှာ တန်ချိန်သိန်းပေါင်း ကုဋေ ၆၀၀ ရှိသည်ဟု သိပ္ပံပညာရှင်များက ခန်.မှန်းတွက်ချက်ထား သည်။ ထိုအလေးချိန်ကို ကျွန်ုပ်တို့လူသားများသည် ရေထဲမှငါးပမာ လေထုဖိအား ကို ဇီဝသဘောအရ အမှတ်မထင်နေနိုင်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကမ္ဘာကြီးမှ မိုင်ပေါင်း ၉၃,၀၀၀,၀၀၀ အကွာအဝေးတွင် အပူချိန် ၆,၀၀၀ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၁၀၃,၀၀၀ ဒီဂရီစင်တီဂရိတ်ရှိ နေလုံးရှိသည်။ ထိုနေမှ ကမ္ဘာဆီသို့ တစ်စက္ကန့်လျှင်မိုင်ပေါင်း ၁၈၆,၀၀၀ နှုန်းဖြင့် အလင်းရောင်ရောက်ရှိလာပြီး အထုအထည်နှင့် နက်ရှိုင်းကျယ်ပြောလှသည့် စကြဝဠာကြီးအား အလင်းရောင်နှင့် အပူကို ဖြန့်ဝေလျက်ရှိသည်။ အပင်တို့သည် ရေနှင့်ဓာတ်ဆားကို ထိုအလင်းရောင်ဖြင့် ဆက်သွယ်၍ အစာဖန်တီးသည်။ ထိုဖန်တီးမှုတွင် လူသားတို့ရှူထုတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အသုံးပြုသည်။ ထိုဖြစ်စဉ်မှ လူသားတို့အသက်ရှူရန် အောက်ဆီဂျင်ပြန်ထုတ်ပေးသည်။


တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ နှုန်းဖြင့် အပူချိန် ၆၀၀၀ C ကို သယ်ဆောင်လာသည့် နေ၏အလင်းရောင်အင်အား ပမာဏမှာ ကမ္ဘာကြီးနှင့်တကွ သက်ရှိသက်မဲ့များ ပျော်ကျပျက်စီးသွားနိုင်သည်။ ထိုအန္တရာယ်ကို ကာကွယ်နေသော ကမ္ဘာကြီး၏ အသက်ကယ်ခါးပတ်ကြီးရှိသည်။ ၄င်းမှာ ကမ္ဘာကြီး၏ အထက်မိုင် ၃၀၀ မှ စတင်ဖုံးလွှမ်းထားသည့် အလွှာစုံပါဝင်သော လေထုကြီးဖြစ်သည်။

လေထုကြီးသည် တစ်စက္ကန့်လျှင် မိုင်နှစ်သိန်းနီးပါးနှုန်းဖြင့် ဝင်ရောက်လာသည့် အလင်းရောင်အား လေထုနှင့် ထိသည်နှင့် ၇၅ ရာခိုင်နှုန်းကို စကြဝဠာဟင်းလင်းပြင်သို့ အလင်းပြန်စေသည်။ ကျန် ၂၅ ရာခိုင်နှုန်းအား ကမ္ဘာ့လေထုအတွင်းရှိဖုန်မှုန့်၊ မြူမှုန်များက အလင်းပြန်စေသည်။ တိမ်ထုများကလည်း အလင်းရောင်ကို စုပ်ယူထားသေးသည်။ ထိုမှကျန်နေသည့်အနည်းငယ်သော ရာခိုင်နှုန်းကိုရေပြင်၊ မြေပြင်၊ ရေခဲပြင်တို့က အလင်းပြန်စေသေးသည်။ အပူနှင့်အလင်းရောင်ကိုပေးသည့် နေရောင်ခြည်တွင် အာထရာဗိုင်အိုလက်ခေါ် ခရမ်းလွန်ရောင်ခြည်၊ အင်ဖရာရက် အနီအောက်ရောင်ခြည်နှင့် မြင်နိုင်သောရောင်ခြည်တို့ ပါဝင်သည်။ မြင်နိုင်သောရောင်ခြည်မှအပ လူတို့ကိုဥပဒ်ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်အား ကမ္ဘာမြေပြင်အထက် ၁၅ မိုင်ရှိ **အိုဇုန်းလွှာ**က စုပ်ယူထားသည် အနီအောက် ရောင်ခြည်ကိုမူ လေထုအတွင်းရှိ ရေခိုးရေငွေ့တို့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်တို့က စုပ်ယူထားပြန်ရာ မြင်နိုင်သောရောင်ခြည်တွင် အန္တရာယ်ဖြစ်စေသည့်ရောင်ခြည်များ မပါဝင်တော့ချေ။

ကမ္ဘာသို့ ရောက်ရှိလာသောနေရောင်ခြည်သည် အလင်းနှင့် အပူစွမ်းအင်ကိုပေးသည်။ ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ နေ၏အလင်းရောင်ဖြင့် အပူကျရောက်ခြင်းမှာ ညီမျှမှု မရှိချေ။ ဝင်ရိုးစွန်းဒေသများ၌ ရေခဲပြင်ကြီးများ၊ အီကွေတာအနီးရှိ အချို့ဒေသများ၌ သဲကန္တာရကြီးများ၊ ကမ္ဘာ၏ သုံးပုံနှစ်ပုံ ရေပြင်ကြီးများမှာ အပူအအေးမညီမျှမှုကြောင့် ဖြစ်ပေါ်ခြင်းဖြစ်သည်။ အပူသည် ပူသည့်အရပ်မှ အေးသည့်အရပ်သို့ စီးသည်။ ရေသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသည်။ အီကွေတာအနီးရှိ လေသည် ပူ၍ပေါ့လာသည်။ အထက်သို့ပြန်တက်သည်။ ဝင်ရိုးစွန်းဒေသ ရေခဲပြင်များရှိလေသည် အေး၍လေးလာသည်။ အောက်သို့ကျဆင်းလာသည်။ ဒေသအလိုက် အပူအအေးပြောင်းလဲမှုသည်လေဖိအားပြောင်းလဲမှုကိုဖြစ်ပေါ်စေသည်။ လေဖိအားပြောင်းလဲမှုသည် လေစီးကြောင်းများအား ပြောင်းလဲစေသည်။ ဆိုင်ကလုန်း၊ တိုင်ဖွန်း၊ ဟာရီကိန်းစသည့် လေပြင်း



လေကြောင်းတိုင်း
မျှော်စင်လုပ်ငန်းခွင်



နေပူချိန်တိုင်း
ကိရိယာ



လေတိုက်နှုန်း
ဖတ်ရှု

မုန်တိုင်းများ နှစ်စဉ်ဖြစ်ပေါ်လာစေသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် မုတ်သုံရာသီကျရောက်ဖြစ်ပေါ်ခြင်းမှာ အပူအအေးခြားနားခြင်းကြောင့် ဖြစ်သည်။ နွေရာသီ၌ အိန္ဒိယတွင် အလွန်ပူသည်။ ထိုဒေသ၌ လေဖိအားအလွန်နည်းနေသည်။ ထို့ကြောင့် လေသည် ဘင်္ဂလားပင်လယ်အော်တွင် အနောက်တောင်ဘက်မှ တိုက်ခတ်လာရသည်။ လေသည် ဘင်္ဂလားဒေ့ရှ်၊ မဏိပူရ၊ အာသံ သို့ရောက်လျှင် ရခိုင်ရိုးမနှင့် မဏိပူရတောင်တန်းများကာဆီးနေသည်ဖြစ်ရာ လေသည် အရှေ့ဘက်မှ ပြောင်းလဲတိုက်ခတ်ရသည်။ ဤလေလမ်းကြောင်းများ ကျရောက်ချိန်သည် မုတ်သုံရာသီ သို့မဟုတ် မြန်မာနိုင်ငံ၏မိုးရာသီဖြစ်သည်။ ကမ္ဘာအသီးသီးမှ မိုးရေတို့သည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအတွင်းစီးဝင်သည်။ နေ၏အပူစွမ်းအင်ကြောင့် ရေငွေ့ပြန်၍ တိမ်တိုက်များဖြစ်ပေါ်လာသည်။ ရေငွေ့တို့ဖြင့် ဖွဲ့တည်သော တိမ်တိုက်သည် လေစီးကြောင်းများအဖြစ် တောတောင်အထပ်ထပ်သို့ ဖြတ်ကျော်ရာတွင် ရေငွေ့မှရေစက်ရေပေါက် ဖြစ်လာသည်။ တိမ်များကငှင်းတို့ကို ဆက်လက်သယ်ယူနိုင်ခြင်း မရှိတော့သဖြင့် ထိုရေစက်ပေါက်တို့သည် ကမ္ဘာမြေပြင်သို့ သက်ဆင်းရတော့သည်။ ဤသည်ကား မိုးရွာခြင်းပင်ဖြစ်သည်။ နေ၏စွမ်းအင်ဖြင့် ရေသဲသရာလည်ခြင်းဖြစ်သည်။ နေရောင်ခြည် နှင့် မိုးရေတို့ကြောင့် စိုက်ပျိုးမှု၊ နေထိုင်မှု၊ သောက်ရေရမှု၊ ခရီးသွားလာမှုတို့မှ အစပြု၍ လူမှုရေး၊ ယဉ်ကျေးမှုတို့ ဆင့်ပွားမှီတည် ဖြစ်ပေါ်ခြင်းနှင့် အတူ ကမ္ဘာကြီးကို သက်ဝင် လှုပ်ရှားစေတော့သည်။

နာရီလက်တံ ပြောင်းပြန်လှည့်သကဲ့သို့ လက်ဝဲရစ်တိုက်ခက်လှည့်ပတ်နေသည့်လေပွေကိုမုန်တိုင်းဟုခေါ်သည်။ သို့သော် လေပွေတိုင်း မုန်တိုင်းမဟုတ်ပါ။ မုန်တိုင်းကို လေတိုက်နှုန်းနှင့် ကျယ်ပြန့်သည့် ဧရိယာကို ကြည့်၍ သတ်မှတ်သည်။ လေဆင်နှာမောင်းသည် မုန်ကိုင်းကဲ့သို့ ပြင်းထန်ပြီး လက်ဝဲရစ်တိုက်ခတ်သည်။ သို့သော် ပျမ်းမျှအချင်းမှာ ပေ ၃၀၀၀ ခန့်သာရှိပြီး သက်တမ်းမှာ နာရီပိုင်းသာရှိသည်။ မုန်ကိုင်းတစ်ခုသည် အနည်းဆုံးအချင်းမိုင် ၁၀၀ မှ ၅၀၀ အထိ ကျယ်ပြန့်သည်။ သက်တမ်းမှာ ရက်အတန်ကြာတည်ရှိတတ်သည်။


ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတွင် တိုက်ခတ်သော မုန်တိုင်းကို ဆိုင်ကလုန်းဟုခေါ်သည်။ အဓိပ္ပာယ်မှာ ခွေနေသော မြွေဟုအဓိပ္ပာယ်ရသည်။ လွန်ခဲ့သော နှစ် ၁၀၀ ကျော်ခန့်က အိန္ဒိယတွင် ဟင်နရီပစ်ဒစ်တန်ဆိုသူက ယင်းအမည်ကို စတင်သုံးစွဲခဲ့ပြီး ယခုအခါ ကမ္ဘာအရပ်ရပ်တွင် လက်ခံသုံးစွဲသည်။ မုန်တိုင်းအားလုံးကို ဆိုင်ကလုန်းဟု မခေါ်ဘဲ လေတိုက်နှုန်း တစ်နာရီမိုင် ၃၀ ကျော်ပါက **မုန်တိုင်းငယ်**၊ မိုင် ၄၀ ကျော်ပါက **ဆိုင်ကလုန်း မုန်တိုင်း**ဟု သတ်မှတ်ပြီး မိုင် ၆၀ ကျော်ပါက **မုန်တိုင်းကြီး** ဟုသတ်မှတ်သည်။ မိုင် ၃၀ အောက်ဆိုပါက လေပွေလိုင်းဟုခေါ်သည်။

ပစိဖိတ်သမုဒ္ဒရာတွင် တိုက်ခတ်သော မုန်တိုင်းများကို **တိုင်ဖွန်း**ဟုခေါ်သည်။ တစ်နာရီမိုင် ၄၀ နှုန်း တိုက်ပါက **မုန်တိုင်းငယ်**၊ ၄၀ မှ ၅၅ အထိ ဆိုင်ကလုန်း၊ ၅၅ ကျော်ပါက **တိုင်ဖွန်း**ဟုခေါ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာတွင် မုန်တိုင်းများကို **ဟာရီကိန်း**ဟုခေါ်သည်။ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၅ မိုင်နှုန်း အတက်ဖြစ်သည်။ မုန်တိုင်းကျပြီဆိုလျှင် လေပြင်းတိုက်သည့်အပြင် လိုင်းများလည်း ကြီးလာတတ်သည် ဖြစ်ရာ မုန်တိုင်းတစ်ခု၏ အဖျက်စွမ်းအားမှာ ပိုမိုကြီးမားလာတတ်သည်။


မုန်တိုင်း၏ ဗဟိုနှင့် ၁၀ မိုင်ဝန်းကျင်အား **မုန်တိုင်းမျက်စိ**ဟုခေါ်၍ လေငြိမ်၍ တိမ်ကင်းနေတတ်သည်။ အပူချိန်မှာ ပြင်ပထက် များတတ်သည်။ မုန်တိုင်းမျက်စိဧရိယာကျော်သွားပါက မိုင်ပေါင်း ၄၀၀ ခန့်အထိ ဆိုးရွားသော အပိုင်းကို တွေ့ရသည်။ ယင်းအပိုင်းတွင် မိုးကြီးလေထန်၍ တိမ်တောင် တိမ်တိုက်များ ထူထပ်ပြီး မိုးသားမှာ မည်းမှောင်နေတတ်သည်။ မုန်တိုင်းအပြင်ဘက်ပိုင်းတွင်မူ လေတိုက်ခတ်မှုသက်သာ၍ မိုးပါးသွားတတ်သည်။ မုန်တိုင်းဖြစ်ပေါ်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေဖိအားကျဆင်းခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းများ ဖြစ်ပေါ်တတ်သည်။ ပင်လယ်ပြင်တွင် လေထုဖိအား ကျဆင်းသွားပါက ပင်လယ်ရေမျက်နှာပြင် ကြွတက်လာသည်။ တွက်ချက်မှုများအရ လေထုဖိအား ကစ်မီလီအား ကျဆင်းပါက ပင်လယ်ရေမျက်နှာပြင် တစ်စင်တီမီတာခန့် ကြွတက်လာသည်။ ထိုအချိန်တွင် တိုက်ခတ်သော လေပြင်းများက ပင်လယ်ရေမျက်နှာပြင်အား ပွတ်တိုက်မှုကြောင့် လေအောက်အရပ်တွင် ရေများစုပုံလာပြီး ပင်လယ်ရေမျက်နှာပြင်သည် မြင့်တက်လာသည်။ အဆိုပါ သဘာဝဖြစ်ရပ်နှစ်ခုကြောင့် ပင်လယ်ရေမျက်နှာပြင် ကြွတက်လာခြင်းအား **"မုန်တိုင်းဒီရေ"** (Storm



အနိမ့်ဆုံး အမြင့်ဆုံး
အပူချိန်မှတ်သား



မြေကြီး၏
အပူချိန်မှတ်သား



နေ.စဉ်ရေငွေ့ပြန်နှုန်း
မှတ်သား

Surge) ဟု ခေါ်သည်။ မုန်တိုင်းဒဏ်ရတက်ခြင်းတွင် လေတိုက်နှုန်းက ပို၍ အဓိကကျကြောင်း တွေ့နိုင်သည်။

လေပြင်းမုန်တိုင်းကြီးများဖြစ်သော ဆိုင်ကလုန်း၊ တိုင်ဖွန်း၊ ဟာရီကိန်း စသည်တို့မှာ အရွယ်ပမာဏအားဖြင့် မိုင် ၅၀ မှ မိုင် ၅၀၀ အထိ ကျယ်ဝန်းပြီး တစ်နာရီ မိုင် ၁၀၀ မှ ၁၅၀ အထိ တိုက်ခတ်တတ်သည်။ ထိုမုန်တိုင်းကြီးများနှင့် နှိုင်းယှဉ်လျှင် လေဆင်နှာမောင်းမှာ လေပွေငယ်မျှသာဖြစ်သည်။ သို့သော် တစ်နာရီလျှင် မိုင် ၃၀၀ အထိ တိုက်ခတ်တတ်သောကြောင့် ဆိုင်ကလုန်းများထက်ပို၍ ပြင်းထန်သည်။ ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံးဟုလည်း ဆိုကြသည်။ ဆိုင်ကလုန်း၏ သက်တမ်းမှာ ရက်သတ္တပတ်အနည်းငယ်အထိ ကြာတတ်သည်။ လေဆင်နှာမောင်းမှာ မိနစ်အနည်းငယ်မှ နာရီအနည်းငယ် အထိကြာတတ်သည်။ ၄င်းနှစ်မျိုးစလုံးသည် နာရီလက်တံပြောင်းပြန်လှည့်သကဲ့သို့ လက်ဝဲရစ်ရစ်၍ တိုက်ခတ်တတ်သည်။ အချို့လေဆင်နှာမောင်းသည် မိုးတိမ်များ၏ အောက်ခြေတွင် ဖြစ်ပေါ်တတ်သည်။ ထိုတိမ်တိုက်များသည် အောက်ခြေပေ ၅၀၀ မှ ၂,၀၀၀ အထိရှိတတ်သည်။ အောက်ခြေသည် အလွန်မည်းမှောင်နေပါက လေဆင်နှာမောင်းကျမည့်လက္ခဏာဖြစ်သည်။

လေဆင်နှာမောင်းသည် တစ်နာရီ ၂၅ မိုင်မှ ၃၀ အထိ ရွေ့လျားတတ်သည်။ ဆိုင်ကလုန်းမှာ ၁၀ မိုင်မှ ၁၅ မိုင်အထိသာ ရွေ့လျားတတ်သည်။ လေဆင်နှာမောင်း၏ နှုတ်သီးဝသည် မြေကြီးနှင့်လုံးဝမထိဘဲသော်လည်းကောင်း၊ မြေကြီးနှင့် ကပ်လိုက်ခွာလိုက်သော်လည်းကောင်း ရှိတတ်သည်။ လမ်းကြောင်းအကျယ်မှာ ကိုက် ၁၀၀ မှ ကိုက် ၃၀၀ အထိရှိတတ်သည်။ လမ်းကြောင်းမှာ ကောက်ကွေ့နေတတ်သည်။

မြစ်ရေကြီးခြင်း


မြစ်အတွင်းစီးဆင်းနေသော ရေထုထည်ပမာဏသည် လွန်စွာကြီးမားပြီး ထိုမြစ်မှ လက်ခံစီးဆင်းနိုင်စွမ်းကို ကျော်လွန်၍ မြစ်ကမ်းကို ရေကျော်လျှံတက်ခြင်းအား မြစ်ရေကြီးခြင်းဟု ဆိုသည်။ အဆိုပါ ကမ်းလျှံသည့်ရေသည် အိမ်ခြေလယ်ယာများကို ကျယ်ပြန့်စွာ ရေလွှမ်းမိုး၍ ပျက်စီးဆုံးရှုံးမှုများဖြစ်စေသည်။ သုံးရက်မှ တစ်လခွဲအထိ ကြာတတ် သည်။ ထို့ကြောင့် အချို့မြစ်ကမ်းမြို့များတွင် မြစ်ကမ်းတစ်လျှောက်၌ တာရိုးတာဘောင်များ ဆောက်လုပ်ထားကြသည်။ မြစ်ရေကြီးခြင်းဖြစ်ပေါ်မည့် အခြေအနေကို ကြိုတင် သတိပေးနိုင်ရန် ဇလဗေဒစခန်းများတွင် မြစ်ကမ်း၏ အမြင့် နိမ့်ပါးရောက်ရှိမည့် မြစ်ရေအမြင့် သို့မဟုတ် မြစ်ရေမှတ်ကို **စိုးရိမ်ရေမှတ်** အဖြစ် သတ်မှတ်ထားသည်။

ရေကြီးခြင်းတစ်မျိုးရှိသေးသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် နာရီပိုင်းအတွင်း ရေအရှိန်အဟုန်ဖြင့် စီးဆင်းခြင်းဖြစ်သည်။ တောင်စောင်းများ၊ သဲကောချောင်းများ၊ မြစ်ငယ်ချောင်းငယ်များတွင် နာရီပိုင်းသာဖြစ်ပေါ်တတ်သည်။ ၄င်းကို **လျှပ်တစ်ပြက်ရေကြီးခြင်း** ဟုခေါ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း စစ်တောင်းလွင်ပြင်နှင့် သဲသောင်ထူထပ်သော ဒေသများတွင် ကြုံတွေ့ရတတ်သည်။ ၁၉၈၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မန်းချောင်းရွှေစက်တော်ရာ ရေကြီးခြင်းမှာ လျှပ်တစ်ပြက် ရေကြီးခြင်းမျိုးဖြစ်သည်။ နာရီအတန်ကြာခဲ့သည်။ လျှပ်တစ်ပြက်ရေကြီးခြင်းကိုကြိုတင်ခန့်မှန်း၍ မရနိုင်ချေ။ မိုးသည်းထန်စွာ မိုးရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းဖြစ်သဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးကြိုးမှုသတိပေးချက် ထုတ်ပြန်ထားရာအရပ်နှင့် အနီးတစ်ဝိုက်နေသူများအနေဖြင့် မိမိဒေသ အနီးတစ်ဝိုက်တွင် မိုးကောင်းကင်ညိုမှိုင်းလာခြင်းနှင့် သည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်ပါက လျှပ်တစ်ပြက်ရေကြီးနိုင်သည်ကို သတိပြုရန်လိုအပ်သည်။


မြန်မာနိုင်ငံနှင့် မိုးလေဝသဌာန

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၌ မိုးလေဝသဌာနမရှိသေးချေ။ တိုင်းတာရေးစခန်းများသာရှိပြီး အိန္ဒိယနိုင်ငံကာလကတ္တားမြို့ရှိ မိုးလေဝသဌာနမှအုပ်ချုပ်သည်။ ၁၉၃၇ ခုနှစ် တွဲရေးခွဲရေးလှုပ်ရှားမှု၌ ခွဲရေးမှအနိုင်ရသည်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်မှ ခွဲထွက်ခဲ့ရာ မြန်မာနိုင်ငံတွင် မိုးလေဝသဌာနဖြစ်ပေါ်လာခဲ့သည်။ အိန္ဒိယနိုင်ငံသားများက အုပ်ချုပ်ပြီး မြန်မာလူမျိုး မိုးလေဝသပညာရှင်များပါဝင်လာခဲ့သည်။ မြန်မာနိုင်ငံသား မိုးလေဝသပညာရှင်မှာ ဒေါက်တာဘိုးအေးဖြစ်သည်။

ဒေါက်တာဘိုးအေးကို အဖဦးစံကွန်း၊ အမိဒေါ်အုန်းမြင့်တို့က ၁၉၀၆ ခုနှစ်၌ သုံးဆယ်မြို့တွင် မွေးဖွားသည်။ မောင်နှမလေးယောက်ရှိသည်။ မောင်ဘိုးအေး၊ မသန်းမေ၊ မထားတင်၊ မညိုညိုနှင့် မသန်းသန်းတို့ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ B.Sc (Hons) ဘွဲ့ကို ရူပဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး B.L ဘွဲ့ကို ဆက်လက်ရယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ တက်ရောက်နေစဉ် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အကောက်တော်ဌာန၌



အနုစိတ် တိမ်ပုံဖမ်းစက်
တစ်နာရီတစ်ကြိမ်ရိုက်ကူး



သုံးနာရီတစ်ကြိမ်
ပုံဖမ်းစက် (ဝဲ) နှင့်
တစ်နာရီတစ်ကြိမ်
တိမ်ပုံဖမ်းစက် (ယာ)



မိုးရေချိန်
တိုင်းတာမှတ်သား



အထက်လေကြောင်းဖိအားနှင့် အပူချိန်တိုင်းရန် ဆောင်ရွက်စဉ်

တာဝန်ထမ်းနေစဉ် ၁၉၃၇ ခုနှစ်၌ ပညာတော်သင်အရွေး ချယ်ခံရပြီး အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်သို့ စေလွှတ်ခံရကာ SD.I.C နှင့် P.H.D ဘွဲ့တို့ကို ဆွတ်ခူးရရှိခဲ့ပြီး ၁၉၄၀ ပြည့်နှစ်၌ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ မိုးလေဝသဌာနတွင် လက်ထောက်ညွှန်ကြားရေးဝန်အဖြစ် စတင်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်က ညွှန်ကြားရေးဝန်မှာ အိန္ဒိယမှ ဌာနမှူးထားသော Dr.S. C Roy ဖြစ်ပြီး မြန်မာအမှုထမ်း အနည်းငယ်သာရှိသည်။

ဒုတိယကမ္ဘာစစ် ကာလအတွင်း ၁၉၄၁ မှ ၁၉၄၅ ကာလအထိ မိုးလေဝသဌာန၏လုပ်သားများ ကျပန်စစ်တပ်လက်အောက်သို့ ရောက်ရှိခဲ့ပြီး မုံးဒဏ်အမြောက်ဆံများအကြားမှ မိုးလေဝသလုပ်ငန်းများကို ကျပန်တပ်နှင့်တွဲ၍ လုပ်ကိုင်ခဲ့ရသည်။ ဦးဘိုးအေးသည် ကျပန်တို့ဆုတ်ခွာသွားပြီး အင်္ဂလိပ်အစိုးရလက်အောက်တွင် ရနိုင်သမျှသော မိုးလေဝသဝန်ထမ်းဟောင်းများကိုစုစည်း၍ မိုးလေဝသဌာနကို ပြန်လည်အသက်သွင်းခဲ့သည်။ စစ်ဒဏ်ကြောင့် ကိရိယာများ ပျက်ဆီးပျောက်ဆုံးမှုများရှိခဲ့ပြီး အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ရနိုင်သမျှသော ကိရိယာများကို ဝယ်ယူခြင်း၊ အဟောင်းများကို ပြင်ဆင်ခြင်း၊ လူသစ်များအား သင်တန်းပေးခြင်းတို့ကို မနားမနေဆောင်ရွက်ခဲ့သည်။ ထိုသို့စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုကြောင့် ၁၉၅၂ ခုနှစ်တွင် ဦးဘိုးအေးသည် သီရိပျံချီဘွဲ့ ချီးမြှင့်ခံရသည်။

မိမိတိုင်းပြည်အထီးကျန်နေခြင်းထက် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိကြောင်း သဘောပေါက်သည့်အား လျော်စွာ ကမ္ဘာ့မိုးလေဝသအဖွဲ့ (International Meteorological Organization - I.M.O) ထူထောင်ရန် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ အပြည်ပြည်ဆိုင်ရာအစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာအစည်းအဝေးများ ပြုလုပ်နိုင်ရန်ကြိုးစားခဲ့သည်။

ဒေါက်တာဦးအေးသည် အနာဂတ်နိုင်ငံတော်အတွက် ကြိုတင်မျှော်တွေး၍ ရေဒီယိုဆောင်း၊ ဇလဗေဒ၊ ရေဒါ၊ စိုက်ပျိုးရေးမိုးလေဝသ၊ ကိရိယာ၊ လေကြောင်းမိုးလေဝသ၊ မြေငလျင်၊ မိုးလေဝသခန့်မှန်းရေး ဘာသာရပ်အစရှိသည်တို့ကို လူခွဲ၍သင်ကြားစေခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်တွင် ဒေါက်တာဦးအေး၏ ကြိုတင်မျှော်တွေးချက်များ အကောင်အထည်ပေါ်လာခဲ့သည်။

၁၉၆၆ ခုနှစ်၌ အငြိမ်းစားယူခဲ့သည်။ ဒေါက်တာဦးအေး၏ ပညာဉာဏ်နှင့် ဗဟုသုတကြွယ်ဝခြင်း၊ အမြော်အမြင်ကြီးမားပြီး သမာသမတ်ရှိခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက လုပ်ငန်းစစ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ထပ်မံတာဝန်ပေးအပ်ခဲ့သည်။ မြန်မာလူမျိုးအမှုထမ်း လေးယောက်ဖြင့် ဒေါက်တာဦးအေး စတင်ဖွဲ့စည်းခဲ့သော မိုးလေဝသဌာနသည် ၄င်းအနာယူချိန်တွင် အမှုထမ်းပေါင်း ၆၀၀ ခန့်ဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်သော ဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ကျပန်ခေတ်တွင် ကျပန်မိုးလေဝသတပ်မှ ပညာရှင်များနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကျပန်တပ်၏ စစ်ရေးလှုပ်ရှားမှုအား အထောက်အကူပြုရန် တိုင်းတာတွက်ချက်ပေးရသည်။ ကျပန်ခေတ် ၁၉၄၄ နှစ်ဦးပိုင်းတွင် မြန်မာအစိုးရနှင့် ကျပန်စစ်ဘက်အုပ်ချုပ်ရေးတို့ ပူးပေါင်းပြီး အရပ်သားပညာသင် ၃၀ ကို ရွေးချယ်၍ ဌာနအလိုက် သက်ဆိုင်ရာပညာရပ်သင်တန်းများသို့ စေလွှတ်သင်ယူစေသည်။ မိုးလေဝသပညာရပ်အတွက် ဦးလှနှင့် ဦးနီအောင်ဖြူတို့ တက်ရောက်ခွင့်ရခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် အချိန်မှ မျက်မှောက်ခေတ်ကာလအထိ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အောက်ပါဌာနများဖွဲ့စည်း၍ မိုးလေဝသဆိုင်ရာများ၊ နေ့စဉ် တိုင်းတာတွက်ချက် ခန့်မှန်း

ထုတ်ပြန်ခြင်းများအား သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား တို့မှတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိသည် –

၁။ ရုံးချုပ်
၂။ အထက်မြန်မာပြည်ဌာနခွဲ
၃။ အောက်မြန်မာပြည်ဌာနခွဲ
၄။ မိုးလေဝသဌာန
  (က) လေကြောင်းမိုးလေဝသ
  (ခ) မိုးလေဝသ
  (ဂ) စိုက်ပျိုးရေးမိုးလေဝသ
၅။ ဓလဗေဒဌာန
  (က) ကိရိယာနှင့် ဆက်သွယ်ရေး
  (ခ) ဓလဗေဒနှင့် ကွန်ပျူတာ
  (ဂ) မြေငလျင်ဌာန

မိုးလေဝသနှင့် ဓလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာရေးစခန်းများ

အထက်လေကြောင်းတိုင်းစခန်း:	၁၄	စခန်း:
မိုးလေဝသဓလဗေဒစခန်း:	၃၉	စခန်း:
မိုးလေဝသစခန်း:	၅၈	စခန်း:
ဓလဗေဒစခန်း:	၃၀	စခန်း:
စိုက်ပျိုးရေးမိုးလေဝသစခန်း:	၁၈	စခန်း:
မြေငလျင်စခန်း:(အနိမ့်ဆုံးမှ အမြင့်ဆုံး တိုင်းတာရေးစခန်း:)	၄	စခန်း:
မြေငလျင်စခန်း: (ရစ်ချ်စတာစကေး ၄ နှင့် အထက် တိုင်းတာရေးစခန်း:)	၁၀	စခန်း:
မုန်တိုင်းပြ ရေဒါစခန်း:	၁	စခန်း:

တိုင်းထွာချက်အမျိုးအစားများ

မိုးရေချိန်	မြစ်ရေအနိမ့်အမြင့်
အမြင့်ဆုံးအပူချိန်	မြစ်ရေအပူချိန်
အနိမ့်ဆုံးအပူချိန်	မြစ်ရေထုထည်စီးနှုန်း
နေပူရှိန်	သဲနှုန်းစီးဆင်းမှု
နေပူချိန်	မြေဆီလွှာအပူချိန်
ရေငွေ့ပြန်နှုန်း	မြေဆီလွှာအစိုဓာတ်
စိုထိုင်းဆ	မြေငလျင်ပြင်းအား
လေတိုက်နှုန်း	မြေငလျင်ဗဟိုချက်
လေဖိအား	မုန်တိုင်းရွှေ့လျားမှု
လေတိုက်ရာအရပ်	

မိုးလေဝသနှင့် ဓလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များ

နေ့စဉ်မိုးလေဝသခန့်မှန်းချက်
အာဆီယံနိုင်ငံမြို့တော်များအတွက် မိုးလေဝသခန့်မှန်းချက်
လစဉ်နှင့် ဆယ်ရက်ပတ်မိုးလေဝသနှင့် ဓလဗေဒခန့်မှန်းချက်
မြန်မာ့အသံမှ ထုတ်လွှင့်သည့် ခန့်မှန်းချက်
မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်သည့် ခန့်မှန်းချက်
ပင်လယ်ရေကြောင်းခရီးစဉ် ခန့်မှန်းချက်
ပြည်တွင်း၊ ပြည်ပလေကြောင်းခရီးစဉ် ခန့်မှန်းချက်
နိုင်ငံတော်စီမံကိန်းများ၊ အရေးကြီးပုဂ္ဂိုလ်များအတွက် ခရီးစဉ် ခန့်မှန်းချက်
မြစ်ရေအနိမ့်အမြင့် ခန့်မှန်းချက်
ရေနည်းခြိန်လအလိုက်မြစ်ရေအနိမ့်ဆုံး ကျဆင်းနိုင်မည့် ခန့်မှန်းချက်
မြစ်ရေအခြေအနေသတင်း
မိုးရာသီယေဘုယျ ခန့်မှန်းချက်
မိုးဦး၊ မိုးလယ်၊ မိုးနှောင်းနှင့် လပတ်မိုးလေဝသနှင့် ဓလဗေဒခန့်မှန်းချက်
နှစ်စဉ်မုန်တိုင်းဖြစ်ပေါ်မှု အခြေအနေထုတ်ပြန်ချက်
နှစ်စဉ်ဓလဗေဒနှစ်ချုပ် ထုတ်ပြန်ချက်
အထူးမိုးလေဝသအခြေအနေ ထုတ်ပြန်ချက်
မြေငလျင်သတင်း ထုတ်ပြန်ချက်

မိုးလေဝသနှင့် ဓလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတိပေးချက်များ

မုန်တိုင်းအထူးသတိပေးချက်
မုန်တိုင်းဒီရေသတိပေးချက်
လေပြင်းတိုက်ခတ်မည့်သတိပေးချက်
ဆိပ်ကမ်းများသို့ သတိပေးချက်
မိုးကြိုးမည့်သတိပေးချက်
အချိန်အခါမဟုတ် မိုးကြိုးမည့်သတိပေးချက်
မြစ်ရေကြီးမည့်သတိပေးချက်
လေဆိပ်များတွင် ထူးခြားသည့် မိုးလေဝသအခြေအနေသတိပေးချက်
လေဆိပ်များတွင် ဆိုးရွားသည့် မိုးလေဝသအခြေအနေသတိပေးချက်
မြူထုဆိုင်းမည့်သတိပေးချက်

မောင်ကြင်နာ


JOLSTEN

မြန်မာဆင်နွှဲအရှေ့တောင်အာရှအားကစားပြိုင်ပွဲ

၁၉၅၉ ခုနှစ်တွင် စတင်ကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ ၂၀၀၁ ခုနှစ်တွင် ကျင်းပပြီးစီးသွားသည့် ၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ မြန်မာအားကစားအဖွဲ့များသည် စဉ်ဆက်မပြတ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အခြားသော အာဆီယံနိုင်ငံ ၉ နိုင်ငံနှင့်အတူ မြန်မာနိုင်ငံက အားကစားသမား ၂၅၂ ဦး (အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး၊ အထောက်အကူပြုအဖွဲ့ အပါအဝင် စုစုပေါင်း ၄၀၉ ဦး) ဖြင့် အားကစားနည်း ၂၄ မျိုးတွင် ပါဝင်ယှဉ်ပြိုင်၍ ရွှေတံဆိပ် ၁၉ ဆု၊ ငွေတံဆိပ် ၁၄ ဆု၊ ကြေးတံဆိပ် ၅၃ ဆုဖြင့် နိုင်ငံအလိုက် အဆင့် ၇ ရရှိခဲ့သည်။

ပြိုင်ပွဲ၏ နိဒါန်းအစ

၁၉၅၈ ခုနှစ်၊ တတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပစဉ် ပါဝင်ယှဉ်ပြိုင်ကြသော အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများဖြစ်ကြသည့် မြန်မာ၊ မလေးရှား၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များ ဆွေးနွေးပွဲတစ်ရပ် ကျင်းပကြသည်။

၁၉၅၈ ခုနှစ်၊ မေလ ၂၂ ရက်တွင် ကျင်းပသည့် ထိုဆွေးနွေးပွဲ၌ ကမ္ဘာ့အိုလံပစ်နှင့် အာရှအားကစားပြိုင်ပွဲများတွင် အရှေ့တောင်အာရှနိုင်ငံများမှ ပါဝင်ယှဉ်ပြိုင်အောင်ပွဲခံနိုင်ရန် လက်လှမ်းမမီသောကြောင့် ကမ္ဘာ့အိုလံပစ်နှင့် အာရှအားကစားပြိုင်ပွဲများနှင့် လွတ်ကင်းသောနှစ်များ၌ နှစ်နှစ်လျှင် တစ်ကြိမ်ကျ အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲ ကျင်းပကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ကျွန်းဆွယ်ပွဲက စတင်

ယင်းကဲ့သို့ သဘောတူညီချက်အရ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (South East Asian Penisular Games) (SEAP Games) ကို စတင်ကျင်းပသည်။ ထိုပြိုင်ပွဲ၌ မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်း စုစုပေါင်း ခြောက်နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံက ရွှေတံဆိပ် ၁၁ ဆု၊ ငွေတံဆိပ် ၁၅ ဆု၊ ကြေးတံဆိပ် ၁၄ ဆု ရရှိကာ နိုင်ငံအလိုက် အဆင့် ၂ ရရှိသည်။

ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပရာ ကမ္ဘာ့ဒီးယားနိုင်ငံ စတင်ပါဝင်လာ၍ အားကစားနည်း ၁၃ မျိုး တွင် စုစုပေါင်း ခုနစ်နိုင်ငံ ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံက ရွှေတံဆိပ် ၃၅ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၂၂ ဆု ရရှိပြီး နိုင်ငံအလိုက် အဆင့် ၁ ရရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် တတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ကမ္ဘာ့ဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မကျင်းပဖြစ်ခဲ့ပေ။ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလတွင်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ တတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို ကျင်းပခဲ့သည်။

၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ကျင်းပရာ အားကစားနည်း ၁၅ မျိုးတွင် ခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြပြီ. မြန်မာနိုင်ငံက ရွှေတံဆိပ် ၅၇ ဆု၊ ငွေတံဆိပ် ၄၆ ဆုနှင့် ကြေးတံဆိပ် ၄၆ ဆုရရှိကာ နိုင်ငံအလိုက် အဆင့် ၁ ရရှိပြန်သည်။

SEA Games အဖြစ်သို့

အရှေ့တောင်အာရှနိုင်ငံများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာခြင်းဖြင့် အားကစားအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် ၁၉၇၇ ခုနှစ်၊ နဝမအကြိမ် ပြိုင်ပွဲမှစတင်၍ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (South East Asian Games SEA Games) အဖြစ် ပြောင်းလဲကာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ စတင်ပါဝင်ယှဉ်ပြိုင်သည်။

မြန်မာဆင်နွှဲ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ



ဖွင့်ပွဲအကြို အလံတင်အခမ်းအနား ကျင်းပစဉ်



ဖွင့်ပွဲတွင် မြန်မာအားကစားမောင်မယ်များ ချီတက်လာကြစဉ်

မြန်မာဆင်နွဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

ယင်းနောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်ဖြင့်ပင် ယခုတိုင်ဆက်လက် ကျင်းပလျက်ရှိရာ ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစ၍ ဖိလစ်ပိုင်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့ စတင်ပါဝင်ခဲ့ကြသည်။

ထို့ပြင် ၁၈ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစတင်၍ ယခုတိုင် အရှေ့တောင်အာရှ ၁၀ နိုင်ငံစလုံး စုံစုံညီညီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၁၀ နိုင်ငံ ပါဝင်ယှဉ်ပြိုင်

၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၈-၉-၂၀၀၁ ရက်မှ ၁၇-၉-၂၀၀၁ ရက်အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ပီနန်မြို့နှင့် ဂျိုဟိုးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အာဆီယံ ၁၀ နိုင်ငံမှ အားကစားသမား ၄,၀၀၀ ခန့်က အားကစားနည်း ၃၂ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြ၍ အိမ်ရှင်မလေးရှားအဖွဲ့က ရွှေ ၁၁၁ ဆု၊ ငွေ ၇၅ ဆုနှင့် ကြေး ၈၅ ဆုရရှိပြီး နိုင်ငံအလိုက် ဗိုလ်စွဲခဲ့၏။

ဘောလုံးပြိုင်ပွဲများကို ၁-၉-၂၀၀၁ ရက်က စတင်ကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနား မကျင်းပမီ ၈-၉-၂၀၀၁ ရက်နံနက်ပိုင်းကပင် စတင်၍ ကျွမ်းဘား၊ မြင်းစီးနှင့် သေနတ်ပစ်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။ အလံတင်ပွဲ အခမ်းအနားကို ၇-၉-၂၀၀၁ ရက် နံနက်ပိုင်းက ကွာလာလမ်ပူမြို့ အမျိုးသားအားကစားကွင်းကြီးရှေ့တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲနှင့် ပိတ်ပွဲ

ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို လူတစ်သိန်းခန့်ဆံ့သော အမျိုးသားအားကစားကွင်းကြီးတွင် ၈-၉-၂၀၀၁ ရက်နှင့် ၁၇-၉-၂၀၀၁ ရက် ညများ၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမဟာသီယာမိုဟာမက် တက်ရောက်ပြီး မလေးရှားနိုင်ငံ ဘုရင်မင်းမြတ်က ဖွင့်လှစ်ပေးသည်။

အားကစားပြိုင်ကွင်းကြီးအတွင်း၌ မလေးရှားနိုင်ငံမှ နာမည်ကျော် အားကစားသမားများနှင့်အတူ အခြားအာဆီယံနိုင်ငံ ၉ နိုင်ငံမှ တစ်နိုင်ငံလျှင် ထူးချွန်ထင်ရှားအားကစားသမားတစ်ဦးစီ အိုလံပစ်မီးရှူးတိုင်ကြီး သယ်ဆောင်ခဲ့ကြရာ မြန်မာနိုင်ငံမှ ပြေးခုန်ပစ်နှင့် ဘော်လီဘောလက်ရွေးစင် ဟောင်းဂျနီဖာတင်လေး ပါဝင်သယ်ဆောင်ခဲ့သည်။

ဘိုးလင်း၊ ဂျူဒိုနှင့် ဝူရှူးပြိုင်ပွဲများကို ပီနန်မြို့နှင့် မြားပစ်၊ လက်သိုင်း၊ တိုက်ကွမ်ဒို၊ အလေးမတို့ကို ဂျိုဟိုးမြို့တွင် ကျင်းပပြီး အခြားပြိုင်ပွဲများကို မြို့တော်ကွာလာလမ်ပူနှင့် အနီးတစ်ဝိုက်တွင် နေရာအနှံ့ ကျင်းပခဲ့သည်။

အထူးချွန်ဆုံး အားကစားမောင်မယ်များ

ပြိုင်ပွဲများအပြီးတွင် မလေးရှားနိုင်ငံအတွက် ရွှေတံဆိပ်လေးဆု ဆွတ်ခူးပေးခဲ့သူ မြင်းစီးသမား ကွာဘီလ်အမ်ဘက်နှင့် ထိုင်းနိုင်ငံအတွက် အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀ ပြေးပွဲနှင့် လက်ဆင့်ကမ်းပြေးပွဲနှစ်မျိုးတွင် ရွှေတံဆိပ်လေးဆု ဆွတ်ခူးပေးခဲ့သူ အပြေးမယ် ဆူပါတာဒီးခေါပက်တို့သည် ပြိုင်ပွဲကြီး၏ အထူးချွန်ဆုံး အားကစားမောင်မယ်အဖြစ် ရွေးချယ်ဂုဏ်ပြုခြင်းခံရသည်။

ယှဉ်ပြိုင်သည့် ဦးရေနှင့် ဆုရရှိမှုများ

၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၂ မျိုးအနက် ဆုတံဆိပ်အများဆုံးချီးမြှင့်သော အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ရေကူးဒိုင်ဗင်၊ ဝါတာပိုလို၊ သေနတ်ပစ်၊ သိုင်း၊ စက်ဘီးစီး၊ ကျွမ်းဘားနှင့် ဝူရှူးတို့ ဖြစ်ကြသည်။

၂၁ ကြိမ်မြောက် ပြိုင်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားဦးရေ အများအနည်းအစဉ်လိုက်ကို ကြည့်မည်ဆိုလျှင်လည်း မြန်မာနိုင်ငံသည် နိုင်ငံအလိုက် နံပါတ် ၇ နေရာတွင်ရှိရာ ၂၉ ပြိုင်သည့်ဦးရေနှင့် ဆုတံဆိပ်ရရှိမှုအနေအထားမှာ ယဘာဝကျသည်ဟု ယူဆနိုင်သည်။

အားကစားသမားအရေအတွက်နှင့် ရရှိသည့်ဆုတံဆိပ်အရေအတွက်ကို နှိုင်းယှဉ်ကြည့်လျှင် မြန်မာအားကစားသမားများ၏ ဆုတံဆိပ်ရရှိသော ရာခိုင်နှုန်းမှာ ၃၄ ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်၍ နိုင်ငံအလိုက်ယှဉ်ကြည့်လျှင် မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ပြီးလျှင် စတုတ္ထနေရာတွင် ရှိသည်ဟုပင် ဆိုနိုင်သည်။

နှစ် ၂၀ အတွင်း အအောင်မြင်ဆုံး

ဘရူနိုင်းနိုင်ငံတွင် ၁၉၉၉ ခုနှစ်က ကျင်းပသော အကြိမ် ၂၀ မြောက် ပြိုင်ပွဲတွင် မြန်မာအဖွဲ့သည် ရွှေ ၃ ဆု၊ ငွေ ၁၀ ဆု၊ ကြေး ၁၀ ဆုသာ ရရှိ၍ နိုင်ငံအလိုက် အဆင့် ၈ သာ ရရှိခဲ့ရာ ယခုပြိုင်ပွဲတွင် ရွှေ ၁၉ ဆု၊ ငွေ ၁၄ ဆု၊ ကြေး ၅၃ ဆုဖြင့် နိုင်ငံအလိုက် အဆင့် ၇ ရရှိခဲ့သဖြင့် ပိုမိုအောင်မြင်ခဲ့သည်။ ထို့ပြင် ၁၉၈၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကာလအတွင်း ယခု ၂၁ ကြိမ်တွင် မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်အများဆုံး၊ ဆုတံဆိပ်အများဆုံး၊ အအောင်မြင်ဆုံးဖြစ်ရာ လွန်စွာဝမ်းမြောက်ဂုဏ်ယူစရာပင် ဖြစ်သည်။

ပထမဆုံး ဆုတံဆိပ်များ

မြန်မာနိုင်ငံအတွက် ပထမဆုံးဆုတံဆိပ်ကို ဖွင့်ပွဲအခမ်းအနား မကျင်းပမီ ၈-၉-၂၀၀၁ ရက် နေ့လယ်ပိုင်း



မြန်မာနိုင်ငံအတွက် ပြိုင်ပွဲတွင်
ပထမဆုံး ဆုတံဆိပ်ဆွတ်ခူးပေးခဲ့သူ
သိန်းဝင်း (ကြေးတံဆိပ်) (မြင်းစီး)



အမျိုးသမီးလေးယောက်လှော် (မီတာ ၂၀၀၀၊
အလွတ်တန်း) လှေလှော်ပြိုင်ပွဲတွင်
မြန်မာအားကစားမယ်များ ရွှေဆုယူအပြီး



ပြေးခုန်ပစ်မှ ရွှေတံဆိပ်ရှင် အောင်သူရကို ကွာလာလမ်ပူမြို့၌ မြန်မာ့ရုပ်မြင်သံကြားက မေးမြန်းနေစဉ်

တွင် သိန်းဝင်းက မြင်းစီးပြိုင်ပွဲ တာဝေးစီး (ခံနိုင်ရည်/သက်လုံ) တွင် ကြေးတံဆိပ် စတင်ရယူပေးသည်။

ထို့အတူ မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ကို ၉-၉-၂၀၀၁ ရက်က ကျင်းပသည့် ဂူရှူးပြိုင်ပွဲတွင် အမျိုးသမီးထောက်လှ (နန်းခွမ်လက်သိုင်း) ၌ ဆွေဆွေသန်းက ဆွတ်ခူးပေးခဲ့သည်။

ရွှေငွေကြေးဆုရ အားကစားနည်းများ

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားနည်း ၂၄ မျိုးအနက် အလေးမ၊ ဂူရှူး၊ သေနတ်ပစ်၊ ရွက်လှေ၊ ဂျူဒို၊ ပြေးခုန်ပစ်၊ ရေကူး၊ လှေလှော်နှင့် တိုက်ကွမ်ဒို အားကစားနည်း ၉ မျိုး၌ ရွှေတံဆိပ်များ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးကြသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

အမျိုးသမီး အလေးမပြိုင်ပွဲ ၄၈ ကီလိုတန်းတွင် ကေသီဝင်း၊ ၅၃ ကီလိုတန်းတွင် ဆွေဆွေဝင်း၊ ၆၃ ကီလိုတန်းတွင် ခင်မိုးနွယ်နှင့် ၆၉ ကီလိုတန်းတွင် မြစန္ဒာဦးတို့က ရွှေတံဆိပ်များ ရရှိခဲ့ကြသည်။

ဂူရှူးပြိုင်ပွဲ အမျိုးသမီး ထောက်လှ/နန်းခွမ်လက်သိုင်းတွင် ဆွေဆွေသန်၊ အမျိုးသမီး ထောက်လှ/ထိုက်ချိုခွမ်နှင့် ထိုက်ချိကျန့်တွင် ခိုင်ခိုင်မော်၊ အမျိုးသား ထောက်လှ/ကျန့်ရှုနစ်ဖက်သွား ဓားပြိုင်ပွဲတွင် ပြည့်ဝဖြိုးတို့က ရွှေတံဆိပ်များ ရရှိ ခဲ့ကြ၏။

ရွက်လှေပြိုင်ပွဲ အမျိုးသား International 420 Class အသင်းလိုက်တွင် စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်၊ အမျိုးသား Laser II Class အသင်းလိုက်၌ အောင်မြင့်သူနှင့် ကောင်းမြတ်ထွဋ်၊ အမျိုးသမီး International 420 Class အသင်းလိုက်၌ စုမြတ်စိုးနှင့် နန်းခမ်းဆေးတို့က ရွှေတံဆိပ်များ ရရှိကြ၏။

သေနတ်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၅၀ ရိုင်ဖယ်ပြိုင်ပွဲတွင် ဝင်းချိုဆန်း၊ အမျိုးသား အသင်းလိုက် မီတာ ၅၀ ရိုင်ဖယ်ပြိုင်ပွဲတွင် ကျော်မိုးဝင်း၊ ခင်မောင်ထူး၊ အောင်ငြိမ်းနိုနှင့် အမျိုးသမီးအသင်းလိုက် မီတာ ၅၀ ပို့ဒ်တူးတူး ရိုင်ဖယ်ပြိုင်ပွဲတွင် ဝင်းချိုဆန်း၊ ခင်ပပထွန်း၊ မြတ်သူဇာဝင်းတို့က ရွှေတံဆိပ်များ ရရှိခဲ့ကြသည်။

အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ၄၈ ကီလိုအောက်တွင် သဉ္ဇာစိုးနှင့် ၄၈-၅၂ ကီလိုတန်းတွင် အေးအေးသင်းတို့က ရွှေတံဆိပ်များ ရရှိခဲ့ကြ၏။

ထို့ပြင် ရေကူးပြိုင်ပွဲ အမျိုးသမီး မီတာ ၅၀ အလွတ်ကူးတွင် မိုးသူအောင်၊ ပြေးခုန်ပစ် အမျိုးသား မီတာ ၁၀,၀၀၀ အပြေးပြိုင်ပွဲတွင် အောင်သူရ၊ လှေလှော်ပြိုင်ပွဲ အမျိုးသမီး မီတာ ၂၀၀၀ အလွတ်တန်း လေးတက်လှော်တွင် တင်တင်နွယ်၊ ခင်မာဦး၊ မြင့်မြင့်ဝင်း၊ နော်ဟာလာလား ရွှီနှင့် တိုက်ကွမ်ဒို အမျိုးသားလိုက် ဝိတ်တန်းတွင် သစ်လွင်တို့လည်း ရွှေတံဆိပ်များ ရရှိကြသည်။

ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်တို့တွင် ငွေတံဆိပ်များနှင့် လက်ဝှေ့၊ လက်သိုင်း၊ မြားပစ်၊ ဘောလုံး၊ မြင်းစီး၊ တင်းနစ်၊ ဘော်လီဘောတို့တွင် ကြေးတံဆိပ်များ ရရှိကြသည်။

အအောင်မြင်ဆုံး အားကစားနည်းများ

အအောင်မြင်ဆုံး အားကစားအဖွဲ့သည် အမျိုးသမီး အလေးမအဖွဲ့ဖြစ်၍ ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေလေးဆု၊ ငွေတစ်ဆု ရရှိသည်။

ဒုတိယအအောင်မြင်ဆုံးအဖွဲ့မှာ ဂူရှူးအားကစားအဖွဲ့ဖြစ်၍ အမျိုးသား၊ အမျိုးသမီး အားကစားသမား ၉ ဦး ပါဝင်ယှဉ်ပြိုင်ရာ ရွှေ ၃၊ ငွေ ၂၊ ကြေး ၄ ဖြင့် ဆု ၉ ဆု ရရှိခဲ့သည်။ ဂူရှူးပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၁ တရုတ်နိုင်ငံကို ယှဉ်နိုင်ရန် ကြိုးစားနေသည့် ကမ္ဘာ့အဆင့် ၂ ဗီယက်နမ်နှင့် အိမ်ရှင်မလေးရှားတို့ကို မြန်မာက အကြိတ်အနယ် ယှဉ်ပြိုင်ကြရသည်။

ထို့အတူ အောင်မြင်မှု အစဉ်အလာရှိခဲ့သော သေနတ်ပစ်နှင့် ရွက်လှေတို့ကလည်း နိုင်ငံအတွက် ရွှေသုံးဆုစီ ရယူပေးနိုင်သည်။

ထူးခြားသော အောင်မြင်မှုများ

ထူးခြားချက်မှာ ယခင်က ဆုတံဆိပ်များစွာ ရရှိခဲ့ဖူးသော ပြေးခုန်ပစ်တွင် မြန်မာတို့ ရွှေတံဆိပ်မရခဲ့သည်မှာ ၆ နှစ် ကြာခဲ့ပြီးနောက် ယခုအကြိမ်တွင် အမျိုးသား မီတာ ၁၀,၀၀၀ ပြိုင်ပွဲ၌ အောင်သူရက ရွှေတံဆိပ် ရယူနိုင်ခဲ့သည်။ မောင်အောင်သူရသည် အားကစားနှင့် ကာယပညာသိပ္ပံ၊ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းသား တစ်ဦးဖြစ်သည်။

ထို့အတူ ၁၉၆၉ ဖုနှစ်တွင် နောက်ဆုံးအကြိမ် ရွှေတံဆိပ်ရပြီး ၃၂ နှစ်ကြာ ရွှေတံဆိပ်နှင့် ဝေးကွာနေခဲ့ရသော ရေကူးတွင်လည်း မိုးသူအောင်က အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ ရွှေတံဆိပ်အကြိမ်ကြိမ် ရရှိထားသော နာမည်ကြီးရေကူးမယ် ဂျိုစလင်းယိုးကို အနိုင်ယူပြီး ရွှေတံဆိပ်ရယူပေးနိုင်ခဲ့သည်မှာ လွန်စွာ ဂုဏ်ယူစရာ ကောင်းလှသည်။ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်တစ်ဦးတည်းသာ ပါဝင်ယှဉ်ပြိုင်သည့် ရေကူးပြိုင်ပွဲတွင် မိုးသူအောင်သည်

မြန်မာဆင်နဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ



(ယာမှဝဲ) သတင်းနှင့်ပြန်ကြား‌ရေးအဖွဲ့ ခေါင်းဆောင် ဦးဉာဏ်ထွန်း၊ ဒုတိယခေါင်းဆောင် ဦးကျော်ဆန်းနှင့် စာရေးသူတို့ ဖွင့်ပွဲအခမ်းအနား ကြည့်ရှုနေကြစဉ်

ရွှေတံဆိပ်ဆုအပြင် ငွေတံဆိပ်နှစ်ဆုကိုလည်း ရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ပထမဆုံးယှဉ်ပြိုင်သည့် မြင်းစီးပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခု စတင်ရရှိခဲ့သည်။ ထို့ပြင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ၁၀ နှစ်ကျော် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခဲ့သော တင်းနစ်ပြိုင်ပွဲ၌လည်း ကြေးတံဆိပ်တစ်ဆု ပြန်လည်ရရှိလာနိုင်ခဲ့သည်။

အမျိုးသား အမျိုးသမီး မြန်မာ့ဘောလုံးနှစ်သင်း

ပြည်သူအများ အားပေးကြသည့် ဘောလုံးပြိုင်ပွဲတွင်လည်း အမျိုးသား အမျိုးသမီး နှစ်သင်းစလုံး အင်ဒိုနီးရှား အသင်းများကို နိုင်ကာ ကြေးတံဆိပ် ရရှိနိုင်ခဲ့သည်မှာ ကျေနပ် စရာဖြစ်သည်။

သို့ရာတွင် အမျိုးသမီးအသင်းသည် ချန်ပီယံဖြစ်နိုင်စွမ်းပါလျက်နှင့် အချို့သော အားနည်းချက်များကြောင့် ကြေး တံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အများစိတ်ဝင်စားကြသည့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ၁၉၉၃ ခုနှစ်က ငွေတံဆိပ်ရခဲ့ပြီး ဆုတံဆိပ်နှင့်ကင်းကွာနေရသလို ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် အမြဲတမ်းအုပ်စုမှ ထွက်ခဲ့ရသည့် မြန်မာအမျိုးသား ဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲအထိ တက်ခဲ့ရုံသာမက အိမ်ရှင် မလေးရှားကို ခြေအသာဖြင့်ကစားခဲ့ပြီး ယခင်က မကြာခဏ ဂိုးပြတ်၍ ရှုံးခဲ့ဖူးသော အင်ဒိုနီးရှားကို ၁ ဂိုး ဂိုးမရှိဖြင့် နိုင်ကာ တတိယရခြင်းကြောင့် ပြည်သူအများ အားရကျေနပ်ကြသည်။ မြန်မာ့ဘောလုံးခရီးလမ်းတွင် အောင်မြင်မှုရောင်ခြည်သန်းလာပြီဖြစ်သည်။

အထူးသဖြင့် မြန်မာအမျိုးသား အမျိုးသမီး ဘောလုံးပွဲများတွင် တစ်ခဲနက်အားပေးကြသော မလေးရှားတွင် ခေတ္တရောက်ရှိနေကြသည့် မြန်မာအားကစားပရိသတ်ကြီး၏ မျိုးချစ်စိတ်ဓာတ်ကိုလည်း အသိအမှတ် ပြုမိကြသည်။

လှိုက်လှိုက်လဲလဲဂုဏ်ပြု

၂၂ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့နှင့် ဟိုချီမင်းမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

ယခုအခါမြန်မာနိုင်ငံတွင် နိုင်ငံတော်နှင့်ပြည်သူလူထုသာမက စီးပွားရေးလုပ်ငန်းရှင်များက အားကစားကို ယခင် နှင့်မတူ အထူးအားပေးလျက် ရှိကြသည်။

နှစ်ပေါင်း ၂၀ အတွင်း အဆောင်မြင်ဆုံးအဖြစ် အမိနိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့် နိုင်ငံဂုဏ်ဆောင် မြန်မာအားကစားမောင်မယ်များကို နိုင်ငံတော်နှင့် ပြည်သူအများက လှိုက်လှိုက်လဲလဲ ဂုဏ်ပြုခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာအားကစား မောင်မယ်များအနေဖြင့်လည်း ဆက်လက်၍ ယခုထက် ပိုမိုကြိုးစားလေ့ကျင့်ကြပြီး နိုင်ငံဂုဏ်ကို ပိုမိုထွန်းလင်းတောက်ပအောင် စွမ်းဆောင်နိုင်ကြလိမ့်မည်ဟု ပြည်သူအားလုံးက ယုံကြည်မျှော်လင့်နေကြပေသည်။

ဒေါက်တာတင်ထွန်းဦး

၂၁ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် မြန်မာအားကစားမောင်မယ်များ

စဉ်	အားကစားနည်း / အဖွဲ့	အားကစားသမား		
		ကျား	မ	ပေါင်း
၁	မြားပစ်	၄	၄	၈
၂	ပြေးခုန်ပစ်	၆	၇	၁၃
၃	ကြက်တောင်	၄	–	၄
၄	ဘိလိယက်	၆	–	၆
၅	ဘိုးလင်း	၆	–	၆
၆	လက်ဝှေ့	၁၁	–	၁၁
၇	စက်ဘီး	၂	၂	၄
၈	မြင်းစီး	၆	–	၆
၉	ဘောလုံး	၂၀	၂၀	၄၀
၁၀	ဂေါက်သီး	၄	၁	၅
၁၁	လျှုဒို	၆	၆	၁၂
၁၂	ကရာတေးဒို	၈	၅	၁၃
၁၃	လှေလှော်	၁၁	၁၁	၂၂
၁၄	ပိုက်ကျော်ခြင်း	၁၂	၄	၁၆
၁၅	ရေကူး	–	၁	၁
၁၆	သေနတ်ပစ်	၉	၉	၁၈
၁၇	စားပွဲတင် တင်းနစ်	၃	၁	၄
၁၈	တိုက်ကွမ်ဒို	၄	၂	၆
၁၉	တင်းနစ်	၄	–	၄
၂၀	သိုင်း	၈	၃	၁၁
၂၁	ဘော်လီဘော	၁၂	–	၁၂
၂၂	အလေးမ	၅	၅	၁၀
၂၃	ဝူရှူး	၅	၄	၉
၂၄	ရွက်လှေ	၇	၄	၁၁
	စုစုပေါင်း:	၁၆၃	၈၉	၂၅၂

၂၁ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	မလေးရှား	၁၁၁	၇၅	၈၅	၂၇၁
၂	ထိုင်း	၁၀၃	၈၆	၈၉	၂၇၈
၃	အင်ဒိုနီးရှား	၇၂	၇၄	၈၀	၂၂၆
၄	ဗီယက်နမ်	၃၃	၃၅	၆၄	၁၃၂
၅	ဖိလစ်ပိုင်	၃၀	၆၆	၆၇	၁၆၃
၆	စင်ကာပူ	၂၂	၃၁	၄၂	၉၅
၇	မြန်မာ	၁၉	၁၄	၅၃	၈၆
၈	လာအို	၁	၃	၇	၁၁
၉	ကမ္ဘောဒီးယား	၁	၁	၅	၇
၁၀	ဘရူးနိုင်း	၀	၅	၆	၁၁

၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် မြန်မာအသင်းရရှိသော ဆုတံဆိပ်များ

အားကစားနည်း	ရွှေ	ငွေ	ကြေး	ပေါင်း
အလေးမ	၄	၁	၀	၅
ဝူရှူး	၃	၂	၄	၉
သေနတ်ပစ်	၃	၁	၅	၉
ရွက်လှေ	၃	၀	၁	၄
လျှုဒို	၂	၀	၅	၇
ပြေးခုန်ပစ်	၁	၃	၅	၉
ရေကူး	၁	၂	၀	၃
လှေလှော်	၁	၁	၃	၅
တိုက်ကွမ်ဒို	၁	၁	၂	၄
ကရာတေးဒို	၀	၁	၇	၈
ပိုက်ကျော်ခြင်း	၀	၁	၂	၃
ဘိလိယက်	၀	၁	၀	၁
လက်ဝှေ့	၀	၀	၆	၆
လက်သိုင်း	၀	၀	၅	၅
မြားပစ်	၀	၀	၃	၃
ဘောလုံး	၀	၀	၂	၂
မြင်းစီး	၀	၀	၁	၁
တင်းနစ်	၀	၀	၁	၁
ဘော်လီဘော	၀	၀	၁	၁
စုစုပေါင်း:	၁၉	၁၄	၅၃	၈၆

ကျင်းပခဲ့သည့် နိုင်ငံ၊ ခုနှစ်အလိုက် မြန်မာအသင်း ရရှိသော ဆုတံဆိပ်နှင့် အဆင့်များ

စဉ်	ကျင်းပသည့် အကြိမ်	ကျင်းပသည့် ခုနှစ်	ကျင်းပသည့် နိုင်ငံ	ပြိုင်ပွဲဝင် နိုင်ငံပေါင်း	ရွှေ	ငွေ	ကြေး	ရရှိသည့် အဆင့်
၁	ပထမ	၁၉၅၉	ထိုင်း	၆	၁၁	၁၅	၁၄	၂
၂	ဒုတိယ	၁၉၆၁	မြန်မာ	၇	၃၅	၂၅	၂၂	၁
၃	တတိယ	၁၉၆၅	မလေးရှား	၇	၁၈	၁၄	၁၆	၄
၄	စတုတ္ထ	၁၉၆၇	ထိုင်း	၆	၁၁	၂၆	၃၂	၄
၅	ပဉ္စမ	၁၉၆၉	မြန်မာ	၆	၅၇	၄၆	၄၆	၁
၆	ဆဋ္ဌမ	၁၉၇၁	မလေးရှား	၇	၂၀	၂၈	၁၃	၄
၇	သတ္တမ	၁၉၇၃	စင်ကာပူ	၇	၂၈	၂၅	၁၅	၄
၈	အဋ္ဌမ	၁၉၇၅	ထိုင်း	၄	၂၈	၃၅	၃၃	၃
၉	နဝမ	၁၉၇၇	မလေးရှား	၇	၂၁	၁၇	၂၁	၅
၁၀	ဒသမ	၁၉၇၉	အင်ဒိုနီးရှား	၇	၂၆	၂၆	၂၄	၃
၁၁	(၁၁)	၁၉၈၁	ဖိလစ်ပိုင်	၇	၁၅	၁၉	၂၇	၅
၁၂	(၁၂) ကြိမ်	၁၉၈၃	စင်ကာပူ	၈	၁၈	၁၅	၁၇	၅
၁၃	(၁၃) ကြိမ်	၁၉၈၅	ထိုင်း	၈	၁၃	၁၉	၃၄	၆
၁၄	(၁၄) ကြိမ်	၁၉၈၇	အင်ဒိုနီးရှား	၈	၁၃	၁၅	၂၂	၆
၁၅	(၁၅) ကြိမ်	၁၉၈၉	မလေးရှား	၉	၁၀	၁၄	၂၀	၆
၁၆	(၁၆) ကြိမ်	၁၉၉၁	ဖိလစ်ပိုင်	၉	၁၂	၁၆	၂၈	၆
၁၇	(၁၇) ကြိမ်	၁၉၉၃	စင်ကာပူ	၉	၈	၁၃	၁၆	၇
၁၈	(၁၈) ကြိမ်	၁၉၉၅	ထိုင်း	၁၀	၆	၂၁	၃၇	၇
၁၉	(၁၉) ကြိမ်	၁၉၉၇	အင်ဒိုနီးရှား	၁၀	၈	၃၄	၄၄	၇
၂၀	(၂၀) ကြိမ်	၁၉၉၉	ဘရူနိုင်း	၁၀	၃	၁၀	၁၀	၈
၂၁	(၂၁) ကြိမ်	၂၀၀၁	မလေးရှား	၁၀	၁၉	၁၄	၃၃	၁၆

၂၁ ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံး ချီးမြှင့်သည့် အားကစားနည်းများ

အားကစားနည်း	အရေအတွက်
ပြေးခုန်ပစ်	၄၆ ခု
ရေကူး၊ ဒိုင်ဗင်နှင့် ဝါတာပိုလို	၄၃ ခု
သေနတ်ပစ်	၃၆ ခု
သိုင်း	၂၁ ခု
စက်ဘီး	၂၀ ခု
ကျွမ်းဘား	၂၀ ခု
ဝူရှူး	၂၀ ခု
ကရာတေးဒို	၁၉ ခု
တိုက်ကွမ်ဒို	၁၆ ခု
ဂျူဒို	၁၄ ခု
ရွက်လွှော	၁၃ ခု
အလေးမ	၁၃ ခု

၂၁ ကြိမ်မြောက် ပြိုင်ပွဲတွင် ယှဉ်ပြိုင်သည့် အားကစားသမားများ၏ ဆုတံဆိပ်ရရှိမှု ရာခိုင်နှုန်း

စဉ်	နိုင်ငံ	အားကစားသမား ဦးရေ	ဆုတံဆိပ် ပေါင်း	ရာခိုင်နှုန်း
၁	မလေးရှား	၆၇၃	၂၇၁	၄၀.၂၇%
၂	ထိုင်း	၆၉၇	၂၇၈	၃၉.၈၉%
၃	အင်ဒိုနီးရှား	၅၉၃	၂၂၆	၃၈.၁၁%
၄	မြန်မာ	၂၅၂	၈၆	၃၄.၁၄%
၅	ဗီယက်နမ်	၄၃၁	၁၃၂	၃၀.၆၃%
၆	ဖိလစ်ပိုင်	၅၄၂	၁၆၃	၃၀.၀၇%
၇	စင်ကာပူ	၄၉၇	၉၅	၁၉.၁၁%
၈	လာအို	၁၃၄	၁၁	၈.၂၀%
၉	ကမ္ဘောဒီးယား	၉၂	၇	၇.၆၁%
၁၀	ဘရူနိုင်း	၁၄၈	၁၁	၇.၄၃%

အပိုင်း - ၃

၂၀၀၁ - ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည်
၂၀၀၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ
ဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်း
ရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ။ ။ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်က ကြီးမှူးကျင်းပသော ၅. ၆. ၂၀၀၁ နေ့တွင် ကျရောက်သော ၂၀၀၁ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအခမ်းအနားကို ရောင်စုံတာတ်ပုံ၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့်အတူ ၆. ၆. ၂၀၀၁ နေ့က ရန်ကုန်မြို့၊ ပြည်လမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုအဆောက်အအုံ (IBC) ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

နှစ်တစ်နှစ်၏ ဇွန်လ ၅ ရက်နေ့ ကျရောက်ပြီဆိုလျှင် ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကျင်းပမြဲဖြစ်သကဲ့သို့ မြန်မာနိုင်ငံကလည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်။ ကမ္ဘာပေါ်ရှိ သက်ရှိများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်သည်။ ၄င်းကို အသိအမှတ်ပြု အလေးထားခြင်းအားဖြင့် ကမ္ဘာ့လူသားအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိတရားမြင့်မားလာစေရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကျင်းပရခြင်းဖြစ်သည်။

၂၀၀၁ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ကွန်ရက်ပမာ ဆက်နွယ်ရာ သက်ရှိကျွန်ကမ္ဘာ" ဟူ၍ဖြစ်သည်။ ကမ္ဘာပေါ်ရှိ သက်ရှိအမျိုးမျိုးသည် ကွန်ရက်သဏ္ဌာန် ဆက်သွယ်မှီတွယ်နေခြင်းကြောင့် တစ်ခုစီ၏ ပျက်စီးမှုသည် အခြားတစ်ခုပေါ်တွင် အကျိုးသက်ရောက်စေသည်။ ထို့ကြောင့် လူသားများသည် သဘာဝတရားကို သဘောပေါက်ပြီး သဘာဝဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေထိုင်သွားရမည်သာဖြစ်သည်။ စင်စစ် မြေကမ္ဘာဟူသည် နှနယ်ပျက်စီးလွယ်ပြီး လူသားပတ်ဝန်းကျင် ထိခိုက်စေမည့် ပြုမူလုပ်ဆောင်ချက်များကို ခံနိုင်မှုစွမ်းရည် အကန့်အသတ်ဖြင့်သာရှိသည်။ သယံဇာတအရင်းအမြစ်များကို လွန်ကဲစွာ ထုတ်ယူသုံးစွဲမှု၊ စွန့်ပစ်အစိုင်အခဲ၊ ဓာတ်ငွေ့၊ အရည်များစွန့်ထုတ်မှုများကြောင့် ဂေဟစနစ်များကို ထိခိုက်ပျက်စီးစေခဲ့သည်။ အဓိကအားဖြင့် လူတို့၏ ပြုလုပ်ချက်များကြောင့် အဖိုးတန်သစ်ပင်နှင့် တိရစ္ဆာန်များ လျင်မြန်စွာပျောက်ကွယ်ခြင်း၊ အိုဇုန်းလွှာပါးလာခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ကမ္ဘာမြေကြီး တဖြည်းဖြည်းပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းများဖြစ်ပေါ်ပြီး ကမ္ဘာ့နေရာအနှံ့အပြား မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းကို ဖြစ်ပေါ်စေသည်။ ယင်းပတ်ဝန်းကျင် ဘေးဥပဒ်အန္တရာယ်များသည်ပင် ကမ္ဘာ့သက်ရှိတစ်ရပ်လုံးကို အန္တရာယ်ပြုနေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ပြဿနာကို ဖြေရှင်းရန်နှင့် ပေါ်ပေါက်လာမည့် နောက်ထပ်ပြဿနာများကို တားဆီးရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပြီဖြစ်သည်။ ၄င်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများ၊ အဖွဲ့အစည်းများ၊ အင်အားဖြည့်ဆည်းရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နည်းပညာနှင့် ဘဏ္ဍာငွေပံ့ပိုးမှုများစွာ လိုအပ်သည်။

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်တို့ကိုထိန်းသိမ်းရန်အတွက် ဘေးမဲ့တော (၃၀) နှင့် အမျိုးသားဥယျာဉ် (၄) ခုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းလျက်ရှိရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများကိုပါ အလေးပြုခဲ့ရာ တိရစ္ဆာန်နှင့် သစ်ပင်၊ ဥယျာဉ်တို့ကိုမထိခိုက်အောင် ဆောင်ရွက်ခဲ့သည်။ တစ်ဆက်တည်းတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေး မြှင့်တင်မှုလုပ်ငန်းများကို အထူးအရေးပေး၍ ဆောင်ရွက်ခဲ့သည်။ ထိုဆောင်ရွက်မှုများနှင့်အတူ တစ်ဖက်တစ်လမ်းမှလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတို့ ပူးပေါင်းကြိုးမှူးပြီး အများပြည်သူအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အများပြည်သူတို့ ပူးပေါင်းပါဝင်လာကြစေရန် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေး အခမ်းအနားများကို ကျင်းပပေးခဲ့သည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ညစ်ညမ်းမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းများတွင် ပါဝင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ ဒေသအဆင့်နှင့် ဒေသခွဲအဆင့်ပတ်ဝန်းကျင်ရေးရာ အစီအစဉ်များနှင့် စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၀၃ ခုနှစ်

ဆိုလျှင် မြန်မာနိုင်ငံက အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးကိုပင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပဦးမည်ဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ မြေကမ္ဘာထိပ်သီးဆွေးနွေးပွဲကြီးတွင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန် အစည်းအဝေးတက်ရောက်သော နိုင်ငံများက ကတိကဝတ်ပြုခဲ့သည်။

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၀၁) ။ ။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် သာသနာအကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူ ပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကုမာရမဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဂန္ဆကာရက၊ မော်ဘီမြို့နယ် သာသနာ့ဝန်ဆောင်ကျောင်းတိုက်နှင့် မြောင်းမြမြို့နယ် ပဇ္ဇောတာရုံစာသင်တိုက်တို့၏ ပဓာန နာယက၊ ပန်းကုံးဆရာဟော်
(၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုသလ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
မန္တလေးမြို့ ရှင်ဘို့မယ်ကျောင်းတိုက်နှင့် မော်လမြိုင်မြို့ ကျုံဒိုးအောက်ကျင်းနယ်မြေ မိုးမခကျောင်းတိုက်ဆရာတော်
(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေသရ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နတ်တလင်းမြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေသရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိရ်၊ ရေဦးမြို့နယ် တင်းတိန်ရံဈေး ဓမ္မိကာရုံကျောင်းတိုက် ပဓာန နာယက

(၁၃၆၃ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေလာသ၊ ဘဒ္ဒန္တ
သက်တော် (၆၇) နှစ်၊ သိက္ခာတော် (၄၇) ဝါ
အဂ္ဂမဟာဂန္ဆဝါစက ပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ရန်ကုန်တိုင်း သံဃနာယက အကျိုးတော်ဆောင်ဟောင်း၊ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေလာသာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
ရန်ကုန်တိုင်း ဝေဠုဝန်နိကာယဂိုဏ်း ဝိနယပရိယတ္တိ စာမေးပွဲကြီး၏ ဥက္ကဋ္ဌ၊ ဝေဠုဝန်နိကာယ ဂဏရက္ခိတ၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောဏ္ဍည၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြင်းခြံမြို့ သာသနာ့ဇောတိကာရုံကျောင်းတိုက် မဟာဇောဓိတစ်ထောင် ဓာတ်တော်တိုက်ဆရာတော်
(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောသလ၊ ဘဒ္ဒန္တ
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၇) ဝါ
မင်းကွန်းတောင်ရိုး တိပိဋကနိကာယစီမံအုပ်ချုပ်မှု မဟာနာယက၊ ရေဦးကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခေမိန္ဒမဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၁) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ အထက်မြန်မာ့နိုင်ငံလုံးဆိုင်ရာ မဟာဒွါရနိဂဟယဂိုဏ်း တာဝန်ခံဆရာတော်၊ မန္တလေးချမ်းမြသာစည်မြို့နယ် တောင်ပြင်ထီးလင်းတိုက် မဟာနာယက၊ ခေမိန္ဒာရာမ ပါဠိတက္ကသိုလ်ကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခန္ဓီစာရ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်
ဟောင်း၊ သထုံမြို့ မဟာအောင်မြေ ရွှေဘုံကျောင်းတိုက်
ပဓာန နာယက
(၁၃၆၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့၌
ပျံလွန်တော်မူသည်။)

ဂန္ဓမာ၊ ဘဒ္ဒန္တ
သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၆၉) ဝါ
ပုဇွန်တောင်မြို့နယ်၊ သံဃနာယက ဩဝါဒါစရိယ၊ ရွှေဘုန်း
ပွင့်စေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ ရွှေဘုန်းပွင့်
ကျောင်းတိုက် ကျောင်းကြီးကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့၌
ပျံလွန် တော်မူသည်။)

စန္ဒမဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
နိုင်ငံတော် ဩဝါဒါစရိယ၊ ပီလခတ်ပဝါရဏာဂိုဏ်းချုပ်၊
ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ သာသနာ့ရက္ခိတ
ကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

စန္ဒာဝရ၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ သိရော
မဏိ၊ မကွေးမြို့ မဟာဓမ္မိကာရာမ စာသင်တိုက် ပဓာန
နာယက
(၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့၌
ပျံလွန်တော်မူသည်။)

စန္ဒမာ၊ ဘဒ္ဒန္တ
သက်တော် (၁၀၃) နှစ်၊ သိက္ခာတော် (၇၉) ဝါ
မအူပင်မြို့နယ် ကျွဲဒုံးကျေးရွာကြီးကျောင်း ပရိယတ္တိစာသင်
တိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

စန္ဒောဘာသ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊
ကော့ကရိတ်မြို့ ဖာ.ကျကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်
မူသည်။)

ဓောတိက၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၀) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ ကော့ကရိတ်မြို့ ဓောတိကာရာမ
ကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့၌
ပျံလွန်တော်မူသည်။)

ဉာဏ၊ ဘဒ္ဒန္တ
သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
မင်းပြားမြို့နယ် မင်းဖူးကျေးရွာ အနောက်ဘက်ကျောင်း
ဆရာတော်၊ ရွှေစေတီပဝါရဏာဂိုဏ်းချုပ်
(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

ဉာဏဝရ ဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေးမြို့
မဟာမုနိဂေါပကအဖွဲ့၊ သြဝါဒါစရိယ၊ ချမ်းမြသာစည်
မြို့နယ်၊ ညောင်ကန်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

ဉာဏိန္ဒာဘရ၊ ဘဒ္ဒန္တ
သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၅၀) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်၊
ကော့မှူးမြို့နယ်၊ သံဃာ့နာယက ဒုတိယဥက္ကဋ္ဌ၊ ဝါ:ဘလောက်
သောက်ကျေးရွာ ခါတော်မီကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်
မူသည်။)

တိလောက၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊
ကျောက်ကြီးမြို့ ကုန်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာန
နာယက
(၁၃၆၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်
မူသည်။)

တိကွ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ
ကျောက်ပန်းတောင်းမြို့နယ်၊ စိတ္တိန်းကျေးရွာ သီရိမင်္ဂလာရွာဦးကျောင်း ဆရာတော်
(၁၃၆၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တိက္ခသာရ၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ပဓာန နာယက
(၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဒီပါလောက၊ ဘဒ္ဒန္တ
သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၃) ဝါ
ကမ္မဋ္ဌာနာစရိယ၊ မဟာဂန္ဓဝါစက ပဏ္ဍိတ၊ ကျောက်ပန်းတောင်းမြို့၊ မိုးကုတ်ဓမ္မရိပ်သာမြတ်ရွှေဂူစာသင်တိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဒေဝိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁) နှစ်၊ သိက္ခာတော် (၈၀) ဝါ
ကျောက်ဖြူမြို့နယ်၊ လိပ်တင်ချောင်းဝကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာရဒ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဝိဂ္ဂဟ၊ မဟာဒွါရနိကာယ အနုနာယက၊ ပဲခူးမြို့ ကမ္မဋ္ဌာန်းကျောင်းစာသင်တိုက် ပဓာန နာယက
(၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နိပုဏမဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဆဋ္ဌသံဂီတိကာရက၊ ဆဋ္ဌသံဂီတိဘာဏက၊ ရွှေကျင်နိကာယရတ္တညူ မဟာနာယက၊ ညောင်လေးပင်မြို့နယ်၊ သံဃနာယက (ရွှေကျင်) ဥက္ကဋ္ဌ၊ တောရရွှေကျင်ဂိုဏ်း ဝိနည်းပြန်ဌာန ဥက္ကဋ္ဌ၊ ပရိယတ္တိသာသနဟိတဓရ၊ တောရကြီးကျောင်းတိုက် သတ္တမမြောက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ၊ ပေါက်ခေါင်းမြို့၊ ပညာဇောတရုံစာသင်တိုက် ပဓာန နာယက
(၁၃၆၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သဃ်န်းကျွန်းမြို့နယ်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဆရာတော်
(၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါ
တိုက်ကြီးမြို့နယ်၊ သံဃနာယကအဖွဲ့ (ရွှေကျင်) ဩဝါဒစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ ဥက္ကဋ္ဌမြို့ သရက်ကုန်းကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၃) ဝါ
လောင်းလုံမြို့ သာသနာ့ပါလမြို့လယ်ကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာသာမိ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၁) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒစရိယ၊ ချောင်းဆုံမြို့နယ် ဂုံကော်းပေါင်းစုံပရိယတ္တိဟိတကာရိအသင်းဥက္ကဋ္ဌ၊ ကရင်ဝင်းစိန်ကျေးရွာ တောင်ပေါ်ကြီးကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တော်သလင်းလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

ပညာသီရိ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ
မြောင်းမြပြို့နယ်၊ ကွင်းပေါက်ကလေးကျေးရွာ ကွင်းပေါက်ကလေးကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာသိပ္ပ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ၊ ရေဦးဆရာတော်
(၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညောဘာသ၊ ဘဒ္ဒန္တ
သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၄) ဝါ
မဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ကော့မှူးမြို့နယ် သံဃနာယကအဖွဲ့ဝင်၊ ဝါ:ဘလောက်သောက်ကျေးရွာ မူလရွာလယ်ကျောင်း မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍဝ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဟောင်း၊ နိုင်ငံတော် သာသနာ့ တက္ကသိုလ်ကြီးမျာ:၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဟောင်း၊ ဟင်္သာတမြို့ ရတနာဗိမာန်စာသင်တိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

လာဘသာမိ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဟောင်း၊ နိုင်ငံတော် သာသနာ့ တက္ကသိုလ်ကြီးမျာ:၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဟောင်း၊ ဟင်္သာတမြို့ ရတနာဗိမာန်စာသင်တိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝဇိရာနန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၂၃) ဝါ
ဝဏ္ဏကျော်ထင် အာကယ်ဒမီ ရုပ်ရှင်မင်းသားကြီးဇေယျ၊ စစ်ကိုင်းတောင်ရိုး ညောင်တုန်းချောင်
(၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝါသဝါဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ နိုင်ငံတော် ဗဟိုသဲဃာ့ဝန်ဆောင်၊ မအူပင်မြို့ မြို့လယ်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိနယာစာရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း ဩဝါဒါစရိယ၊ မဟာဒွါရနိကာယ အနုနာယက၊ ပန်းတနော်မြို့ သိဟိုဠ်ကျောင်းတိုက်နှင့် ဗဟန်းမြို့နယ် မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်တို့၏ ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သီလာစာရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ စေတီယဂ်ကာအသင်း၊ ရေကြည်တော်ဝတ်အသင်း၊ ယထာဓမ္မသာသနာပြုအသင်းတို့၏ ဩဝါဒါစရိယ၊ ဗဟန်းမြို့နယ် အလယ်တောရစံပြစာသင်တိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုမန မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၆) ဝါ
ပထမအကြိမ်နှင့် ဒုတိယအကြိမ် တိုင်းသဲဃာ့ဝန်ဆောင်၊ ဓနုဖြူမြို့နယ် ဩဝါဒါစရိယ၊ အနောက်ပိုင်းသုဓမ္မာနိကာယ သာသနာပိုင်၊ အကျော်ရွာ ရတနာဘုံမြင့် မှန်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုမနဓောတိ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပထမအကြိမ် ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဟောင်း၊ နိုင်ငံတော်ဝိနည်းဓိရ်ဟောင်း၊ ကျုံပျော်မြို့နယ် ပြည်လုံးပေါ် ဘုရားကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃ဖိုး ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့၌ ပျံလွန် တော်မူသည်။)

သုမင်္ဂလ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ ကျောက်ပန်းတောင်းမြို့ လေးရွာကျော် ဆရာတော်ကြီး
(၁၃ဖိုး ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန် တော်မူသည်။)

သောဘဏသာရ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ကျန်းတောကျောင်းတိုက် ပဓာန နာယက
(၁၃ဖိုး ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်နေ့၌ ပျံလွန် တော်မူသည်။)

အရိယဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဟောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်အမှတ် (၄) သီးခြားဝိနည်းဓိရ်၊ ဗျာပုံမြို့ အဝပြန်ကျောင်းတိုက် ပဓာနနာယက၊ အောင်မြေဘုံသာဆရာတော်
(၁၃ဖိုး ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်နေ့၌ ပျံလွန်တော် မူသည်။)

အရိယဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကျုံပျော်မြို့နယ် ကျွဲသလင်းကျေးရွာ ဇေယျသုခကျောင်းဆရာတော်
(၁၃ဖိုး ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာစရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ငစကိယဂ်ဏဓမ္မာစရိယ (ဝင့်သကာ) အဋ္ဌကထာ ဘာသာပြန် အကျော်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိရ်ဟောင်း၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဟောင်း၊ မြို့နယ်ဩဝါဒါစရိယ၊ ရေဦးမြို့ မဂ်လာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃ဖိုး ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၌ ပျံလွန် တော်မူသည်။)

အာစာရ၊ ဘဒ္ဒန္တ
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၀) ဝါ
ညောင်လေးပင်မြို့ ထူပါရုံကျောင်းတိုက် ပဓာန နာယက
(၁၃ဖိုး ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အဂ္ဂဝံသ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ကြံခင်းမြို့နယ် သြဝါဒါစရိယ (မဟာဒွါရ)၊ ကံကလေးဓမ္မရိပ်သာ ပဓာန နာယက
(၁၃ဖိုး ခုနှစ်၊ နယုန်လပြည့်နေ့၌ ပျံလွန်တော်မူသည်။)

ဥဂ္ဂံသ မဟာထေရ်၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၆) ဝါ
နိုင်ငံတော်သြဝါဒါစရိယ၊ မူလဓမ္မာစရိယ၊ ညောင်လေးပင်မြို့ ဘုရားကြီးကျောင်းတိုက် ပဓာန နာယက
(၁၃ဖိုး ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော် မူသည်။)

ဣန္ဒောဘာသ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ပုသိမ်မြို့ ရေကြည်မဂ်လာကျောင်းတိုက် ပဓာန နာယက
(၁၃ဖြ၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့၌ ပျံလွန်တော် မူသည်။)

လူပုဂ္ဂိုလ်များ

စစ်မောင်၊ သူရ သီဟသူရ မိုလ်ချုပ်
အသက် (၅၃) နှစ်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မွန်ပြည်နယ်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
(၁၉-၂-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

စန်းမြင့်၊ ဦး
အသက် (၆၅) နှစ်
ကဗျာဆရာ မော်ငမြင့်မြတ်
(၄-၄-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

တင်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး
အသက် (၆၇) နှစ်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး (၂)၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ စစ်ဦးစီး
အရာရှိချုပ် (ကြည်း)
(၁၉-၂-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

တင်အောင်ဟိန်း၊ ဦး
အသက် (၈၂) နှစ်
ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား)
၂၈-၄-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

တင့်ဆွေ၊ ဦး
အသက် (၈၄) နှစ်
စာရေးဆရာကြီးသကီဆွေ
(၃-၁-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

ဗဒင် (နေရာ)
အသက် (၃၇) နှစ်
စတီရီယိုတေးသံရှင်
(၂၂-၁၂-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

ဗဟာဒူး၊ ဖရန့်စစ်
အသက် (၆၈) နှစ်
အာရှလက်ရွေးစင်ဘောလုံးသမား၊ မြန်မာ့လက်ရွေး
စင်ဘောလုံးသမား၊ အငြိမ်းစားဗိုလ်မှူး
(၁၉-၈-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မေသစ်၊ ဒေါ်
အသက် (၇၆) နှစ်
ဝဏ္ဏကျော်ထင်၊ ထပ်ဆင့်အကယ်ဒမီ ရုပ်ရှင်မင်းသမီးကြီး
(၃၀-၉-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မေသန်း၊ ဒေါ်
အသက် (၈၄) နှစ်
ခေတ်ဟောင်းအဆိုတော် အော်မ်းမေသန်း၊ ရုပ်ရှင်မင်းသမီး
ကြီး၊ မြို့မအမျိုးသားကျောင်း ဂီတဆရာမကြီး
(၂၄-၆-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မင်းအောင်၊ ဦး
အဲသက် (၄၅) နှစ်
တေးရေး၊ တေးဆိုနှင့် ဗီဒီယိုသရုပ်ဆောင် တေးသံရှင်
မင်းဇေအောင်
(၂၂-၂-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်တင်၊ ဦး
အသက် (၈၄) နှစ်
မြန်မာ့သမိုင်းအဖွဲ့ဝင်၊ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်
မြန်မာစာကထိက (အငြိမ်းစား)၊ မဟာဝိဇ္ဇာ
(၃၁-၅-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်သီ၊ ဦး
အသက် (၆၅) နှစ်
ဂီတစာဆို၊ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန
ဦးစီးအရာရှိ (အငြိမ်းစား)
(၁၂-၃-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်မောင်၊ ဦး
အသက် (၆၅) နှစ်
စောင်းဆရာကြီး
(၅-၉-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

မြတ်ကျော်၊ ဦး
အသက် (၇၃) နှစ်
စာရေးဆရာ ဆင်ပေါင်ဝဲမင်းမင်း၊ မြန်စာပြန့်အသင်းအတွင်း
ရေးမှူးဟောင်း၊ အလင်္ကာဂီတဂျာနယ် ထုတ်ဝေသူ၊
ယဉ်ကျေးမှု (အငြိမ်းစား)
(၁၇-၄-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

ရီကြွန်၊ ဒေါ်
အသက် (၈၇) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ ထုတ်လုပ်ရေးတပ် သုတေ
သနအရာရှိ (အငြိမ်းစား)၊ ရှမ်းပြည်နယ် လူထုပညာရေး
အုပ်ချုပ်မှုအတွင်းရေးမှူး (အငြိမ်းစား)၊ စာပေဗိမာန်လက်
ထောက်စာတည်း (အငြိမ်းစား)၊ ရန်ကုန်တိုင်း အမျိုးသမီး
ပညာအုပ် (အငြိမ်းစား)၊ ဘီအေ၊ ဘီအီးဒီ
(၁၁-၄-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

လေးခင်၊ ဦး
အသက် (၁၀၂) နှစ်
စာရေးဆရာကြီး မျိုးမြင့်စော၊ ကန်တော့ခံသက်ကြီးစာပေ
ပညာရှင်
(၂၂-၁၀-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

လွန်းမောင်၊ ဗိုလ်မှူးချုပ်
အသက် (၆၅) နှစ်
ဝန်ကြီးချုပ်ရုံး ဝန်ကြီး
(၁၉-၂-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

လှကြည်၊ ဦး
အသက် (၈၃) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ မဏ္ဍိုင်သတင်းစာ အယ်ဒီတာချုပ်ဟောင်း၊ ရိုက်တာသတင်းထောက်ဟောင်း
(၆-၉-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

လှထွန်း၊ ဦး
အသက် (၈၉) နှစ်
စာရေးဆရာကြီးထိုလာမောင်၊ မိတ္ထီလာ အထက (၁) အငြိမ်းစား စာဆရာကြီး
(၁-၉-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

လွှမ်းမိုး (ခ) စိုးစိုး
အသက် (၄၈) နှစ်
တေးရေး၊ တေးဆို၊ ဂီတမှူး၊ သရုပ်ဆောင်
(၁၀-၇-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

သန်း၊ ဦး
အသက် (၇၂) နှစ်
စာရေးဆရာကျော်မြသန်း
(၇-၁၁-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းဖေလေး၊ ဦး
အသက် (၆၅) နှစ်
အဆိုတော်၊ သရုပ်ဆောင်၊ စာရေးဆရာ၊ ဒါရိုက်တာ
(၁၀-၃-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းအောင်၊ ဦး
အသက် (၆၄) နှစ်
ပန်းချီဆရာကြီး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်မျာ:အစည်:အရုံ: ဗဟိုအမှုဆောင်
(၁၁-၃-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းမောင်၊ ဦး
အသက် (၉၉) နှစ်
စာရေးဆရာကြီး ရတနာပုံသိန်းသိန်း၊ စက်ရှင်မင်းကြီး (အငြိမ်းစား)
(၁၆-၃-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

အေးကြူ၊ ဦး (ဦးအေးကြူင်)
အသက် (၈၆) နှစ်
ခေတ်ဟောင်းရုပ်ရှင်မင်းသားကြီး
(၃၀-၅-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

အုံးကျော်၊ ဦး
အသက် (၇၆) နှစ်
အလုပ်သမား:ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း:ဝန်ကြီးဌာန ဝန်ကြီး (အငြိမ်းစား)၊ ဗိုလ်မှူးကြီး (အငြိမ်းစား)
(၂၁-၄-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

အုံးဖေ၊ ဦး
အသက် (၈၀) နှစ်
ဇေယျကျော်ထင်ဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ တတိယပတ်ဂျပန်ခေတ် ဗိုလ်သင်တန်းဆင်း၊ စစ်မှုထမ်းကောင်းမှတ်တမ်းဝင်၊ ဗိုလ်မှူးကြီး (အငြိမ်းစား)၊ ရဲချုပ်ဟောင်း
(၇-၉-၂၀၀၁ ရက်နေ့၌ ကွယ်လွန်သည်။)

ခန္ဓီ၊ ဘဒ္ဒန္တ (နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်) (မြန်မာ ၁၂၈၆ - ၁၃၆၂) ။ ။ ဆရာတော် ဘဒ္ဒန္တခန္ဓီကို ရခိုင်ပြည်နယ်၊ ပုဏ္ဏား:ကျွန်း:မြို့.နယ်၊ ကျောက်ဆိပ်ကျေး:ရွာတွင် ခမည်း:တော် ဦး:ပန်း:ကုန်း:၊ မယ်တော် ဒေါ်မေလှတို့.က ၁၂၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ တနလ်ာနေ့.တွင် ဖွား:မြင်သည်။

အသက် ကို:နှစ်အရွယ်၌ ပထမကျောက်ဆိပ်ဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏထံ လောကီလောကုတ္တရာ အခြေခံစာပေများ:ကို စတင်သင်ကြား:ခဲ့သည်။ အသက် ၁၂ နှစ် အရွယ်၌ ဆရာတော် ဘဒ္ဒန္တဝဏ္ဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး:တို့.၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့. ရောက်သည်။ ဘွဲ့.အမည်မှာ ရှင်ခန္ဓီဖြစ်သည်။

အသက် ၁၉ နှစ် လွန်မြောက်သောအခါ လူထက် သာမဏေ၊ မြင့်မြတ်ပေခြင်း၊ ရဟန်းသံဃာ၊ ဖြစ်ပြန်လာ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိ ဆိုသည့်အတိုင်း ၁၃၀၅ ခုနှစ်တွင် ကျောက်ဆိပ်ကျောင်းခဏ္ဍသိမ်၌ ဘဒ္ဒန္တဝဏ္ဏမထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး:တို့.၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်း:အဖြစ်သို့. ရောက်ရှိခဲ့သည်။



ဘဒ္ဒန္တ ခန်ဒီ

ရဟန်းဘဝဖြင့် ပထမကျောက်ဆိပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏ၊ ဘဒ္ဒန္တဉာဏ (စာချ)၊ ဘဒ္ဒန္တသီဟ (စာချ) တို့ထံ ဝိနယပိဋကနှင့်ပိဋက အခြေခံစာပေများကို သုံးနှစ်ခန့် သင်ကြားပြီးနောက် ၁၃၀၉ ခုနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်တော်မူလျက် ခင်မကန်တိုက်၊ မစိုးရိမ်တိုက်၊ စကုတိုက်၊ တောင်သမန်တိုက်၊ မိုးကောင်းတိုက်၊ အမရပူရ မင်္ဂလာတိုက်ဟောင်း၊ တိုက်သစ်စသော ကျောင်းတိုက်ကြီးများတွင် စာချအကျော် ဆရာတော်များထံ ပါဠိတော် အဋ္ဌကထာ ဋီကာစသောကျမ်းများကို ရဟန်း ၁၀ ဝါရသည်အထိ သင်ကြားဆည်းပူးခဲ့သည်။

ရှင်ခန်ဒီသည်ထိုသို့ ပရိယတ်စာပေများကို သင်ကြားဆည်းပူးရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာ အောက်ပါအတိုင်း အဆင့်ဆင့်အောင်မြင်ခဲ့သည် –

(၁) စစ်တွေမြို့၊ရက္ခမဏ္ဍလစာမေးပွဲ၌ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း

(၂) မန္တလေးမြို့၊ မစိုးရိမ်တိုက် ဝိနယစာမေးပွဲ၌ အငယ်တန်း၊

(၃) အစိုးရ ပထမပြန်စာမေးပွဲ၌ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း

(၄) အစိုးရ ဓမ္မာစရိယစာမေးပွဲ၌ ကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူးငါးကျမ်းတို့ကို ဖြေဆိုအောင်မြင်၍ သာသနာ့ဓဇ သိရိပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ကျမ်းတတ်အမော် ဆရာတော်တို့ထံ နည်းမျိုးစုံလင် ပရိယတ်စာပေသင်ကြားပြီးနောက်၊ မန္တလေးမြို့၊ စကုတိုက်၊ မြသိန်းတန်ကျောင်းတွင် နှစ်နှစ်၊ ရန်ကုန်မြို့၊ ပညာတံခွန်ကျောင်းတိုက်တွင် နှစ်နှစ်၊ စစ်တွေမြို့၊ ဂြစ်ဘက်ပါဠိတကတ္ထသိုလ်ကျောင်းတိုက်၌ ကထိကအဖြစ်ဖြင့် ငါးနှစ်တိုင်တိုင် စာပေပို့ချခဲ့သည်။

၁၃၂၃ ခုနှစ်တွင် မြို့မပရိယတ္တိစာသင်တိုက်ကို ထူထောင်ကာ စာပေပရိယတ္တိပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ ယနေ့ထိပင်ဖြစ်သည်။

မြို့မ ပရိယတ္တိစာသင်တိုက်ကို ထူထောင်စဉ် ချုံနွယ်ပိတ်ပေါင်းများ ရှဉ့်ညွန်ကြားတွင် ဇရပ်အိုပမာဏရှိသော ကျောင်းဆောင်တစ်ဆောင်တွင် သံဃာ ၁၈ ပါးခန့်မျှဖြင့် စတင်ခဲ့ရသည်။ အစားဆင်းရဲ၊ အနေဆင်းရဲ အခက်အခဲများစွာကြားမှ တစ်နေ့စာဝါ လေးငါးဝါပို့ချကာ သာသနာပြုခဲ့ရသည်။

ဆရာတော်သည် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခများကို သည်းခံမှုခန္တီအားဖြင့် ခုခံကာ ပရိယတ္တိစာပေများကို ကြိုးစား ပို့ချလာခဲ့ရာ စာသင်သားသံဃာ တိုးပွားလာခဲ့သည့် အလျောက် ၁၃၂၅ ခုနှစ်တွင် ဒေါနှင်းပွင့်ခိုင်လှဒါန်းသော ကျောင်းကြီးဆောင်၊ ၁၃၃၂ ခုနှစ်တွင် ဦးသာဇံ၊ ဒေါမနုတို့လှဒါန်းသော မနုကျောင်းဆောင်၊ ၁၃၃၀ ပြည့်နှစ်တွင် ဦးမောင်စော ဒေါမစောနုတို့လှဒါန်းသော သိမ်ကျောင်းဆောင်၊ ၁၃၃၃ ခုနှစ်တွင် ဒေါနှင်းပွင့်ခိုင်မိသားစုလှဒါန်းသော ပုဗ္ဗာရုံကျောင်းဆောင်၊ ၁၃၄၇ ခုနှစ်တွင် ဦးအောင်ထွန်းမြ ဒေါနုစိန်မိသားစုလှဒါန်းသော ကျောင်းဆောင်၊ ၁၃၆၀ ပြည့်နှစ်တွင် ယခုအမျှ စုပေါင်းလှဒါန်းသော ဆောက်လုပ်ဆဲစိန်ရတုသဘင် ကျောင်းဆောင်စသော သာသနိကအဆောက်အအုံတို့လည်း တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

၁၃၄၂ ခုနှစ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်လာသောအခါ ပထမအကြိမ်သံဃနာယကအဖွဲ့ အဆင့်ဆင့်တွင် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယအကြိမ်တွင် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် နှစ်နှစ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် သုံးနှစ်၊ တတိယအကြိမ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ စတုတ္ထအကြိမ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဖြစ်ဖြင့် သာသနာရေးရာများကို ဆောင်ရွက်တော်မူသည်။

ဆရာတော်ဘဒ္ဒန္တခန်ဒီသည် ထိုကဲ့သို့ ပရိယတ္တိဝိသာရဒ၊ သာသနာ့ဟိတဓရစသော ဂုဏ်တို့ဖြင့် ပြည့်စုံသောကြောင့် ၁၃၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။

ဆရာတော်သည် ၁၃၆၂ ခုနှစ်၊ တော်သလင်းလဆန်း (၂) ရက်နေ့ နံနက် ၁၂ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဖြူစင်

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ

(၂၀၀၁)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ဆဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပရိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး နှင့် တိုင်းရင်းသား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရွပ်ရွပ်ခွံ့ခွံ့ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား များနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား စစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစား ပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများ၊ အငြိမ်းစား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ထမ်းဆောင်ဆဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်များ၊ စစ်မှုထမ်းကောင်း တံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်း တံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ ဝန်ထမ်းကောင်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရား၌ဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများပြုသည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရား၌ဥပဒေ စိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဧနနဝါရီလ ၄ ရက်၊ ၅၃ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန် ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ အရ အဘိဓမ္မာဂုဏ်ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၆ ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာ ဂန္ဆဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၀ ပါးနှင့် သီလရှင်ဆရာကြီးသုံးပါး စုစု ပေါင်း ၁၃ပါး၊ မဟာဂန္ဆဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၄၃ ပါးနှင့် သီလရှင်ဆရာကြီး ၁၂ ပါး၊ စုစုပေါင်း ၅၅ပါး၊ ဂန္ဆဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၅ ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း ၁၀ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ခုနစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၂ ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်

လူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၆ ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ တစ်ပါး၊ ကနေဒါနိုင်ငံမှ တစ်ပါး၊ နီပေါနိုင်ငံမှ တစ်ပါးနှင့် အမေရိကန်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၄၂ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၄၂ပါးနှင့် သီလရှင်ဆရာကြီး နှစ်ပါး စုစုပေါင်း ၄၄ ပါး ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၀ပါး၊ သီလရှင်ဆရာကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၁၂ပါး၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီရိသုဓမ္မ မဏိဇောတဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ငါးဦး၊ သီရိသုဓမ္မသိဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သီဟသုဓမ္မ မဏိဇောတဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မသိဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သုဓမ္မ မဏိဇောတဓရ ဘွဲ့ဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မသိဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ စုစုပေါင်း ဆရာတော်ကြီး ၂၁၂ ပါး၊ သီလရှင် ဆရာကြီးအပါး ၂၀နှင့် လူပုဂ္ဂိုလ် ၁၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၁ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်ငါးဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (တတိယ ဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၃ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်း ခြင်းခံရသော ပုဂ္ဂိုလ် ၂၅ ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်ဦးရေ ၁၀၀၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၄၅ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၇၅ ဦး၊ စီမံထူးချွန် တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၄၉ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်း ခြင်းခံရသော ပုဂ္ဂိုလ် ၁၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယ ဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၆ ဦး၊ လူမှု ထူးချွန်တံဆိပ် (တတိယ ဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၉၉ ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲသူရဲနံတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၄ ဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် သုံးဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၆၈၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ အရ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဘောတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် စုစုပေါင်း ၁၀၆၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၁ အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၇ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၇၁၆ ဦး စုစုပေါင်း ၃၇၅၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၁ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၄၆၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၅၈၃၄ ဦး စုစုပေါင်း ၆၂၇၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၁ အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား သုံးဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၆ ဦး စုစုပေါင်း ၂၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၁ အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် စုစုပေါင်း ၁၅၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၁ အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၈၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၃၉၁၉ ဦး စုစုပေါင်း ၁၄၁၀၂ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၆၆ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၅၂၆၅ ဦး စုစုပေါင်း ၂၅၄၃၁ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကနိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်းခြောက်ဦးနှင့်

ဂန္ဓမာလာလက််ာရ (တိပိဋကဓရ၊ တိပိဋက ကောဝိဒ) (မြန်မာ ၁၃၂၉ –) ။

။ အရှင်ဂန္ဓမာလာလက််ာရကို မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စု၊ ကျောင်းကုန်းရွာ၊ ခမည်းတော် ဦးထင်ပေါ်မယ်တော် ဒေါ်ပွားတို့က ၁၃၂၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ တနလ််ာနေ့တွင် ဖွားမြင်သည်။



တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဘဒ္ဒန္တ ဂန္ဓမာလာလက််ာရ

ပမ္မဇ္ဇမင်္ဂလာ

အရှင်ဂန္ဓမာလာလက််ာရသည် ၁၃၃၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ သောကြာနေ့တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျောင်းကုန်းရွာ၊ ညောင်ပင်ကျောင်းဆရာတော် ဦးသုန္ဒရကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

အရှင်ဂန္ဓမာလာလက််ာရသည် ၁၃၄၉ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ ပဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့၊ လမ်း (၈၀)၊ (၃၄) နှင့် (၃၅) လမ်းကြား၊ အမှတ် (၂၈၉) နေ ဒေါ်စိန်၊ သမီး မစန်းရီ မိသား စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မန္တလေးမြို့၊ မှန်ကင်း ပဇ္ဇောတာရုံကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ကျေးဇူးရှင်ဆရာတော်ကြီးများ

ကျေးဇူးရှင်ဆရာတော်ကြီးများမှာ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းရွာအုပ်စု၊ ကျောင်းကုန်းရွာ၊ ရွှေညောင်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရေစကြိုမြို့နယ် မဲကုန်းရွာ၊ ညောင်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော်နှင့် စာချဆရာတော်များ၊ မုံရွာမြို့ ပဇ္ဇောတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချဆရာတော်များ၊ ဆား:လင်းကြီးမြို့နယ် ဝါ:တန်းရွာ သဒ္ဓမ္မဇောဝိကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိသရ၊ မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးနှင့် နာယကဆရာတော်များ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋ်သကာ၊ သိရောမဏိ – ဘီအေ) ဆရာတော်တို့ဖြစ်ကြသည်။

အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

ပရိယတ္တိသာသနလက််ာရ သာမဏေကျော်ဘွဲ့၊ သာသနဓဇမဟာစရိယဘွဲ့၊ ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ အာဘိဓမ္မိကဘွဲ့၊ တိပိဋကဓရဘွဲ့ တဲ့ဆိပ်တော်နှင့် အောင်လက်မှတ်တော်တို့ကို ခံယူရရှိတော်မူခဲ့သည်။

အာဘိဓမ္မကောဝိဒဘွဲ့ တဲ့ဆိပ်တော်

၁၃၆၂ ခုနှစ်၊ ၅၃ ကြိမ်မြောက် တိပိဋကဓရရွှေးချယ်ရေးစာမေးပွဲကြီးတွင် အာဘိဓမ္မပိဋကတ် အာဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသဖြင့် အာဘိဓမ္မကောဝိဒဘွဲ့ တဲ့ဆိပ်တော်နှင့် အာဘိဓမ္မကောဝိဒအောင်လက်မှတ်တို့ကို ခံယူရရှိတော် မူမည်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်

အရှင်ဂန္ဓမာလာလက်ာရသည် သင်ရိုးပိဋကတ်သုံးပုံလုံးကို အာဂုံရော၊ သဘောရေးဖြပါပြီးစီးအောင်မြင်တော်မူသဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တော်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွား လက်မှတ်၊ လစဉ်ဆွမ်းဆန်တော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်သည်။

ဂျပန်နိုင်ငံ ။ ။ဂျပန်နိုင်ငံတွင် ၂၀၀၁ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့က စီးပွားရေး၊ စက်မှုနှင့် သတင်းနည်းပညာဝန်ကြီးဌာန ဝန်ကြီးဖူကူရှီရိုနူကာဂါသည် လာဘ်ယူသည်ဟု စွပ်စွဲခံရပြီး ရာထူးမှ နုတ်ထွက်သွားသည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလက အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းခဲ့စဉ်က ထိုရာထူးကို အပ်နှင်းခံရသူဖြစ်သည်။ စီးပွားရေးစီမံကိန်း အေဂျင်စီညွှန်ကြားရေးမှူးချုပ်ဟောင်း တာရိအာဆိုအား နူကာဂါ၏ နေရာ၌ အစားထိုးခန့်အပ်သည်။ အာဆိုသည် ရှေးရိုးဝါဒီဖြစ်သည်ဟု အများက ယူဆထားကြရာ ပြုပြင်ပြောင်းလဲရေးဝါဒီ နူကာဂါ၏နေရာတွင် အစားထိုးခန့်အပ်လိုက်ခြင်းကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် တွန်းအားကို အကျိုးသက်ရောက်မည်ဟု လေ့လာသူများက မှတ်ချက်ပြုသည်။ ၂၀၀၁ ခုနှစ်၊ ဧန်နဝါရီလတွင် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြေညာချက်အရ ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးပိုလျှံမှုပမာဏသည် နှစ်နှစ်ဆက်တိုက် ကျဆင်းလာသည်ဟု ဆိုသည်။ ရှေ့ပြေးကိန်းဂဏန်းများအရ ၂၀၀၀ ပြည့်နှစ်အတွက် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးပိုလျှံမှုသည် ယန်းသန်းပေါင်း ၁၀,၇၄၁,၀၀၀ (အမေရိကန်တစ်ဒေါ်လာ = ၁၁၆ ဒသမ ၉၈ ယန်း) အထိ ၁၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ပြင်ပပို့ကုန်က ၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်သော်လည်း သွင်းကုန်က ၁၆ ရာခိုင်နှုန်း တိုးခဲ့သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) – အာဏာရ အယ်လ်ဒီပီပါတီမှ ကိုအီချီကာတို နိုင်ငံရေးအုပ်စု၏ အဓိက နိုင်ငံရေးသမားများ ခွဲထွက်သွားသည်။ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဟောင်း ဗစ်ဆူအိုဟိုရီအူချီနှင့် ကာတိုတို့ ဆက်ဆံရေးပြိုကွဲကြရာမှ ဤသို့ဂိုဏ်းခွဲထွက်မှု ပေါ်ပေါက်လာသည်။ ကာတိုက ဝန်ကြီးချုပ်ယိုရှိရိုမိုရီကို ဆန့်ကျင်ခဲ့ရာမှ ထိုသို့ သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

စီးပွားရေး – ဂျပန်နိုင်ငံ၏ လက်ရှိစီးပွားရေး ကမောက်ကမဖြစ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် အခြေခံပြုပြင်ပြောင်းလဲမှုကို တိုးမြှင့်ရန် ရေးဆွဲထားသည့် ယန်းသန်းပေါင်း နှစ်သန်း (အမေရိကန်တစ်ဒေါ်လာ = ၁၂၁ ဒသမ ၂၇၀ ယန်း) ရှိ



သတင်းထောက်များ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြား နေသော ဂျပန်ဝန်ကြီးချုပ်ကိုအီဇူမိကို တွေ့ရစဉ်

သည့် နောက်ဆက်တွဲ ဘတ်ဂျက်ငွေစာရင်းကို ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် အစိုးရက ထုတ်ပြန်ကြေညာသည်။ အလုပ်လက်မဲ့သည် စစ်ပြီးခေတ်တွင် အမြင့်ဆုံးဖြစ်သည့် ၅ ဒသမ ၃ ရာခိုင်နှုန်းထိ မြင့်တက်နေပြီဟု အစိုးရက ကြေညာသည်။ ထိုကိန်းဂဏန်းသည် စက်မှုထွန်းကားသော နိုင်ငံအများအပြား၏ စံချိန်စံညွှန်းအရ အတော်အတန်နည်းပါးသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံစီးပွားရေးအပေါ် အများပြည်သူ၏ စိုးရိမ်ပူပန်မှုများ တိုးပွားလာသည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဂျပန်အစိုးရသည် နိုင်ငံ၏ ချို့ယွင်းနေသော စီးပွားရေးကိုကုစားရန် ယန်းသန်းပေါင်း သုံးသန်းရှိသည့် နောက်ဆက်တွဲ ဘတ်ဂျက်ကို အတည်ပြုပြန်သည်။ နစ်ပွန်ကြေးနန်းနှင့် တယ်လီဖုန်း (အဲဒီအိုတီတီ) ကုမ္ပဏီတွင် အစိုးရကထည့်ဝင်ထားသည့် အစုစပ်ရှယ်ယာများကို ရောင်းချရသည့်ဝင်ငွေကို ထပ်ဆောင်းအသုံးစရိတ်အဖြစ် သုံးစွဲမည်ဟု အစိုးရအရာရှိများက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေသည် ၅ ရာခိုင်နှုန်းထိရောက်ရှိခဲ့ရာ အမြင့်ဆုံးစံချိန်တင်သည်။ တိုရှိဘာကုမ္ပဏီနှင့် ဟိတာချိကုမ္ပဏီတို့သည် ပိုလျှံဝန်ထမ်း ၂၀,၀၀၀ ဝန်းကျင်

လျှော့ပစ်ရမည်ဟု ကြေညာခဲ့သည်။ ဂျပန်မော်တော်ယာဉ်လုပ်သားများသမဂ္ဂနှင့် မစ်ဆူဘီရှီ သုတေသနဌာနတို့က စီးပွားရေးကျဆင်းမှုသည် ပြည်ပ၏ ပြိုင်ဆိုင်မှုပိုမိုကြီးမားလာခြင်း၊ နိုင်ငံရပ်ခြားသို့ ကုန်ထုတ်လုပ်ငန်းများ ပြောင်းရွှေ့ခြင်းနှင့် ဂျပန်ကုမ္ပဏီများတွင် နိုင်ငံခြားပိုင်ဆိုင်မှု ပိုမိုများပြားလာခြင်းတို့ကြောင့် ဖြစ်သည်ဟု တင်ပြခဲ့သည်။

တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အား တောင်းပန်ခြင်း – ဂျပန်နိုင်ငံတွင် သမိုင်းပြဿနာစာအုပ်နှင့် ပတ်သက်၍ အငြင်းပွားခဲ့ရသည်။ ပစိဖိတ်စစ်ကာလအတွင်းက ဂျပန်တို့အာရှကိုကျူးကျော်ခြင်းသည် တရားသည်ဟုဖော်ပြခဲ့ပြီး စစ်တပ်ကကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများကို အရေး မကြီးသယောင် ဖော်ပြခဲ့သည်။ တောင်ကိုးရီးယားနိုင်ငံခြားရေးဝန်ကြီး ဟန်ဆွန်ဆူးက ထိုရက်စက်ကြမ်းကြုတ်မှုများ အတွက် တောင်းပန်ရန်တောင်းဆိုခဲ့သည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဝန်ကြီးချုပ်ကိုအီဇူမီသည် "အနှူးအညွတ်တောင်းပန်မှု" ဟူသောစကားကို ထပ်ခါတလဲလဲ သုံးနှုန်းလျက်တောင်းပန်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလက ဂျပန်နိုင်ငံသို့ တရုတ်သမ္မတကျန်ဇီမင်းအလည်အပတ်လာရောက်စဉ် အစည်းအဝေးတစ်ရပ်၌ ထိုစဉ်က ဂျပန်ဝန်ကြီးချုပ် ကေအီဇိုအိုဘူချီက ထိုအသုံးအနှုန်းကို သုံးနှုန်းပြောဆိုခဲ့ဖူးသည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ်ကိုအီဇူမီသည် ကိုရီးယားနိုင်ငံသို့ သွားရောက်စဉ် ထိုသို့သုံးနှုန်းတောင်းပန်ခဲ့ပြန်သည်။ နှစ်နိုင်ငံကြား ချစ်ကြည်ရေးခေတ်သစ်ကို ထူထောင်လိုက်ပြီဟု ပူးတွဲကြေညာချက်တွင် ထောမနာပြုခဲ့ကြသည်။

ယာဆုကူနိဘုရားကျောင်း အလည်အပတ်ခရီးပြဿနာ – ဝန်ကြီးချုပ်ကိုအီဇူမီက ၂၀၀၁ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ကမ္ဘာစစ်အထိမ်းအမှတ် ရှင်တိုဘုရားကျောင်းဖြစ်သော ယာဆုကူနိဘုရားကျောင်းသို့ နိုင်ငံတော်ပိုင် မော်တော်ယာဉ်ဖြင့်သွားရောက်၍ သူ၏အစိုးရရာထူး ရေးထိုးသောပန်းခွေကို ချခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည်ဟူသော အငြင်းပွားမှုများ ပေါ်ပေါက်လာသည်။ အိုဆာကာ၊ မတ်ဆု ယာမာနှင့် ဖူကူအိုကာမြို့ကြီးများတွင် ခရိုင်တရားရုံးများ၌ တရားစွဲဆိုမှုများပင် ပေါ်ပေါက်ခဲ့သည်။

အိမ်ရှေ့မင်းသား၏ ကြင်ယာတော်သမီးတော်မွေးဖွားခြင်း – အိမ်ရှေ့မင်းသား နာရူဟီတို၏ အသက် ၃၇ ခုနှစ်အရွယ်ရှိ ကြင်ယာတော် မင်းသမီးမာဆာကိုသည် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ တွင် သမီးဦးကို ဖွားမြင်သည်။

ဒီဇင်ဘာ ၇ ရက်နေ့တွင် ဓလေ့ထုံးတမ်းနှင့်အညီ မင်းသမီးလေးကို အာအီကိုဟု ကင်ပွန်းတပ်သည်။ မင်းသမီးဘွဲ့မှာ တိုရှီဖြစ်၍ အိမ်ထောင် ပြုချိန်အထိ ထို ဘွဲ့အမည်ရရှိထားမည်ဖြစ်သည်။ လက်ရှိ ဂျပန်နိုင်ငံဥပဒေအရ သမီးတော်ကို ထီနန်းဆက်ခံခွင့်ပေးမထားသောကြောင့် နန်းလျာအတွက် တစ်နိုင်ငံလုံးတွင် အခြေအတင်ဆွေးနွေးမှု များပေါ်ပေါက်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေးဝါဒီ ခေါင်းဆောင်အဖြစ် ဂုဏ်ယူသောဝန်ကြီးချုပ်ကိုအီဇူမီက ထိုဥပဒေကိုပြင်ဆင်ရေးအတွက် ထောက်ခံမည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။

ကာကွယ်ရေးဥပဒေသစ်ပြဋ္ဌာန်းခြင်း – ဂျပန်အစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော စစ်ရေးလှုပ်ရှားမှုတွင် စစ်ဆင်မှုနှင့်မဆိုင်သော အထောက်အကူပေးနိုင်ရန် ပြည်ပသို့တပ်ဖွဲ့ဝင်များ စေလွှတ်နိုင်စေမည့် ထူးခြားသောဥပဒေမူကြမ်းတစ်ရပ်ကို ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့၌ တင်သွင်းခဲ့သည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် အောက်လွှတ်တော် (ဒိုင်းယက်)၌ ထိုအငြင်းပွားဖွယ်ဥပဒေကြမ်းကို ထောက်ခံမဲအနည်းငယ်အသာဖြင့် အတည်ပြုခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ စစ်ရေးလှုပ်ရှားမှုဟူသမျှကို ကန့်သတ်ထားခဲ့သည့် ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးဝါဒဥပဒေအရ ဂျပန်နိုင်ငံ၏ နိုင်ငံကာကွယ်ရေးတပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) ၏ ခွင့်ပြုနိုင်လောက်သည့် အခန်းကဏ္ဍကို ထိုဥပဒေက တိုးချဲ့ပေးလိုက်ခြင်းဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ် ယန်းငွေ ၄,၉၅၆ သန်းအထိ ခွင့်ပြုသောနိုင်ငံတော်ဘတ်ဂျက်ကိုလည်း ခွင့်ပြုလိုက်ကြောင်း ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွက်ထုတ်ပြန်ခဲ့သည်။ အက်စ်ဒီအက်ဖ်၏ ဆက်သွယ်ရေးပစ္စည်းကိရိယာများကို အရည်အသွေးတိုးမြှင့်ရန်နှင့် ဇီဝလက်နက်၊ ဓာတုလက်နက်များ၏ ခြိမ်းခြောက်မှုကိုကာကွယ်သည့် ယန္တရားသစ်များ ဝယ်ယူရန် ထိုသို့ကာကွယ်ရေးစရိတ်တိုးမြှင့်ခဲ့သည်။

ဂျာမန်နိုင်ငံ ။ ။ ဂျာမန်နိုင်ငံ၊ ဗြိတိန်နိုင်ငံတို့အပါအဝင် ဥရောပ တစ်လွှားတွင် နွားရူးရောဂါချောက်ချားမှုသည် သက်ဆိုင်ရာ နိုင်ငံများ၏ စီးပွားရေး၊ ကျန်းမာရေးတို့သာမက နိုင်ငံရေးနယ်ပယ်ကိုပါ ထိခိုက်လာခဲ့သည်။ နွားရူးရောဂါအရေးကိစ္စတွင် ကိုင်တွယ်ဖြေရှင်းမှု ချွတ်ချော်လွဲမှားခဲ့သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားသော အစိမ်းရောင်ပါတီမှကျန်းမာရေးဝန်ကြီး အင်ဒရီယာဖစ်ရာနှင့်

ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ အစား:အစာ၊ စိုက်ပျိုး:ရေး:နှင့် သစ်တော ရေး:ရာဝန်ကြီး: ကား:လ်ဟိုင်း:ဇ်ဖန်ကာတို့သည် ဧန်နဝါရီလ ၉ ရက်နေ့တွင် ပြည်ထောင်စုညွန့်ပေါင်း: အစိုး:ရ အဖွဲ့ဝင်ဝန်ကြီး:များ:အဖြစ်မှ နုတ်ထွက်ပေး:ခဲ့ကြရသည်။ ဝန်ကြီး:ချုပ် ကာဟဒ် ရှရိဒါသည် ကျန်:မာရေး:ဝန်ကြီး:အဖြစ် ဆိုရှယ်ဒီမိုကရက်တစ် ပါတီမှ အူလာရှမစ်ကိုလည်း:ကောင်း၊ အထူး:ဝန်ကြီး:ဌာနအဖြစ် အသစ်ဖွဲ့စည်း:လိုက်သည့် ဝန်ကြီး: နေရာတွင် အစိမ်း:ရောင်ပါတီမှ တွဲဖက်ခေါင်း:ဆောင် ရေနိတ်ကူး:နတ်စ်ကိုလည်း:ကောင်း: အစား:ထိုး:ခန့်ထား:ပေး:ခဲ့သည်။ အူလာရှမစ်သည် နွား:ရူး:ရောဂါနှင့် ပတ်သက်၍ ကျယ်ကျယ်လောင်လောင် အရေး:ဆိုခဲ့သူဖြစ်သည်။ သို့ဖြစ်၍ ကူး:နတ်စ်အား: ဝန်ကြီး:အဖြစ် ခန့်အပ်လိုက်ခြင်း:သည် "မင်း:ဖော်ခဲ့တဲ့ဆေး: မင်း:ပြန်စား:ပေတော့" ဟု ဆိုသကဲ့သို့ ဝန်ကြီး:ချုပ်ရှရိဒါက အကွက် ဆင်ပေး:လိုက်ခြင်း: ဖြစ်သည်။ နွား:ရူး:ရောဂါတိုက်ဖျက်ရေး:ကို အထူး:အစီအစဉ် ပြုလုပ်မည် ဆိုသော်လည်း: ကျာမနီနိုင်ငံမှတင်ပို့သော အမဲသား:များ:တွင် ဥရောပသမဂ္ဂက တား:မြစ်ထား:သည့် ကျောရိုး:ကြီး:များ:ပါသွား: ခဲ့ကြောင်း: ဗြိတိသျှတို့က စိစစ်ဖော်ထုတ်ပေး:ခဲ့သည်။ ဤသို့ဖြင့် ကျာမနီနိုင်ငံမှ တင်ပို့သော အမဲသား:များ:မှာ နာမည်ပျက်ခဲ့ရသည်။ ဧန်နဝါရီလကုန်၌ ကျာမနီတွင် နွား:ရူး:ရောဂါစွဲကပ်နေသော နွား:ကောင်ရေသည် ၂၀ အထိ တိုး:တက်များ:ပြား:လာခဲ့သည်။

နိုင်ငံခြား:ရေး:ဝန်ကြီး:၏ နိုင်ငံရေး:အတိတ်သမိုင်း: – အစိမ်း:ရောင်ပါတီမှ ဂျော့ရှ်ကာဖစ်ရာ်:သည် ညွန့်ပေါင်း:အစိုး:ရအဖွဲ့တွင် ဒုတိယဝန်ကြီး:ချုပ်လည်း:ဖြစ်၍ နိုင်ငံခြား:ရေး:ဝန်ကြီး: လည်း:ဖြစ်သည်။ ဖစ်ရာ်:သည် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလက နိုင်ငံတကာအကြမ်း:ဖက်ဝါဒီ ဂျူတ်ခင်း:(မ်း)ကလိုင်း: အား: သတ်ဖြတ်ခဲ့မှုနှင့် စပ်လျဉ်း၍ ဧန်နဝါရီလ ၁၆ ရက်နေ့က တရာ:ရုံး:တွင် သက်သေထွက်ဆိုပေး:ခဲ့ရသည်။ ဤသို့ဘရာ:ရုံး:သက်သေမထွက်ဆိုမီတွင် ကျာမနီသတင်း:စာများ:က ဖစ်ရာ်:၏ နိုင်ငံရေး:အတိတ်သမိုင်း:ကို ဖော်ထုတ်ရေး:သား:ခဲ့ကြသည်။

ဖစ်ရာ်:သည် ၁၉၇၀ ပြည့်လွန်နှစ်များ:အတွင်း:က လမ်း:မများ:ပေါ်တွင် သတ်ဖြတ်ခဲ့ဖူး:သူတစ်ဦး: ဖြစ်ခဲ့ကြောင်း: ဓာတ်ပုံအထောက်ထား:များ:ဖြင့် သတင်း:စာများ:က ဖော်ပြခဲ့သည်။ ထိုဓာတ်ပုံများ:ကို နာမည်ကြီး: လူဆို:ဂိုဏ်း:ခေါင်း:ဆောင် အူး:လ်ရစ်မိန်း:ဟော့ဖ်၏သမီး: ဘက်တီနာရှိး:လ်က ဖော်ထုတ်ပေး:ခဲ့သည်။ ၁၉၇၃ ခုနှစ်က ဖရင့်ဖတ်မြို့တွင် ဆန္ဒပြပွဲတစ်ခုဌ် ဖစ်ရာ်:သည် သံခမောက်ဆောင်း:လျက် မျက်နှာဖုံး:စွပ်ထား:ကာ ရဲတပ်ဖွဲ့ဝင်တစ်ဦး:အား: ရိုက်နှက်နေပုံကို ဓာတ်ပုံရိုက်ကူး:ထား:ခဲ့သည်။ ၁၉၇၆ ခုနှစ်အတွင်း:ကလည်း: ဖစ်ရာ်:သည် မီး:လောင်ဗုံး:ဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး:အား: သတ်ဖြတ်ရန် ကြံစည်ခဲ့သည်။ ထိုအမှုဖြင့် ဘက်တီနာရှိး:က ဖစ်ရာ်:အား: တရာ:စွဲဆိုရန် တိုက်တွန်း:ခဲ့သည်။ အမှန်တော့ ဘက်တီနာသည် ဖစ်ရာ်:နှင့် အပေါင်း:အပါတို့က သူ့မိခင်အား: ကစဉ့်ကလျာ:လွင့်ပါး:သွား:အောင် လုပ်ခဲ့ခြင်း:အတွက် ကလဲ့စား: ချေခြင်း:သာ ဖြစ်သည်။ ဖစ်ရာ်:ကလည်း: သူသည် ၁၉၇၀ ပြည့်လွန်နှစ်များ:အတွင်း:က လမ်း:မများ:ပေါ်၌ တိုက်ခိုက်မှုတို့တွင် အရေး:ပါသောအခန်း:ကဏ္ဍာမှ ပါဝင်ခဲ့ကြောင်း:၊ သို့ရာတွင် ကျောက်ခဲနှင့် လက်သီး:တို့ကိုသာ အသုံး:ပြုခဲ့ကြောင်း: ဝန်ခံပြောကြား:ခဲ့သည်။

အတိုက်အခံ ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံပါတီက အောက်လွှတ်တော်တွင် နိုင်ငံခြား:ရေး:ဝန်ကြီး:ဖစ်ရာ်: နုတ်ထွက်ပေး:ရန် တောင်း:ဆိုခဲ့သည်။ သို့သော် ပြည်သူလူထုကလည်း: ဖစ်ရာ်:နုတ်ထွက်ခြင်း:ကို မထောက်ခံသဖြင့် ဝန်ကြီး:ချုပ်ရှရိဒါသည် ရှမစ်အား: ဆက်လက်ထောက်ခံ အား: ပေး:ခဲ့သည်။

လက်နက်ကိုင်တပ်ဖွဲ့အင်အား:လျှော့ချရေး – ဘော်လကန်စစ်ပွဲများ: ငြိမ်း:အေး:သွား:ပြီး:နောက် ဥရောပသမဂ္ဂနှင့် နေတိုး: အဖွဲ့တို့တွင် စစ်ရေး:သဘောတရာ:နှင့် လက်တွေ့ကျင့်သုံး:မှုများ: ပြောင်း:လဲလာသည်။ စစ်သည်အင်အား: ကြီး:ထွား:ရေး: ထက် စစ်ရေး:နည်း:ပညာများ: အဆင့်မြင့်မား:ရေး:ကို ဦး:စား: ပေး:လာကြသည်။ ထို့ကြောင့် ဧန်နဝါရီလ ၂၉ ရက်နေ့တွင် ကာကွယ်ရေး:ဝန်ကြီး: ရူး:ဒေါ့ဖ်ရှာ:ပင်:က လက်နက်ကိုင်တပ်ဖွဲ့အင်အား: လျှော့ချမည့်အစီစဉ်ကို ကြေညာခဲ့သည်။ စစ်သည်အင်အား: ၃၁၀၀၀၀ မှ ၂၈၀၀၀၀ အထိလည်း: ကောင်း၊ နိုင်ငံသား:များ: စစ်မှုထမ်း:ရေး:ဥပဒေအရ စစ်မှုထမ်း: ရမည့်ဦး:ရေကို ၁၃၀၀၀ မှ ၈၀၀၀ အထိလည်း:ကောင်း: လျှော့ချရန် ပြင်ဆင်ခဲ့သည်။ နိုင်ငံသား:များ:၏ စစ်မှုထမ်း: ချိန်ကာလကိုလည်း: လျှော့ချခဲ့သည်။ စစ်တပ်အင်အား: လျှော့ချလိုက်သဖြင့် စစ်ဘက်နှင့် ဆက်စပ်နေသော အရပ်သား:ဝန်ထမ်း:ဦး:ရေမှာလည်း: ၁၄၀၀၀၀ မှ ၁၀၀၀၀၀ အထိ လျော့ကျသွား:ခဲ့သည်။

ဘော်လကန်စစ်မြေပြင်သို့ သွားရောက်တာဝန်ထမ်း ဆောင်နေခဲ့ကြသော စစ်သည်များသည် ယူရေနီယမ်ဓာတ် ငွေ့သင့်၍ ဖြစ်ပေါ်သော ရောဂါလက္ခဏာများကို စစ်ဆေး တွေ့ရှိကြရသည်။ ထိုကြောင့် အီတလီနှင့် ဂျာမနီတို့က စစ်ပွဲများတွင် အသုံးပြုပြီး ယူရေနီယမ်များကို လက်နက်အဖြစ် အသုံးချမှုရပ်ထားရန် နေတိုးအဖွဲ့အား တိုက်တွန်းခဲ့သည်။

လက်ယာအစွန်းရောက်ဝါဒီတို့၏ အကြမ်းဖက်မှုတိုးပွား – ဂျာမနီအပါအဝင် ဥရောပတိုက်တစ်ဝန်းခြံ လက်ယာအစွန်းရောက်ဝါဒီတို့၏ အကြမ်းဖက်မှုများ တိုးပွားလာသည်။ ဂျာမနီတွင် ၁၉၉၉ ခုနှစ်ကထက် ၂၀၀၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းအထိ အကြမ်းဖက်မှုများ တိုးပွားလာခဲ့သည်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရက လက်ယာအစွန်းရောက်ဝါဒီတို့၏ အကြမ်းဖက်မှုဒဏ်ကို ခံခဲ့ရသူများအတွက် အထူးလျော်ကြေးပေးရန် ဂျာမန်မတ်ငွေ ၁၀ သန်းအထိ သတ်မှတ်လျာထား ပေးခဲ့ရသည်။

စီဒီယူရန်ပုံငွေ အရှုပ်တော်ပုံ – ဝန်ကြီးချုပ်ဟောင်း ဟဲလ်မွတ်ခိုးလ်နှင့် ၄င်း၏ ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံပါတီတို့၏ ရန်ပုံငွေအရှုပ်တော်ပုံမှာ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ဟဲလ်မွတ်ခိုးလ်အာဏာရှိစဉ်အတွင်း အရှေ့ဂျာမနီမှ နိုင်ငံတော် ထောက်လှမ်းရေးအဖွဲ့သည် ခိုးလ်နှင့် အခြားသူများ၏ တယ်လီဖုန်းဆက်သွယ်ပြောကြားမှုများကို ကြားဖြတ်ဖမ်းယူ အသံသွင်းပြီး ထိုပြောကြားချက်များကို မှတ်တမ်းတင် ပြုစုထားခဲ့သည်။ ထိုသတင်း အချက်အလက်များသည် ခိုးလ်အပေါ် ငြိစွန်းမှုများကို ဖော်ထုတ်ပေးနိုင်ဖွယ်ရာရှိသည်။ စီဒီယူပါတီ၏ ရန်ပုံငွေအရှုပ်တော်ပုံကိစ္စတွင် အရှေ့ဂျာမနီနိုင်ငံ ထောက်လှမ်းရေးအဖွဲ့က ဖမ်းယူထားသည့် သတင်းအချက်အလက်များကို အသုံးမပြုရဟု ဂူလိုင် ၄ ရက်နေ့တွင် တရားရုံးက စီရင်ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ခိုးလ်အဖို့ အောင်ပွဲရရှိသွားခဲ့သည်။

ခိုးလ်၏ဇနီး မိမိကိုယ်မိမိ သတ်သေခြင်း – အသက် ၆၈ နှစ်အရွယ်ရှိဟန်နီလိုးခိုးလ်သည် ဂျာမနီအနောက်ဘောင်ပိုင်းရှိ ၄င်းတို့၏မိသားစုနေအိမ်၌ ဂူလိုင်လ ၅ ရက်နေ့ကကိုယ့်ကိုယ်ကိုသတ်သေသွားခဲ့သည်။ သူမသည်နေရောင်ခြည်နှင့် မတည့်သဖြင့် အမှောင်အတွင်း၌ နှစ်ပေါင်းများစွာနေခဲ့ရသည်ကို မခံမရပ်နိုင်တော့သဖြင့် သတ်သေသွားသည်ဟု ဆိုကြသည်။ ခိုးလ်နှင့်ဆက်စပ်ပြီး ငွေကြေးအရှုပ်တော်ပုံများပေါ်ပေါက်လာခြင်း၊ ခိုးလ်နှင့်သူ့အတွင်းရေးမှူးအမျိုးသမီး ဂျူလီယန်ဝီဘာတို့၏ လူမှုရေးရှုပ်ရှုပ်ပွေပွေသတင်းများ ထွက်ပေါ်လာခြင်းတို့သည်လည်း ဟန်နီလိုးခိုးလ်၏ မိမိကိုယ်မိမိ အသက်အရွယ်ကြီးကျလာခြင်းကို ပြသနေကြသည်။

လူဝင်မှုကြီးကြပ်ရေးအစီအစဉ်သစ် – ဂျာမနီတွင် ဂျာမနီလူဦးရေတိုးပွားမှုရပ်တန့်သွားခြင်း၊ နိုင်ငံခြားသားများတိုးချဲ့ဝင်ရောက်လာခြင်းတို့သည် အရေးကြီးသောပြဿနာဖြစ်သည်။ ကျွမ်းကျင်သောအလုပ်သမားများလိုအပ်နေမှုတို့ကြောင့် ဂျာမနီနိုင်ငံက နိုင်ငံခြားသားကျွမ်းကျင်သူလုပ်သားများအား နှစ်စဉ် ၅၀၀၀၀ ခန့်ဝင်ရောက်ခွင့်ပြုရန် ယာယီသို့မဟုတ် အမြဲတမ်းနိုင်ငံသားအဖြစ် လက်ခံရန်စီစဉ်သင့်ကြောင်း ဂျာမနီနိုင်ငံရေးပါတီအားလုံးပါဝင်သော ကော်မရှင်အဖွဲ့ကထောက်ခံတင်ပြခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးအော့တိုရှီလိုက လူဝင်မှုကြီးကြပ်ရေး ဥပဒေကြမ်းကို တင်သွင်းခဲ့သည်။ ဤဥပဒေကြမ်းသည် ယခင်လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် လမ်းခွဲခဲ့သည်။ ယခင်က ဂျာမန်သွေးပါသူများကိုသာ အမြဲတမ်းနိုင်ငံသားအဖြစ် ခံယူခွင့်ပြုခဲ့သည်။ ယခု ဥပဒေကြမ်းအရ အထူးကျွမ်းကျင်သော နိုင်ငံခြားသားများကိုနိုင်ငံသားပြုခွင့်ပေးတော့မည်ဖြစ်သည်။ ဥပဒေကြမ်းတွင် နိုင်ငံသားပြုခွင့်အရေအတွက်ကို သတ်မှတ်မထားပေ။ အသက်အရွယ်၊ အရည်အချင်းနှင့် ဂျာမန်ဘာသာစကား တတ်မြောက်မှု စသောအချက်တို့အပေါ် မူတည်၍ အခြားသော နိုင်ငံခြားသားများကို နိုင်ငံသားလျှောက်ထားခွင့်ပေးရန် စီစဉ်ထားသည်။

စီးပွားရေး တုံ့ဆိုင်းနေခြင်း – ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၀၁ ခုနှစ် ပထမသုံးလပတ်တွင် ဂျီဒီပီ တိုးတက်မှုနှုန်းသည် ဝဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ဒုတိယသုံးလပတ် တွင် တိုးတက်မှုနှုန်း သုညအထိ ဖြစ်သွားခဲ့သည်။ အလုပ်လက်မဲ့ဦးရေမှာလည်း ခုနစ်လအထိ ဆက်တိုက်တိုးနေခဲ့သည်။ ဩဂုတ်လတွင် အလုပ်လက်မဲ့ဦးရေ ၃ဒသမ ၉ သန်းအထိ ဖြစ်လာခဲ့သည်။

ဟမ်းဘာ့ဂ်ရွေးကောက်ပွဲ – ဟမ်းဘာ့ဂ်သည် ပြည်နယ်အဆင့် သတ်မှတ်ထားသော မြို့တော်ဖြစ်သည်။ ဟမ်းဘာ့ဂ်ပါလီမန်ရွေးကောက်ပွဲတွင် အာဏာရညွှန့်ပေါင်းပါတီများဖြစ်ကြသည့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် အစိမ်းရောင်ပါတီတို့သည် ပါလီမန်၌ အကြွင်းမဲ့ အများစုမရရှိတော့ဘဲ ဖြစ်သွားသည်။ ၂၀၀၀ ပြည့်နှစ် ဂူလိုင်လကမှ စတင်ဖွဲ့စည်းခဲ့သည့် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး ထိုးစစ်ပါတီက ပါလီမန်တွင် ငါးပုံတစ်ပုံ နေရာရရှိသွားသည်။ ၄င်းပါတီကို အတိုကောက်အားဖြင့် ပီအာရ်အိုဟု ခေါ်ကြသည်။

ပြစ်ဒဏ်ချမှတ်ရာ၌ ပြင်းထန်သော ဟမ်းဘာ့ဂ်တရား သူကြီးဟောင်း ရော်နယ်ဘာနေဘတ်စ်ရှီးလ်က ပီအာရ်အိုကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။

ပီအာရ်အိုပါတီခေါင်းဆောင် ရှီးလ်က ဟမ်းဘာ့ဂ်တွင် ရာဇဝတ်မှုများ တိုးပွားလာမှုအတွက် အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့ကို ဝေဖန်ပြစ်တင်ခဲ့သည်။ နိုင်ငံခြားသားများ အဆက်မပြတ် ဝင်ရောက်လာမှုကြောင့် ဟမ်းဘာ့ဂ်သည် မြို့နစ်မြို့ထက် ရာဇဝတ်မှုများ ၁၀ ဆ ပိုများလာခဲ့သည်ဟု ပြောဆိုပြစ်တင်ခဲ့သည်။ ရွေးကောက်ပွဲနောက်ဆုံး မဲဆွယ်တရားပွဲတွင် စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်ခဲ့ကြသည့် အကြမ်းဖက်သမားများသည် ဟမ်းဘာ့ဂ်ကို အခြေပြုခဲ့ကြောင်း ပြောပြောသွားခဲ့သည်။ ဟမ်းဘာ့ဂ်အာဏာပိုင်များက အကြမ်းဖက်သမားများအတွက် လုပ်ကိုင်ကောင်းအောင် အခြေအနေအကောင်းဆုံးကို ဖန်တီးပေးခဲ့ကြောင်း ဝေဖန်စွပ်စွဲခဲ့သည်။ ထို့ကြောင့် ပီအာရ်အိုသည် လူကြိုက်များသောပါတီ ဖြစ်သွားခဲ့သည်။

စီဒီယူအက်ဖ်ယူနှင့် ပီအာရ်အိုတို့သည် လက်ယာယိမ်းဗဟိုအစိုးရကို ဖွဲ့စည်းနိုင်ရန် တာစူနေကြပြီဖြစ်သည်။ ၁၉၅၀ ပြည့်လွန် နှစ်လယ်ပိုင်းမှစ၍ အာဏာရပါတီ ဖြစ်လာခဲ့သော စီဒီယူပါတီသည် ပထမဆုံးအကြိမ်အဖြစ် ဟမ်းဘာ့ဂ်တွင် အတိုက်အခံပါတီဘဝသို့ ပြောင်းရတော့မည်ဖြစ်သည်။

အကြမ်းဖက်မှု နှိမ်နင်းရေး – စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုအပေါ် တိုက်ခိုက်ခံရပြီးသည့်နောက်ပိုင်း စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျာမန်ပြည်ထောင်စုအစိုးရသည် အကြမ်းဖက်မှုနှိမ်နင်းရေးကိစ္စများကို ပိုမိုဂရုတစိုက် ဆောင်ရွက်လာခဲ့သည်။ လေဆိပ်များ၏ လုံခြုံရေးကို အထူးပြုလုပ်ခဲ့သည်။ အမျိုးသားလေကြောင်းလိုင်း ဖြစ်သည့် လု (မ်) သန်ဆာတွင် အချို့သော ခရီးစဉ်များ၌ လုံခြုံရေးအရာရှိများပါ လိုက်ပါသွားခဲ့ကြသည်။ အမေရိကန်တို့အပေါ် ရက်စက်စွာ အကြမ်းဖက်ခဲ့သူများ အနက်သုံးဦးသည် ဟမ်းဘာ့ဂ်နှင့် အခြားမြို့ကြီးများ၌ နေထိုင်၍ လုပ်ကြံမှုကို ကြံစည်ဆောင်ရွက်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ထိုသတင်းများကြောင့် ရဲတပ်ဖွဲ့သည် ကျာမနီရှိ အစွလာမ်စစ်သွေးကြွသူတို့အား အပူတပြင်း လိုက်လံရှာဖွေဖမ်းဆီးခဲ့သည်။

ကျာမနီ၌ လက်ဝဲအစွန်းရောက်ဝါဒီတို့အား နှိမ်နင်းရန် အကြမ်းဖက်ဝါဒဆန့်ကျင်ရေး ဥပဒေပြဋ္ဌာန်းပြီး ရှိနေသည့် တည်ဆဲဥပဒေကို တိုးချဲ့ကာ ကျာမနီတွင် လုပ်ကြံမှုကိုစီစဉ်ပြီး နိုင်ငံရပ်ခြား၌ကျူးလွန်သော အကြမ်းဖက်မှုများ အကျုံးဝင်ရေး၊ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားသူများအား လက်ဗွေနှိပ်ယူရေး၊ ငွေဖြူလုပ်မှုဖော်ထုတ်ရေး၊ ဘဏ်များအား ခုတုံးလုပ်မှုတို့ကို ထိန်းချုပ်ရေး စသည့်အရေးယူမှုများကို ဆောင်ရွက်လာသည်။

စက်တင်ဘာလကုန်တွင် ကျာမန်ရဲများသည် အမေရိကန် အက်ဖ်ဘီအိုင်နှင့်ပူးပေါင်းကာ ကျာမန်မြို့ကြီးများမှ အစွလာမ်စစ်သွေးကြွများအား ဖမ်းဆီးခဲ့သည်။ ကျာမန်ရဲများသည် ဟမ်းဘာ့စ်မြို့အား အိုစမာဘင်လာဒင်၏ ဗဟိုအချက်အချာစခန်းဖြစ်သည်ဟု ယုံကြည်နေခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီး၏ မကိုစွ – စက်တင်ဘာလဆန်းပိုင်းတွင် အတိုက်အခံပါတီများက ကာကွယ်ရေးဝန်ကြီး ရှားပင်း၏ "မ" ကိစ္စအရှုပ်တော်ကို ဖော်ထုတ်ရှုတ်ချခဲ့ကြသည်။ ရှားပင်းသည် ကျာမန်လေတပ်မှ လေယာဉ်များကို အလွဲသုံးစားပြုကာ တာဝန်ဖြင့် ခရီးသွားစဉ်အတွင်း စပိန်နိုင်ငံမှ မာယောကာကျွန်းပေါ်တွင် မြို့စားကတော် ခရစ္စတီနာ ဗီလာတီနှင့် နှစ်ပါးအကြည် ဆိုက်ခဲ့ကြသည်။ ဩဂုတ်လ ၂၃ ရက်နေ့ထုတ် လူကြိုက်များသော မဂ္ဂဇင်းတစ်စောင်၌ သူတို့နှစ်ဦး အကြည်ဆိုက်နေပုံ ဓာတ်ပုံများပါရှိခဲ့သည့်ပြင် သက်ဆိုင်ရာအိမ်ထောင်ဘက်များကို ကွာရှင်းကြပြီးနောက် မိမိတို့ လက်ထပ်ကြမည်ဖြစ်ကြောင်း ရှားပင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်းများ ပါရှိခဲ့သည်။ ရှားပင်းသည် မြို့စားကတော် ခရစ္စတီနာရှိရာ ဖရင့်ဖတ်မြို့သို့လည်း စစ်တပ်လေယာဉ်နှင့် မကြာခဏ သွားရောက်တွေ့ဆုံခဲ့သည်။ စစ်တပ်လေယာဉ်များကို ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုခဲ့သဖြင့် ပြည်သူ့ငွေ ကျာမန်မတ်နှစ်သိန်း ဆုံးရှုံးနစ်နာခဲ့သည်။

အတိုက်အခံများက နုတ်ထွက်ပေးရန် တောင်းဆိုချက်ကို လက်မခံဘဲ သူသည် လေယာဉ်များကို တရားဝင် ခရီးများအတွက်သာ အသုံးပြုခဲ့ကြောင်း ပြောဆိုခဲ့သည်။

အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး – စက်တင်ဘာလအတွင်းက ကျာမန်ပြည်ထောင်စုအစိုးရသည် အကြမ်းဖက်မှုများ နှိမ်နင်းရေးအတွက် အရေးယူမည့်အစီအစဉ်များကို ကြေညာခဲ့သည်။ သို့ရာတွင် ပြည်သူ့အခွင့်အရေးသမားများက ယင်းသို့ အရေးယူမည့်အစီအစဉ်များကို ကန့်ကွက်ခဲ့ကြသည်။ ထိုကန့်ကွက်ချက်များကို ညွှန့်ပေါင်းအစိုးရအဖွဲ့၌ ပါဝင်နေသော အစိမ်းရောင်ပါတီက ထောက်ခံခဲ့သည်။ ထို့ကြောင့် အကြမ်းဖက်မှု နှိမ်နင်းရေးအစီအစဉ်များမှ အချို့ကို အလျှော့ပေးခဲ့ရသည်။ ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားသူတိုင်း မလွဲ

မသွေ လက်ဖွေနိုပ်ရန် မလိုတော့ပေ။ ပြည်ထဲရေးဝန်ကြီး သည် လက်ဖွေနိုပ်ရေးအတွက် မိမိသဘောအရ အမိန့်ဒီကရီ ထုတ်ပြန်ခြင်း မပြုနိုင်ဘဲ ပြဋ္ဌာန်းပြီး ဥပဒေအရသာ အမိန့်ထုတ်ပြန်နိုင်တော့မည် ဖြစ်သည်။ ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့က မသင်္ကာသူတို့ကို ခေါ်ယူစစ်မေး ရာတွင်လည်း တရား၇ုံး၏ ခွင့်ပြုမိန့်ပါမှသာ ဆောင်ရွက်နိုင် တော့မည်ဖြစ်သည်။ ဤသို့ အလျှော့ပေးလိုက်ရသည့်အတွက် အစိမ်းရောင်ပါတီသည် အာဖဂန်နစ္စတန်သို့ ကျာမန်တပ်ဖွဲ့ များစေလွှတ်၍ အမေရိကန်တပ်များနှင့် ပူးပေါင်းဆောင် ရွက်မည့်ကိစ္စကို ဟန့်တားခြင်းမပြုရန် ဝန်ကြီးချုပ် ရှရိဒါက ပြောဆိုလိုက်သည်။

စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်ကို တိုက် ခိုက်ခဲ့သည့် အကြမ်းဖက်သမား များ အနက်ခြောက်ဦး သည် ဟမ်းဘာ့ဂ်တွင် နေထိုင်ကာ လုပ်ကြံမှုကို ကြံစည်ခဲ့ကြ သည်။ ထိုသို့ကြံစည်ပြီးနောက် အမေရိကန်တို့ကို တိုက် ခိုက်ခဲ့ကြ သည်။ ဤကဲ့သို့ အကြမ်းဖက်သမား များ၏ ကြံစည်လုပ်ဆောင်မှုကို ကြိုတင်မဖော်ထုတ်နိုင်ခဲ့သည့် အတွက် ဝမ်းနည်းမိပါကြောင်း ပြည်ထဲရေးဝန်ကြီး ရှီလိက ဝါရှင်တန်၌ အမေရိကန်ရွေ့နေချုပ် ဂျန်အက်ရှ်ခရော့ဖ်နှင့် ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြား ခဲ့ သည်။

အမေရိကန်ရွေ့နေချုပ် အက်ရှ်ခရော့ဖ်က အီဂျစ် နိုင်ငံသား မိုဟာမက်အတ္တာနှင့် အပေါင်းပါနှစ်ဦးတို့သည် ဟမ်းဘာ့ဂ်တွင် နေထိုင်ရင်းမှ အမေရိကန်ကို တိုက်ခိုက်ရန် ကြံစည်ခဲ့ကြကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့ဝင် များက ဖော်ထုတ်ရရှိသည်ဟု ပြောကြား ခဲ့သည်။ လုပ်ကြံမှု တွင် ပါဝင်သူခြောက်ဦးအနက် သုံးဦးမှာ ရောင်တိမ်းနေဆဲ ဖြစ်ကြောင်း အက်ရှ်ခရော့ဖ်က ပြောကြား ခဲ့သည်။

ကျာမနီတွင် အကြမ်းဖက်မှုဖြင့် သံသယရှိသော ကြောင့်ဖမ်းဆီး ခဲ့ရသူများ အနက် တူရကီနိုင်ငံသားတစ်ဦး လည်း ပါဝင်သည်။ ၄င်းသည် အောက်တိုဘာလ ၁၇ ရက် နေ့က ဖရင့်ဖက်လေဆိပ်မှ အီရန်လေကြောင်းလိုင်းဖြင့် တီဟီရန်မြို့တော်သို့ ပျံသန်းသွား ခဲ့သည်။ သူ၏ အထုပ်အပိုး များကို ရှာဖွေခဲ့ရာ အဏုမြူလက်နက်၊ ပိုးမွှားလက်နက်၊ ဓာတုလက်နက်များမှ ကာကွယ်သောဝတ်စုံကို တွေ့ခဲ့ရ သည်။ ဗုံးစနက်တဲလုပ်သော အစိတ်အပိုင်းများကိုလည်း တွေ့ခဲ့ရသည်။ "ဂျီးဟဒ်စစ်သည်တော်များ" အတွက် ညွှန်ကြားချက်များပါသော စီဒီအသံသွင်းအခွေတစ်ခုကို လည်းတွေ့ရှိခဲ့ သည်။

အီရတ်အစိုးရ၏ လျှို့ဝှက်ထောက်လှမ်းရေး ကွန်ရက် သည်လည်း ကျာမန်နိုင်ငံအနှံ့အပြား၌ နေရာချထား လျက်ရှိ ကြောင်း ကျာမန်ဗဟိုထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ် ခဲ့သည်။

ဘာလင်မြို့တော်မှ ရွေးကောက်ပွဲ – မြို့တော်ဘာလင်၌ အောက်တိုဘာလ ၂၁ ရက်နေ့က ရွေးကောက်ပွဲများ ကျင်းပ ခဲ့သည်။ ထိုရွေးကောက်ပွဲ၌ ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ကွန်မြူနစ်ပါတီ တစ်ဖြစ်လဲ ဒီမိုကရေစီဆိုရှယ်လစ်ပါတီ သည် သိသိသာသာ လူထုထောက်ခံမဲများ ပိုမိုရရှိလာခဲ့ သည်။ ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံပါတီမှာ လူထု ထောက်ခံမှုကျဆင်းသွား ခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်၊ ဂွန်လအထိ ဘာလင်မြို့တော်အစိုးရအဖွဲ့ကို စီဒီယူဦးဆောင် မှုဖြင့် အက်စ်ပီဒီပါတီတို့ ပူးပေါင်းဖွဲ့စည်း ခဲ့သည်။ ထို့နောက် အက်စ်ပီဒီပါတီသည် စီဒီယူပါတီနှင့် ညွှန့်ပေါင်းအစိုးရအဖွဲ့ မှ နုတ်ထွက်ကာ အစိမ်းရောင်ပါတီနှင့် ပူးပေါင်းလျက် လူနည်း စုအစိုးရအဖွဲ့ကို ဖွဲ့စည်း ခဲ့သည်။

ဘာလင်မြို့တော်အစိုးရအဖွဲ့ကို ဖွဲ့စည်းရာ၌ ဝန်ကြီး ချုပ်ရှရိဒါက ကွန်မြူနစ်တစ်ဖြစ်လဲ ပီဒီအက်စ်ပါတီနှင့် အက်စ်ပီဒီပါတီတို့ ပူးပေါင်းရန် မလိုလား သဖြင့် ယခုအခါ အက်ပီဒီပါတီ၊ အစိမ်းရောင်ပါတီနှင့် လွတ်လပ်သော ဒီမို ကရက်တစ်ပါတီခေါ် အက်ဖ်ဒီပီပါတီတို့သည် အနည်းငယ် သော လူများစုဖြင့် အစိုးရအဖွဲ့ကိုဖွဲ့စည်းရန် စီစဉ်လိုက် ကြသည်။

စီးပွားရေးကျဆင်းမှု – ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၀၁ ခုနှစ်တွင် ၁ဒသမ၅မှ ၂ဒသမ ဝ ရာခိုင်နှုန်း၊ ၂၀၀၂ ခုနှစ်တွင် ၂ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ပေါ်မည်ဟု မူလခန့်မှန်းထား ခဲ့ ရာမှ ယခုအခါ ပြန်လည်သုံးသပ်မှုအရ ဝ ဒသမ ၇၅ နှင့် ၁ ဒသမ ၂၅ ရာခိုင်နှုန်း အသီးသီးသာ ရှိတော့မည်ဖြစ် ကြောင်း ဘဏ္ဍာရေးဝန်ကြီး အိုက်ချဲလ်က အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကြေညာလိုက်သည်။

အစိုးရထုတ်ပြန်ချက်သတင်းများအရ အလုပ်လက်မဲ့ ဦးရေမှာလည်း ၃ ဒသမ ၈၈ သန်း အထိ တိုးလာခဲ့သည်။ စက်တင်ဘာလ တစ်လတည်းမှာပင် အလုပ်လက်မဲ့ဖြစ်သူ ၂၀၀၀၀ ရှိလာခဲ့သည်။

စက်တင်ဘာ ၁၁ အရေးအခင်းဂယက်နှင့် ကမ္ဘာ့ စီးပွားရေးကျဆင်းမှုတို့ကြောင့် ဤသို့ ကျာမန်စီးပွားရေး ကျဆင်းရခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့က သုံးသပ်တင်ပြ ခဲ့သည်။

ရှရိုဒါအစိုးရအပေါ် ယုံကြည်မှုထောက်ခံမဲ – အာဖဂန်နစ္စတန်တွင် အကြမ်းဖက်ဝါဒဆန်ကျင်ရေးအတွက် အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့တွင် ဂျာမန်တပ်များပါဝင်ရေးအတွက် ပြည်ထောင်စုအောက်လွှတ်တော်တွင် အစိုးရအပေါ် အယုံအကြည်ရှိကြောင်း မဲဆန္ဒဖြင့် မဲခွဲဆုံးဖြတ်ခဲ့ရသည်။ ရှရိုဒါအစိုးရသည် အာဖဂန်နစ္စတန်သို့ ကနဦးတစ်နှစ်အတွက် ဂျာမန်တပ်အင်အား ၃၉၀၀ ကို စေလွှတ်ရန် စီစဉ်ခဲ့သည်။ ညွှန့်ပေါင်းတပ်ဖွဲ့တွင် ဂျာမန်တပ်များပါဝင်ရေးကတိကဝတ်ပြုချက်အရ ရေတပ်နှင့် လေတပ်အပါအဝင် စာတုဗေဒနှင့် ပိုးမွှားစစ်ဆင်ရေးတို့အတွက် အထူးလေ့ကျင့်ထားသော တပ်ဖွဲ့များကို စေလွှတ်ရန်ဖြစ်သည်။ ဤသို့တပ်ဖွဲ့များစေလွှတ်ရေးကို ကွန်မြူနစ်တစ်ဖြစ်လဲ ဒီမိုကရေစီဆိုရှယ်လစ်ပါတီ (ပီဒီအက်စ်) က ကန့်ကွက်မည်ဟု ပြောထားပြီးဖြစ်သည်။ အစိမ်းရောင်ပါတီနှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (အက်စ်ပီဒီ) မှ လက်ဝဲယိမ်းသမားများကလည်း ကန့်ကွက်မည်ဟု ကြေညာထားသည်။ သို့ဖြစ်ရာ ရှရိုဒါအဖို့ ထောက်ခံမဲအများစုရရှိရန် အတိုက်အခံပါတီများအပေါ် အားကိုးအားထားပြုရမည့် အခြေအနေဆိုက်ခဲ့သည်။ ထို့ကြောင့် ရှရိုဒါက နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မိမိသည် ယေဘုယျ ယုံကြည်မှုရရှိရန်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဤသို့ပြောကြားလိုက်သဖြင့် အတိုက်အခံပါတီတို့ကြိုက်သလိုလုပ်သော်လည်း မိမိအရေးမစိုက်ဟု ပြောဆိုရာရောက်သွားသည်။ သို့ရာတွင် တကယ့်တကယ် မဲခွဲဆုံးဖြတ်သောအခါ အစိမ်းရောင်ပါတီ အမတ် ၄၇ ဦးအနက်မှ ၄ ဦးကသာ ကန့်ကွက်မဲပေးခဲ့ကြသည်။ အက်စ်ပီဒီပါတီမှ အမတ်တစ်ဦးသာလျှင် ကန့်ကွက်မဲပေးခဲ့သည်။

အစွန်းအကြမ်းဖက်ဝါဒီကို ဖမ်းဆီးခဲ့ခြင်း – နိုဝင်ဘာလ ၂၇ ရက်နေ့က ဂျာမန်ရဲတပ်ဖွဲ့သည် အသက် ၂၈ နှစ်ရှိမော်ရိုကိုနိုင်ငံသားတစ်ဦးအား ဖမ်းဆီးနိုင်ခဲ့သည်။ ၄င်းသည် ဘဏ်ငွေစာရင်းများကို ချုပ်ကိုင်လျက် စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်ခဲ့သူများအား ဘဏ္ဍာငွေကြေး ထောက်ပံ့ခဲ့သူဖြစ်သည်။ သူသည် "ဟမ်းဘာ့ဂ်ကလာပ်စည်း" အား အကြမ်းဖက်လုပ်ရပ်များအတွက် ငွေကြေးကူညီထောက်ပံ့ခဲ့သည်။

အနီနှင့် အနီညွှန့်ပေါင်းအဖွဲ့ – အောက်တိုဘာလက ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲများ၌ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (အက်စ်ပီဒီ) နှင့် ကွန်မြူနစ်တစ်ဖြစ်လဲ ဒီမိုကရေစီဆိုရှယ်လစ်ပါတီ (ပီဒီအက်စ်) တို့သည် အမတ်ဦးရေအများအပြားရရှိ အနိုင်ရခဲ့ကြသည်။ သို့ရာတွင် ဂျာမန်ဝန်ကြီးချုပ် ရှရိုဒါ၏ တိုက်တွန်းချက်အရ ကွန်မြူနစ်တစ်ဖြစ်လဲတို့နှင့် မပေါင်းဘဲ လက်ယာယိမ်း ဗဟိုဝါဒီသမားများနှင့် ပူးပေါင်းရန် ဆောင်ရွက်ခဲ့ရသည်။ သို့သော် ယင်းသို့ပူးပေါင်းရန် ညှိနှိုင်းမရသဖြင့် လက်ဝဲယိမ်းအက်ပီဒီပါတီနှင့် ကွန်မြူနစ်တစ်ဖြစ်လဲ ပီဒီအက်စ်ပါတီတို့ ပူးပေါင်း၍ ဘာလင်အစိုးရကို ဖွဲ့စည်းရန် ဒီဇင်ဘာလ ၂၀ ရက်နေ့က သဘောတူညီသွားကြသည်။ ဆိုရှယ်လစ်အယူအဆချင်း နီးစပ်သောပါတီနှစ်ရပ် ပူးပေါင်းခြင်းဖြစ်၍ "အနီနှင့် အနီညွှန့်ပေါင်း" အဖွဲ့ဟုခေါ်တွင်ခြင်း ဖြစ်သည်။ အမတ်ဦးရေ ၁၄၁ ဦးရှိသော ဘာလင်ပါလီမန်၌ ဤညွှန့်ပေါင်းအဖွဲ့က အမတ်ဦးရေ "၇၇" ဦး ရှိနေသည်။ အက်စ်ပီဒီပါတီ ခေါင်းဆောင်ကလောစ်ဝိုဝီရိတ်က မြို့တော်ဝန်အဖြစ် ဦးဆောင်လျက် ညွှန့်ပေါင်းအစိုးရကို ဖွဲ့စည်းသွားမည်ဖြစ်သည်။

ဤညွှန့်ပေါင်းအစိုးရအဖွဲ့သည် အစိုးရအနေဖြင့် တင်ရှိနေသော ကြွေးမြီများလျော့ကျရေး၊ ငွေကြေးစနစ်ပြုပြင်ရေး၊ အစိုးရအသုံးစရိတ်လျှော့ချရေးတို့ကို ဦးစားပေးလုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြသည်။

ဦးခင်မောင်မြ

စာပေဗိမာန် ကလေးစာကြည့်တိုက်နှင့် အီလက်ထရွန်းနစ်စာကြည့်တိုက်။ ။ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်ရှိ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၏ တိုးချဲ့မှုအဖြစ် စာပေဗိမာန်ကလေးစာကြည့်တိုက်နှင့် အီလက်ထရွန်းနစ်စာကြည့်တိုက်ကို ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့၌ ဖွင့်လှစ်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကလေးစာကြည့်တိုက်ကို အခြေခံပညာမူလတန်းကျောင်းသားနှင့် အခြေခံပညာအလယ်တန်းကျောင်းသားများအတွက် ရည်ညွှန်းဖွင့်လှစ်ခြင်းဖြစ်သည်။ စာကြည့်တိုက်တွင် ကလေးများဆိုင်ရာစာအုပ်များ၊ ၃၄ လက်မ

စာပေဗိမာန် ကလေးစာကြည့်တိုက်နှင့် အီလက်ထရွန်းနစ်စာကြည့်တိုက်



စာပေဗိမာန် ကလေးစာကြည့်တိုက်ထဲတွင် ကလေးငယ်များ စာပေ၊ ရုပ်မြင်ဖတ်ရှုကြည့်ရှုနေကြစဉ်



စာပေဗိမာန် အီလက်ထရွန်းနစ် စာကြည့်တိုက်မြင်ကွင်း

ရုပ်မြင်သံကြား၊ တီဗွီဂိမ်း၊ မာလ်တီမီဒီယာစက်၊ ဉာဏ်စမ်းကစား၊ စရာများနှင့် ဆေးရောင်ခြယ်ကစား၊ နည်းများကိုကလေးသူငယ်များ အသုံးပြုတတ်စေရန်ထား၍သည်။ ကလေးစာကြည့်တိုက်ကို နေ့စဉ် ရုံးဖွင့်ချိန်သာမက စနေ၊ တနင်္ဂနွေနေ့များတွင်လည်း မွန်းလွဲ (၁၂) နာရီမှ ညနေ (၄)နာရီ အထိ ဖွင့်လှစ်ထား၍သည်။ စာကြည့်တိုက်တည်နေရာမှာ ရန်ကုန်မြို့၊ ကုန်သည်လမ်း၌ စာပေဗိမာန် အဆောက်အအုံ၏ မြေညီထပ်တွင် ဖြစ်သည်။

အီလက်ထရွန်းနစ် စာကြည့်တိုက်ကို မူလပင်မ စာကြည့်တိုက်နှင့် မျက်နှာချင်းဆိုင်အခန်းတွင် တိုးချဲ့ဖွင့်လှစ်ထား၍သည်။ အီလက်ထရွန်းနစ် စာကြည့်တိုက်၏ ရည်ညွှန်းဌာနတွင် ရည်ညွှန်းစာအုပ်ပေါင်း (၇၀၀၀) ကျော်ရှိသည်။ ကွန်ပျူတာခန်းတွင် ကွန်ပျူတာ (၈) လုံး ထား၍ကာ ကွန်ပျူတာဖြင့် စာအုပ်ဖတ်ခြင်း၊ ကြည့်ရှုခြင်းများကို အစပျိုးဆောင်ရွက် လုပ်ဆောင်နေပြီဖြစ်သည်။

ခေတ်ပေါ်စာကြည့်တိုက်၏ သွင်ပြင်လက္ခဏာထဲတွင် **CD - Rom** ကြည့်ရှုခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ရာ အီလက်ထရွန်းနစ်စာကြည့်တိုက်၌ **CD - Rom** ချပ် (၂၀၀၀) ထား၍ အသုံးပြုလိုသူများအတွက် ဆောင်ရွက်ပေးသည်။ **CD - Rom** အမျိုးအစား၊ အားဖြင့် (၁၅) မျိုးခွဲခြားသတ်မှတ်ပြီး ဘာသာရပ်အလိုက် 'စင်' တင်ကာ ကြည့်ရှုလိုသည့် **CD-Rom** ချပ်ကို ကွန်ပျူတာဖြင့် အလွယ်တကူ ကြည့်ရှုနိုင်သည်။ အီလက်ထရွန်းနစ်စာကြည့်တိုက်ကို ပင်မစာကြည့်တိုက်၊ ကလေးစာကြည့်တိုက်များကဲ့သို့ ရုံးဖွင့်ချိန်အပြင် စနေ၊ တနင်္ဂနွေနေ့များ၌လည်း မွန်းလွဲ (၁၂) နာရီမှ ညနေ (၄) နာရီအထိ ဖွင့်လှစ်ပေး၍သည်။

စင်ကာပူနိုင်ငံ။ ။ အရှေ့တောင်အာရှဒေသတွင် မတည်မငြိမ်ဖြစ်နေသော အခြေအနေကို မိမိတို့ စိုးရိမ်မကင်း ဖြစ်ကြရကြောင်း၊ အမျိုးသားကာကွယ်ရေး တိုးမြှင့်ခြင်းကို မိမိတို့ထောက်ခံကြောင်း စင်ကာပူခေါင်းဆောင်ပိုင်းက ထုတ်ဖော်ပြောကြားကြသည်။ မတ်လ ၈ ရက်နေ့က ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် ၂၀၀၁ - ၂၀၀၂ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လျာထား၍ချက်နှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ၂၀၀၀ ပြည့်နှစ်က ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်များမှာ စင်ကာပူအစိုးရ၏ စိုးရိမ်ပူပန်မှုကို လျော့နည်းစေသည်။ တရုတ်နှင့် အမေရိကန် ဆက်ဆံရေးတည်ငြိမ်မှုမှာ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် အခြေခံကျသည်။ ဒေသတွင်း နိုင်ငံအစိုးရမှာ နိုင်ငံရေးအသွင် ကူးပြောင်းမှု ပြုလုပ်နေကြသည်။ အသွင်ကူးပြောင်းမှု အချို့နှင့် ခေါင်းဆောင်ပိုင်း အပြောင်းအလဲများသည် လူမှုစီးပွားရေး ကမောက်ကမဖြစ်မှုနှင့် တစ်ပြိုင်တည်း ပေါ်ပေါက်လာရသည်။ တစ်ခါတစ်ရံ တရားဥပဒေစိုးမိုးမှုကင်းပြီး သွေးထွက်သံယိုမှုများပင် ဖြစ်ရသည် စသဖြင့် စင်ကာပူ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတိုနီတန်က ပြောကြား၍ခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ ထူထောင်ခဲ့သော ဥဖြန့်မြောက် နှစ်ပတ်လည်နေ့တွင် စင်ကာပူခေါင်းဆောင်များထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကျန်ဇီမင်းနှင့် ဝန်ကြီးချုပ်ကျူရုံကျိတို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဩဂုတ်လ ၉ ရက်နေ့၌ ပေးပို့ခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှုများ ပြုလုပ်ပြီးနောက်ပိုင်း ၁၁ နှစ်တာကာလတွင် နှစ်နိုင်ငံဆက်ဆံရေး ချောမွေ့ခဲ့သည့်အပြင် နှစ်ဦးနှစ်ဖက် အကျိုးရှိသောပူးပေါင်းဆောင်ရွက်မှုများ နက်နက်ရှိုင်းရှိုင်း ပြုလုပ်နိုင်ခဲ့ကြောင်း နိုင်ငံတကာရေးရာများနှင့် ဒေသတွင်းကိစ္စများတွင် ကျေကျေလည်လည် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သမ္မတကျန်ဇီမင်း၏ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးထံမှလည်း စင်ကာပူဝန်ကြီးရှန်မူဟမ်ကျာဟာကူမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံရေးအတိုင်ပင်ခံညီလာခံ (စီပီပီစီ) ၏ အမျိုးသားကော်မတီဥက္ကဋ္ဌ လီရှိုယွန်းသည် စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်းယူနှင့် နိုဝင်ဘာလ ၁၉ ရက်နေ့က စင်ကာပူ၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ခေါင်းဆောင်ကြီးနှစ်ဦးတို့က ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ တရုတ်ခေါင်းဆောင်များဖြစ်ကြသော ကျန်ဇီမင်း၊ လီဖုန်းနှင့် ကျူရုံကျိတို့က နူတ်ခွန်းဆက်သလိုက်ပုံများကို လီရှိုယွန်းက လီကွမ်းယူအား ပြောပြသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝင်ခွင့်ရခြင်းမှာ နိုင်ငံအတွက် အခွင့်အလမ်းပွင့် သွားသကဲ့သို့ စိန်ခေါ်မှုအန္တရာယ်ကိုလည်း ကြုံတွေ့လာကြောင်း လီရှိုယွန်းက ပြောကြား၍သည်။ မစ္စတာလီရှိုယွန်းသည် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာလ ၁၈ ရက်နေ့ကရောက်ရှိ၍ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝန်ကြီးချုပ်ကိုချုပ်တောင်နှင့် တွေ့ဆုံစဉ် ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရန်နှင့် ခရီးသွားလုပ်ငန်းကိုတိုးမြှင့်ရန် ကာစီနိုလောင်းကစားရုံတည်ထောင်မည်မဟုတ်ကြောင်း စင်ကာပူပြည်ထဲရေးဝန်ကြီး ဝမ်ကန်စိန်က အခိုင်အမာပြောကြားလိုက်ကြောင်း ဒီဇင်ဘာလ ၂၂ ရက်နေ့က သတင်းစာများ၌ ရေးသားဖော်ပြထားသည်။ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရန် ကာစီနိုလောင်းကစားရုံတည်ဆောက်ခြင်းမှာ တစ်ခုတည်းသောနည်းလမ်း မဟုတ်ကြောင်း၊ အခြားနည်းလမ်းများစွာရှိကြောင်း ပြည်သူ့အသင်း (ပီအေ) ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဝမ်ကန်စိန်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ကာစီနိုလောင်းကစားရုံတစ်ရုံ တည်ဆောက်ရေး၊ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်အများအပြားကို ပိုမိုဆွဲဆောင်နိုင်ရန်နှင့် စင်ကာပူ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် စင်ကာပူနိုင်ငံ၏ထင်ရှားကျော်ကြားသော ဆင်တိုဆာ ရှူခင်းသာစခန်းတွင် လောင်းကစားရုံတည်ဆောက်ရေး အပေါ် အစိုးရ၏ဆန့်ကျင်မှုကို ပြန်လည်စဉ်းစားပါရန် မကြာမီက အကြံပြုချက်များကို ဝန်ကြီးကပယ်ချ လိုက်သည်။

ပညာရေး။ ။ ဇီဝဆေးသိပ္ပံနယ်ပယ်တွင် ပြည်တွင်းသိပ္ပံပညာရှင်များ၊ သုတေသီများနှင့် ပြည်ပသိပ္ပံပညာရှင်များ၊ သုတေသီများ၊ အသိပညာရှင်အတွေ့ကြုံအပြန်အလှန်ဖလှယ်မှု မကြာခဏပြုလုပ်ရေးအတွက် စင်ကာပူနိုင်ငံ အမျိုးသားသိပ္ပံနှင့် နည်းပညာဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ တွဲဖက်ဥက္ကဋ္ဌ ဖိုးလစ်ယောင်ကမတ်လ ၁၂ ရက်နေ့က စတင်ကျင်းပသော ပထမအကြိမ်ဂျပန်၊ စင်ကာပူ ဇီဝဆေးဝါးညီလာခံဖွင့်ပွဲတွင် မေတ္တာရပ်ခံသွားသည်။ ဇီဝဆေးသိပ္ပံဆိုင်ရာ အကြံဉာဏ်များ၊ အသိပညာများကိုမကြာမကြာ အပြန်အလှန်ဖလှယ်ခြင်းမှာ အရေးပါပြီး ဤကဲ့သို့သော သိပ္ပံပညာဆိုင်ရာ ညီလာခံမျိုးတွင် ယင်းကဲ့သို့ ဖလှယ်မှုမျိုး ပြုလုပ်သင့်သည်။ ယခုခေတ်တွင် သိပ္ပံပညာရှင်များ၊ သုတေသီများ တသီးတခြားစီတစ်ကိုယ်တော်မလုပ်နိုင်ကြတော့ပါ။ ကမ္ဘာလုံးဆိုင်ရာ သုတေသနအစုအဝေးကြီး ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရတော့မည်သာဖြစ်သည်။ ဇီဝဆေးဝါးနယ်ပယ်ရှိ အဓိကစိန်ခေါ်မှုများအနက် စိန်ခေါ်မှုတစ်ခုမှာ လူသားဆိုင်ရာဇီဝဗေဒကဏ္ဍသစ်တွင် မည်သို့မည်ပုံ ပိုမိုနှားလည်မှုရှိအောင် ဆောင်ရွက်ရမည်၊ အသိပညာကိုမည်သို့မည်ပုံအကျိုးရှိအောင် ယူရမည်ဆိုသော အချက်ပင်ဖြစ်သည် စသဖြင့် မစ္စတာယောင်က ဆက်လက်ပြောကြားခဲ့သည်။

ပညာရေးသည် စင်ကာပူနိုင်ငံ၏ အောင်မြင်မှုအတွက် အဓိကသော့ချက်ဖြစ်ပြီး စင်ကာပူနိုင်ငံ ရှေ့သို့တိုးတက်ချီတက်ရေးအတွက် နည်းလမ်းမှာ ပညာရေးကျွမ်းကျင်မှု၊ အသိပညာနှင့် နည်းပညာအဆင့် တိုးမြှင့်ပေးရန်ဖြစ်သည်ဟု စင်ကာပူသက်ကြီး ဝါရင့်ဝန်ကြီးလီကွမ်းယူက အလေးထားပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ထူထောင်သော နှစ် ၄၀ မြောက် အထိမ်းအမှတ် ညစာစားပွဲတွင် မိန့်ခွန်းပြောကြားရာ၌ လီကွမ်းယူက ယင်းအချက်ကို ထောက်ပြခဲ့သည်။ စင်ကာပူ၏အနာဂတ်မှာ ကြီးတင်သတ်မှတ်ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ တိုင်းပြည်က ပြည်သူတစ်ရပ်အဖြစ် မည်သို့ပုံဖော်သွားသည် ဆိုခြင်းကသာ အဆုံးအဖြတ် ပေးမည်ဖြစ်သည်ဟု လီကွမ်းယူက ပြောကြားခဲ့သည်။ အလုပ်သမားသမဂ္ဂကို ၁၉၆၁ ခုနှစ်တွင် ထူထောင်ဖွဲ့စည်းခဲ့ပြီး ၁၉၆၉ ခုနှစ်မှစ၍ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲကာ အလုပ်သမားသမဂ္ဂလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်။

ဂြိုဟ်တုတည်ဆောက်ရေး – စင်ကာပူဂြိုဟ်တု တည်ဆောက်ရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၀၂ ခုနှစ်တွင် ကမ္ဘာမြေပြင်နှင့်နီးသော ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပြည်တွင်းလုပ် ပထမဆုံးဂြိုဟ်တုကို လွှတ်တင်ရန် စင်ကာပူနိုင်ငံက စီစဉ်လျက်ရှိသည်။ ဂြိုဟ်တုနည်းပညာ သုတေသနလုပ်ငန်းဆိုင်ရာ ဗဟိုဌာနသည် အိတ်စ်ဆက်ဟု ယာယီအမည်ပေးထားသော ဂြိုဟ်တုထုတ်လုပ်ရေး စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဦးတည်လုပ်ကိုင်လျက်ရှိသည်။ ယင်းဗဟိုဌာနကို ဒီအက်စ်အိုအမျိုးသားဓာတ်ခွဲဌာနနှင့် နန်ယန်နည်းပညာတက္ကသိုလ် အင်တီယူတို့ ပူးတွဲတည်ထောင်ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံက စတင်လွှတ်တင်မည့် အဆိုပါဂြိုဟ်တုကို ကမ္ဘာမြေပြင်မှ ကီလိုမီတာ ၁၀၀၀ ကျော်ထက် မဝေးသော နေရာသို့ လွှတ်တင်မည်ဖြစ်သည်။ လေ့လာရေးအတွက် ထိုဂြိုဟ်တုကို လွှတ်တင်ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုမှာ ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျ၍ ကမ္ဘာမြေပြင်မှ ကီလိုမီတာ ၃၀၀၀၀ ခန့်အကွာတွင် ပျံသန်းနိုင်သည်။ သုံးနှစ်မှငါးနှစ်အထိ သက်တမ်းရှိ၍ အလေးချိန်မှာ ကီလိုဂရမ် ၁၂၀ မျှသာရှိသည်။ ကိုယ်ပိုင်ဂြိုဟ်တု တည်ဆောက်ရန် မိမိတို့ဆုံးဖြတ်ထား၍ ဂြိုဟ်တုဆိုင်ရာအခြေခံ



စင်ကာပူနိုင်ငံရှိ ကုန်တင်ကုန်ချဆိပ်ကမ်း တစ်ခု

မြင်ကွင်း

အဆောက်အအုံများကို တစ်ချိန်တည်း တည်ဆောက်သွားရမည်ဖြစ်သည် စသဖြင့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

နိုင်ငံတကာဆက်ဆံရေး – စင်ကာပူဝန်ကြီးချုပ်ဂိုချုပ်တောင်သည် ပိုလန်၊ ဟန်ဂေရီနှင့် ချက်နိုင်ငံများသို့ ၁၂ ရက်ကြာ လည်ပတ်မည့်ခရီးစဉ်ကို မတ်လ ၁၈ ရက်နေ့ က စတင်ခဲ့သည်။ ယင်းခရီးစဉ်မှာ စင်ကာပူဝန်ကြီးချုပ်အနေဖြင့် အရှေ့ဥရောပသုံးနိုင်ငံသို့ ပထမဦးဆုံးအကြိမ်တရား၀င် သွားရောက်လည်ပတ်သော ခရီးစဉ်ဖြစ်သည်။ ဝန်ကြီးချုပ်နှင့်အတူ သူ၏ဇနီးအပါအဝင် အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ လွှတ်တော်အမတ်များနှင့် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါသွားကြသည်။ ဝန်ကြီးချုပ်သည် ခရီးစဉ်အတွင်း သုံးနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် အခြားခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေး၍ အာရှနှင့် ဥရောပ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အမြင်ချင်း ဖလှယ်ကြမည်ဖြစ်သည်။

စင်ကာပူ ဝါရင့်ဝန်ကြီး လီကွမ်းယူသည် တရုတ်ပြည်အရှေ့ပိုင်း ရှန်ဟဲမြို့သို့ ဇွန်လ ၇ ရက်နေ့တွင် ရောက်ရှိ၍ ညနေပိုင်းတွင် ရှန်ဟဲမြို့တော်ဝန် ဖူကွမ်းတီအား တွေ့ဆုံသည်။ ရှန်ဟဲမြို့အား နိုင်ငံတကာစီးပွားရေး၊ ငွေကြေးကုန်သွယ်ရေးနှင့် ရေကြောင်းသွားလာရေး ဗဟိုချက်တစ်ခု ဖြစ်လာရန် တည်ဆောက်လျက်ရှိသည်။ စင်ကာပူနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုလားသည်ဟု မြို့တော်ဝန်ဖူက ပြောကြားသည်။ ရှန်ဟဲမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။ စင်ကာပူနိုင်ငံသည် ရှန်ဟဲမြို့အပြင် တရုတ်ပြည်၏ အခြားသောဒေသများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် အလွန်တန်ဖိုးထားစိတ်ဝင်စားလျက်ရှိပါသည်ဟု ဝန်ကြီး လီကွမ်းယူက ပြောကြားသည်။ ၂၀၀၁ ခုနှစ်၊ ဧပြီလ၊ အထိ ရှန်ဟဲမြို့နှင့် စင်ကာပူနိုင်ငံတို့၏ ကုန်သွယ်မှုမှာ ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံဖိုးရှိပြီး အဓိကအားဖြင့် စက်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများနှင့် တွင်းထွက်ပစ္စည်းများဖြစ်သည်။

အာဆီယံအဖွဲ့ကြီး ပြန်လည်အင်အားပြည့်ဖြိုးလာစေရန်နှင့် ပတ်ဝန်းကျင်အခြေအနေသစ်တွင် ဝိုင်းပယ်ခံရသည့် အန္တရာယ်မှ ရှောင်လွဲနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား စင်ကာပူဝန်ကြီးချုပ်ဂိုချုပ်တောင်က တိုက်တွန်းဆော်သြလိုက်သည်။ စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သော ဧည့်သည်တော်ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တရာအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲတွင် မစ္စတာဂိုချုပ်တောင် မိန့်ခွန်းပြောကြားစဉ် ယင်းသို့ပြောကြားသွားခြင်းဖြစ်သည်။ စင်ကာပူနှင့်

ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာတောင့်တင်းလာစေရန်နှင့် အာဆီယံအင်အား ပြန်လည်ပြည့်ဖြိုးလာစေရန် အတူတကွဆောင်ရွက်မည့်ကာလတွင် ဖြတ်သန်းနေရကြောင်း၊ အာဆီယံအဖွဲ့၏ အခြေအနေမှာ ၁၉၇၇ ခုနှစ်ကတည်းက အင်အားယုတ်လျော့လာခဲ့ကြောင်း၊ အာဆီယံအဖွဲ့၏ စီးပွားရေးယုတ်လျော့ကျဆင်းလာခြင်းမှာ အာဆီယံဘဏ္ဍာရေး အကျပ်အတည်းကြောင့်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ပြည်တွင်းစီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများ ခံစားနေရကြောင်း၊ ပြည်တွင်းစီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် အာဆီယံအဖွဲ့ကြီးအနေဖြင့် ၁၉၉၀ ပြည့်နှစ် စောစောပိုင်းများက ရရှိခဲ့သော အရှိန်အဝါမျိုး ပြန်လည်ရရှိရန်မလွယ်ကူဘဲ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း ဂိုချုပ်တောင်က ပြောကြားခဲ့သည်။

အရှေ့တောင်အာရှကို ထိပ်တိုက်အန္တရာယ်ပြုမည့် စိန်ခေါ်မှုများအား အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)က စုပေါင်းရင်ဆိုင်တုံ့ပြန်ရန် လိုအပ်ပုံကို စင်ကာပူနိုင်ငံက အလေးအနက်ထားပြောကြားသည်။ ယခုအချိန်တွင် စီးပွားရေးကျဆင်းမှုနှင့် အမေရိကန်ပြည်ထောင်စုကို စက်တင်ဘာလ ၁၁ ရက်နေ့က တိုက်ခိုက်ခဲ့ခြင်းမှ ထွက်ပေါ်လာသော အကျိုးဆက်များကြောင့် အာဆီယံလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပိုမိုခက်ခဲလာကြောင်း၊ တူညီသော ရပ်တည်ချက်ရရှိနိုင်ရေးအတွက် နည်းလမ်းအမျာအပြားရှိကြောင်း၊ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်ဖြေရှင်းနိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ စုပေါင်းညီညွတ်ကြဖို့ အမှန်တကယ်ပင် လိုအပ်နေပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဂျော့ယီအိုက ဆဋ္ဌမအကြိမ်မြောက် အာရှဥရောပ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားသည်။ ဆဋ္ဌမအကြိမ်မြောက် အာရှ – ဥရောပ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို စင်ကာပူတွင် အောက်တိုဘာလ (၈) ရက်နေ့က ကျင်းပရာ ဆွေးနွေးပွဲဖွင့်ပွဲ၌ မစ္စတာယီအိုက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးနေခြင်းကြောင့် ကျန်ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးသည်လည်း တုံ့နှေးနေရသည်။ စက်တင်ဘာလ ၁၁ ရက်နေ့က ဖြစ်ရပ်သည် ကမ္ဘာကြီးတစ်ခုလုံး၏ စီးပွားရေးကျဆင်းမှုဆီသို့ ဦးတည်နေကောင်းနေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တောင်အာရှနိုင်ငံတိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများနှင့်ဆက်ဆံရန်ခက်ခဲသောကြောင့် ဖြစ်သည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံစလုံးသည် နိုင်ငံရေးစနစ်ချင်း မတူကွဲပြားခြားနားကြသည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ခြားနားစေကာမူ အချင်းချင်းစုစည်းနိုင်လောက်သော ခိုင်မာသောသဘာဝအနေအထားတွင် တည်ရှိနေသည်စသည်ဖြင့် မစ္စတာယီအိုက ဆက်လက်ပြောကြားခဲ့သည်။

မြို့လယ်တွင် ကွက်သစ်တည်ထောင်ခြင်း – မြို့လယ်တွင် တိုက်အိမ်များ ပိုမိုဆောက်လုပ်ရန် အဆင့်ကြီးတစ်ခုအနေဖြင့် မြို့လယ်ရှိ ဒူစတန်မြေကွက်တွင် နှစ်ခန်းတွဲတိုက်များ တည်ဆောက်ရန်အစီအစဉ်များကို စင်ကာပူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဌာနဝန်ကြီး မာဘော်တန်က ဩဂုတ်လ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ စင်ကာပူနိုင်ငံ၏ တရုတ်တန်းဒေသဖြစ်သော စတုရန်းကီလိုမီတာ ၂၅၀၀ ကျယ်ဝန်းသည်။ ယင်းမြေကွက်၌ အထပ်ငါးဆယ်ပါသော တိုက်ခန်းသစ်များကို တွေ့မြင်ရလိမ့်မည်။ အပန်းဖြေရိပ်သာသစ် တည်ဆောက်မည်။ ပိုမိုမြင့်မားသောတိုက်များ တည်ဆောက်ရန် မြို့လယ်ခေါင်၌ လူနေအိမ်ပိုမိုဆောက်လုပ်ရန်နှင့် ကြိုက်ရာအိမ်ကိုရွေးရန် ကျွန်ုပ်တို့အလိုရှိကြသည်။ ဒူစတန်မြေကွက်မှာ လွန်ခဲ့သော ၃၈ နှစ်က စင်ကာပူနိုင်ငံ၏ ဒုတိယမြောက် ပြန်လည် ပြုပြင်ထားသော ရှေ့ပြေးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည်။ ယခုအခါ ၂၁ ရာစုနှစ်၌ မြို့ပြစည်ပင်သာယာရေးနှင့် စင်ကာပူနိုင်ငံသားများ အိမ်ရာရရှိရေးအတွက် စံပြနေရာအနေဖြင့် ယင်းမြေကွက်ကို ရွေးချယ်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် လူနေအိမ် ၃၀၀၀၀ ရှိရာ သုံးရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ တိုးလာသောလူဦးရေ အချိုးအစားအတိုင်း နောက်ထပ်လူနေအိမ် ၉၀၀၀၀ (ကိုးသောင်း) ဆောက်လုပ်ရန်စီစဉ်ထားသည်။

စီးပွားရေး အဆောက်အအုံများစွာ တည်ရှိသော မြို့လယ်တွင် လူနေထူထပ်မှုလျော့ရန် စင်ကာပူတစ်ကျွန်းလုံးတွင် မြို့သစ်များတည်ထောင်ပေးခဲ့သည်။ သို့ရာတွင် တိုးတက်လာသောလူဦးရေက မြို့ကြီးများတွင် နေထိုင်ရန်နှင့် လူနေအိမ်မလုံလောက်မှုကြောင့် မြို့လယ်မှပြောင်းရွှေ့ရန် ရွေးချယ်ခဲ့ကြသဖြင့် မြို့လယ်စီးပွားရေးဒေသ၌ စီးပွားရေးထိခိုက်ခဲ့သည်။ မြို့လယ်ပိုင်း၌ လူဦးရေထူထပ်ခြင်းနှင့် နောက်တိုးလာမည့် လူဦးရေအတွက် မြို့ပြပြန်လည်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်လိုက်သော ၂၀၀၁ ခုနှစ်၊ စီမံ

ကိန်းက အိုးအိမ်တိုးချဲ့ဆောက်လုပ်ရန် အကြံပြုထား သည်ဟု ဝန်ကြီးက ပြောကြား သည်။

စီးပွားရေး – စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ကိုယ်စားလှယ်များအတွက် တည်ခင်းသော ညစာစားပွဲတွင် ဇွန်လ ၄ ရက်နေ့ညနေခင်းက စင်ကာပူသက်ကြီးဝါရင့် ဝန်ကြီး လီကွမ်းယူက မိန့်ခွန်းပြောကြား သည်။ ကမ္ဘာ့စီးပွားရေး နာလန်ထူမှုနှင့်ပတ်သက်၍ အကောင်းမြင်ဝါဒကို ထုတ်ဖော်ပြောကြားရာ၌ အမေရိကန်စီးပွားရေး ပြန်လည်ဦးမော့လာမည်ဖြစ်၍ အရှေ့အာရှနိုင်ငံများတွင် ၁၉၉၇ ခုနှစ် ဘဏ္ဍာရေးဖရိုဖရဲဖြစ်မှုမျိုး မရှိနိုင်ကြောင်း လီကွမ်းယူက ပြောကြား သည်။ အရှေ့အာရှသည် အမေရိကန်ဈေးကွက်သို့ တင်ပို့သော ပို့ကုန်များအပေါ် အား ထား နေရသည်ဖြစ်၍ နိုင်ငံအများစုမှာ ၁၉၉၇ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းမှ အပြည့်အဝပြန်လည် နာလန်မထူကြသေးဟု ပြောကြား သွား သည်။ ၁၉၉၇ ခုနှစ် ငွေရေးကြေးရေး ဖရိုဖရဲဖြစ်မှုကဲ့သို့သော အပျက်အစီးမျိုး ရှိလာလိမ့်မည်ဟု မိမိမျှော်လင့်မထား ကြောင်း အင်ဒိုနီးရှား နိုင်ငံမှလွဲ၍ အရှေ့အာရှနိုင်ငံအားလုံး သည် မိမိတို့၏ ခိုင်မာသောငွေကြေး စုဆောင်းမှုကြောင့် မိမိတို့၏ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ခိုင်မာစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း လီကွမ်းယူက ပြောကြား ခဲ့သည်။

၂၀၀၁ ခုနှစ်မှာ စင်ကာပူနိုင်ငံ စီးပွားရေးသမိုင်းတွင် အဆိုးရွားဆုံး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသော နှစ်များအနက် တစ်နှစ်ဖြစ်သည်။ ဇူလိုင်လ ၁၀ ရက်နေ့က ဒုတိယသုံးလပတ်ရလဒ်များအရ စင်ကာပူနိုင်ငံ၏ စီးပွားရေးကျဆင်းလာကြောင်း သတင်းများထွက်ပေါ်လာသည့်အခါ စင်ကာပူအစိုးရက ဧပြီလတွင် ခန့်မှန်းခဲ့သော စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိရမည့်အစား သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်ဟု လျှော့ချခဲ့သည်။ ယင်းကိန်းဂဏန်းအတိုင်းသာ အောင်မြင်မှုရရှိလျှင် ယင်းမှာ ၂၀၀၀ ပြည့်နှစ်က ရရှိခဲ့သော စီးပွားရေးတိုးတက်မှုနှုန်း ၉ ဒသမ ၉ ရာခိုင်နှုန်းအောက်များစွာ လျော့နည်းသွား သည်။ စင်ကာပူနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်အတွင်း ၁၉၉၆ ခုနှစ်နှင့် ၁၉၉၈ ခုများတွင် စီးပွားရေးကျဆင်းမှုကို နှစ်ကြိမ်တိုင် ရင်ဆိုင်ခဲ့ရသည်။ အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည်မှာ ၁၉၈၅ ခုနှစ်တွင်ဖြစ်ပြီး အချို့စီးပွားရေးပညာရှင်များက ယခုနှစ်စီးပွားရေးကျဆင်းမှုမှာ ပို၍ဆိုးဝါးနိုင်သည်ဟု ခန့်မှန်းကြသည်။

စီးပွားရေးကျဆင်းမှုကြောင့် စင်ကာပူစီးပွားရေးဖွံ့ဖြိုးမှုပုံသဏ္ဌာန်နှင့် ပတ်သက်၍ ပုဂ္ဂလိကပိုင်း အခန်းကဏ္ဍမှ စီးပွားရေးပညာရှင်များအကြား အချေအတင်ပြောဆိုလာကြသည်။ လူဦးရေလေးသန်းမျှသာ ရှိသော စင်ကာပူနိုင်ငံမှာ ရွေးယခင်က ပြင်ပဈေးကွက်များကို အား ထား နေရမှု စွန့်လွှတ်သင့်သည်ဟု အကြံပြုတင်ပြသူများရှိသော်လည်း အချို့စီးပွားရေးပညာရှင်များကမူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြားအစားထိုးနိုင်မည့်ပုံစံများ၊ အထူးသဖြင့် ပြည်တွင်း ဝယ်အား များစေမည့် စီးပွားရေးပုံသဏ္ဌာန်အပြောင်းအလဲများကို ဆောင်ရွက်သင့်သည်ဟု စောဒကတက်ကြသည်။ စင်ကာပူနိုင်ငံတွင် ပြည်တွင်းစုဆောင်းမှုမှာ ဂျီဒီပီ၏ ၄၉ ဒသမ ၈ ရာခိုင်နှုန်း အထိ ရှိနေသည်။ ဟောင်ကောင်တွင် ၃၂ ဒသမ ၂ ရာခိုင်နှုန်း၊ တောင်ကိုရိုးယား တွင် ၃၀ ဒသမ ၉ ရာခိုင်နှုန်း၊ ထိုင်ဝမ်တွင် ၂၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် တရုတ်ပြည်မကြီးတွင် ၃၈ ရာခိုင်နှုန်း အသီးသီးသာရှိသည်ဟု ဂျီကေဂို သုတေသနအဖွဲ့က ပြော သည်။ ရေရှည်တွင် ကမ္ဘာတစ်ဝန်းလုံးမှ ဝယ်လိုအားမြင့်တက်လာသည်အထိ စင်ကာပူနိုင်ငံသားများ၏ အနေအထားကို ထိန်းချုပ်နိုင်ရေးအတွက် အစီအစဉ်များကို စင်ကာပူမူဝါဒချမှတ်သူများက လုပ်ရှားလာကြသည်။ ရေနံမဟုတ်သော ပြည်တွင်းပို့ကုန်၏ ၆၆ ရာခိုင်နှုန်းဖြစ်သည့် အီလက်ထရွန်နစ် ပစ္စည်းပို့ကုန်သည်လည်း ဇွန်လက ၂၀ ဒသမ ၂ ရာခိုင်နှုန်းကျသွား ရာ စင်ကာပူဒေါ်လာ ၄ ဒသမ ၈ ဘီလီယံဖိုး သာ တင်ပို့နိုင်ခဲ့သည်။ စီးပွားရေးကျဆင်းသောကြောင့် အလုပ်လက်မဲ့ဦးရေနှုန်းမှာ ယခုနှစ်တွင် ၂၀၀၀ အထိရှိနိုင်ရာ ယခင်နှစ်ကထက် နှစ်ဆနီးပါး ရှိနိုင်သည်။ သို့ရာတွင် အာရှတိုက်၌ ဘဏ္ဍာရေးအကျပ်အတည်း ကြုံတွေ့ရသော ၁၉၉၈ ခုနှစ်က ရှိခဲ့သည့် အလုပ်လက်မဲ့ဦးရေ ၂၉၀၈ ဦးနှင့် နိုင်းယှဉ်ပါက နည်းပါးသည်ဟု စင်ကာပူအစိုးရက ပြောကြား သည်။ စင်ကာပူနိုင်ငံသည် စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေစေကာမူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ထိုင်ဝမ်မှ ယူအင်စီကုမ္ပဏီက စက်ရုံတစ်ခုကို အုတ်မြစ်ချပွဲ မကြာမီကကျင်းပပေးခဲ့သည်။ ၂၀၀၁ ခုနှစ် ပထမခြောက်လအတွင်း ကုန်စည်ထုတ်လုပ်ရန် လျာထား ချက်မှာ စင်ကာပူဒေါ်လာ ၅ ဒသမ ၉ ဘီလီယံဖြစ်ရာ စင်ကာပူဒေါ်လာ ၉ ဘီလီယံ ရည်မှန်း

ချက်၏ သုံးပုံနှစ်ပုံခန့်ဖြစ်သည်။ သို့ရာတွင် စင်ကာပူနိုင်ငံသည် ဝန်ဆောင်မှုလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုကို အာရုံစိုက်ရေးနှင့် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေးတို့တွင် အရေးတကြီးအာရုံ၌ ထိပ်မှပြေးနေဆဲဖြစ်သည်။

စင်ကာပူနိုင်ငံတွင် စီးပွားရေးကျဆင်း နေချိန်၌ အထွေထွေရွေးကောက်ပွဲကို ၂၀၀၂ ခုနှစ်၊ ဩဂုတ်လအထိ ကျင်းပနိုင်ဦးမည်မဟုတ်ပေ။ သို့ရာတွင် အမျာ်းစုကမ္ဘ ရွေးကောက်ပွဲကို အစိုးရက ဆောလျင်စွာ ကျင်းပလိမ့်မည်ဟု မျှော်လင့်ထား ကြသည်။ ရွေးကောက်ပွဲကို သတ်မှတ်ချိန်ထက် စောပြီး ကျင်းပဖြစ်မည်ဆိုပါက စီးပွားရေးကျဆင်းနေချိန်၌ ရွေးကောက်ပွဲကျင်းပခြင်းမှာ စင်ကာပူသမိုင်း၌ ပထမဆုံး အကြိမ် ဖြစ်ပေလိမ့်မည်။ စီးပွားရေးကျဆင်းမှုကြောင့် ဝန်ကြီးဂိုချုပ်တောင်၏ အာဏာရပြည်သူ့လူပ်ရှား မှု ပါတီ (ပီအေပီ) အား မဲဆန္ဒရှင်များ၏ ထောက်ခံမှုနည်းပါးမည်ဟု အတိုက်အခံပါတီဝင်များက ဆိုကြသည်။ ၁၉၆၅ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ပြီးနောက် စင်ကာပူ နိုင်ငံရေး လောကကို ကြီးစိုးခဲ့သည့် (ပီအေပီ) ပါတီသည် ပါလီမန်တွင် အမတ်နေရာအများစုကို ရရှိဦးမည်ဟု ဝေဖန်သူအများစုက ဝေဖန်သုံးသပ်ကြသည်။ ယခုအခါ ပီအေပီသည် ပါလီမန်တွင် အမတ်နေရာ ၈၃ နေရာ အနက် ၈၁ နေရာကို ထိန်းချုပ်ထား သည်။ စီးပွားရေးကျသည်ဖြစ်စေ တက်သည်ဖြစ်စေ ပီအေပီကတော့ အာဏာကိုအစဉ်အမြဲ ထိန်းချုပ်နေဦးမှာပဲဟု စင်ကာပူစာရေးဆရာနှင့် နိုင်ငံရေးဝေဖန်သူကက်သရင်းလင်က ပြောကြားလိုက်သည်။

မကြာမီလများအတွင်းက ကျန်းမာရေးဝန်ဆောင်မှုနှင့် ပညာရေးကဲ့သို့သော ဝန်ဆောင်မှုကဏ္ဍမြှင့်တင်ရေးနှင့် ပက်သက်၍ အပြောများခဲ့ကြသော်လည်း ပရိဘောဂထုတ်လုပ်ရေးပိုင်းဖွံ့ဖြိုးရန် ဆက်လက်ကြိုးပမ်းသွားမည်ဟု စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဂျော့ယီအိုက နိုင်ဝင်ဘာလ ၂၉ ရက်နေ့တွင် ထပ်မံအတည်ပြု ပြောကြားသည်။ အခွင့်ရေးသစ်များရရှိရန်၊ စီးပွားရေးကို အထောက်အကူပြုရန် ဝန်ဆောင်မှုလုပ်ငန်းကို တိုးချဲ့သင့်စေကာမူ အပြောင်းအလဲမရှိသော ကုန်ပစ္စည်းထုတ်လုပ်ခြင်းကို ဆက်လက်ကြိုးပမ်းမည်။ ကုန်ပစ္စည်းထုတ်လုပ်ခြင်းမှာ ရေရှည်တွင်ဝန်ဆောင်မှုလုပ်ငန်းထက်သာသည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးပိုင်းတွင် အလုပ်အကိုင်တစ်ခုက ဝန်ဆောင်မှုပိုင်းတွင် အလုပ်နှစ်ခုမှ လေးခုထိ ဖန်တီးပေးသည်။ စင်ကာပူနိုင်ငံမှာ နှစ်ပေါင်းအတော်ကြာကပင် ခိုင်မာသော ကုန်ထုတ်လုပ်ရေးပိုင်းကို တည်ဆောက်ခဲ့၍ ယခုအခါ နယ်ပယ်များစွာတွင် လျှော့ချနေရလေရာ ဤအင်အားများကို ဆက်လက်တည်ဆောက်ရမည်။ အရေးကြီးသော သော့ချက်မှာ စီးပွားရေးအသိဉာဏ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက် ကမ္ဘာကစိတ်ဝင်စားအောင် ဆွဲဆောင်ရန်ဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍအတွက် ရှေ့တိုးရန်နည်းလမ်းမှာ တန်ဖိုးမြင့်မား သော ဆောင်ရွက်မှုများကို ဖော်ထုတ်ရန်ဖြစ်သည်။ ပိုမိုနက်နဲခက်ခဲသော ထုတ်လုပ်ရေးဆောင်ရွက်ချက်များ ပါဝင်ရန်နှင့် ဦးနှောက်အလုပ် အချို့ကျတိုးတက်ရန် ထုတ်လုပ်ရေးလုပ်ငန်း တိုးတက်ရေးကို ထိန်းသိမ်းကြရမည်ဟု နိဝင်ဘာလ ၂၉ ရက်နေ့က စင်ကာပူစီးပွားရေးဌာန၌ ကျင်းပသော ဆုပေးပွဲ၌ အမှာစကားပြောကြားရာတွင် ဝန်ကြီးဂျော့ယီအိုက ပြောကြားခဲ့သည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးပိုင်းမှာ စင်ကာပူနိုင်ငံ၌ ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းရှိသည်။

အစိုးရဖွဲ့ဖြိုးတိုးတက်ရေးနည်းဗျူဟာကို စီးပွားရေးပြန်လည် သုံးသပ်ရေးကော်မတီက အခြေခံအားဖြင့် ပြန်လည်သုံးသပ်၍ နိုင်ငံ၏စီးပွားရေးပြန်လည်တည်ဆောက်ရန် စက္ကူပြားစာတမ်းကို ရေးဆွဲမည်ဖြစ်ကြောင်း စင်ကာပူအစိုးရက ဒီဇင်ဘာလ ၃ ရက်နေ့တွင် တရားဝင်ကြေညာသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးလီဆိန်လွန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဖွဲ့ဝင် ၂၀ ပါ ကော်မတီတွင် အစိုးရအလုပ်သမားလှုပ်ရှားမှုအဖွဲ့နှင့် ပုဂ္ဂလိကပိုင်းမှ ကိုယ်စားလှယ်များပါဝင်သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး တိုနီတန် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဂျော့ယီအိုအပြင် အသစ်ခန့်ထားသော အထက်တန်းဝန်ကြီးများနှင့် နိုင်ငံတော်ဝန်ကြီးများလည်း ပါဝင်သည်။

ကော်မတီအစည်းအဝေး မကျင်းပမီ သတင်းစာရှင်းလင်းပွဲတွင် ဥက္ကဋ္ဌပီဆိန်လွန်က အောက်ပါအတိုင်းပြောကြားခဲ့သည်။ ကမ္ဘာ့စီးပွားရေးတွင် စက်မှုနည်းပညာတစ်ကမ္ဘာလုံးတိုးတက်လာခြင်းနှင့် နိုင်ငံတကာအခြေအနေတွင် စက်တင်ဘာလ ၁၁ ရက်နေ့နောက်ပိုင်း ကုန်သွယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှုကို ထိခိုက်ခဲ့ရပြီးနောက် ပိုမိုပြောင်းလဲမှု ဖြစ်ခဲ့ရခြင်းကြောင့် အလားအလာ

ကောင်းသော အပိုင်းကဏ္ဍများကို ထူထောင်ရန် စင်ကာပူနိုင်ငံ ဖိအားပေးခဲ့နေရသည်။ ဒေသအတွင်း အဓိက အချက်အချာနေရာအဖြစ် စင်ကာပူဖွံ့ဖြိုးတိုးတက်ရန် နည်းပညာဗဟုသုတသစ်များ ချမှတ်ရန်လိုလာသည်။ စင်ကာပူ စီးပွားရေးကို အဆင့်မြှင့်၍ ရှင်သန်အောင်ဆောင်ရွက်ရမည်။ ဤလုပ်ငန်းလုပ်ဆောင်ချက်မှာ စီးပွားရေးတိုးတက်မှုကို ဆက်ထိန်းရန် စင်ကာပူနိုင်ငံသားများ၏ ဥစ္စာဓနတိုးတက်ရန်နှင့် အလုပ်အကိုင်များ ဖန်တီးတီထွင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည် စသဖြင့် ဝန်ကြီးပီဆိန်လွန်ကပြောကြားခဲ့သည်။

သင့်ဘဝ – ဦးရဲလွင်

စန္ဒောဘာသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာ ပဏ္ဍိတ)(မြန်မာ ၁၂၈၇ – ၁၃၆၂)။

။ ဆရာတော်ကို ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဖားကျကျေးရွာတွင် ခမည်းတော် ဦးဗလ၊ မယ်တော် ဒေါ်စောမြင့်တို့က ၁၂၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ အင်္ဂါနေ့၌ ဖွားမြင်၍ မွေးချင်းခုနစ်ယောက်တွင် ဒုတိယမြောက်သားရတနာဖြစ်သည်။ ဖားကျကျောင်း ဆရာတော် ဦးတေဇဝန္တထံ၌ ခြောက်နှစ်သားအရွယ်မှစ၍ အခြေခံပညာများ သင်ယူပြီး ၁၅ နှစ်သားအရွယ်တွင် ရှင်သာမဏေပြုရာ ဘွဲ့တော်မှာ ရှင်စန္ဒောဘာသဖြစ်သည်။



ဘဒ္ဒန္တ စန္ဒောဘာသ

ဆရာတော်သည် ၁၃၀၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့၌ မော်လမြိုင်မြို့၊ ရတနာဘုံမြင့်ကျောင်း ခဏ္ဍာသိမ်တွင် မော်လမြိုင်မြို့၊ ရတနာဘုံပြန်ကျောင်း ဆရာတော် ဦးကေတုမာလာလင်္ကာရကိုဥပဇ္ဈာယ်ပြု၍ ဦးစီယား၊ ဒေါ်လွန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ အရှင်စန္ဒောဘာသဖြစ်သည်။

ပညာသင်ကြားရာတွင် ဆရာတော် ဦးတေဇဝန္တ၊ ဆရာတော် အရှင်ကေတုမာလာလင်္ကာရ၊ ဆရာတော် ရာဇိန္ဒ၊ ဆရာတော် နာဂသေန၊ ဆရာတော် ပဏ္ဍိဇ္ဇနှင့် ဦးကုဏ္ဍလတို့ထံ၌ ဆရာနည်းစုံ ပညာသင်ယူသည်။

ဆရာတော်သည် ကော့ကရိတ်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟအသင်း စာမေးပွဲကြီး၏ ဦးစီးနာယက၊ ၁၃၄၅ ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် ၁၈ နှစ်တိုင်တိုင် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ည ၉:၄၀ နာရီအချိန်တွင် တစ်ဘဝတစ်ခန္ဓာချုပ်ငြိမ်းတော်မူသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ

။ ။ ၂၀၀၁ ခုနှစ် နှစ်ဦးပိုင်းတွင် တရုတ်ပြည်မကြီးနှင့် ထိုင်ဝမ်တို့အကြား တရားဝင်ဆက်သွယ်မှုများ စတင်ပြုလုပ်လာခဲ့သည်။ ကုန်သွယ်မှု၊ ခရီးသွားလာမှု၊ ဆက်သွယ်မှုတို့နှင့် စပ်လျဉ်း၍ ပြည်မကြီးနှင့် ထိုင်ဝမ်တို့အကြား အပြန်အလှန်ဆက်ဆံကြရန် သဘောတူညီမှု ရရှိခဲ့သည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ထိုင်ဝမ်မှခရီးသည် ၅၀၀ ကျော်ပါဝင်သော သင်္ဘောငယ်သုံးစင်းသည် ပြည်မကြီးသို့ ဆိုက်ရောက်ခဲ့သည်။ ပြည်မကြီးမှ ခရီးသည် ၈၀၀ ကျော်သည်လည်း ထိုင်ဝမ်ပိုင် ကိုမိုင်နှင့်မတ်စုကျွန်းသို့ နေ့စဉ်သွားရောက်ခွင့်ရခဲ့သည်။

တရုတ်စီးပွားရေး တိုးတက်လာမှုလက္ခဏာ – ၁၉၉၇ ခုနှစ်တွင် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့ကို ပူးပေါင်းလိုက်ပြီးသည့်နောက်ပိုင်း တရုတ်ပြည်၏ စီးပွားရေးတိုးတက်မှုသည် သိသာထင်ရှားလာသည်။ ကမ္ဘာ့စီးပွားရေးလောကတွင် တရုတ်ပြည်၏ အနေအထားသည် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့ပြီးလျှင် တတိယအင်အားအကြီးဆုံး ဖြစ်လာခဲ့သည်။ ဤသို့ ပြောင်းလဲသော အနေအထားနှင့် လိုက်လျောညီစွာ ကမ္ဘာ့စီးပွားရေးလောကတွင် ကျယ်ပြန့်စွာ ပါဝင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့တွင် တရုတ်ပြည်မှ ကိုယ်စားလှယ်ဦးရေ တိုးချဲ့သတ်မှတ်ပေးရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ဧန်နဝါရီလ ၄ ရက်နေ့တွင် အဆိုပြုခဲ့သည်။ တရုတ်ပြည်၏ တိုးတက်လာသော စီးပွားရေးအခြေအနေအရ အဆိုပါရန်ပုံငွေအဖွဲ့မှ အထူးထုတ်ယူခွင့်ငွေ (Special Drawing Right) ပမာဏ

သည် ၄၆၈၇ ဒသမ ၂သန်းမှ ၆၃၆၉ ဒသမ ၂ သန်းအထိ တိုးမြှင့်လာခဲ့ သည်။ အထူးထုတ်ယူခွင့်ငွေ တစ်ယူနစ်သည် ၂၀၀၁ ခုနှစ် ဧန်နဝါရီလ ၅ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် လဲလှယ်နှုန်းအရ အမေရိကန် ဒေါ်လာ ၀ ဒသမ ၇၆၃၂၀၀ နှင့် ညီမျှသည်။ ဤသို့ အထူးထုတ်ယူခွင့် ငွေပမာဏ တိုးတက်လာသည့် အလျောက် ၄င်းရန်ပုံငွေအဖွဲ့၏ စည်းမျဉ်းအရ အုပ်ချုပ်ရေး မူးမျာ: ဘုတ်အဖွဲ့ ၈၅ ရာခိုင်နှုန်း၏ ထောက်ခံမဲလိုအပ်လာ သည်။ သို့ဖြစ်၍ အဆိုပါ ရန်ပုံငွေအဖွဲ့တွင် တရုတ်ပြည်က အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးရေတိုးချဲ့ပေးရန် လိုအပ်လာသည်။

သံရုံးမုံးကြဲခံရမှုအတွက် လျော်ကြေး – ယူဂိုဆလားဗီးယား: စစ်ပွဲအတွင်း ၁၉၉၉ ခုနှစ်တွင် ဘဲလ်ဂရိတ်ရှိ တရုတ်သံရုံးကို နေတိုးအဖွဲ့ကမှာ:ယွင်း၍ မုံးကြဲတိုက်ခိုက်ခဲ့သည်။ ဤသို့ မုံးကြဲတိုက်ခိုက်မှုကြောင့် တရုတ်နှင့် အမေရိကန်ပြည်ထောင်စု တို့အကြား: သံခင်းတမန်ခင်း: စစ်ပွဲဖြစ်ခဲ့သည်။ နှစ်နိုင်ငံ ဆက်ဆံရေး: တင်းမာခဲ့သည်။ သို့ရာတွင် အချိန်ယူစေ့စပ်ညှိနှိုင်းမှုများကြောင့် ဧန်နဝါရီလ ၁၉ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လျော်ကြေး: အဖြစ် ယွမ်ငွေ သန်း ၂၃၀ ပေးခဲ့ရသည်။ (၂၀၀၁ ခုနှစ် ဧန်နဝါရီလ ၁၉ ရက်နေ့တွင် ဖြစ်ပေါ်သော လဲလှယ်နှုန်းအရ ၁ ဒေါ်လာ = ၈.၂၇၆၄ ယွမ်ဖြစ်သည်။)

တရုတ် – အမေရိကန် ဆက်ဆံရေး – ၁၉၉၉ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံ၊ ဘဲလ်ဂရိတ်မြို့ရှိ တရုတ်သံရုံးကို နေတိုးအဖွဲ့က ဗုံးကြဲတိုက်ခိုက်မှုကြောင့် တရုတ်–အမေရိကန် ဆက် ဆံရေးမှာ တင်းမာခဲ့သည်။ သို့ရာတွင် ၂၀၀၁ ခုနှစ် ဧန်နဝါရီ လက ၄င်းဗုံးကြဲမှုအတွက် လျော်ကြေးပေးခဲ့သဖြင့် တင်းမာမှု လျော့ပါးသယောင် ရှိခဲ့သော်လည်း အမေရိကန်က အမျိုးသား ဒုံးကျည်ကာကွယ်ရေး အစီအစဉ်အရ ကိုရီးယားကျွန်းဆွယ် နှင့် ဂျပန်၊ ဖိလစ်ပိုင်တို့ကိုပါ ဒုံးကျည်ထီးမိုးထားမည်၊ ဒုံးကျည် ဒိုင်းကာကွယ်ထားမည်ဆိုပြန်သဖြင့် တရုတ်တို့က အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ဧပြီလအတွင်းက အမေရိကန် ထောက်လှမ်းရေးလေယာဉ်ကြီးတစ်စီးနှင့် တရုတ်လေယာဉ်ငယ် တစ်စီးတို့ တိုက်ခိုက်မိခဲ့ကြသည်။ တရုတ်လေယာဉ် ပျက်ကျပြီး အဆိုပါလေယာဉ်ကြီးသည် တရုတ်ပိုင် ဟိုင်နန် ကျွန်းပေါ်သို့ သက်ဆင်းခဲ့ရသည်။ ဤဖြစ်ရပ်ကြောင့် နှစ်နိုင်ငံ အပြန်အလှန် စွပ်စွဲကြကာ တင်းမာမှုများ ဖြစ်ခဲ့ပြန်သည်။ သို့ရာတွင် သံတမန်နည်းလမ်းများအရ နှစ်နိုင်ငံညှိနှိုင်းခဲ့ကြသဖြင့် ၄င်းကိစ္စမှာ ပြေလည်သွားခဲ့သည်။ ဧပြီလတွင် ထောက်လှမ်းရေးလေယာဉ်ကြီးကို တစ်စစီဖျက်၍ အမေရိကန်ပြည်ထောင်စုသို့ သယ်ယူခွင့်ပေးခဲ့သည်။ ထိုလေယာဉ်ကြီးပေါ်တွင် ပါလာသူ အမေရိကန်တို့ကိုလည်း ပြန်လွှတ်ပေးခဲ့သည်။ တရုတ်တို့က ထိုလေယာဉ်ပေါ်တွင် ပါလာသူတို့အား: ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရခြင်းအတွက် ကုန်ကျစရိတ်ငွေ ဒေါ်လာတစ်သန်း တောင်းခံခဲ့သည်။

အမေရိကန်တို့က တရုတ်နိုင်ငံသည် လူ့အခွင့်အရေးများကို ချိုးဖောက်နေကြောင်း၊ ဘာသာရေးလွတ်လပ်ခွင့်ကို နှိမ်နင်းကြောင်း စွပ်စွဲခဲ့သည်။ တရုတ်တို့ကလည်း အမေရိကန်သည် တရုတ်နိုင်ငံအပေါ် သူလျှိုများ လွှတ်ပေးနေကြောင်း၊ တရုတ်ပြည်က ပိတ်ပင်တားမြစ်ထားသည့် မိစ္ဆာဝါဒီ ဖာလွန်ကောင်ဂိုဏ်းကို မြှောက်ပင့်အားပေးနေကြောင်း စွပ်စွဲခဲ့သည်။ ဇူလိုင်လ ၂၄ ရက်နေ့တွင် အမေရိကန်နိုင်ငံသား ခံယူထားသူ တရုတ်သိပ္ပံပညာရှင် ကောချန်းနှင့် အမေရိကန် ဆေးဝါးကုမ္ပဏီတစ်ခုမှ ဝန်ထမ်းဖြစ်သော ကျင်းကွမ်းကွမ်းတို့အား: အမေရိကန်အတွက် သူလျှိုလုပ်ပေးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့သည်။ ဤကိစ္စအတွက် နှစ်နိုင်ငံဆက်ဆံ ရေး တင်းမာခဲ့သည်။ သို့ရာတွင် ဇူလိုင်လကုန်၌ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး: ကောလင်းပါဝဲလ် လာရောက်လည်ပတ်သည်ကို ကြိုဆိုသည့်အနေဖြင့် ထောင်ဒဏ်ချမှတ်ထား:သူ နှစ်ဦး:အား: ထောင်ဒဏ်မှလွှတ်၍ ပြည်နှင်ဒဏ်ချမှတ်ခဲ့သည်။ ကောလင်းပါဝဲလ်သည် ဇူလိုင်လ ၂၉ – ၃၀ ရက်များ:အတွင်း: တရုတ်ပြည်သို့ ရောက်ရှိလာကာ တရုတ်ခေါင်းဆောင်များနှင့် ချစ်ကြည်ရင်းနှီးရေးကို တည်ဆောက်ခဲ့သည်။ နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးအတွက် တရုတ်ခေါင်းဆောင်များနှင့် နား:လည်မှု ရယူခဲ့သည်။

တရုတ် – ရုရှား ပူးပေါင်းဆောင်ရွက်ရေး – တရုတ်သမ္မတကျန်ဇီမင်းနှင့် ရုရှားသမ္မတ ပူတင်တို့သည် ဇူလိုင်လ ၂၆ ရက်နေ့က သမိုင်းဝင်စာချုပ်ကို လက်မှတ်ရေးထိုး:ခဲ့သည်။ "အိမ်နီး:ချင်း:ကောင်း: ပီသရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်း:ဆောင်ရွက်ရေး အနှစ် ၂၀ စာချုပ်"သည် တရုတ်နှင့် ရုရှား:တို့အကြား: ဆက်ဆံရေးအနေအထား:ကို အဆင့်သစ်တစ်ရပ်သို့ တိုးမြှင့်ပေးလိုက်ခြင်း: ဖြစ်သည်။ ဤစာချုပ်သည် နှစ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကျန်ဇီမင်း

နိုင်ငံ စစ်ရေးမဟာမိတ်ပြုမှု မဟုတ်ကြောင်း ပြောဆိုခဲ့ကြ တွင် ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို ကျင်းပမည် သည်။ သို့သော် စီးပွားရေး၊ လုံခြုံရေး၊ ယဉ်ကျေးမှုတို့အရ နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရေးအတွက် အခြေခံအုတ်မြစ်ချပေးခဲ့သော လမ်းညွှန်စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ တရုတ်နှင့် ရုရှားနိုင်ငံတစ်ခုခုတွင် လုံခြုံရေးကို အထူးထိပါးခြိမ်းခြောက်ခံရပါက နှစ်နိုင်ငံ အမြန်ဆုံးပူးတွဲ ဆောင်ရွက်ကြရန် စာချုပ်တွင် ထည့်သွင်းပြဋ္ဌာန်းထားခဲ့ သည်။ ဆိုက်ဘေးရီးယားမှ ရေနံစိမ်းများကို ပိုက်လိုင်းဖြင့် တရုတ်ပြည်သို့ ပို့လွှတ်ပေးရန်လည်း သဘောတူစာချုပ် ပြုလုပ်ခဲ့ကြသည်။

စျေးနှုန်းကန့်သတ်ချက်များကို ဖယ်ရှားခြင်း – ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ပါဝင်ခွင့်ရရှိရေးကို မျှော်မှန်းလျက် တရုတ် အစိုးရသည် ကုန်ပစ္စည်းအမျိုးအမည် ၁၂၈ ခုတို့အပေါ် စျေးနှုန်းကန့်သတ်ချက်များကို ဖယ်ရှားလိုက်ကြောင်း ဇူလိုင် လ ၁၁ ရက်နေ့က ကြေညာခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့သို့ ဝင်ခွင့်ရရှိရေးတွင် စျေးကွက်စီးပွားရေး မပီသသော ကြောင့် အဟန့်အတားဖြစ်ခဲ့ရသည်။ ယင်းအဟန့်အတား များ ပပျောက်သွားရေးအတွက် ယခုကဲ့သို့စျေးနှုန်းကန့်သတ် ချက်များကို ဖယ်ရှားပေးလိုက်ခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော် ကျင်းပခွင့် – ဇူလိုင်လ ၁၃ ရက်နေ့တွင် နိုင်ငံတကာအိုလံပစ်ကော်မတီက ဘေဂျင်းမြို့တော် ဖြစ်ကြောင်း ဆုံးဖြတ်ကြေညာခဲ့သည်။ ထိုအိုလံပစ်ပွဲတော် ကျင်းပခွင့်ရရှိရေးအတွက် ဂနေဒါ၊ ဂျပန်၊ ပြင်သစ်တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ တရုတ်နိုင်ငံမြို့တော် ဘေဂျင်းက အိုလံပစ်ပွဲတော်ကို အိမ်ရှင်အဖြစ် ကျင်းပခွင့် ရရှိသွားသည့် အတွက် တရုတ်ပြည်၏ နိုင်ငံတကာဂုဏ်သိက္ခာသည် မြင့် တက်သွားခဲ့သည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တို့အား ပါတီဝင်ခွင့်ကိစ္စ – ဇွန်လ ၃၀ ရက်နေ့က တရုတ်ကွန်မြူနစ်ပါတီ အနှစ် ၈၀ မြောက် အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့ရာတွင် တရုတ် ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သော ကျန်ဇီမင်းက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား ပါတီ ဝင်ဖြစ်လာရေးကို ကြိုဆိုကြောင်း ထည့်သွင်းပြောကြားခဲ့ သည်။ ယခင်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား ပါတီသို့ ဝင်ခွင့်ကိစ္စကို တားမြစ်ပိတ်ပင်ထားခဲ့သည်။ ထို့သို့ပိတ်ပင် တားမြစ်ထားခြင်းကို ကျန်ဇီမင်းကိုယ်တိုင်က ထောက်ခံပြော ကြားခဲ့ဖူးသည်။ ကျန်ဇီမင်းက ဤသို့ပြောဆိုလိုက်ခြင်းနှင့် ပတ်သက်၍ ရှေးရိုးစွဲဝါဒီဖြစ်သော ဗဟိုအကြပေးကော်မရှင် မှ ဝါရင့်ပါတီဝင် တိန့်လီကျွန်းက ကျန်ဇီမင်းသည် ဝါရင့်ပါတီ ကေဒါများအား တိုင်ပင်ခြင်းမရှိဘဲ သူ့သဘောနှင့်သူ ပြောဆိုခဲ့ကြောင်း လူသိရှင်ကြား စာစောင်ဖြန့်ဝေ၍

ဝေဖန်ခဲ့သည်။ ပါတီတွင်း အယူအဆရေးရာတိုက်ပွဲသည် အနာဂတ်ကာလ၌ ပါတီခေါင်းဆောင် ပိုင်းနေရာချထား၊ မူနှင့် ပတ်သက်၍ကွဲလွဲမှုဖြစ်နေကြောင်း ပေါ်လွင်စေခဲ့သည်။ ကျန်ဇီမင်းသည် ၂၀၀၂ ခုနှစ်နှောင်းပိုင်းတွင် လက်ရှိတာဝန်များမှ နုတ်ထွက်ပေးရတော့မည်ဖြစ်သည်။ ပါတီနှင့် နိုင်ငံတော်ပိုင်း တာဝန်များမှ အနား‌ယူသွား‌ပြီး‌နောက် သြဇာတိက္ကမရှိသော အနေအထား၌ ဆက်လက် တည်ရှိနေစေရန် ကျန်ဇီမင်းအား ထောက်ခံသူများက ကြိုးပမ်းနေကြောင်း သိရှိရသည်။

စတော့ဈေးကွက်အရှုပ်တော်ပုံ – ဇီဝနည်းပညာလုပ်ငန်းကြီး တစ်ခုဖြစ်သော ကွမ်ရှား‌ကုမ္ပဏီသည် နိုင်ငံခြား‌သို့တင်ပို့မှု ပမာဏကို လိမ်လည်ပြပြီး ၄င်း‌ကုမ္ပဏီ၏ အစုရှယ်ယာဈေးများ‌တက်သွား‌အောင် ပြုလုပ်ခဲ့သည်။ ထို့‌ကြောင့် အာမခံစာချုပ်များ ပုံမှန်လည်ပတ်ရေးကော်မရှင်က ကွမ်ရှား‌ကုမ္ပဏီ၏ အစုရှယ်ယာများ အရောင်းအဝယ်ကိစ္စကို သြဂုတ်လစောစောပိုင်း‌က တား‌မြစ်ပိတ်ပင်ခဲ့သည်။ တရုတ်အစိုးရသည် ငွေအလွဲသုံး‌စား‌မှုများ၊ လိမ်လည်မှုများ‌ကို ထိရောက်စွာအရေးယူလျက်ရှိသည်။ သြဂုတ်လ ၂၈ ရက်နေ့‌ကလည်း အဆိုပါကော်မရှင်သည် နိုင်ငံပိုင်ဆေး‌ဝါး‌ထုတ်လုပ်မှု လုပ်ငန်းမှ ငွေ အလွဲသုံး‌စား‌ပြုမှုများ၊ အစုရှယ်ယာဝင်များ‌အပေါ် တာဝန်ပျက်ကွက်မှုများ‌အတွက် စုံစမ်း‌စစ်ဆေး‌မှုများ ပြုလုပ်ခဲ့သည်။

ဒုစရိုက်မှုနှိမ်နင်း‌ရေး– ကိုယ်ခံစွမ်း‌အား ကျဆင်း‌မှုဖြစ်စေသော အေအိုင်ဒိအက်စ်ရောဂါ မပြန့်ပွား‌ရေး‌အတွက် အစိုးရက တင်း‌တင်း‌ကျပ်ကျပ်ပြုလုပ်နေသည့်အကြား‌မှ တိုး‌ပွား‌လာကြောင်း သြဂုတ်လ၃ ရက်နေ့‌ထုတ် ဆင်ဟွာသတင်း‌များတွင် ဖော်ပြခဲ့သည်။ ဆေး‌ရုံများ‌တွင်လူနာများ‌အား သွေး‌သွင်း‌ပေး‌ရာမှတစ်ဆင့် ထိုရောဂါဖြစ်သူ ဦး‌ရေတိုး‌လာကြောင်း‌ကိုလည်း ဖော်ပြခဲ့သည်။ ထို့‌ကြောင့်လူနာများ‌အား သွေး‌သွင်း‌မှုကို ကြိုတင်စီစဉ်မှုများ ပြုလုပ်ပြီး‌မှဆောင်ရွက်ကြရန် အစိုး‌ရက စည်း‌မျဉ်း‌များ‌ထုတ်ပြန်ပေး‌ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ပထမခြောက်လနှင့် ၂၀၀၁ ခုနှစ် ပထမခြောက်လတို့‌ကို နှိုင်း‌ယှဉ်လိုက်သော‌အခါ ကိုယ်ခံစွမ်း‌အား ကျဆင်း‌စေသော ပိုး‌မွှား‌များသည် ဖြာဒသမင့် ရာခိုင်နှုန်း အထိ တိုး‌တက်များ‌ပြား‌လာကြောင်း တွေ့ရသည်ဟု ဆင်ဟွာ သတင်း‌ဌာနက ထုတ်ပြန်ခဲ့ သည်။ မူး‌ယစ်ဆေး‌ဝါး သုံး‌စွဲသူ ငါး‌ရာခိုင်နှုန်းတို့မှ တစ်ဆင့် ဗိုင်း‌ရပ်စ်ပိုး‌များ ကူး‌စက်လာကြောင်း‌ကိုလည်း ဖော်ပြထား‌သည်။

အစိုး‌ရသည် ဒုစရိုက်လုပ်ငန်း‌များ၊ ပြည့်တန်ဆာလုပ်ငန်း‌များ၊ တား‌မြစ်ထား‌သည့် ဗီဒီယိုများ‌ပြသမှုများ‌ကိုလည်း နှိမ်နှင်း‌လျက်ရှိသည်။ ဘေဂျင်း‌မြို့တော်၌ အကျင့်ပျက်မှုများ၊ အကျင့်စာရိတ္တယိုယွင်း‌မှုများ ဖြစ်ပေါ်နေခြင်း‌အတွက် ယဉ်ကျေး‌မှုဝန်ကြီး‌ဌာနက အာဏာပိုင်များ‌အား ဝေဖန်ပြစ်တင်ခဲ့သည်။

စင်ကျန်တွင်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်း – တရုတ်ပြည် အနောက်မြောက်ပိုင်း‌ရှိ စင်ကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ



စင်ကျန်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ မွတ်ဆလင်အချို့ကို တွေ့ရစဉ်

ဒေသသည် မွတ်ဆလင်အများ‌အပြား‌နေထိုင်ရာ အရပ်ဒေသဖြစ်သည်။ မွတ်ဆလင်စစ်သွေး‌ကြွ ခွဲထွက်ရေး‌သမား‌တို့ လှုပ်ရှား‌ရာဒေသလည်း ဖြစ်သည်။ ဗဟိုအစိုး‌ရသည် စင်ကျန်ဒေသ၌ ပျော့‌ပျောင်း‌ညင်သာစွာ ကိုင်တွယ်ခဲ့သည်။ သို့သော် အတင့် ရဲကာ ပိုမိုလှုပ်ရှား‌လာနိုင်မှုအန္တရာယ်ကို ကြိုတင်ကာကွယ် သည့်အနေဖြင့် သြဂုတ်လဆန်း‌ပိုင်း‌တွင် ပြည်သူ့လွတ် မြောက်ရေး‌တပ်မတော်သည် စစ်ရေး‌လေ့ကျင့်ခန်း‌ကို ပြုလုပ်ပြခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေး‌အဖွဲ့တွင် ဝင်ရောက်ခွင့် – တရုတ်ပြည်သည် ကမ္ဘာ့ကုန်သွယ်ရေး‌အဖွဲ့‌တွင် ဝင်ရောက်ခွင့်ရရှိရေး‌အတွက် ၁၅ နှစ်ကြာ‌အောင် ကြိုး‌ပမ်း‌ရုန်း‌ကန်ခဲ့ရသည်။ စက်တင်ဘာလဆန်း‌ပိုင်း‌တွင် အမေရိကန်ပြည်ထောင်စု၊

ဥရောပသမဂ္ဂနှင့် တရုတ်တို့အကြား စေ့စပ်ညှိနှိုင်းပြေလည်သွားသည်။ ဤသို့ ပြေလည်သွားသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တရုတ်ပြည်အား ဝင်ရောက်ခွင့်ပြုရေးကို စိစစ်သည့် လုပ်ငန်းကော်မတီက စက်တင်ဘာလ ၁၇ ရက်နေ့တွင် တရုတ်ပြည်အား ဝင်ရောက်ခွင့်ပြုရေးကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရုတ်ပြည်ပါဝင်ခွင့်ရရှိသွားခြင်းသည် တရုတ်ပြည်နှင့် တစ်ကမ္ဘာလုံးအတွက် အားလုံးအနိုင်ဘက်ကချည်း ဖြစ်သွားကြောင်း တရုတ်တို့ဘက်မှ အဓိကညှိနှိုင်းရေးသမား လုံးလောင်ကုက ပြောကြားခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် မိုက်မိုးကလည်း တရုတ်ပြည်ပါဝင်လာခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် တစ်ကမ္ဘာလုံးလွှမ်းခြုံမှု ပိုပြင်သွားကြောင်း၊ ဘက်စုံကူးသန်းရောင်းဝယ်ရေး စနစ်အတွက် သမိုင်းဝင်အဆုံးအဖြတ်ပေးလိုက်သည့် လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤသို့ဖြင့် ၂၀၀၁ ခုနှစ် သို့မဟုတ် ၂၀၀၂ ခုနှစ်အတွင်း တရုတ်ပြည်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ပါဝင်ခွင့်သေချာသွားပြီ ဖြစ်သည်။

ငွေကြေးစနစ်ဖြင့် တွန်းအားပေးမြှင့်တင်မှု – ကမ္ဘာ့စီးပွားရေးကျဆင်းလာမှု၏ ဒဏ်ကို ကြုံကြိုခံနိုင်ရန်နှင့် တိုးတက်မှုနှုန်းကို ခုနစ်ရာခိုင်နှုန်း၏အထက်တွင် ဆက်လက်တည်ရှိစေရေးတို့အတွက် တရုတ်အစိုးရသည် ၂၀၀၂ ခုနှစ် အတွင်း ယွမ်ငွေ ဘီလီယံ ၁၅၀ ကို အမျိုးသားစီးပွားရေးလုပ်ငန်းများ၌ ဖြည့်သွင်း အားပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးရှန်ဟိုင်းချိန်က စက်တင်ဘာလစောစောပိုင်းတွင် ကြေညာခဲ့သည်။ ထပ်မံအားဖြည့်သောငွေများဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရဝန်ထမ်းများ၏လစာများ တိုးမြှင့်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်မည့် ဘေဂျင်းမြို့တော် သာယာစိုပြည်ရေး၊ မြစ်ကြောင်းများကောင်းမွန်ရေး၊ သဲမုန်တိုင်းများအန္တရာယ်မှ လွတ်ကင်းရေး၊ ပတ်ဝန်းကျင်တောင်ကုန်းများ၌ သစ်ပင်သစ်တောများ စိုက်ပျိုးရေးတို့ကို အထူးဦးစားပေးလုပ်ဆောင်သွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးက ပြောကြားလိုက်သည်။

တရုတ် – အမေရိကန်ဆက်ဆံရေး ပြန်ကောင်းလာခြင်း – ဧပြီလအတွင်းက အမေရိကန်ထောက်လှမ်းရေး လေယာဉ်နှင့် တရုတ်တိုက်လေယာဉ်တို့ တိုက်ခိုက်မိခြင်း၊ အမေရိကန်ကထိုင်ဝမ်သို့ အဆင့်မြင့်နည်းပညာသုံး လက်နက်များရောင်းချခဲ့ခြင်းတို့နှင့် စပ်လျဉ်း၍ တရုတ်–အမေရိကန်ဆက်ဆံရေး တင်းမာခဲ့သည်။ သို့ရာတွင် စက်တင်ဘာလအတွင်းက နှစ်နိုင်ငံ စစ်ဘက်အရာရှိများသည် မကြာခဏတွေ့ဆုံညှိနှိုင်းခဲ့ပေသည်။ အလားတူကိစ္စရပ် နောက်ထပ်မပေါ်ပေါက်စေရန် နည်းလမ်းများရှာကြံရေးနှင့် စစ်တပ်အချင်းချင်း တိုးမြှင့်ဆက်ဆံရေးများကို ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံစလုံးက အပြန်အလှန်ဆက်ဆံမှုများ ကောင်းမွန်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။

တရုတ်အစိုးရနှင့် သဘောထားကွဲလွဲခဲ့သူ အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူ ဝုကျန်မင်းကိုတရုတ်အာဏာပိုင်များက ၄င်းအား အမေရိကန်အတွက် သူလျှိုလုပ်ခဲ့မှုဖြင့် ဧပြီလတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ဆင်ဟွာသတင်းဌာနမှထုတ်ပြန်ချက်အရ ဝုကျန်မင်းသည် သူလျှိုလုပ်ပေးခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်ဟု သိရသည်။ ကွမ်တုံပြည်နယ်ရှိ နိုင်ငံတော်လုံခြုံရေးအဖွဲ့က ဝုကျန်မင်းအား ပြန်လွှတ်ပေးလိုက်ကြောင်း၊ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဘေဂျင်းရှိ အမေရိကန်သံရုံးက အတည်ပြု ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် အိုစမာဘင်လာဒင်ခေါင်းဆောင်သည့် အယ်လ်ကေဒါအဖွဲ့က အမေရိကန်ကို အလစ်အငိုက် တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တို့သည် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေခဲ့သည်။ ဤအခြေအနေတွင် စီးပွားရေး အရှိန်အဟုန်မပျက် တိုးတက်နေသော၊ နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုရှိသော တရုတ်ပြည်က ၁၃ ကြိမ်မြောက် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းမှု (APEC) ထိပ်သီးအစည်းအဝေးကို သတ်မှတ်ထားသည့်အတိုင်း အောက်တိုဘာလတွင် ရှန်ဟိုင်းမြို့၌ လက်ခံကျင်းပရန် ဆုံးဖြတ်ကြေညာခဲ့သည်။ အမေရိကန်သမ္မတ ဘုရှ်ကလည်း တရုတ်နိုင်ငံကို ယုံကြည်စိတ်ချလျက် ထိုထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း၊ တရုတ်သမ္မတကျန်ဇီမင်းနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းသို့ သမ္မတနှစ်ဦးတွေ့ဆုံရေးကိစ္စ ပိုမိုချောမွေ့သွားစေရန် ဝုကျန်မင်းအား လွှတ်ပေးလိုက်ခြင်းဖြစ်သည်ဟုလည်း အကဲခတ်သမားများက ပြောဆိုကြသည်။

အမေရိကန်နိုင်ငံခြား‌ရေး‌ဝန်ကြီး ကောလင်းပါဝဲလ်သည် ရှန်ဟိုင်းမြို့သို့ ကြွတင်ရောက်ရှိပြီး တရုတ်နိုင်ငံခြား‌ရေး‌ဝန်ကြီးနှင့် တွေ့ဆုံဆွေး‌နွေး‌ခဲ့သည်။ လွန်ခဲ့သောနှစ် ၂၀ ကာလအတွင်း စီးပွား‌ရေး‌ပြောင်း‌လဲ တိုးတက်လာအောင် ပြုလုပ်နိုင်သည့် တရုတ်အစိုး‌ရနှင့်ပြည်သူတို့အား ချီး‌ကျူး‌ကြောင်း ကောလင်းပါဝဲလ်က ပြောဆိုခဲ့သည်။ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် "မဟာဗျူဟာမြောက်ယှဉ်ပြိုင်ဘက်များ" ဟူသော အသုံး‌အနှုန်း‌ကို တစ်ခါတည်း အပြီး‌အပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကောလင်းပါဝဲလ်က ပြောကြား‌ခဲ့သည်။ တရုတ်နိုင်ငံခြား‌ရေး‌ဝန်ကြီး တန်ကျား‌ရွှမ်းကလည်း ကောလင်းပါဝဲလ်၏ သုံး‌သပ်ချက်များ‌ကို ကြိုဆိုကြောင်း၊ နှစ်နိုင်ငံဆက်ဆံ‌ရေး‌သည် အမျာ‌းကြီး‌ရှေ့သို့ ရောက်လာပြီဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ညှိနှိုင်း‌ပူး‌ပေါင်း‌ဆောင်ရွက်မှု တိုးတက်လာမည်ကို ရှေး‌ရှုမျှော်မှန်း‌ပါကြောင်း ပြောကြား‌ခဲ့သည်။

အေပက်ထိပ်သီး‌အစည်း‌အဝေး‌မတိုင်မီ အောက်တိုဘာ ၁၉ ရက်နေ့တွင် သမ္မတကျန်ဇီမင်း‌နှင့် သမ္မတဘုရှ်တို့သည် တွေ့ဆုံဆွေး‌နွေး‌ခဲ့ကြသည်။ သမ္မတဘုရှ်က စက်တင်ဘာလ ၁၁ ရက် အရေး‌အခင်း‌နှင့်စပ်လျဉ်း၍ အမေရိကန်အား တရုတ်၏ထောက်ခံအား‌ပေး‌မှုအတွက် ကျေး‌ဇူး‌တင်ကြောင်း ပြောကြား‌ခဲ့သည်။ အကြမ်းဖက်ဝါဒကိုဆန့်ကျင်‌ရေး‌အတွက် သတင်း‌အချက်အလက်များဖြင့် ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမား‌တို့အား ဘက္ကာငွေကြေး ထောက်ပံ့နေမှုများ‌ကို အရေး‌ယူဆောင်ရွက်ပေး‌မည်ဖြစ်ကြောင်း တို့ကိုလည်း ကျန်ဇီမင်း‌က ထပ်လောင်း‌ကတိပြုခဲ့သည်။

ပုပ်ရဟန်း‌မင်း‌ကြီး‌၏ ဝန်ချတောင်း‌ပန်ချက် – အတိတ်က ရိုမန်ကက်သလစ်ဘာသာဝင်များ အနေဖြင့် တရုတ်ပြည်အပေါ် အပြစ်ကျူး‌လွန်မှုများ‌အတွက် ဝန်ချတောင်း‌ပန်ကြောင်း၊ ဗာတီကန်နှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံ‌ရေး‌ပုံမှန်ဆက်သွယ်စေလိုကြောင်း အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဗာတီကန်မြို့တော်မှ ပုပ်ရဟန်း‌မင်း‌ကြီး ဂျွန်ပေါလ်က ပြောကြား‌ခဲ့သည်။ ရိုမန်ကက်သလစ် သီလရှင်များ‌ကို တရုတ်ပြည်က နှင်ထုတ်လိုက်သည့် ၁၉၅၁ ခုနှစ်မှစ၍ တရုတ်နိုင်ငံနှင့် ဗာတီကန်တို့အကြား သံတမန်ဆက်ဆံ‌ရေး‌ပြတ်တောက်သွား‌ခဲ့သည်။

ပုပ်ရဟန်း‌မင်း‌ကြီး‌သည် ၁၄ ရာစုနှစ်အတွင်း‌က တရုတ်ပြည်သို့ ရိုမန်ကက်သလစ်ဘာသာ‌ကို စတင်သွတ်သွင်း‌ခဲ့သူ ဘုန်း‌တော်ကြီး မာတီယိုရစ်ချီအား ရည်ညွှန်း‌လျက် ရှေး‌အခါက ရိုမန်ကက်သလစ်ဘာသာဝင်များ‌သည် တရုတ်ပြည်၌ အမှား‌များ‌ကိုကျူး‌လွန်ခဲ့ကြောင်း ထုတ်ဖော်ပြောကြား‌ခဲ့သည်။ တရုတ်အစိုး‌ရက ပုပ်ရဟန်း‌မင်း‌ကြီး ဂျွန်ပေါလ်၏ ဝန်ခံချက်ကို ကြိုဆိုကြောင်း၊ သို့ရာတွင် ပြည်မကြီး‌ကို ခြေစုံကန်သော ထိုင်ဝမ်နှင့်သံတမန်‌ရေး‌ရာ အဆက်ဖြတ်ပြီး‌မှသာ ဗာတီကန်နှင့် ပုံမှန် သံတမန်ဆက်ဆံ‌ရေး‌ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြန်ကြား‌ခဲ့သည်။

အဂတိလိုက်စား‌မှုများ‌ကို နှိပ်ကွပ်ခြင်း – တရုတ်ပြည်မြောက်ပိုင်း‌မှ ရှိန်ယန်း‌မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့ ဂုဏ်း‌ဖွဲ့သောင်း‌ကျန်း‌သည့် ဒုစရိုက်သား‌များ‌နှင့် ဆက်သွယ်လှုပ်ရှား‌နေကြောင်း‌ထင်ရှား‌ပေါ်လွင်သဖြင့် အဂတိလိုက်စား‌မှုနှိမ်နှင်း‌သည့်အနေဖြင့်၄င်း‌တို့အပေါ် သေဒဏ်ချမှတ်ခဲ့သည်။

ပြည်သူ့လုံခြုံ‌ရေး‌ဌာနမှ ဒုတိယဝန်ကြီး လီကျိုကျူး‌ကိုလည်း အဂတိလိုက်စား‌မှုဖြင့် သေဒဏ်ချမှတ်ခဲ့သည်။ အဂတိလိုက်စား‌မှုဖြင့် အရေး‌ယူခံ‌ရသူတို့အနက် လီကျိုကျူး‌သည် အမြင့်ဆုံး‌ရာထူး‌ကို ထမ်း‌ဆောင်ခဲ့ဖူး‌သူ ဖြစ်သည်။ ရာ‌းမင်း‌ပြည်နယ်၌ မှောင်ခိုသွင်း‌မှုများ‌နှင့် ဆက်စပ်ယူကာ လီကျိုကျူး‌အား အရေး‌ယူအပြစ်ပေး‌ခဲ့ခြင်း‌ဖြစ်သည်။ သို့ရာတွင် အောက်တိုဘာ ၂၄ ရက်နေ့၌ ၄င်း‌အား သေဒဏ်မှလျှော့ပေါ့ကာ ထောင်ဒဏ်တစ်သက်တစ်ကျွန်း‌ဟု ပြင်ဆင်သတ်မှတ်ပေး‌ခဲ့သည်။

စီးပွား‌ရေးဖြစ်ပေါ်မှုများ – ယွမ်ငွေသန်း ၅၀ နှင့်အထက် အထိ မတည်ရင်း‌နှီး‌မြှုပ်နှံမိုင်ဆိုင်မှုရှိသော နိုင်ငံပိုင်စီးပွား‌ရေး‌လုပ်ငန်း‌တို့အား တရား‌ရုံး‌ချုပ်၏ အတည်ပြုချက်မရရှိဘဲ ပြည်နယ်တရား‌ရုံး‌များ‌က ဒေဝါလီခံမှု လျှောက်လွှာများ‌ကို လက်ခံ ဆုံး‌ဖြတ်ခြင်း‌မပြုရန် အောက်တိုဘာလအတွင်း‌က အမိန့်ထုတ်ပြန်ခဲ့သည်။ နိုင်ငံပိုင်လုပ်ငန်း‌များ‌က ဒေဝါလီခံယူမှုများ‌ ဖောင်း‌ကြွလာသဖြင့် လူမှုရေး‌မငြိမ်သက်မှုများ‌ ဖြစ်ပေါ်ခဲ့သည်။ ဤသို့မဖြစ်ပေါ်စေရန် တရား‌ရုံး‌ချုပ်က ဒေဝါလီခံခွင့်ပေး‌ရန် ကိစ္စကို ထိန်း‌ချုပ်ခဲ့ခြင်း‌ဖြစ်သည်။

နိုင်ငံပိုင်လုပ်ငန်း‌များ‌မှ အစုရှယ်ယာများ‌ကို ရောင်း‌ချသဖြင့် ပေါ်ထွက်လာသော ငွေများ‌ကို အမျိုး‌သား‌လူမှုဖူလုံ‌ရေး‌ရန်ပုံငွေအဖြစ် အစိုး‌ရကသတ်မှတ်ပေး‌ခဲ့သည်။ အစုရှယ်ယာများ‌ကို ရောင်း‌ရငွေများ‌မှ ၁၀ ရာခိုင်နှုန်း‌ကို သက်သာ ချောင်ချို‌ရေး‌ရန်ပုံငွေအဖြစ် သတ်မှတ်ပေး‌ခဲ့သည်။ ထိုအခါစတော့စျေး‌ကွက်၌ နိုင်ငံပိုင်လုပ်ငန်း‌များ‌၏

အစုရှယ်ယာ ဧစျးနှုန်းများသည် ကျဆင်းသွားခဲ့သည်။ ထိုကြောင့် နိုင်ငံပိုင်လုပ်ငန်းများမှ အစုရှယ်ယာများကို ရောင်းချခြင်းဖြင့် သက်သာချောင်ချိရေး ရန်ပုံငွေပြုလုပ်ခြင်းကို အစိုးရက ရပ်ဆိုင်းပေးခဲ့ရသည်။ ယင်းသို့ ရပ်ဆိုင်းလိုက်သဖြင့် စတော့စျေးကွက်တွင် နိုင်ငံပိုင်လုပ်ငန်းများမှ အစုရှယ်ယာတန်ဖိုးများသည် ပြန်လည်မြှင့်တက်လာခဲ့သည်။

စစ်ဘုရင်ကြီးချန်ဆူးလျန် ကွယ်လွန်သွားခြင်း – ၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာလက စစ်ဘုရင်ကြီးချန်ဆူးလျန်သည် ချန်ကေရှိတ်အား သီတင်းနှစ်ပတ်ကြာ ပြန်ပေးဆွဲထားခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးတွက် ချန်ကေရှိတ်၏ ကူမင်တန်အစိုးရအား ကွန်မြူနစ်တို့နှင့်ပူးပေါင်းရန် အတင်းအကျပ်ပြုခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးသည် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ သေဆုံးချိန်တွင် သူသည် အသက် ၁၀၀ ပြည့်ခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သွားခြင်း – ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အစည်းအဝေးတွင် တရုတ်ပြည်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် အဖြစ်လက်ခံသော အထောက်အထား စာချုပ်စာတမ်းများအား တရုတ်ကုန်သွယ်ရေးဝန်ကြီး ရှီကွမ်ရှိန်းက နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။ ဤသို့ဖြင့် တရုတ်ပြည်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၄၃ ခုမြောက် အဖွဲ့ဝင်ဖြစ်လာရန် သေချာသွားသည်။

တရုတ်ပြည်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အဖြစ် အတည်ပြုပေးလိုက်ခြင်းသည် သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်သွားကြောင်း၊ ၁၅ နှစ်ကြာအောင် အပတ်တကုတ်ကြိုးပမ်းအားထုတ်လာမှု၏ ရလဒ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမှန်စင်စစ် တရုတ်ပြည်အား အဖွဲ့ဝင်အဖြစ် အတည်ပြုလက်ခံခြင်းကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ပြုလုပ်ရန်ဖြစ်သော်လည်း အဖွဲ့ဝင်ဖြစ်သွားပြီးဖြစ်သည့် တရုတ်ပြည်က ထိုင်ဝမ်အဖွဲ့ဝင်ဖြစ်ရေးကို ပိတ်ဆို့မည်ဟု စိုးရိမ်နေမှုကို ဖြေဖျောက်သောအားဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထိုင်ဝမ်အား နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အဖွဲ့ဝင်ဖြစ်ရေးကို ဆောက်ခံပေးခဲ့သည်။ ထို့ကြောင့် တစ်ရက်စောင့်ဆိုင်းပြီးမှ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တရုတ်ပြည်အား အဖွဲ့ဝင်အဖြစ်လက်ခံကြောင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အတည်ပြုပေးခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖြစ်လာရေးအတွက် တရုတ်ပြည်သည် ယေဘုယျအားဖြင့် အကောက်ခွန်နှုန်းထားများကို ပျမ်းမျှ ၂၁ ရာခိုင်နှုန်း ကောက်ခံနေရာမှ ၈ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ရသည်။ တောင်သူလယ်သမားများနှင့် နိုင်ငံပိုင်လုပ်ငန်းများသို့ အစိုးရက ထောက်ပံ့ငွေများ ပံ့ပိုးနေမှုကိုလည်း ဖျက်သိမ်းပေးခဲ့ရသည်။ နိုင်ငံခြားကုမ္ပဏီများအား မည်သည့်လုပ်ငန်းများ၌သာ ရင်းနှီးမြှုပ်နှံရမည်၊ ထုတ်ကုန်ပစ္စည်းများကို စျေးကွက်၌ မည်သို့ရောင်းချရမည်ဟူသည့် ကန့်သတ်ချက်များကိုလည်း ရုပ်သိမ်းပေးခဲ့ရသည်။

ဂျာမနီဝန်ကြီးချုပ် လာရောက်လည်ပတ်ခြင်း – အောက်တိုဘာလ ၃၁ ရက်နေ့နှင့် နိုဝင်ဘာလ ၁ ရက်နေ့များတွင် ဂျာမနီဝန်ကြီးချုပ် ဂါးဟဒ်ရှရိုဒါသည် တရုတ်ပြည်သို့ ရောက်ရှိလာခဲ့သည်။ ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိသော ကုန်သွယ်ရေးစာချုပ်များကို ချုပ်ဆိုသွားခဲ့သည်။ ထိုစာချုပ်များတွင် ဒေါ်လာသန်းတစ်ထောင်တန်သော ရေနံဓာတုစက်ရုံကို ရှန်ဟိုင်းမြို့၌ တည်ဆောက်ရန်ကိစ္စလည်းပါဝင်ခဲ့သည်။ ထိုစာချုပ်များအပြင် အဆင့်မြင့်နည်းပညာလုပ်ငန်းများအတွက် တရုတ်–ဂျာမန် ဖက်စပ်လုပ်ငန်းပေါင်း ၂၉ ခုကို တည်ထောင်ရန်လည်း သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ ဝန်ကြီးချုပ်နှစ်ဦး၏ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် တရုတ်ဝန်ကြီးချုပ်က တရုတ်စီးပွားရေး တိုးမြှင့်လာရေးအတွက် ဂျာမနီက အမြောက်အမြားရင်းနှီးမြှုပ်နှံပေးသဖြင့် ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

ရုပ်မြင်သံကြားဆင်ဆာစည်းမျဉ်းသစ် – နိုင်ငံခြားရုပ်မြင်သံကြား ကွန်ရက်များကို ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်ဆိုင်ရာ နိုင်ငံတကာရုပ်မြင်သံကြား ထုတ်လွှင့်ရေးကော်ပိုရေးရှင်းက နိုဝင်ဘာလလယ်ပိုင်းတွင် စည်းမျဉ်းသစ်များကို ကြေညာခဲ့သည်။ စည်းမျဉ်းသစ်များအရ နိုင်ငံခြားရုပ်မြင်သံကြားလုပ်ငန်းများသည် နိုင်ငံတော်က ထိန်းချုပ်ထားသည့် ဗဟိုထုတ်လွှင့်ရေးဌာနသို့ လျှို့ဝှက်လမ်းကြောင်းဖြင့် ရုပ်/သံ အစီအစဉ်များကို ပေးပို့ပြီးမှသာ ထုတ်လွှင့်ကြရတော့မည်ဖြစ်သည်။ ဤစည်းမျဉ်းကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်လိုက်နာရန်ဖြစ်သည်။

တရုတ် – အာဆီယံ ကုန်သွယ်ရေးစာချုပ် – နိုဝင်ဘာလ ၆ ရက်နေ့တွင် တရုတ်နှင့်အာဆီယံ ၁၀ နိုင်ငံတို့သည် သမိုင်းမှတ်တိုင်ထူရာရောက်သည့် ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤစာချုပ်အရ လွတ်လပ်သော ကုန်သွယ်ရေးဇုန်ဖြစ်ရေးသို့ ရှေးရှုခဲ့သည်။ တရုတ်နှင့်

အာဆီယံနိုင်ငံတို့၏ ပို့ကုန်များသည် သိသာစွာတိုးတက်လာတော့မည်ဖြစ်သည်။

တရုတ် – ဂျပန် ကုန်သွယ်ရေးအငြင်းပွားမှု – လွန်ခဲ့သောဆွန်လအတွင်းက ဂျပန်သည် တရုတ်ပြည်မှ လယ်ယာထွက်ကုန်သုံးမျိုးအပေါ် တားမြစ်မိန့်များ ချမှတ်ခဲ့သည်။ တရုတ်ကြက်သွန်နီ၊ မှိုနှင့် သင်ဖျာပင်တို့ကို ဂျပန်နိုင်ငံသို့ တင်သွင်းခွင့်ပိတ်ပင်ခဲ့သည်။ ဤသို့ပိတ်ပင်လိုက်သဖြင့် တရုတ်ပြည်အဖို့ နှစ်စဉ်ဒေါ်လာ သန်း ၁၀၀ ဖိုး ထိခိုက်နစ်နာခဲ့သည်။ အတုံ့အလှည့်အားဖြင့် တရုတ်ပြည်ကလည်း ဂျပန်နိုင်ငံမှ တင်သွင်းသော မော်တော်ကားများ၊ လေအေးပေးစက်များနှင့် မိုဘိုင်းဖုန်းတို့အပေါ် တားမြစ်မိန့်များချမှတ်ခဲ့သည်။ ထို့ကြောင့် ဂျပန်အဖို့ နှစ်စဉ်ဒေါ်လာ သန်း ၇၀၀ နစ်နာခဲ့သည်။ ဤသို့ဖြင့် တရုတ်–ဂျပန် ကုန်သွယ်ရေးအငြင်းပွားမှုဖြစ်လာပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရမည်အထိ ဖြစ်သွားခဲ့သည်။ သို့ရာတွင် နှစ်နိုင်ငံညှိနှိုင်းမှုများအရ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ထိုအငြင်းပွားမှုမှာ ပြေလည်သွားသည်။ အပြန်အလှန် သွင်းကုန်ပို့ကုန်များအပေါ် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းကာ နောင်အခါတွင် ကုန်သွယ်ရေးအငြင်းပွားမှုများ မဖြစ်ပေါ်ရေးအတွက် နှစ်နိုင်ငံသဘောတူညီမှုရရှိသွားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးတွင် တရားဝင် အဖွဲ့ဝင်ဖြစ်သွားခြင်း – ဒီဇင်ဘာ ၁၂ ရက်နေ့တွင် တရုတ်ပြည်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ၁၄ ခုမြောက် အဖွဲ့ဝင်အဖြစ် တရားဝင်ရရှိသွားခဲ့သည်။ ဤကဲ့သို့ အဖွဲ့ဝင်ဖြစ်သွားခဲ့မှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို လိုက်နာရတော့မည်ဖြစ်ရာ ယာယီအားဖြင့် တောင်သူလယ်သမားများ၊ နိုင်ငံပိုင်လုပ်ငန်းများသည် ထိခိုက်နစ်နာမည်ဖြစ်သော်လည်း ရေရှည်တွင် တရုတ်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကျွန်ုပ်ကို ပြောကြားခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာခြင်း၊ ဈေးကွက်များရလာခြင်း တို့ကြောင့်လည်း တရုတ်စီးပွားရေး တိုးတက်မှုကျယ်ပြန့်ကြီးထွားလာမည်ဟုလည်း အကဲခတ်သမားများက ပြောဆိုကြသည်။

ဦးခင်မောင်မြ

တိက္ခသာရ၊ ဘဒ္ဒန္တ (မြစည်းခုံစာသင်တိုက် ပဓာနနာယက)(မြန်မာ ၁၂၈၆ – ၁၃၆၂)။ ။ ဆရာတော် ဘဒ္ဒန္တ တိက္ခသာရကို ၁၂၈၆ ခု၊ ပြာသိုလဆန်း ၁၀ ရက်၊ စနေနေ့၌ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကဲသုံးဆင့်ကျေးရွာတွင် ခမည်းတော် ဦးမောင်ကို၊ မယ်တော် ဒေါ်ညာတို့က ဖွားမြင်သည်။



ဘဒ္ဒန္တ တိက္ခသာရ

၁၃၀၀ ပြည့်နှစ်၌ ကဲသုံးဆင့်ကျောင်း ဆရာတော်ထံတွင် ခမည်းတော်မယ်တော်တို့၏ အထောက်အပံ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်နေ့တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဝါးရင်းတုတ် အနောက်ကျောင်း ဆရာတော်ထံ၌ ဦးရွှေမိုး၊ ဒေါ်သူတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ အရှင်တိက္ခသာရဖြစ်သည်။

၁၃၀၉ ခုနှစ်တွင် မန္တလေးမြို့ မဟာနန္ဒိသေနာရာမတိုက်၊ ဦးစီးနာယက (အဘိဓဇ မဟာရဋ္ဌဂုရု) ဆရာတော်ကြီးနှင့် နာယကဆရာတော်များ၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဦးဥက္ကံသာဘိဝံသ (ဦးကြယ်)၊ ဦးနာရဒါဘိဝံသ ဆရာတော်ကြီးများထံတွင် လည်းကောင်း၊ ၁၃၁၈ ခုနှစ်တွင် ရန်ကုန်မြို့ဗဟန်းညောင်တုန်းကျောင်းတိုက် နာယကစာချဆရာတော်များနှင့် အလယ်တောရဆရာတော် ဦးသူရိယတို့ထံတွင် လည်းကောင်း၊ ငယ်–လတ်–ကြီး နှင့် စာချတန်းဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာတို့ကိုလေ့လာသင်ကြားကာ ဖြေဆိုအောင်မြင်သဖြင့် သာသနဓဇမဟာစရိယဘွဲ့ကို ရရှိသည်။

၁၃၁၄ ခုနှစ်တွင် သပြေစမ်းဆရာတော်၊ ကန်ဦးဆရာတော်နှင့် ဆရာတော် ဦးဝိသုတဓရ (သာသနဓဇသိရီပဝရမဟာစရိယ) တို့ ဦးဆောင်၍ မြစည်းခုံကျောင်းတိုက်ကို

စတင်တည်ထောင်လာခဲ့ရာ ဆရာတော်လောင်းလျာသည် ဤကျောင်းတိုက်သို့ ရောက်ရှိပြီး တိုက်အုပ်ဘုန်းကြီးအဖြစ် ဖြင့် မိမိလည်းစာပေများ ဆက်လက်သင်ယူ၍ စာသင်သားရဟန်းသာမဏေငယ်များကို ပို့ချပေးသည်။

၁၃၂၀ ပြည့်နှစ်တွင် ကျောင်းတိုက်ပစာနနာ ကဆရာတော်အဖြစ်သို့ ရောက်ရှိသည်။ ဆရာတော်သည် စိတ်မာတ်ဖြောင့်မတ်သည့်အားလျော်စွာ ရိုးရိုးဖြောင့်ဖြောင့်ဆုံးမတတ်ခြင်း၊ ပစ္စည်းလာဘ်လာဘကို တွယ်တာငဲ့ကွက်မှု မရှိခြင်းတို့ကြောင့် တပည့်အခြံအရံများ ပြည့်စုံပြီး လက်ရှိစာပေပို့ချမှုတာဝန်ကို ဆောင်ရွက်နေကြသော နာယကစာချုပ်ဂိုလ်တို့မှာ ဆရာတော်၏ ငယ်မွေးတပည့်ရင်းများဖြစ်သည်။ ကျောင်းတိုက်၏လက်ရှိအခြေအနေမှာ စာသင်သားသံဃာ ၁၅၀ကျော် ရှိပြီး စာသင်သားစာချ သာသနာပြုလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ဆရာတော်သည် ၁၃၄၁ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံသံဃအစည်းအဝေးပွဲကြီးဖြစ်မြောက်ရေးအတွက် "သံဃာ့ဝန်ဆောင်" ဆရာတော်များ ရွေးချယ်ရာ၌ တောင်ငူအခြေခံဒေသမှ "သံဃာ့ ဝန်ဆောင်" ဆရာတော်အဖြစ် ရွေးချယ်ခံရပြီး ဂိုဏ်ပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးကိစ္စများ ဆောင်ရွက်သည်။

ပထမအကြိမ်အစည်းအဝေး၌ သံဃသမ္မတိရ သံဃကိုယ်စားလှယ်အဖြစ်လည်းကောင်း နိုင်ငံတော်ဗဟိုဝန်ဆောင်အဖြစ်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပြီး ၁၃၄၃ ခုနှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်ရွေးချယ်ခံရကာ ပထမအဖွဲ့ခွဲ၌သာသနာရေးဆိုင်ရာ တာဝန်များထမ်းဆောင်ခဲ့သည်။

ပင်ကိုစိတ်မာတ်ရင့်ကျက်တည်ကြည်မှု၊ တပည့်သံဃာတော်များနှင့်ဒကာ၊ ဒကာမများ၏ကြည်ညိုလေးစားမှု၊ သာသနာရေးကိစ္စများဆောင်ရွက်ရာ၌ စိတ်အားထက်သန်မှုတို့ကြောင့် ဆရာတော်သည်ဒုတိယ၊ တတိယ၊ စတုတ္ထအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးများတွင်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်ဖြင့်ပင် စဉ်ဆက်မပြတ်ရွေးချယ်ခံရပြီး နိုင်ငံတော်သံဃမဟာနာယကတာဝန်များ ထမ်းဆောင်သည်။

ဆရာတော်သည် သာသနာကြီးပွားတိုးတက်ရေး စိတ်မာတ်ပြင်းပြသည့်အားလျော်စွာ ၁၃၄၅ ခုနှစ်တွင် မိမိအားလှူဒါန်းသဖြင့် ရရှိလာသည့် တောင်ငူမြို့၊ ၁၈ ရပ်ကွက်ရှိကြာနီကန်ကျောင်းကို စာသင်တိုက်အဖြစ်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ စာသင်သား သံဃာ ၁၀၀ ကျော်ဖြင့် ပရိယတ္တိစာပေများ သင်ကြားပို့ချလျက် အလတ်စားစာသင်တိုက်တစ်တိုက်ဖြစ်နေပြီဖြစ်သည်။ ၁၃၆၁ ခုနှစ်တွင် ကျောက်ကြီးမြို့ကုန်းကျောင်းကို ကုန်းကျောင်းပရိယတ္တိစာသင်တိုက်အဖြစ်တည်ဆောက်ဖွင့်လှစ်ခဲ့ရာ ယခုအခါစာသင်သား ၅၀ သည် ယင်းစာသင်တိုက်တွင် စာဝါသင်ကြားလျက်ရှိသည်။

ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယကတာဝန်၊ ကျောင်းတိုက်များတာဝန်နှင့် ဒေသဆိုင်ရာ သာသနာရေး၊ ဘာသာရေးတာဝန်များကို ထမ်းဆောင်တော်မူသောကြောင့် ၁၃၅၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူသည်။

သာသနာ့တာဝန်များကိုထမ်းဆောင်တော်မူနေစဉ် သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၈ ဝါ၊ ၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၁၃-၂-၂၀၀၁ (အင်္ဂါနေ့) နံနက် ၁ နာရီ ၄၅ မိနစ်၌ ဘုရားရဟန္တာတို့သော်မှ ရှောင်လွဲမရနိုင်သော အနိစ္စသဘောသို့ လိုက်ပါတော်မူ၍ ဘဝနတ်ထံပျံလွန်တော်မူသည်။

သစ္စာ

တင်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး (ခရစ် ၁၉၃၃ - ၂၀၀၁) ။ ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂)၊ စစ်ဆင်ရေး အထူးအဖွဲ့မှူး၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးကို သာယာဝတီခရိုင်၊ လက်ပံတန်းမြို့တွင် ဖခင် ဦးသူငယ်လေး၊ မိခင် ဒေါ်ခင်တို့က ၁၉၃၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ မွေးဖွားသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ၁၉၅၀ ပြည့်နှစ်မှစ၍ တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်သည်။ ၁၉၅၈ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၂) သို့ တက်ရောက်အောင်မြင်ပြီး ၁၉၅၉ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အင်ခြင်းခံရသည်။ ၁၉၅၉ ခုနှစ်တွင် ဒုတိယဗိုလ်အဆင့်နှင့် ဗိုလ်အဆင့်၊ ၁၉၆၆ ခုနှစ်တွင် ဗိုလ်ကြီးအဆင့်၊ ၁၉၇၃ ခုနှစ်တွင် ဗိုလ်မှူးအဆင့်၊ ၁၉၇၈ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်၊ ၁၉၈၁ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်၊ ၁၉၈၉ ခုနှစ်တွင် ဗိုလ်မှူးချုပ်အဆင့်၊ ၁၉၉၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်အဆင့်နှင့် ၁၉၉၃ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်ခြင်းခံရသည်။



ဒုတိယမိုလ်ချုပ်ကြီး
တင်ဦး

ဒုတိယမိုလ်ချုပ်ကြီးတင်ဦးသည် တပ်မဟာ (၅) ၊ တပ်မဟာ (၁၀)၊ အမှတ် (၁၀) ခြေလျင်တပ်ရင်း၊ အမှတ် (၂၁) ခြေလျင်တပ်ရင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာန၊ အမှတ် (၃၄) ခြေလျင်တပ်ရင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာန၊ အမှတ် (၁၀၆) ခြေမြန်တပ်ရင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာန၊ အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ်၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ်ရုံး၊ အမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) တို့တွင် တာဝန်ထမ်းဆောင်သည်။

ဒုတိယမိုလ်ချုပ်ကြီးတင်ဦးသည် တပ်မဟာ (၅)၊ တပ်မဟာ (၁၀)၊ အမှတ် (၁၀) ခြေလျင်တပ်ရင်း၊ အမှတ် (၂၀) ခြေလျင်တပ်ရင်းနှင့် အမှတ် (၂၁) ခြေလျင်တပ်ရင်းတို့တွင် တပ်စုမှူး၊ ထောက်လှမ်းရေးအရာရှိ၊ စိန်ပြောင်းကြီးတပ်စုမှူး စသည့်တာဝန်များကို ၁၉၆၃ ခုနှစ်အထိ ထမ်းဆောင်သည်။ နဂါးနိုင်၊ ဘုရင့်နောင်စစ်ဆင်ရေးများဖြင့် ပြည်ပဘုံးကျော်တိုက်ထုတ်မှုများတွင် ပါဝင်ဆင်နွှဲသည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနတို့၌ စစ်ဦးစီးမှူး (တတိယတန်း)၊ အမှတ် (၃၄) ခြေလျင်တပ်ရင်း၌ တပ်ခွဲမှူး (ဗိုလ်မှူး)၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနတို့၌ စစ်ဦးစီးမှူး (ဒုတိယတန်း) တာဝန်များကို ထမ်းဆောင်သည်။

ဒုတိယမိုလ်ချုပ်ကြီးတင်ဦးသည် ၁၉၇၇ ခုနှစ်တွင် အမှတ် (၁၀၆) ခြေမြန်တပ်ရင်း၌ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနတွင် စစ်ဦးစီးမှူး (ပထမတန်း) အဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်အထိ အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်တို့၌ နည်းဗျူဟာမှူး၊ ဒုတိယတပ်မမှူးအဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဦးစီးမှူး (မိုလ်မှူးကြီး) အဖြစ်လည်းကောင်း၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ်အဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) အဖြစ်လည်းကောင်း တာဝန်များကို အဆင့်ဆင့်ထမ်းဆောင်သည်။

ဒုတိယမိုလ်ချုပ်ကြီးတင်ဦးသည် တပ်မတော်ပိုင်းဆိုင်ရာ တာဝန်များအပြင် နယ်ဘက်ဆိုင်ရာတာဝန်များအဖြစ် ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၊ စီးပွားရေးနှင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကော်မတီ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကြီးကြပ်မှုကော်မတီ ဗဟိုအဖွဲ့၊ ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ၊ ရေကြောင်းသွားလာမှု ချောမွေ့ရေး၊ မြို့ရွာ မျှားမှမြစ်ကမ်းများ ရေတိုက်စားမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုမှ ကာကွယ်ရေး ဦးစီးကော်မတီတို့တွင် ဥက္ကဋ္ဌတာဝန်များကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးဦးစီးကော်မတီ၊ မြန်မာနိုင်ငံပညာရေးကော်မတီ၊ အိမ်ရာစီမံကိန်းဆိုင်ရာကော်မတီတို့တွင် ဒုတိယဥက္ကဋ္ဌတာဝန်များကိုလည်းကောင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး (၂) တာဝန်ကိုလည်းကောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ စီးပွားရေးနှင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ဗဟိုကော်မတီ၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၊ နိုင်ငံတော်အစိုးရဝန်ထမ်းများ တူညီဝတ်စုံနှင့် အဆင့်အတန်းတံဆိပ်များ သတ်မှတ်ရေးဆိုင်ရာ မူဝါဒကော်မတီ၊ ကုန်သွယ်မှု မူဝါဒကောင်စီ၊ နိုင်ငံခြားရေးရာ မူဝါဒကော်မတီတို့တွင် အဖွဲ့ဝင်တာဝန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ထူး

ဆောင်နာယကအဖွဲ့ဝင်နှင့် ပြည်ထောင်စုကြဲ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် တာဝန်များကို လည်းကောင်း နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် နေ့မအား ညမအား စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်သည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည်နိုင်ငံတော်၏တာဝန်နှင့် ဝတ္တရားများကို ၁၉၅၀ ပြည့်နှစ်မှ ၂၀၀၁ ခုနှစ်အထိ ကြိုးပမ်းထမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သော ရွှေရတုတံဆိပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်း သင်္ဘတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော် စစ်မှုထမ်းတံဆိပ်၊ ပြည်ပရန်နိမ် တံဆိပ်၊ ပြည်သူ့ စစ်တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော် အေးချမ်းသာယာရေး တံဆိပ်၊ မိုင်းယမ်း/မဲသဝေါတိုက်ပွဲ တံဆိပ်၊ ရန်ငြိမ်းအေး တံဆိပ်၊ တပ်မတော် ဂုဏ်ဆောင် အမှုထမ်းတံဆိပ် (ပထမဆင့်)၊ တပ်မတော် ဂုဏ်ဆောင် အမှုထမ်းတံဆိပ် (ဒုတိယအဆင့်)၊ တပ်မတော် ဂုဏ်ဆောင် အမှုထမ်းတံဆိပ် (တတိယအဆင့်)၊ စစ်မှုထမ်းသက်တံဆိပ် (၃၃ နှစ်အထက်)၊ နိုင်ငံ့အကျိုးဆောင် တံဆိပ်၊ စစ်ပွဲတံဆိပ် (၁၉၆၂–၁၉၇၄)၊ စစ်ပွဲတံဆိပ် (၁၉၇၄–၁၉၈၈)၊ စစ်ပွဲတံဆိပ် (၁၉၈၈–၁၉၉၀) နှင့် ခြေလျင်တပ်ခွဲမှူးဘောင်တန်းတံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ဦးလှသောင်း၊ ဒေါ်မြကြည်တို့၏ သမီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့နှင့် ၁၉၆၃ ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး သားနှစ်ဦး၊ သမီးသုံးဦး ထွန်းကားသည်။

၁၉၅၀ ပြည့်နှစ်မှစ၍ ၂၀၀၁ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကျော် နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူဖွယ်ကောင်းလောက်အောင် နိုင်ငံအကျိုးပြုတာဝန်များကိုထိရောက်အောင်မြင်စွာထမ်းဆောင်ပြီး တပ်မတော်သား၊တိုင်း၊ စံနမူနာယူလောက်သည့် အရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂)၊ စစ်ဆင်ရေး အထူးအဖွဲ့မှူး၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် သမီး ဒေါ်ဖြူဖြူဦး၊ ဒေါ်ယဉ်မာဦး၊ သား ဦးဇော်ထွန်းဦး၊ ဦးနေထွန်းဦး၊ မြေးလေးဦးတို့ ကျန်ရစ်သည်။

စိုးအောင်

တင့်ဆွေ၊ဦး (သက်ကြီးစာပေပညာရှင် သာကီဆွေ) (ခရစ်နှစ် ၁၉၁၇–၂၀၀၁)။ ။ကလောင်အမည် သာကီဆွေဖြင့် ထင်ရှားခဲ့သော သက်ကြီးစာပေပညာရှင် ဆရာကြီးဦးတင့်ဆွေကို ဖခင် ဦးဘိုးမောင်၊ မိခင် ဒေါ်ထုံးတို့က ၁၉၁၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ ဟင်္သာတမြို့နယ်၊ ကျားကိုက်ကုန်းကျေးရွာတွင် မွေးဖွား၊သည်။



တင့်ဆွေ၊ ဦး

ဦးတင့်ဆွေသည် လွတ်လပ်ရေးမရမီကပင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး အရှင်အာဒိစ္စဝံသထံတွင် ပိဋကစာပေများ သင်ယူသည်။ ထို့နောက် ရွှေဘုံသာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်တွင် သဟာယစာပေ ရိပ်သာအမည်ဖြင့် စာအုပ်ဆိုင်ဖွင့်လှစ်သည်။ ရှုမဝမဂ္ဂဇင်း၌လည်း ကဗျာအယ်ဒီတာအဖြစ် ညှိုင်းတွင် လုပ်ကိုင်သည်။

ဦးတင့်ဆွေသည် ကမ္ဘာ့နိဒါန်း ၁၀ တွဲ (ခြောက်တွဲသာထုတ်ဝေ)၊ ကဗျာဖွဲ့နည်းနိဿရည်း၊ ပေါရာဏ ကထာအဘိဓာန်၊ မြန်မာရာဇဝင်မှတ်စု၊ မှန်ပြသတ်ပုံ၊ မြန်မာစာသုတေသနစွယ်စုံ၊ ပျို့ ၁၈ စောင် သုတေသနနှင့် ထေရဝါဒအနှစ်သာရများ၊ သာမုက္ကံသိကဖြစ်သည့် မဟာနိဗ္ဗာန်စသော ကျမ်းများကို ရေးသားပြုစုသည်။

သာကီဆွေကလောင်အမည်ဖြင့် စာပေရေးသားပြုစုခဲ့သော သက်ကြီးစာပေပညာရှင် ဆရာကြီးဦးတင့်ဆွေသည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ဌေးမြင့်နှင့် သား၊သမီး၊ မြေးများ ကျန်ရစ်သည်။

တောင်အာဖရိက။ ။ တောင်အာဖရိကနိုင်ငံတွင် အသား အရောင်ခွဲခြား သည့် လူဖြူများ၏ ကြီးစိုးမှုသည် ၁၉၉၄ ခုနှစ်တွင် ကုန်ဆုံးသွားပြီး လူမည်းများ လွှမ်းမိုးသော အာဖရိကအမျိုးသားကွန်ဂရက် (ANC)က အာဏာရလာခဲ့သည်။ အေအင်စီပါတီခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလာသည် သမ္မတဖြစ်လာခဲ့သည်။ လူဖြူများကြီးစိုးခဲ့စဉ်က အမွေဆိုးများကို ဖြေရှင်းပေးနေခဲ့ရသည်။ အမှန်တရား ကော်မရှင်ဖွဲ့စည်းလျက် လူဖြူအစိုးရများ လက်ထက်က မတရားမှုများကို စိစစ်ဖော်ထုတ်ပေးခဲ့ရသည်။ တစ်ချိန်တည်းတွင် လူဖြူ – လူမည်း ပဋိပက္ခများ ကြီးထွားမလာစေရန် ထိန်းသိမ်းလျက် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် လုပ်ခဲ့ရသည်။ စီးပွားရေး တိုးတက်အောင်ဆောင် ရွက်ခဲ့ရသည်။ မင်ဒဲလား၏ သက်တမ်းကုန်ဆုံးသွားသော အခါ သာဘိုအမ်ဘေကီသည် သမ္မတရာထူးကို ဆက်ခံခဲ့သည်။

အာဏာရအေအင်စီပါတီမှ လူမည်းခေါင်းဆောင် တချို့သည် အာဏာယစ်မူးလာကြသည်။ ငွေကြေးဓနဥစ္စာကို မက်မောလာကြသည်။ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး သူရဲကောင်းဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးကပင် အာဏာယစ်မူးခြင်း၊ ငွေကြေးစည်းစိမ်မက်မောခြင်းတို့ကို ဝေဖန်လာခဲ့သည်။

သို့ရာတွင် တောင်အာဖရိကနိုင်ငံ၌ အာဏာရ ခေါင်းဆောင်အချို့သည် ကိုယ်ကျိုးစီးပွားရှာကြရင်း အချင်းချင်း ပုတ်ခတ်လာကြသည်။ အကျင့်ပျက်လာဘ်စားမှုများကို အချင်းချင်းသာမက အတိုက်အခံပါတီများနှင့် ပြည်သူလူထုကပါ ဝေဖန်လာကြသည်။ လူဖြူအစိုးရများ လက်ထက်က တောင်အာဖရိကသည် လက်နက်မှောင်ခို ရောင်းဝယ်မှုဖြင့် နာမည်ပျက်ခဲ့သည်။ အာဏာရှိခဲ့သော လူဖြူအစိုးရများ၏ပုံစံအတိုင်း အေအင်စီမှ ခေါင်းဆောင်အချို့သည် လက်နက်အရောင်းအဝယ်ဖြင့် ကိုယ်ကျိုးစီးပွားရှာလာခဲ့ကြသည်။ ပါလီမန်က စုံစမ်းရေးကော်မတီဖွဲ့၍ စစ်ဆေးလာရသည်အထိ ဖြစ်လာခဲ့သည်။ JAS-39 တိုက်လေယာဉ်များကို ဒေါ်လာခြောက်ဘီလီယံတန်ဖိုးဖြင့် ဖြိုတိန်၊ ဆွီဒင်၊ ဂျာမနီ၊ အီတလီကန်ထရိုက်များထံမှ ဝယ်ယူရန် စီစဉ်ခဲ့သည်။ ဤသို့စစ်လေယာဉ်များ ဝယ်ယူရေးအတွက် အေအင်စီခေါင်းဆောင်အချို့ ပါဝင်ပတ်သက်မှုရှိကြောင်း စွပ်စွဲမှုများ ပေါ်ထွက်လာသည်။ သမ္မတဟောင်း မင်ဒဲလားနှင့် လက်ရှိသမ္မတ အမ်ဘေကီတို့အပေါ် သံသယမရှိသော်လည်း အခြားခေါင်းဆောင်များအား စွပ်စွဲမှုများရှိလာသည်။

ထို့ကြောင့် ဇန်နဝါရီလ ၇ ရက်နေ့က ကျင်းပသည့် အေအင်စီပါတီ တည်ဆောက်မှု ၈၉ နှစ်မြောက် လူထုအစည်းအဝေးတွင် သမ္မတအမ်ဘေကီက “အေအင်စီဟာ အကျင့်ပျက် လာဘ်စားမှုများကို သည်းခံခွင့်လွှတ်မယ်မဟုတ်ဘူး” ဟု အတိအလင်း ကြေညာခဲ့သည်။ ပါလီမန်ကော်မတီနှင့် စာရင်းစစ်ချုပ်တို့သည် အကျင့်ပျက်လာဘ်စားမှုများကို စိစစ်ဖော်ထုတ်လျက်ရှိကြသည်။

အတိုက်အခံပါတီ၏မြေသိမ်းပွဲ – တောင်အာဖရိကတွင် ဆင်းရဲနွမ်းပါးသူ၊ အိုးမဲ့အိမ်ခြေမဲ့သူပေါများဆဲဖြစ်နေသေးသည်။ ထို့ကြောင့် ဇူလိုင်လတွင် အတိုက်အခံပါတီတစ်ခုဖြစ်သော အာဖရိကန်ဝါဒီပေါင်းစုံ ကွန်ဂရက်က ဦးဆောင်လျက် ဂျိုဟန်နက်စ်ဘာ့ဂ်မြို့၏ အရှေ့ဘက်ရှိ အစိုးရနှင့် လယ်သမားနှစ်ဦးတို့ပိုင်ဆိုင်သော မြေကွက်ကို သိမ်းယူလျက် အိမ်မဲ့ရာမဲ့များအတွက် နေရာချထားပေးခဲ့သည်။ အစိုးရက ဤသို့စည်းမဲ့ကမ်းမဲ့ အဓမ္မဆောင်ရွက်မှုကို တားမြစ်ခဲ့သည်။ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များက ပျဲကျတဲ့အိမ်များကို ဖျက်ဆီးကာ အိုးအိမ်မဲ့ပျဲကျတို့အတွက် အစားထိုးတစ်နေရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အတိုက်အခံပါတီက အစိုးရ၏ အိုးအိမ်ပြန်လည်နေရာ ချထားရေးအစီအစဉ် နှေးကွေးနေသဖြင့် ဤကဲ့သို့ အဓမ္မပြုလုပ်ခဲ့ရသည်ဟု ပြောကြားခဲ့သည်။

အထွေထွေသပိတ်တိုက်ပွဲ – အစိုးရ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီစဉ်များကို ကန့်ကွက်သည့်အနေဖြင့် တောင်အာဖရိက အလုပ်သမား သမဂ္ဂအဖွဲ့ချုပ်က ဩဂုတ်လ ၂၉ ရက်နေ့များတွင် နိုင်ငံလုံးကျွတ် အထွေထွေသပိတ်တိုက်ပွဲကို ဆင်နွှဲခဲ့သည်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလိုက်ပါက အလုပ်လက်မဲ့ဦးရေ ထောင်သောင်းချီ၍ ဖြစ်ပေါ်လာနိုင်သဖြင့် အထွေထွေသပိတ်တိုက်ပွဲဝင်ရသည်ဟု အလုပ်သမား သမဂ္ဂအဖွဲ့ချုပ်က ပြောဆိုခဲ့သည်။

အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့၏ လှုပ်ရှားမှု – ကိုယ်ဝန်ဆောင်မိခင်များမှ တစ်ဆင့် ၄င်းတို့၏ရင်သွေးငယ်များသို့ အေအိုင်ဒီအက်စ်ဗိုင်းရပ်စ်ပိုးများ ကူးစက်သွားခဲ့ခြင်းသည် အစိုးရက ဆေးဝါးများ ထောက်ပံ့မှုမရှိ၍ ဖြစ်ကြောင်း၊ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့က စွပ်စွဲသည်။ အာဖရိကတိုက်သည် ကမ္ဘာပေါ်တွင် အေအိုင်ဒီ



အက်စ်ရောဂါ အမျာ:ဆုံ:ဖြစ်ပွာ:သည့် နေရာဖြစ်သည်။ ကုသအရေ:ယူမှု လူပ်ရှာ:ရေ:အဖွဲ့ဟု အမည်ပေ:ထာ:သော အဖွဲ့သည် တောင်အာဖရိ၌ အထင်ရှာ:ဆုံ:အဖွဲ့ဖြစ်သည်။ ဤအဖွဲ့က ကိုယ်ဝန်ဆောင်မိခင်မျာ:သို့ အစိ:ရကဆေ:ဝါ:မျာ: ထောက်ပံ့ခြင်:မရှိမှုဖြင့် ဩဂုတ်လတွင် အစိ:ရကို တရာ:စွဲဆိုခဲ့သည်။ ဤအဖွဲ့၏ လူပ်ရှာ:မှုကြောင့် ပရိတိုရိ:ယာ:အဆင့်ဖြင့် တရာ:ရုံ:က အစိ:ရသည် ကိုယ်ဝန်ဆောင်မိခင်မျာ:သို့ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေ:မျာ:ကို ဖြန့်ဖြူ:ပေ:ရမည်ဟု အမိန့်ချမှတ်ခဲ့သည်။ တရာ:စွဲဆိုထာ:သော အမှုကိုလည်: ဆက်လက်ကြာ:နာရန် ချိန်:ဆိုခဲ့သည်။

လူမည်:ဘက်တော်သာ: ဝါရင့်ပုဂ္ဂိုလ်ကြီ:မျာ: ကွယ်လွန်ခြင်: – လက်ရှိသမ္မတ သာဘိုအမ်ဘေကီ၏ဖခင် ရီဗန်အမ်ဘေကီသည်အသက် ၉၁ နှစ်တွင် ဩဂုတ်လ ၃၀ ရက်နေ့က ကွယ်လွန်သွာ:ခဲ့သည်။ သူသည် လူမည်:အရေ:တော်ပုံ တပ်သာ:ကြီ:ဖြစ်ခဲ့သော သမ္မတဟောင်:မင်ဒဲလာ:နှင့်အတူ ထောင်တွင်:၌ ၂၇ နှစ် နေခဲ့ရသည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် ဒေါ်နယ်ဝုဒ်စ်သည်လည်: အသက် ၆၇ နှစ်၌ ကွယ်လွန်သွာ:ခဲ့သည်။ သူသည် သတင်:စာအယ်ဒီတာတစ်ဦ:အနေဖြင့် အသာ:အရောင်ခဲခြာ:မှု၊ လူမည်:များ:အပေါ် နှိပ်စက်ညှဉ်:ပန်:မှုများကို ဖော်ထုတ် တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ လူမည်:ခေါင်:ဆောင်ဘေလ် စကီ:ဗ်ဘိကီအာ: လူဖြူရဲများက အချုပ်ထောင်တွင်:သတ်ဖြတ်ခဲ့မှုကို ဖော်ထုတ်ပေ:ခဲ့သူ ဖြစ်သည်။ သူသည် ရဲများ၏ ညှဉ်:ပန်:နှိပ်စက်မှုကို ရှောင်တိမ်:ရန် ၁၉၇၇ ခုနှစ်က ဗြိတိန်နိုင်ငံသို့ ထွက်ပြေ:ခဲ့ရသည်။

ဂျန်ဆူသာ:လင်:သည်လည်: အသက် ၇၆ နှစ် အရွယ်တွင် ဇူလိုင်လ ၂၇ ရက်နေ့က ကွယ်လွန်သွာ:ခဲ့သည်။ သူသည် ညနေသတင်:စာကို တည်ထောင်လျက် တောင်

အာဖရိက၏ ဖြစ်ရပ်မှန်သတင်းများကို ဖော်ပြခဲ့သည်။ လူမည်းများ၏ အဖြစ်သနစ်မှန်တို့ကိုလည်း ဖော်ထုတ်ပေးခဲ့သည်။

ကိုယ်ခံစွမ်းအားကျဆင်းမှု ရောဂါပြဿနာ – သမ္မတအမ်ဘေကီ၏ ကိုယ်ခံစွမ်းအား ကျဆင်းမှုရောဂါ (သို့) အေအိုင်ဒီအက်စ်ရောဂါ၊ အိတ်ချ်အိုင်ဗီပိုးတို့နှင့် ပတ်သက်သော အယူအဆများသည် ပြည်တွင်းပြည်ပပြဿနာ ပေါ်စေခဲ့သည်။ အမ်ဘေကီက အိတ်ဒ်စ်အိုင်ဗီပိုးကြောင့် ထိုရောဂါဖြစ်သည်ဆိုသော အချက်၊ ထိုရောဂါကြောင့် တောင်အာဖရိကတွင် လူပေါင်းသန်းချီ၍ သေဆုံးသည်ဟူသော အချက်တို့အပေါ် သံသယရှိကြောင်းပြောခဲ့သည်။ သို့ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၀၀ ပြည့်နှစ်က အရွယ်ရောက်ပြီးသူ ၄၀ ရာခိုင်နှုန်းသေဆုံးခြင်း၏ အကြောင်းရင်းမှာ အေအိုင်ဒီအက်စ်ရောဂါကြောင့်ဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်မှု ကုသမှုမရှိပါက ၂၀၀၀ ပြည့်နှစ်တွင် လူပေါင်း လေးသန်းမှ ခုနစ်သန်းသည် ထိုရောဂါဖြင့် သေဆုံးမည်ဖြစ်ကြောင်း ပေါ်လွင်သွားခဲ့သည်။ ထိုရောဂါကို တိုက်ဖျက်ရာတွင် အစိုးရဘက်က အာရုံစူးစိုက်မှုနည်းသည်ကိုလည်း ဝေဖန်နေကြသည်။

နိုင်ငံရေးပါတီတို့၏ ခွဲရေးတွဲရေးဖြစ်စဉ် – အာဏာရအေအင်စီပါတီအစိုးရကို ဆန့်ကျင်ရေးအတွက် အမျိုးသားပါတီသစ်နှင့် ဒီမိုကရက်တစ်ပါတီတို့သည် ၂၀၀၀ ပြည့်နှစ်၊ ဇွန်လအတွင်းက ဒီမိုကရေစီမဟာမိတ်အဖွဲ့အဖြစ် ပူးပေါင်းခဲ့ကြသည်။ အမျိုးသားပါတီသစ်သည် လူဖြူအစိုးရလက်ထက်က အာဏာရပါတီဖြစ်ခဲ့သည်။ သို့ရာတွင် ထိုမဟာမိတ်ပါတီနှစ်ခုတို့မှ ခေါင်းဆောင်ချင်းမသင့်မြတ်မှုကြောင့် အမျိုးသားပါတီသစ် မဟာမိတ်အဖွဲ့မှ အောက်တိုဘာလတွင် နုတ်ထွက်ခဲ့သည်။ မူဝါဒသဘောထားချင်း တူနေသော အေအင်စီ ပါတီနှင့် ပူးပေါင်းရန် ကြိုးပမ်းခဲ့သည်။ အာဏာရအေအင်စီ အစိုးရအဖွဲ့တွင် အင်ကာသာလွတ်လပ်ရေးပါတီသည် သီးခြားရပ်တည်ခွင့် မပျက်ယွင်းဘဲ အာဏာရအစိုးရအဖွဲ့တွင် ဝန်ကြီးနေရာများ ရခဲ့သည်။ ယင်းပုံစံအတိုင်း အမျိုးသားပါတီသစ်ကလည်း အာဏာရအေအင်စီပါတီနှင့် မဟာမိတ်ဖွဲ့၍ ဝန်ကြီးနေရာယူနိုင်ရန် ကြိုးပမ်းခဲ့သည်။ လူဖြူအစိုးရလက်ထက်က သမ္မတဖြစ်ခဲ့သူ ဒီကလပ်ကလည်း အမျိုးသားပါတီသစ်ကို အေအင်စီနှင့် ပူးပေါင်းရန် တိုက်တွန်းလျက်ရှိသည်။

ရာထူးကြီးသူတို့၏ အကျင့်ပျက်လာဘ်စားမှုများ – အေအင်စီပါတီမှ ဆော်ဩရေးမှူးချုပ် တိုနီယင်ဂျင်နီသည် အကျင့်ပျက် လာဘ်စားမှု၊ လက်မှတ်ရေးထိုးမှု၊ လိမ်လည်သက်သေထွက်ဆိုမှုတို့အတွက် အောက်တိုဘာလ ၃ ရက်နေ့က အဖမ်းခံခဲ့ရသည်။ သူ့အားဖမ်းဆီးရာတွင် လက်နက်အရောင်းအဝယ်လည်း ပြုလုပ်သည့်ဂျာမန်ကုမ္ပဏီ ဒိမ်းမလားခရစ္စလာကုမ္ပဏီမှ မာစီးဒီးကားတစ်စီး လက်ဆောင်ယူမှုလည်း ပါဝင်သည်။

သမ္မတဟောင်း မင်ဒဲလား၏ ဇနီးဟောင်း ဝင်နီမင်ဒဲလားသည်လည်း အေအင်စီပါတီ၏ အမျိုးသမီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သည်။ သူ့ကိုလည်း လိမ်လည်မှု၊ ခိုးမှုတို့ဖြင့် အောက်တိုဘာလ ၁၈ ရက်နေ့က ဖမ်းဆီးခဲ့သည်။

လက်နက်ရောင်းဝယ်မှု အရှုပ်တော်ပုံ – ဒေါ်လာခြောက်ဘီလီယံတန်ဖိုးရှိ စစ်လေယာဉ်များကို ဝယ်ယူခဲ့မှုနှင့် စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူမှုများရှိခဲ့ကြောင်း အပုပ်နံ့များ ထွက်ပေါ်ခဲ့သည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးနှင့် ပြည်သူ့ကာကွယ်စောင့်ရှောက်ရေးရုံးတို့ ပူးပေါင်းလျက် သက်သေများကို စစ်ဆေးကြားနာခဲ့ကြသည်။ ၄င်းတို့၏ အစီရင်ခံစာတွင် လက်နက်အရောင်းအဝယ်ကိစ္စ၌ လုပ်ပုံလုပ်နည်းများ ချွတ်ယွင်းသော်လည်း အကျင့်ပျက်လာဘ်စားမှုများကို မတွေ့ရကြောင်း ဖော်ပြခဲ့သည်။ ထိုအစီရင်ခံစာကို နိုဝင်ဘာလ ၁၅ ရက်နေ့က လွှတ်တော်သို့ တင်သွင်းခဲ့သည်။ အစီရင်ခံစာ တင်သွင်းမှုကို မကျေနပ်သဖြင့် အတိုက်အခံပါတီများသည် လွှတ်တော်တွင်းမှ ထွက်သွားခဲ့ကြသည်။

အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ စီရင်ထုံး – အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအဖွဲ့တစ်ခုက အစိုးရအပေါ် တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် ပရီတိုးရီးယားအဆင့်မြင့် တရားရုံးက အိတ်ချ်အိုင်ဗီပိုးတွေ့သော ကိုယ်ဝန်ဆောင်မိခင်များအား အစိုးရဆေးရုံ၌ ကုသမှုခံယူနေပါက အစိုးရသည် ဗိုင်းရပ်စ်ပိုးကို ကာကွယ်သောဆေးဝါးများ ထောက်ပံ့ပေးရမည်ဟု စီရင်ချက်ချမှတ်ခဲ့သည်။ အစိုးရအနေဖြင့် မိခင်မှတစ်ဆင့် ရင်သွေးငယ်များသို့ ရောဂါကူးစက်မသွားစေရန် နည်းလမ်းများ ရှာကြံဆောင်ရွက်ရမည်ဟုလည်း တိုက်တွန်းလိုက်သည်။ ပရီတိုးရီးယားတရားရုံးက ဤစီရင်ထုံးကို ဒီဇင်ဘာလ ၁၄ ရက် နေ့က ချမှတ်ခဲ့သည်။

ဦးခင်မောင်မြ

နဝမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ။ ။ ရည်ရွယ်ချက်ခြောက်ချက်ဖြင့် ကျင်းပသော နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၅.၁၀.၂၀၀၁ မှ ၃၀.၁၀.၂၀၀၁ အထိ ရန်ကုန်မြို့တွင် လေးနေရာခွဲ၍ ကျင်းပသည်။ နဝမအကြိမ်ပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အနုပညာရှင် ၂၅၃၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆု ၄၈၇ ဆု ချီးမြှင့်သည်။ စုစုပေါင်းဆုမျာ၏ တန်ဖိုးမှာ ကျပ် ၂၈,၄၁၀,၀၀၀ ဖြစ်သည်။

အဆိုဘာသာရပ်ပြိုင်ပွဲ

နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်ပြိုင်ပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိအမျိုးသားပြတိုက်တွင် ၁၅.၁၀.၂၀၀၁ မှ ၃၁.၁၀.၂၀၀၁ အထိ ၁၇ ရက် ကျင်းပသည်။ အဆိုပြိုင်ပွဲအတွက် ဆု ၁၂၀ ချီးမြှင့်သည်။ အဆိုပြိုင်ပွဲတွင် မဟာဂီတသီချင်း၊ ဓမ္မပူဇာတေးနှင့် ခေတ်ဟောင်း/ကာလပေါ်သီချင်းများ ပါဝင်၍ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ခွဲခြားကျင်းပပေးသည်။ သီချင်းပြဌာန်းချက်များကို ပြိုင်ပွဲမကျင်းပမီ ကာလကပင် ကြိုတင်ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပြိုင်ပွဲဝင်များက ပြိုင်ပွဲဝင်ပြဌာန်းချက်သီချင်းများကို ကြိုတင်သီဆိုလေ့ကျင့်ထားရသည်။ သက်ဆိုင်ရာပြိုင်ပွဲကျင်းပမည့်နေ့ရက်တွင် ပြိုင်ပွဲမစခင် ယှဉ်ပြိုင်ရမည့်သီချင်းကို ဒိုင်အဖွဲ့ဝင်များက မဲနှိုက်ပြီး မဲကျရာသီချင်းကို ပြိုင်ပွဲဝင်များ သီဆို ယှဉ်ပြိုင်ကြရသည်။ သီဆိုယှဉ်ပြိုင်ရာတွင် မိမိနှစ်သက်ရာ တူရိယာတစ်မျိုး၊ နှစ်မျိုး၊ ထိုထက်ပို၍ တီးဝိုင်းကြီးစသည်တို့နှင့် တွဲဖက်ယှဉ်ပြိုင်ခွင့်ရှိသည်။

အဆိုပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းအားလုံးက ပျက်ကွက်သူမရှိ ပါဝင်ယှဉ်ပြိုင်ကြသဖြင့် အင်အားအမြဲအပြည့်ရှိသည်။ အဆိုဘာသာရပ်ပြိုင်ပွဲ နေ့အလိုက် သီဆိုယှဉ်ပြိုင်ကြသော သီချင်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

၁၅.၁၀.၂၀၀၁

အခြေခံပညာ (၁၀-၁၅)(မ)	ဓမ္မပူဇာတေး:	မင်္ဂလာပါရှင်
အခြေခံပညာ (၁၅-၂၀)(ကျား:)	ခေတ်ဟောင်း/ကာလပေါ်တေး:	ဗြောသံ

၁၆.၁၀.၂၀၀၁

အခြေခံပညာ (၁၅-၂၀)(ကျား:)	မဟာဂီတ	လူ့မနော (ပတ်ပျိုး)
အခြေခံပညာ (၁၀-၁၅)(မ)	ခေတ်ဟောင်း/ကာလပေါ်တေး:	သည်ဝါဆို

၁၈.၁၀.၂၀၀၁

ဝါသနာရှင် (ကျား:)	ဓမ္မပူဇာတေး:	မဂ္ဂင်ရှစ်ပါး
အဆင့်မြင့်ပညာ (မ)	ခေတ်ဟောင်း/ကာလပေါ်တေး:	သီတဂူ

၁၉.၁၀.၂၀၀၁

ဝါသနာရှင် (ကျား:)	မဟာဂီတ	အာကာယဲထဲ (ပတ်ပျိုး)
အခြေခံပညာ(၅-၁၀) (ကျား:)	ဓမ္မပူဇာတေး:	ဝိသာခါ

၂၀.၁၀.၂၀၀၁

အခြေခံပညာ(၁၅-၁၀)(ကျား:)	မဟာဂီတ	မိုးလုံးပတ်လည် (ပတ်ပျိုး)
ပညာရှင်(မ)	ခေတ်ဟောင်း/ကာလပေါ်တေး:	စုံတောမြိုင်

၂၁.၁၀.၂၀၀၁

အခြေခံပညာ (၁၅-၂၀) (မ)	မဟာဂီတ	စိုးမိုးသိမ်းကျုံး (ပတ်ပျိုး)
ဝါသနာရှင်(ကျား:)	ခေတ်ဟောင်း/ကာလပေါ်တေး:	စိပ်ပုတီး
အခြေခံပညာ(၅-၁၀)(မ)	ခေတ်ဟောင်း/ကာလပေါ်တေး:	အောင်

၂၂.၁၀.၂၀၀၁

ပညာရှင် (ကျား:)	ဓမ္မပူဇာတေး:	ငါးပါးပဉ္စသီ
ဝါသနာရှင် (မ)	ခေတ်ဟောင်း/ကာလပေါ်တေး:	ကမ္ဘောဇ

၂၃.၁၀.၂၀၀၁

ပညာရှင် (မ)	မဟာဂီတ	အောင်မြေသာစံ (ပတ်ပျိုး)
အခြေခံပညာ(၅-၁၀) (ကျား:)	ခေတ်ဟောင်း/ကာလပေါ်တေး:	ပညာ

၂၄.၁၀.၂၀၀၁

ဝါသနာရှင် (မ)	မဟာဂီတ	ရွှေရင်ပေါင် ငွေရင်ပေါင် (ပတ်ပျိုး)

အခြေခံပညာ(၁၀-၁၅)(ကျား:)	ဝမ္မပူဏတေး:	ဗုဒ္ဓသာသနံ
		စိရံတိဋ္ဌတု
၂၅.၁၀.၂၀၀၁		
အဆင့်မြင့်ပညာ (မ)	မဟာဂီတ	မဲဏတောင်
		ခြေ (ပတ်ဗျိုး)
အခြေခံပညာ(၁၅-၂၀)(ကျား:)	ဝမ္မပူဏတေး:	ရှင်သီဝလိ
၂၆.၁၀.၂၀၀၁		
ပညာရှင် (ကျား:)	မဟာဂီတ	အောင်မြေသာစံ
		(ပတ်ဗျိုး)
အဆင့်မြင့်ပညာ (မ)	ဝမ္မပူဏတေး:	ကျိုက်ထီးရိုး
၂၇.၁၀.၂၀၀၁		
အခြေခံပညာ (၁၀-၁၅)(ကျား:)	မဟာဂီတ	ဘုန်းမိုး
		သွန်းလောင်း
		(သီချင်းခဲ့)
ဝါသနာရှင် (မ)	ဝမ္မပူဏတေး:	ပဉ္စင်းအစ်မ
၂၈.၁၀.၂၀၀၁		
အဆင့်မြင့်ပညာ (ကျား:)	ခေတ်ဟောင်း:/	ရိပ်မြိုင်ရေချမ်း
	ကာလပေါ်တေး:	မေတ္တာစမ်း:
ပညာရှင် (မ)	ဝမ္မပူဏတေး:	သုံးဆယ့်
		ရှစ်ဖြာမင်္ဂလာ
၂၉.၁၀.၂၀၀၁		
အခြေခံပညာ (၅-၁၀)(မ)	မဟာဂီတ	ထိပ်တင်ဧကန်
		(ဝတ်ရုံတော်
		သိမ်းကြိုး)
အခြေခံပညာ (၁၅-၂၀) (မ)	ခေတ်ဟောင်း:/	မိန်းမဘုန်းဆဲထုံး
	ကာလပေါ်တေး:	
အခြေခံပညာ (၁၀-၁၅)(မ)	ခေတ်ဟောင်း:/	မြန်မာ့ရှုခင်း
	ကာလပေါ်တေး:	မြန်မာ့စိတ်ရင်း
၃၀.၁၀.၂၀၀၁		
အဆင့်မြင့်ပညာ (ကျား:)	မဟာဂီတ	ရွှေပင်ရွှေဘုန်း
		(ကြိုး)
အခြေခံပညာ (၁၅-၂၀)(မ)	ဝမ္မပူဏတေး:	သံသရာ
		ခရီးသည်
၃၁.၁၀.၂၀၀၁		
ပညာရှင် (ကျား:)	ခေတ်ဟောင်း:/	စကား၀ဝကန်
	ကာလပေါ်တေး:	
အခြေခံပညာ (၅-၁၀) (မ)	ဝမ္မပူဏတေး:	သီရိဂေဟာ

အကဘာသာရပ်ပြိုင်ပွဲ

နဝမအကြိမ် မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဘာသာရပ်ပြိုင်ပွဲကို ရန်ကုန်မြို့ မြို့ကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ ပညာရှင်အဆင့်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင် သီချင်းသတ်မှတ်ချက်မထားဘဲ မိမိနှင့်လိုက်ဖက်မည့် သီချင်းကို ကိုယ်ပိုင်ဆိုင်ဝိုင်းနှင့် တွဲဖက်ပြီး ဆို၊ ဒို၊ ပြော၊ ဇာတ်စကား၊ များ ပြောကာယှဉ်ပြိုင်ကြရသည်။ မင်းသား၊ မင်းသမီးကြီးများ၏ အကပညာခန်းပေါ်လွင်အောင် ပရိုက်စကား၊ မေတ္တာပို့၊ ခွန်းထောက်၊ လေပြေ၊ ကိုယ်ရည်သွေး၊ အဆို၊ အဒို၊ အပြောများနှင့် လိုက်လျောညီထွေ ပေါင်းစပ်ထောက်ကူပြု၍ ကပြယှဉ်ပြိုင်ကြရသည်။

ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (၁၅-၂၀) အဆင့်၊ အခြေခံပညာ (၁၀-၁၅) အဆင့်၊ အခြေခံပညာ (၅-၁၀) အဆင့်များမှာ ကြိုတင်ထုတ်ပြန်ထားသော တီးလုံးသုံးမျိုးအနက် ပြိုင်ပွဲရက်တွင် မဲကျရာတီးလုံးကို ကပြယှဉ်ပြိုင်ကြရသည်။ တီးလုံးနှင့်ကကြိုးကကွက်များ ယဉ်အောင်၊ နွဲ့အောင်၊ သန့်အောင်၊ ခဲ့အောင်၊ ရှင်အောင်၊ မြူးအောင်၊ သွက်အောင်၊ ညက်အောင်ကပြ ယှဉ်ပြိုင်ကြရသည်။ တီးလုံးများကလည်း မြန်မာကကြိုး၊ ကကွက် စစ်စစ်များ ဖော်ထုတ်ကပြနိုင်ရန် ဒို့ဆစ်ပတ်မချက်၊ အဆို့အပိတ်အဆစ်အပိုင်းများ ညီညွတ်မျှတစွာ ထည့်သွင်းထားသော တီးလုံးများဖြစ်သဖြင့် အကပညာ ကြွယ်သလောက် ကပြယှဉ်ပြိုင်နိုင်သည်။ အကပြိုင်ပွဲသည် ဘာသာရပ်လေးခုတွင် အစောဆုံး ပွဲစဉ်ပြီးပြတ်သော ဘာသာရပ်ဖြစ်သည်။

ဇာတ်သဘင်ပြိုင်ပွဲနှင့် ပညာရှင်အဆင့် ရုပ်သေးသဘင်ပြိုင်ပွဲများတွင် မြန်မာ့ဇာတ်သဘင်နှင့် ရုပ်သေးသဘင်တို့၏ အစဉ်အလာကောင်းများနှင့်အညီ ဗုဒ္ဓဘုရား၏ မုခပါဋိဟာ်ဖြစ်သော ဇာတ်တော်ကြိုးများကပေးသည့် သင်ခန်းစာနှင့် သာဓကများ၊ ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမတရားများ၊ ယုက်နွယ်ဖြစ်ထွန်းလာသော ရိုးရာဓလေ့စရိုက်နှင့် လူမှုကျင့်ဝတ်များ၊ ထီးမူနန်းဟန်ပြီး ပြည့်ဝသော ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့ဂုဏ်ရည်များကို ပိုင်ပိုင်နိုင်နိုင် ဖော်ထုတ်တင်ဆက် ပြသကြသည်။

မဟာဇနက ဇာတ်တော်ကြိုးတင်ဆက်မှုတွင် ကိုယ်ကျင့်သိက္ခာမြင့်မြတ်စင်ကြယ်မှုအပေါ် အခြေပြုမှု၊ ဉာဏ်နှင့် ယှဉ်တွဲသော တရားနှင့်လျော်ညီသည့် လုံလဝီရိယထုတ်မှု အကျိုး၊ ဘဝအဆက်ဆက် ပါရမီအလိလိ ကျင့်ကြံဖြည့်ဆည်း

ခဲ့သော ဘုရားအလောင်းတော်၏ ဘုန်းသမ္ဘာတော်တို့ ကြောင့် ထိုက်တန်သော ရည်မှန်းချက် အောင်မြင်ပြည့် မြောက်ရပုံတို့ကို ပေါ်လွင်အောင် တင်ဆက်ကပြကြရသည်။ စစ်ကိုင်းတိုင်းမှ ပန်တျာမြကြည်၊ ရန်ကုန်တိုင်းအဖွဲ့ (၁) မှ နန်းဝင်း၊ ရန်ကုန်တိုင်းအဖွဲ့ (၂) မှ မန္တလေးသိန်းဇော်၊ မန္တလေးတိုင်းအဖွဲ့ (၁) မှ ရွှေမန်းကြည်ဇော်၊ ဧရာဝတီတိုင်းမှ ဦးမိုးမိုး၊ မန္တလေးတိုင်း အဖွဲ့ (၂) မှ ဦးမင်းသူရနှင့် မကွေးတိုင်းမှ ဦးဉာဏ်ဝင်းတို့၏ ဇာတ်အဖွဲ့ ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရပ်သေးသဘင် ဘူရိဒတ်ဇာတ်တော်ကြီး တင်ဆက်မှုတွင် မှန်ကန်ဖြူစင်ပြီး မယိမ်းမယိုင် တည်ကြည်ခိုင်မြဲသော ကိုယ်ကျင့်သိလ၊ လောကဓံတရား၏ အဆိုးအကောင်း နှစ်ဖြာရိုက်ခတ်မှုကို မတုန်မလှုပ် မချောက်မချား ကြံ့ကြံ့ခံ၊ ခိုင်ခံ့ငြိမ်သက်သည်းခံနိုင်သော ခန္တီတရား တို့ကို ပေါ်လွင်အောင် တင်ဆက်ရသည်။ ရပ်သေးဇာတ်တော်ကြီး ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးစိန်မောင်ဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဒေါ်မမနိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းအဖွဲ့ (၁) တော်ဝင်ရုပ်စုံအဖွဲ့၊ ရန်ကုန်တိုင်းအဖွဲ့ (၂) မှ ဦးစိန်လှနှင့်အဖွဲ့၊ ဧရာဝတီတိုင်း ဦးစိုးမြင့်နှင့်အဖွဲ့ စုစုပေါင်း ငါးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အရေးဘာသာရပ်ပြိုင်ပွဲ

အဆိုဘာသာရပ်၊ အကဘာသာရပ်၊ အရေးဘာသာရပ်နှင့် အတီးဘာသာရပ် လေးမျိုးတွင် အရေးဘာသာရပ်သည် အခက်ခဲဆုံးဘာသာရပ်ဖြစ်ကြောင်း အရေးဘာသာရပ် အကဲဖြတ်ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေးတင့်အောင်က ပြောကြား ဖူးသည်။ အဆိုဘာသာရပ်တွင် မဟာဂီတ၊ ဓမ္မပူဇာတေး၊ ခေတ်ဟောင်းနှင့် ကာလပေါ်တေးသီချင်းတို့မှာ ယခင်ယခင်က အဆိုတော်ကြီးများ သီဆိုထားခြင်း၊ နမူနာစံပြသီချင်း ပြဌာန်းချက်များရှိခြင်းတို့ကြောင့် ပြိုင်ပွဲဝင်အနုပညာရှင်များ အလွယ်တကူ လေ့ကျင့်သီဆိုရုံသာရှိသည်။ ထို့အတူ အက ဘာသာရပ်ပြိုင်ပွဲတွင် ရှေးက ကကြိုးကကွက်များကို ဆရာနှင့် တီထွင် အကလေ့ကျင့်ပြီး ပြိုင်ပွဲဝင်နိုင်သည်။

အတီးဘာသာရပ်ပြိုင်ပွဲတွင် နမူနာစံပြတီးလုံးများရှိပြီး သင်ကြားပြသသော ဆရာနှင့် လေ့ကျင့်တီးမှုတ်ပြိုင်ပွဲဝင်နိုင်သည်။ အရေးဘာသာရပ်တွင် ထိုသို့မဟုတ်ဘဲ ပြိုင်ပွဲခန်းမထဲရောက်မှ မဲကျရာသီချင်း ခေါင်းစဉ်ကို သီချင်းရေးစပ်ရခြင်း ဖြစ်သည်။ ပြိုင်ပွဲစဝင်သည့် နေ့တွင် သီချင်းစာသားရေး၍ တေးသွားထည့်ရသည်။ မိမိရေးစပ်သော သီချင်းတွင် အသံမြိုင်စေရန် တီးလုံးစုံစေရန် ခြေဆင်း၊ တေးထပ်၊ ဒိန်းသံ၊ သြသံ၊ ဗြောသံ၊ ဒိုးပတ်၊ ရှမ်း အိုးစည်သံ၊ ရတု၊ ဗုံကြိုးသံ စသည်များကို စုံအောင်ထည့်သွင်း စပ်ဆိုကြရသည်။ စုံစည်း၊ နရီစည်း၊ ဝါးလတ်စည်း၊ သုတ်စည်း စသည်ဖြင့် စည်းမျိုးစုံလည်း ပါအောင်စပ်ဆိုကြရသည်။ ဤတေးသီချင်း၏ တေးသွားကိုလည်း ဂီတသင်္ကေတဖြင့် ရေးမှတ်ပေးရသည်။

ဒုတိယနေ့တွင် ယင်းစပ်ဆိုထားသောသီချင်းကို သီချင်းတိုက်ပြီး အကဲဖြတ်ဒိုင်အဖွဲ့က သတ်မှတ်ပေးသောနေ့တွင် ရေးသားစပ်ဆိုထားသော သီချင်းကို တူရိယာဝိုင်းနှင့်တွဲဖက် သီဆိုပြိုင်ပွဲဝင်ရသည်။ သီချင်းစာသားရေး တေးသွားထည့်ခြင်း၊ သီချင်းတိုက်ခြင်း၊ သီချင်းဆိုပြိုင်ပွဲဝင်ခြင်း ဟူသော အဆင့်သုံးဆင့် ပြီးမြောက်ပါမှ အရေးဘာသာရပ်ပြိုင်ပွဲဝင်ခြင်း ပြီးဆုံးသည်။ ဘာသာရပ်ခက်ခဲသည့်နည်းတူ ပြိုင်ပွဲဝင်ရသော ပုံသဏ္ဌာန်ကလည်း အခြားဘာသာရပ်များနှင့် လုံးဝမတူပေ။ ပထမအကြိမ်မှ နဝမအကြိမ်အထိ အရေးဘာသာရပ်ပြိုင်ပွဲ ရေးသားစပ်ဆိုခဲ့သော သီချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၃ ခုနှစ် ပထမအကြိမ် ပြိုင်ပွဲ

- မှတ်တမ်းတင်ထားခြင်း မရှိပါ။

၁၉၉၄ ခုနှစ် ဒုတိယအကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့်	တြိရတနာ
- ဝါသနာရှင်အဆင့်	ချိန်တန်ပြေ
- အဆင့်မြင့်ပညာအဆင့်	မြတ်နိုးသူ
- အခြေခံပညာ (၁၂နှစ်အထက်)	ဆုံစည်းရာနယ်မြေ
- အခြေခံပညာ (၁၂နှစ်အောက်)	ဆုံစည်းရာနယ်မြေ

၁၉၉၅ ခုနှစ် တတိယအကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့်	နိုင်ငံတော်သစ်
- ဝါသနာရှင်အဆင့်	ဇာတိဂုဏ်
- အဆင့်မြင့်ပညာအဆင့်	ပန်းမျာမွှေးတဲ့ ပြည်မြန်မာ
- အခြေခံပညာ (၁၂နှစ်အထက်) အဆင့်	မြန်မာသူရဲကောင်းများ
- အခြေခံပညာ (၁၂နှစ်အောက်) အဆင့်	မြန်မာသူရဲကောင်းများ

၁၉၉၆ ခုနှစ် စတုတ္ထအကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့်	စွယ်တော်လေးဆူ
- ဝါသနာရှင်အဆင့်	မွေခဲ့ထိုက်စေ
- အဆင့်မြင့်ပညာအဆင့်	မျိုးဆက်သစ်
- အခြေခံပညာ (၁၂နှစ်အထက်) အဆင့်	အစဉ်အလာကောင်း

- အခြေခံပညာ (၁၂နှစ်အောက်)
  အဆင့် ကျောင်းတက်ချိန်

၁၉၉၇ ခုနှစ် ပဉ္စမအကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့် ဦးတည်ချက်မှား:
  တို့လေးစားမည်
- ဝါသနာရှင်အဆင့် ပဉ္စဂိတ
- အဆင့်မြင့်ပညာအဆင့် မျိုးဆက်သစ်
- အခြေခံပညာ (၁၅-၂၀) အောင်ပွဲအဆင့်ဆင့်
  မြှင့်ခဲ့ပြီ
- အခြေခံပညာ (၁၀-၁၅) ဖူးပွင့်လာမည့်
  ပန်းကလေးများ
- အခြေခံပညာ (၅-၁၀)
  တို့ကျောင်းတော်သား:

မှတ်ချက်။ ။ ပဉ္စမအကြိမ်မှစ၍ အခြေခံပညာအဆင့်တွင် အဆင့် သုံးဆင့်ခွဲ၍ ပြိုင်ပွဲများကျင်းပသည်။

၁၉၉၈ ခုနှစ် ဆဋ္ဌမအကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့် ငြိမ်းချမ်းသာစည်
  ပုဂံပြည်
- ဝါသနာရှင်အဆင့် တစ်မိုးတစ်မြေ
  အရိပ်
- အဆင့်မြင့်ပညာအဆင့် အရှဏ်ဦး
- အခြေခံပညာ (၁၅-၂၀)
- အခြေခံပညာ (၁၀-၁၅) မိမွေ ဘမွေ
- အခြေခံပညာ (၅-၁၀) မိဘဆရာ ရိုသေပါ

၁၉၉၉ ခုနှစ် သတ္တမ အကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့် နှစ်ဆယ့်တစ်ရာစုနိဒါန်း:
- ဝါသနာရှင်အဆင့် မျိုးမြက်မြန်မာ
- အဆင့်မြင့်ပညာအဆင့် မျိုးဆက်သစ်တို့
  ဆုံဆည်းရာ
- အခြေခံပညာ (၁၅-၂၀) ဖွံ့ဖြိုးဝေစည်မြန်မာပြည်
- အခြေခံပညာ (၁၀-၁၅)
  တို့ကျောင်းဂုဏ်ရည်
- အခြေခံပညာ(၅-၁၀)
  မြတ်ဆရာ

၂၀၀၀ ပြည့်နှစ် အဋ္ဌမ အကြိမ် ပြိုင်ပွဲ

- ပညာရှင်အဆင့် လင်းအရှဏ်ဦး:
- ဝါသနာရှင်အဆင့် ဥယျာဉ်မှူးနှင့်
  ပန်းအလှမျာ:
- အဆင့်မြင့်ပညာ အဆင့် ရွှေပြည်သစ်ဆီသို့.
- အခြေခံပညာ (၁၅-၂၀) မြန်မာ့အား:မာန်
- အခြေခံပညာ (၁၀-၁၅) တို့.ပြည်ကို ကို.ချစ်သည်
- အခြေခံပညာ (၅-၁၀) တို့.ရည်မှန်းချက်

၂၀၀၁ ခုနှစ် နဝမ အကြိမ် ပြိုင်ပွဲ


- ပညာရှင်အဆင့် ဂီတစွမ်းအား:
- ဝါသနာရှင်အဆင့် ပြည်ထွန်းကား:
- အဆင့်မြင့်ပညာအဆင့် သုခုမအား:မာန်
- အခြေခံပညာ (၁၅-၂၀) ရွှေနိုင်ငံမှဖိတ်ခေါ်သံ
- အခြေခံပညာ (၁၀-၁၅) မြန်မာ့သား:ကောင်:
- အခြေခံပညာ (၅-၁၀) လူငယ်အား:မာန်
- အခြေခံပညာ (၅-၁၀) တို့.ကျောင်းတော်

အရေးဘာသာရပ် ပြိုင်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အနုပညာဦးစီးဌာနရှိ ကမ္ဘောဇောတ်ရုံတွင် ကျင်းပသည်။ နဝမအကြိမ် အရေးဘာသာရပ်ပြိုင်ပွဲများကို ကမ္ဘောဇောတ်ရုံတွင် ၁၅-၁၀-၂၀၀၁ မှ ၂၆-၁၀-၂၀၀၁ အထိ ၁၂ ရက် ကျင်းပသည်။ အရေးပြိုင်ပွဲတွင် ဆု၂၀ ချီးမြှင့်သည်။

အတီးဘာသာရပ်ပြိုင်ပွဲ

ပထမအကြိမ် ၁၉၉၃ ခုနှစ် အတီးဘာသာရပ်ပြိုင်ပွဲတွင် နဲ၊ ပလွေ၊ ပတ္တလား၊ စောင်း၊ ဆိုင်းဝိုင်း (အဖွဲ့လိုက်) ဟူ၍ တူရိယာ ငါးမျိုးကိုသာ ပြိုင်ပွဲကျင်းပ ပြုလုပ်ပေးခဲ့သည်။ ဝါသနာရှင် အဆင့်၊ အဆင့်မြင့်ပညာ အဆင့်၊ အခြေခံပညာ အဆင့်၊ အမျိုးသား၊ အမျိုးသမီးဟူ၍ ပြိုင်ပွဲကျင်းပပေးသည်။ ၁၉၉၄ ခုနှစ် ဒုတိယအကြိမ် အတီးဘာသာရပ်ပြိုင်ပွဲတွင် နဲ့ ကြိး၊ နဲ့သေး၊ ပတ္တလား၊ စောင်း၊ စန္ဒရား၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းဝိုင်း (တစ်ဦးချင်း) နှင့် ဆိုင်းဝိုင်း (အဖွဲ့လိုက်) တူရိယာများကို ပညာရှင်၊ ဝါသနာရှင်၊ အဆင့်မြင့်ပညာ၊ အခြေခံပညာ ၁၂နှစ်အထက်နှင့် အခြေခံပညာ ၁၂နှစ်အောက် အဆင့်နှင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

၁၉၉၅ ခုနှစ် တတိယအကြိမ်မှ ၂၀၀၁ ခုနှစ် နဝမအကြိမ်အထိ အတီးဘာသာရပ်ပြိုင်ပွဲများတွင် နဲ၊ တယော၊ စောင်း၊ ပတ္တလား၊ စန္ဒရား၊ အိုးစည်အဖွဲ့လိုက်၊ ဒိုးပတ်အဖွဲ့လိုက်၊ ဆိုင်းဝိုင်း (တစ်ဦးချင်း) နှင့် ဆိုင်းဝိုင်း (အဖွဲ့လိုက်) တူရိယာပြိုင်ပွဲများ ကျင်းပပြုလုပ်သည်။ ၁၉၉၆ ခုနှစ် စတုတ္ထ



အမျိုးသမီး ဆိုင်းပညာရှင်တစ်ဦးပြိုင်ပွဲဝင်နေစဉ်

အကြိမ် ပြိုင်ပွဲမှစ၍ ဝါသနာရှင်အဆင့် အမျိုးသမီးဆိုင်းပြိုင်ပွဲကို စတင်ကျင်းပသည်။ ၂၀၀၁ ခုနှစ် နဝမအကြိမ်တွင် မယ်ဒလင်တူရိယာပြိုင်ပွဲ ထပ်မံထည့်သွင်းကျင်းပသည်။

နှစ်စဉ် အတီးဘာသာရပ်ပြိုင်ပွဲများကိုစမ်းချောင်းမြို့နယ် ပဒုမ္မာဇာတ်ရုံတွင် ကျင်းပပြုလုပ်သည်။ အတီးဘာသာရပ်သည် တူရိယာပစ္စည်းအမျိုးအမည်များပြားခြင်း၊ ပြိုင်ပွဲအဆင့်ခြောက်မျိုးရှိခြင်း၊ ကျား/မ ပြိုင်ပွဲများ ခွဲခြားကျင်းပရခြင်းတို့ကြောင့် အချိန်မီပြီးစီးရန် အမျိုးသားဇာတ်ရုံနှင့် ကမ္ဘာဇာတ်ရုံများတွင် နေရာခွဲ၍ ကျင်းပရသည်။

နဝမအကြိမ် အတီးဘာသာရပ်ပြိုင်ပွဲများကို ၁၅-၁၀-၂၀၀၁ မှ ၃၀-၁၀-၂၀၀၁ အထိ ၁၆ ရက်ကျင်းပပြုလုပ်ခဲ့ပြီး အတီးပြိုင်ပွဲတွင်ဆု ၂၂၁ဆု ချီးမြှင့်သည်။

နေ့အလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော တူရိယာနှင့် သီချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၅.၁၀.၂၀၀၁

ပညာရှင် (ကျား)	မယ်ဒလင်	ညာသပြေ ဘောင် (ကြိုး)
အခြေခံပညာ(၅-၁၀) (ကျား)	မယ်ဒလင်	တံကျာတေရှင် (ကြိုး)

၁၆.၁၀.၂၀၀၁

ဝါသနာရှင် (ကျား/မ)	မယ်ဒလင်	သောင်ရွှေလည် (ယိုးဒယား)
အခြေခံပညာ (၁၀-၁၅)	ပတ္တလား	စံရာကောင် ကျွန်း (ကြိုး)
အခြေခံပညာ (၁၅-၂၀) (ကျား)	ပတ္တလား	ဧရယျာအောင် ချာ (ကြိုး)
အခြေခံပညာ (၅-၁၀) (မ)	ပတ္တလား	ထွေတလာ (ကြိုး)

၁၉.၁၀.၂၀၀၁

အခြေခံပညာ (၁၀-၁၅)(မ)	ဆိုင်းဝိုင်း (တစ်ဦးချင်း)	မိုင်းမြမြ (သီချင်းခဲ)
အဆင့်မြင့်ပညာ (မ)	ဆိုင်းဝိုင်း (တစ်ဦးချင်း)	ကျွန်းကျွန်း ပိုင်သ (ကြိုး)



အတီးပြိုင်ပွဲဝင်နေသောအဖွဲ့တစ်ဖွဲ့

အခြေခံပညာ (၁၅-၂၀) (မ) ဆိုင်းဝိုင်း (တစ်ဦး:ချင်း:) ညဉ့်သုံးယံ (ပတ်ပျိုး) ပညာရှင် (မ) ပတ္တလား: ရွှေပန်း:ပန်နှင့် ကိုယ်ကော် နှင်း:နံ့ (လေး: ထွေသံကပ်)

ပညာရှင် (ကျား:) ပတ္တလား: နှင်း:ယွန်း: ဂိမာန် (မွန်)

ဝါသနာရှင် (မ) ပတ္တလား: ဘုန်း:ဆင့်ဆင့် တိုး (ပတ်ပျိုး)

အခြေခံပညာ (၁၀-၁၅) (ကျား:) ပတ္တလား: မြရည်နန္ဒာ (ဘွဲ့)

၂၀.၁၀.၂၀၀၁

ဝါသနာရှင် (ကျား:) ပတ္တလား: ကန်တာလေ တောင်ခြေ (ယိုး:ဒယား:)

အဆင့်မြင့်ပညာ (မ) ပတ္တလား: မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

အဆင့်မြင့်ပညာ (ကျား:) ပတ္တလား: မြိုင်ဟေမာ (ယိုး:ဒယား:)

၂၁.၁၀.၂၀၀၁

အခြေခံပညာ (၅-၁၀) (ကျား:) ပတ္တလား: ဇေယာမို့ (ကြိုး:)

အခြေခံပညာ(၁၅-၂၀)(မ) ပတ္တလား: ဇေယျာအောင်ချာ (ကြိုး:)

၂၂.၁၀.၂၀၀၁

ပညာရှင် (မ) စောင်: မြဂန္ဓမာ (ယိုး:ဒယား:)

အခြေခံပညာ (၅-၁၀) (မ) ပတ္တလား: စိမ်း:လဲ့လဲ့ (ကြိုး:)

အခြေခံပညာ (၁၀-၁၅) (ကျား:) စန္ဒရား: အတိုင်း:မသိ (ဘွဲ့)

အခြေခံပညာ (၁၅-၂၀) (မ) စန္ဒရား: မြိုင်ဟေမာ (ယိုး:ဒယား:)

၂၃.၁၀.၂၀၀၁

ဝါသနာရှင် (မ) စောင်: မြန်သပြေ ဖွေတစ်ကျွန်း: မြေခြား (ယိုး:ဒယား:)

ပညာရှင် (ကျား:) စောင်: ဘုန်း:မျာ:မျာ: မင်း: (ပတ်ပျိုး)

အခြေခံပညာ (၁၀-၁၅) (မ) စောင်း: ကုက္ကာလာ (ယိုးဒယား)
အဆင့်မြင့် (ကျား:) စန္ဒရား: ဖြေလျော့ခွေ (ပတ်ပျိုး)
ပညာရှင် (မ) စန္ဒရား: ပန်းမြိုင်လည် (ယိုးဒယား)
အခြေခံပညာ (၅-၁၀) (ကျား:) စန္ဒရား: သာယာ (ကြိုး)

၂၄.၁၀.၂၀၀၁

အခြေခံပညာ (၁၀-၁၅) (ကျား:) စောင်း: မြန်ခန်းကျွန်း တွင် (ကြိုး)
အဆင့်မြင့်ပညာ (မ) စောင်း: ထက်မိုးသူဇာ ကက (သီချင်းခဲ့)
အခြေခံပညာ (၅-၁၀) (ကျား:) စောင်း: ထွေတလာ (ကြိုး)
အခြေခံပညာ (၁၅-၂၀) (ကျား:) စန္ဒရား: ဝေဇယန်နှင့် နန်းငြား (ကြိုး)

၂၅.၁၀.၂၀၀၁

အခြေခံပညာ (၁၀-၁၅) (ကျား:) ဆိုင်းဝိုင်း: (တစ်ဦးချင်း) မိုင်းမြမြ (သီချင်းခဲ့)
အခြေခံပညာ (၅-၁၀) (ကျား:) ဆိုင်းဝိုင်း: (တစ်ဦးချင်း) ဇေယျာမြို့ (ကြိုး)
ဝါသနာရှင် (ကျား:/မ) စန္ဒရား: အောင်မြေမြမန်: (ပတ်ပျိုး)
အခြေခံပညာ (၁၀-၁၅) စန္ဒရား: အကိုင်းမသိ (ဘွဲ့)

၂၆.၁၀.၂၀၀၁

ပညာရှင် (ကျား:) စန္ဒရား: မြိုင်ခြေတစ် ခွင် (ပတ်ပျိုး)
အဆင့်မြင့်ပညာ (၅-၁၀) (မ) စန္ဒရား: တောဂိရိ (ကြိုး)

၂၇.၁၀.၂၀၀၁

အခြေခံပညာ (၁၅-၂၀) (ကျား:/မ) စောင်း: အကိုင်းမသိ (ဘွဲ့)
အဆင့်မြင့်ပညာ (ကျား:) စောင်း: ဘုန်းမိုးလွှာစေ (ကြိုး)

ဝါသနာရှင် (ကျား:) စောင်း: ရှစ်စုံရွှက်ကြာ (ပတ်ပျိုး)
ပညာရှင် (ကျား:) တယော ဟဝန်စုံမြိုင် (ပတ်ပျိုး)
အခြေခံပညာ (၅-၁၀) (ကျား:) တယော သီတာ (ကြိုး)
အခြေခံပညာ (၅-၁၀) (မ) တယော သီတာ (ကြိုး)
အဆင့်မြင့်ပညာ (ကျား:/မ) တယော မိုးလုံးပတ်လည် (ပတ်ပျိုး)

၂၈.၁၀.၂၀၀၁

ဝါသနာရှင်(မ) ဆိုင်းဝိုင်း: (တစ်ဦးချင်း) ဘုန်းဆင့်ဆင့် တိုး (ပတ်ပျိုး)
အခြေခံပညာ (၅-၁၀) (မ) ဆိုင်းဝိုင်း: (တစ်ဦးချင်း) ဘုံဆောင်မြင့် (ကြိုး)
ပညာရှင်(မ) ဆိုင်းဝိုင်း: (တစ်ဦးချင်း) ကြောက်ပွဲ့ ဘုန်းတန်: (ကြိုး)
ပညာရှင် နဲ့ စိန်ကြောင်နီ လာ (ပတ်ပျိုး)
အခြေခံပညာ (၅-၁၀) နဲ့ ထွေကလာ (ကြိုး)

၂၉.၁၀.၂၀၀၁

ဝါသနာရှင် (ကျား:) နဲ့ ထောင်ရောင် နေကသာ (သီချင်းခဲ့)
အခြေခံပညာ (၁၅-၂၀) နဲ့ ကြဲကြဲဖန်ဖန် (ယိုးဒယား)
အခြေခံပညာ (၁၀-၁၅) နဲ့ သြဘာမင်္ဂလာ (ဘွဲ့)

၃၀.၁၀.၂၀၀၁

ဝါသနာရှင် (ကျား:) တယော တောမြိုင်မြေ လမ်: (ယိုးဒယား)
အခြေခံပညာ (၁၅-၂၀) (ကျား:) တယော ညဉ့်သုံးယံခါ (ပတ်ပျိုး)
အခြေခံပညာ (၁၀-၁၅) (ကျား:) တယော ဇေယျမြို့ (ကြိုး)
အခြေခံပညာ (၁၀-၁၅) (မ) တယော မြရည်နန္ဒာ (ဘွဲ့)

နဝမအကြိမ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းအလိုက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ရရှိမှုမှာ အောက်ပါဇယားအတိုင်းဖြစ်သည် –

စဉ်	ပြည်နယ်/တိုင်း	ရွှေ	ငွေ	ကြေး	အားပေး	စုစုပေါင်း
၁	ရန်ကုန်တိုင်း	၁၀၃	၆၃	၃၉	-	၂၀၅
၂	မန္တလေးတိုင်း	၂၅	၂၇	၃၀	-	၈၂
၃	ရောဝတီတိုင်း	၁၂	၁၇	၁၃	-	၄၂
၄	ပဲခူးတိုင်း	၈	၅	၁၀	-	၂၃
၅	ရခိုင်ပြည်နယ်	၆	၈	၆	၁	၂၁
၆	မကွေးတိုင်း	၄	၂	၇	-	၁၃
၇	ကချင်ပြည်နယ်	၄	၁	၇	-	၁၂
၈	တနင်္သာရီတိုင်း	၃	၅	၃	-	၁၁
၉	ရှမ်းပြည်နယ်	၂	၄	၆	-	၁၂
၁၀	ကရင်ပြည်နယ်	၂	၃	၄	-	၉
၁၁	မွန်ပြည်နယ်	၁	၉	၁၂	-	၂၂
၁၂	စစ်ကိုင်းတိုင်း	၁	၇	၁၂	-	၂၀
၁၃	ကယားပြည်နယ်	၁	၃	၃	-	၇
၁၄	ချင်းပြည်နယ်	-	၃	၅	-	၈
	စုစုပေါင်း	၁၇၂	၁၅၇	၁၅၇	၁	၄၈၇

အိုးစည်ဒိုးပတ်နှင့် ဆိုင်းဝိုင်းအဖွဲ့လိုက် ပြိုင်ပွဲများတွင် သတ်မှတ်ထား သော သီချင်းမရှိပါ။ သတ်မှတ်ချက်အချို့နှင့် အတိုင်းအတာတစ်ခုအတွင်း ပတ်ပျိုး၊ ယိုးဒယား၊ ဘွဲ့၊ သီချင်းခဲ့ထဲမှ တစ်ခုခုကို လည်းကောင်း၊ ရွေးခေတ်ဆိုင်းဆရာ ရွာစား တို့၏ တီးလုံးလက်စွမ်းပြများကိုလည်းကောင်း၊ အိုးစည်၊ ဒိုးပတ်ဝိုင်းတို့တွင် ကျေးလက်ရိုးရာ၊ ကောက်စိုက်တေး၊ ဗုံကြိုးသံ စသည်များကိုလည်းကောင်း သီဆိုတီးမှုတ်ရသည်။

နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်ခြောက်ရပ်မှာ –

(၁) မိမိတို့ နိုင်ငံသူနိုင်ငံသား အားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်ထက်မြက်မြင့်မားရေး

(၂) မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး

(၄) မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး

(၅) လူငယ်တို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး

(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး


တို့ ဖြစ်သည်။

သီသီအေး (ပြန်/ဆက်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့။ ။၂၀၀၁ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကို ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် မိန့်ခွန်းပြောကြား သည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကျရောက်တိုင်း အစဉ်အလာ မပျက် ကျင်းပလျက်ရှိရာ ကမ္ဘာ့ပြည်သူများ၏ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံတော်၏ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာမည်မျှရှိသည်ကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံး စာတတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ချမှတ်ထားသည့် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံပြည်သူများ၏ ခိုင်မာသောရည်မှန်းချက်နှင့် အမျိုးသားရေး သန္နိဋ္ဌာန်တို့ကို ပေါ်ပေါ်လွင်လွင် ဖော်ထုတ် ပြသနေခြင်းလည်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံထောင့်စုံက ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသား ပညာရည်မြင့်မားရေးကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသား အားလုံး အခြေခံစာတတ်မြောက်ရေး၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာ



ဒုတိယမိုလ်ချုပ်ကြီး ခင်ညွန့်. ၂၀၀၁ ခုနှစ်
နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ပြခန်းကိုကြည့်ရှုနေစဉ်

ရှင်မျာ:မွေး:ထုတ်ရေး၊ အချိန်အခါ အသက်အရွယ်နှင့် ပညာ အဆင့်အတန်:မရွေး အမြဲထာဝရ ပညာသင်ယူနိုင်သည့် အခွင့်အလမ်:နှင့် အခြေခံမျာ:ဖန်တီ:ပေ:ပြီ: စဉ်ဆက်မပြတ် ပညာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်:ကြီ: ပေါ်ထွန်: လာရေ:ဟူသည့် ကဏ္ဍသုံ:ရပ်ကို ဟန်ချက်ညီညီ ပေါင်:စပ် ဆောင်ရွက်နေခြင်:ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသား:အာ:လုံ: စာတတ်မြောက်ရန် "လူတိုင်:အတွက် ပညာရေ:စီမံကိန်:" **(Education for All)** ကို ချမှတ်ပြီ: ကျောင်:တွင်:ပညာရေ:နှင့် ကျောင်:ပြင်ပ ပညာရေ:ကို ဆက်စပ်ပေ:၍ နိုင်ငံသူ နိုင်ငံသား:အာ:လုံ: အသက်အရွယ်၊ အဆင့်အတန်:၊ ဆင်:ရဲချမ်:သာမရွေ: အခြေခံစာတတ်မြောက်စေရေ:နှင့် စာတတ်မြောက်ပြီ:သူ မျာ:အတွက် ဆက်လက်လေ့လာဆည်:ပူ:နိုင်မည့် စဉ်ဆက် ပညာရေ:ဖြစ်ထွန်:လာစေရေ:ဟူသည့် မျှော်မှန်:ချက်ကို စနစ်တကျ စီမံဆောင်ရွက်ပေ:လျက်ရှိသည်။ မြန်မာလူမျိ: မျာ:သည် ပညာကိုတန်ဖို:ထာ: လေ:စာ:မြတ်နိ:တတ်သည့် လူမျိ:မျာ:ဖြစ်သည့်အပြင် နှစ်ပေါင်:ထောင်ချီပြီ: ရှည်လျာ: သော သမိုင်:စဉ်တစ်လျှောက်တွင် မြင့်မာ:သော ယဉ်ကျေ:မှု အဆင့်အတန်:ကို ပိုင်ဆိုင်ခဲ့ကြ၍ သူ့ကျွန်ဘဝမကျရောက် မီက စာတတ်မြောက်မှုနှုန်: လွန်စွာမြင့်မာ:ခဲ့သည်။ ကိုလိုနီ လက်အောက်ကျရောက်ခဲ့သည့် ၁၈၁၆ ခုနှစ်တွင် မြန်မာ လူမျိ:တို့၏ စာတတ်မြောက်မှုနှုန်: ၈၅ ရာခိုင်နှုန်:ကျော် ရှိခဲ့ ရာမှ ကိုလိုနီလက်အောက်ရောက်စဉ် အမျိ:ဘာသာ သာသနာ ချို:နှိမ်ခံခဲ့ရပြီ: ပညာရေ:ကို ဦ:စာ:မပေ:ခြင်: ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေ:ရရှိသည့် ၁၉၄၈ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်: ၃၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

လွတ်လပ်ရေ:ရပြီးနောက် မြန်မာနိုင်ငံအစို:ရ အဆက် ဆက်က နိုင်ငံသူ နိုင်ငံသား:မျာ:၏ စာတတ်မြောက်မှုနှုန်: ပြန်လည်တို:တက်လာစေရန် အစဉ်တစိုက် ကြို:ပမ်:ဆောင် ရွက်ခဲ့ကြသည်။ ဤသို့ဆောင်ရွက်ခဲ့သည့်အတွက် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေ:ရခါစကာလတွင် စာမတတ်မြောက်သူ ၆၅ ရာခိုင်နှုန်:ရှိခဲ့ရာမှ ၁၉၆၃ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်:၊ ၁၉၈၃ ခုနှစ်တွင် ၂၁ ဒသမ ၄ ရာခိုင်နှုန်:အထိ တဖြည်: ဖြည်:ကျဆင်:အောင် စွမ်:ဆောင်လာနိုင်ခဲ့သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်အစို:ရအနေဖြင့် တစ်မျိ:သား:လုံ:ပညာရည်မြင့်မာ:ရေ:ဦ:တည်ချက်ဖြင့် ပညာရည်မြှင့်တင်မှု အစီအစဉ်မျာ:၊ အမျိ:သား:ပညာရည် မြင့်မာ:ရေ: အထူ:လေ:နှစ်စီမံကိန်:မျာ:၊ အမျိ:သား:နှစ်ရှည် ပညာရေ:စီမံကိန်:မျာ:ချမှတ်ပြီ: အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူတိုင်:အတွက် ပညာရေ:အစီအစဉ် ကိုလည်: လိုက်လျောညီထွေဖြစ်အောင် စနစ်တကျ ဆက်စပ်ယှဉ်တွဲ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်:

ဖြစ်သည်။ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားအဆင့် "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီ"၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် "လူတိုင်းအတွက်ပညာရေးလုပ်ငန်းဆိုင်ရာဦးစီးကော်မတီ" နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်များတွင် လူတိုင်းအတွက် ပညာရေးလုပ်ငန်းကော်မတီ အဆင့် ဆင့်ဖွဲ့စည်းပြီး ပညာရည်တိုးတက်မြင့်မားလာအောင် လူတိုင်းအတွက် ပညာရေးအစီအစဉ်များကို စနစ်တကျအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူတိုင်းအတွက် ပညာရေးအစီအစဉ်တွင် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများ ဆက်စပ်ကာ မျှော်မှန်းချက်များအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ကျောင်းနေရွယ် ကလေးငယ်အား လုံး အခြေခံပညာသင်ယူခွင့်ရရှိစေပြီး ကျောင်းနေကလေးဦးရေ၏ အနည်းဆုံး ရာခိုင်နှုန်း ၈၀ ကို မူလတန်းပညာပြီးဆုံးစေရေးနှင့် သက်ကြီးစာမတတ်သူနှုန်းကို ၁၁ ရာခိုင်နှုန်းအထိ လျှော့ချရေးဟူသည့် မျှော်မှန်းချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်လာခြင်းဖြစ်သည်။ ကျောင်းနေရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့်ရရေးအတွက် ၁၉၉၉ ခုနှစ်၊ ပညာရေးမြင့်တင်မှုအစီအစဉ် (ဒုတိယအဆင့်) မှ စတင်၍ မူလတန်းအဆင့်ကျောင်းနေနှုန်း တိုးတက်မြင့်မားရေး အစီအစဉ်ကို တစ်နိုင်ငံလုံး လွှမ်းခြုံအကောင်အထည်ဖော် ဆောင်ရွက်သည်။ နိုင်ငံတော်အစိုးရဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်း လူမှုအသင်းအဖွဲ့များပူးပေါင်းပြီး ကျောင်းနေရွယ်ကလေးငယ်တိုင်း မူလတန်းပညာသင်ယူနိုင်ရေးအတွက် ကျောင်းအပ်နှံရေးနေ့များ သတ်မှတ်၍ စည်းရုံးပညာပေးမှုများ၊ ကူညီပံ့ပိုးမှုများ၊ ပညာသင်စရိတ်ထောက်ပံ့မှုများ၊ ကျောင်းသုံးပရိဘောဂနှင့် စာအုပ်စာတမ်း စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ၊ ထီး၊ ဖိနပ်၊ မိုးကာ အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးမှုများ စသည့် လူထုလုပ်ရှားမှုအသွင်ဖြင့် အဘက်ဘက်ကစည်းရုံးပံ့ပိုးဆောင်ရွက်ပေးမှုများ ပြုလုပ်ပေးခဲ့ခြင်းကြောင့် မူလတန်းကျောင်းဝင်နှုန်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာသည်။ အသက်ငါးနှစ်ပြည့်ပြီး ကလေးများ၏ကျောင်းဝင်နှုန်းသည် ၁၉၉၉ – ၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၀၀ – ၂၀၀၁ ပညာသင်နှစ်တွင် ၉၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၀၁ – ၂၀၀၂ ပညာသင်နှစ်တွင် ၉၂ ဒသမ ၀၅ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးတက်လျက်ရှိသည်။ ကျောင်းပြင်ပပညာရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အကြောင်းကြောင်း မူလတန်းပညာမပြီးဆုံးသူများ၊ အသက်ကြီးရင့်သော်လည်း ကျောင်းမနေခဲ့ရသူများနှင့် သက်ကြီးစာမတတ်မြောက်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုကြောင့် ခရိုင်လုံးကျတ်၊ တိုင်းလုံးကျတ်စာတတ်မြောက်ရေး လှုပ်ရှားမှုများအပါအဝင် တစ်နိုင်ငံလုံးတွင် စာတတ်မြောက်ရေး လှုထုလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။

နိုင်ငံတော် အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက "နယ်စပ်ဒေသမှာရှိတဲ့ကျောင်းနေရွယ်ကလေးများ ကျောင်းရောက်ရှိရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရခဲ့တဲ့ ကျောင်းနေအရွယ် လွန်လာတဲ့သူများ စာတတ်မြောက်စေဖို့ 'အ' သုံးလုံးသင်တန်းများ ဖွင့်လှစ်ရေး" လမ်းညွှန်ခဲ့မှုရှိခြင်းကြောင့် နယ်စပ်ဒေသ နွေရာသီ 'အ' သုံးလုံးသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ စီမံဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာမတတ်သူနှုန်းကို ၂၀၀၀ ပြည့်နှစ်တွင် ၁၁ ရာခိုင်နှုန်းရှိစေရန် မျှော်မှန်းခဲ့သော်လည်း လက်တွေ့တွင် ကိုးရာခိုင်နှုန်းအထိ လျှော့ကျအောင် ပိုမိုစွမ်းဆောင် ပေးနိုင်ခြင်းကြောင့် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၁ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်။ ၂၀၀၀ – ၂၀၀၁ ပညာသင်နှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ထပ်မံတိုးမြှင့်နိုင်ခဲ့သည့်အပြင် စာတတ်ပြီးသူများအတွက် စဉ်ဆက်ပညာရေးအစီအစဉ်များကိုလည်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဆက်လက် အကောင်အထည် ဖော်နေကြပြီဖြစ်သည်။

၂၀၀၁ ခုနှစ်၊ စာတတ်မြောက်ရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ်ကောင်းများအဖြစ် နယ်စပ်ဒေသ 'အ' သုံးလုံးအစီအစဉ်ဖြင့် ကျိုင်းတုံအရှေ့ဒေသ၊ ရှမ်းဒေသမိုင်းရယ်နှင့်သီပေါ၊ ပလောင်ဒေသ၊ ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ နာဂဒေသနှင့် ရခိုင်ဒေသတို့မှ စာတတ်မြောက်လာသူ ၇၅၁၅ ဦး၊ ဧရာဝတီတိုင်းနှင့် မကွေးတိုင်း ကောက်သင်းကောက် 'အ' သုံးလုံးသင်တန်းများမှ စာတတ်မြောက်လာသူ ၅၂၇၆၇ ဦး၊ ပဲခူးတိုင်းနှင့်မွန်ပြည်နယ် 'အ' သုံးလုံးသင်တန်း

များမှ စာတတ်မြောက်လာသူ ၈၂၃၇၃ ဦး၊ စုစုပေါင်း စာတတ်မြောက်လာသူ ၁၄၂၆၅၅ ဦး ထပ်မံတိုးတက်လာသည်။ ၂၀၀၂ ခုနှစ်တွင် စာတတ်မြောက်ပြီးသည့် ပြည်နယ်၊ တိုင်းများ၌ စာတတ်မြောက်ရေး ကောက်သင်းကောက်လုပ်ငန်းများဆောင်ရွက်ရင်း ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ပြည်နယ်လုံးကျတ် အခြေခံစာတတ်မြောက်ရေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

စာတတ်မြောက်လာသူများအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေးလုပ်ငန်းများပါဝင်သော **Continuing Education (C.E)** ဟုခေါ်သည့် စဉ်ဆက်ပညာရေးအစီအစဉ်များကို ရပ်ရွာပညာပဒေသာဌာနများ ဖွင့်လှစ်၍ အကောင်အထည်ဖော်နေပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ထပ်မံလမ်းညွှန်ချက်အရ တိုးတက်အောင်မြင်မှုများကို ဆက်လက်မြှင့်တင်ပြီး ပြည်နယ်၊ တိုင်းမှသည် မြို့နယ်၊ ကျေးရွာအထိ ပညာဘဏ်စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် အစဉ်သင်ယူနေသည့် မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက်ရေး မျှော်မှန်းချက်သည် မဝေးလှသော အနာဂတ်တွင် လက်တွေ့အကောင်အထည်ပေါ်လာမည်ဟု မျှော်မှန်း၍ ရနိုင်နေပြီဖြစ်သည်။

နိုင်ငံတကာစာတတ်မြောက်ရေး လှုပ်ရှားမှုများတွင် မြန်မာနိုင်ငံ၏တက်ကြွစွာ ပူးပေါင်းပါဝင် ဆက်စပ်လှုပ်ရှားမှုများကိုကြည့်လျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၊ ဂျွန်တီယမ်မြို့၌ ကျင်းပခဲ့သည့် လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးသို့ တက်ရောက်ခဲ့ချိန်မှစပြီး အရှိန်အဟုန်ဖြင့် မြှင့်တင်ကြီးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာ၏လှုပ်ရှားမှုများနှင့် ဟန်ချက်ညီညီ ဆက်စပ်ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ လှူဒါန်းမှုဖြင့် ခေတ်မီအီလက်ထရွန်းနစ်ပစ္စည်းကိရိယာများတပ်ဆင်ထားသည့် "မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန **(Litracy Resource Centre)**" ကို ၂၀၀၀ ပြည့်နှစ်အတွင်း တည်ထောင်ပြီးဖြစ်သည်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနတွင် တစ်နှစ်တာကာလအတွင်း ကျောင်းပြင်ပ ပညာရေးလုပ်ငန်းဆွေးနွေးပွဲ **(Workshop)** ပေါင်း ၃၀ ခန့် ကျင်းပနိုင်ခဲ့ပြီး တက်ရောက်သူပေါင်း ၁၆၁၈ ဦးကို လုပ်ဆောင်နိုင်မှု စွမ်းရည်မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် ကျောင်းပြင်ပ ပညာရေးဆိုင်ရာအချက်အလက်များနှင့် ပထဝီဝင်ဆိုင်ရာ အချက်အလက်များကို ခေတ်မီ **Geographical Information System** အရ ပြုစုထိန်းသိမ်းနိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံဝေဘန်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ ပညာရည်အဆင့်အတန်းမြင့်မားရေးနှင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် လုပ်ငန်းစဉ်နှစ်ရပ် အောင်မြင်အကောင်အထည်ပေါ်လာရေးအတွက် ကျေးလက်နေပြည်သူများ စာတတ်မြောက်ရေးနှင့် မိသားစုဝင်ငွေတိုးရေး ကြိုးပမ်းဆောင်ရွက်နေသည့် လူတိုင်းအတွက်ပညာရေးလုပ်ငန်းစဉ်များက များစွာအထောက်အကူပြုလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အပြုသဘောလှုပ်ရှားမှုအား လုံးတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည့် အစဉ်အလာကောင်းနှင့်အညီ နိုင်ငံတကာစာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးလှုပ်ရှားမှုလုပ်ငန်းများတွင် ဆက်လက်၍ အားကြိုးမာန်တက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၀၁ ခုနှစ်နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၁ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းဆင့် ပထမဆုရ ဝန္နဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မမေသွင်ဇော်၊ ဒုတိယဆုရ ညောင်လေးပင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မရှုမဝ၊ တတိယဆုရ မုံရွာမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်လင်းထက်၊ အခြေခံပညာ အလယ်တန်းဆင့် ပထမဆုရ ဘိုကလေးမြို့ အမှတ် (၁) အခြေခံပညာ

အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဟန်မင်းသန်း၊ ဒုတိယဆုရ လေးမျက်နှာမြို့ ခမောက်စု အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မနန့်ရည်မွန်သွင်၊ တတိယဆုရ ညောင်ဦးမြို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မသင်းနွယ်အေးတို့အား ဆုမျာ်းချီးမြှင့်သည်။

၂၀၀၁ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အမေးအဖြေကဏ္ဍ အစီအစဉ်ကို စက်တင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနဒ္ဒ ကျင်းပသည်။ အမေးအဖြေ ကဏ္ဍအစီစဉ်သို့ တက်ရောက်သူမျာ်းက ကျောင်းပြင်ပ ပညာရေးအမေးအဖြေကဏ္ဍ မေးခွန်း ၂၀ မေးမြန်းရာ ဦးသန်းဦး၊ ဒေါက်တာရဲအောင်၊ ဦးသောင်းထွဋ်နှင့် ဦးဟန်တင်တို့က အသီးသီးပြန်လည်ဖြေကြား သည်။

၂၀၀၁ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို စက်တင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနဒ္ဒ ကျင်းပသည်။ စာတမ်းဖတ်ပွဲတွင် ပညာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးသန်းဦးနှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ပညာရေးသုတေသနအရာရှိ ဦးစောအောင်တို့က “အမျိုးသားပညာရည်မြင့်မားရေး လူတိုင်းစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု လေ့လာတင်ပြချက် (၂၀၀၀ – ၂၀၀၁)” စာတမ်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက “၂၀၀၁ ခုနှစ် နွေရာသီ နယ်စပ်ဒေသ ‘အ’ သုံးလုံးသင်တန်းများ အကောင်အထည်ဖော်မှု အခြေအနေတင်ပြချက်” စာတမ်း၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဟန်က **“CE in Myanmar (စဉ်ဆက်ပညာရေး သဘောသဘာဝ)”** စာတမ်းနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ လက်ထောက်ပညာရေးသုတေသနအရာရှိ ဒေါ်ညွန့်ညွန့်က “ကျောင်းပြင်ပပညာရေးအတွက် သတင်းအချက်အလက်နည်းပညာအသုံးချမှု အခြေအနေ” စာတမ်းတို့ကို အသီးသီးဖတ်ကြားတင်သွင်းခဲ့ကြပေသည်။

စိုးအောင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းများ။ ။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်ထည်ဖော်ရေးဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မူဝါဒပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဗဟိုကော်မတီအစည်းအဝေးများကျင်းပ၍ ချမှတ်ပေးသည်။ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးသည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက နယ်စပ်ဒေသတိုင်းရင်းသားများနှင့် ဟန်ချက်ညီညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ လမ်းတံတားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေး ကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍနှင့် နယ်စပ်ဒေသ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများအား အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ပေးသကဲ့သို့ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပယ်ဖျောက်ရေးအတွက် စီမံကိန်းရေးဆွဲချမှတ်ပြီး အကောင်ထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ချမှတ်ပေးသော မူဝါဒများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လမ်းတံတားကဏ္ဍ – ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများကို အထူးဦးစား



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်အား လက်ဆောင်ပေးအပ်စဉ်

ပေးဆောင်ရွက်ခဲ့ရာ မြေလမ်း ၂,၆၅၄ မိုင်၊ ကျောက်ခင်းလမ်း ၁,၄၀၂ မိုင်၊ ကတ္တရာလမ်း ၂၈၃ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂,၅၉၆ မိုင်၊ တံတားကြီး ၃၉ စင်း၊ တံတားငယ် ၆၂၇ စင်းနှင့် ကြိုးတံတား ၁၆ စင်း တို့ကို တည်ဆောက် ပေးနိုင်ခဲ့ပြီးဖြစ်၍ တိုင်းရင်းသား အချင်းချင်း ကူးလူးဆက်ဆံရင်းနှီးမှု၊ ကုန်စည်ကူးသန်း ရောင်းဝယ်မှုများ များစွာ တိုးတက်ကောင်းမွန်လာသည်။

စွမ်းအင်ကဏ္ဍ – နယ်စပ်ဒေသမြို့ရွာစ်မြို့တွင် အငယ်စား၊ အလတ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ရွာ ၁၇၇ ခုတွင်လည်း မီးစက် ၂၄၁ လုံး တပ်ဆင်ပေးခြင်းကြောင့် မြို့ရွာမီးလင်းရေးနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

ဆက်သွယ်ရေးကဏ္ဍ – စာတိုက် ၅၃ ခု၊ ရေဒီယိုတယ်လီဖုန်းစခန်း ၄၅ ခု၊ မြို့တွင်းအိတ်ချိန် ၅၄ ခု၊ တယ်လီဖုန်းအဝေးလိုင်း ၄၄၂ မိုင်၊ ကယ်ရီယာစက်ခုံ ၂၁ ခု၊ ကြေးနန်းရုံး ၄၅ ရုံး၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်း ၁၁ ခုတို့ကို တည်ဆောက်ပေးနိုင်ခြင်းကြောင့် နယ်စပ်ဒေသလူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည်။

ပညာရေးကဏ္ဍ – နယ်စပ်ဒေသအသီးသီးတွင် မူလတန်းကျောင်း ၃၃၆ ကျောင်း၊ အလယ်တန်းကျောင်း ၄၈ ကျောင်း၊ အထက်တန်းကျောင်း ၁၉ ကျောင်း တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ပေးခြင်းကြောင့် ၁၉၈၉ – ၉၀ ပညာသင်နှစ်၌ မူလတန်းကျောင်းသား ၁,၅၄၁ ယောက်နှင့် အလယ်တန်းကျောင်းသား ၁၂ ယောက်သာရှိခဲ့သည့် ဒေသများတွင် မူလတန်းကျောင်းသား ၄၆,၀၁၈ ဦး၊ အလယ်တန်းကျောင်းသား ၁၉,၅၀၆ ဦး၊ အထက်တန်းကျောင်းသား ၁,၇၁၅ ဦး စုစုပေါင်းကျောင်းသား ၆၉,၃၃၉ ဦး ပညာသင်ကြားနေပြီး နယ်စပ်ဒေသများတွင် အခြေခံပညာအထက်တန်းအောင် ကျောင်းသား ၆၅၄ ယောက် ရှိသည်။

ကျန်းမာရေးကဏ္ဍ – နယ်စပ်ဒေသသီးသီးတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀၊ ကျေးလက်ကျန်းမာရေးဌာန ၁၈ ခု၊ ဆေးပေးခန်း ၇၄ ခု၊ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ဆေးရုံ ၄၆ ရုံ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီး နယ်စပ်ဒေသကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည်။

ပြည်သူ့ဆက်ဆံရေးကဏ္ဍ – နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၈၅ ရုံ တည်ဆောက်ပေး



အတွင်းရေးမှူး(၁) ဒုတိယမိုလ်ချုပ်ကြီး ခင်ညွန့်. ကျိုင်းတုံမိုင်းလား လမ်းသစ်ဖွင့်ပွဲ တက်ရောက်စဉ်

နိုင်ခြင်းကြောင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေမှုများကို နယ်စပ်ဒေသ တိုင်းရင်းသားများ သိရှိလေ့လာခွင့်ရရှိပြီး စီးပွားရေး၊လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေသည်။

စိုက်ပျိုးရေးကဏ္ဍ – နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၃ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဆည် ၄၀၊ တိုင်းတာပြီး ဆည် ၁၇ ခု၊ တူးမြောင်းလေးခုနှင့် ထွန်စက်စခန်း ၁၁ ခု တို့ကို ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဒေသရိက္ခာဖူလုံရေး၊ စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးတို့အတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်သည်။

မွေးမြူရေးကဏ္ဍ – နယ်စပ်ဒေသများတွင် မွေးမြူရေးခြံ ၁၉ ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံး တို့ကိုဖွင့်လှစ်ပေးပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင် ဖြန့်ဖြူးပေးနိုင်သည်။

သစ်တောကဏ္ဍ – နယ်စပ်ဒေသများတွင် သစ်တောပျိုးဥယျာဉ် ခုနစ်ခုသတ်မှတ်ပြီး ကြိုးဝိုင်းသစ်တောလေးခု၊ စီစဉ်ဆဲ ကြိုးဝိုင်းသစ်တောလေးခုနှင့် သစ်စက် ၁၂ ခုတို့ကိုထူထောင်ပေး၍ သစ်တောထွက်ပစ္စည်းများ လုံလောက်စွာထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု တားဆီးဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

သတ္တုကဏ္ဍ – နယ်စပ်ဒေသသတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များအား စနစ်တကျတူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်ရေး ဦးတည်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့နယ်စပ်ဒေသများတွင် စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ – လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၁၇ ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်စွမ်းရည်ဖွံ့ဖြိုးမှု ဒီဂရီကောလိပ်နှစ်ခုနှင့် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်ကျောင်း ၁၂ ကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အနာဂတ်နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်ပါပင် ဆောင်ရွက်ကြမည့် စွမ်းရည်မြင့်မားသော တိုင်းရင်းသားလူငယ်များ မွေးထုတ်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာကို သိမြင်လာကြသည့်အတွက် နယ်စပ်ဒေသတိုင်းရင်းသားများသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး လျော့နည်းပပျောက်ရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် (UNDCP) ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် နီပွန်ဖောင်ဒေးရှင်း (Ni- ppon Foundation)၊ ကာရာမိုးရှား အင်တာနေရှင်နယ် (Karamosia International)၊ ဆွစ်အေ့ဒ် (Swissaid) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်သည့် ဝေးလံမြို့နယ်များ လူထုဖွံ့ဖြိုးရေး စီမံကိန်းကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်တွင် ၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ မူလတန်းကျောင်း ၃၁၆ ကျောင်း ဆောက်လုပ်ခြင်း၊ ၃၇၈ ကျောင်း ပြုပြင်ခြင်း၊ မူကြိုကျောင်း ၁၄ ဖွင့်လှစ်ခြင်း၊ ဆေးပေးခန်း ၆၇ ခုနှင့် ဆေးရုံတစ်ရုံ ဆောက်လုပ်ခြင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ၂၂၁ ခု၊ သောက်သုံးရေကန် ၁၁၇၂၂ ကန်၊ ရေတွင်း ၆၇၃ တွင်းတို့ကို အကောင်အထည် ဖော် ဆောင် ရွက်ပေးခြင်းနှင့် ယင်လုံအိမ်သာ ၁၁၁၂၃ လုံး ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သည်။ ထို့ပြင် စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်ရေးနှင့် AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်း အကောင်အထည်ဖော်လျက် ရှိသည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်နှင့် ပူးပေါင်း၍ 'ဝ' ဒေသတောင်ပိုင်း မိုင်းပေါက်ဒေသတွင် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း (WADP) ကို ၁၉၉၈ ခုနှစ်၊ ဩဂုတ်လမှ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လအထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအဆောက်အအုံ ကိုးလုံး၊ မူလတန်းကျောင်း လေးကျောင်းနှင့် အလယ်တန်းကျောင်း နှစ်ကျောင်း ဆောက်လုပ်ခြင်း၊ ပန်ဆန်း – မိုင်းပေါက် လျှပ်စစ်မှတ်အား လိုင်း သွယ်တန်းခြင်း၊ မိုင်းပေါက် – မိုင်းကာလမ်း ၁၃ ဒသမ ၂၄ ကီလို မီတာ မြေလမ်းဖောက်ခြင်း၊ စီမံကိန်းကျေးရွာ ၂၃၄ ရွာရှိ ကလေးများကာကွယ်ဆေးထိုးခြင်း၊ အခြေခံကျန်းမာရေးနှင့် ဆေးဝါးကုသမှုပေးခြင်း၊ ကျေးရွာ ၁၇ ရွာ ရေရရှိရေး၊ သစ်တောပျိုးခင်း တည်ဆောက်ခြင်းနှင့် သီးနှံမျိုးစေ့များ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သည်။

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်း၍ ရွှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသတွင် ဘိန်းအစားထိုးသီးနှံ ပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ ၁၉၇၇ ခုနှစ်၌ ဂျပန်ပန်းဂျုံလေးကေ စမ်းသပ်စိုက်ပျိုးအောင်မြင်သဖြင့် ၁၉၉၉ ခုနှစ်၌ ၂၁၁၄၅ ဧကာ၊ ၂၀၀၀ ပြည့်နှစ်၌ ဧကာ ၃၁၁၁၀ နှင့် ၂၀၀၁ ခုနှစ်၌ ဧကာ ၄၁၁၆၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးဖြစ်ထွန်းသည့် ပန်းဂျုံများ အရည်အသွေးကောင်းမွန်ခြင်းကြောင့် ၂၀၀၀ ပြည့်နှစ်၌ ပန်းဂျုံ ၁၈ တန်နှင့် ၂၀၀၁ ခုနှစ်၌ ပန်းဂျုံ ၅၄ တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသည်။ ကိုးကန့်ဒေသ လူနေမှုအဆင့် မြှင့်တင်ရေး စီမံကိန်းအဖြစ် လောက်ကိုင်–ကုန်းကြမ်းလမ်း အဆင့်မြှင့်ရေး၊ လမ်းဖောက်ရေးယန္တရားများ ထောက်ပံ့ရေး၊ ယန္တရားပြင် အလုပ်ရုံတည်ဆောက်ရေးနှင့် ကြာရှိရှူး – ကြားဟော်ကျေးရွာများ လျှပ်စစ်မီးသွယ်တန်းရေးအတွက် ဂျပန်ယန်း သန်း ၈၀၀ ထောက်ပံ့ကူညီမည့် သဘောတူစာချုပ်ကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့၌ လက်မှတ်ရေးထိုးပြီး ဖြစ်သည်။

နီပွန်ဖောင်ဒေးရှင်းက ရွှမ်းပြည်နယ်အတွင်း စာသင်ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သုံးသန်းထောက်ပံ့မည့် နားလည်မှုစာချွန်လွှာကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့၌ လက်မှတ်ရေးထိုးသည်။

ကာရာမိုးရှား အင်တာနေရှင်နယ်က 'ဝ' ဒေသတောင်ပိုင်း ဟိုတောင်းဒေသ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ မိုင်းဖျန်မြို့ဒေသတွင်း စက်မှုဖွံ့ဖြိုးမှုဌာန တည်ဆောက်ပြီးဖြစ်သည်။ ထို့ပြင် အင်းလေးကန်ပတ်ဝန်းကျင်ဒေသတွင်း သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စီမံကိန်းကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ဆွစ်အေ့ဒ်နှင့်ပူးပေါင်း၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၀၁ ခုနှစ်မှ စတင် အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ်များ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလမ်းညွှန်မှာကြားထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် -

(၁) နယ်စပ်ဒေသကျေးလက်များ၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေ ရရှိရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်စီးပွားရေး တိုးတက်ဖြစ်ထွန်းအောင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးလုပ်ငန်းများဦးစား ပေး ဆောင်ရွက်သွားရန်၊

(၂) ဖွံ့ဖြိုးမှုနောက်ကျပြီး ကွက်လပ်လိုကျန်နေသည့် ပင်လုံဒေသကဲ့သို့သော အစဉ်အလာရှိသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်၊

(၃) နယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှုအလေ့အထ လုံးဝချုပ်ငြိမ်း ပပျောက်ရေးရေးအတွက် ဒေသခံတိုင်းရင်းသားများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်သွားရန်၊

(၄) နယ်စပ်ဒေသ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးချဲ့ဆောင်ရွက်သွားရန်၊

(၅) နိုင်ငံတော်၏ အစိတ်အပိုင်းအားလုံးတွင် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ရေး အစီအစဉ်တကျ လုပ်ဆောင်သွားရန်၊

(၆) နယ်စပ်ဒေသ လူမှုစီးပွားရေးအခြေအနေ ဖြစ်ထွန်းတိုးတက်မှုနှင့် အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ယှဉ်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၇) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ ဖြည့်စွက်လမ်းညွှန်မှုများကို အကောင်အထည်ဖော်သွားရန်

ဟူသော ရှေ့လုပ်ငန်းစဉ်များဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

စိုးအောင်

ပညာရေးစုံညီပွဲတော် ။ ။ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပ

ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၇ နာရီခွဲက စိန်ရတုခန်းမအဆောက်အအုံရှေ့ မျက်နှာစာ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ပညာရေးစုံညီပွဲတော်ကို ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ဓဇကြိုးဖြတ်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများက မိုးပျံပူဖောင်းများလွှတ်တင်ကြသည်။ ရှေးဦးစွာ ကျောင်းသားကျောင်းသူနှစ်ဦးတို့က ဖိုးသင်္ကြန်မြန်မာ့ဆိုင်းအဖွဲ့နှင့် တွဲဖက်ပြီး "အောင်နိမိတ်" သီချင်းကို သီဆိုတင်ဆက်သည်။ ဆက်လက်၍ အထက (၄) လိုင်မှ ကျောင်းသူများ၏ မင်္ဂလာစည်တော် မင်းသားလတ်အက၊ နိုင်ငံတော်အလံကိုင်တပ်ဖွဲ့နှင့် အထက (၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြ၊ အမက (၆) ကျောက်တံတားမှ ကျောင်းသားများ၏ တိုက်ကွမ်ဒို သရုပ်ပြ၊ ပြည်နယ်တိုင်းအလံကိုင်တပ်ဖွဲ့နှင့် အထက (၆) ဗိုလ်တထောင်မှ ကျောင်းသားများ၏ ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြ၊ အမက (၂) လိုင်မှ ကျောင်းသူများ၏ ပါဝါအေရိုးဗစ် (၃) သရုပ်ပြ၊ ပညာရေးအလံကိုင်တပ်ဖွဲ့နှင့် အမက (၉) စမ်းချောင်း ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြ၊ အမက (၂) ကမာရွတ်မှ ကျောင်းသားကျောင်းသူများ၏ ဝူရှူးအားကစားသရုပ်ပြ၊ အလက (၁) ဒဂုံမှ ဒိုးပတ်အက၊ ပညာရေးစုံညီပွဲတော် အလံကိုင်တပ်ဖွဲ့နှင့် အလက (၁) ရန်ကင်းမှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြ၊ အမက (၈) သဃ်ိန်းကျွန်းမှ ကျောင်းသား ကျောင်းသူများ၏ တေးကဗျာသရုပ်ဖော်အက၊ အထက (၃) မင်္ဂလာတောင်



ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား၁ို့ တက်ရောက်ချီးမြှင့်သော
ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ

ညွန့်မှ မူလတန်းကျောင်းသားကျောင်းသူများ၏ မြန်မာ့အလှ မြန်မာ့အက၊ ရောင်စုံအလံကိုင်တပ်ဖွဲ့နှင့် အထက (၂) စမ်းချောင်းမှ မူလတန်းကျောင်းသူများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းဖွာအဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) ဒဂုံမှ မူလတန်းကျောင်းသူများ၏ "ရွှေမြန်မာ၏ မျိုးဆက်သစ်များ" သီချင်းဖြင့် သီဆိုကပြမှု၊ အထက (၂) စမ်းချောင်းမှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြတို့ကို အစီအစဉ်အတိုင်း တင်ဆက်၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

မဟာပဒ္ဓာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်

ပညာရေးစုံညီပွဲတော် မဟာပဒ္ဓာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက် ၆ နာရီခွဲက ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ ပညာရေးစုံညီပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုသည်။ ပူဇော်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၈၀၀ ကျော်နှင့် ဆရာ ဆရာမများက ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀ ကို ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူပူဇော်ကာ မဟာပဒ္ဓာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် မဟာပဒ္ဓာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက် ၈ နာရီက မန္တလေးမြို့ရှိ စွယ်တော်မြတ်စေတီတော်ရင်ပြင်၌ ကျင်းပသည်။ ပူဇော်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၅၄၅ ဦးနှင့် ဆရာ ဆရာမများက မဟာပဒ္ဓာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

ပညာရေးစုံညီပွဲတော် တက္ကသိုလ်ဝတ်ရွတ်ပွဲကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီက ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပသည်။ ဝတ်ရွတ်ပွဲတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ ကျောင်းသားကျောင်းသူ ၅၀၀ နှင့် ဆရာ ဆရာမများက မြတ်စွာဘုရား၏ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများ ကပ်လှူပူဇော်ကာ မဟာပဒ္ဓာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသည်။

စုံညီပွဲတော်ပြခန်းများ

ပညာရေးစုံညီပွဲတော်ပြခန်းများကို စိန်ရတုခန်းမ၌ ခင်းကျင်းပြသသည်။ မြေညီထပ်တွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ စာအုပ်ပြခန်းများ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာအုပ်ပြခန်း၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့



ပညာရေးစုံညီပွဲတော် လက်မှုပညာပြခန်း

ကျောင်းသားကုန်တိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များ ပါဝင်ပြသရောင်းချသည့် ပညာရေးစာအုပ်ပွဲတော်ပြခန်း၊ ပဌမထပ်တွင် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ပြခန်းများ၊ ပန်းချီပညာရှင်ကြီးများ၏ ပန်းချီပြခန်းနှင့် လက်တွေ့သရုပ်ပြ ရေးဆွဲမှုပြခန်း၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၏ ပန်းချီပြခန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းပြခန်း၊ ဒုတိယထပ်တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာ ပန်းချီပြခန်း၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌသို့ ပြည်နယ်တိုင်းအသီးသီးမှ အခြေခံပညာကျောင်းသူကျောင်းသားများ ပေးအပ်သော အမှတ်တရ v u &Sq mi.fv u f"ë ó¥n m ypH fr&u¥yce£?FISCA ကုမ္ပဏီပြခန်း၊ ကျောင်းသားကျောင်းသူကလေးများ၏ လက်တွေ့ ပို့စကတ်ရေးဆွဲမှုပြခန်း၊ တတိယထပ်တွင် ကျောင်းသား ကျောင်းသူ ၄၈ ဦးတို့၏ PowerPoint, Word Processing & CD Rom နှင့် Drawing and Painting လုပ်ဆောင်မှုများနှင့် ကွန်ပျူတာကုမ္ပဏီများ၏ ပြသမှုများပါဝင်သော "ပညာလွှမ်းမိုးသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်း ဆီသို့" (Myanmar; Towards A Knowledge Dominant Society) ပြခန်းများပါဝင်ပြသသည်။

အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ


ပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်တက်ရောက် အမှာစကားပြောကြားသည်။ ပြိုင်ပွဲကို "က" အဆင့်နှင့် "ခ" အဆင့် ခွဲခြားကျင်းပခြင်းဖြစ်ပြီး "က"အဆင့်ပြိုင်ပွဲသို့ အထက(၁)မှော်ဘီဘင်ခရာအဖွဲ့၊ အထက(၄)တာမွေ ဘင်ခရာအဖွဲ့၊ အထက(၃)ပဲခူးဘင်ခရာအဖွဲ့နှင့် အထက (၁) မကွေးဘင်ခရာအဖွဲ့တို့ကလည်းကောင်း၊ "ခ" အဆင့်ပြိုင်ပွဲသို့ အထက (၆) မြောက်ဥက္ကလာပ ဘင်ခရာအဖွဲ့၊ အထက (၈) မော်လမြိုင်ဘင်ခရာအဖွဲ့၊ အထက (၁) ပြင်ဦးလွင် ဘင်ခရာအဖွဲ့၊ ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလက ဘင်ခရာအဖွဲ့၊ ပုသိမ်မြို့နယ် ကျောင်းပေါင်းစုံ ဘင်ခရာအဖွဲ့နှင့် မုံရွာမြို့နယ် ကျောင်းပေါင်းစုံဘင်ခရာအဖွဲ့တို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ "က" အဆင့်ပြိုင်ပွဲတွင် ပထမဆုကို အထက(၁)မှော်ဘီဘင်ခရာအဖွဲ့၊ ဒုတိယ

ဆုကို အထက (၃) ပဲခူးဘင်ခရာအဖွဲ့၊ တတိယဆုကို အထက (၄) တာမွေဘင်ခရာအဖွဲ့တို့က ရရှိပြီး "ခ" အဆင့်ပြိုင်ပွဲတွင် ပထမဆုကို မုံရွာမြို့နယ်ကျောင်းပေါင်းစုံဘင်ခရာအဖွဲ့၊ ဒုတိယဆုကို အထက (၁) ပြင်ဦးလွင်ဘင်ခရာအဖွဲ့၊ တတိယဆုကို အထက (၈) မော်လမြိုင်ဘင်ခရာအဖွဲ့တို့က ရရှိသည်။

ဂီတနှင့် ပဒေသာကပွဲ

ပညာရေးစုံညီပွဲတော် ဂီတနှင့်ပဒေသာကပွဲကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ ဂီတနှင့်ပဒေသာကပွဲတွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာထူးချွန်ဆုရသူများနှင့် ကျောင်းသားကျောင်းသူများက တေးသီချင်းများ၊ အကပဒေသာများ၊ အိုးစည်ဒိုးပတ်၊ ဇြော၊ ယိမ်းအကများ၊ စုပေါင်းသီဆိုမှု အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနခန်းမဆောင်၌ ကျင်းပသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းမှ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် မြန်မာထုံးဓလေ့နှင့် ပတ်သက်သော ဓမ္မဓိဌာန်မေးခွန်း၊ မေးခွန်းတိုနှင့် စာစီစာကုံးတို့ကို ကျောင်းသားကျောင်းသူ အားလုံး ဖြေဆိုယှဉ်ပြိုင်ရသည်။ ထို့ပြင် တစ်ဦးချင်းမဲကျရာခေါင်းစဉ်ဖြင့် နှုတ်ဖြေ၊ ပုံစံငယ်၊ ဖြတ်ညှပ်ကပ်နှင့် တင်ပြမှုတို့ကို ဖြေဆိုယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲပထမဆုကို အထက (၁) တောင်ဉက္ကလာပမှ အဌမတန်းကျောင်းသူ မအိမ့်ဖြူဖြူဖေးကလည်းကောင်း၊ ဒုတိယဆုကို အထက (၁) မင်းဘူးမှ သတ္တမတန်းကျောင်းသား မောင်ဇေယျာဖြိုးကလည်းကောင်း၊ တတိယဆုကို အလက (၁) ပုသိမ်မှ အဌမတန်းကျောင်းသား မောင်ပြည့်စုံဝင်းကလည်းကောင်း အသီးသီးဆွတ်ခူးရရှိသည်။



ပညာရေးစုံညီပွဲတော်ဖွင့်ပွဲမှ ကျောင်းသူကလေးများ၏ အကအလှ

ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲ

ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့အထိ ရန်ကုန်မြို့၊ အင်းလျားကန်ရှိတက္ကသိုလ် လှေလှော်အသင်းတို့က်၌ ကျင်းပသည်။ ပညာရေးဝန်ကြီးဌာန ဝန်ကြီး

မြန်မာ့ထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲ

ပညာရေးစုံညီပွဲတော် မြန်မာ့ရေးရာကဏ္ဍ မြန်မာ့ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့၊

ဦးသန်းအောင်သည် ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၉ နာရီက ပညာရေးမိသားစုလေ့လော်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ သို့တက်ရောက်အားပေးကြည့်ရှုသည်။ ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုရလေ့လော်အသင်းများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

စာတမ်းဖတ်ပွဲကျင်းပ

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲများကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်၌ ကျင်းပသည်။ ပညာရေးနှင့် စီးပွားရေးပညာစာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင်လည်းကောင်း၊ လူမှုရေးသိပ္ပံနှင့်ဝိဇ္ဇာ စာတမ်းဖတ်ပွဲကို ဝေဘာလီဆောင် အခန်းအမှတ် ဗို ၁ တွင် လည်းကောင်း၊ သိပ္ပံစာတမ်းဖတ်ပွဲကို ရူပဗေဒခန်းမတွင် လည်းကောင်း ကျင်းပရာ စာတမ်းရှင်များက ပညာရေးနှင့် စီးပွားရေးပညာစာတမ်း ၃၃ စောင်၊ လူမှုရေးသိပ္ပံနှင့် ဝိဇ္ဇာစာတမ်း ၃၆ စောင်နှင့် သိပ္ပံစာတမ်း ၃၈ စောင်တို့ကို ဖတ်ကြားတင်သွင်းသည်။ စာတမ်းဖတ်ပွဲများတွင် ပညာရပ်အလိုက် အငြိမ်းစားပါမောက္ခချုပ်များ၊ အငြိမ်းစားပါမောက္ခများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများက သဘာပတိအဖြစ် ဆောင်ရွက်၍ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ တက်ရောက် ဆွေးနွေး မေးမြန်းကြသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်သည် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့၊ နံနက် ၁၀ နာရီခွဲက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် ကျင်းပသည့် ပညာရေးနှင့် စီးပွားရေးပညာ စာတမ်းဖတ်ပွဲသို့ တက်ရောက်အား ပေးသည်။

ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၇ နာရီခွဲက သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ တွင် ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်အားပေး ချီးမြှင့်သည်။

ချီတက်သရုပ်ပြပွဲ အစီအစဉ် (၁) ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) မျက်နှာစာပြင်ပ သရုပ်ပြကွင်းတွင် ကျင်းပရာ ရွေးဦးစွာ အထက (၁) မင်းဘူးမှ အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသူ မသဥ္ဇာမျိုးသန့်က ချီတက်သရုပ်ပြပွဲအစီအစဉ် စတင်ခွင့်ပြုရန် ပန်ကြားပြီး ကျောင်းသားကျောင်းသူများက မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။

ထို့နောက် ဂီတစာဆိုဟာသတိုတမြင့်ငွေ ရေးဖွဲ့သီကုံးသည့် "ပညာရေးစုံညီပွဲတော်" သီချင်းကို အလက (၁) သာကေတမှ မအိအိလှိုင်နှင့် အထက (၁) သဃ်န်းကျွန်းမှ မရွှေစင်မိုးတို့က သီဆို၍ အထက (၂) ကမာရွတ်မှ ကျောင်းသူများက ကပြဖျော်ဖြေသည်။ ဆက်လက်၍ အထက (၁) တာမွေမှ ကျောင်းသူများ၏ နိုင်ငံတော်အလံကိုင်တပ်ဖွဲ့နှင့် အထက (၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့၊ အလက (၁) တာမွေမှ ကျောင်းသူများ၏ ပြည်နယ်နှင့်တိုင်း အလံကိုင်တပ်ဖွဲ့နှင့် အထက (၈) မော်လမြိုင်ဘင်ခရာအဖွဲ့၊ ၂၀၀၁–၂၀၀၂ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများ၊ အထက (၁) တာမွေမှ ကျောင်းသားများ၏ ပညာရေးအလံကိုင်တပ်ဖွဲ့နှင့် အထက (၁) ပြင်ဦးလွင်ဘင်ခရာအဖွဲ့၊ ၂၀၀၁–၂၀၀၂ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူများ၊ မုံရွာမြို့နယ် ကျောင်းပေါင်းစုံဘင်ခရာအဖွဲ့၊ ပညာတန်ဆောင်စာပေပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများ၊ အထက (၄) တာမွေဘင်ခရာအဖွဲ့၊ နိုင်ငံတကာ အားကစားနှင့် ပန်းချီအနုပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ အထက (၁) တာမွေမှ ကျောင်းသူများ၏ ပညာရေးစုံညီပွဲတော် အလံကိုင်တပ်ဖွဲ့နှင့် အထက (၃) ပဲခူးဘင်ခရာအဖွဲ့၊ နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက အရေး အတီးပြိုင်ပွဲ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ အထက (၁) တာမွေမှ ကျောင်းသူများ၏ ရောင်စုံအလံကိုင်တပ်ဖွဲ့၊ ၂၀၀၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အဆင့် ၁ မှ ၁၀ အထိ ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများနှင့် အထက (၁) မော်ဘီဘင်ခရာအဖွဲ့တို့က အသီးသီးချီတက် သရုပ်ပြ ဂါဝရပြုကြသည်။

ချီတက်သရုပ်ပြပွဲအစီအစဉ် (၂) ကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) အတွင်း ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းကို စုပေါင်းသီဆို၍ အစီအစဉ်စတင်သည်။ အထက (၂) ပုသိမ်မှ အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရကျောင်းသူမဆုမွန်ထွန်းမြတ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မြန်မာစာဂုဏ်ထူးတန်းပထမနှစ်ကျောင်းသား မောင်တင်မင်းလတ်တို့က အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် နိုင်ငံတော်က အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် အတွေးအမြင်များ တင်ပြသည်။

ထို့နောက် အထက (၄) ကာမွေနှင့် အထက (၂) ကမာရွတ်မှ ကျောင်းသူများက ဖိုးသကြိန်မြန်မာ့ဆိုင်းဝိုင်းနှင့်တွဲဖက်ကာ "ပုဂံခေတ်နှင့် ကုန်းဘောင်ခေတ်အက" ဖြင့် ကပြဖျော်ဖြေမှု၊ မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ် လက်ရွေးစင်ကျောင်းသားကျောင်းသူများ၏ ဝူရှူးစွမ်းရည်သရုပ်ပြတင်ဆက်မှု၊ ဂီတစာဆိုထပ်ဆင့်အကယ်ဒမီ ဂီတလုလင်ဦးကိုကို ရေးဖွဲ့သီကုံးသည့် "ပျော်ရွှင်ဆင်နွဲ့ စုံညီပွဲ" သီချင်းကို အထက (၁) ဒဂုံမှ မအိယဉ်မွန်က စန္ဒရားတီး၍ ကျောင်းသားကျောင်းသူများ၏ စောင်းအဖွဲ့နှင့် တွဲဖက်ကာ ကျောင်းသားကျောင်းသူများ၏ စုပေါင်းသီဆိုကပြမှု၊ အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၏ အားကစားနည်းများ သရုပ်ဖော်တင်ဆက်မှု၊ တယော ၁၀၃ လက်နှင့် လေမှုတ်ကိရိယာများပါဝင်သည့် ကျောင်းသားကျောင်းသူများ၏ သံစုံတီးဝိုင်းဖြင့် ဖျော်ဖြေမှု၊ အထက (၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူများ၏ "ယပ်တောင်" လေ့ကျင့်ခန်း၊ အထက (၄) တာမွေမှ ကျောင်းသူများ၏ "ကြိမ်ခွေ" လေ့ကျင့်ခန်း၊ အထက (၁) ကမာရွတ်မှ ကျောင်းသူများ၏ "ပဝါ" လေ့ကျင့်ခန်း သရုပ်ပြတင်ဆက်မှု၊ ဂီတစာဆို ထပ်ဆင့်အကယ်ဒမီ ဂီတလုလင်ဦးကိုကို ရေးဖွဲ့သီကုံးသည့် "ပညာခေတ်၏ အဓိဋ္ဌာန်" သီချင်းကို အထက (၁) ဒဂုံမှ ကျောင်းသူများက စုပေါင်းသီဆိုသရုပ်ပြမှုများကို အစီအစဉ်အတိုင်း တင်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ထူးချွန်ဆုများ ချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၂ ခုနှစ်၊ ဧန်နဝါရီလ ၃ ရက်နေ့မွန်းလွဲ ၂ နာရီကစိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်သီချင်းတီးမှုတ်၍ ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်း၊ စုံညီပွဲတော် တို့နွဲ့ပျော်သီချင်းနှင့် ဘက်စုံဆင်နွဲဆုနှင်းပွဲသီချင်းတို့ကို သီဆိုဂုဏ်ပြုကြသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်က ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိုးဝင်းနှင့် စစ်ရေးချုပ်ဗိုလ်ချုပ်သိန်းစိန်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ၂၀၀၁–၂၀၀၂ ပညာသင်နှစ် ဒသမတန်းနှင့် အဋ္ဌမတန်းဘက်စုံပညာထူးချွန်ဆုရကျောင်းသားကျောင်းသူများ၊ ဒသမတန်းနှင့်အဋ္ဌမတန်း စာပေဘာသာရပ်အားလုံးတွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ ဒသမတန်းနှင့် အဋ္ဌမတန်း ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရကျောင်းသားကျောင်းသူများ၊ ၂၀၀၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့် ၁ မှ ၁၀ အထိ ရရှိသူများ၊ ပထမဆုနှင့် ဒုတိယဆုရရှိသူများ၊ နဝမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို အက အရေး အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများ၊ ပန်းချီပုံစတာပြိုင်ပွဲများတွင် ပထမရရှိသည့် ကျောင်းသားကျောင်းသူများ၊ အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ ပထမဆုရရှိသည့် ကျောင်းဘင်ခရာအဖွဲ့များ၊ ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းဆုရရှိသော ကျောင်းများ၊ မြန်မာ့ရေးရာကဏ္ဍ မြန်မာ့ထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲဆုရရှိသည့် ကျောင်းသားကျောင်းသူများ၊ ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိသည့် ကျောင်းသားကျောင်းသူများ၊ တိုက်ဝါခဲတံပန်းချီပြိုင်ပွဲ ပထမဆုရရှိသည့် ကျောင်းသားကျောင်းသူများအားဆုများအသီးသီး ချီးမြှင့်သည်။


ဆုမျာ:ချီ:မြှင့်အပြီ:တွင် အတွင်:ရေ:မှူ: (၁) နှင့် ဆုချီ:မြှင့်ကြသည့် ပုဂ္ဂိုလ်အသီ:သီ:တို့သည် ထူ:ချန်ဆုရကျောင်:သာ:ကျောင်:သူမျာ:နှင့်အတူ မှတ်တမ်:တင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် အခြေခံပညာ ကျောင်:သာ:ကျောင်:သူမျာ:က "ဘက်စုံပညာကိုရည်တို့လှမ်:ချီ" သီချင်: သီဆိုဖျော်ဖြေကာ ထူ:ချန်ဆုချီ:မြှင့်ပွဲ အခမ်:အနာ:ကို ရုပ်သိမ်:သည်။

အလာ:တူ ၂၀၀၁–၂၀၀၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်:အနာ:မျာ:ကို မြန်မာနိုင်ငံတစ်ဝန်:လုံ:ရှိ အခြေခံပညာကျောင်:မျာ:တွင် အသီ:သီ:ကျင်:ပသည်။

စိုးအောင်

ပညာသိပ္ပ၊ ဘဒ္ဒန္တ (မဟာစည်သာသနာ့ရိပ်သာ သြဝါဒါ စရိယ) (မြန်မာ ၁၂၈၁– ၁၃၆၃) ။ ။

ဆရာတော်ကို ၁၂၈၁ ခုနှစ်၊ တန်ဆောင်မုန်:လပြည့်ကျော် ၁၅ ရက်နေ့၌ စစ်ကိုင်:တိုင်:၊ ရေဦ:မြို့နယ်၊ မီ:မောင်:ကုန်:ရွာတွင် ခမည်:တော်ဦ:ပေါ်၊ မယ်တော် ဒေါ်အေ:မယ်တို့က ဖွာ:မြင်သည်။ ၁၂၉၃ ခုနှစ်၌ ရေဦ:မြို့နယ် ဝသဲရွာယွန်:ကျောင်:ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။



ဘဒ္ဒန္တ၊ ပညာသိပ္ပ

၁၃၀၁ ခုနှစ်၊ ဝါဆိုလဆန်: ၁၂ ရက်နေ့၌ ရေဦ:မြို့၊ လေ:ထပ်ကြီ:ကျောင်:တိုက်၊ ခဏ္ဍသိမ်တော်တွင် ဆရာတော်ဦ:ဒေဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်:အဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ရေဦ:မြို့နယ် ဝသဲရွာ ယွန်:ကျောင်:ဆရာတော် ဦ:ဂန္ဓမာ၊ ရေဦ:မြို့ လေ:ထပ်ကြီ:ကျောင်:ဆရာတော် ဦ:ဒေဝိန္ဒနှင့် စာချဆရာတော်များ၊ မန္တလေ:မြို့ မဟာဝိသုဒ္ဓါတိုက်သစ် စည်ရှင်ဆရာတော်၊ မစိုး:ရိမ်တိုက်သစ်ဆရာတော် ဦ:သူရိယနှင့် စာချဆရာတော်များ၊ ဘုရာ:ကြီ:တိုက် ဆရာတော် ဦ:နာဒရ၊ တောင်သမဲတိုက်ဆရာတော် ဦ:ကေသဝ၊ စကုတိုက်ဆရာတော် ဦ:နန္ဒစရိယ၊ ရန်ကုန်မြို့ ညောင်တုန်:တိုက်ဆရာတော် ဦ:ဓမ္မသေန၊ ဆရာတော် ဦ:သူရိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဦ:နာယကတို့ထံ ပညာသင်ယူသည်။

ဆရာတော်သည် အမျို:သာ:သာသန ဝေပုလ္လစာမေ:ပွါ၊ အစို:ရပထမငယ်၊ ပထမလတ်၊ ပထမကြီ:၊ ဓမ္မာစရိယကျမ်:ရင်:သုံ:ကျမ်:နှင့် ဂုဏ်ထူ:ဆောင် ခြောက်ကျမ်:တို့ အောင်မြင်တော်မူသည်။

ထို့နောက် ဆရာတော်သည် ရေဦ:မြို့ လေ:ထပ်ကြီ:ပရိယတ္တိစာသင်တိုက်၊ ပါဠိဝိဇ္ဇာစာသင်တိုက်၊ ဝါဆိုပါဠိတက္ကသိုလ်ကျောင်:တိုက်တို့၌ စာချကထိက၊ မန္တလေ:မြို့၊ စကုတိုက်ရွှေမန်:အုတ်ကျောင်:၌ စာချကထိကဆရာတော်အဖြစ် စာဝါများ:ပို့ချသည်။

ဆရာတော်ပြုစုခဲ့သော ကျမ်:များ:မှာ စံပြဝိပဿနာကျမ်:၊ ယမိုက်သင်တန်:သခ်ေပကျမ်:၊ စက္ကပါနဒီပနီ (ခေါ်) ကမ္ဘာ့အလင်:ပြကျမ်:၊ ကယ်တင်ရေ:တရာ:တော်၊ နိမ့်ချည်မြင့်ချည်တရာ:တော်၊ နီ:လျက်နှင့်ဝေ:တရာ:တော်၊ အပါယ်ပိတ်တရာ:တော်၊ သန့်ရှင်:ရေ:တရာ:တော် အစရှိသောကျမ်:များ:ဖြစ်သည်။

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲ၌ ဆဋ္ဌသင်္ဂီတိအင်္ဂါတ္တရပါဠိ ဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့ပြီ:ရေဦ:မြို့ ပါဠိဝိဇ္ဇာစာသင်တိုက်အတွင်:၌ မဟာစည်သြဝါဒခံသာသနာ့ရိပ်သာဖွင့်၌ ဝိပဿနာတရာ:တော်များ: ဟောကြား:ပြသသည်။

ကျေ:ဇူ:တော်ရှင် မဟာစည်ဆရာတော်ကြီ: ပျံလွန်တော်မူပြီ:နောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ ရိပ်သာကြီ:သို့ ကြွရောက်သီတင်:သုံ:တော်မူပြီ: သြဝါဒစရိယ၊ ပြည်တွင်:ပြည်ပ မဟာစည်သာသနာ့ ရိပ်သာများ:နာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် ကိုရီ:ယား:၊ ထိုင်ဝမ်၊ ထိုင်:၊ စင်ကာပူ၊ အမေရိကန်တို့သို့ ကြွရောက်၍ သတိပဋ္ဌာန် ဝိပဿနာတရာ:တော်များ: ဟောကြား:ပြသတော်မူကာ ထေရဝါဒသာသနာပြုတော်မူခဲ့သည်။

ဆရာတော်သည် ပရိယတ္တိသာသနာတော် ပဋိပတ္တိသာသနာတော်တို့ကို စွမ်းစွမ်းတမံ သာသနာပြုတော်မူခြင်း၊ သီလသမာဓိပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ဆရာတော်အား ၁၃၅၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ကိုလည်းကောင်း၊ ၁၃၅၉ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်ပူဇော်သည်။

မဟာစည် ဩဝါဒစရိယ ရေဦးဆရာတော်သည် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီး၌ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူစဉ် မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက် (၇-၁၂-၂၀၀၁) တွင် တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူသည်။

ဖလောရင့် နိုက်တင်ဂေးဆုရှင် (မြန်မာနိုင်ငံ) (၂၀၀၁)။

။ ၁၉၁၂ ခုနှစ်တွင် ကျင်းပသည့် ၁၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံက ကမ္ဘာကျော်ကရုဏာရှင် သူနာပြုဆရာမ ဖလောရင့်နိုက်တင်ဂေးအား ဂုဏ်ပြုသောအားဖြင့် စစ်ဖြစ်ပွား၊စဉ်ကာလသို့မဟုတ် ငြိမ်းချမ်းစဉ်ကာလအတွင်း ဖျားနာသူများ၊သို့မဟုတ် ဒဏ်ရာရသူများအား ထူးချွန်ပြောင်မြောက်စွာ ပြုစုစောင့်ရှောက်ပေးသော သူနာပြုများနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများအား ဖလောရင့်နိုက်တင်ဂေး ဆုတံဆိပ် ချီးမြှင့်ရန် ဆုံးဖြတ်သည်။ ၁၉၂၀ ပြည့်နှစ်မှစတင်ပြီး၊ ကမ္ဘာတစ်ဝန်းလုံးမှ ထူးချွန်သည့် သူနာပြုများနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများကို စိစစ်ရွေးချယ်၍ ဖလောရင့်နိုက်တင်ဂေး ဆုတံဆိပ် ချီးမြှင့်သည်။ ဖလောရင့်နိုက်တင်ဂေး ဆုတံဆိပ်ကို ရှေ့ဖြင့်ပြုလုပ်ထားပြီး ဆုတံဆိပ်နှင့်အတူ ဂုဏ်ပြုစာလွှာပါ ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။ ဖလောရင့်နိုက်တင်ဂေး ဆုတံဆိပ်ချီးမြှင့်ရာတွင် နှစ်နှစ်လျှင် တစ်ကြိမ်ကျ ချီးမြှင့်ခြင်းဖြစ်ပြီး တစ်ကြိမ်တွင် အများဆုံး ၃၆ ဦးသာ ချီးမြှင့်၍ ဆုတံဆိပ်ချီးမြှင့်ခြင်းခံရသူများ၏ အမည်စာရင်းကို ဖလောရင့်နိုက်တင်ဂေး၏ မွေးနေ့ဖြစ်သည့် မေလ ၁၂ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) က ထုတ်ပြန်ကြေညာပေးသည်။ ၁၉၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ချီးမြှင့်သည့် ဖလောရင့်နိုက်တင်ဂေးဆုရှင် (မြန်မာနိုင်ငံ) (၂၀၀၁) သည် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ရန်ကုန်မြို့၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဗိုလ်ခင်အုန်းမြ (ယခုအငြိမ်းစားဗိုလ်မှူး) က မြန်မာနိုင်ငံသူနာပြုဆရာမများထဲမှ ပထမဆုံးရရှိပြီး ၁၉၉၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ချီးမြှင့်သည့် ဖလောရင့် နိုက်တင်ဂေးဆုတံဆိပ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော အထက်တန်းသူနာပြုဆရာမ ဒေါ်အမ်ယောနမ်က မြန်မာနိုင်ငံ သူနာပြုဆရာမများထဲမှ ဒုတိယအကြိမ်ရရှိသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄-စာ၊ ၂၂၆ ရှု။)



၃၈ ကြိမ်မြောက်
ဖလောရင့်နိုက်တင်ဂေးဆုရှင် ဒေါ်သိန်းရီ

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ၃၈ ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ရရှိသူများနာမည်စာရင်းကို ဖလောရင့်နိုက်တင်ဂေး၏မွေးနေ့ဖြစ်သော မေလ ၁၂ ရက်၊ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့တွင် ထုတ်ပြန်ကြေညာရာ စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ သောင်သွပ်တိုက်နယ် ကျန်းမာရေးဌာနခွဲ တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမ ဒေါ်သိန်းရီအား ချီးမြှင့်လိုက်သဖြင့် မြန်မာနိုင်ငံသူနာပြုဆရာမများထဲမှ တတိယမြောက် ဖလောရင့်နိုက်တင်ဂေးဆုရှင်အဖြစ် မှတ်တမ်းတင်လိုက်ပြီဖြစ်သည်။

၂၀၀၁ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သည့် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ရရှိသူ သား:ဖွား:ဆရာမဒေါ်သိန်:ရီကို အဘဉီး:ထွန်:စိန်၊ အမိဒေါ်နန်:လိပ်တို့က ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် မွေး:ဖွား:သည်။ ဒေါ်သိန်:ရီသည် ၁၉၇၃ ခုနှစ်တွင် သား:ဖွား:ဆရာမသင်တန်:အောင်မြင်ပြီး ၁၉၇၅ ခုနှစ်မှစ၍ သား:ဖွား:ဆရာမအဖြစ် နန်:ယွန်:မြို့နယ်၊ လုံခိုင်ကျေး:လက်ကျန်:မာရေး:ဌာနခွဲ တာဝန်ထမ်:ဆောင်သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ တမူး:မြို့နယ်၊ သနန်ကျေး:လက်ကျန်:မာရေး:ဌာန၊ ဖိုင်လင်:ကျေး:လက်ကျန်:မာရေး:ဌာနခွဲ၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဟုမ္မလင်:မြို့နယ် ကျန်:မာရေး:ဌာန၊ ၁၉၈၃ ခုနှစ်မှစ၍ ဟုမ္မလင်:မြို့နယ်၊ သောင်သွပ်တိုက်နယ် ကျန်:မာရေး:ဌာနတို့တွင် သား:ဖွား:ဆရာမအဖြစ် တာဝန်ထမ်:ဆောင်သည်။

ဒေါ်သိန်:ရီနေထိုင်တာဝန်ထမ်:ဆောင်ရာ သောင်သွပ်ကျေး:ရွာတွင် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ ညနေ ၃ နာရီခန့်က တစ်ရပ်ကွက်တည်:နေ ဆေး:စပ်ဆရာ၏ နေအိမ်မှ စတင်မီး:လောင်ကျွမ်:သည်။ ထိုအချိန်က ဒေါ်သိန်:ရီသည် အခြား:ရပ်ကွက်မှ အိမ်တစ်အိမ်သို့ ရောက်ရှိနေရာ မီး:လောင်နေကြောင်း ကြား:သိရသဖြင့် မိမိနေအိမ်သို့ အပြေး:ပြန်လာသည်။ နေအိမ်နှင့် နီး:ကပ်လာသည်နှင့်အမျှ လမ်:ဘေး:တစ်ဖက်တစ်ချက်တွင် မီး:တောက်မီး:လျှံများ:လာသည်။ မီး:အရှိန်လည်း ပိုမိုမြင့်မား:လာသည်။ ထို့ပြင် ဆေး:စပ်ဆရာ၏ နေအိမ်သည် မီး:တောက်များ:ဖြင့် တဟုန်:ဟုန်:တောင်လောင်လျက်ရှိသည်။ ဒေါ်သိန်:ရီသည် မီး:တောက်လောင်နေသော နေအိမ်အတွင်း၌ ဘစ်ကိုယ်လုံး မီး:လောင်နေလျက် မီး:တောက်မီး:လျှံကြား:မှ မထွက်တတ်ဖြစ်နေသည့် ကလေး:ငယ်တစ်ဦး:ကို မြင်လိုက်ရသည်။ အဆိုပါကလေး:သည် ဆေး:စပ်ဆရာ၏ တူမဖြစ်သည်။ ဒေါ်သိန်:ရီသည် ရုတ်တရက်တန့်သွား:ပြီး အတိဒုက္ခရောက်နေသော ကလေး:ငယ်၏အသက်ကို ဝင်ရောက်ကယ်ဆယ်မှ ဖြစ်မည်ဟူသော အတွေး:ဝင်လာသည်။ ထို့နောက် မိမိအသက်ဘေး:အန္တရာယ်ကို လုံး:ဝသတိမထား:တော့ဘဲ မီး:တောက်မီး:လျှံကြား: အပြေး:အလွှား:ဝင်ရောက်ကာ ကလေး:ငယ်ကို မ,ယူပွေ့ဖက်ပြီး မီး:တောက်မီး:လျှံများ:ကြား:မှ ပြန်ထွက်ရန် ကြို:စား:သည်။ ထွက်လမ်:နေရာများ:နှင့် လမ်:တစ်ဖက်တစ်ချက်တို့တွင် မီး:တောက်များ:စွာရှိနေပြီး အသက်သာဆုံး:ဖြစ်မည့် လမ်:စပ်နေရာသို့ ခုန်ကျော်ကူး:သွား:ရန် အခက်အခဲဖြစ်နေသည်။ မတတ်သာသည့်အဆုံး:တွင် ဒေါ်သိန်:ရီသည် ကလေး:ငယ်ကိုတင်:ကျပ်စွာပွေ့ဖက်လျက် မိမိ၏ကိုယ်ကို လမ်:မပေါ်သို့လိမ့်ချလိုက်ရာ နှစ်ဦး:စလုံး သတိလစ်မေ့မြော်သွား:ကြသည်။ ထိုအခါ အရပ်မှဝိုင်း:ဝန်း:လာပြီး နှစ်ဦး:စလုံး:ကိုမီး:လွတ်ရာသို့ သယ်ထုတ်သွား:သည်။

ဒေါ်သိန်:ရီသည် ကလေး:ငယ်အား: မီး:တောက်မီး:လျှံအတွင်း ဝင်ရောက်ကယ်ဆယ်စဉ် ဒေါ်သိန်:ရီ၏ ခြေ၊ လက်၊ ဦး:ခေါင်း၊ မျက်နှာနှင့် နောက်ကျောတို့တွင် ပြင်း:ထန်စွာ မီး:လောင်ကျွမ်:ခံရသည်။ ကလေး:ငယ်သည် မီး:လွတ်ရာအိမ်သို့ ရောက်ပြီး နှစ်နာရီအကြာတွင် သေဆုံး:သွား:သည်။ ပြင်း:ထန်စွာ မီး:လောင်ကျွမ်:ခံရသည့် ဒေါ်သိန်:ရီသည် သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေရာ ဖောင်:ပြင်မြို့နယ်၊ ပြည်သူ့ဆေး:ရုံသို့ တင်ပို့လိုက်ရသည်။ ဒေါ်သိန်:ရီအား: ဖောင်:ပြင်မြို့နယ် ပြည်သူ့ဆေး:ရုံတွင် ဧပြီလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဆေး:ဝါ:ကုသပေး:ခဲ့ပြီး: ဆက်လက်၍ ဧပြီလ ၁၂ ရက်နေ့တွင် မုံရွာမြို့ အထွေထွေရောဂါကုဆေး:ရုံကြီး:သို့ တင်ပို့ကုသသည်။ မုံရွာမြို့ အထွေထွေရောဂါကုဆေး:ရုံကြီး:သို့ တင်ပို့ချိန်အထိ ဒေါ်သိန်:ရီသည် မျက်စိဖွင့်မရဘဲရှိနေသည်။ မုံရွာဆေး:ရုံကြီး:တွင် နာခေါင်:ပိုက်ဖြင့် အစာများ:သွင်း:ခြင်း၊ အကြောမှ ဆေး:များ:သွင်း:ပေး:ခြင်း စသည်ဖြင့် ဆရာဝန်များ:နှင့် သူနာပြုများ:က ကြပ်မတ်ကုသပေး:ခဲ့ရာ ကျန်:မာရေး:အခြေအနေ သိသိသာသာ တိုး:တက်ကောင်း:မွန်လာသည်။ မုံရွာဆေး:ရုံကြီး:၌ ၁၀ လကြာ ဆေး:ဝါ:ကုသမှုခံယူပြီး:နောက် ၁၉၉၆ ခုနှစ်၊ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေး:ရုံကြီး:သို့ ပြောင်း:ရွှေ့ကာ မီး:လောင်ဒဏ်ရာကြောင့် လည်ပင်း:တွင် အကြောကပ်သွား:ခြင်း၊ လက်များ:မီး:လောင်ကျွမ်:ခံရခြင်း: စသည့် ဒဏ်ရာများကို ပလတ်စတစ်ဆာဂျရီနည်း:ဖြင့် အစား:ထိုး:ပြုပြင်ကုသမှုကို တစ်လကြာခံယူခဲ့ရာ လက်များ:လှုပ်ရှား:နိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်။ ထပ်မံ၍ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ရန်ကုန်အထွေထွေ ရောဂါကုဆေး:ရုံကြီး:သို့ တက်ရောက်ကာ မေလ ၁၃ ရက်နေ့အထိ ဆေး:ဝါ:ကုသမှုခံယူသည်။

ဒေါ်သိန်:ရီသည် မိမိအသက်ကို ပဓာနမထား:ဘဲ မီး:လောင်နေသော နေအိမ်အတွင်း:မှ မီး:လောင်ခံနေရသည့် ကလေး:ငယ်အား: မီး:တောက်မီး:လျှံများ:ကြား:မှ ဝင်ရောက်ကယ်ဆယ်ခြင်း:မှာ သူနာပြုတစ်ယောက်၏ စိတ်ဓာတ်အပြည့်အဝရှိကြောင်း: ထင်ရှား:သဖြင့် ဖလောရင့်နိုက်တင်ဂေး: ဆုတံဆိပ်ရရှိခြင်း:ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သော ၃၈ ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးဆုရှင် ဂုဏ်ပြုပွဲအခမ်းအနား‌ကို ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ဖလောရင့်နိုက်တင်ဂေးဆု ရရှိသူ ဟုမွလင်းမြို့နယ်၊ သောင်သွပ်တိုက်နယ် ကျန်းမာရေး ဌာနမှ သား‌ဖွား‌ဆရာမ ဒေါ်သိန်းရီအား ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်နှင့် ဆုလက်မှတ်ချီးမြှင့်သည်။ ကျန်းမာရေး‌ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကက်စိန်က ဖလောရင့်နိုက်တင်ဂေးဆုရှင် သား‌ဖွား‌ဆရာမ ဒေါ်သိန်းရီအား ဂုဏ်ပြုရွှေတံဆိပ်နှင့် တစ်ဆင့်မြင့်ရာထူး ခန့်အပ်လွှာပေး‌အပ်သည်။

ဖလောရင့်နိုင်တင်ဂေးဆုရှင် ဒေါ်သိန်းရီသည် ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးဖြစ်၍ သား‌နှစ်ယောက်နှင့် သမီးလေးယောက်ကို ပြုစုပျိုးထောင်ကာ မိသား‌စုတာဝန် ထမ်းဆောင်ရင်း ကျန်းမာရေး‌ဝန်ထမ်းတစ်ဦး‌အဖြစ် နိုင်ငံတာဝန်ကို ထမ်းဆောင်နေသူဖြစ်သည်။

ဒေါ်အေးသန်း (L.H.V အင်းစိန်)

ဖိလစ်ပိုင်နိုင်ငံ ။ ။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှစ၍ အထက်လွှတ်တော်တွင် သမ္မတကျိုးဧက် အက်စထရာဒါအား လာဘ်စား‌မှုစွဲချက်ဖြင့် ခုံရုံးတင်မှုပျက်ပြား‌သွား‌ခဲ့သော်လည်း သမ္မတ အက်စထရာဒါသည် ရာထူး‌မှနုတ်ထွက်လိုက်ရသည်။ ပီဆိုသန်းပေါင်း ၃၃၀၀ (အမေရိကန် ၁ ဒေါ်လာ = ၄၉ ပီဆို) တန်ဖိုးရှိသည့် တရား‌မဝင်ငွေကြေး‌ရယူမှု အပါအဝင် လျှို့ဝှက်ဘဏ်စာရင်း အမြောက်အမြား‌ထား‌ရှိသည်ဟု စွပ်စွဲခံခဲ့ရသည်။ သူ၏အစိုး‌ရအဖွဲ့ဝင်များက သမ္မတဟောင်း‌များနှင့် စီး‌ပွား‌ရေး‌လုပ်ငန်း‌ရှင်များပါဝင်သော အတိုက်အခံညွှန့်ပေါင်းဘက်သို့ ကူး‌ပြောင်း‌သွား‌ခြင်း‌ကြောင့်လည်း‌ကောင်း၊ ရဲနှင့် စစ်ဘက်က သမ္မတအား‌ထောက်ခံမှုကို ရပ်သိမ်း‌သွား‌သောကြောင့်လည်း‌ကောင်း၊ လူထုဆန့်ကျင်ဆန္ဒပြမှုများ‌ကြောင့်လည်း‌ကောင်း အာဏာစွန့်လွှတ်ခဲ့ရသည်။ အတိုက်အခံခေါင်းဆောင် ဒုတိယသမ္မတ ဂလိုရီယာ မကာပါဂယ် အာရိယိုက ၂၀၀၁ ခုနှစ်၊ ဧန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတအသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ သမ္မတသစ် အာရိယိုသည်



ဖိလစ်ပိုင်နိုင်ငံ
သမ္မတအာရိယို

သမ္မတဟောင်း ဒိုင်ယော့ဒါဒို မကာပါဂယ် (၁၉၆၁ – ၆၅) ၏သမီးဖြစ်သည်။ သမ္မတ အက်ဒီနို (၁၉၈၆ – ၉၂) ၏အစိုးရအဖွဲ့တွင် ကုန်သွယ်ရေးနှင့်စက်မှုလက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၁၉၂၂ ခုနှစ်တွင် အထက်လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၉၅ ခုနှစ်တွင် ထောက်ခံမဲ ၁၆ သန်းစံချိန်တင်ရရှိပြီး ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၉၈ ခုနှစ်တွင် ဒုတိယသမ္မတအဖြစ် ထောက်ခံမဲ ၁၂ ဒသမ ၇ သန်းဖြင့် ရွေးချယ်တင်မြှောက်ခံရသည်။ လိုအပ်သောထောက်ခံမဲ ၇ သန်းထက် စံချိန်တင်ကျော်လွန် ရရှိခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင်အစွမ်းလမ္မစ်ခွဲထွက်ရေး‌ဝါဒီအဘူဆယက်အုပ်စု (အေအက်စ်ဂျီ) ကို ထိုး‌စစ်ဆင်ရာတွင် အစိုး‌ရတပ်ဖွဲ့ဝင်များသည် အေအက်စ်ဂျီ ထိပ်တန်းခေါင်းဆောင်



အဘူဆယက်အုပ်စုခေါင်းဆောင်ဖြစ်သည့် အဘူဆာဘာယာ

တစ်ဦးဖြစ်သည့် နက်ဂျမီ ဆပ်ဗဒူလာကို လက်ရာဖမ်းဆီးမိသည်ဟု ၂၀၀၁ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ထုတ်ပြန်သည်။ နိုင်ငံခြားသားခရီးသည်များ ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များကို ပြန်ပေးဆွဲလေ့ရှိသည့် အကြမ်းဖက်ဂိုဏ်း ဖြစ်သည်။ သမ္မတ အာရိယိုသည် ဇူလိုင်လ ၉ ရက်နေ့တွင်ပင် အမျိုးသားမူခင်းဆန့်ကျင်ရေးကော်မရှင် (စီအေအေစီ) ကို ဖွဲ့စည်းလိုက်သည်။ ထိုကော်မရှင်သည် အေအက်စ်ဂျီ၏ ပြစ်မှုများကိုသာမက အခြားပြန်ပေးဆွဲမှုများကိုပါ ဦးတည်လျက် အရေးယူဆောင်ရွက်ရန်ဖြစ်သည်။

မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (အမ်အင်န်အယ်လ်အက်ဖ်) သည် အစိုးရနှင့်ငါးနှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူထားခဲ့ရာမှ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဂိုဏ်းခွဲတစ်ခုက ချိုးဖောက်ပြီး ဂျိုလိုကျွန်းအနောက်တောင်ပိုင်းရှိ အစိုးရတပ်စခန်းများကို အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုသောင်းကျန်းသူတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ မင်ဒါနာအိုကျွန်း၏ အုပ်ချုပ်ရေးမှူး နှုးမီဆူအာရီ၏ နောက်လိုက်များဖြစ်ကြသည်။ မစ်ဆူအာရီကိုမို ပုန်ကန်မှုဖြစ်အောင် လှုံ့ဆော်မှုဖြင့် ဖမ်းဆီးရန် သမ္မတအာရိယိုက အမိန့်ပေးခဲ့သည်။ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မီဆူအာရီကို မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိသည်။

ခွဲထွက်ရေးဝါဒီ အေအက်စ်ဂျီကို တိုက်ခိုက်ရာတွင် ထောက်ကူရန် အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘွတ်ရှ်၏ ကမ်းလှမ်းချက်ကို သမ္မတအာရိယိုက ပယ်ချခဲ့သည်။ ဖိလစ်ပိုင်စစ်သားများသည် မိမိတို့ဘာသာတိုက်ခိုက်နိုမ်နှင်းရန် ပို၍လိုလားသည်ဟု အာရိယိုက ပြောကြားခဲ့သည်။ မိမိနိုင်ငံကို ကိုလိုနီပြုခဲ့သောအင်အားကြီးနိုင်ငံ၏ တပ်ဖွဲ့များ မိမိနိုင်ငံသို့ပြန်လာလျှင် အမျိုးသားရေးစိတ်ဓာတ်ဖြင့် တုံ့ပြန်မှုများပေါ်ပေါက်နိုင်သည်ဟု အာရိယိုက ထောက်ပြခဲ့သည်။ သို့ရာတွင် သင်တန်းနှင့် ထောက်လှမ်းရေးအထောက်အကူ၊ စစ်ရေးသုံးပစ္စည်းသစ်များနှင့် အမေရိကန်စစ်ရေး အကြံပေးအဖွဲ့များကိုမူ သဘောတူလက်ခံခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ။ ။ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပေးရာတွင် ပြည်ပရေးရာကိစ္စများအား ၂၀၀၁ ခုနှစ်၌ ဗီယက်နမ်နိုင်ငံ၏ သံတမန်ရေးရာလုပ်ငန်းက အထူးအရေးပေးပြီး အလေးထားသွားမည်ဟု ညံ့ဇံသတင်းစာသို့ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး

ဒုယင်ဒီညင်းက ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ထုတ်ကုန်ပစ္စည်းစျေး ကွက်များ၊ ထွက်ပေါက်များ တိုးချဲ့မှုကို ဦးစားပေး အထောက် အကူပြုမည်။ ပို့ကုန်နှင့် နိုင်ငံတကာဆိုင်ရာ အလုပ်သမား ပူးပေါင်းဆောင်ရွက်မှုကိုတိုးတက်စေကာ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်သွားမည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် ပင်လယ်ရပ်ခြားရှိဗီယက်နမ်အသိုင်းအဝိုင်းများကို ခိုင်မာတောင့်တင်းစေမည်။ ၂၀၀၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံ သံတမန်ရေးရာလုပ်ငန်းမှာ နိုင်ငံ၏ စီးပွားရေးတိုးတက်မှု မြင့်မားစေသော လှုပ်ရှားမှုများကို စတင်အရှိန်အဟုန်ရခဲ့စေကာ ပြည်ပရေးရာ ပြန်ကြားရေးကိုတိုးတက်စေခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ ပြည်ပရှိ ဗီယက်နမ်လူမျိုးများကို အပြည့်အဝ ဝိုင်းဝန်းကူညီစေခဲ့သည်။

ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် ဗီယက်နမ်နိုင်ငံ၏ သံတမန်ရေးရာလုပ်ငန်း အောင်မြင်မှုများကား ကွန်မြူနစ်ပါတီက ဦးဆောင်ဦးရွက်ပြုခဲ့သော လွတ်လပ်ပြီး မိမိကိုယ်မိမိ အား ကိုးရေးမူဝါဒ၏ အရေးပါမှုနှင့် မှန်ကန်မှုကို သက်သေထူခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ၌ အာဆီယံအမြဲတမ်းကော်မတီနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ယင်းစွမ်းဆောင်ရည်အတွင်းမှ ဗီယက်နမ်နိုင်ငံသည် အာဆီယံ၏ ပေါင်းစည်းညီညွတ်မှု ကျစ်လျစ်ခိုင်မာစေရန်နှင့် အာဆီယံလှုပ်ရှားဆောင်ရွက်မှု အခြေခံစည်းမျဉ်းများ တည်မြဲစေရန်အစွမ်းကုန် လုပ်ဆောင်သွားမည်ဟု ဝန်ကြီးဒုယင်ဒီညင်းက ဆက်လက်ပြောကြားခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်အစိုးရကို ဆန့်ကျင်သူများသည် ဘာသာရေးနှင့် လူ့အခွင်းအရေးကို အသုံးချကာ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် ပြုလုပ်နေကြကြောင်း ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က ပြောကြားသည်ဟု ဗီယက်နမ်အစိုးရအာဘော်ညံ့ဇံသတင်းစာက ဇန်နဝါရီလ ၅ ရက်နေ့က ရေးသားဖော်ပြခဲ့သည်။ နိုင်ငံအစိုးရအား ဖြုတ်ချရန်ကြံစည် နေကြခြင်းမှာပို၍ပင် စက်ဆုပ်ဖွယ် ဖြစ်လာနေသည်။ အကြမ်းဖက် အင်အားစုတို့သည် ဘာသာရေးနှင့် လူမျိုးစုအရေးစသည်တို့ဖြစ်သော အတိမ်းအစောင်းမခံသည့် ပြဿနာများကို အသုံးချနေကြခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ ကိုယ်စားလှယ်များအား ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ဘာသာရေးနှင့်နိုင်ငံရေးလွတ်လပ်မှုမရှိကြောင်း နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုနှင့် နိုင်ငံခြားအစိုးရအချို့က စွပ်စွဲပြောကြားနေခြင်းကို ဗီယက်နမ်နိုင်ငံက ငြင်းဆိုထားသည်။



မိယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးသစ် အဖြစ် ရွေးချယ်ခံထားရသူ ဌန်ဒတ်မန်း (လယ်) ကို ပါတီ မျက်နှာစုံညီအစည်းအဝေးတွင် တွေ့ရစဉ်

ဧန်နဝါရီလ ၁၆ ရက်နေ့ကအဌမအကြိမ် မိယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ (စီပီဗွီ) ၁၁ ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး ပြီးဆုံးခဲ့သည်။ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ကြရန်နှင့် နဝမအကြိမ် စီပီဗွီညီလာခံသို့ တင်သွင်းမည့်အစီရင်ခံစာစာရွက်စာတမ်းမူကြမ်းများကို ဆက်လက်ပြုစုသွားကြရန် ပါတီ၊ တပ်မတော်နှင့် မိယက်နမ်ပြည်သူတစ်ရပ်လုံးကို ဆော်သြကာ အစည်းအဝေးပြီးဆုံးသွားခဲ့သည်။ ယင်းအစည်းအဝေး၌ နဝမအကြိမ် စီပီဗွီညီလာခံသို့ တင်သွင်းမည့်အခြေခံမူကြမ်းများ ပြုစုခဲ့သည်။ ယင်းအခြေခံမူကြမ်းများတွင် သက္ကရာဇ် ၂၀၀၀–၂၀၀၁ ကာလအတွင်း လူမှုစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာ၊ ၂၀၀၁ – ၂၀၀၅ ခုနှစ် ကာလအတွင်း ငါးနှစ်စီမံကိန်း လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များ အပါအဝင် ပါတီဖွဲ့စည်းပုံ ပြုပြင်ရေးကိစ္စရပ်များ ပါဝင်သည်။ စီပီဗွီမျက်နှာစုံညီ အစည်းအဝေး ကျင်းပနေစဉ်ကာလအတွင်း နဝမအကြိမ် စီပီဗွီ ဗဟိုကော်မတီအတွက် လျာထားသော ပုဂ္ဂိုလ်များကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေး နောက်ဆုံးနေ့တွင် စီပီဗွီဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး လီခါဖီယူက အပိတ်မိန့်ခွန်းပြောကြားရာ၌ ဗီယက်နမ်ပါတီနှင့် ပြည်သူများသည် ဗီယက်နမ်နိုင်ငံကို မာခ်စ်လီနင်ဝါဒနှင့် ဟိုချီမင်းအတွေးအခေါ်များကို အခြေခံပြီး ဆိုရှယ်လစ်လမ်းစဉ်အတိုင်း တည်ဆောက်သွားရန် သန္နိဋ္ဌာန်ချထား၊သည်ဟု အလေးအနက် ပြောကြားသွားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဌန်ဒတ်မန်းကို ပါတီ၏ အထွေထွေအတွင်းရေးမှူးသစ်အဖြစ် ဗီယက်နမ်ကွန်မြူနစ်ပါတီက ဧပြီလ ၂၂ ရက်နေ့တွင် ရွေးချယ်ခဲ့သည်။ အတွင်းရေးမှူးချုပ်နေရာမှာ ဗီယက်နမ်နိုင်ငံ၏ အာဏာအရှိဆုံးခေါင်းဆောင်ပိုင်းနေရာဖြစ်သည်။ ပါတီ၏ ယုံကြည်မှုကိုရသည့်အတွက် မိမိအလွန်ဝမ်းမြောက်ဂုဏ်ယူကြောင်း မန်းကကွန်ဂရက်တွင် ပြောကြား၊သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီမှ အဖွဲ့ဝင် ၁၅၀ ပါဝင်သော ဗဟိုကော်မတီအသစ်သည် ဗီယက်နမ်နိုင်ငံတွင် လူကြိုက်နည်းသော ကွန်ဆာဗေးတစ်ဝါဒီ လီခါဖီယူ၏ နေရာတွင် အသက် ၆၁ နှစ်အရွယ်ရှိပြုပြင်ပြောင်းလဲရေးလိုလားသော လွှတ်တော်ဥက္ကဋ္ဌ ဌန်ဒတ်မန်းအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လီခါဖီယူသည် ပါတီဗဟိုကော်မတီအသစ်တွင်လည်း ပါဝင်ခြင်းမရှိ၍ နိုင်ငံရေးလောကမှ လုံးဝအနားယူကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ ပါတီဗဟိုကော်မတီဝင် ၁၅ ဦးကိုလည်း ရွေးချယ်ခဲ့ရာ ယခင်ပေါ်လစ်ဗျူရို ၁၈ ဦးအနက် ၁၁ ဦးပြန်လည် ပါဝင်လာ၍ လေးဦးမှာ အသစ်များဖြစ်သည်။ ပါတီခေါင်းဆောင်ပိုင်းအပြောင်းအလဲမှာ လေးရက်ကြာ ကျင်းပသော ဗီယက်နမ်ကွန်မြူနစ်ပါတီ ကွန်ဂရက်မှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်ဖြစ်သည်။ ပါတီအတွင်းရေးမှူးအဖွဲ့သစ်သည် လက်ရှိ

ပေါလစ်ဗျူရိုအမြဲတမ်းအဖွဲ့ဝင်ငါးဦးကို အစား:ထိုးမည်ဖြစ်ကြောင်း: ပေါလစ်ဗျူရိုအဖွဲ့ဝင် ဖန်သီဒွတ်က ပြောသည်။ ဗဟိုကော်မတီဝင်ဦးရေကို လက်ရှိ ၁၇၀ မှ ၁၅၀ နှင့် ၁၆၀ အကြား:သို့ လျှော့ချလိမ့်မည်ဟု ပါတီသဘောတရား:ရေးဌာနအကြီး:အကဲ ဟူသို့က ပြောသည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ဗီယက်နမ်သမ္မတအဖြစ် ထရန်ဒပ်လွန်အား: ဆက်လက်ထား:ရှိရန် ဆုံးဖြတ်ခဲ့ပြီး: ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က လက်ရှိရာထူး:တွင် ၂၀၀၂ ခုနှစ်၊ မေလအထိ ဆက်လက်တာဝန်ထမ်း:ဆောင်မည်ဖြစ်သည်။

လူဦး:ရေ ၇၉ သန်း:ရှိသော ဗီယက်နမ်နိုင်ငံသည် စီး:ပွား:ရေး:ပြုပြင်ပြောင်း:လဲရေး:အတွက် ဆောင်ရွက်နေစေကာမူ လွတ်လပ်သောစျေး:ကွက် စီး:ပွား:ရေး:မူဝါဒများ:ကိုလျင်မြန်စွာမကျင့်သုံး:နိုင်သည့်အတွက် နိုင်ငံခြား:စီး:ပွား:ရေး:လုပ်ငန်း:ရှင်များ:နှင့် နိုင်ငံရေး:ခေါင်း:ဆောင်များ:က စိတ်ပျက်နေကြသည်။ ပေါလစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ၁၀ နှစ်ကြာမျှ တာဝန်ထမ်း:ဆောင်ခဲ့သော မစ္စတာမန်း:မှာ ကွန်မြူနစ်ပါတီအတွင်း: ရှေး:ရှိ:ဆန်သော ကွန်ဆာဗေး:တစ်လူကြီး:များ:နှင့် ငယ်ရွယ်ပြီး: ပြုပြင်ပြောင်း:လဲရေး:လိုလား:သူ ပါတီတာဝန်ရှိ ပုဂ္ဂိုလ်များ: အကြား: သဘောထား:ကိုက်ညီမှုရရှိအောင် ဆောင်ရွက်စည်း: ရုံး:နိုင်သူအဖြစ် နာမည်ကျော်ကြား:ခဲ့သူဖြစ်သည်။ မစ္စတာမန်း:သည် ဗီယက်နမ်တော်လှန်ရေး:သူရဲကောင်း: ဟိုချီမင်း:၏ တရား:ဝင်မဟုတ်သော သား:ဖြစ်မည်ဟု ယူဆကြသည်။ မစ္စတာမန်း:ကလည်း: ဟိုချီမင်း:နှင့် တိုက်ရိုက်ဆက်သွယ်မှုရှိသည်ဟု မပြောကြား:ပေ။ ဟိုချီမင်း:၏ သား:ဖြစ်သည်ဟူသော ကောလာဟာလ မှန်မမှန် သံတမန်တစ်ဦး:က မေးမြန်း: ရာ "ကျုပ်တို့ဟာ ဟိုချီမင်း:ရဲ့ကလေး:တွေပါပဲ" ဟု မစ္စတာမန်း:က ပြောကြား:ခဲ့သည်။

နဝမအကြိမ် ဗီယက်နမ်ကွန်မြူနစ်ပါတီ (စီပီဗွီ) ဗဟိုကော်မတီ တတိယမျက်နှာစုံညီအစည်း:အဝေး:ကို ဟန္ဓိုင်း:မြို့၌ ၁၀ ရက်ကြာ ကျင်း:ပပြီး:နောက် ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြီး:ဆုံး:ခဲ့သည်။ ယင်း:ညီလာခံကို ဩဂုတ်လ ၁၃ ရက်နေ့က စတင်ကျင်း:ပပြီး: ဗဟိုကော်မတီ၏ စီမံခန့်ခွဲမှုဆိုင်ရာ စည်း:မျဉ်း:စည်း:ကမ်း:များ:ကို ဆွေး:နွေး:အတည်ပြုကြသည်။ ထို့ပြင် ဗဟိုကော်မတီ နိုင်ငံရေး:ဗျူရိုဆိုင်ရာ အတွင်း:ရေး:မှူး:များ:ရုံး:နှင့် လုပ်ငန်း:စစ်ဆေး:ရေးကော်မရှင်တို့၏ စည်း:မျဉ်း:စည်း:ကမ်း:များ:ကို ဆွေး:နွေး:အတည်ပြု၍ နဝမအကြိမ်မြောက် ဗဟိုကော်မတီ၏ လုပ်ငန်း:စဉ်များ:ကိုလည်း: ဆွေး:နွေး:ချမှတ်ခဲ့ကြသည်။ ယင်း:မျက်နှာစုံညီ အစည်း:အဝေး:တွင် ဗဟိုကော်မတီအထွေထွေအတွင်း:ရေး:မှူး: ငွန်ဒက်မန်း:က သဘာပတိအဖြစ်ဆောင်ရွက်၍ နိုင်ငံပိုင်စီး:ပွား:ရေး:လုပ်ငန်း:များ:၊ ဖွံ့ဖြိုး:တိုး:တက်ရေး:နှင့် အစဉ်မွမ်း:မံနေရေး: ကိစ္စရပ်များ:ဆိုင်ရာ ဆုံး:ဖြတ်ချက်ကို ချမှတ်ခဲ့သည်။ ၂၀၀၁–၂၀၀၅ ခုနှစ်ကာလအတွင်း: နိုင်ငံပိုင်စီး:ပွား:ရေး:လုပ်ငန်း: လုပ်ဆောင်မှုများ: အသစ်ပြုပြင်မွမ်း:မံရေး:နှင့် နိုင်ငံပိုင်စီး:ပွား:ရေး:လုပ်ငန်း:များ: ပြန်လည်ကိုက်ညီရေး:နှင့် ပြန်လည်ဖွဲ့စည်း:ရေး:တို့ကို အခြေခံအား:ဖြင့် အပြီး:သတ်လုပ်ဆောင်ရမည့် လုပ်ငန်း:စဉ်များ:ကိုလည်း: အစည်း:အဝေး:တွင် ချမှတ်ခဲ့သည်။

စီး:ပွား:ရေး – ဗီယက်နမ်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ရေနံစိမ်း: တန်ချိန် ၁၈ သန်း:ကို ထုတ်ယူဖြန့်ဖြူး:နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း: ဗီယက်နမ်သတင်း:ဌာနက ဇန်နဝါရီလ ၂ ရက်နေ့တွင် သတင်း:ထုတ်ပြန်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ရေနံတန်ချိန် ၁၆ ဒသမ ၂၂၁ သန်း:ကိုသာ ထုတ်ယူဖြန့်ဖြူး:နိုင်ခဲ့သည်။ နှစ်အလိုက် ရေနံထွက်နှုန်း: တိုး:တက်မှုမှာ တန်ချိန် ၆၉၀၀၀ ရှိခဲ့သည်။ ပြည်ပသို့ ရေနံစိမ်း:တန်ချိန် ၁၅ သန်း:ကျော် တင်ပို့ရောင်း:ချခဲ့ရာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံနီး:ပါး: ရရှိခဲ့သည်။ ကမ်း:လွန်ဒေသမှ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁ ဒသမ ၅၅ ဘီလီယံ ထုတ်ယူသုံး:စွဲနိုင်ခဲ့သည်။ သာမိုအီလက်ထရစ် ဓာတ်အား:ပေး:စက်ရုံများ:အတွက် သဘာဝဓာတ်ငွေ့ရည်များ: ဖြန့်ဖြူး:ပေး:နိုင်ခဲ့သည်။ ဗီယက်နမ် – ရုရှား: ရေနံဖက်စပ်လုပ်ငန်း:မှာ ဗီယက်နမ်နိုင်ငံမှ ထွက်ရှိသော ရေနံ ၈၀ ရာခိုင်နှုန်း:ကျော်နှင့် သဘာဝဓာတ်ငွေ့ ၁၀၀ ရာခိုင်နှုန်း:ကို အသုံး:ပြုနိုင်ခဲ့သည်။ ရေနံစိမ်း:မှာ ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်အမျိုး:အစား:များ:တွင် ပထမအဆင့် အမျိုး:အစား:ဖြစ်၍ အဝတ်အထည်နှင့် အထည်အလိပ် ပို့ကုန်မှာ ဒုတိယလိုက်သော ထိပ်တန်း:ပို့ကုန်အမျိုး: အစား: ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ရေထွက်ပစ္စည်း: ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရရှိအောင် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း: ဗီယက်နမ်သတင်း:ဌာနက ဇန်နဝါရီလ ၇ ရက်နေ့တွင် ကြေညာသည်။ ဗီယက်နမ်နိုင်ငံ၏ ငါး:ဖမ်း:လုပ်ငန်း:ကဏ္ဍသည် ၂၀၀၀ ပြည့်နှစ်တွင် ကမ်း:လွန်ငါး:ဖမ်း:လုပ်ငန်း:၊ ရေထွက်ပစ္စည်း: ထုတ်လုပ်ရေး: လုပ်ငန်း:နှင့် ရေထွက်ပစ္စည်း: ပို့ကုန်လုပ်ငန်း:ဆိုင်ရာ အစီအစဉ်သုံး:ခုကို ရေး:ဆွဲအကောင်အထည်ဖော်ရန် ကြိုး:ပမ်း:အား:ထုတ်

ခဲ့သည်။ မြို့ကြီးများနှင့် ကမ်းခြေပြည်နယ် ၂၅ ခုတို့သည် ကမ်းလွန်ငါးဖမ်းလုပ်ငန်းတွင် နိုင်ငံတော်၏ စုစုပေါင်း ရေထွက်ပစ္စည်းထုတ်လုပ်မှု တန်ချိန်နှစ်သန်းကျော်အထိ ရရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြင့် ယင်းတို့၏ နှစ်အလိုက် စီမံကိန်းကို ကျော်လွန်အောင် ဖော်ဆောင်နိုင်ခဲ့ကြသည်။ ယင်းရေထွက်ပစ္စည်း ထုတ်လုပ်မှုမှာ နှစ်အလိုက်နိုင်းယှဉ်ကြည့်ပါက ၉၃သမ ဖ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ရေထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတွင် အရည်အချင်းရော အရေအတွက်ပါ မြင့်မားများပြားလာအောင် နိုင်ငံတစ်ဝန်းလုံးတွင် ဖော်ဆောင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ပမာဏမှာ ၂၀၀၀ ပြည့်နှစ်က တန်ချိန် ၃ ဒသမ ၄ သန်းရှိပြီး အမေရိကန်ဒေါ်လာ ဖ၃၈ သန်းရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်ကထက် ဒေါ်လာ ၃၆၀ လျော့နည်းကျဆင်းခဲ့ခြင်းမှာ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသအတွင်း ရေကြီးခြင်းနှင့်ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်း လျော့ကျခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ကျဆင်းခဲ့ရခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ၂၀၀၁ ခုနှစ်အတွင်း အထွေထွေနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၁၀၀ ပြည့်နှစ်ကထက် ပိုလွန်မည်ဟု မျှော်မှန်းထားသည်ဟု ဇန်နဝါရီလ ၂၂ ရက် နေ့ထုတ် ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ ဒေါ်လာသန်း ၁၀၀၀ တန်ဖိုးရှိသော စီမံကိန်းလုပ်ငန်းများကို ၂၀၀၁ ခုနှစ်တွင် စတင်အကောင်ထည် ဖော်တော့မည်ဖြစ်သည်။ မကြာမီခွင့် ပြုမည့် အကြီးစားရင်းနှီးမြှုပ်နှံမှုမှာ ဟိုချီမင်းစီးတီးဌိမိုဘိုင်းဖုန်းများ ထုတ်လုပ်မည့် ဒေါ်လာသန်း ၂၅၀ တန်ကိုရီးယား လုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ဖူမိုင် ၂ နှင့် ဖူမိုင် ၃ လျှပ်စစ် စွမ်းအားထုတ်လုပ်ရေး စက်ရုံများ အသုံးပြုရေးကိစ္စကိုလည်း ဆွေးနွေးကြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်က ပြည်ပနိုင်ငံများသို့ ငရုတ်ကောင်းအမည်း တန်ချိန် ၃၅၂၂၀ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ဖိုးတင်ပို့ခဲ့ရာ ကမ္ဘာတွင် ငရုတ်ကောင်းတင်ပို့ရောင်းချရာ၌ ဒုတိယအများဆုံး နိုင်ငံဖြစ်လာကြောင်း ဗီယက်နမ် စီးပွားရေးသတင်းစာက ဖေဖော်ဝါရီလ ၅ ရက် နေ့တွင် ရေးသားဖော်ပြသည်။ ဗီယက်နမ်၌ ဟတ်တာစေက ၂၆၅၀၀ ကျော်တွင် ငရုတ်ကောင်းစိုက်ပျိုးလျက်ရှိရာ တစ်ဟတ်တာလျှင် ငရုတ်ကောင်းပျမ်းမျှ ၂၁ ဒသမ ၄၅ တန်ထွက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်းစားသုံးမှုမှာ ၂၀၀၀ ပြည့်နှစ်က တန်ချိန် ၄၀၀၀ ခန့်ရှိသည်။ စိုက်ပျိုးထွက်ရှိသော ငရုတ်ကောင်း၉၀ ရာခိုင်နှုန်းကိုပြည်ပသို့တင်ပို့ရောင်းချခဲ့သည်။

၂၀၀၁ ခုနှစ် ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အမေရိကန်ဒေါ်လာ ၂၀၉ သန်းဖိုးရှိ နောက်ထပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၆၅ ခုကို ခွင့်ပြုချက်လိုင်စင် ထုတ်ပေးလိုက်သည်။ ယင်းကိန်းဂဏာန်းများသည် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုဇယားတွင် ၈၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဇွန်လ ၁၁ ရက် နေ့တွင် ဖော်ပြခဲ့သည်။ ၂၀၀၁ ခုနှစ် ပထမငါးလတွင် ဟိုချီမင်းမြို့၌ လုပ်ကိုင်ဆောင်ရွက်ရန်ခွင့်ပြုခဲ့သော အရင်းအနှီးများတွင် လုပ်ငန်းလည်ပတ်လျက်ရှိသော စီမံကိန်း ၂၀ ၌ ပါဝင်သော အရင်းအနှီးများကို ပေါင်းထည့်လျှင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၃၈၆ ဒသမ ၇ သန်းအထိရှိကြောင်း ယင်းပမာဏသည် ၂၀၀၀ ပြည့်နှစ် အလားတူကာလထက် သုံးဆမြင့်မားကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးအချက်အချာအကျဆုံးဖြစ်သော ဟိုချီမင်းမြို့တွင် ယခုအခါ အမေရိကန်ဒေါ်လာသန်း ၁၀၈၀၀ ဖိုးရှိ တရားဝင်စီမံကိန်း ၉၇၀ ရှိပြီဖြစ်သည်။

သမိုင်းတွင်ရစ်မည့် ဗီယက်နမ် အမေရိကန်ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်ကို ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ရာ ယင်းစာချုပ်အတည်ဖြစ်သွားပြီဖြစ်ကြောင်း ဗီယက်နမ်အစိုးရသတင်းဌာနများက ဒီဇင်ဘာလ ၇ ရက်နေ့က ရေးသားဖော်ပြကြသည်။ ဗီယက်နမ်နိုင်ငံသည် ယင်းသဘောတူညီချက်၏ ချက်ချင်းအကျိုးခံစားခွင့်အဖြစ် ပို့ကုန်များအပေါ် ကောက်ယူသော အကောက်ခွန်များကို ၄၀ ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ လျှော့ချခံစားခွင့် ရရှိမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားသည်။ ယင်းစာချုပ်ကို အမျိုးသားလွှတ်တော်က အတည်ပြုပြီးဖြစ်ရာ အတည်ဖြစ်ရေးအတွက် သမ္မတလောင်က ဒီဇင်ဘာလ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူ စာချုပ်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သဘောတူလက်ခံခဲ့ပြီးဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး – ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့သည် အိန္ဒိယဝန်ကြီးချုပ် ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သော ပထမနေ့ ဇန်နဝါရီလ ၈ ရက်နေ့တွင် အကျုံမြို့စွမ်းအင်ကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ မိမိတို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရာ၌ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် သိပ္ပံပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့သည် အဓိကအခန်းကဏ္ဍတွင်ရှိကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဗီယက်နမ်နှင့် အိန္ဒိယတို့သည် ပြည်ပဖိနှိပ်မှုကို ခါးစည်းတုံ့ပြန် ရုန်းကန်ခဲ့ရသည်ဟု အိန္ဒိယဝန်ကြီးချုပ်က နိုင်ငံတော်ဧည့်ခံပွဲတွင် ပြောကြားသည်။

နှစ်ဦးနှစ်ဖက်ဆက်ဆံမှုဖွဲ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် သမိုင်းတွင်မည့် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သုံးရပ်ကို ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်များကို ၂၃ ကြိမ်မြောက် ဗီယက်နမ် – လာအိုအစိုးရဆိုင်ရာ ကော်မရှင် ပူးတွဲအစည်းအဝေးနောက်ဆုံးနေ့၌ အပြီးသတ်ချမှတ်ခဲ့သည်။ အစည်းအဝေးသို့ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ငုယင်မန်ကမ်းနှင့် လာအိုဒုတိယဝန်ကြီးချုပ် ဘောင်နန်းပို ရာချက်တို့ တက်ရောက်ခဲ့သည်။ ယင်းသဘောတူညီချက် များတွင် ၂၀၀၁၊ ၂၀၀၅ နှင့် ၂၀၁၀ ပြည့်တို့တွင် စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ပါဝင်သည်။ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သည် လာမည့် ငါးနှစ်အတွင်း ပညာရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ လူထုကျန်းမာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ စီးပွားရေးနှင့် နယ်ပယ်အတွင်း ပြီးပြည့်စုံသော ကမ်းလှမ်း ချက်များကို တစ်ဦးနှင့်တစ်ဦး အထောက်အကူပေးရန်လည်း ကတိပြုခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ဝန်ထမ်း လေ့ကျင့်ရေး၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပို့ဆောင်ရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင် လာအိုနိုင်ငံအား ကူညီရန် အဆင်သင့်ရှိကြောင်း လာအိုဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပျက်စီးသွားခဲ့ချိန်မှစ၍ ဆယ်စုနှစ်တစ်နှစ်ကြာမျှ ဥပေက္ခာပြုထားခဲ့သော စီးပွားရေးနှင့် လုံခြုံရေးဆက်ဆံမှုများ ပြန်လည်တည်ဆောက်သွားရန် ရည်ရွယ်ချက်ဖြင့် ကွန်မြူနစ်ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ဟနွိုင်းမြို့ နွိုင်ပိုင်လေဆိပ်တွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်ဒိုင်နီယင်နှင့် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ထရန်စွန်ကီယာတို့ အပါအဝင် ဗီယက်နမ်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များက မစ္စတာပူတင်အား ကြိုဆိုကြသည်။ မစ္စတာပူတင်၏ ဗီယက်နမ်ခရီးစဉ်အတွင်း ရုရှားက ငှားရမ်းထားသော သက်တမ်းကုန်ဆုံးတော့မည့် ကမ်ရန်းပင်လယ်ကွေ့ရှိ ရုရှား၏ မဟာဗျူဟာ မြောက်ရေတပ်စခန်း၏ အနာဂတ်အရေးနှင့် ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြသည်။ မတ်လ ၁ ရက်နေ့တွင် ရုရှားသမ္မတပူတင်က ကြည်ချက်ထုတ်ပြန်ရာ၌ စစ်အေးကာလက မဟာမိတ်ဟောင်းဖြစ်သော ဗီယက်နမ်နိုင်ငံမှာ ယခုအခါ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံသစ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် စွမ်းအင်ကဏ္ဍ၌ ဖက်စပ်လုပ်ငန်းလုပ်ကိုင်ရန် သဘောတူညီကြသည်။ ဗီယက်နမ်နိုင်ငံတောင်ပိုင်းကမ်းခြေအလွန်၌ ၅၇ ဒသမ ၅ စတုရန်းမိုင်ရှိ စွမ်းအင်လုပ်ကွက်တွင် စွမ်းအင်များ ရှာဖွေသွားကြမည်။ ဗီယက်နမ်နိုင်ငံ၏ ရေအား လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများတွင် ငွေကြေးအထောက်အပံ့ဖြစ်စေမည့် ချေးငွေများကို ရုရှားနိုင်ငံက ထုတ်ချေးရန် ကမ်းလှမ်းသည်စသဖြင့် ကြည်ချက်၌ ဖော်ပြပါရှိသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ငွန်ဒတ်မန်းနှင့် ဘေဂျင်းမြို့တွင် နိုဝင်ဘာလ ၃၀ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။ ငွန်ဒတ်မန်း၏ ငါးရက်ကြာ တရုတ်ခရီးစဉ်မှာ ပထမဆုံး တရုတ်ချစ်ကြည်ရေးခရီးဖြစ်သည်။ မစ္စတာမန်း၏ အလည်အပတ်ခရီးမှာ နှစ်နိုင်ငံပါတီအဖွဲ့အစည်းနှစ်ခု၏ ကောင်းမွန်သော ဆက်ဆံရေးကို ပိုမိုတိုးတက်စေပြီး ကျစ်လျစ်ခိုင်မာစေမှုကို ပေးမည်ဟု သမ္မတကျန်ဇီမင်းက ယုံကြည်

သည်။ နှစ်နိုင်ငံအစဉ်အလာရှိသော ဆက်ဆံရေးအဆင့်သစ်တစ်ခုသို့ ရောက်ရှိခဲ့ခြင်းမှာ လွန်ခဲ့သော ၁၀ နှစ်က နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ပြန်ဖြစ်ခဲ့ချိန်မှ စပြီး နှစ်နိုင်ငံပါတီအဖွဲ့အစည်းနှစ်ရပ်၏ ညီညာစွာ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်သည်ဟု မစ္စတာကျန်ဇီမင်းက ပြောကြား၊သည်။

ဗီယက်နမ်နိုင်ငံသည် လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် တစ်ဦး၏ပြည်တွင်းရေးကို တစ်ဦးက ဝင်ရောက်မစွက်ဖက်မှုတို့ကို လေးစားလိုက်နာခြင်းအပေါ် အခြေခံလျက် အမေရိကန်ပြည်ထောင်စုနှင့် တန်းတူရည်တူရှိပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဆန္ဒရှိကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီး ဗူခိုအင်က ပြောကြား၊သည်။ ဗီယက်နမ်အမျိုးသားလွတ်တော်က ဗီယက်နမ် အမေရိကန်ကုန်သွယ်ရေးသဘောတူစာချုပ်ကို နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အတည်ပြုလိုက်ပြီးနောက် သတင်းစာရှင်းလင်းပွဲ၌ မစ္စတာခိုအင်က ယင်းကဲ့သို့ ပြောကြား၊ခြင်းဖြစ်သည်။ မစ္စတာခိုအင်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးလည်းဖြစ်သည်။ ယင်းသဘောတူစာချုပ်ကို အမေရိကန်အထက်-အောက်လွှတ်တော်များက အတည်ပြု၍ သမ္မတကျော့ချဉ်ဘုရှ်က လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည့်ပြင် ဗီယက်နမ်အမျိုးသားလွှတ်တော်က အတည်ပြုလိုက်ခြင်းဖြင့် အမေရိကန်နှင့် ဗီယက်နမ်နှစ်နိုင်ငံတို့မှာ ယင်းစာချုပ်ဆိုင်ရာ လိုအပ်သော ဥပဒေစည်းကမ်းများကို အပြီးသတ် ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း မစ္စတာခိုအင်က ထည့်သွင်းပြောကြား၊သည်။

သဘာဝဘေးအန္တရာယ် – ဗီယက်နမ်တောင်ပိုင်းတွင် လွန်ခဲ့သော နှစ်ပတ်အတွင်း၌ ရေလွှမ်းမိုးခဲ့ရာတွင် သေဆုံးသူ ၆၆ ဦးအထိ တိုးလာကြောင်း ဘေးဒုက္ခအန္တရာယ် ထိန်းချုပ်ကွပ်ကဲရေးအရာရှိက စက်တင်ဘာလ ၇ ရက်နေ့တွင် ပြောကြား၊သည်။ စက်တင်ဘာလ ၆ ရက်နေ့အထိ သေဆုံးသူ ၅၆ ဦးအနက် ကလေး ၄၇ ဦးဖြစ်သည်။ နယ်စပ်စောင့် စစ်သားများ၊ ပြည်သူ့စစ်များက အန္တရာယ်ရှိသော ဒေသများတွင် လူပေါင်းများစွာကို ကူညီပြောင်းရွှေ့ပေးနေရသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ အိမ်ထောင်ပေါင်းများစွာ ရေလွှမ်းမိုးခံရပြီး လူ ၆၄၀၀၀ ကျော်ကို ကုန်းမြင့်ဒေသသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှာ နှစ်စဉ်ရေလွှမ်းမိုးခံရပြီး ၂၀၀၀ ပြည့်နှစ်က နှစ် ၄၀ အတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးခြင်းခံရ၍ လူ ၄၀၀ သေဆုံးခဲ့ရာ အများစုမှာ ကလေးများဖြစ်ကြသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအရေအတွက်မှာ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ၆၅ ဦးအထိရှိပြီဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနက စက်တင်ဘာလ ၁၃ ရက်နေ့က ရေးသားဖော်ပြသည်။ ခရိုင် ၂၈ ခုအတွင်းရှိ အိမ်ခြေ ၁၄၀၀၀၀ နီးပါး ရေလွှမ်းမိုးခံရပြီး အိမ် ၂၄၈ လုံး ပြိုလဲ၍ အိမ် ၃၆၀၀ ကျော် ပျက်စီးခဲ့ရသည်။ စာသင်ခန်း ၁၇၀၀ ရေနစ်မြုပ်ခဲ့၍ ကျောင်းသူကျောင်းသား ၁၇၇၀၀၀ ကျော်မှာ ကျောင်းမတက်နိုင် ဖြစ်ခဲ့ရသည်။ ကျန်းမာရေးဌာန ၂၇ ခုနှင့် ရုံး ၅၇ ရုံးကို ပိတ်ထား၊ရသည်။ ရေလွှမ်းမိုးမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အကြီးအကျယ်ထိခိုက်ပျက်စီး၊ခဲ့ရသည်။ သီးနှံစိုက်ခင်းဟက်တာ ၁၀၀၀ ကျော် နွေစပါးစိုက်ခင်းဟက်တာ ၈က ၄၃၀၀ ကျော်နှင့် ငါးမွေးကန် ၅၀၀၀ နီးပါး ပျက်စီး၊ခဲ့ရသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် ရေကြီး၍ လူ ၁၄၄ ယောက်ကျော် သေဆုံးပြီး အမေရိကန်ဒေါ်လာ သန်း ၃၀ ဖိုးခန့် ပျက်စီးကြောင်း ဗီယက်နမ်သတင်းဌာနက စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရေးသားဖော်ပြသည်။ သေဆုံးသူ ၁၂၆ ဦးမှာ ကလေးများဖြစ်သည်။ ရေကြီးသောမြစ်ဝကျွန်းပေါ်ဒေသများတွင် ဒွန်သက်ပဲပြည်နယ်မှာ အဆိုးရွားဆုံးဖြစ်ပြီး ကလေး ၄၇ ဦးအပါအဝင် လူ ၅၇ ဦး ရေထဲမျောပါသွား၊သည်။ အိမ် ၁၅၆၀၀၀၊ ရုံး ၂၁ ရုံး၊ ကျန်းမာရေးဌာန ၇ ခုနှင့်၊ စာသင်ကျောင်း ၄၈၂ ကျောင်း ရေနစ်မြုပ်သွားရာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်းဖိုး ဆုံးရှုံးသွား၊သည်ဟု ခန့်မှန်းရသည်။ မကြာမီက မိသားစုများကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရာ၌ မိသားစု ၁၃၀၀၀ အနက်မှ ၁၀၀၀၀ ကျော်ကို ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့အစည်းများက ကူညီရွှေ့ပြောင်းပေး၊ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းလုံးတွင် ရေလွှမ်းမှု၊ မုန်တိုင်းကျမှုနှင့် တိုင်ဖုန်းမုန်တိုင်း တိုတ်ခတ်မှုတို့ကြောင့် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၆ သန်းဖိုးခန့် ပျက်စီးသွားကြောင်း ဗီယက်နမ်သတင်းစာများက အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရေးသားဖော်ပြကြသည်။ ဗီယက်နမ်နိုင်ငံ၏ ရွာဟောင်းမြို့ဖြစ်သော ဟိုင်အင်နှင့် ဒါနန်းဆိပ်ကမ်းမြို့တို့တွင် လွန်ခဲ့သော သီတင်းပတ်က မိုးကြီးပြီးရေလွှဲသဖြင့် လူ ၁၁ ဦးသေဆုံး၍ ကွမ်ဘင်၊ ကွမ်ထရိနှင့် ဘင်ဒင်းမြို့တို့၌ တိုင်ဖွန်

မှန်တိုင်းကျသဖြင့် လူ ၁၉ ဦး သေဆုံးခဲ့ရသည်။ ဗီယက်နမ်နိုင်ငံရှိ မဲခေါင်မြစ်ဝကျွန်းပေါ် အပျက်အစီးမှာ အမေရိကန် ဒေါ်လာ ၅၉ ဒသမ ၄ သန်းရှိပြီး စံချိန်တင်ခဲ့သည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဩဂုတ်လအတွင်းက မိုးဦးရာသီမှစ၍ သေဆုံးခဲ့ရသူ ၃၂၂ ဦး အနက် ၂၅၀ ကျော်မှာ ကလေးသူငယ်များဖြစ်ကြသည်။ အိမ်ပေါင်း ၃၂၃၀၀၀ နှင့် စာသင်ကျောင်း ၁၆၉၇ ကျောင်း ရေမြုပ်ခဲ့ပြီး လူနေအိမ် ၃၀၀၀ ပျက်စီးသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လူပေါင်းများစွာ သေဆုံးခဲ့ပြီး ၁၅ နှစ်အတွင်း အင်အား အကြီးမားဆုံး တိုက်ခတ်ခြင်းဖြစ်ကြောင်း၊ မုန် တိုင်းကြောင့် သစ်ပင်များ အမြစ်မှကျွတ်ပြီး လူနေအိမ်များ ပြိုလဲခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ကြေညာသည်။

သင့်ဘဝ – ဦးရဲလွင်

ဗုဒ္ဓဘာသာနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး

။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓဘာသာနာတော်မြတ်ကြီး ထွန်းကားတိုးတက်ဆုံးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့ အလယ်တွင် မားမားမတ်မတ်ရပ်တည်လျက်ရှိပေသည်။ ဤသည်မှာ ဗုဒ္ဓဘာသာနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် သာသနာ့ဦးသျှောင် ဆရာတော် သံဃာတော်မထေရ်မြတ်ကြီးများ၏ သြဝါဒချီးမြှင့်မှု၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းသူပြည်သား တို့၏ သဒ္ဓါစေတနာအသိတရား တို့ဖြင့် ဆောင်ရွက်နိုင်မှု များကြောင့်ပင် ဖြစ်ပေသည်။ ၂၀၀၁ ခုနှစ်အတွင်း ဗုဒ္ဓဘာသာနာတော် တိုးတက်ထွန်းကားရေး အတွက် ဆောင်ရွက်ချက်များမှာ များစွာနှစ်ထောင်းအားရဝမ်းမြောက်ရ၍ ကြည်ညိုသဒ္ဓါ တိုးပွားရာပင်ဖြစ်သည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် ဆောင်ရွက်ခြင်း

၁၉၈၀ ပြည့်နှစ် ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့ပြီးနောက် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ပေါ် ပေါက်လာခဲ့ပြီးနောက် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသော အောက်ဖော်ပြပါ ရဟန်း၊ သာမဏေ၊ သီလရှင်များသည် သံဃာ့အဖွဲ့အစည်းများအောက်တွင် သာသနာရေးဆိုင်ရာ ဂန္ဓဓုရ၊ ဝိပဿနာဓုရ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြသည်။

ရဟန်းတော်ပေါင်း	–	၁၇၀၁၆၅ ပါး
သာမဏေပေါင်း	–	၂၄၄၄၀၂ ပါး
သီလရှင်ပေါင်း	–	၂၆၂၃၂ ပါး
ဘုန်းတော်ကြီးကျောင်းပေါင်း	–	၅၁၈၁၄ ကျောင်း
သီလရှင်ကျောင်းပေါင်း	–	၂၆၉၉ ကျောင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အစည်းအဝေးများ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အစည်းအဝေးများကို ပုံမှန်အားဖြင့် လေးလလျှင်တစ်ကြိမ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမတွင်ကျင်းပရာ၊ ၂၀၀၁ ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါအတိုင်း (၄) ကြိမ်ကျင်းပ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို ညှိနှိုင်းဆွေးနွေးတော်မူကြသည်။

(က) စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကန္တဝိသတိမ အစည်းအဝေး (၂၈-၂-၂၀၀၁ မှ ၁-၃-၂၀၀၁ ထိ)

(ခ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ၄၇ ပါးစုံညီ ပထမအစည်းအဝေး (၆-၃-၂၀၀၁)

(ဂ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး (၂၀-၇-၂၀၀၁ မှ ၂၁-၇-၂၀၀၁ ထိ)

(ဃ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး (၇-၁၂-၂၀၀၁ မှ ၈-၁၂-၂၀၀၁ ထိ)

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်မှ ၁၂ ရက်၊ (၂၀၀၁ ခုနှစ်၊ မတ်လ ၄ ရက်မှ ၅ ရက်အထိ) ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအပါအဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်ကြီးများ ၇၅ ရာခိုင်နှုန်းကျော် တက်ရောက်တော်မူကြသည်။

ထိုအစည်းအဝေးတွင် သဘာပတိအဖြစ် စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဥက္ကဋ္ဌ၊ ဆရာတော်

ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက) က ဆောင်ရွက်၍ တွဲဖက်အကျိုး တော်ဆောင် ဆရာတော်ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) က အခမ်းအနား မူးအဖြစ် ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၈) ရပ်၊ အတည်ပြုခြင်း (၃) ရပ်၊ ဆုံးဖြတ်ခြင်း (၂) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော်မူကြသည်။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၆-၃-၂၀၀၁ အင်္ဂါနေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဆရာတော် ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက) က သဘာပတိအဖြစ်ဆောက်ရွက်၍ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုမာရ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) က အခမ်းအနား မူးအဖြစ် ဆောင်ရွက်တော်မူသည်။

ထိုအစည်းအဝေးတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနားယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အရ သီးခြားဂိုဏ်းဆိုင်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော် (၆) ပါးနှင့် သုဓမ္မာဂိုဏ်းဆိုင်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော် (၁၀) ပါး၊ စုစုပေါင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်(၁၆) ပါးတို့ အနားယူသွားကြပြီး အစားထိုးရွေးချယ်ခံရသည့် ဆရာတော်များ၏ အမည်စာရင်းကို မှတ်တမ်းတင်တော်မူသည်။

ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းများ ဆောင်ရွက်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကဲ့ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယက လက်စွဲစသည်တို့နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့ကို ဖွဲ့စည်း၍၊ ၂၀၀၁ ခုနှစ်အတွင်းတွင် နိုင်ငံတော် အယူ ခံမှုခင်း (၃၃) မှု၊ နိုင်ငံတော် သီးခြားဝိနည်းဝိုရ်အဖွဲ့ (၆) ဖွဲ့တို့က နိုင်ငံတော်သီးခြားမှုခင်း (၆) မှုတို့ကို စစ်ဆေးဆုံးဖြတ်တော်မူခဲ့သည်။

သာသနာရေးဆိုင်ရာအနေဖြင့် ၂၀၀၁ ခုနှစ်အတွင်း ပုံမှန်အစည်းအဝေးအကြိမ် (၄၀)၊ အထူးအစည်းအဝေး (၅) ကြိမ်၊ ညှိနှိုင်းအစည်းအဝေး (၁၄) ကြိမ်၊ ၄၇ ပါး အစည်းအဝေး (၄) ကြိမ် ပြုလုပ်၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဆိုင်ရာကိစ္စရပ်များ၊ ကျောင်းကန်ဘုရား တည်ထားကိုးကွယ်ခြင်း၊ အခွန်လွတ်သာသနာ့မြေနှင့် ဗုဒ္ဓသိမ်သမုတ်ရန် လျှောက်ထားခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်တော်မူခဲ့သည်။

ပညာရေးရာအနေဖြင့် ပရိယတ္တိစာမေးပွဲများကို နှစ်စဉ်မပြတ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်တော်မူကြသည်။ ဗုဒ္ဓဘာသာစာမူများ စိစစ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၀၁ ခုနှစ်အတွင်းတွင် စိစစ်ပြီးစီးခဲ့သည့် စာမူပေါင်းမှာ (၄၆၆) မူ ဖြစ်သည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးသည် အလွန်အဆင့်မြင့်၍ ကာလရှည်ကြာစွာ စစ်မေးရသော စာမေးပွဲကြီးအဖြစ် ၁၉၄၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ၅၃ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၆၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၃၀-၁၂-၂၀၀၀ မှ တပို့တွဲလဆန်း ၆ ရက် ၂၉-၁-၂၀၀၁ အထိ (၃၃) ရက်တိုင်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါစာမေးပွဲတွင် အာဂုံပြန်သံဃာတော် (၄၃) ပါး၊ သဘောရေးဖြေ သံဃာတော် (၈၂) ပါး၊ ဖြေဆိုတော်မူကြရာ အာဂုံပြန် (၃၅) ပါး၊ သဘောရေးဖြေ၌ (၁၅) ပါး အောင်မြင်တော်မူကြသည်။

ထိုစာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်သည့် (၅၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားကို ၁၃၆၃ ခုနှစ်၊ ကဆုန်လပြည့် ကျော် (၁၄) ရက်၊ ၂၀-၅-၂၀၀၁ နေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ပြီး အောက်ဖော်ပြပါ သာသနာ့ အာဏာနည်အပါး (၅၀) တို့ကို အောင်လက်မှတ်တော်များ ဆက်ကပ်ခဲ့သည်။

သဘောရေးဖြေ အောင်မြင်သော (၁၅) ပါး

တိပိဋကဓရ၊ တိပိဋကကောဝိဒ ၁ ပါး
(ဒဂုံမြို့နယ်၊တိပိဋကကျောင်းတော်မှ
အရှင်ဂန္ဓမာလာလင်္ကာရ)
(၃၃ နှစ်၊ ၁၃ ဝါ)

မူလအဘိဓမ္မ ကောဝိဒ	၂	ပါး
ဒီဃနိကာယ ကောဝိဒ	၁	ပါး
ဝိနယ ကောဝိဒ	၆	ပါး
ဥဘတောဝိဘင်္ဂ် ကောဝိဒ	၅	ပါး

အာဂုံပြန်ဆို အောင်မြင်သော (၃၅) ပါး

တိပိဋကဓရ	၂	ပါး
မူလအာဘိဓမ္မိက	၄	ပါး
ဒီဃဘာဏက	၆	ပါး
ဝိနယဓရ	၆	ပါး
ဥဘတောဝိဘင်္ဂ်ဓရ	၁၇	ပါး

ဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်နေ့မှ လပြည့်ကျော် ၄ ရက်နေ့အထိ ၂-၄-၂၀၀၁ မှ ၁၁-၄-၂၀၀၁ အထိ ကျင်းပခဲ့ရာ ဖြေဆိုသူ၊ အောင်မြင်သူ ရဟန်း၊ သာမဏေ၊ သီလရှင်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

စာဖြေဌာနပေါင်း	၃၂	ဌာန
ဖြေဆိုသူပေါင်း	၁၀၅၄၃	ပါး
<u>အောင်မြင်သူ</u>		
ကျမ်းရင်းသုံးကျမ်းအောင်	၂၉၆	ပါး
နှစ်ကျမ်းအောင်	၂၆၆	ပါး
တစ်ကျမ်းအောင်	၃၆၀	ပါး
<u>ဂုဏ်ထူးအောင်</u>		
မြန်မာဂုဏ်ထူး	၄	ပါး
ပါဠိဂုဏ်ထူး	၃	ပါး

ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများကျင်းပခြင်း

၂၀၀၁ ခုနှစ်၊ ပြည်နယ်/တိုင်းအလိုက် ကျင်းပသော ပထမပြန်စာမေးပွဲတွင် စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်ကြသူများ စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

အတန်း	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
ပထမကြီးတန်း	၁၄၆၁၉	၁၂၃၃၀	၃၂၉၅
ပထမလတ်တန်း	၁၇၇၃၆	၁၅၆၁၆	၅၈၉၉
ပထမငယ်တန်း	၂၁၉၃၆	၁၉၄၆၉	၈၁၅၁
အခြေပြုမူလတန်း	<u>၃၀၉၇၁</u>	<u>၂၆၄၀၉</u>	<u>၁၃၆၃၉</u>
စုစုပေါင်း	၈၅၂၆၂	၇၃၈၂၄	၃၀၉၇၄

နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ

နဝမအကြိမ် နိကာယ်စာမေးပွဲကို ပြည်နယ်/တိုင်းများရှိ စာဖြေဌာန (၆၃) ဌာန၌ ၁၃၆၃ ခုနှစ်၊ နယုန်လပြည့် ကျော် (၁) ရက်နေ့မှ (၅) ရက်နေ့အထိ (၂၂-၅-၂၀၀၁ မှ ၂၆-၅-၂၀၀၁ အထိ) ကျင်းပခဲ့ရာ အောင်စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

စာရင်းသွင်းသူ	၂၆၃၄၃	ပါး
ဖြေဆိုသူ	၁၁၆၃၅	ပါး
အောင်မြင်သူ		
ခုဒ္ဒကနိကာယ်ဝိနည်းတွင်	၉၂၅	ပါး
ဒီဃနိကာယ်တွင်	၇၈	ပါး
မဇ္ဈိမနိကာယ်တွင်	၉	ပါး
သံယုတ္တနိကာယ်တွင်	၇	ပါး
အင်္ဂုတ္တရနိကာယ်တွင်	၃၇	ပါး
ခုဒ္ဒကနိကာယ်သုတ်တွင်	၃	ပါး
ခုဒ္ဒကနိကာယ်အဘိဓမ္မာတွင်	၅	ပါး
ခုဒ္ဒကနိကာယ် ဝိနည်းအဋ္ဌကထာ (မဟာဝိဒူ) တွင်	၁၁	ပါး

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

၂၃-၁၂-၂၀၀၀ မှ ၂၅-၁၂-၂၀၀၀ နေ့အထိ ကျင်းပခဲ့သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

စာမေးပွဲအမည်	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
အဘိဓမ္မာရိုးရိုး	၁၆၁၉၅	၁၀၅၄၄	၈၄၄၇
အဘိဓမ္မာဂုဏ်ထူးအောင်	၂၃၈၈	၁၆၆၄	၁၄၀၀
ဝိသုဒ္ဓိမဂ်	<u>၁၁၂၂</u>	<u>၇၈၈</u>	<u>၇၁၁</u>
စုစုပေါင်း	၁၉၇၀၅	၁၂၉၉၆	၁၀၅၅၈

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ

၁၃၄၄ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ ၃-၆-၈၂ တွင် ကျင်းပခဲ့သော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တတိယအကြိမ် အစည်းအဝေးကြီးက ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် နိုင်ငံတော်တစ်ဝန်းလုံးတွင် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အား လေးလေးနက်နက် တိုက် တွန်းကြောင်း ဆုံးဖြတ်တော်မူသည်နှင့်အညီ ၁၉၈၄ ခုနှစ်မှ စ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကို စဉ်ဆက်မပြတ် ကျင်းပခဲ့သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ပြည်နယ်/တိုင်းအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး (၁၈) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကိုလည်း ကျင်းပခဲ့ရာ



ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဖြေဆိုနေကြစဉ်

မြို့နယ် ပေါင်း (၁၇၄) မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း (၁၁၄၆၃၇) ဦး၊ ဖြေဆိုသူပေါင်း (၁၀၂၂၀၆) ဦး၊ ရိုးရိုးအောင်သူပေါင်း (၆၀၆၇၄) ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း (၂၃၂၀၆) ဦးနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း (၆၆၈၅) ဦး ရှိသည်။

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိပြည်နယ်နှင့်တိုင်းအသီးသီးတွင် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် ပြည်နယ်ခုနစ်ခုနှင့် တိုင်းလေးတိုင်းရှိ သာသနာပြုဌာန (၄၀၈) ဌာနတို့တွင် သာသနာပြုပုဂ္ဂိုလ်များသည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို အားသွန်ကြိုးပမ်းထမ်းဆောင်နေကြပေသည်။ထိုသာသနာပြုဌာနများတွင် သာသနာပြုရဟန်းတော် (၄၅၃) ပါး၊ သာသနာပြုသီလရှင် (၃၂) ပါး၊ သာသနာပြုလူပုဂ္ဂိုလ် (၇၅၅) ဦးတို့သည် လုပ်ငန်းတာဝန်များကို တာဝန်ယူ ဆောင်ရွက်နေကြသည်။

သာသနာပြုပုဂ္ဂိုလ်များ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြစေရန် သာသနာပြုရဟန်းတော်သင်တန်း၊ သာသနာပြုသီလရှင်သင်တန်း၊ သာသနာပြုလူပုဂ္ဂိုလ်သင်တန်း စသည်များကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံဒေသအရပ်ရပ်ရှိဆင်းရဲနွမ်းပါး၍ ပညာသင်ကြားရန် အခက်အခဲရှိကြသော ရင်သွေးငယ်များ အခြေခံပညာတတ်မြောက်ကြစေရန်နှင့် ယဉ်ကျေးသိမ်မွေ့သော လူကောင်းလူတော် လူချွန်လူမွန်များ ဖြစ်လာကြစေရန်အတွက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်လျက် ဆောင်ရွက်နေရာ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်၌ ပြည်နယ်/တိုင်းအသီးသီးရှိ မြို့နယ် (၂၂၃) မြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပေါင်း ၁၀၀၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူပေါင်း ၁၂၅၀၆၃ ဦးပညာသင်ကြားနိုင်ခဲ့ကြသည်။

အလားတူပင် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းများကိုလည်း သီလရှင်ကျောင်းများ၌ ဖွင့်လှစ်ခဲ့ရာ တစ်ပြည်လုံးတွင် ကျောင်းပေါင်း (၁၂) ကျောင်းရှိ၍ သီလရှင်နှင့် ကျောင်းသူကလေးပေါင်း (၁၂၉၂) ဦး ပညာသင်ကြားလျက် ရှိသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အဋ္ဌမအကြိမ်အစည်းအဝေးကို ၂၄-၇-၂၀၀၁ နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ



ဘုန်းတော်ကြီးကျောင်း ပညာရေးအဖြစ် ရဟန်းတော်များက ကလေးများအား စာသင်ကြားပေးနေကြစဉ်

ပိဋကတ်တော်များ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း

မြတ်စွာဘုရား၊သခင်၏ ပိဋကတ်တော်သုံးဖြာ ဓမ္မဒေသနာတော်များ၊ကမ္ဘာ့နိုင်ငံအသီးသီး၊သို့ ပြန့်နှံ့ရောက်ရှိထွန်းကားစေရန် ရည်ရွယ်၍ ပိဋကတ်ဘာသာပြန် စာတည်းအဖွဲ့ဝင်များ၊သည် ပါဠိပိဋကတ်တော်များ၊ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ရာ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်တို့မှ ကျမ်းစာအုပ် ၁၇ အုပ်နှင့် ပိဋကတ်အဋ္ဌကထာ ၁ အုပ်၊ ပေါင်း ၁၈ အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။

ပိဋကတ်တော်ကျမ်းများမှ ဓမ္မဒေသနာတော်များကို တိုင်းရင်းသားဘာသာဖြင့် ပြန်ဆိုခြင်း

ပိဋကတ်တော်ကျမ်းများမှ ဓမ္မဒေသနာတော်များ အနက် (၃၈) ဖြာ မင်္ဂလာတရား၊တော်နှင့် ဗုဒ္ဓဘာသာအခြေခံ၊ ရှေးဦးသင် ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဗုဒ္ဓဘာသာတရား၊တော် (အခြေခံအဆင့်) စာအုပ်များ၊ကို ကရင်ဘာသာ၊ ချင်း ဘာသာ၊ ကယား၊ဘာသာ၊ ဝဘာသာ၊ ရှမ်းဘာသာတို့ဖြင့် လည်းကောင်း၊ ငါးပါးသီလ၊ ဗုဒ္ဓဝင်အကျဉ်း (၃၈) ဖြာ မင်္ဂလာ ရုပ်စုံစာအုပ်များ၊ကို ကချင်ဘာသာဖြင့် လည်းကောင်း ဘာသာပြန်ဆိုရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ပိဋကတ်တော်ကို ပုံနှိပ်စာအုပ်မှသည် ကွန်ပျူတာသုံး မာတီမီဒီယာစီဒီရွမ်သို့ ထည့်သွင်းထိန်းသိမ်းထားခြင်း

မြတ်စွာဘုရား၊ရှင်၏ ဓမ္မဒေသနာ၊ ပိဋကတ်တော်သုံးဖြာကို အရှည်တည်တံ့ ပြန့်ပွားထွန်းကားစေရန် ရဟန္တာအရှင်မြတ်ကြီးများ၊နှင့် အဆက်ဆက်သော သံဃာထေရ်ရှင်တို့သည် တည်းဖြတ်သုတ်သင် သင်္ဂါယနာတင်တော်မူခဲ့ကြရာ နှုတ်ထက်မှပေထက်၊ ကျောက်ထက်တင်ခဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပရာတွင် ပုံနှိပ်စက်တင်နိုင်ခဲ့သည်။ ယခုအခါ ပိဋကတ်တော်သုံးဖြာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကွန်ပျူတာသုံး မာတီမီဒီယာစီဒီရွမ်အဖြစ် ဆောင်ရွက်ထား၊ရှိနိုင်ပြီဖြစ်သည်။

ထို့အတူပင် ဗုဒ္ဓသာသနာတော် ကြာမြင့်စွာ တည်တံ့စေရန်၊ ဗုဒ္ဓသာသနာတော် ကမ္ဘာအနှံ့ ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်လျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သြဝါဒကိုခံယူကာ ပိဋကတ်တော် မြန်မာပြန်ကျမ်းစာအုပ်များ၊အား ဒီစီရွမ်ဓာတ်ပြား၊သွင်းခြင်း၊လုပ်ငန်း၊ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်အရှင်ဇနကာဘိဝံသ ရေးသား၊တော်မူပြီး ပန်းချီဆရာကြီး ဦးဘကြည်ရေးဆွဲ၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၊က ထုတ်ဝေသည့် ရုပ်စုံဗုဒ္ဓသာသနာဝင်

စာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ခဲ့ကာ ကွန်ပျူတာသုံး မာတိမိဒီယာစီဒီရွှမ် အဖြစ် ထုတ်လုပ်နိုင်ခဲ့သည်။ မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်၊ တရုတ် လေးဘာသာပြန်ဆိုထားသည်။ အများပြည်သူ ဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဓါပွားစေအံ့သောငှာ မဟာဗုဒ္ဓဝင်ဗီဒီယိုအခွေကိုလည်း ပြုလုပ်ထားရှိပြီးဖြစ်သည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သာသနာတက္ကသိုလ မဟာဘွဲ့နှင်း သိမ်ဝမ္မာရုံကြီးဆောက်လုပ်ပြီးစီးခြင်းနှင့် သတ္တမအကြိမ် သာသနာတက္ကသိုလဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပခြင်း

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) တွင် တက္ကသိုလ်၏ဂုဏ်ကို တင့်တယ်ခမ်းနားစေသောဘွဲ့နှင်းဝမ္မာရုံကြီးအား နိုင်ငံတော်က အကုန်အကျခံ၍ တည်ဆောက်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မိန့်ကြားမှု ပြုခဲ့သည်။

ထိုလမ်းညွှန်မိန့်ကြားချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. ဦးဆောင်လျက် မြန်မာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် ၁၂-၇-၉၈ နေ့တွင် ရတနာအုတ်မြစ်စိုက်ပြီး စတင်တည်ဆောက်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ လှူဒါန်းငွေကျပ် သိန်းပေါင်း ၂၁၀၇ ကုန်ကျခဲ့ပါသည်။

ထိုဘွဲ့နှင်းဝမ္မာရုံကြီး ဖွင့်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၁၆-၁၀-၂၀၀၁ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်မျုပ်ကြီးခင်ညွန့်က ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးခဲ့ပါသည်။

ထိုဘွဲ့နှင်းဝမ္မာရုံကြီးတွင် သတ္တမအကြိမ် သာသနာတက္ကသိုလဘွဲ့နှင်းသဘင် အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ နတ်တော်လပြည့်နေ့ (၃၀-၁၂-၂၀၀၁) ၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်-မန္တလေး) တို့မှ သာသနာတက္ကသိုလ မဟာဝမ္မာစရိယဘွဲ့ခံရဟန်းတော်အပါး (၂၀) နှင့် သာသနာတက္ကသိုလဝမ္မာစရိယဘွဲ့ခံရဟန်းတော် (၈၁) ပါးတို့အား ဘွဲ့တံဆိပ်များ ဆက်ကပ်အပ်နှင်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပထမဆင့်အနေဖြင့် ဗုဒ္ဓဝမ္မဒီပလိုမာသင်တန်းကို ၁၉၉၈-၉၉ ပညာသင်နှစ်၌ ၉-၁၂-၉၈ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၉၈-၉၉ အောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ၁၂-၁၁-၉၉ နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ် ဗုဒ္ဓဝမ္မဒီပလိုမာသင်တန်းနှင့် ဝိဇ္ဇာတန်း (အေ) (ပထမနှစ်) သင်တန်းကို ၁-၆-၂၀၀၀ ရက်နေ့မှစ၍ ဖွင့်လှစ် ပို့ချခဲ့သည်။ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် သင်တန်းများကို ၁-၆-၂၀၀၁ ရက်နေ့မှစ၍ ဖွင့်လှစ်ပို့ချခဲ့သည်။ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် သင်တန်းသားစာရင်းမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

ဗုဒ္ဓဝမ္မဒီပလိုမာသင်တန်း

ပြည်တွင်း	၂၀	ဦး	သံဃာ	၃၇	ပါး
ပြည်ပ	၄၈	ဦး	သီလရှင်	၅	ပါး
စုစုပေါင်း	၆၈	ဦး	အမျိုးသား	၁၃	ဦး
			အမျိုးသမီး	၁၃	ဦး
			စုစုပေါင်း	၆၈	ဦး

ဝိဇ္ဇာတန်း (အေ) (ပထမနှစ်)

ပြည်တွင်း	၁၅	ဦး	သံဃာ	၂၀	ပါး
ပြည်ပ	၁၈	ဦး	သီလရှင်	၅	ပါး
စုစုပေါင်း	၃၃	ဦး	အမျိုးသား	၄	ဦး
			အမျိုးသမီး	၄	ဦး
			စုစုပေါင်း	၃၃	ဦး

ဝိဇ္ဇာတန်း (ဘီ) (ဒုတိယနှစ်)

ပြည်တွင်း	၃၂	ဦး	သံဃာ	၁၆	ပါး
ပြည်ပ	၁၆	ဦး	သီလရှင်	၇	ပါး
စုစုပေါင်း	၄၈	ဦး	အမျိုးသား	၈	ဦး
			အမျိုးသမီး	၁၇	ဦး
			စုစုပေါင်း	၄၈	ဦး

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၁ ခုနှစ်၊ ဧန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြေညာစာ

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနား

အမှတ် ၁/၂၀၀၁ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုကြေညာချက်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ၁၃၆၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၈-၃-၂၀၀၁ ကြာသပတေးနေ့ နေ့လယ် ၁၂ နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကမြင့်ခြုံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သောဘိတ အမှူးပြုသောဆရာတော်ကြီးများ၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပြည်တွင်းပြည်ပမှ ဆရာတော် (၂၁၂) ပါး၊ သာသနာ့နွယ်ဝင်သီလရှင် အပါး (၂၀) နှင့် ဘွဲ့ခံလူပုဂ္ဂိုလ် (၁၅) ဦး တို့ကြွ ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းအမှူးပြုသောအကြီးအကဲများ တက်ရောက်ကြည်ညိုၿ၊ ဘွဲ့တံဆိပ်များ ဆက်ကပ်ပူဇော်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကမ္ဘာအေးကုန်းမြေ၊ လိုဏ်ဂူတော်ကြီးဝန်းကျင်တွင် ကျင်းပရာ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း ခံရသည့်ဆရာတော် (၂၁၂) ပါး၊ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အပါး ၄၀၀၊ ဘွဲ့ခံသီလရှင်အပါး ၂၀၊ စုစုပေါင်း ၆၃၂ ပါးတို့အား ဆွမ်းဆန်စိမ်းအလှူပစ္စည်းများ လောင်းလှူကြသည်။ လောင်းလှူကြသည့် လှူဖွယ်ဝတ္ထုပစ္စည်း အမျိုးမျိုး၏ တန်ဖိုးငွေပမာဏမှာ ငွေကျပ် ၆၉၀၆၇၅၀၀ ဖြစ်သည်။

မခင်နွဲ့ဟန်ကြည်

မလေးရှားနိုင်ငံ ။ ။ မလေးရှားနိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၂၂ ဒသမ ၂ သန်းရှိကြောင်း စာရင်းအင်းဌာနက ဇန်နဝါရီလ ၃ ရက်နေ့တွင် ရေးသားဖော်ပြသည်။ လူဦးရေစုစုပေါင်း၏ ၁၁ ဒသမ ၂ သန်းမှာ ယောကျ်ားများဖြစ်ပြီး ၁၁ သန်းမှာ မိန်းမများဖြစ်ကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်၏ ပါတီနှင့် အတိုက်အခံအုပ်စုအကြား နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးကျင်းပမည့် ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း အစိုးရထုတ် ဘာနာမားသတင်းဌာနက ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ယခုအခါ ဆွေးနွေးပွဲကျင်းပမည့် နေ့ရက်နှင့် နေရာကို မိမိတို့ ရွေးချယ်နေကြပြီဖြစ်ကြောင်း အတိုက်အခံများနှင့် မိမိတို့ ဆွေးနွေးကြမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ မြောက်ပိုင်း ကေဒါပြည်နယ်တွင် ဝန်ကြီးချုပ်မဟာသီက သတင်းထောက်များအား ပြောကြားသည်။

တစ်ကမ္ဘာလုံး ဖြစ်ပေါ်ဆက်စပ်မှုအစဉ်ကို စည်းစနစ်ဖြင့် ထိန်းချုပ်ရန်နှင့် ကမ္ဘာအရပ်ရပ်ရှိ လူတိုင်း အကျိုးခံစားခွင့်ရရှိရန် ဂရုတစိုက်စီစဉ်ရန်လိုမည်ဟု ဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဇန်နဝါရီလ ၃၁ ရက်နေ့က ပြောကြားခဲ့သည်။ တစ်ကမ္ဘာလုံး ဆက်စပ်ဖြစ်ပေါ်မှုအစဉ်နှင့် ပတ်သက်သော အစည်းအဝေးကို ဖွင့်လှစ်ပေးရာ၌ တစ်ကမ္ဘာလုံး ဆက်စပ်ဖြစ်ပေါ်မှုအစဉ်ကို ဂရုတစိုက်စီစဉ် ဆောင်ရွက်ရမည်။ ယင်းသို့စီစဉ်ဆောင်ရွက်ရာ၌ ကမ္ဘာအရပ်ရပ်ရှိ လူတိုင်းပါဝင်ပတ်သက်ရမည်။ တစ်ကမ္ဘာလုံး ဆက်စပ်ဖြစ်ပေါ်မှုအစဉ်ကို ဖြည်းဖြည်းချင်း အကောင်အထည်ဖော်သွားရမည်။ ယင်းသို့ အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးအရပ်ဒေသများကို ဦးတည်ချက်ထား၍ ကြီးမားသော အားထုတ်မှုကို ပြုကြရမည်။ တစ်ကမ္ဘာလုံးဆက်စပ်ဖြစ်ပေါ်မှုအစဉ်သည် မိမိတို့အား အလုပ်အကျွေးပြုရမည်ဖြစ်သည်ဟု မဟာသီက ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်စေရေး အယူအဆမှာ ဒေါ်သထွက်စရာဖြစ်လာပြီး အာရှနိုင်ငံများအနေဖြင့် ထိုအယူအဆ၏ အဆိုးရွားဆုံးအခြေအနေကို ကိုယ်တိုင် ဆန့်ကျင်သွားကြရန် လက်တွဲသွားကြရမည်။ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်စေရေးအယူအဆမှာ ယခုအချိန်တွင် ထင်ပေါ်ကျော်ကြား လူသိများလာသော်လည်း ပြည်သူအများအပြား နှင့် ကမ္ဘာ့နိုင်ငံများက မြည်းစမ်းခြင်းမပြုမီကာပင် ဒေါ်သထွက်စရာဖြစ်လာရသည်ဟု တိုကျိုမြို့တွင် မလေးရှားဝန်ကြီးချုပ် မဟာသီက ဇွန်လ ၇ ရက်နေ့က ပြောကြားခဲ့သည်။ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်စေရေးသည် ယခုအခါ လုံးဝလွတ်လပ်ပြီး စည်းကမ်းထိန်းချုပ်မှုကင်းမဲ့သော ကုန်သွယ်ရေးနှင့် အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ ယင်း၏ရလဒ်သည် ၁၉၉၇ ခုနှစ်က ဒေသကို ကိုင်လှုပ်ခဲ့သော အာရှငွေကြေးကို အကျပ်ရိုက်စေခဲ့သည့် ပျက်စီးမှုပင်ဖြစ်သည်။ လွတ်လပ်သော စျေးကွက်ကြောင့် မလေးရှား၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့တွင် ငွေကြေးအကျပ်ရိုက်ခဲ့ကြသည့် အရှေ့အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုသည် တည်ငြိမ်မှုကို ပေးမည်ဖြစ်ပြီး အကယ်၍ အာရှငွေကြေး ရန်ပုံငွေရှိခဲ့လျှင် မိမိတို့အဖို့ အသုံးဝင်သော အထောက်အကူဖြစ်မည်စသည်ဖြင့် မဟာသီက ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်သည် သူ အာဏာရရှိခဲ့သော အနှစ် ၂၀ မြောက် အခမ်းအနားကို ဂျူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဝန်ကြီးချုပ်ရာထူးမှ အနားယူလျှင် ယခင်က ဆောင်ရွက်ချက်များကို ယူကျုံးမရ၊ နောင်တရမည်မဟုတ်ကြောင်း၊ မည်ကဲ့သို့ ဆက်လက်စခန်းသွားရမည်ကို မသိသေးကြောင်း မဟာသီက ပြောကြားသည်။ မဟာသီအာဏာရသော နှစ် ၂၀ ပြည့်မြောက်သည့်နေ့မတိုင်မီ တစ်ရက်က ရုံးတင်စစ်ဆေးမှုမပြုဘဲ အတိုက်အခံလိုလား သူခြောက်ဦးအား ဖမ်းဆီးထိန်းသိမ်းထားသည့် အကျဉ်းစခန်းတစ်ခုရှေ့တွင် ပြည်တွင်းလုံခြုံရေးဥပဒေကို ချိုးဖောက်ပြီး ဆန့်ကျင်ဆန္ဒပြမှုမှာ အရေးမပါလှကြောင်း အသက် ၇၅ နှစ် အရွယ်ရှိ ဝန်ကြီးချုပ်မဟာသီမိုဟာမက်က ပြောကြားသည်။

မလေးရှားဘုရင်ကွယ်လွန်ခြင်း – မလေးရှားဘုရင် ဆူလတန်ဆာလာဟူဒင် အဗ္ဒဒူအဇစ်ရှား သည် နိဝင်ဘာလ ၂၀ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ကြောင်း ဝန်ကြီးချုပ် မဟာသီမိုဟာမက်၏ လက်ထောက်တစ်ဦးက ပြောသည်။ အသက် ၇၅ နှစ်ရှိပြီဖြစ်သော မလေးရှားဘုရင်သည် ၁၁ ဦးမြောက် မလေးရှားဘုရင်အဖြစ် ဆက်ခံခဲ့သူဖြစ်သည်။

စီးပွားရေး – မလေးရှားနိုင်ငံသည် ယခုအချိန်၌ နှစ်စဉ်စားနပ်ရိက္ခာအတွက် ဒေါ်လာသန်း ၁၁၈၀ ဖိုးခန့် လိုငွေပြနေသော်လည်း အစားအစာရောင်းဝယ်ရာမှ ပိုလျှံငွေ ဒေါ်လာ ၁၀၅ သန်းဖိုးရှိကာ ပြည်ပနိုင်ငံများသို့ အသားတင် အစားအစာတင်ပို့ရောင်းချသော နိုင်ငံတစ်နိုင်ငံဖြစ်လာရန်

ရည်မှန်းထားကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ ယခုအချိန်၌ ပြည်ပမှ ဒေါ်လာသန်း ၁၁၈၀ ဖိုး မှာယူတင်သွင်းနေရခြင်းကို ၂၀၀၅ ခုနှစ် အရောက်တွင် ထက်ဝက်ခန့် လျှော့ချသွားနိုင်မည်ဖြစ်သည့်ပြင် ၂၀၁၀ ပြည့်နှစ်အရောက်တွင် ပြည်ပသို့ အစားအစာတင်ပို့သော အဓိကနိုင်ငံ တစ်နိုင်ငံဖြစ်လာစေရန် ရည်ရွယ်ထားသည်။ ယမန်နှစ်အတွင်း ပြည်ပအစားအစာ ဒေါ်လာသန်း ၂၉၅၀ ဖိုး မှာယူတင်သွင်းခဲ့ပြီး ဒေါ်လာသန်း ၁၈၂၀ ဖိုး ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့သည်။ ပြည်ပသို့ အစားအစာတင်ပို့မှုမှာ ၂၀၀၅ ခုနှစ်တွင် ဒေါ်လာသန်း ၂၈၁၀ ဖိုးနှင့် ၂၀၁၀ ပြည့်နှစ်အရောက်တွင် ဒေါ်လာသန်း ၄၄၂၀ ဖိုး ရှိလာစေရန် ပြည်ပမှ မှာယူတင်သွင်းမှုကို ၂၀၀၅ ခုနှစ်တွင် ဒေါ်လာသန်း ၃၅၁၀ ဖိုးနှင့် ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာသန်း ၄၃၁၀ ဖိုး ရှိလာစေမည် ဖြစ်သည်ဟု မလေးရှားအစိုးရ လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး မိုဟာမက်အက်ဖန်ဒီနော်ဂါရီကဒေသထုတ် စီးပွားရေးသတင်းစာတစ်စောင်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ပဉ္စမအကြိမ်အစည်းအဝေးကို ကွာလာလမ်ပူမြို့၌ ကျင်းပရာ ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင်လည်းကောင်း၊ တိုးတက်လာသော စီးပွားရေးအခြေအနေပေးသော ဒေသဆိုင်ရာစီးပွားရေးကို စွန့်စားရင်ဆိုင်ရာတွင်လည်းကောင်း၊ အာဆီယံနိုင်ငံများက ပိုမိုညှိနှိုင်းပေးပို့ခြင်းစွာနှင့် ခံနိုင်ရည်ရှိစွာ ကိုင်တွယ်ဆောင်ရွက်သွားကြရန် အိမ်ရှင်မလေးရှားနိုင်ငံက တိုက်တွန်းခဲ့သည်။ ယင်းအစည်းအဝေးကို ဧပြီလ ၆ ရက်နေ့က စတင်ဖွင့်လှစ်၍ မလေးရှားဘဏ္ဍာရေးဝန်ကြီး ဒိမ်ဇိုင်နူဒင်က အဖွင့်မိန့်ခွန်းပြောကြားသည်။ မိမိ စွန့်စားဆောင်ရွက်ရမည့်လုပ်ငန်းမှာ မိမိတို့တစ်နိုင်ငံချင်းရှိ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းထားခြင်းဖြင့် စီးပွားရေးပိုမိုတည်ငြိမ်မှုကို အာမခံချက်ပြုမည်ဖြစ်သည်။ အာဆီယံနိုင်ငံများသည် ငွေနှင့် နိုင်ငံရေးအကျပ်အတည်း နောက်ထပ်မဖြစ်ရေးအတွက် အကာအကွယ်ပေးခြင်းအပါအဝင် ရေရှည်ပြဿနာများကို အလေးထားဖြေရှင်းသွားကြရန်လိုသည် စသည်ဖြင့် ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။


မလေးရှားနိုင်ငံ၏ အဌမငါးနှစ်စီမံကိန်း (၂၀၀၁-၂၀၀၅)ကို ဧပြီလ ၂၃ ရက်နေ့ကကြေညာရာတွင် လာမည့်ငါးနှစ်တာကာလအတွင်း စီးပွားရေးအရ နှစ်စဉ်ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော သတ္တမငါးနှစ်စီမံကိန်းကာလက နှစ်စဉ်ပျမ်းမျှစီးပွားရေးတိုး တက်မှုနှုန်း ၄ ဒသမ ၇ သာ ရှိခဲ့ရာ ယခုပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းဝယ်လိုအားနှင့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု အခိုင်အမာပြန်လည်ဦးမော့လာခြင်းတို့ဖြင့် အထောက်အ ကူပြုပေးရမည်ဖြစ်သည်။ လာမည့်ငါးနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း သုံးရာခိုင်နှုန်းအထိ ကျဆင်းသွားစေမည့် ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍသည်လည်း စီမံကိန်းကာလ ၂၀၀၁-၂၀၀၅ ခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသောကဏ္ဍများဖြစ်သည်။ ထုတ်လုပ်မှုကဏ္ဍတွင် နှစ်စဉ် ၈ ဒသမ ၉ ရာခိုင်နှုန်းကို တိုးချဲ့ပြီး စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)ကို ၂၀၀၅ ခုနှစ်တွင် ၃၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်မားလာစေကာ အဆိုပါကာလအတွင်း ဝန်ဆောင်မှုကဏ္ဍ ၇ ရာခိုင်နှုန်း တိုးလာရန် လျာထားသည်ဟု စီမံကိန်းတွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သုည ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာလ ၁၁ ရက်နေ့က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကနဦးတွင်အထိတ်တလန့်ဖြစ်နေခဲ့ရာမှ မလေးရှား စီးပွားရေးပြန်လည်ဦးမော့လာမည့် လက္ခဏာများ ပြသလျက်ရှိနေပြီဖြစ်သည်။ ၂၀၀၂ ခုနှစ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၀၁ ခုနှစ်ကထက် ပိုမိုကောင်းမွန်လိမ့်မည်။ မလေးရှားနိုင်ငံ၏စီးပွားရေးသည် ကမ္ဘာ့စီးပွားရေးအဆိုးကာလကို ဖြတ်သန်းနေရစေကာမူ ကောင်းမွန်မည့်အနေအထားတွင် ရှိနေသည်။ မလေးရှားနိုင်ငံမှာ ကုန်သွယ်ရေးပြုလုပ်နေသော နိုင်ငံဖြစ်ရာ ကမ္ဘာ့စီးပွားရေးအခြေအနေမကောင်းပါက မိမိတို့၏ ကုန်ပစ္စည်းကို ဝယ်ယူနိုင်မည်မဟုတ်။ သို့သော်ပြည်တွင်းလှုပ်ရှားမှုဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ဆောင်ရွက်နေသည့် လက်လီရောင်းချမှုများ ကောင်းမွန်နေသည်ကို တွေ့မြင်နေရသည်။ မလေးရှားပြည်သူတို့သည် အားလပ်ရက်များတွင် အပန်းဖြေစခန်းများ၌သွားရောက် အပန်းဖြေနေကြရာ ယင်းသို့ အပန်းဖြေနေကြခြင်းကြောင့် နိုင်ငံတော်၏စီးပွားရေးအခြေအနေကောင်းများ ရရှိစေသည်စသဖြင့် မဟာသီကပြောကြားခဲ့သည်။

အလုပ်သမားအရေး – မလေးရှားနိုင်ငံတွင် ဆံပင်ညှပ်သမားများ တစ်နေ့တခြား လျော့နည်းရှားပါးနေပြီဖြစ်ရာ မလေးရှားပြည်သူများ၏ ဆံကေသာကြော့ရှင်းသပ်ရပ်နေစေရေးအတွက် ပြည်ပမှ ဆံပင်ညှပ်သမားများ ခေါ်ယူရန်လိုအပ်နေပြီဖြစ်သည်။ ဆံပင်ညှပ်သမားများ မရှိတော့သဖြင့် မလေးရှားနိုင်ငံမြောက်ပိုင်း ပီနန်ပြည်နယ်နှင့် ကွာလာလမ်ပူမြို့၌ရှိသော ဆံသဆိုင် ၃၀ ကျော်ကို ၂၀၀၀ ပြည့်နှစ်က ပိတ်ထားခဲ့ရသည်ဟုပီနန်သုံးစွဲသူများအသင်းဥက္ကဋ္ဌ အက်စ်အပ်အိုင်ဒရစ်က ပြောကြောင်း မလေးရှားအစိုးရ ဘာနားမားသတင်းဌာနက ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရေးသားဖော်ပြသည်။ မလေးရှားနိုင်ငံသားတို့သည် ဆံပင်ညှပ်သမားအလုပ်ကို စိတ်မပင်စားကြကြောင်း၊ ထို့ကြောင့် နိုင်ငံခြားသားများလက်သို့ ဆံသဆိုင်များ ရောက်ရှိသွားရကြောင်း မစ္စတာ အိုင်ဒရစ်က ပြောကြား သည်။ မလေးရှားနိုင်ငံရှိ အိန္ဒိယဆံပင်ညှပ်သမားများအသင်းကလည်း နိုင်ငံခြားသားဆံပင်ညှပ်သမား ၂၅၀၀ ကျော် ခေါ်ယူရန် မလေးရှားအစိုးရထံ မေတ္တာရပ်ခံထားသည်။ မလေးရှားနိုင်ငံရှိ ဆံသဆိုင်များမှာ ဆံပင်ညှပ်သမားများ အမြန်ဆုံးလိုအပ်လျက်ရှိရာ ယင်းမေတ္တာရပ်ခံချက်ကို အဆောတလျင် အရေးယူဆောင်ရွက်ပေးပါရန်လည်း အစိုးရကို မေတ္တာရပ်ခံထားကြောင်း၊ နိုင်ငံခြားမှ ဆံပင်ညှပ်သမားများခေါ်ယူရန် နှောင့်နှေးနေလျှင်ပင် အခြားဆိုင်အချို့ကိုပါ ပိတ်ပင်ရတော့မည်ဖြစ်ကြောင်း မစ္စတာ အိုင်ဒရစ်က ပြောကြား သည်။ မလေးရှားနိုင်ငံရှိ လူမျိုးစုတို့သည် အစေခံဆန်ဆန်လုပ်ရသော အလုပ်မျိုးနှင့် ပတ်သက်၍ နိုင်ငံခြားသားများကို အားကိုးကြသည်။ မလေးရှားနိုင်ငံသည် စိုက်ပျိုးရေး ဆောက်လုပ်ရေးနှင့် အစေခံကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားသားများကို ခေါ်ယူအသုံးပြုလျက်ရှိသည်။

နိုင်ငံတကာဆက်ဆံရေး – ကျူးဘားနိုင်ငံတော် ကောင်စီဥက္ကဋ္ဌ ကက်စထရို ပထမဦးဆုံး မလေးရှားခရီးစဉ်အဖြစ် ကွာလာလမ်ပူမြို့သို့ မေလ ၁၁ ရက်နေ့တွင် ရောက်ရှိ၍ မလေးရှားပါလီမန် အဆောက်အအုံရှေ့၌ ခရီးဦးကြိုဆိုပွဲ အခမ်းအနားပြုလုပ်ရာ မလေးရှားဘုရင် စူလတန်ဆာလာဟူဒင် အဗ္ဒုလအဇီစ်ရှာနှင့် ဝန်ကြီးချုပ် မဟာသီတို့ တက်ရောက်ခဲ့ကြသည်။ မေလ ၁၂ ရက်နေ့တွင် ကွာလာလမ်ပူမြို့ရှိ ၈၈ ထပ်ရှိသော ပီထရိုနပ်စ်အမြွာမျှော်စင်ကြီး၏ ထိပ်ဆုံးအထပ်သို့ ရောက်ရှိပြီးနောက် ကောင်းကင်ဘုံသို့ ရောက်နေသည်ဟု ထင်မိကြောင်း ကက်စထရိုက သတင်းထောက်များအား ပြောကြား သည်။ ကက်စထရိုနှင့် ဝန်ကြီးချုပ်မဟာသီတို့က ယေဘုယျသဘောတူညီချက် ရရှိခဲ့ကြသည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံပေါင်းစည်းမှုဖြစ်စဉ်ကို ရင်ဆိုင်ရာတွင် ဖွံ့ဖြိုးခဲ့နိုင်ငံများအနေဖြင့် အတူတကွ ပေါင်းစည်းရပ်တည်ဖို့လိုကြောင်း ခေါင်းဆောင်ကြီးနှစ်ဦးက သဘောတူခဲ့ကြသည်။ ကျူးဘားသမ္မတ ကက်စထရိုသည် မလေးရှားနိုင်ငံတွင် သုံးရက်ကြာလည်ပတ်ပြီးနောက် မေလ ၁၃ ရက်နေ့ကကာတာနိုင်ငံသို့ ခရီးဆက်လက်ထွက်ခွာသွားသည်။

အိန္ဒိယနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ပြုလုပ်ရေးအတွက် သံတမန်ကြီးပမ်းမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သည့်အနေဖြင့် အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီဗာ့ဂ်ပေယီသည်



နှစ်နိုင်ငံကြားပြဿနာကို ဖြေရှင်းရန် မလေးရှားနိုင်ငံသို့ ရောက်ရှိလာသော စင်ကာပူသက်ကြီးဝါရင့်ဝန်ကြီး လီကွမ်းယူကို မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်နှင့်အတူ တွေ့ရစဉ်

မလေးရှားနိုင်ငံတွင် သုံးရက်ကြာလည်ပတ်ရန် ကွာလာလမ်ပူမြို့သို့ မေလ ၁၃ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ဗာ့ဂ်ပေယီ၏ မလေးရှားခရီးစဉ်မှာ အိန္ဒိယဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ခြောက်နှစ်အတွင်း ပထမဦးဆုံးလာရောက်သော ခရီးဖြစ်

သည်။ သုံးရက်ကြာ နေထိုင်စဉ်အတွင်း မေလ ၁၄ ရက်နေ့၌ နှစ်နိုင်ငံသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဗာ့ချ်ပါယီသည် ဝန်ကြီးချုပ်မဟာသီမိုဟာမက်နှင့် တွေ့ဆုံဆွေးနွေး၍ မလေးရှားနိုင်ငံ၌ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိသော ရထား‌လမ်း‌စီမံကိန်းအတွက် စား‌အုန်း‌ဆီကို တန်ဖိုးထား‌ပေး‌ချေရမည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ မလေးရှားနိုင်ငံက အိန္ဒိယနိုင်ငံဆိပ်ကမ်းများ၌ လုပ်ကိုင်ဆောင်ရွက်ခွင့်၊ တည်ဆောက်ခွင့်နှင့် ရင်းနှီးမြှုပ်နှံခွင့်များရမည့် သဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဖြေရှင်းရန် ကျန်ရှိနေသော ပြဿနာများကို ပြေလည်သည်အထိ ဆက်လက်ဖြေရှင်းသွားရန် စက်တင်ဘာလ ၄ ရက်နေ့တွင် မူအား‌ဖြင့် သဘောတူညီကြသည်။ မလေးရှား‌ဝန်ကြီးချုပ် မဟာသီမိုဟာမက်နှင့် စင်ကာပူသက်ကြီး‌ဝါရင့် ဝန်ကြီး‌လီကွမ်း‌ယူတို့ ပူး‌တွဲသဘာပတိအဖြစ် ဆောင်ရွက်သော နှစ်နိုင်ငံဆွေးနွေးပွဲအတွင်း ယင်းသို့သဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။ လီကွမ်းယူသည် မလေးရှားနိုင်ငံတွင် လေးရက်ကြာနေထိုင်လည်ပတ်ရန် စက်တင်ဘာလ ၂ ရက်နေ့က ရောက်ရှိခဲ့သည်။

ဘရူနိုင်းဘုရင် ဟာစနနယ်ဘိုလ်ကီးယား‌သည် မလေးရှားနိုင်ငံတွင် သုံးရက်ကြာ လည်ပတ်ပြီး‌နောက် အောက်တိုဘာလ ၃ ရက်နေ့က ကွာလာလမ်ပူမြို့မှ ပြန်လည်ထွက်ခွာသွား‌သည်။ ဘရူနိုင်းဘုရင်နှင့် အဖွဲ့‌အား နိုင်ငံခြား‌ရေး‌ဝန်ကြီး ဆာယက်ဟာမစ်အယ်လ်ဘာ၊ အား‌ကစား‌ဝန်ကြီး ဟက်ဆန်မူဒင်ဟူစိန်နှင့်လူငယ်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ မလေးရှားနိုင်ငံ၌ ရောက်ရှိနေစဉ် ဘရူနိုင်းဘုရင်သည် ဝန်ကြီးချုပ် မဟာသီမိုဟာမက်နှင့် ပဋိပက္ခမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပခဲ့ပြီး‌နောက် နှစ်နိုင်ငံအရေး‌ကိစ္စများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအရေး‌ကိစ္စများကို ဆွေးနွေးကြသည်။ ယင်းသို့ဆွေးနွေး‌ရာတွင် ကူချင်း၊ မီရီနှင့် ကုတာကင်နာတာလူမြို့များ‌တွင် ကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်ရန် ဘရူနိုင်း‌၏တောင်းဆိုချက်ကို မလေးရှား‌က သဘောတူညီခဲ့သည်။ မလေးရှား‌နိုင်ငံရှိ နိုင်ငံတကာ အစွမ်းလာမွစ်တက္ကသိုလ်က ဘရူနိုင်းဘုရင်အား သိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို အောက်တိုဘာလ ၂ ရက်နေ့က အပ်နှင်း‌ခဲ့သည်။ ဘရူနိုင်းဘုရင်သည်

စက်တင်ဘာလက မလေးရှားနိုင်ငံအရှေ့ပိုင်းရှိ ဆာဘာပြည်နယ်သို့လည်း အလည်သွား‌ရောက်ခဲ့သည်။

လာအိုဝန်ကြီးချုပ် ဘွန်ညဲဘိုရာချစ်နှင့် ဇနီးတို့သည် မလေးရှားနိုင်ငံတွင် သုံးရက်ကြာ နေထိုင်လည်ပတ်ရန် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကွာလာလမ်ပူမြို့သို့ ရောက်ရှိခဲ့သည်။ လာအိုဝန်ကြီးချုပ်နှင့် ဇနီးတို့အား မလေးရှား‌ဝန်ကြီးချုပ်မဟာသီမိုဟာမက်က ပူထရာဂျာယာရှိ အစိုးရအဖွဲ့ရုံးတွင် အခမ်းအနား‌ဖြင့် ကြိုဆိုသည်။ ထို့နောက် ဝန်ကြီးချုပ်ရုံးတွင် နှစ်နိုင်ငံကိုယ်စား‌လှယ်အဖွဲ့ဝင်များ‌၏ အစည်းအဝေး‌မကျင်းပမီ ဝန်ကြီးချုပ်နှစ်ဦးတို့ တဲခါးပိတ်အစည်းအဝေး‌ပြုလုပ်ခဲ့ကြသည်။ လာအိုကိုယ်စား‌လှယ်အဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား‌ရေး‌ဝန်ကြီး ဆွန်ဆာဗက်လင်ဆာဗက်နှင့် စီးပွား‌ရေး‌လုပ်ငန်း‌ရှင် ၁၀ ဦး ပါဝင်သည်။ လာအိုဝန်ကြီးချုပ်၏ ခရီး‌စဉ်မှာ အနာဂတ်တွင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် စီးပွား‌ရေး‌ပူး‌ပေါင်း‌ဆောင်ရွက်မှုကို တိုးမြှင့်ပေး‌မည်ဖြစ်ကြောင်း မလေးရှား‌နိုင်ငံခြား‌ရေး‌ဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထား‌သည်။ လာအိုနှင့် မလေးရှားနိုင်ငံအကြား ၂၀၀၁ ခုနှစ်၊ မေလအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၆၅၇၀၀၀ အထိရှိသည်။ မလေးရှားနိုင်ငံသည် လာအိုနိုင်ငံတွင် စတုတ္ထမြောက် အကြီး‌မား‌ဆုံး‌ရင်းနှီး‌မြှုပ်နှံသော နိုင်ငံဖြစ်ပြီး စုစုပေါင်း‌ရင်းနှီး‌မြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၆ သန်း‌ရှိသည်။

သင့်ဘဝ – ဦးရဲလွင်

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၁)

။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေး‌ဝါး‌နှင့်စိတ်ကိုပြောင်းလဲစေသော ဆေး‌ဝါးများ အန္တရာယ်တား‌ဆီး‌ကာကွယ်ရေး‌လုပ်ငန်း‌ကို အမျိုး‌သား‌ရေး‌တာဝန်အဖြစ်သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်း‌လုံး‌တွင် အောင်မြင်စွာကြိုး‌ပမ်း‌ဆောင်ရွက်နိုင်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မူးယစ်ဆေး‌ဝါး‌ပယ်ဖျောက်ရေး အထိမ်းအမှတ် ပြတိုက်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေး‌ချမ်း‌သာယာရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး‌ဦး‌စီး‌ချုပ် ဗိုလ်ချုပ်မှူးကြီး

သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် တာဝန် ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ ကမာရွတ်မြို့ နယ်ကျွန်းတောလမ်းနှင့်ဟံသာဝတီလမ်း ထောင့်ရှိ မူးယစ် ဆေးဝါးပယျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ဇွန်လ ၂၅ ရက်နေ့ နံနက် ၁၀ နာရီ ခွဲတွင်ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အုပ်ချုပ်မှု အဆောက်အအုံရှင်းလင်းဆောင်၌မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ် ရေး ဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့) ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီးက မြန်မာနိုင်ငံတွင်ခေတ်အဆက်ဆက် မူးယစ် ဆေးဝါးပယျောက်ရေးကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတ ကာသိရှိစေရေးအတွက် ပြတိုက်တစ်ခုခင်းကျင်းပြသရန် ဟူသော ဗိုလ်ချုပ်မှူးကြီး၏လမ်းညွှန်ချက်နှင့်အညီ မူးယစ် ဆေးဝါးပယျောက်ရေးအထိမ်းအမှတ်ပြတိုက်တည်ဆောက် ခဲ့မှု၊ ရည်ရွယ်ချက်များ၊ တည်နေရာနှင့်အကျယ်အဝန်း၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စနစ်တကျဆောင်ရွက်ခဲ့မှု၊ ဘဏ္ဍာငွေသုံးစွဲမှု၊ ပြတိုက်ဝင်းစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားမှု၊ ပြတိုက်အထပ်လိုက် ခင်းကျင်းစီစဉ်ပြသ ထားမှုနှင့် ပြတိုက်ဖွင့်ပွဲကျင်းပရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန် မှာကြားသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြတိုက်မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယ ထပ်ရှိ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြတိုက်ဧည့်မှတ်တမ်းစာအုပ်တွင် မှတ်တမ်း တင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော် နှစ်နိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်မှုပူးပေါင်း ဆောင်ရွက်ရေးအစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိမြန်မာ့သစ်လုပ်ငန်းကုန်သွယ်မှုဗဟို ဌာနအဆောက်အအုံ၌ ဧန်နဝါရီလ ၁၈ ရက်နေ့တွင်ကျင်းပ သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော် နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးပူးပေါင်း တားဆီးနှိမ်နှင်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့သစ်လုပ်ငန်းကုန်သွယ်မှုဗဟိုဌာနအဆောက်အအုံ၌ ဧန်နဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပရာ ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရကို ယ်စား မူးယစ်ဗဟို အဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်အစိုးရကိုယ်စား ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးတို့က စာချွန်လွှာလက်မှတ်ရေးထိုးသည်။

သတ္တမအကြိမ်မြန်မာ–အမေရိကန်နှစ်နိုင်ငံ ပူးပေါင်း၍ ဘိန်းအထွက်နှုန်းတိုင်းတာခြင်းလုပ်ငန်းအတွက် နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဝဒေသ မိုင်းပေါက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရူးမြို့နယ်၊ ရှမ်း ပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်လိုင်ဒေသ၊ ဟိုပန်မြို့နယ် ပန်လုံဒေသသို့သွားရောက်ပြီး တရား၀င် စိုက်ပျိုးထားသော ဘိန်းခင်းများမှ ဘိန်းသီး၊ ဘိန်းရွက်၊ ဘိန်းစေးနှင့် မြေစသည့် နမူနာများရယူဆောင်ရွက်ခြင်း၊ ဒေသခံ ဘိန်းစိုက်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဘိန်းအစားထိုးသီးနှံ စိုက် ပျိုးရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို မတ်လ ၁ ရက်နေ့မှ ၆ ရက်နေ့ အထိ ဆောင်ရွက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား နိုင်ငံများနှင့် ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်(UNDCP) တို့ ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးသုံးစွဲ ရန်အလားအလာရှိသည့် အုပ်စုများအား သုံးစွဲမှုလျော့ချရေး ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ အမျိုးသားဆွေးနွေးပွဲ သင်တန်းကို ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာနိုင်ငံစာတတ် မြောက်ရေး အထောက်အကူပြုပင်မဌာန အစည်းအဝေး ခန်းမ၌ မတ်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပ သည်။ အမျိုးသားဆွေးနွေးပွဲသင်တန်းသို့ ကျန်းမာရေးဦးစီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နှင်းရေး အထူးအဖွဲ့၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းတို့မှ သင်တန်းသားဦးရေ ၃၀ တက်ရောက်သည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ကြီးမှူး၍ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်၊ ကမ္ဘောဒီးယား နှင့် ဗီယက်နမ်နိုင်ငံများ၏ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့် (High Level Bilateral - HILB) အစည်းအဝေးများကို ဂျန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဟိုတယ်အိကွေတိုရီရယ်၌ မေလ ၈ ရက်နေ့တွင် ကျင်းပရာ နံနက်ပိုင်းတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၊ ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ အစည်းအဝေးများကို အသီးသီးကျင်းပသည်။ မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ (Senior Officials Committee SOC) အစည်းအဝေးကို ဟိုတယ်အိကွေတိုရီရယ်၌ မေလ ၉ ရက်နေ့မှ ၁၀ ရက် နေ့အထိ ကျင်းပသည်။ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ဝန်ကြီးအဆင့်အစည်းအဝေးကို ဟိုတယ်အိကွေတိုရီရယ်၌ မေလ ၁၁ ရက်နေ့တွင် ကျင်းပသည်။

အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်နှင့် ဒေသဆိုင်ရာများမှ တာဝန်ရှိသူများ၊ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ ပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) 'ဝ' အထူးဒေသ ၂ မိုင်းယွန်းဒေသနှင့် ကျိုင်းတုံမြို့သို့ မေလ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်လေ့လာသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများအဖွဲ့ နာယကလာအိုနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ သံအမတ်ကြီး လေးဦး၊ အမေရိကန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံ နှစ်ဦး၊ စစ်သံမှူး ၁၃ ဦး၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ (DEA) သံရုံး ကိုယ်စားလှယ်၊ ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဆိုင်ရာ သံရုံးဆက်ဆံရေးအရာရှိ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ ကိုယ်စားလှယ် ငါးဦး၊ TIME မဂ္ဂဇင်းမှ သတင်းထောက် နှစ်ဦး၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားကုမ္ပဏီကိုယ်စားလှယ် ခြောက်ဦး၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦး၊ ပြည်တွင်းသတင်းဌာန စာနယ်ဇင်းများမှ ကိုယ်စားလှယ် လေးဦးတို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်မဟာဗျူဟာလေ့လာရေးရုံးမှ ဌာနမှူးများ၊ ဦးစီးအရာရှိကြီးများ ခေါင်းဆောင်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) 'ဝ' ငြိမ်းချမ်းရေးအဖွဲ့ မိုင်းယွန်းဒေသသို့ မေလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ သွားရောက်လေ့လာသည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် (UNDCP) ဒေသရုံးတို့ကြီးမှူး၍ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး စီမံချက်အရ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မူးယစ်ဆေးဝါးအပင်များပယ်ဖျောက်ရေးအတွက် အခြားနည်းဖြင့် ဖွံ့ဖြိုးရေးမူဝါဒ ဗျူဟာပိုင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့် သက်ဆိုင်သော ဒေသအတွင်း နှီးနှောဖလှယ်ပွဲကို တောင်ကြီးမြို့နယ် အေးသာယာဂေါက်ကွင်း ဟိုတယ်ခန်းမ၌ ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပသည်။ နှီးနှောဖလှယ်ပွဲသို့ မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် UNDCP တို့မှ ကိုယ်စားလှယ်များ၊ စီမံကိန်းညှိနှိုင်းရေးမှူးများနှင့် လေ့လာသူများ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် (UNDCP) တို့ကြီးမှူး၍ ခြောက်နိုင်ငံနားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသခွဲအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့များ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ဆီဒုံးနားဟိုတယ်ခန်းမ၌ ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ် ၂၉ ဦးနှင့် UNDCP, AFP, Interpol နှင့် DEA တို့မှ တာဝန်ရှိသူ ၁၁ ဦး စုစုပေါင်း ဦးရေ ၄၀ တက်ရောက်၍ မူးယစ်ဆေးဝါး

တား‌ဆီး နှိမ်နင်း‌ရေး‌အဖွဲ့များ ဒေသခွဲအတွင်း ပူးပေါင်းသတင်း ဖလှယ် ဆွေး‌နွေး‌သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်က ပထမဆုံး‌အကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော လေးနိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုအဆောင် အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့ အထိ ကျင်းပသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် စိတ်ကြွရူးသွပ် ဆေးစွဲရောဂါပပျောက်ရေး စီမံချက်ရှင်းလင်းခြင်းနှင့် သင်တန်းပေးခြင်းကို ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ဩဂုတ်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပရာ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှျားမှ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် စိတ်ရောဂါအထူးကုဆရာဝန်များ၊ ခရိုင်နှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ အပါအဝင် သင်တန်းသား‌သင်တန်းသူ ၆၀ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် (UNDCP) တို့က ကြီးမှူး၍ ခြောက်နိုင်ငံ နား‌လည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် တား‌ဆီး‌နှိမ်နင်း‌ရေး‌အဖွဲ့များအတွင်း သတင်းစုဆောင်းခြင်း၊ ဖလှယ်ခြင်း၊ စွမ်းရည်မြင့်မား‌လာစေရေးဆိုင်ရာ စီမံကိန်းအရ မူးယစ်ဆေးဝါးထောက်လှမ်းရေးအဆင့်မြင့်သင်တန်းကို ရန်ကုန်မြို့ ဆိုဖီတယ်ဟိုတယ်၌ ဩဂုတ်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပရာ သင်တန်းသို့ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြား‌ရေးမှူးရုံး၊ အကောက်ခွန် ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ သင်တန်းသား‌စုစုပေါင်း ၂၅ ဦး တက်ရောက်သည်။

တရုတ်၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှပါဝင်သော ဝန်ကြီးအဆင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ဩဂုတ်လ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စား‌လှယ်အဖွဲ့ တက်ရောက်သည်။

ဩစတြီးယား‌နိုင်ငံ ဗီယင်နာမြို့ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (United Nation International Narcotics Control Board-INCB) မှ Board Member Mr.Chinmay Chakarabarty ခေါင်းဆောင်သော ကိုယ်စား‌လှယ်အဖွဲ့နှင့် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၏ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုပမ်းဆောင်ရွက်မှုနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများတွေ့ဆုံဆွေး‌နွေး‌ပွဲကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဋ္ဌာနချုပ် အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဋ္ဌာန ညွှန်ကြား‌ရေးမှူးချုပ်နှင့် ယူနန်ပြည်နယ်မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် ခေါင်းဆောင်သော ယူနန်ပြည်နယ်ကိုယ်စား‌လှယ်အဖွဲ့နှင့် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စား‌လှယ်အဖွဲ့တို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုအဆောင် အစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေး‌နွေး‌သည်။

ကိုလံဘိုစီမံကိန်း မူးယစ်ဆေးဝါးဆိုင်ရာ အကြံပေးအစီအစဉ် (Drug Advisory Programme) နှင့် မူးယစ်ဗဟိုအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပသည့် အရှေ့တောင်အာရှဒေသ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ပညာပေးရေးလုပ်ငန်းအရည်အသွေးကျွမ်းကျင်မှု တိုးတက်ရေးအလုပ်ရုံဆွေး‌နွေး‌

ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ အောက်တိုဘာ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ကျင်းပရာ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံတို့မှ ကိုယ်စားလှယ်စုစုပေါင်း ၂၀ တက်ရောက်သည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ခေါင်းဆောင်သော အဖွဲ့ဝင် ခုနစ်ဦးပါ ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့၏ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပယျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုအဆောင် အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည်။ အစည်းအဝေးတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) '၀' ဒေသတောင်ပိုင်း မိုင်းယွန်း ဒေသ မူးယစ်ဆေးဝါးပယျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးအတွက် အကူအညီပေးရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေး သည်။

မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အထွေထွေ အတွင်းရေးမှူးချုပ် ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) '၀' ဒေသတောင်ပိုင်း မိုင်းယွန်း ဒေသသို့ နိုဝင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ သွားရောက်၍ မိုင်းယွန်းဒေသ မူးယစ်ဆေးဝါးပယျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ပတ်သက်သည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပယျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသည်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော် ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော အဖွဲ့ဝင် ၁၄ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပယျောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုဝင်ဘာလ ၆ ရက်နေ့မှ ၉ ရက်နေ့အထိ လာရောက်လေ့လာသည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ဖော်ပြပါ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန်၊ ပမာဏနှင့် အထက်ကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းပြုပါက ရောင်းချရန်အလို့ငှာဟု မှတ်ယူနိုင်ရန် သတ်မှတ်လိုက်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ ဖြင့် သြဂုတ်လ ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

(က) အမ်ဖက်တမင်း (Amphetamine)
ပါသောဆေးပြား ၃ ဂရမ်
(ခ) ကိုဒင်း (Codeine)
ပါသောဆေးရည် ၂ လစ်တာ
(ဂ) ကိုဒင်း (Codeine)
ပါသောဆေးပြား ၅ ဂရမ်
(ဃ) ဒိုင်ဖီနို အောက်ဆီလိတ် (Diphenoxylate)
ပါသောဆေးပြား ၁ ဒသမ ၂၅ ဂရမ်
(င) ပက်သဒင်း (Pethidine)
ထိုးဆေး ၁၀ ဂရမ်
(စ) ပက်သဒင်း (Pethidine)
ဆေးပြား ၁၀ ဂရမ်

အထက်ပါ ဆေးဝါးတစ်မျိုးမျိုးနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန်နှင့် ပမာဏသည် ယင်းဆေးဝါးတစ်မျိုးမျိုးနှင့် ရောစပ်သောအခြားအရာဝတ္ထုပစ္စည်းများ အပါအဝင် အလေးချိန်နှင့် ပမာဏဖြစ်သည်။ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးရာခိုင်နှုန်း မည်မျှပင် ပါရှိစေကာမူ အထက်ပါဆေးဝါးတစ်မျိုးမျိုးသည် ဤအမိန့်ကြော်ငြာစာနှင့် သက်ဆိုင်စေရမည်ဟု ဖော်ပြထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ

သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ MDMA (အမ်ဒီအမ်အေ) ဆေးဝါးကို စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ် သတ်မှတ်ကြေညာလိုက်သည်ဟု အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၁ ဖြင့် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ဘိန်းခင်းများနှင့် ဘိန်းခြောက်စခန်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများကို ရာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၂၀၀၀ – ၂၀၀၁ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၂၆,၁၁၃ ဒသမ ၄၆ ဧက ဖျက်ဆီးနိုင်သည်။ ၁၉၈၈ – ၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၂၀၀၀ – ၂၀၀၁ ခုနှစ် ဘိန်းစိုက်ရာသီအထိ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၁၂၈,၀၈၇ ဒသမ ၂၇ ဧက ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လား၊ရှိုးမြို့နယ်၊ တောနေကျေ့ရွာ အနောက်မြောက်ဘက် လျှိုအတွင်းရှိ ဘိန်းချက်စခန်းတစ်ခုကို မတ်လ ၁၇ ရက်နေ့၌ ဝင်ရောက်ရှင်းလင်းခဲ့ရာ ဘိန်းချက်တဲလေးလုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာကွင် အသုံးပြုသည့် အရက်ပြန် ၁,၀၆၈ ဒသမ ၁၁ လစ်တာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၃၆၃ ဒသမ ၆၈ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၉ ဒသမ ၈ လစ်တာ၊ လိုင်ဇော ၂၀၄ ဒသမ ၃ လစ်တာ၊ အမိုနီယမ်ကလိုရိုက် ကီလို ၄၀၀၊ အရိုးမီးသွေး ကီလို ၄၀၀၊ မာတ်ပြုဖန်ပေါင်းအိုး ၇၅ လုံးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းအမျိုး ၂၀ တို့အား လည်းကောင်း၊ အဆိုပါ ဘိန်းချက်စခန်းအနီးတစ်ဝိုက်ကို မတ်လ ၁၈ ရက်နေ့တွင် ဆက်လက်ရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဟိုက်ဒရိုကလိုရစ်အက်စစ် ၃၂၇ ဒသမ ၃၁၂ လစ်တာနှင့် အရက်ပြန် ၇,၀၀၀ ဒသမ ၈၄ လစ်တာတို့အား လည်းကောင်း သိမ်းဆည်းရမိသည်။ ၂၀၀၁ ခုနှစ်အတွင်း ဘိန်းချက်စခန်း ၁၆ ခု သိမ်းဆည်းရမိသည်။

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မန်ကျာယန်ကျေးရွာအနီး လျှိုတစ်ခုအတွင်းရှိ ဘိန်းချက်စခန်းတစ်ခုကို ဧပြီလ ၂၈ ရက်နေ့တွင် ဝင်ရောက်ရှင်းလင်းခဲ့ရာ ဘိန်းချက်တဲတစ်လုံး၊ လူနေတဲတစ်လုံး၊ ပစ္စည်းသိုလှောင်တဲ နှစ်လုံး၊ ဘိန်းဖြူချက်လုပ်သူ လေးဦး၊ ဘိန်းဖြူ ၈ ဒသမ ၀၅ ကီလို၊ ဘိန်းညို ၁ ဒသမ ၂ ကီလို၊ အမ် ၂၀ ပစ္စတို နှစ်လက်၊ ပြွှင့် ၃၈ ပစ္စတို တစ်လက်၊ အမ် ၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အမ် ၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကျည်ကတ် သုံးခု၊ ကျည်မျိုးစုံ အတောင့် ၄၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဟိုက်ဒရိုကလိုရစ်အက်စစ် ၆၂ ဒသမ ၅ လစ်တာ၊ အက်စစ်တစ်အက်စစ် ၃၆ လစ်တာ၊ အရက်ပြန် ၁,၈၇၂ ဒသမ ၉၅၂ လစ်တာ၊ ကလိုရိုဖောင်း ၃၆ လစ်တာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၃၆ လစ်တာ၊ အီသာ ၂၄၅ ဒသမ ၄၈ လစ်တာ၊ အဖြူရောင်ဓာတုဆေးမှုန့်၊ လေးကီလို၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်း ၁၅ မျိုးတို့ကို ဖမ်းဆီးရမိသည်။

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ မန်ယုံမော်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုအား အောက်တိုဘာ ၂၀ ရက်နေ့တွင် ဝင်ရောက်ရှင်းလင်းခဲ့ရာ ဘိန်းဖြူချက်လုပ်သည့်တဲအကြီး၊ အသေး ၁၇ လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးရည် ၁၀,၃၅၄ ဂါလန်၊ ဟွန်ဒါမီးစက်အကြီး နှစ်လုံး၊ ဟွန်ဒါမီးစက်အသေး တစ်လုံး၊ လေမှုတ်စက်တစ်လုံး၊ ဘိန်းညှစ်စက် နှစ်ခု၊ ကြွေပေါင်းအိုး တစ်လုံး၊ ကြွေဇလုံ ၁၉ လုံး၊ ကြွေကတော့ ၁၇ ခု၊ ကြွေရည်သုတ်အိုးကြီး ၁၂ လုံး၊ မိုးပြဒယ် ၁၃ လုံး၊ ဘိန်းအခြောက်ခံ သံပန်းလေးခု၊ ထမင်းပေါင်းအိုးအကြီး နှစ်လုံး၊ ထမင်းပေါင်းအိုးအသေး တစ်လုံး၊ ထမင်းအုပ်သုံးလုံး၊ ချိန်ခွင်လေးခု၊ ကားကျိုက်လေးခု၊ ငါးဂါလန်ဝင် တိုင်ကီ ၃၂ လုံး၊ ဂါလန် ၅၀ ဝင် တိုင်ကီအလုံး ၁၅၀၊ ပလတ်စတစ်တိုင်ကီအကြီး နှစ်လုံး၊ အရိုးမီးသွေးအိတ် ၁၀ အိတ်၊ ဖန်ပေါင်းအိုး ခြောက်လုံး၊ ဖန်ပေါင်းချောင် အလုံး ၂၀၊ ကြွေရည်သုတ်အိုးငယ် ခြောက်လုံး၊ သစ်သားပန်း ၁၂၅ ချပ်၊ ပလတ်စတစ်ရေပုံး ၂၀၊ ဂါလန်ဝင် ပလတ်စတစ်ပုံး ၁၈၀၊ ခြောက်ဂါလန်ဝင် ပလတ်စတစ်ပုံး ၂၀၀၊ ပလတ်စတစ်ရေဆွဲပုံး ၁၅ ပုံး၊ အဖြူရောင်အမှုန့်ပါလေးထောင့်ဘူး ၁၀၀ နှင့် ရေနံဆီမီးဖို ၂၇ လုံးတို့ကို သိမ်းဆည်းရမိသည်။

နယ်မြေခံတပ်မတော်သား၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ ၁ မှ အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရုတ် – မြန်မာနှစ်နိုင်ငံ နယ်စပ်ဒေသကိုးကန့်ဒေသ လောက်ကိုင်မြို့ ဝန်းကျင်တစ်ဝိုက်ရှိ မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများအား နိဝင်ဘာလ ၆ ရက်နေ့တွင် ဝင်ရောက်ရှင်းလင်းခဲ့ရာ ဘိန်းချက်စခန်းဟောင်းတစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် စက်ရုံဟောင်း တစ်ခု၊ အီသိုင်းအီသာ ထုတ်လုပ်သည့် စက်ရုံကြီး တစ်ရုံ၊ ဘိန်းဖြူ ၁ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား မျာ်းပြုလုပ်မည့် ကုန်ကြမ်းဆေးပြား ၂၇၆ ကီလို၊ အက်ဖီဒရင်း ကီလို ၉၀၊ အက်စစ် ၁၅၆ လစ်တာ၊ အက်ဆစ်တစ်အင်ဟိုက်ဒရိုက် ၄၇၂ ဒသမ ၅ လစ်တာ၊ အမိုနီယမ်ဟိုက်ဒရောဆိုက် ၆၇ ဒသမ ၅ လစ်တာ၊ အီသိုင်းအီသာအရည် ၅၀,၄၉၁ ဒသမ ၃၅ လစ်တာနှင့် ၃၇ ပုလင်း၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၉၄၁ လစ်တာ၊ ဆာလ်ဖျူရစ်အက်စစ် ၁,၁၁၃ ဒသမ ၇၅ ကီလို၊ လိုင်ဇော ၁၃၂ ဒသမ ၅ လစ်တာ၊ အနုံ့ဆေးရည် လစ်တာ ၁၃၀၊ အီသိုင်း အယ်လ်ကိုဟော ၁၂၆ လစ်တာ၊ ပစ္စတို နှစ်လက်၊ ကျည်မျိုးစုံ ၃,၁၂၈ တောင့်၊ မော်တော်ယာဉ် နှစ်စီး၊ ထော်လာကျီ နှစ်စီး၊ မြန်မာငွေ ကျပ် ၆၅၀, ၀၀၀၊ တရုတ်ငွေ ယွမ် ၂,၅၅၀၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော အခြားဓာတုဗေဒ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ၃၄ မျိုးတို့ကို တရားခံရှစ်ဦးနှင့်အတူ ဖမ်းဆီးရမိသည်။

တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဧန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါး စုစုပေါင်းမှာ ဘိန်းဖြူ ၁,၀၂၈ မူနှင့် ၉၆ ဒသမ ၇၄၄ ကီလို၊ ဘိန်း ၃၉၃ မူနှင့် ၁,၆၂၉ ဒသမ ၀၆၉၁ ကီလို၊ ဆေးခြောက် ၂၅၈ မူနှင့် ၂၈၄ ဒသမ ၃၈၆၈ ကီလို၊ ဘိန်းညို တစ်မူနှင့် ၆ ဒသမ ၅၂ ကီလို၊ ဘိန်းဆီ ၄၃ မူနှင့် ၁၈ ဒသမ ၆၈၄၁ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၄၆ မူနှင့် ၇၅၉ ဒသမ ၆၃၉ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၁၂၂ မူနှင့် ၁၄၁ ဒသမ ၇၀၃၇ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၁ မူနှင့် ၇၉ ဒသမ ၅၇၂၅ လစ်တာ၊ ကေဖင်းနှစ်မူနှင့် ၃,၀၂၄ ကီလို၊ ဘိန်းစာရွက် ၁၃ မူနှင့် ၇၅ ဒသမ ၆၅၈၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၃ မူနှင့် ဆေးပြား ၃၄,၄၃၈,၉၈၁ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်၊ ခုနစ်မူနှင့် ၆၆၄ ဒသမ ၅၊ ၆၇၈ ကီလို၊ အက်ဖီဒရင်း ၁၁ မူနှင့် ၃,၉၂၂ ဒသမ ၁,၆၈၇ ကီလို၊ မော်ဖင်းထိုးဆေး နှစ်မူနှင့် ပုလင်း ၁၀၇ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် နှစ်မူနှင့် ၁၂,၃၁၈ ဒသမ ၄၃၂ လစ်တာ၊ ဖီနိုင်းအက်စစ်တစ်အက်စစ်တစ်မူနှင့် ၃၇၅ ကီလို၊ ဓာတုဆေးရည် ၂၁ မူနှင့် ၁၇၄,၁၉၁ ဒသမ ၁,၅၄၉ လစ်တာ၊ ဓာတုဆေးမှုန့်၊ လေးမူနှင့် ၂၁,၉၂၅ ဒသမ ၈,၃၇၄ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၂၅၃ မှု၊ အခြားမူးယစ်ဆေးဝါးအမှု ၁၀၂ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၂,၉၃၃ မှုနှင့် တရား‌ခံ (ကျား) ဦးရေ ၃,၄၃၀၊ တရားခံ (မ) ၈၂၆ ဦး စုစုပေါင်း တရားခံ ၄,၂၅၆ ဦး ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဘိန်းဖြူ ၂၁,၉၉၂ မူနှင့် ၄,၆၅၄ ဒသမ ၁၅၈၀ ကီလို၊ ဘိန်း ၇,၆၃၇ မူနှင့် ၃၂,၉၈၈ ဒသမ ၅၄၆၂ ကီလို၊ ဆေးခြောက် ၇,၅၇၅ မူနှင့် ၇,၇၆၆ ဒသမ ၄၁၃၁ ကီလို၊ ဘိန်းညို အမှု ၂၀ နှင့် ၃၃၄ ဒသမ ၉၁၈၉ ကီလို၊ ဘိန်းဆီ ၅၅၉ မူနှင့် ၆၉၁ ဒသမ ၁၁၂၀ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂,၄၂၇ မူနှင့် ၃၅,၀၆၄ ဒသမ ၉၉၄၄ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၈၀၉ မူနှင့် ၁,၃၁၉ ဒသမ ၃၅၈၂ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၈၅ မူနှင့် ၁,၇၇၀ ဒသမ ၅၈၃၅ လစ်တာ၊ ကေဖင်း နှစ်မူနှင့် ၃,၀၂၄ ကီလို၊ ဘိန်းစာရွက် ၁၃ မူနှင့် ၇၅ ဒသမ ၆၅၈၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁,၈၄၄ မူနှင့် ဆေးပြား ၁၁၅,၀၄၈,၁၀၉ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်၊ ခုနစ်မူနှင့် ၆၆၄ ဒသမ ၁၆၅၀ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၈၅ မူနှင့် ၁,၇၇၀ ဒသမ ၅၈၃၅ လစ်တာ၊ ကေဖင်း နှစ်မူနှင့် ၃,၀၂၄ ကီလို၊ ဘိန်းစာရွက် ၁၃ မူနှင့် ၇၅ ဒသမ ၆၅၈၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၃ မူနှင့် ဆေးပြား ၃၄,၄၃၈,၉၈၁ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်၊ ခုနစ်မူနှင့် ၆၆၄ ဒသမ ၅၊ ၆၇၈ ကီလို၊ အက်ဖီဒရင်း ၁၁ မူနှင့် ၃,၉၂၂ ဒသမ ၁,၆၈၇ ကီလို၊ မော်ဖင်းထိုးဆေး နှစ်မူနှင့် ပုလင်း ၁၀၇ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် နှစ်မူနှင့် ၁၂,၃၁၈ ဒသမ ၄၃၂ လစ်တာ၊ ဖီနိုင်းအက်စစ်တစ်အက်စစ်တစ်မူနှင့် ၃၇၅ ကီလို၊ ဓာတုဆေးရည် ၂၁ မူနှင့် ၁၇၄,၁၉၁ ဒသမ ၁,၅၄၉ လစ်တာ၊ ဓာတုဆေးမှုန့်၊ လေးမူနှင့် ၂၁,၉၂၅ ဒသမ ၈,၃၇၄ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၂၅၃ မှု၊ အခြားမူးယစ်ဆေးဝါးအမှု ၁၀၂ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၂,၉၃၃ မှုနှင့် တရားခံ (ကျား) ဦးရေ ၃,၄၃၀၊ တရားခံ (မ) ၈၂၆ ဦး စုစုပေါင်း တရားခံ ၄,၂၅၆ ဦး ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဘိန်းဖြူ ၂၁,၉၉၂ မူနှင့် ၄,၆၅၄ ဒသမ ၁၅၈၀ ကီလို၊ ဘိန်း ၇,၆၃၇ မူနှင့် ၃၂,၉၈၈ ဒသမ ၅၄၆၂ ကီလို၊ ဆေးခြောက် ၇,၅၇၅ မူနှင့် ၇,၇၆၆ ဒသမ ၄၁၃၁ ကီလို၊ ဘိန်းညို အမှု ၂၀ နှင့် ၃၃၄ ဒသမ ၉၁၈၉ ကီလို၊ ဘိန်းဆီ ၅၅၉ မူနှင့် ၆၉၁ ဒသမ ၁၁၂၀ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂,၄၂၇ မူနှင့် ၃၅,၀၆၄ ဒသမ ၉၉၄၄ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၈၀၉ မူနှင့် ၁,၃၁၉ ဒသမ ၃၅၈၂ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၈၅ မူနှင့် ၁,၇၇၀ ဒသမ ၅၈၃၅ လစ်တာ၊ ကေဖင်း နှစ်မူနှင့် ၃,၀၂၄ ကီလို၊ ဘိန်းစာရွက် ၁၃ မူနှင့် ၇၅ ဒသမ ၆၅၈၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၃ မူနှင့် ဆေးပြား ၃၄,၄၃၈,၉၈၁ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်၊ ခုနစ်မူနှင့် ၆၆၄ ဒသမ ၅၊ ၆၇၈ ကီလို၊ အက်ဖီဒရင်း ၁၁ မူနှင့် ၃,၉၂၂ ဒသမ ၁,၆၈၇ ကီလို၊ မော်ဖင်းထိုးဆေး နှစ်မူနှင့် ပုလင်း ၁၀၇ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် နှစ်မူနှင့် ၁၂,၃၁၈ ဒသမ ၄၃၂ လစ်တာ၊ ဖီနိုင်းအက်စစ်တစ်အက်စစ်တစ်မူနှင့် ၃၇၅ ကီလို၊ ဓာတုဆေးရည် ၂၁ မူနှင့် ၁၇၄,၁၉၁ ဒသမ ၁,၅၄၉ လစ်တာ၊ ဓာတုဆေးမှုန့်၊ လေးမူနှင့် ၂၁,၉၂၅ ဒသမ ၈,၃၇၄ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၉,၁၇၀၊ အခြားမူးယစ်ဆေးဝါးအမှု ၂၅၁၁ မူနှင့် တရားခံ (ကျား) ၇၂,၆၃၂ ဦး၊ တရားခံ (မ) ၁၄,၆၀၉ ဦး စုစုပေါင်းတရားခံ ၈၇,၂၄၁ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ပြီးဖြစ်သည်။


မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ်ဗဟိုအဖွဲ့က ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၅ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ရန်ကုန်မြို့

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၅ ကြိမ်မြောက် ဖျက်ဆီးသည့်အခမ်းအနားတွင်
အဝေးထိန်းစက်ခလုတ်နှိပ်၍ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနေစဉ်

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မူးယစ်ဆေးဝါး အာနိသင်ပါရှိသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများအား လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးမှုကို ကြည့်ရှုသည်။

ရိပ်သာဝင်းအတွင်း၌ မေလ ၁၂ ရက်နေ့တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့၌ ကျင်းပပြီးစီးသွားသော အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်နှင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစီအစဉ်တို့မှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများ တက်ရောက်သည်။ အခမ်းအနားတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် သင်ပါရှိသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများအား လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးမှုကို ကြည့်ရှုသည်။ သဲတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ အတွင်းရေးမှူးချုပ်၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ်၊ လာအိုနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အမျိုးသားကော်မတီ ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး၊ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် ကိုယ်စားလှယ်၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစီအစဉ် ကိုယ်စားလှယ်တို့က သတ်မှတ်ထားသည့် နေရာအသီးသီးမှ အဝေးထိန်းစက်ခလုတ်များနှိပ်၍ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည်။



မီးရှို့ဖျက်ဆီးလိုက်သော မူးယစ်ဆေးဝါးများ



မူးယစ်ဆေးဝါးများအာနိသင်ပါရှိသော ချောင်းဆိုးပျောက်ဆေးပုလင်းများအား လမ်းကြိတ်စက်ဖြင့်
ဖျက်ဆီးစဉ်



မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဖွင့်ပွဲ အခမ်းအနား

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၅ ကြိမ်မြောက် ဖဝင့ ကီလို၊ ဆေးခြောက် ၅,၄၁၇ ဒသမ ၇၀၉ ကီလို၊ ဖင်ဆီဖျက်ဆီးသည့် အခမ်းအနား တွင် ဘိန်းဖြူ ၁၁ဖ ဒသမ ၄ဖ၉ ကီလို၊ ဘိန်း ၁,၃၀၁ ဒသမ ၄၂၈ ကီလို၊ ဘိန်းဆီ ၄ ဒသမ ဖ၁၄ ကီလို၊ ဘိန်းရည် ၂၂၅ ဒသမ ၉၄ဖ ကီလို၊ ဆေးခြောက် ၄၃၉ ဒသမ ၉၃၁ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၂၉ဖ ဒသမ ၉၀ လစ်တာ၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၇,၂၄၈,ဖ၁၅ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၁,၅ဖ၂ ဒသမ ဖ၉၂ ကီလို၊ ဘိန်းစာမှုန့် ၁၅ ဒသမ ၁၉၄ ကီလို၊ ဘိန်းညို ၁၀ ကီလို၊ ကိုဒင်းချောင်းဆိုးပျောက်ဆေးရည် ၁၅၃ ဒသမ ၃၇၀ လစ်တာ၊ မက်သာဒုံး ၀ ဒသမ ၈ လစ်တာ၊ ပက်သဒင်း ၁၀ ကီလို၊ ဒိုင်ဖီနိုအောက်ဆီလိတ် ဆေးပြား ၁,၂၄၄ ပြား၊ လီဇိုတန် စိတ်ပြောင်းဆေးပြား ၁၅၀,၀၀၀ ၊ အက်ဖီဒရင်း ဆေးပြား ၅၄,၀၀၀၊ ကိုဒင်းဖော့စဖိတ် ၁၈,၃၀၄ လစ်တာ၊ ဖီနိုဘာဘီတယ် ဖ,၃၄၈ ပြား၊ မက်သာကွာလုံး ဆေးပြား ဖဝင့ ပြား၊ စုစုပေါင်း တန်ဖိုး အမေရိကန် လက်လီဈေးနှုန်းအရ အမေရိကန်ဒေါ်လာ သန်း ၉၂၀ ဖိုးကို မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၀၁ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ ၁၅ ကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၃,၇၄၇ ဒသမ ၅၂၉ ကီလို၊ ဘိန်း ၂၃,ဖ၉၄ ဒသမ ၁၀၈ ကီလို၊ ဘိန်းဆီ ၁၉၅ ဒသမ ၅၁၉ ကီလို၊ ဘိန်းရည် ၄၃၅ ဒသမ ၉၀ လစ်တာ၊ ဒိုင်း ဆေးရည် ၃၀,၄၁၇ ဒသမ ၀၁၅ လစ်တာ၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၈၀,၈၅၅,၂၀၈ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၁၁,၅၈၂ ဒသမ ၄၄၂ ကီလို၊ ဘိန်းညို ၂၃၁ ဒသမ ၈၁၉ ကီလို၊ ဘိန်းအာနိသင်ပါသော အခြားချောင်းဆိုးပျောက်ဆေးရည် ၁,၅၁၈ ဒသမ ၁၂၁ လစ်တာ၊ ဘိန်းအာနိသင်ပါသော ထိုးဆေး ၁,၄၈၉ ပုလင်း၊ ဘိန်းအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးပြား ၃၉,၁၇၇ ပြား၊ မက်သာကွာလုံး ဆေးပြား ၇,၃၁၁ ပြား၊ အဆင့်နိမ့်ဘိန်း ၃၄ ဒသမ ၂၇၇ ကီလို၊ ဒိုင်ဖီနို အောက်ဆီလိတ်ဆေးပြား ၇၂,၂၃၂ ပြား၊ မော်ဖင်းဆာလ်ဖိတ် ဆေးပြား ၁၀ ပြား၊ အက်ဖီဒရင်း ဆေးပြား ၅၄,၄၅၈ ပြား၊ ဖီနိုဘာဘီတယ်ဆေးပြား ၈,၀၀၈ ပြား၊ ဖီနိုဘာ ဘီတယ်ဆေး ၂၃ ပုလင်း၊ အက်ဖီဒရင်းထိုးဆေး ၂၈ ပုလင်း၊ စိတ်ကြွရူးသွပ်ဆေး အကြေ ၃၀ ဒသမ ၄၅၂ ကီလို၊ မက်သာဒုံး ၁၀ ဒသမ ၈ လစ်တာ၊ ဖီနိုင်အက်စစ်တစ် အက်စစ် ၂,၁၄၃ ဒသမ ၄၇၁ ကီလို၊ ဘိန်းစာမှုန့် ၂၁ ဒသမ ၇၈၇ ကီလိုနှင့် လီဇိုတန် စိတ်ပြောင်းဆေးပြား ၁၅၀,၀၀၀ စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၄,၅၂၀ ဖိုးကို ဖျက်ဆီးပြီး ဖြစ်သည်။

စိုးအောင်

မေသစ်၊ ဒေါ (ဝဏ္ဏကျော်ထင်) (ခရစ် ၁၉၂၅ – ၂၀၀၁) ။ ။ နိုင်ငံကျော် ရုပ်ရှင်မင်းသမီးကြီး သုံးထပ်ကွမ်းအကယ်ဒမီ ဝဏ္ဏကျော်ထင်ဒေါမေသစ်ကို ရန်ကုန်မြို့တွင် ဖခင်ဆည်ဝန်ထောက် ဦးကိုကိုကြီး၊ မိခင် ဒေါသန်းရွှေတို့က ၁၉၂၅ ခုနှစ်၌ မွေးဖွားသည်။ မွေးချင်း မောင်နှမ ငါးယောက်ရှိသည်။



အကယ်ဒမီ ဝဏ္ဏကျော်ထင် ဒေါမေသစ်

ငယ်စဉ်က ရုပ်ရှင်ကို အထူးဝါသနာပါသူဖြစ်၍ ရုပ်ရှင်ကြော်ငြာများကိုစုဆောင်းလေ့ရှိပြီး ခင်နှင်းရီ၊ မေရှင်တို့ ပါဝင်သော ရုပ်ရှင်ဇာတ်ကားတိုင်းကို မလွတ်တမ်းကြည့်ရှုသည်။ ရုပ်ရှင်ကြည့်ပြီး အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် သရုပ်ဆောင်မှုများကို လေ့ကျင့်သည်။

ဒေါမေသစ်သည် မင်းသမီးလုပ်ရန် ရည်မှန်းချက်ဖြင့် အေဝမ်းဖလင်သို့ ပထမဦးစွာ ရောက်ရှိသွားသော်လည်း မင်းသမီး အဖြစ်ပါဝင်ခွင့်မရသေးဘဲ ဇာတ်ရုံပညာသင် အဖြစ်သာ ပါဝင်သရုပ်ဆောင်ရသည်။ ဒါရိုက်တာဦးဘရှင် ရိုက်ကူးပြီး ညွန့်မောင်၊ မေနု၊ မေမြင့်၊ မြင့်ဆွေ၊ သာဂေါင်၊ စိုင်တင် တို့ပါဝင်သော မိုးကြိုး အသံတိတ်ဇာတ်ကားတွင် မထင်မရှားဇာတ်ရုံအခန်းမှ ပါဝင်ကာ ပထမခြေလှမ်းအဖြစ် ရုပ်ရှင်လောက အတွင်းသို့ စတင်ဝင်ရောက်သည်။ သရုပ်ဆောင် ဒါရိုက်တာမောင်တင်မောင် ရိုက်ကူးပြီး မောင်တင်မောင်၊ မေရှင်၊ ရင်ရင်ရွှေ၊ သာဂေါင်၊ ဦးဘရှင်၊ ဒေါဂျမ်းစိန်၊ အောင်ကြီး၊ ရွှဲကြီးတို့နှင့် တွဲဖက်ပါဝင်ခဲ့သော ချစ်ရေစင် အသံထွက်ဇာတ်ကားတွင် ဒုတိယမြောက်အဖြစ် ပါဝင်ခွင့် ရရှိသည်။ ဒါရိုက်တာဦးချင်းစိန်ရိုက်ကူးသော ကေလာသ အသံတိတ်ဇာတ်ကားတွင် အေးကြူ၊ မေနု၊ အောင်ကြီး၊ စိုင်တင်၊ ဦးဘိုးသောင်တို့နှင့် တွဲဖက်ကာ တတိယမြောက်အဖြစ် ပါဝင်သရုပ်ဆောင်သည်။ ဆက်လက်၍ လက်ဦးဆရာ ဦးဘရှင်ရိုက်ကူးသော မာနရှင်ဇာတ်ကားတွင် ချစ်ရွှေ၊ မေရှင်၊ ဒေါဂျမ်းစိန်၊ ဦးဘရှင်၊ မောင်သန်းစိန်တို့နှင့် တွဲဖက်သရုပ်ဆောင်ပြီး ဒါရိုက်တာ ဦးချင်းစိန်ရိုက်ကူးသော ချစ်သွေးဟုန် ဇာတ်ကားတွင် မောင်မောင်ခင်၊ မေမြင့်၊ ရွှေညာမောင်၊ ရင်ရင်ရွှေ၊ စိုင်တင်၊ အောင်ကြီးတို့နှင့် တွဲဖက်သရုပ်ဆောင်သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသေအခါ ရုပ်ရှင်လုပ်ငန်းများ ရပ်တန့်သွားသည်။ စစ်ကြီးပြီးသောအခါ ဒေါမေသစ်သည် ရုပ်ရှင် လောကသို့ ပြန်မဝင်သေးဘဲ ကျောင်းပြန်တက်သည်။ အင်းစိန်မြို့ရှိ ဒေါအေမီအလွတ်ပညာသင်ကျောင်းတွင် သတ္တမတန်းပညာသင်ယူနေစဉ် အေဝမ်းဖလင်က ဆက်သွယ်ခေါယူသဖြင့် အေဝမ်း ဖလင်သို့ တစ်ကျော့ပြန် ရောက်ရှိသွားသည်။ အေဝမ်းဖလင်သို့ ပြန်ရောက်သွားသော်လည်း အေဝမ်းဇာတ်ကားများတွင် ပါဝင်ခြင်းမရှိဘဲ လျှပ်စစ်ရုပ်ရှင်မှ ဒါရိုက်တာဦးတင်ယု ရိုက်ကူးသော မင်းဘာလဲ အသံတိတ်ဇာတ်ကားတွင် ပွဲဦးထွက်ခေါင်းဆောင်မင်းသမီးအဖြစ် မောင်တင်မောင်၊ အေးကြူ၊ သာဂေါင်တို့နှင့် တွဲဖက်သရုပ်ဆောင်သည်။ လျှပ်စစ်ရုပ်ရှင်မှပင် ဆက်လက်၍ ဒါရိုက်တာဦးတင်ယုရိုက်ကူးသော ဘဘကြီးအသံတိတ်ဇာတ်ကားတွင် ခင်မောင်၊ အေးကို၊ ညိုညိုတို့နှင့်လည်းကောင်း၊ ညောင်ရမ်းညီနောင် အသံတိတ်ဇာတ်ကားတွင် ခင်မောင်၊ အေးကို၊ ဦးဘိုးသောင်၊ ဒေါဂျမ်းစိန်တို့နှင့် လည်းကောင်း တွဲဖက်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်သည်။ လျှပ်စစ်ရုပ်ရှင်အတွက် ဒါရိုက်တာဦးသုခရိုက်ကူးသော ဂုဏ်ရည်မတူ အသံထွက်ဇာတ်ကားတွင် ဒါရိုက်တာ ဆရာ ဦးသုခ၊

ခင်မောင်တို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာ မယ်သုံ၊ ပေါက်စီ အမည်ဖြင့် မေသစ်၏အမည်မှာ ကျော်ကြား:လာသည်။

ထို့နောက်မေသစ်သည် ဒါရိုက်တာဦး:ဘရှင် ရိုက်ကူး:သော ချိန်တန်ပြီအသံထွက်ဇာတ်ကား:တွင် မောင်တင်မောင်၊ မေရှင်၊ ဒေါ်ဂျမ်း:စိန်၊ သာဂေါင်၊ ရွှဲ့ကြီး: တို့နှင့်တွဲဖက်၍ ဒုတိယမင်း:သမီး: အဖြစ် သရုပ်ဆောင်ခဲ့ရာ မေသစ်၏ သနာ:စရာအမူအရာနှင့် ကရုဏာသံလေး: ကြောင့် ရုပ်ရှင်ကြည့်သူတိုင်း:၏စိတ်ကို စွဲညှို့နိုင်ပြီး: ထပ်မံကျော်ကြား:လာပြန်သည်။ ဆက်လက်၍ လျှပ်စစ်ရုပ်ရှင်မှ ဒါရိုက်တာ ဦး:တင်ယုက ရန်ပုံခွင်:အသံတိတ်ဇာတ်ကား:နှင့် သူဌေး:လောင်း:အသံတိတ်ဇာတ်ကား:တို့တွင် ခေါင်း:ဆောင်မင်း:သမီး:အဖြစ် ပြန်လည်ပွဲထုတ်သည်။ ရန်ပုံခွင်:ဇာတ်ကား:တွင် အေး:ကြူ၊ အေး:ကို၊ ကြည်ကြည်မေ၊ ဘသစ်တို့နှင့်လည်း: ကောင်း၊ သူဌေး:လောင်း:ဇာတ်ကား:တွင် ခင်မောင်၊ အေး:ကြူတို့နှင့်လည်း:ကောင်း: တွဲဖက်သရုပ်ဆောင်သည်။

မေသစ်သည် အေဝမ်း:ဖလင်မှ ဒါရိုက်တာ မောင်တင်မောင် ရိုက်ကူး:သောချစ်မုန်း:မာန် အသံထွက်ဇာတ်ကား:တွင်မောင်တင်မောင်၊ သုခ၊ ရွှေညာမောင်၊ သာဂေါင်၊ ဦး:ထော်၊ ရန်ပတို့နှင့်တွဲဖက်၍ ခေါင်း:ဆောင်မင်း:သမီး:အဖြစ် သရုပ်ဆောင်ခဲ့ရာ တစ်ရှိန်ထိုး:ကျော်ကြား:လာသည်။ အေဝမ်း:ဖလင်မှပင် ဒါရိုက်တာဦး:အောင်ဇံ ရိုက်ကူး:သော ဘုမသိဘမသိ သံစုံသွင်း:ဇာတ်ကား:တွင် အေး:ကြူ၊ မေနွဲ့၊ မေမြ၊ မေလွင်၊ မေဆန်း:တို့နှင့်လည်း:ကောင်း၊ ဝိဇယသံစုံ သွင်း:ဇာတ်ကား:တွင် အေး:ကြူ၊ ဒေါ်ဂျမ်း:စိန်၊ သောကြာတို့နှင့် လည်း:ကောင်: တွဲဖက်ကာ ခေါင်း:ဆောင်မင်း:သမီး:အဖြစ် သရုပ်ဆောင်သည်။ ထို့ပြင် လျှပ်စစ်ရုပ်ရှင်အတွက် ဒါရိုက်တာမြမောင် ရိုက်ကူး:သော မြဲတဲ့သစ္စာ အသံထွက်ဇာတ်ကား:တွင် မေသစ်သည် ရင်နာစရာကောင်း:လှသော တောသူမကလေး: နှင်း:ရီအဖြစ် ဇေယျ၊ အေး:ကြူ၊ မြင့်မြင့်ခင်၊ အေး:ကြူကြီး:တို့နှင့် တွဲဖက်ကာ ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်၍ ပရိသတ်ကို ဆွဲဆောင်သွား:သည်။

မေသစ်သည် အေဝမ်း:ဖလင်မှ နုတ်ထွက်ပြီး:နောက် ဗြိတိသျှ ဘား:မား:ရုပ်ရှင်တွင် တစ်လလျှင်ကျပ် ၅၀၀နှုန်း: သုံး:နှစ်စာချုပ်ဖြင့် လခစား:မင်း:သမီး:လုပ်ဆောင်သည်။ ဗြိတိသျှဘား:မား:ရုပ်ရှင် အတွက် ဒါရိုက်တာဦး:ဘိုး:ဟန်၏ ရဲသွေး:ရဲမာန်အသံတိတ်ဇာတ်ကား:တွင် ကျော်ဖေနှင့်လည်း: ကောင်း၊ ဒါရိုက်တာဦး:အောင်ကြီး:၏ အချစ်ဆန်း:အသံထွက် ဇာတ်ကား:တွင် ကျော်ဝင်း၊ တင်တင်မူ၊ ကျော်ဖေတို့နှင့် လည်း:ကောင်း၊ ဒါရိုက်တာသုခ၏ သည်ဆောင်း ဟေမာန် အသံထွက်ဇာတ်ကား:တွင် ကျော်ဆွေ၊ ဇေယျ၊ မြင့်မြင့်ခင် တို့နှင့်လည်း:ကောင်း၊ ဒါရိုက်တာချစ်ခင်၏ မမီတဲ့ပန်း:အသံထွက်ဇာတ်ကား:တွင် မျိုး:မြင့်၊ မြင့်မြင့်ခင်၊ ဒေါ်ခင်ကြည် တို့နှင့်လည်း:ကောင်း၊ ဒါရိုက်တာလှဦး:၏ ဖူး:စာနှစ်ခိုင် အသံထွက် ဇာတ်ကား:တွင် ကျော်ဆွေ၊ သူရ၊ ခင်ခင်ဆွေ၊ သိန်း:ဟန်ကြီး၊ မြမောင်တို့နှင့်လည်း:ကောင်း၊ ဒါရိုက်တာ ရွှေဒုံး:ဘီအောင်၏ ဒေါက်တာအောင်ကျော်ဦး အသံထွက် ဇာတ်ကား:တွင် မောင်မောင်တာ၊ မေရီမြင့်၊ သန်း:သန်း:မြင့်၊ အတာတို့နှင့်လည်း:ကောင်း: တွဲဖက်ကာ ခေါင်း:ဆောင်မင်း:သမီး:အဖြစ် သရုပ်ဆောင်သည်။

ထို့နောက်မေသစ်သည် ပန်း:သာရုပ်ရှင်မှ ဒါရိုက်တာဦး:ချင်:စိန်ရိုက်ကူး:သော ပန်း:သာမစာဥ အသံထွက်ဇာတ်ကား:တွင် ဇေယျ၊ အေး:ကြူတို့နှင့်တွဲဖက်၍ ဆင်း:ရဲသော်လည်း: ဂုဏ်ပကာသနကိုမမက်မောဘဲ ကိုယ်ကျင့်တရား: ကောင်း:သော တောသူမကလေး: မစာဥအဖြစ် ပရိသတ်စိတ်ထဲတွင် ကြေကွဲဝမ်း:နည်း:လာအောင် သရုပ်ဆောင်ထား:သည်။ မန္တလေး:ရုပ်ရှင်အတွက် ဒါရိုက်တာသုခ ရိုက်ကူး:သော ဘဝသံသရာအသံထွက်ဇာတ်ကား:တွင် ဇေယျ၊ အေး:ကြူ၊ သုခ၊ နွဲ့နွဲ့အေး၊ ဒေါ်ဂျမ်း:စိန်တို့နှင့် တွဲဖက်၍ သနာ:စရာခိုကိုး:ရာမဲ့ ကျောင်း:သူကလေး: အဖြစ်သရုပ် ဆောင်ခဲ့ရာ ထိပ်တန်း:မင်း:သမီး:တစ်ယောက် ဖြစ်ကြောင်း: သက်သေပြသွား: သည်။ မန္တလေး:ရုပ်ရှင်ကပင် ဒါရိုက်တာမျိုး:အောင်ရိုက်ကူး:သော မြတ်ပန်း:ဝတ်ရည် ဇာတ်ကား:တွင်မြင့်အောင်၊ ကျော်လိဆွေ၊ ဦး:ဘချစ်၊ နွဲ့နွဲ့အေး၊ မန္တလေး:ဦး:အောင်ကြီး:၊ ဒေါ်ဂျမ်း:စိန်တို့နှင့်တွဲဖက်၍ တောသူမကလေး:အသွင်ဖြင့် ကြေကွဲဖွယ်ရာများ: ရင်ဆိုင် တွေ့ကြုံရပုံကို အစွမ်း:ပြသရုပ်ဆောင်သွား:သည်။

မေသစ်သည် ရိုး:သား:သောတောသူမကလေး:အသွင်၊ ဆင်း:ရဲသူအသွင်တို့ကို သရုပ်ဆောင်ရာတွင် ပီပြင်သကဲ့သို့ အလွမ်း: အဆွေး:များ:ကိုလည်း: ဇာတ်ကောင်စရိုက်နှင့် ကိုက်ညီအောင် အစွမ်း:ပြနိုင်သည်။ မြဇော်ဖလင်မှ ဒါရိုက်တာဦး:တင်ယုရိုက်ကူး:သော ကျော်တော့လှသူကြီး: အသံထွက်ဇာတ်ကား:တွင် ဖိုး:ပါကြီး၊ မြင့်မြင့်ဌေး၊ ဝင်း:ဇော်၊ ကြယ်နီ၊ မစိန်ခင်၊ ဒေါ်ဂျမ်း:စိန်၊ မြင့်ဖေ၊ သန်း:နွဲ့၊ ခင်ပြုံး:ဇင်၊ ဘသစ်တို့နှင့်တွဲဖက်၍ သရုပ်ဆောင်ထား: သည်။ ကေတု

မတီရုပ်ရှင်အတွက် ဒါရိုက်တာဦးလှမောင် ရိုက်ကူး သော ဒေါက်တာမာလာ အသံထွက်ဇာတ်ကား၊ တွင် ဇေယျ၊ အေးကြူ၊ စောမူ၊ မန်းလှဖေ၊ သာဂေါင်၊ ဒေါ်စောရင်တို့နှင့် တွဲဖက်၍ ဆရာဝန်မကြီးအသွင် အနုပညာအစွမ်းပြသ သွား သည်။

မေသစ်သည် အောင်မင်္ဂလာမှ ရွှေဘော်၏ သစ္စာနှင့် မေတ္တာ၊ ခင်ဦးမှ ဦးအောင်ကြီး၏ သံသာလေကမ်းတိုင်၊ ကန်တော်မိတ်မှ ဦးသုခ၏ ချစ်အဇ္ဈာမြို့၊ အောင်မင်္ဂလာမှ မောင်ဝေဇင်၏ ချစ်ငွေ့မပြေ၊ ဦးတင်ယု၏ မခွဲတမ်း ကြင်မယ်၊ တင်ညွန့်ရုပ်ရှင်မှ ဒါရိုက်တာတင်ညွန့်၏ လွမ်းသလေမောင်ကြီး၊ အောင်စကြာမှ သက်ခိုင်၏ မေတ္တာ ပိုင်ရှင် စသည့်အသံထွက်ဇာတ်ကား များတွင် ခေါင်းဆောင် မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ပြီးနောက် မြဇော်ဖလင်မှ ဒါရိုက်တာဦးမြမောင်ရိုက်ကူးသော မေတ္တာရွှေရည် အသံထွက်ဇာတ်ကားတွင် မြင့်အောင်၊ ဘမြင့်၊ သန်းနွဲ့၊ ရီရီစံ၊ မြင့်ဖေတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာ ၁၉၆၀ ပြည့်နှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ဆွတ်ခူးရရှိသည်။ ရွှမဝ ရုပ်ရှင်မှ ဒါရိုက်တာရွှမဝဦးကျော်၏ ရင်ဝယ်တသိမ့်သိမ့် အသံထွက် ဇာတ်ကား တွင် မောင်ယဉ်ထွေး၊ စမ်းစမ်းအေး၊ မေနွဲ့၊ ဦးကျောက်လုံး၊ ဒေါ်ခင်ညွန့်၊ မောင်ယဉ်ကြည်တို့နှင့်တွဲဖက်၍ သား အပေါ် အချစ်ကြီးသော မိခင်မုဆိုးမအသွင် သရုပ်ဆောင်ခဲ့ရာ ၁၉၆၄ ခုနှစ် အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ထပ်မံ ဆွတ်ခူး ရရှိသည်။

မေသစ်သည် ရုပ်ရှင်ထူးချွန်ဆု နှစ်ကြိမ်ရရှိပြီးနောက် သံယောဇဉ်၊ ချစ်သည်းနှီ၊ ရွှေညာမြေ၊ ဗီဇ၊ ပွဲကြီးပွဲကောင်း၊ အချစ်နဲ့အပြစ်၊ မေ့ကွက်ကိုရှာ၊ တစ်နေ့တော့ ပြန်လာမယ်၊ စန်းပွင့်လာပြီ၊ အရုက်နဲ့အသက်၊ ရေမြေဆုံးတိုင်၊ မြာဋ္ဌီကာ၊ ရွှေဝါ၊ ဟန်ကိုယ့်ဖို့၊ သား၊ ငွေကျွန်၊ ပခန်းကိုကြီးကျော်၊ ယျလေးလုံး၊ ပန်းတိုင်းပွင့်ပါစေ၊ တစ်မိုးတစ်မြေ၊ ဆိုင်သူပိုင်သူ၊ စုဉာဿမ္ဘဝ မဟာဿမ္ဘဝ၊ ချစ်လို့ငိုးသံ၊ ချစ်ဝက်ပါ၊ တင့်လှပေဟန်၊ သည်တစ်ကွေ့ဝယ်၊ ဂုဏ်ဆိုတာ၊ အောင်မြင်သောနေ့၊ ကြိုက်ပြီ၊ နှစ်မြှောအသည်း စသည့်ဇာတ်ကားများတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်သည်။

မေသစ်သည် အသက်အရွယ်ရလာချိန်တွင် အဒေါ်၊ အမေ၊ အဘွား အသွင်တို့ဖြင့် သဘာဝကျကျ သရုပ်ဆောင်နိုင်သူဖြစ်၍ မြင်စမ်းစေချင်သည် လှဒေဝီ၊ အပြောချိုတဲ့ အပျိုချော၊ ရွက်စိမ်း၊ စမ်းရေပမာ မိမေတ္တာ၊ ရုန်းခြင်ကန်၍ ရင်ဆိုင်၍၊ ရပ်ကြီးသူ၊ ဝရမ်းပြေးဘိုးသိန်း၊ စိမ်းနဲ့တေဇာ၊ ငွေ၊ ချစ်မုန်းမာန်၊ ရွှေပြည်တန်၊ မဲ့တစ်ပေါက်၊ သွေးမှ သတ္တိ ရှိသောကြောင့်၊ နေဇာ၊ စနေမ၊ အောင်ပွဲနဲ့အတူပြန်လာမယ် စသည့်ဇာတ်ကားများတွင် ဇာတ်ပို့သရုပ်ဆောင်အဖြစ် ပါဝင် သရုပ်ဆောင်ခဲ့ပြီးနောက် တော်ဝင်ထွန်းရုပ်ရှင်မှ ဒါရိုက်တာ ထွန်းမြင့်ထွန်းရိုက်ကူးသော နွဲ့မျိုးစုံလင် နွဲ့လိုက်ချင် ဇာတ်ကား၊ တွင် ဇော်လင်း၊ ခင်သီတာထွန်း၊ မြင့်နိုင်၊ သန်းဖေလေး၊ စိန်ဂျွန်းထွန်းရွှေ၊ ဒေါ်ခင်အုန်းမြင့်တို့နှင့် တွဲဖက်၍ သရုပ်ဆောင်ခဲ့ရာ ၁၉၇၆ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကို ထပ်မံဆွတ်ခူး ရရှိသည်။

ရုပ်ရှင်ထူးချွန်ဆု သုံးဆုပိုင်ရှင်ဖြစ်လာသော မေသစ် သည် ဆက်လက်၍ ပြီးသည်မှန်းသည်ချစ်ရပါသည်၊ အသည်းတစ်ခုမြာ၊ တစ်စင်း၊ စကားပြောသောသွေး၊ နွေဦးကာလ မြူထသောအခါ၊ ပိတောက်စိမ်း၊ ကြင်ဖော်တွဲချင်ရာလိမ့်မည်၊ စိမ်းလို့သာ ခေါ်လိုက်ပါ၊ ဘယ်သန်ညာသန်၊ သုံးတောင်ပြည့်ခန်းသာလယ်မှာ၊ နေသွေး၊ သားလေးယောက်၊ ညိုမကို ပြောလိုက်ပါ၊ သမီးချော၊ ကိုကိုညီညီ၊ စိန်ရိုင်း၊ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မိသိန်းကြည်၊ နေကန့်လန့်ကာလပဝါ၊ ကိုကိုနဲ့ပဲနေချင်တယ်၊ မေတ္တာစိမ်းစိမ်း၊ လူ့မနှော၊ ပေါင်းရှိနုတ်ရှိမရသောမေတ္တာ၊ ချိုချစ်သည်းရယ်၊ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ၊ သွားဖန်များခရီးရောက်၊ မေတ္တာနဲ့သစ္စာ၊ မေမြတ်နွယ်၊ လောကကြီးမှာ တစ်ယောက်တည်း၊ လမိုက်ညနဲ့အလှကမ္ဘာ၊ ချစ်ရမှာ ကြောက်တယ်၊ ကိုယ်ရင်ထဲက မိန်းကလေး၊ မောင့်ချစ်သူ နွယ်နွယ်ထွန်း၊ ဧမိစံကဒုတိယ ကျွန်တော်ကပထမ၊ အရွယ်၊ ရင်နင့်အောင်မွှေး၊ ဆူးနှစ်ဆူး၊ နေလိုနတ်ကယ် လှသူရယ်၊ အရွယ်ရိုင်း၊ အဆိပ်ပန်းနဲ့မေတ္တာလမ်း၊ အတာရေနဲ့ ဆေးပါ့မယ်၊ တိုးမောင်၊ အချစ်ကိုယ်ရဲတော်၊ ငယ်ကျွမ်းချစ်သူ၊ စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ်၊ ကျွန်တော်က ခန့်ချော၊ အရောင်အသွေးတို့ကဆန်းကြယ်၊ မိရာအချစ်နဲ့ လိုက်ခဲ့ပါ၊ အချစ်ဆုံးမို့ မမေ့နိုင်ပါ၊ နေနဲ့လနဲ့ တစ်လှည့်စီ၊ နံ့သာလည်းမွေး ပန်းလည်းမွှေး၊ စံရွှေမြင့်ရဲ့ လေးခင်ခင်၊ မျက်နှာတစ်ခြမ်း အိုးမည်းနှင့်၊ ရှင့်လိုလူ၊ ငယ်သူတို့ အကြောင်း၊ သား နဲ့တူတဲ့သား၊ မောင်ခေါ်ရာ လိုက်ခဲ့တော့မယ်၊ လွမ်းနေမယ် မမ၊ ချစ်မီးလျှံထဲက မေချို၊ သဲလက်သီးနဲ့ ကရာတေး၊ မုန်းသူပြုံးသော

မေသစ်၊ ဒေါ် (ဝဏ္ဏကျော်ထင်)

နေ့ဝယ်၊ ကျွန်တော့်နာမည် ကျော်ကျော်၊ ပန်းကမ္ဘာလေးထဲက စောင့် နေမယ်၊ တိုက်စစ်မှူးဇော်ဇော်၊ ပန်းမမလှဧကရီ၊ သီတာသောင်ခြေဦး၊ ရင်ထဲမှာ ရွာတဲ့မိုး၊ ဘချစ်ကလေးတစ်ချစ်၊ ရန်ကြီးအောင်မား၊ လူဆိုသည်မှာ၊ မျှော်လေတိုင်းမှိုင်းရီ၊ မေတ္တာလှလှ ပန်းလှလှ၊ စစ်ပြန်ရန်ပိုင်၊ ပယင်းရောင်၊ ယဉ်မင်းပိုက်၊ အေးမြသီတာ၊ နောင်နောင့်ကို အချစ်ဆုံး၊ စိန်သို့မဟုတ် စိမ်၊ ကုဋေရွှစ်ဆယ်သူဌေးသား၊ အနန္တချစ်သူ၊ ဒီကမ္ဘာမှာ ကျွန်တော် အပျော်ဆုံး၊ မချစ်ရင်လည်း ရပါတယ်၊ သိမ့်၊ ဒေါင်ဒေါင်မြည်တဲ့အသည်း၊ ပူစူးမ၊ ချစ်သူဝိုင်းဝိုင်းလည်၊ မယ်မင်းကြီးမစသည့် ဇာတ်ကားများတွင် ကျရာအခန်းမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။

မေသစ်သည် လွတ်လပ်ရေးရပြီးခေတ် နောက်ပိုင်းတွင် မြန်မာရုပ်ရှင်လောကၭ ထိပ်တန်းနေရာရရှိခဲ့ကြသော မေရှင်၊ မေမြင့်၊ မေမြ၊ မေလွင်၊ မေရီမြင့်၊ တင်တင်မူ၊ မြင့်မြင့်ဌေး၊ ကြည်ကြည်ဌေး၊ ခင်အုန်းမြင့်၊ မြင့်မြင့်ခင်၊ ကြူကြူ၊ မေရီမြ၊ ခင်မာလာ၊ သီသီစသည့် မင်းသမီးများနှင့် အပြိုင် ထိပ်တန်းနေရာ ရရှိသကဲ့သို့ နာမည်ရကျော်ကြားခဲ့သော တင်တင်အေး၊ စံရွာတင်၊ ခင်ယုမေ၊ သင်းသင်းလဲ၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနုတို့နှင့်အတူ ထိပ်တန်းမင်းသမီးတစ်ယောက်ဖြစ်သည်။ မေရီမြင့်၊ တင်တင်မူ၊ မြင့်မြင့်ခင်၊ မြင့်မြင့်ဌေး၊ ကြည်ကြည်ဌေးတို့ထက်စော၍ ရုပ်ရှင်လောကသို့ ရောက်ရှိပြီး ခေတ်ပြိုင်ကျော်ကြားသူများထက် ရုပ်ရှင်ဇာတ်ကားအများဆုံး ရိုက်ကူးသရုပ်ဆောင် သွားသည်။

ငယ်ရွယ်နုပျိုစဉ်မှ အသက်ကြီးလာချိန်အထိ မြန်မာ့ရုပ်ရှင် လောကတွင် သရုပ်ဆောင်အားကောင်းခဲ့သော နိုင်ငံကျော်ရုပ်ရှင် မင်းသမီးကြီး သုံးထပ်ကွမ်းအကယ်ဒမီ ဝဏ္ဏကျော်ထင် ဒေါ်မေသစ် သည် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးလေးဦးကျန်ရစ်သည်။

စိုးအောင်

မောင်မောင်တင်၊ ဦး (မဟာဝိဇ္ဇာ) (ခရစ် ၁၉၁၇ - ၂၀၀၁) ။ ။ မြန်မာစာပေပညာရှင်၊ သမိုင်းပညာရှင်နှင့် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု သုတေသီဖြစ်သူ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ကို ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကုန်သည်ကြီး အဘဦးစံဦး၊ အမိဒေါ်မတို့က မန္တလေးမြို့၊ သီရိမာလာပွဲကုန်းရပ်တွင် ဖွားမြင်သည်။

မောင်မောင်တင်၊ ဦး (မဟာဝိဇ္ဇာ)



ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) သည် ၁၉၃၀ ပြည့်နှစ်တွင် ကယ်လီအထက်တန်းကျောင်း၌ ပညာသင်ကြားရင်း ၁၉၃၆ ခုနှစ်တွင် ဆယ်တန်းအောင်မြင်သည်။ ထို့နောက် မန္တလေးမြို့ ဥပစာကောလိပ်မှ ၁၉၃၉ ခုနှစ်တွင် ဥပစာအပိုင်း (ခ) ကို အောင်မြင်သည်။ ထိုအချိန်မှစ၍ ဦးမောင်မောင်တင်သည် မြန်မာစာပေ၊ မြန်မာ့ သမိုင်းနှင့် မြန်မာ့အနုပညာရပ်များကို စိတ်ဝင်စား၍ စတင်လေ့လာလိုက်စားခဲ့သည်။ စာပေသမိုင်း၊ အနုပညာနှင့် ရှေးဟောင်းသုတေ သနဆိုင်ရာ စာအုပ်များ၊ စာတမ်းများ၊ ပေစာ၊ ပုရပိုက်စာများကို စတင် စုဆောင်းခဲ့သည်။ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းသို့ ဝင်ခဲ့ပြီး ၁၉၃၆ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ ဂန္ဓလောကစာစောင်တွင် 'မင်းအောင်' အမည်ဖြင့် ဘာသာပြန်ဝတ္ထုတိုများ ရေးသားသည်။ မန္တလေးသူရိယသတင်းစာ၊ နဂါးနီ၊ ဒီးဒုတ်ဂျာနယ်၊ ဒဂုံမဂ္ဂဇင်းတို့တွင်လည်း စာပေများရေးသားခဲ့သည်။

စစ်ကြိုခေတ်တွင် အစိုးရစိုက်ပျိုးရေးဌာန၌ ခေတ္တအမှုထမ်းခဲ့ပြီး စစ်အတွင်း ဂျပန်ခေတ်၌ လမ်းပန်းဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဌာနတွင် ရုံးအုပ်အဖြစ်ဝင်ရောက်လုပ်ကိုင်သည်။ စစ်ကြီးအတွင်း မန္တလေးတက္ကသိုလ်ရှိ အဖိုးတန်စာအုပ်စာတမ်းများနှင့် ရှေးဟောင်းကျမ်းများ၊ ရှေးဟောင်းပစ္စည်းများကို မပျောက်ပျက်စေရန် ကာကွယ်ထိန်းသိမ်းပေးခဲ့သည်။

ဂျပန်ခေတ်ကာလ၌ ဂျပန်ဘာသာသင်ကျောင်းတွင် ဂျပန် စာနှင့် ဂျပန်စကားကို သင်ကြားသည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ မန္တလေးတက္ကသိုလ် ဝိဇ္ဇာတန်းသို့ တက်ရောက်ပညာသင်ကြားခဲ့ရာ ၁၉၅၀ ပြည့်နှစ်တွင် ဝိဇ္ဇာတန်း အောင်မြင်ခဲ့သည်။

ထိုနှစ်မှာပင် မန္တလေးတက္ကသိုလ်မြန်မာစာဌာနတွင် နည်းပြလုပ်သည်။ ၁၉၅၂ ခုနှစ်တွင် လက်ထောက်

ကထိကအဖြစ် တိုးမြှင့်တာဝန်ထမ်းဆောင်သည်။ ၁၉၅၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာနဌ်ဒ ကထိကအဖြစ် တိုးမြှင့်တာဝန်ယူရသည်။ ကထိကနေရာကို မဟာဝိဇ္ဇာဘွဲ့ ရရှိသူများကိုသာ ခန့်ထားသော်လည်း ဦးမောင်မောင်တင်၏ ထက်မြက်မှုကို ယုံကြည်အားထားကာ တာဝန်ရှိသူများက ၄င်းအား မဟာဝိဇ္ဇာဘွဲ့မရရှိသေးဘဲ ကထိကအဖြစ် ခန့်အပ်တာဝန်ပေးခြင်းဖြစ်သည်။

ဦးမောင်မောင်တင်သည် ၁၉၅၈ ခုနှစ်၌ မြန်မာပြဿတ်နှင့် ဿတ်သဘင်သမိုင်းစာတမ်းကို တင်သွင်းကာ မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့သည်။ စစ်ကြီးအပြီး မန္တလေးတက္ကသိုလ်၌နေစဉ် မန္တလေးတက္ကသိုလ်မြန်မာစာအသင်းဥက္ကဋ္ဌတာဝန်ကိုယူ၍ မြန်မာစာ တိုးတက်ပြန့်ပွားရေးကို ဆောင်ရွက်သည်။ ထို့ပြင် ၁၉၅၀ ပြည့်နှစ်၊ မန္တလေးတက္ကသိုလ်ဆရာများအသင်း၏ ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သုတေသနအဖွဲ့ စာစဉ်ထုတ်ဝေရေးကော်မတီတွင် အမှုဆောင်အဖြစ်လည်း ကောင်း တာဝန်ယူခဲ့သည်။ မန္တလေးမြို့ မြန်မာစာဌာနတွင် အနုပညာပြတိုက်ကို ဖွင့်လှစ်၍ မိမိစုဆောင်းရရှိသော ရှေးဟောင်းပစ္စည်းများကို ပြတိုက်တွင် သိမ်းဆည်းထားရှိသည်။ ထိုစဉ်က ဦးမောင်မောင်တင် စုဆောင်းခဲ့သော ရှေးဟောင်းပစ္စည်းများတွင် မန္တလေးနန်းတော်နှင့် မန္တလေးမြေပုံ၊ ရွှေတိုက်အတွင်းဝန်၏ ဗောင်းတော်နှင့် ကတ္တီပါဝတ်ရုံအနီ၊ ရှေးမြန်မာမြို့ဟောင်းများမှ မြန်မာမှုပစ္စည်းများနှင့် ရှေးငွေဒင်္ဂါးအမျိုးမျိုးတို့ ဖြစ်ကြသည်။

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) သည် ၁၉၅၈ ခုနှစ်၊ နောက်ပိုင်းတွင် မြန်မာ့ရှေးဟောင်းမြို့များနှင့် ပတ်သက်သော တိမ်မြုပ်နေသည့်အချက်အလက်များကို ရှာဖွေရန် မြန်မာရှေးဟောင်းမြို့များသို့ အကြိမ်ပေါင်းများစွာ သွားရောက် လေ့လာခဲ့ရာ စစ်ကိုင်းမြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ အင်းဝမြို့ဟောင်း၊ ပင်းယမြို့ဟောင်း၊ မက္ခရာမြို့ဟောင်း၊ မြင်စိုင်းမြို့ဟောင်း၊ ပင်လယ်မြို့ဟောင်း၊ ဗိန္ဓက (ပျော်ဘွယ်) မြို့ဟောင်း၊ ပုဂံမြို့ဟောင်း၊ လယ်ကိုင်းကျောင်းတော်ရာ၊ ဗိဿနိုးမြို့ဟောင်း၊ တောင်တွင်းကြီး၊ သီရိခေတ္တရာမော်ဇာ၊ သဲကုန်းဝန်းကျင်ဒေသ၊ ဝေါမြို့ဝန်းကျင်ဒေသ၊ ကျိုက္ကသာ (စစ်တောင်း) မြို့ဟောင်း၊ သုဝဏ္ဏဘူမိ သထုံမြို့ဟောင်းများနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ အနုပညာယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို ရှာဖွေသုတေသနပြု မှတ်တမ်းတင်ခဲ့သည်။ ဆောင်းပါး၊ စာတမ်းများလည်း ရေးသားခဲ့သည်။

ထိုစဉ်က ရေးသားခဲ့သော စာတမ်းများတွင် ပျူပစ္စည်းအထောက်အထား သမိုင်းစာတမ်း၊ မန္တလေးရပ်ကွက်များ ဆိုင်ရာသမိုင်းစာတမ်း၊ မြန်မာသာသနာဝင်စာတမ်း၊ နတ်ကိုးကွယ် မှုစာတမ်း၊ တိုင်းရင်းဆေးပညာစာတမ်းတို့ပါဝင်သည်။

ဦးမောင်မောင်တင်သည် သမိုင်းရေးရာဆိုင်ရာ ဆောင်းပါးပေါင်း ၁၀၀၀ ကျော်ရေးသားခဲ့သည်။ မြန်မာမှုနှင့် သမိုင်းဆိုင်ရာ ပေစာထုပ် ၃၆၀ ကျော်နှင့် ပုရပိုက်စာ ၂၀၀ ကျော်တို့ကိုလည်း စုဆောင်းထားရှိခဲ့သည်။ ပေစာထုပ်များတွင် အလွန်တန်ဖိုးရှိလှသော စူဠဥန္ဒီသာသနာဝင်ကျမ်း၊ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း မှတ်စာ (ဦးမောင်မောင်မြား) တို့ပါဝင်သည်။

ဦးမောင်မောင်တင်သည် ၁၉၅၈ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း သမိုင်းရေးရာ၊ စာပေရေးရာ၊ ရွှေဟောင်းသုတေသန ဆိုင်ရာလုပ်ငန်းများကို မနားမနေဆောင်ရွက်ခဲ့သည်။ ၁၉၆၅ ခုနှစ် တွင် မန္တလေးတက္ကသိုလ်မှ အငြိမ်းစားယူကာ မြန်မာနိုင်ငံ သမိုင်း ကော်မရှင်တွင် မန္တလေးမြို့မှနေ၍ တာဝန်ခံအမှုထမ်းသည်။ အဖိုးတန်သမိုင်းဆိုင်ရာ စာတမ်းနှင့် အချက်အလက်များစုဆောင်း၍ သမိုင်းကော်မရှင်သို့ ပေးအပ်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသမိုင်းကော်မရှင်၌ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာစာ အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံရ၍ မန္တလေးမှရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ဦးမောင်မောင်တင်သည် ရှေးနန်းတော်ကြီးများကို ရှေးမူ ဟန်မပျက် ထိန်းသိမ်းရေးလုပ်ငန်း အရပ်ရပ်တွင် မှန်ကန်မှုဖြစ်စေ ရန် လမ်းညွှန်မှုများပြုခဲ့ရာတွင် မန္တလေးမြနန်းစံကျော် မြေနန်းပြာသာဒ်တော်ကြီး တည်ဆောက်ခြင်း၊ ပဲခူးဟံသာဝတီ ကမ္ဘောဇသာဒီ ဘုရင့်နောင်မင်းတရားကြီး၏ နန်းတော်ကြီးနှင့် အဆောင် အခန်းခန်း အရပ်ရပ်တည်ဆောက်ခြင်း၊ ကုန်းဘောင်ရွှေဘိုမှ နန်းမြေဘုံသာ မင်္ဂလာနန်းတော်ကြီး တည်ဆောက်ခြင်း စသော လုပ်ငန်းများတွင် သမိုင်းစာပေမှတ်တမ်း အထောက်အထားများစွာဖြင့် ကူညီမှုများပေးခဲ့သည်။

ဦးမောင်မောင်တင်သည် အလွန်ရှားပါး၍ နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော ရှေးခေတ်သမိုင်း အထောက်

အထား:ဆိုင်ရာ အရိုး:အိုး:များ:၊ ပျူခေတ်တံခါး:များ:၊ ကြေး:ခေတ် ပုဆိန်နှင့်ကြေး:ပစ္စည်း:များ:၊ ဖန်ထည်ပစ္စည်း:များ:၊ ရွှေထည်ပစ္စည်း:၊ ရွှေလက်ကြပ်တန်ဆာများ:၊ ရွှေပုတီး:စေ့အမျို:မျို:၊ ရွှေဒင်္ဂါး:အမျို:မျို:၊ ရွှေထည်အမျို:မျို:နှင့် ကြေး:ပစ္စည်း:၊ သံပစ္စည်း:များ:ကို မြန်မာနိုင်ငံအနှံ့သွား:ရောက်၍ အမျို:သား:ပြတိုက်အတွက် စုဆောင်း:ပေး:ကာ ယင်း:ပစ္စည်း:များ:အပေါ် အကဲဖြတ်သော လုပ်ငန်း:အရပ်ရပ်ကိုလည်း: ကွယ်လွန်သည် အထိ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အင်္ဂလိပ်ပညာရှင် ဒေါက်တာဆွဲလို:စ်၏ မေတ္တာရပ်ခံချက်အရ လန်ဒန်သို့သွား:ရောက်ကာ ဗြိတိသျှပြတိုက်၊ အဲလဘတ် နှင့် ဝိတိုရိယပြတိုက်တို့တွင်ရှိသော မြန်မာမင်း:ခမ်း:မင်း:နာ:ပစ္စည်း:များ:ကို စစ်ဆေး:အကဲဖြတ်မှတ်ချက်ပေး:ခဲ့သည်။ စာပေပညာရှင် ပတ်ထရစ်ရှာဟာဗတ်စ်၏ မေတ္တာရပ်ခံချက်အရ လန်ဒန်ပိဋကတ်တိုက်ရှိ စာအုပ်စာပေများ:ကိုလည်း: အကဲဖြတ်မှတ်ချက်ပေး:ကူညီ ခဲ့သည်။

ဦး:မောင်မောင်တင် (မဟာဝိဇ္ဇာ) သည် မန္တလေး: မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး:နှင့် ပတ်သက်၍တိကျသော အထောက် အထား:၊ ရှာ:ပါ:သည့် မှတ်တမ်:မှတ်ရာများ:၊ ယဉ်ကျေး:မှုဆိုင်ရာ အထောက်အထား:များ:ဖြင့် မန္တလေး: မဟာမုနိရုပ်ရှင်တော်ဘုရား: ကြီး:သမိုင်း:စာအုပ်ကို ပြုစုခဲ့ရာ အမျို:သား:စာပေဆုကို ဆွတ်ခူး:ရရှိ ခဲ့သည်။

ဦး:မောင်မောင်တင်သည် စာပေဆိုင်ရာ၊ သမိုင်း:ဆိုင်ရာ၊ အနုပညာဆိုင်ရာ တာဝန်များ:အပြင် ပျူစာပေ ယဉ်ကျေး:မှုဆိုင်ရာ သုတေသနလုပ်ငန်း:ကိုလည်း: အလေး:ထား: ဆောင်ရွက်ခဲ့ရာ ပျူသမိုင်း:အထောက်အထား: ရှိရှိရေး:အတွက် ပျူခေတ်ထွန်း:ကား:ခဲ့သော အရပ်ဒေသများ: သို့သွား:ရောက်ကာ ပျူအထောက်အထား: အရပ်ရပ်ကို ကွယ်လွန်ချိန်အထိ မှတ်တမ်:ပြုသုတေသန လုပ်ဆောင် ခဲ့သည်။

မြန်မာစာပေ၊ မြန်မာ့သမိုင်း:၊ မြန်မာ့ရှေး:ဟောင်း: ယဉ်ကျေး:မှု သုတေသနလုပ်ငန်း:နှင့် မြန်မာ့ယဉ်ကျေး:မှု အနုပညာလုပ်ငန်း: အရပ်ရပ်တွင် အများ:ပြည်သူတို့၏ အလေး:အမြတ်ပြုခြင်း:ကိုခံရ၍ နိုင်ငံတော်က အား:ကို: အား:ထား:ရသော ပညာရှင်ဆရာကြီး: ဦး:မောင်မောင်တင် (မဟာဝိဇ္ဇာ)သည် ရန်ကုန်မြို့၊ အနောက် ရန်ကင်း:နေအိမ်တွင် ၂၀၀၁ ခုနှစ်၊ မေလ ၃၁ ရက်၌ ကွယ်လွန်သည်။

မောင်ခေတ်ထွန်း

မယ်ဂါဝတီ ။ ။ မဒမ်ဒီယာပါမာတာ မယ်ဂါဝတီ စယ်တီယာဝတီဆိုကာနိပူထရီကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အင်ဒိုနီး:ရှား:နိုင်ငံ၊ ဂျော့ဂျကာတာမြို့၌ မွေး:ဖွား: သည်။ အင်ဒိုနီး:ရှား:နိုင်ငံ၊ ဂျကာတာမြို့ ချိုကိုနီအရပ်ရှိ ကျောင်း:များ:တွင် ၁၉၅၉ ခုနှစ်မှ စတင်ပညာဆည်း:ပူး:ခဲ့ပြီး: ၁၉၆၅ ခုနှစ်တွင် အထက်တန်း:အဆင့်ကို အောင်မြင်ခဲ့သည်။

၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ အင်ဒိုနီး:ရှား:နိုင်ငံ၊ ဘန်ဒေါင်းမြို့ ပါဂျာဂျရန်တက္ကသိုလ် စိုက်ပျို:ရေး:ပညာဌာနတွင်လည်း:ကောင်း:၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဂျကာတာမြို့ အင်ဒိုနီး:ရှား:တက္ကသိုလ် စိတ်ပညာဌာနတွင်လည်း: ကောင်း: တက္ကသိုလ်အဆင့် ပညာရပ်များ:ကို လေ့လာဆည်း: ပူး:ခဲ့သည်။



မယ်ဂါဝတီ

၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အင်ဒိုနီး:ရှား:သမ္မတနိုင်ငံ အောက်လွှတ်တော်ကိုယ်စား:လှယ်အဖြစ် လည်း:ကောင်း:၊ နိုင်ငံခြား:ရေး:နှင့် လွှတ်တော်ရေး:ရာကော်မရှင်အဖွဲ့ဝင် အဖြစ်လည်း:ကောင်း: ဆောင်ရွက်ခဲ့သည်။

၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အင်ဒိုနီး:ရှား:ဒီမိုကရက်တစ်ပါတီ (ပီဒီအိုင်)၏ ဥက္ကဋ္ဌတာဝန်ယူခဲ့ပြီး: ၁၉၉၈ ခုနှစ်မှ ယနေ့အထိ ပီဒီအိုင်–ပီခေါ် ရုန်း:ကန်လှုပ်ရှား:သော အင်ဒိုနီး:ရှား:ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌတာဝန်ကို ထမ်း: ဆောင်သည်။

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံရပြီး ယင်း တာဝန်ကို ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့အထိ ထမ်းဆောင်ခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ ပဉ္စမြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

မစ္စတာတောဖစ်ကမား၏နှင့် ၁၉၇၃ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ သားသမီးသုံးဦးရှိသည်။

မြန်မာနိုင်ငံစာပေဆုများ ။ ။ ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၁၃ဖြာ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် (၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်) နေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဆုရရှိကြသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားပြီး ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူ ပုဂ္ဂိုလ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၀ ပြည့်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမှ (၉) ချက်နှင့် အမျိုးသားစာပေဆုစည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့သည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၀ ပြည့်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၁၂၆၅ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုး အလိုက် စိစစ်လေ့လာဖတ်ရှုသည်။


အမျိုးသားစာပေဆု ချီးမြှင့်ရန် သတ်မှတ်ထားသော ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဘာသာရပ်ကိုးမျိုးဖြစ်သည့် ဝတ္ထုတိုပေါင်းချုပ်၊ ပြဇာတ်စာပေ၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (ရသ)၊ ဘာသာပြန်(သုတ)၊ သုတပဒေသာ (ဝိဇ္ဇာ) နှင့် သုတပဒေသာ (အသုံးချသိပ္ပံ) ဘာသာရပ်များတွင် အမျိုးသားစာပေဆုများ ရွေးချယ်ခြင်းခံရသည်။ ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ်၊ ကလေးစာပေ၊ နိုင်ငံရေးစာပေနှင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဘာသာရပ်များအတွက် ဆုချီးမြှင့်ရန် ရွေးချယ်ခံရခြင်း မရှိပေ။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆုအတွက် တင်သွင်းယှဉ်ပြိုင်သော ဘာသာရပ်အလိုက်စာမူများကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဆိုင်ရာ မူကိုးချက်နှင့်အညီ စိစစ်ရွေးချယ်သည်။ ၂၀၀၀ ပြည့်နှစ်အတွက် သတ်မှတ်ထားသော စာပေဘာသာရပ်အသီးသီးတွင် စာပေဗိမာန်စာမူဆု ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူပေါင်း ၁၄၅ စောင်ကို ဖတ်ရှုစိစစ်သည်။ စာပေဗိမာန်စာမူဆုအတွက် သတ်မှတ်ထားသော ဘာသာရပ်မှာ ၁၂ မျိုးရှိသည်။ ယင်းတို့အနက်မှ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ ကလေးစာပေ၊ လူငယ်စာပေနှင့် ဘာသာပြန်စာပေဘာသာရပ်များတွင် ဆုများချီးမြှင့်ရန် ရွေးချယ်ခံရပြီး နိုင်ငံရေးစာပေနှင့် ပြဇာတ်စာပေ ဘာသာရပ်တို့မှာမူ ပြိုင်ပွဲဝင်စာမူများ တင်သွင်းယှဉ်ပြိုင်ကြသော်လည်း အရည်အသွေးပြည့်မီခြင်း မရှိသည့်အတွက် ဆုများချီးမြှင့်နိုင်ခြင်း မရှိပေ။

၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများရရှိသော သတ်မှတ်ထားသည့် ဘာသာရပ်အလိုက် ဆုရွေးချယ်ချီးမြှင့်ခြင်းခံရသည့် စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်၊ အမျိုးသားစာပေဆု

၁။	ဝတ္ထုတိုပေါင်းချုပ်	ကမာရင်ကွဲနဲ့ အခြားပင်လယ်ဝတ္ထုတိုများ	မိချမ်းဝေ
၂။	ပြဇာတ်စာပေ	ရွှေအမွေပြဇာတ်	ဇင်မင်း (သမိန်ထော)



ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်.က
စာပေဆုရှင်တစ်ဦးအား
ဆုချီးမြှင့်စဉ်

၃။	စာပဒေသာ	ဇေယျ	တိုက်စိုး
၄။	မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာ စာပေ	မြန်မာ့ရုပ်သေးနှင့် ရုပ်သေးပန်းပု ရုပ်တုပညာ သိကောင်းစရာ	သုတေသီ ရာမည ကိုကိုနိုင်
၅။	လူငယ်စာပေ	မြစိမ်းရောင်ပုံရိပ်များ	မောင်ခိုင်ခန့်
၆။	ဘာသာပြန် (ရသ)	ဇရာအိုကြီး	ထွန်းမြတ်အေး
၇။	ဘာသာပြန် (သုတ)	မိဘကောင်းတို့ရင်သွေးပြုစု ပျိုးထောင်နည်းသန်း	ပါမောက္ခ ဒေါအေး
၈။	သုတပမာဒသာ (ဂိဇ္ဇာ)	မြန်မာ့ပညာရေးရှုခင်း	ဦးသောင်းထွဋ်
၉။	သုတပဒေသာ (အသုံးချသိပ္ပံ)	မြန်မာ့စားသုံးမှုဝန်ဆောင်မှုစားသုံးဆိ	အောင်ချိန်ဘွား

၂၀၀၀ ပြည့်နှစ်၊ စာပေဗိမာန်စာမူဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ဝတ္ထုရှည် (ဒုတိယဆု)	စံပယ်ချယ်ရီသက်သေကည်၍	မျိုးဝင်းချစ်
၂။	ဝတ္ထုတိုပေါင်းချုပ်ဆု (ပထမဆု)	သရဖီကြိုင်လိုင် သင်းပါတဲ့ဝင်းမြရည်မြေ	နေမျိုးသန့်
	ဝတ္ထုတိုပေါင်းချုပ်ဆု (ဒုတိယဆု)	အမေ့ရင်ငွေ့နှင့် အခြား ဝတ္ထုတိုများ	မောင်ဆန္ဒ (လယ်ဝေး)
	ဝတ္ထုတိုပေါင်းချုပ်ဆု (တတိယဆု)	ငတောငလုံးဝတ္ထုတိုများ (၂)	တွင်းကြီး ဝမ်းမောင်

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၃။	ကဗျာပေါင်းချုပ်ဆု (ပထမဆု)	မေတ္တာရိပ်နန်းပန်းရောင်စုံ ကဗျာများ	စလင်းဘုန်းကျော်
	ကဗျာပေါင်းချုပ်ဆု (ဒုတိယဆု)	ရင်ထဲကသစ္စာနှင့် အခြားကဗျာများ	ရေနံ့သာ
၄။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ပထမဆု)	စျေးကွက်စီးပွားရေးနှင့် နိုင်ငံ့ဝင်ငွေ	မောင်မောင်စိုး
	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ဒုတိယဆု)	ဘုရင်ဆရာတင်၏ ဘဝနှင့် အနုပညာ	တက္ကသိုလ် ကိုမောင်
၅။	သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်) (ပထမဆု)	လူသားအစ မြန်မာက	ဒေါက်တာ တင်သိန်း (ပုသိမ် တက္ကသိုလ်)
	သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်) (ဒုတိယဆု)	မြန်မာနိုင်ငံမြေ အသုံးချမှု နှင့် (၂၁) ရာစု	ထွန်းအောင်ကျော်
	သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်) (တတိယဆု)	ငလျင်နှင့် ဘေးအန္တရာယ် လျော့ချရေး	တင့်လွင်ဆွေ
၆။	စာပဒေသာဆု (ပထမဆု)	ချင်းတွင်းမြစ်၏ သမိုင်း တစ်ခေတ် ပဲ့တင်သံ	မောင်မိုးယံ
	စာပဒေသာဆု (ဒုတိယဆု)	ပုဂံအနောက် ခရီးတစ်ခေါက်	ဒေါက်တာ သက်လွင်
	စာပဒေသာဆု (တတိယဆု)	စီသွင်ညိုရစ် မဲဇာမြစ်	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)
၇။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု (ပထမဆု)	ရွှေဟောင်း မြန်မာ့အိုးမြို့တော်	ဩန်လိုင်
	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု (ဒုတိယဆု)	ရတနာပုံ မန္တလေးနန်းမြို့ရိုး ဟံသာဝဲနှင့် အစဉ်အလာ	ကိုကို (သုတေသန)
၈။	ကလေးစာပေဆု (ပထမဆု)	ဖြူဖြူမွေးမွေးပန်းကလေး များနှင့် အခြားဝတ္ထုတိုများ	မောင်သာဇွေး
	ကလေးစာပေဆု (ဒုတိယဆု)	ညစ်မိုးနှင့် အခြားစာစုများ	ဆုလာဘ်ထွန်း
၉။	ကလေးစာပေဆု (တတိယဆု)	ကလေးများအတွက် စွယ်စုံကျမ်း	ဒေါက်တာ ကိုကိုကြိုင်
၁၀။	လူငယ်စာပေဆု (ပထမဆု)	ပန်းတို့၏ ဒိုင်ယာရီ	မောင်ခိုင်ခန့်
	ဘာသာပြန်ဆု (ပထမဆု)	ဒိုင်နိုဆောအသိုက်ဟောင်	ဒေါက်တာညွန့်မွန်

မျိုးမျိုးကြည်

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၁ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး၊ ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ၊ ဒေါက်တာမဟာသီ၊ ဘင်၊ မိုဟာမက်နှင့်ဇနီး၊ ဒါတင်ဆရီ၊ ဒေါက်တာစိတီ၊ ဟက်စ်မာ၊ ဟာဂျီ၊ မိုဟာမက်၊ အလီတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘောခရီးစဉ်အဖြစ် လည်ပတ်ရန် ဇန်နဝါရီလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မဒမ်မယ်ဂါဝတီဆိုကာနိုပူထရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘောခရီးလည်ပတ်ရန် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲနှင့်ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်ကော်မတီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရာရက်ဖ်နှင့်ဇနီး ဘီဂွမ်းပါဗက် မူရာရက်ဖ် တို့ခေါင်းဆောင်သော ပါကစ္စတန်ချစ်ကြည်ရေး ကိုယ်စားလှယ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး
သန်းရွှေက အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ
မဒမ်မယ်ဂါဝတီ ဆိုကာနိုပူထရီအား ကြိုဆိုစဉ်

အဖွဲ့သည် မေလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တရား၀င်ချစ်ကြည် ရေးခရီး လည်ပတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြား၍ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှိနာ၀ပ် ခေါင်းဆောင်သော ထိုင်းနိုင်ငံ ချစ်ကြည်ရေးကိုယ်စား လှယ် အဖွဲ့သည် ဇွန်လ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေး ချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြား၍ အိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညန်ဗိုရာချစ်နှင့်ဇနီး မဒမ်ခမ်းမူယန်ဗိုရာချစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်ဇီမင်းနှင့် ဇနီး မဒမ်ဝမ်ရဲပင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ချစ်ကြည်ရေးခရီး အသီးသီးလာရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစွတာကျန်ဇီမင်းအား ကြိုဆိုနှုတ်ဆက်စဉ်

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ၊ ဒေါက်တာ မဟာသီ၊ ဘင်၊ မိုဟာမက်နှင့်ဇနီး ဒါတင်ဆရီ၊ ဒေါက်တာစိတီ၊ ဟက်စ်မာ၊ ဟာဂျီ၊ မိုဟာမက်၊ အလီ တို့၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ ဟာဆာနာလ်၊ ဘိုလ်ကီးယား၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် နိုဝင်ဘာလ ၅ ရက်နေ့နှင့် ၆ ရက်နေ့၌ ကျင်းပသော သတ္တမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် အာဆီယံနိုင်ငံ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအစိုးရအကြီးအကဲများ ထိပ်သီးညီလာခံ သို့ တက်ရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်နှင့် အဖွဲ့ဝင်များအား ဇူလိုင်လ ၂၃ ရက်နေ့တွင် လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိ နေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှရီဂျပ်(စ်)ဝန့်ဆင်းနှင့် အဖွဲ့အား ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တွင်လည်းကောင်း၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Chakra Prasad Bastola နှင့် အဖွဲ့အား ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်လည်းကောင်း ၊ လာအိုပြည်သူ့ ဒီမို

ကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဒုတိယဗိုလ်ချုပ် ကြီး ချောင်မာလေဆိုင်ရာဆုန်နှင့် ကိုယ်စား လှယ်အဖွဲ့ဝင်များ အား မတ်လ ၂၉ ရက်နေ့တွင် လည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွှတ် မြောက်ရေးတပ်မတော်မှ စစ်ဦးစီး ချုပ် ဗိုလ်ချုပ်ကြီး ဖူကွမ်းယု ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စား လှယ်အဖွဲ့ဝင်များ အား ဧပြီလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ အာဆီယံနိုင်ငံခြား ရေးဝန်ကြီးများ အလှတ်သဘော အစည်းအဝေးတက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Nguyen Dy Nien၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.R.H. Prince Mohamad Bolkiah၊ ကမ္ဘောဒီးယား နိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရေးရာဝန်ကြီး H.E.Mr Hor Namhong၊ အင်ဒိုနီးရှား နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dr Alwi Shihab၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Somsavat Longsavad ၊ မလေးရှား နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Datuk Seri Syed Hamid Albar ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Teofisto T. Guingona, Jr၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Prof. S. Jayakumar၊ ထိုင်း နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr Sura- kiart Sathirathi နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Mr. Rodoifo Certeza Severino, Jr တို့အား ဧပြီလ ၃၀ ရက်နေ့ တွင်လည်း ကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ၏ အထူး ကိုယ်စား လှယ် H.E.Mr.Rizalino S. Navarro အား ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ အိုင်အယ်လ်အိုမှ ဩစတြေးလျ နိုင်ငံ ဘုရင်ခံချုပ်ဟောင်း The Honourable Sir Ninian Stephen ခေါင်းဆောင်သော အဆင့်မြင့် ကိုယ်စား လှယ်အဖွဲ့ အား အောက်တိုဘာလ ၅ ရက်နေ့တွင် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ အထူး ကိုယ်စား လှယ်၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Hor Namhong နှင့် အဖွဲ့ဝင်များ အား အောက်တိုဘာလ ၉ ရက်နေ့တွင် လည်းကောင်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာ ဆာမိန်းဗစ်နာကက်နှင့် အဖွဲ့အား နိုဝင်ဘာလ ၁၆ ရက်နေ့တွင်လည်းကောင်း အသီးသီး လက်ခံတွေ့ဆုံသည်။

ကမ္ဘာ့အကြီးဆုံး သဘာဝပုလဲရတနာကြီး

ကမ္ဘာ့အကြီးဆုံး သဘာဝပုလဲရတနာကြီးကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဆောင်ရွက်နေသော မြန်မာအန်ဒါမင်ပါးလ် ကုမ္ပဏီလီမိတက် Myanmar Andaman Pearl Co., Ltd က တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျွန်း အနောက်မြောက်ဘက် မတ်ကလောက်မုတ်ကောင်ငုပ်ကွက် ဧရိယာမှ ဧပြီလ ၁၈ ရက်နေ့တွင် ရှာဖွေတွေ့ရှိပြီး နိုင်ငံတော်သို့ အပ်နှံသည်။ သဘာဝပုလဲရတနာ အမျိုးအစားဖြစ်ပြီး ငွေရောင် (Silver) အရောင်အသွေးရှိသည်။ မိခင်မုတ်ကောင် အမျိုးအစားမှာ Pinctada Manima ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး သဘာဝပုလဲရတနာကြီးသည် အလျား ၆ ဒသမ ၂ စင်တီမီတာ၊ အနံ ၅ ဒသမ ၃ စင်တီမီတာ၊ အမြင့် သုံးစင်တီမီတာ၊ အလေးချိန် ၄၅ ဒသမ ဝ၆ မိုမီ၊ ကရက်အား ဖြင့် ၈၄၅ ကရက်၊ ဂရမ်အား ဖြင့် ၁၆၉ ဂရမ်၊ ရတီအား ဖြင့် ၉၂၉ ဒသမ ၅၀ ရတီ ရှိသည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

ရွှေပြည်သာတံတားဖွင့်ပွဲကို ရွှေပြည်သာမြို့နယ်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ဧန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပသည်။ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား လှိုင်မြစ်ကိုဖြတ်၍ ပေါင်းကူးဆက်သွယ်ပေးထားသော ရွှေပြည်သာတံတားသည် အရှည် ၃၄၁၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၅၂ ဒသမ ၅ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေပါရှိသည်။ လေးလမ်းသွားတံတား ဖြစ်သည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေအကျယ် ၃၄၅ ပေနှင့် အမြင့် ၃၆ ပေရှိသည်။ အပေါ်ထည်မှာ လေးလမ်းသွား သံမဏိသံပေါင်နှင့် အောက်ထည်မှာ ဘိုးပိုင်၊ အာစီဒီဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် အုတ်မြစ်အမျိုးအစားတံတားဖြစ်ပြီး တန် ၆၀ ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်သည့် တံတားဖြစ်သည်။

ဂုံညင်းတန်းတံတားဖွင့်ပွဲကို ကျိုက်လတ်မြို့နယ်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည်။ ဂုံညင်းတန်းတံတားသည် ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့ကို ဆက်သွယ်ထားသော မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည်။ ချဉ်းကပ်တံတားအရှည်သည် ကျိုက်လတ်မြို့နယ်ဘက်ကမ်းတွင် ပေ ၇၂၀၊ ဖျာပုံမြို့နယ်ဘက်ကမ်းတွင် ပေ ၇၂၀၊ ပင်မတံတားအရှည် ပေ ၅၀၀ စုစုပေါင်း ပေ ၁၉၄၀ ရှည်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေသုံးလက်မစီပါရှိ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး
ဦးစီးချုပ် မိုဟ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘာ့အကြီးဆုံး မြန်မာ့ပုလဲကြီးအား ကြည့်ရှုနေစဉ်

သည်။ တန် ၆၀ ရှိ မော်တော်ယာဉ်များသွား‌လာနိုင်သော် သံကူကွန်ကရစ် တံတား‌အမျိုး‌အစား‌ဖြစ်သည်။

ငမိုး‌ရိပ်တံတား‌ဖွင့်ပွဲကို တံတား‌အနှံ့‌ရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်း‌ပသည်။ ငမိုး‌ရိပ်တံတား‌သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် တည်ရှိပြီး မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ လေး‌ထောင့်ကန်ကျေး‌ရွာတို့‌အား ဆက်သွယ်ထား‌သော ငမိုး‌ရိပ်ချောင်း‌ကူး‌တံတား‌ဖြစ်သည်။ တံတား‌အရှည် ပေ ၆၆၀ ရှိပြီး၊ ယာဉ်သွား‌လမ်း‌အကျယ် ၂၈ ပေနှင့် တစ်ဖက်လေး‌ပေစီ ကျယ်လူသွား‌လမ်း‌တို့ပါရှိသည်။ တံတား‌အောက်ကင်း‌လွတ်နယ်မြေ အကျယ် ပေ ၉၀ နှင့် အမြင့် ၁၀ ပေရှိသည်။ နှစ်လမ်း‌သွား သံမဏိပေါင် ရက်မတံတား‌ဖြစ်ပြီး တံတား‌အပေါ်ထည်တွင် သံမဏိ သံပေါင်ရက်မ စုစုပေါင်း တန်ချိန် ၆၀၈ တန်၊ Angle Bolts ခုရေပေါင်း ၂၁၅၀၀ အသုံး‌ပြုထား‌သည်။ တန် ၆၀ ယာဉ်များ ဖြတ်သန်း အသုံး‌ပြုနိုင်သော တံတား‌ဖြစ်သည်။

ဆပ်သွား‌တံတား (ရခိုင်ပြည်နယ်) ဖွင့်ပွဲကို ဂွမြို့နယ်၊ ဆပ်သွား‌ကျေး‌ရွာရှိ တံတား‌အနှံ့ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်း‌ပသည်။ တံတား‌အရှည် ပေ ၆၆၀ ရှိပြီး၊ ယာဉ်သွား‌လမ်း‌အကျယ် ၂၄ ပေနှင့် တစ်ဖက်လျှောင် သုံး‌ပေစီ ကျယ် လူသွား‌လမ်း‌တို့ပါရှိသည်။ တံတား‌အောက်ကင်း‌လွတ်နယ်မြေ အကျယ် ၈၅ ပေနှင့် အမြင့် ၁၀ ပေရှိသည်။ တံတား‌အပေါ်ထည် သံမဏိပေါင်ရက်မ၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် သံကူကွန်ကရစ်၊ ရေတွင်း‌ခွေ သံကူကွန်ကရစ်ပိုင် တံတား‌အမျိုး‌အစား‌ဖြစ်သည်။ တန် ၆၀ ယာဉ်များ ဖြတ်သန်း အသုံး‌ပြုနိုင်သည်။

အနော်ရထာတံတား‌ဖွင့်ပွဲကို ချောက်မြို့ဘက်ကမ်း တံတား‌အနှံ့ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၄ နေ့တွင် ကျင်း‌ပသည်။ မကွေး‌တိုင်း၊ ချောက်မြို့နှင့် ဆိပ်ဖြူမြို့ကို ဆက်သွယ်တည်ဆောက်ထား‌သည့် ဧရာဝတီမြစ်ကူး အနော်ရထာတံတား‌သည် ပင်မတံတား‌အရှည် ၄၁၉၁ ပေ၊ ချဉ်း‌ကပ်တံတား‌အရှည်ပေ ၁၀၀၀ စုစုပေါင်း ၅၁၉၁ ပေ ရှည်လျား‌သည်။ ပင်မတံတား‌အပေါ်ထည်သည် သံမဏိ သံပေါင်တံတား‌

အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။ ချဉ်းကပ်တံတားအပေါ်ထည်သည် သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်ပြီး အောက်ထည်သည် သံကူကွန်ကရစ်တိုက်များဖြစ်သည်။ တံတားအလျား ယာဉ်သွားလမ်းအကျယ် ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီကျယ် လူသွားလမ်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ပေ၃၅၀ ဖြစ်ပြီး ရေအမြင့်ဆုံးတက်ချိန်တွင် ပေ ၆၀ ခန့် ကင်းလွတ်နေမည်ဖြစ်သည်။ တန် ၆၀ ယာဉ်များဖြတ်သန်း အသုံးပြုနိုင်မည်တံတားဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၃၂၈၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅ သန်း ကုန်ကျသည်။

ရွှေပြည်သာတံတား၊ လှိုင်သာယာဘက်ကမ်းနှင့် ထန်းတပင်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းသစ်ဖွင့်ပွဲကို လမ်းသစ်ထိပ်မှခဲဉီးဌ် မေလ ၅ ရက်နေ့တွင် ကျင်းပသည်။ လမ်းသစ်သည် မြေသားလမ်းအကျယ် ပေ ၅၀၊ ဂဝ်လမ်းအကျယ် ၁၂ ပေ ရှိပြီး အရှည်ကိုးမိုင်ခြောက်ဖာလုံရှိသည်။ လမ်းပေါ်တွင် အရှည် ပေ ၄၀၊ အကျယ် ၁၂ ပေရှိသစ်သားတံတား လေးစင်းပါဝင်သည်။ ဂဝ်လမ်းခင်းခြင်းအတွက် ငွေကျပ် ၁၀၈ ဒသမ ၇၅ သိန်း၊ သစ်သားတံတား လေးစင်းတည်ဆောက်ခြင်းအတွက် ငွေကျပ် ၄၁ ဒသမ ၂ သိန်း စုစုပေါင်း ငွေကျပ် ၁၄၉ ဒသမ ၅၅ သိန်း ကုန်ကျသည်။

ကျိုင်းတုံ – မိုင်းလား လမ်း (ကျိုင်းတုံအပိုင်း ၁၀ မိုင်) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကျိုင်းတုံမြို့ အမှတ် (၆) အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ မေလ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ကျိုင်းတုံ – မိုင်းလား လမ်းသည် ၅၆ မိုင် ရှည်လျားပြီး ကတ္တရာလမ်းဖြစ်မြောက်ရေးအတွက် နိုင်ငံတော်က ငွေကျပ် သိန်း ၂၀၀ နှင့် ကတ္တရာ တန် ၃၀၀ ပံ့ပိုးမှုဖြင့် ဖောက်လုပ်ခြင်းဖြစ်သည်။ လမ်းအကျယ် ၂၃ ပေရှိကတ္တရာလမ်းကို မိုင်းလားဘက်ပိုင်း ၁၃ မိုင်နှင့် ကျိုင်းတုံဘက်ပိုင်း ၁၀ မိုင် စုစုပေါင်း ၂၃ မိုင် ကတ္တရာခင်းပြီးဖြစ်သည်။

အေးရှားဝေါလ်ဆိပ်ကမ်း တံတားဖွင့်ပွဲကို အလုံမြို့နယ်၊ ကွင်းချောင်းလမ်းရှိဆိပ်ကမ်းတံတားမှခဲဉီးဌ် မေလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Mamagement Co., Ltd တို့ပူးပေါင်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသည်။ အေးရှားဝေါလ်ဆိပ်ကမ်း တံတားအမှတ် (၁) အလုံဆိပ်ကမ်း တံတားကို ၂၀၀၀ ပြည့်နှစ်တွင် အကြိုဖွင့်လှစ်ပြီး ယခု အမှတ် (၂) အလုံဆိပ်ကမ်း ဖွင့်လှစ်ခြင်းဖြစ်သည်။ အမှတ် (၁) အလုံဆိပ်ကမ်းသည် အလျား ၆၅၁ ဒသမ ၅ ပေနှင့် ကျော်ထောက်နောက်ခံ မြေဧရိယာ ၁၀ ဒသမ ၇၇ ဧကရှိပြီး အမှတ် (၂) အလုံဆိပ်ကမ်းတံတားသည် အလျား ၅၁၁ ပေနှင့် ကျောထောက်နောက်ခံ မြေဧရိယာ ၁ ဒသမ ၃၂ ဧကခန့်ရှိသည့်အတွက် Asia World Port Terminal ဆိပ်ကမ်းတံတားအရှည် စုစုပေါင်း ၁၁၆၂ ဒသမ ၅ ပေနှင့် ကျောထောက်နောက်ခံ မြေဧရိယာစုစုပေါင်း ၁၂ ဒသမ ၀၉ ဧကရှိသည်။ အေးရှားဝေါလ်ဆိပ်ကမ်းတံတားကို အထွေထွေ ကုန်စည်နှင့် ကုန်သေတ္တာကုန်စည်များကိုင်တွယ်သွားရန် ရည်ရွယ်တည်ဆောက်ထားပြီး ခေတ်မီကုန်ကိုင်တွယ်စက် ကိရိယာများတပ်ဆင်ထားသည့် နိုင်ငံတကာ အဆင့်မီ ဆိပ်ကမ်းကြီးတစ်ခုဖြစ်သည်။

လမူးတံတားဖွင့်ပွဲကို တံတားအနီး မင်္ဂလာမဏ္ဍပ်၌ ဇူလိုင် ၂၃ ရက်နေ့တွင် ကျင်းပသည်။ လမူးတံတားကို တောင်ကုတ်–ကျောက်ဖြူလမ်း (တောင်ကုတ်–မအိ) လမ်း ပိုင်း တောင်ကုတ်မြို့နယ်၊ လမူးမော်ကျေးရွာအနီး လမူးချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ပေ ၅၀၀ နှင့် ယာဉ်သွားလမ်းအကျယ် ၁၀ ပေ လေးလက်မ ရှိသည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေအကျယ် ၈၆ ပေနှင့် အမြင့်ရှစ်ပေဖြစ်သည်။ တံတားအပေါ်ထည်သည် ဘေလီသံပေါင် တံတားအမျိုးအစားဖြစ်ပြီး နောင်တစ်ချိန် ကွန်ဂရစ်တံတားအဖြစ် တိုးမြှင့်ပြောင်းလဲတည်ဆောက်နိုင်ရန် တံတားအောက်ထည်ကို သံကူကွန်ကရစ်အမျိုးအစားအဖြစ် တည်ဆောက်ထားသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၂၀ ဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၁၉၅ သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ဝ ဒသမ ၂၀၉ သန်း ကုန်ကျသည်။

ပြည့်ချောင်းတံတားဖွင့်ပွဲကို သံတွဲမြို့နယ်၊ မြို့ပြင်ကျေးရွာအနီးရှိတံတားမှခဲဉီးဌ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ပြည့်ချောင်းတံတားသည် သံတွဲ – တောင်ကုတ်ကားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည် ပေ ၄၄၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀ လက်မခွဲဖြစ်သည်။ တံတားအပေါ်ထည်သည် နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တံတားဖြစ်ပြီး တံတာအောက်ထည်သည် သံကူကွန်ကရစ်အုတ်မြစ်များဖြင့် တည်တောက်ထားသည်။ နောင်တွင်

ပသောင်းတံတား:ဖွင့်ပွဲကို မြို့တော်မြို့နယ်ရှိ တံတား:အနီး: မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ပသောင်းတံတား:သည် ထား:ဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း:လမ်း:ပေါ်တွင် တည်ရှိပြီး: ကျောက်ဖြာမြစ်ကို ဖြတ်ကူး:ထား:သည့် သံမဏိသံပေါင် သံကူကွန်ဂရစ်တံတား:ဖြစ်သည်။ တံတား:အရှည် ပေ ၈၁၀ ရှိပြီး: တံတား:ခန်း:ဖွင့် ပေ ၉၀ ကိုး:ခန်း:ဖြင့် တည်ဆောက်ထား:သည်။ ယာဉ်သွား:လမ်း:အကျယ် ၂၈ ပေနှင့် လူသွား:လမ်း: တစ်ဖက်လျှင် လေး:ပေစီရှိသည်။ တံတား:ကင်း:လွတ်နယ်အကျယ် ပေ ၉၀၊ အမြင့် ပေ ၂၀၊ ခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။ တံတား:ချဉ်း:ကပ်လမ်း: အရှည်တစ်ဖက်လျှင် ပေ ၁၂၀၀ စီ စုစုပေါင်း: ပေ ၂၄၀၀ ရှိသည်။ ပသောင်တံတား:ကို ကမ်း:ကပ်ရုံနှစ်ခု၊ ကုန်း:ပေါ်တံတား:တိုင်သုံး:ခု၊ ရေလယ်တံတား:တိုင် ငါး:ခုဖြင့် တည်ဆောက်ထား:သည်။ တစ်မိတာအချင်း:ရှိ ဘိုး:ပိုင်များဖြင့် တံတား:အုတ်မြစ် တည်ဆောက်ခဲ့ပြီး: တံတား:အပေါ်ထည်သည် သံမဏိသံပေါင်ရက်မများဖြစ်သည်။ သံမဏိသံပေါင်ရက်မ စုစုပေါင်း: တန်ချိန် ၇၀၉ တန်ရှိသည်။ တံတား: တည်ဆောက်မှုအတွက် ငွေကျပ် ၇၂၄ ဒသမ ၉၅ သန်းနှင့် နိုင်ငံခြား:ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅ သန်း: ကုန်ကျသည်။

ဆည်မြောင်း:တာတမံများ:တည်ဆောက်ခြင်း:

ရေနံချောင်း:မြို့နယ် လေး:တိုင် စင် ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး:ရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ လေး:တိုင်စင် ရေလှောင်တမံကို ရေနံချောင်း:မြို့နယ် လေး:တိုင်စင်ကျေး:ရွာ အထက်မိုင်ဝက်ခန့်အကွာ ဖောင်းကွဲချောင်း:ပေါ်တွင် တည်ဆောက်ထား:ခြင်း:ဖြစ်သည်။ ရေလှောင်တမံသည် မြေသား:တမံအမျိုး:အစား:ဖြစ်ပြီး: တမံအလျား: ပေ ၂၀၀၀၊ တမံအမြင့် ၇၇ ပေရှိသည်။ ရေလှောင်တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏ ၄၇၄၅ ဧကပေ ဖြစ်သည်။ ရေလှောင်တမံမှ စိုက်ပျိုးမြေဧက ၁၀၀၀ ခန့်သို့ ရေပေး:ဝေနိုင်မည်ဖြစ်သည်။

တောင်တွင်း:ကြီး:မြို့နယ်၊ ရန်ပယ်ရေလှောင်တမံဖွင့်ပွဲကို ဝက္ကသေး:ကျေး:ရွာအုပ်စုရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ရန်ပယ်ရေလှောင်တမံကို တောင်တွင်း:ကြီး:မြို့နယ် ဝက္ကသေး:ကျေး:ရွာ တောင်ဘက် ၄ ဒသမ ၅ မိုင်ခန့်အကွာ ရန်ပယ်ချောင်း:ပေါ်တွင် တည်ဆောက်ထား:ခြင်း:ဖြစ်သည်။ ရေလှောင်တမံသည် မြေသား:တမံ အမျိုး:အစား:ဖြစ်ပြီး: ပင်မတမံ အလျား:ပေ ၉၀၀၊

နှစ်လမ်း:မောင်း:တံတား:အဖြစ် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်း:ခင်း:များဖြင့် ပြောင်း:လဲတည်ဆောက်နိုင်သည့် တံတား:ဖြစ်သည်။ တံတား:၏ ခွင့်ပြုကုန်အလေး:ချိန်မှာ တန် ၃၀ ဖြစ်ပြီး: ရေလမ်း:ကင်း:လွတ်နယ်မြေအကျယ် ၈၆ ပေနှင့် အမြင့် ရှစ်ပေ ရှိသည်။ တံတား:တည်ဆောက်မှုအတွက် ငွေကျပ် ၁၉၆ သန်း၊ နိုင်ငံခြား:ငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၇ သန်း: ကုန်ကျသည်။

တန်းလွဲချောင်း: တံတား:ဖွင့်ပွဲကို ရန်ကုန် – ကျောက်ဖြူလမ်း:ပေါ်ရှိ တောင်ကုတ်မြို့နယ် ကင်း:တောင်ရွာ၌ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည်။ တန်းလွဲချောင်း:တံတား:သည် အရှည်ပေ ၆၀၀ ရှိပြီး: တံတား:ခန်း:ဖွင့်ပေ ၁၀၀ ခြောက်ခန်း:ဖြင့် တည်ဆောက်ထား:သည်။ တံတား:အကျယ် ၁၀ ပေ ၁၀ လက်မခွဲရှိသည်။ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်ဖြင့် တည်ဆောက်ထား:ပြီး: ခွင့်ပြုကုန်အလေး:ချိန် ၃၆ တန်ဖြစ်သည်။ ရေလမ်း:ကင်း:လွတ်နယ်အကျယ် ၈၈ ပေနှင့် အမြင့် ကိုး:ပေ ရှိသည်။ တံတား:တည်ဆောက်မှုအတွက် ငွေကျပ်သန်း: ၂၁၀ နှင့် နိုင်ငံခြား:ငွေ အမေရိကန်ဒေါ်လာ ဝ ဒသမ ၂၈ သန်း: ကုန်ကျသည်။

တောင်ကုတ် – မအိ – တပ်တောင် – အမ်း:လမ်း:နှင့် ရန်ကုန် – ကျောက်ဖြူလမ်း: ဆုံနေရာ၌ တည်ရှိသော မအိချောင်း:တံတား:သည် တောင်ကုတ်၊ အမ်း:၊ ရမ်း:ဗြဲ၊ ကျောက်ဖြူမြို့များ၏ လမ်း:ပန်း:ဆက်သွယ်မှုတွင် အရေး:ပါသော တံတား:ဖြစ်သည်။ တံတား:အရှည် ပေ ၉၄၀၊ ယာဉ်သွား:လမ်း:အကျယ် ၂၄ ပေ၊ လူသွား:လမ်း: အကျယ် တစ်ဖက်လျှင် သုံး:ပေစီရှိသည်။ သံကူကွန်ကရစ်တံတား:အမျိုး:အစား:ဖြစ်ပြီး: တံတား:တည်ဆောက်မှုအတွက် ငွေကျပ် ၇၁၂၉ သိန်း: ကုန်ကျသည်။

လောင်ဂတ်တံတား:ဖွင့်ပွဲကို ဂန့်ဂေါမြို့နယ်၊ ဂန့်ဂေါ–ကလေး:ကား:လမ်း:ပေါ်ရှိ တံတား:ထိပ်ဗဟိုမဏ္ဍပ်၌ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသည်။ လောင်ဂတ်တံတား:သည် အရှည်ပေ ၃၀၀၊ ယာဉ်သွား:လမ်း:အကျယ် ၂၄ ပေနှင့် လူသွား:လမ်း:အကျယ် တစ်ဖက်လျှင် သုံး:ပေစီရှိသည်။ သံကူကွန် ကရစ်တံတား: အမျိုး:အစား:ဖြစ်ပြီး: တံတား:တည်ဆောက်မှု အတွက် ငွေကျပ် သိန်း: ၁၇၀၀ ကုန်ကျသည်။ လောင်ဂတ် တံတား:သည် မကွေး:တိုင်း:၊ စစ်ကိုင်း:တိုင်း:နှင့် ချင်း:ပြည်နယ် တို့ကို ဆက်သွယ်ရာလမ်း:ကြောင်း:ပေါ်ရှိ အဓိကတံတား: ဖြစ်သည်။

တမဲအမြင့် ၇၈ ပေ၊ တူးမြောင်းအလျား ၆၃ မိုင်ရှိသည်။ ရေလှောင်တမဲတွင် ရေဧကပေ ၃၅၁၄၀ သိုလှောင်နိုင်မည် ဖြစ်သည်။ ရေလှောင်တမဲမှ လယ်ယာမြေ ဧက ၁၀၀၀၀ ကျော်သို့ ရေပေးဝေနိုင်မည်ဖြစ်သည်။

ဝေါမြို့နယ် ရွာမ်းကိုင်းရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်းတံခါးအနီး၌ မဂ်လာမဏ္ဍပ်၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရွာမ်းကိုင်းရေထိန်းတံခါးကို ဝေါမြို့နယ် ရွာမ်းကိုင်းကျေးရွာအနီး အဗျား–ရွာမ်းကိုင်း ရေနုတ်မြောင်းနှင့် စစ်တောင်းမြစ်ဆုံရာ အဗျား–ရွာမ်းကိုင်းရေနုတ်မြောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရွာမ်းကိုင်းရေထိန်းတံခါးသည် ခြောက်ပေ × ရွစ်ပေအကျယ်ရှိ ရေတံခါး ၂၇ ပေါက်ပါ ကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ပေ ၂၅၀၀ ရှည် ရေခေါ်မြောင်းမကြီးနှင့် ပေ ၂၀၀၀ ရှည် ရေထုတ် မြောင်းမကြီးတို့ ပါဝင်သည်။ ရွာမ်းကိုင်းရေထိန်းတံခါးမှ စိုက်ပျိုးမြေဧက ၂၅၀၀၀ ကို အကျိုးပြုမည်ဖြစ်ပြီး ရွာမ်းကိုင်းတံခါး တည်ဆောက်မှုအတွက် ငွေကျပ် သန်း ၃၈၀ ကျော် ကုန်ကျသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမဲ ဖွင့်ပွဲကို ရေလှောင်တမဲအနီးရှိ မဂ်လာမဏ္ဍပ်၌ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ သဖန်းဆိပ်ရေလှောင်တမဲကို ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေလှောင်တမဲသည် မြေသားတမဲအမျိုးအစားဖြစ်ပြီး တမဲအလျား ၂၂၅၇ ပေ၊ တမဲအမြင့် ၁၀၈ ပေရှိသည်။ ရေလှောင်တမဲ၏ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၈၀၀၀၀ ဖြစ်ပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာဧက ၁၀၆၂၀၀ ဖြစ်သည်။ ပင်မရေပိုလွှဲသည် Ogee Type ရေတံခါးတပ် (Radid Gate) သံကူကွန်ကရစ် အမျိုးအစား ဖြစ်ပြီး ၁၅ ပေ ပေ ၃၀ အရွယ်အစား ရေတံခါး ၁၂ ခုပါရှိသည်။ အကူရေပိုလွှဲသည်လည်း Ogee Type သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ သဖန်ဆိပ်ရေလှောင်တမဲက မူးမြစ်ရေကို လိုအပ်သလို ထိန်းသိမ်း၍ ရေပေးနိုင်ခြင်းဖြင့် လယ်ယာမြေဧက တစ်သိန်းခွဲကို တိုး၍ စိုက်ပျိုးရေပေးနိုင်မည်ဖြစ်ပြီး လယ်မြေဧက ငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး ရေအပြည့်အဝ ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် သဖန်းဆိပ်ရေလှောင်တမဲမှ တစ်နှစ်လျှင် လျှပ်စစ်မော်တော်အား ကီလိုဝပ် ၁၁၇ ဒသမ ၂ သန်း ထုတ်ယူ သုံးစွဲနိုင်မည်ဖြစ်သည်။

မုဒုံမြို့နယ် ဝင်းဖနံရေလှောင်တမဲဖွင့်ပွဲကို ရေလှောင်တမဲအနီးရှိ မဂ်လာမဏ္ဍပ်၌ မေလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ ဝင်းဖနံရေလှောင်တမဲကို မုဒုံမြို့နယ် မုဒုံနှင့်သံဖြူ ဧရပ်မော်တော်ကားလမ်း မိုင်တိုင် ၃၁ ဖ၏ အရှေ့ဘက်ပေ ၈၆၀၀ ခန့်အကွာ ဝင်းဖနံချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ဝင်းဖနံရေလှောင်တမဲသည် ဇုန်မြေသားတမဲ အမျိုးအစားဖြစ်ပြီး ပင်မတမဲအလျား ပေ ၁၈၀၀၊ တမဲအမြင့် ၁၇၈ ပေ၊ တူးမြောင်းအလျား ၇ ဒသမ ၆၃ မိုင်ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄၉၅၀၀ သိုလှောင်နိုင်ပြီး စိုက်ပျိုးမြေ ဧရိယာဧက ၁၃၀၀၀ သို့ စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။ ဝင်းဖနံရေလှောင်တမဲတည်ဆောက်မှုအတွက် ငွေကျပ် သန်း ၉၉၀ ကျော် ကုန်ကျသည်။

မြို့သစ်မြို့နယ် စွန်ချောင်းရေလှောင်တမဲ ဖွင့်ပွဲကို ရေလှောင်တမဲအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇွန်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ စွန်ချောင်းရေလှောင်တမဲကို မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ အရှေ့ဘက်နှစ်မိုင် အကွာ စွန်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ စွန်ချောင်းရေလှောင်တမဲသည် မြေသားတမဲအမျိုးအစား ဖြစ်ပြီး တမဲအလျား ပေ ၉၄၀၀၊ တမဲအမြင့် ၁၃၁ ပေရှိသည်။ ရေလှောင်တမဲ၏ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၃၀၀၀၀ ဖြစ်ပြီး စိုက်ပျိုးမြေဧက ၇၀၀၀ သို့ စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

မြို့သစ်မြို့နယ် ပုလင်းရေလှောင်တမဲ ဖွင့်ပွဲကို ရေ လှောင်တမဲအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ပုလင်းရေလှောင်တမဲကို မြို့သစ်မြို့နယ် ပုလင်းပြာကျေးရွာအနီး ပုလင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ပုလင်းရေလှောင်တမဲသည် မြေသားတမဲ အမျိုးအစားဖြစ်ပြီး တမဲအလျားပေ ၄၂၆၀၊ တမဲအမြင့် ပေ ၉၀ ရှိသည်။ ရေလှောင်တမဲ၏ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ၁၂၂၀၀ ဖြစ်သည်။ ပုလင်း ရေလှောင် တမဲမှ ရေသောက်ဧရိယာ ဧက ၂၀၀၀နှင့် သီးနှံဧရိယာဧက ၂၈၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

စလင်းမြို့နယ် စလင်းရေလှောင်တမဲ ဖွင့်ပွဲကို ရေလှောင်တမဲအနီးရှိ မဂ်လာမဏ္ဍပ်၌ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပသည်။ စလင်းရေလှောင်တမဲကို စလင်းမြို့နယ်ရှိ လင်းဇင်းရေလွှဲဆည်၏ အထက် ၂၂ မိုင်အကွာ ရွှေတွင်းတူးကျေးရွာအနီး ရေဆင်းဧရိယာ ၃၉၇ စတုရန်းမိုင်ရှိသည့် စလင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ စလင်းရေလှောင်တမဲသည် မြေသားတမဲ အမျိုး

အစား:ဖြစ်ပြီး: တမဲအလျား: ပေ ၂၇၇၀၊ တမဲအမြင့် ပေ ၂၂၀ ရှိသည်။ တမဲ၏ကန်ရေပြည့်ရေလှောင်ပမာဏ ဓကပေ ၁၃၃၀၀၀ ဖြစ်သည်။ စလင်:ရေလှောင်တမဲတည်ဆောက်ခြင်:ကြောင့် လင်:ဇင်:ဆည်ရေသောက်ဧရိယာ ၂၈၄၃၁ ဓက အပါအဝင် လယ်မြေဓက ၃၃၀၀၀ ကို အလျား: ၁၉ မိုင် ရှိ တူးမြောင်:မကြီးနှင့် စုစုပေါင်: အလျား: ၂၁ မိုင်ရှိသည့် လက်တံမြောင်:ကိုးခုတို့မှ တစ်ဆင့် ဆည်ရေပေး:ဝေကာ စိုက်ပျိုးရေး တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ရေတာရှည်မြို့နယ် ဆွာချောင်:ရေလှောင်တမဲ ဖွင့်ပွဲကို ရေလှောင်တမဲအနီးရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်:ပသည်။ ဆွာချောင်:ရေလှောင်တမဲကို ရေတာရှည်မြို့နယ် ဘောင်တုတ်ကျေးရွာအနီး ဆွာချောင်:ပေါ်တွင် တည်ဆောက်ထား:ခြင်:ဖြစ်သည်။ ဆွာချောင်: ရေလှောင်တမဲသည် မြေသား:တမဲ အမျိုး:အစား: ဖြစ်ပြီး: ပင်မတမဲ အလျား:ပေ ၆၆၀၀၊ ပင်မ တမဲအမြင့် ၉၇ ပေ၊ ကုန်:ကျောတမဲ အလျား: ပေ ၁၆၉၀၀ ပေ၊ ကုန်:ကျောတမဲအမြင့် ပေ ၄၀ ရှိသည်။ ဆွာချောင်:ရေလှောင်တမဲမှ စိုက်ဓက ၃၅၀၀၀ ကို ဆည်ရေပေး:ဝေနိုင်မည် ဖြစ်သည်။

လှည်:ကူးမြို့နယ် လဂွမ်:ပြင် ရေလှောင်တမဲဖွင့်ပွဲကို ရေလှောင်တမဲအနီးရှိ မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်:ပသည်။ လဂွမ်:ပြင်ရေလှောင်တမဲကို လည်:ကူးမြို့နယ်နှင့် ပဲခူးမြို့နယ် နယ်စပ် သမီ:ကလေး:ကျေးရွာအနီး လဂွမ်:ပြင်ချောင်:ပေါ်တွင် တည်ဆောက်ထား:ခြင်:ဖြစ်သည်။ လဂွမ်:ပြင် ရေလှောင်တမဲသည် မြေသား:တမဲ အမျိုး:အစား:ဖြစ်ပြီး: တမဲအလျား: ပေ ၅၁၈၀၊ တမဲအမြင့် ၆၁ ပေရှိသည်။ လဂွမ်:ပြင် ရေလှောင်တမဲ၏ အကျိုး:ပြဧရိယာ ဓက ၂၂၀၀၀ ဖြစ်ပြီး၊ လှည်:ကူးမြို့နယ်အတွင်: အကျိုး:ပြဧရိယာ ဓက ၁၂၀၀၀ နှင့် ပဲခူးမြို့နယ်အတွင်: အကျိုး:ပြဧရိယာ ဓက ၁၀၀၀၀ ပါဝင်သည်။ ထို့ပြင် လှည်:ကူးမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်: ရန်ကုန် – ပဲခူး: အဝေး:ပြေး: အမြန်ကား:လမ်း:မကြီးနှင့် မီး:ရထား:လမ်း:အကြား: နှစ်စဉ်ရေကြီး:နစ်မြုပ်လေ့ရှိသည့် ဧရိယာဓက ၉၀၀၀ ခန့်ကို ရေလွှမ်း:မိုး:မှုမှ ကာကွယ်ပေး:နိုင်မည်ဖြစ်သည်။ လဂွမ်:ပြင် ရေလှောင်တမဲ တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၁၁၀၇ ဒသမ ၆၈ သန်: ကုန်ကျသည်။

ကန့်ဘလူမြို့နယ်၊ ကျေ:ပင်အက် ရေလှောင်တမဲဖွင့်ပွဲကို ရေလှောင်တမဲအနီး မင်္ဂလာမဏ္ဍပ်၌ ဒီဇင်လာလ ၂၅ ရက်နေ့တွင်,ကျင်:ပသည်။ ကျေ:ပင်အက် ရေလှောင်တမဲကို ကန့်ဘလူမြို့နယ်ရှိ ကျေ:ပင်အက် (ငှက်ပျော)ချောင်:ပေါ်တွင် တည်ဆောက်ထား:ခြင်:ဖြစ်သည်။ ကျေ:ပင်အက် ရေလှောင်တမဲသည် မြေသား:တမဲ အမျိုး:အစား:ဖြစ်ပြီး: တမဲအလျား: ပေ ၅၀၀၀၊ တမဲအမြင့် ပေ ၅၀ ရှိသည်။ ကျေ:ပင်အက် ရေလှောင်တမဲမှ စိုက်ဓက ၂၀၀၀ ကို အရေးပေါ်ဆည်ရေပေး:ဝေနိုင်မည် ဖြစ်သည်။

စက်ရုံသစ်များဖွင့်လှစ်ခြင်း:

MANI Yangon Limited ခွဲစိတ်ခန်:နှင့် သွား:ဘက်ဆိုင်ရာ ပစ္စည်:စက်ရုံဖွင့်ပွဲကို မော်ဘီမြို့နယ် ရန်ကုန်–ပြည် လမ်: လှည်:ငုတ်ချောင်:ကွင်: အမှတ် ၆၃၀ ရှိ စက်ရုံ၌ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်:ပသည်။ MANI Yangon Limited သည် ဂျပန်နိုင်ငံ MANI Inc မှ ရာနှုန်:ပြည့်ရင်:နှီ:မြှုပ်နှံမှုဖြင့် ခွဲစိတ်ခန်:သုံ:ပစ္စည်:များ၊ သွား:နှင့် မျက်စိခွဲစိတ်ရာတွင် အသုံ:ပြုသောပစ္စည်:များကို CMP စနစ်ဖြင့် ထုတ်လုပ်ပြီး: နိုင်ငံခြား:သို့ ပြန်လည်တင်ပို့ရောင်: ချသည်။ MANI Inc ၏ ထုတ်ကုန်များ:ကို တောင်အမေရိကနှင့် ဥရောပနိုင်ငံများ:သို့ တင်ပို့လျက်ရှိပြီး: ကမ္ဘာ့စျေး:ကွက် လိုအပ်ချက်၏ ရာခိုင်နှုန်: ၃၀ ကို ထုတ်လုပ်ပေး:သည်။

အမှတ် (၁) စက်မှုဝန်ကြီး:ဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်: မကွေး:အချို့ရည်နှင့် ရေခဲစက်ရုံဖွင့်ပွဲနှင့် မြန်မာ့ဆေး:ဝါ:နှင့် အိမ်သုံ:ပစ္စည်:လုပ်ငန်: ဆပ်ပြာစက်ရုံ (မကွေး:မြို့) ဖွင့်ပွဲကို မကွေး:မြို့နယ်၊ မန်ကျည်:ကန်ကျေးရွာအနီး:ရှိ စက်ရုံများ၏ မုခ်ဦး:များ၌ မတ်လ ၁၅ ရက်နေ့တွင် ကျင်:ပသည်။ မကွေး:အချို့ရည်နှင့် ရေခဲစက်ရုံ၏ ထုတ်လုပ်နိုင်မှု စွမ်:အား:မှာ တစ်ရက်လျှင် အချို့ရည် ဒါဇင် ၆၀၀ နှုန်း: ဖြင့် တစ်နှစ်လျှင် ဒါဇင်တစ်သိန်း:ရှစ်သောင်း၊ တစ်ရက်လျှင် ရေခဲပေါင် ၃၀၀ တုံး၊ အတုံး: ၁၀၀ နှုန်း:ဖြင့် တစ်နှစ်လျှင် ရေခဲတုံး: သုံ:သောင်:ကျော်ထုတ်လုပ်နိုင်ပြီး: ထုတ်လုပ်သည့် အချို့ရည်များ:မှာ ကရင်ဆိုဒါ၊ ဗင်တို၊ လိမ္မော်ရည်၊ စပါကလင်နှင့် ဆိုဒါရည်တို့ ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီး:ဌာန၊ မြန်မာ့စက္ကူနှင့် ဓာတ်ဗေဒလုပ်ငန်: အမှတ် (၃) စက္ကူစက် (ပလိပ်) ဖွင့်ပွဲကို စဉ့်ကိုင်မြို့နယ် ပလိပ်ချည်မျှင်နှင့် အချောကိုင်စက်ရုံအနီး:ရှိ အမှတ် (၃) စက္ကူစက် (ပလိပ်) ၌ ဧပြီလ ၁၃ ရက်နေ့တွင် ကျင်:ပသည်။ အမှတ် (၃) စက္ကူစက် (ပလိပ်) သည် မြန်မာနိုင်ငံ၏ ပထမဦး:ဆုံး:သတင်း:စာစက္ကူစက်ရုံဖြစ်ပြီး: တစ်နေ့လျှင် သတင်း:စာစက္ကူ ၂၅ တန် ထုတ်လုပ်သွား:မည် ဖြစ်သည်။

ဟင်္သာတမြို့နယ်၊ ယုန်သလင်းကျေးရွာအုပ်စု စပါးခွံ မာတ်ငွေ့သုံး လျှပ်စစ်မာတ်အား:ပေး စက်ရုံဖွင့်ပွဲကို ယုန်သလင်းကျေးရွာရှိ စက်ရုံ၌ မေလ ၁ ရက်နေ့တွင် ကျင်းပသည်။ စပါးခွံမာတ်ငွေ့သုံး လျှပ်စစ်မာတ်အား:ပေးစက်ရုံကို ဧရာစွမ်းအား:စပါးခွံမာတ်ငွေ့သုံး အင်ဂျင် ထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခြင်းဖြစ်ပြီး လျှပ်စစ်မာတ်အား:၁၃၀ ကေဗွီအေ ထုတ်လုပ်၍ အိမ်ခြေ ၁၀၁၀ သို့ နေ့စဉ် လျှပ်စစ်မီး: ပေး:ဝေမည်ဖြစ်သည်။

Myamar Lighting Manufacturing Co., Ltd

မီး:ချောင်း:နှင့် မီး:ချောင်းအပိုပစ္စည်း:စက်ရုံဖွင့်ပွဲကို ရွှေပြည်သာမြို့နယ်၊ စက်မှုစုန်အပိုင်း:(၃) လှသိဂ်္ဂလမ်း၊ အမှတ် ၆၈/၆၉ ရှိ စက်ရုံ၌ မေလ ၅ ရက်နေ့တွင် ကျင်းပသည်။ မီး:ချောင်း:နှင့် မီး:ချောင်း:အပိုပစ္စည်း:စက်ရုံတွင် ပြည်ပမှ တင်သွင်း:သော အဆင့်မြင့်နည်း:ပညာသုံး: စက်ပစ္စည်း:ကိရိယာများ: အသုံး:ပြုကာ အရည်အသွေး: မြင့်မား:ကောင်း:မွန်သည့် မီး:ချောင်း:နှင့် မီး:ချောင်း:အပိုပစ္စည်း:များ:ကို ထုတ်လုပ်သည်။ စက်ရုံသည် တစ်နာရီလျှင် မီး:ချောင်း: ၁၂၀၀ ခန့်ဖြင့် တစ်နေ့လျှင် မီး:ချောင်း:မျိုး:စုံ ချောင်း:ရေ ၁၃၀၀၀ မှ ၂၃၀၀၀ အထိ ထုတ်လုပ်နိုင်စွမ်း:ရှိသည့် စက်ရုံဖြစ်သည်။

လက်ဝါ:ကုမ္ပဏီလီမိတက် အထည်ချုပ်လုပ်ငန်း: စက်ရုံဖွင့်ပွဲကို လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း:(၃) မင်း:သိဒ္ဓိကျော်စွာလမ်း: အမှတ် ၇၃ (ခ) ရှိ စက်ရုံ၌ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပသည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန အင်:တကော် စက်မှုနယ်မြေ သတ္တုဘယ်ယာရင်အလုပ်ရုံဖွင့်ပွဲကို ပဲခူး:မြို့နယ်၊ အင်:တကော် စက်မှုနယ်မြေ၌ ဇွန်လ ၉ ရက်နေ့တွင် ကျင်းပသည်။

စစ်ကိုင်းမြို့နယ်၊ စက်မှုဇုန်နယ်မြေရှိ ဟုန်ပန်း:စက်ရုံဖွင့်ပွဲကို စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ ဟုန်ပန်း:စက်ရုံစုရှိ ဝါယာကြိုး:စက်ရုံတွင် အိမ်သုံး:ဝါယာကြိုး: အမျိုး:မျိုး:၊ ကောင်း:ကင်ကေဘယ်ကြိုး:များ:၊ ဖုန်း:ကေဘယ်ကြိုး:များ:၊ မီး:ခလုတ်စက်ရုံတွင် လေး:ပေနှင့် နှစ်ပေမီး:ချောင်း: ကိုယ်ထည်ဖရိန်နှင့် ချုပ်များ:၊ အိမ် သုံး:မီး:ခလုတ်နှင့် လျှပ်စစ်ပစ္စည်း:အမျိုး:မျိုး:တို့.ကို ထုတ်လုပ်ကာ ပြည်တွင်း:ပြည်ပ ဖြန့်ဖြူး:ရောင်း:ချပေး:သည်။ ဗီစီဒီမာတ်ပြား:စက်ရုံတွင် တစ်နာရီလျှင် စီဒီနှင့်ဗီစီဒီ မာတ်ပြား:ချပ်ရေ ၈၀၀ နှုန်း:ဖြင့် ထုတ်လုပ်သည်။ ချည်မျှင်နှင့်အထည်စက်ရုံတွင် တစ်ရက်လျှင် ၁/၂၀ ချည်နှင့် ၁/၄၀ ချည် ပေါင်ချိန် ၆၀၀၀ မှ ၁၀၀၀၀ အထိ ၁၀ ပေါင်ထုပ် အထုပ် ၆၀၀ မှ ၁၀၀၀ အထိ ထုတ်လုပ်သည်။ ဂက်စ်မီး:ခြစ်စက်ရုံတွင် တစ်ရက်လျှင် ဂက်စ်မီး:ခြစ်ပေါင်း: ခြောက်သန်း:အထိ ထုတ်လုပ်နိုင်ရန် တိုး:ချဲ့တပ်ဆင်လျက်ရှိပြီး: ဂက်စ်မီး:ခြစ်များ:ကို ပြည်တွင်း:ပြည်ပ ဖြန့်ဖြူး:ရောင်း:ချပေး:သည်။ လယ်ယာထွက်ကုန် အချောကိုင်စက်ရုံတွင် ပြည်တွင်း:ကုန်ကြမ်း:များ:ကို အဝိကထား: အသုံး:ပြုပြီး: တံမြက်စည်း:များ:၊ သန့်ရှင်း:ရေး:သုံး: ပစ္စည်း:များ: ထုတ်လုပ်ကာ ထွက်ကုန်များ:ကို ပြည်ပစျေး:ကွက်သို့ ရာခိုင်နှုန်း:ပြည့် ဖြန့်ဖြူး:ရောင်း:ချပေး:သည်။

စိုး:အောင်

မြန်မာနိုင်ငံတွင် ကျင်း:ပသော ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ

မြန်မာနိုင်ငံတွင် ကျင်း:ပသော ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ (၂၀၀၁) ။ ။(၅၅)ကြိမ်မြောက်ကမ္ဘာ့ကာယဗလတံခွန်စိုက်ပြိုင်ပွဲ (၂၀၀၁) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကာ ရန်ကုန်မြို့၊ သုဝဏ္ဏရှိ အမျိုး:သား:အား:ကစား:ပြိုင်ပွဲရုံ (၁) ၌ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄၊ ၂၅ ရက်များ:တွင် ကျင်း:ပခဲ့သည်။

အိမ်ရှင်မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကာယဗလသမား: အမျာ:ဆုံး:ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာမှ ရှစ်ဦး၊ ရုရှား:၊ အီဂျစ်၊ ကင်ညာတို့မှ ခုနစ်ဦး:စီ၊ ဂျာမနီ၊ ကိုရီး:ယား:၊ ဘရာဇီး:၊ ဆလိုဗေး:ကီး:ယား:တို့မှ ခြောက်ဦး:စီ၊ ဩစတြေး:လျ၊ ချက်၊ လက်ဘနွန်၊ အာရပ်စော်ဘွား:များ:ပြည်ထောင်စု (U.A.E)၊ အိန္ဒိယ၊ အီရတ်၊ အီတလီ၊ နယ်သာလန်၊ ပိုလန်၊ ဆွစ်ဇာလန်၊ ဆီး:ရီး:ယား:၊ စင်ကာပူ၊ ဗီယက်နမ်တို့မှ သုံးဦး:စီ၊ အာဂျင်တိုင်းဂျန်း၊ ယိုး:ဒယား:(Thai) ၊ မော်လ်တာ၊ မလေး:ရှား:တို့မှ နှစ်ဦး:စီ၊ ဘူလ်ဂေး:ရီး:ယား:၊ ဒိန်း:မတ်၊ အင်္ဂလန်၊ ဝေးလ်စ် (UK) ၊ ဖင်လန်၊ ဂိုင်ယာနာ၊ လစ်သူယေး:နီး:ယား:၊ တရုတ်၊ တရုတ် (ဟောင်ကောင်)၊ တရုတ် (တိုင်ပေ)၊ နယူး:ဇီလန်၊ ရိုမေး:နီး:ယား:၊ တူရကီ၊ အက်စ်တိုး:နီး:ယား:တို့မှ တစ်ဦး:စီပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

လွန်ခဲ့သည့် (၅၅) နှစ်၊ ၁၉၄၆ ခုနှစ်က ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့၌ စတင်ဖွဲ့စည်း ရုံး:စိုက်ထား:သည့် အပြည်ပြည်ဆိုင်ရာ ကာယဗလအဖွဲ့ချုပ် (IFBB)၊ အာရှကာယဗလအဖွဲ့ချုပ် (ABBF)၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် (MBBF) တို့ ပူးပေါင်း၍ ကာယဗလတံခွန်စိုက် ပြိုင်ပွဲ (၂၀၀၁) ကို ကျင်း:ပခဲ့ကြခြင်း:ဖြစ်သည်။

ကမ္ဘာ့ ကာယဗလတံခွန်စိုက် ပြိုင်ပွဲများ:ကို နှစ်စဉ် ကျင်း:ပခဲ့ကြရာ အာရှတိုက်တွင် ၁၉၇၂ ခု၌ အီရတ်နိုင်ငံတွင်



အတွင်းရေးမှူး (၁) ဒုတိယမိုလ်ချုပ်ကြီးခင်ညွန့်အား ဖလိုင်းဝိတ်တန်း (ကီလို –၆၀) တွင်

ဆုရရှိကြသူများနှင့်အတူတွေ့ရစဉ်

စတင်ကျင်းပခွင့် ရရှိခဲ့ပြီး စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံတို့တွင်လည်း အသီးသီး ကျင်းပခဲ့ကြပြီးဖြစ်သည်။ ယခု မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ပြုလုပ်ခြင်းမှာ အာရှတိုက်၏ ကိုးကြိမ်မြောက် ကျင်းပခွင့် ရရှိခြင်းဖြစ်သည်။

ပြိုင်ပွဲဝင် ကိုယ်အလေးချိန်အလိုက် ဝိတ်တန်း ခုနစ်တန်း ထည့်သွင်းပြုလုပ်ရာ ဖလိုင်းဝိတ် ၆၀ ကီလိုတန်း၊ ဘင်တန်ဝိတ် ၆၅ ကီလိုတန်း၊ လိုက်ဝိတ် ၇၀ ကီလိုတန်း၊ ဝယ်လ်တာဝိတ် ၇၅ ကီလိုတန်း၊ မစ်ဒယ်လ်ဝိတ် ၈၀ ကီလိုတန်း၊ လိုက်ဟဲဗီးဝိတ် ၉၀ ကီလိုတန်း၊ ဟဲဗီးဝိတ် ၉၀ ကီလိုနှင့် အထက်တန်းတို့ဖြစ်ပြီး၊ မြန်မာ့လက်ရွေးစင် ကာယဗလသမား ရှစ်ဦးက ဝိတ်တန်းငါးတန်း၌ ဝင်ရောက်ခဲ့ကြပြီး လိုက်ဟဲဗီးဝိတ်နှင့် ဟဲဗီးဝိတ်တန်းနှစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိချေ။

အတန်းအသီးသီးမှ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်ခြောက်ဦးစီ ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်စေခဲ့ပြီး၊ ဆုများကိုလည်း ဆဋ္ဌမနေရာအထိ ပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သဖြင့် ငွေသားဖြင့်ပြုလုပ်ထားသည့် ဆွမ်းအုပ်ဆုများ ပေးအပ်ခဲ့သည်။ ဝိတ်တန်း ခုနစ်တန်းတို့မှ ပထမဆုရချန်ပီယံများသာ ဆက်လက်ယှဉ်ပြိုင်ရသည့် ကမ္ဘာ့တံခွန်စိုက် ကာယဗလသမားပြိုင်ပွဲ သို့မဟုတ် မောင်စကြဝဠာ (Mr.Universe) ရွေးချယ်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု သုံးဆုသာ ချီးမြှင့်ခဲ့ပြီး၊ မောင်စကြဝဠာဆုနှင့် အကောင်းဆုံး ကာယဗလဆု ရရှိသူများအား ပန်းကန်ပြားပုံဆုများပါ ထပ်ဆင့်ပေးအပ်ချီးမြှင့်သည်။

ဖလိုင်းဝိတ်တန်း ကီလို ၆၀ တွင် ပြိုင်ပွဲဝင် ၁၂ ဦး အနက် ဗိုလ်လုပွဲသို့ အီဂျစ်၊ ဗီယက်နမ် တစ်ဦးစီ၊ ကိုရီးယား၊ မြန်မာ နှစ်ဦးစီ တက်ရောက်လာခဲ့ကြသည်။ ပထမဆုကို Pham Van Mach (ဗီယက်နမ်)၊ ဒုတိယဆုကို အောင်နိုင် (မြန်မာ)နှင့် တတိယဆုကို ထွန်းထွန်းအောင် (မြန်မာ)၊ စတုတ္ထဆုကို Wang Bung Cho (ကိုရီးယား)၊ ပဉ္စမဆုကို Mohamed EL Bialy (အီဂျစ်)တို့ အသီးသီးရရှိခဲ့ကြသည်။



ပထမဆုရ ချန်ပီယံများသာ ထပ်ဆင့်ယှဉ်ပြိုင်ခွင့်ရသည့် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆု မောင်စကြဝဠာဆုရသူ (ရုရှား)

Oleg Makchatsev နှင့် ဒုတိယ (ဝဲစွန်)၊ တတိယဆုရသူ (ယာစွန်) တို့အား ဆုယူအပြီးတွေ့ရစဉ်

ဆုရရှိကြသူများအား (၅၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ ကျင်းပရေး နာယက မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ် ကြီးခင်ညွန့်က ဆုတံဆိပ်များ တစ်ဦးချင်း ချီးမြှင့်ခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေးက ဂုဏ်ပြုဆုလက်မှတ်များ ချီးမြှင့်ခဲ့သည်။

ဘင်တန်ဝိတ်တန်း ၆၅ ကီလိုတွင် ၁၄ ဦး အနက် နောက်ဆုံးဗိုလ်လုပွဲသို့ မြန်မာ၊ ကိုရီယား၊ ဘရာဇီး၊ အီဂျစ်၊ တရုတ် (ဟောင်ကောင်)၊ အဇာဘိုင်ဂျန်တို့မှ တစ်ဦးစီ စုစုပေါင်း ခြောက်ဦးတက်ရောက်လာခဲ့သည်။ ပထမဆုကို Jose Santos (ဘရာဇီး)၊ ဒုတိယဆုကို Anwar EL Amawy (အီဂျစ်)၊ တတိယဆုကို In Chai (ကိုရီးယား)၊ စတုတ္ထဆုကို Masimov Anatolu (အီဂျစ်)၊ ပဉ္စမဆုကို အောင်ခိုင်ဝင်း (မြန်မာ)၊ ဆဋ္ဌမဆုကို Lee Lap Chi (ဟောင်ကောင်) တို့က ဆုများ အသီးသီးရရှိခဲ့ကြသည်။

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ဆုတံဆိပ်များ ချီးမြှင့်ခဲ့ပြီး အားကစားဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုဆုလက်မှတ်များ တစ်ဦးချင်း ချီးမြှင့်ခဲ့ကြသည်။

လိုက်ဝိတ်တန်း ကီလို ၇၀ တွင် ပြိုင်ပွဲဝင် ၁၅ ဦး ပါဝင် ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲသို့ ကိုရီးယားမှ နှစ်ဦး၊ တောင်အာဖရိက၊ ဆလိုဗက်ကီးယား၊ ဂျာမနီ၊ အီဂျစ်တို့မှ တစ်ဦးစီ၊ ပေါင်း ခြောက်ဦး တက်ရောက်ခဲ့သည်။ ပထမဆုကို Igor Kocis (ဆလိုဗက်ကီးယား)၊ ဒုတိယဆုကို Yossri Sayed (အီဂျစ်)၊ တတိယဆုကို Han Dong Ki (ကိုရီးယား)၊ ပဉ္စမဆုကို Young Sub Lee (ကိုရီးယား)၊ ဆဋ္ဌမဆုကို Werner Zenk (ဂျာမနီ) တို့ ငါးဦးက ဆုအသီးသီး ရရှိခဲ့ကြပြီး စတုတ္ထဆုရှင် တောင်အာဖရိကသား အား မဖွယ်မရာ ကိုယ်ဟန်ပြခဲ့မှုအတွက် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများက ပြိုင်ပွဲမှ ပယ်ချခဲ့သည်။


မြန်မာနိုင်ငံတွင် ကျင်းပသောကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲ



မောင်စကြဝဠာ (၂၀၀၁) ပထမဆုရ Oleg Makchatsev
အား ဆုနှင့်အတူတွေ့ရစဉ်

ဝယ်လ်တာဝိတ်တန်း ၇၅ ကီလိုတွင် ပြိုင်ပွဲဝင် ၁၆ ဦး ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲသို့ အဇာဘိုင်ဂျန်၊ ဆလိုဗက်ကီးယား၊ ကိုရီးယား၊ မြန်မာ၊ ဂျာမနီ၊ ချက်သမ္မတနိုင်ငံတို့မှ တစ်ဦးစီ တက်ရောက်ခဲ့ကြသည်။ ပထမဆုကို Tagir Fakhrudinov (အဇာဘိုင်ဂျန်)၊ ဒုတိယဆုကို Pavlo Milos (ချက်) တတိယဆုကို ဇော်သိန်းနိုင် (မြန်မာ)၊ စတုတ္ထဆုကို Kim Myung Sub (ကိုရီးယား)၊ ပဉ္စမဆုကို Derzahf Eduard (ဂျာမနီ)၊ ဆဋ္ဌမဆုကို Andrej Mozolan (ဆလိုဗက်ကီးယား) တို့ ရရှိခဲ့ကြသည်။ ဆုရရှိသူများအား စစ်ရေးချုပ် ဗိုလ်ချုပ် သိန်းစိန်က ဆုတံဆိပ်များ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်က ဂုဏ်ပြုဆုလက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။

မစ်ဒယ်လ်ဝိတ်တန်း ကီလို ၈၀ တွင် ပြိုင်ပွဲဝင် ၂၂ ဦး ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲသို့ ရုရှား၊ နှစ်ဦး၊ ဆလိုဗက်ကီးယား၊ ဂရိ၊ ဂျာမနီ၊ အီဂျစ်တို့မှ တစ်ဦးစီ၊ ပေါင်း ခြောက်ဦး တက်ရောက်ခဲ့ကြသည်။ ပထမဆုကို Serguei Dimitriev (ရုရှား)၊ ဒုတိယဆုကို Pavlos Mertis (ဂရိ)၊ တတိယဆုကို Frank Schramm (ဂျာမနီ)၊ စတုတ္ထဆုကို Tamer Shahat (အီဂျစ်)၊ ပဉ္စမဆုကို Juraj Vrabel (ဆလိုဗေးကီးယား)



ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင် အတိုးတက်ဆုံး
ကာယဗလသမားဆုရ အောင်နိုင် (မြန်မာ)

ဆဋ္ဌမဆုကို II Ya Goroshko (ရုရှား:) တို့က ဆုအသီးသီး ရရှိခဲ့ကြသည်။ ဆုတံဆိပ်များကို သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေက ချီးမြှင့်ခဲ့ပြီး၊ IFBB မှ လက်ဘန္ဓန်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုလက်မှတ်များ တစ်ဦးချင်း ချီးမြှင့်ခဲ့ကြသည်။

လိုက်ဟဲဗီးဝိတ်တန်း ကီလို ၉၀ တွင် ပြိုင်ပွဲဝင် ၂၀ ဦး ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲသို့ အင်္ဂလန်၊ ရုရှား၊ ပိုလန်၊ ဂျာမနီ၊ ဆိုက်ပရပ်(စ်)၊ ချက်သမ္မတနိုင်ငံတို့မှ တစ်ဦးစီ တက်ရောက်ခဲ့ကြသည်။ ပထမဆုကို Thomas Scheu (ဂျာမနီ)၊ ဒုတိယဆုကို Pawel Brzozka (ပိုလန်)၊ တတိယဆုကို Pavel Ershov (ရုရှား:)၊ စတုတ္ထဆုကို Kurcik Ladislav (ချက်နိုင်ငံ)၊ ပဉ္စမဆုကို Stavros Malactos (ဆိုက်ပရပ်)၊ ဆဋ္ဌမဆုကို Ian Dowe (အင်္ဂလန်) တို့ ရရှိခဲ့ကြသည်။ တစ်ဦးချင်း ဆုတံဆိပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဝင်းအောင်က ချီးမြှင့်ပြီး ဂုဏ်ပြုဆုလက်မှတ်များကို အာရုကာယဗလအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာမာဂဲလီယက်ဘူလတ်က ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဟဲဗီးဝိတ်တန်း ကီလို ၉၀ အထက်တွင် ပြိုင်ပွဲဝင် ၁၄ ဦး ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲသို့ ပိုလန်မှ နှစ်ဦး၊ ရုရှား၊ လစ်သူယေးနီးယား၊ လက်ဘန္ဓန်၊ ချက်သမ္မတနိုင်ငံတို့မှ တစ်ဦးစီ တက်ရောက်ခဲ့ကြပြီး၊ ပထမဆုကို Oleg Makchatsev (ရုရှား:)၊ ဒုတိယဆုကို Mariusz Strelski (ပိုလန်)၊ တတိယဆုကို Piotr Glushowski (ပိုလန်)၊ စတုတ္ထဆုကို Peter Weinlich (ချက်)၊ ပဉ္စမဆုကို Rolandas Pocius (လစ်သူယေးနီးယား:)၊ ဆဋ္ဌမဆုကို Mohamed Anouti (လက်ဘန္ဓန်) တို့က ရရှိခဲ့ကြသည်။ ဆုရရှိကြသူများအား ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆုတံဆိပ်တစ်ဦးချင်း ချီးမြှင့်ပြီး ၊ ဂုဏ်ပြုလက်မှတ်များကို ဆေးဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာရောဘတ်မာတင်ဂိုးလ်မင်းက တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ထည့်သွင်းကျင်းပခဲ့သည့် ပြိုင်ပွဲဝိတ်တန်း ၇ ခု၏ ပထမဆုရချန်ပီယံများသာ ဆက်လက်ပါဝင်ယှဉ်ပြိုင်ရသည့် မောင်စကြဝဠာ (Mr.Universe) ပြိုင်ပွဲတွင် ပထမဆုကို Oleg Makchatsev (ရုရှား:) က ရရှိခဲ့ရာ ၂၀၀၁ ခုနှစ် မောင်စကြဝဠာဆု ရရှိခဲ့ခြင်းပင်ဖြစ်သည်။ ဒုတိယဆုကို Thomas Scheu (ဂျာမနီ)၊ တတိယဆုကို Tagir Fakhrudinov (အဇာဘိုင်ဂျန်) တို့ ရရှိခဲ့ကြသည်။ IFBB အာရုဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ၊ အာရုကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး မစ္စတာပေါလ်ချုဝါက ဆုများချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲကြီးတစ်ခုလုံးအပေါ် အဆုံးအဖြတ်ပေးသည့် အတိုးတက်ဆုံး ကာယဗလသမားဆု (Most Improved Body-builder) ကို မြန်မာနိုင်ငံမှ အောင်နိုင် (ဖလိုင်းဝိတ်တန်း ဒုတိယဆုရှင်) က ရရှိခဲ့သည်။

အသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲတွင် ရုရှားနိုင်ငံက ပထမ၊ ကိုရီးယားနိုင်ငံက ဒုတိယနှင့် အီဂျစ်နိုင်ငံက တတိယ အသီးသီး ရရှိသွားကြသည်။

မြန်မာ့လက်ရွေးစင် ကာယဗလသမား ရှစ်ဦးပါဝင် ယှဉ်ပြိုင်ခဲ့ရာ ဗိုလ်လုပွဲသို့ ၄ ဦး တက်ရောက်နိုင်ခဲ့ကြသည်။ ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်၏ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်အရ ပြိုင်ပွဲဝင်တစ်နိုင်ငံမှ ဗိုလ်လုပွဲတွင် နှစ်ဦး အများဆုံး တက်ရောက်ခွင့်ရှိပြီး၊ အားကစားသမား၏ အနေအထား ကောင်းသော်လည်း၊သတ်မှတ်လူဦးရေပြည့်လျှင် ဗိုလ်လုပွဲ၌ ပါဝင်ခွင့်မရှိတော့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဖလိုင်းဝိတ်တန်း ဒုတိယဆုနှင့် အတိုးတက်ဆုံး ကာယဗလသမား (၂၀၀၁) ဆုကို အောင်နိုင်၊ ဖလိုင်းဝိတ်တန်း တတိယဆုကို ထွန်းထွန်းအောင်၊ ဘင်တန်ဝိတ်တန်း ပဉ္စမဆုကို အောင်နိုင်ဝင်း၊ ဝယ်လ်တာဝိတ်တန်း တတိယဆုကို ဇော်သိန်းနိုင်တို့ အသီးသီး ရရှိခဲ့ကြသည်။ ဝင်းလွင် (ဖလိုင်းဝိတ်)၊ စိုးမိုးအောင် (ဘင်တန်ဝိတ်)၊ မင်းဇော်ဦး (ဝယ်လ်တာဝိတ်)၊ နေလင်း (မစ်ဒယ်လ်ဝိတ်) တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဆုရရှိခြင်း မရှိခဲ့ချေ။

ကမ္ဘာ့ကာယဗလပြိုင်ပွဲ၏ ထုံးတမ်းစဉ်လာအရ အပြည်ပြည်ဆိုင်ရာ ကာယဗလအဖွဲ့ချုပ် (IFBB)က တားမြစ်ဆေးဝါးသုံးစွဲခဲ့ခြင်း ရှိ၊ မရှိ ဆေးစစ်ချက် ဆောင်ရွက်ခဲ့သည်။ ဓာတ်ခွဲခန်းအတည်ပြုချက် ရရှိအပြီး ဆုရရှိသူစာရင်း ပယ်ဖျက်ခြင်း၊ ဆုတံဆိပ် တစ်ဆင့်စီ တိုးမြှင့်သတ်မှတ်ခြင်း စသော နောက်ဆက်တွဲ ပြင်ဆင်ချက်များ ပြုလုပ်ခဲ့ရာ ဝယ်လ်တာဝိတ် (၇၅ ကီလို) တန်းတွင် မူလက တတိယဆုရခဲ့သည့် ဇော်သိန်းနိုင်အား ဒုတိယဆုသို့ တိုးမြှင့်သတ်မှတ်ကာ၊ ဝယ်လ်တာဝိတ် (၇၅ ကီလို) တန်းတွင်ပင် မင်းဇော်ဦးအား ဒသမနေရာသို့ တိုးမြှင့်ပေးအပ်ခဲ့သဖြင့် မြန်မာနိုင်ငံက အကောင်းဆုံးအမျိုးသားအသင်း (BEST NATIONAL TEAM) ပထမဆု ရရှိခဲ့ကြောင်း သိရှိရသည်။ စုစုပေါင်း ရမှတ် ၄၄ မှတ်ဖြင့် အကောင်းဆုံး အမျိုးသားအသင်းဆု ရရှိခဲ့ခြင်းဖြစ်သည်။

တိုထူး

မြန်မာနိုင်ငံတွင် ပေါ်ထွန်းသော ဆင်ဖြူတော်နှစ်စီး ။ ။မြန်မာသက္ကရာဇ် ၁၃၆၃ ခု၊ ခရစ်နှစ် ၂၀၀၁ ခု အောက်တိုဘာလ၊ တတိယအပတ်တွင်၊ သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဆင်ဖမ်းစခန်းမှ ဆင်ရိုင်းရှာဖွေရေးအဖွဲ့သည် ၊ မြန်မာနိုင်ငံအနောက်ဘက်ရှိ၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အထက်နန်းရာရွာအနီးတော အုပ်တွင်း၌ ဆင်ဖြူတစ်စီးကို တွေ့ရှိကြသည်။ ချွတ်ပြင်၊ အောင်သပြေတောအတွင်း၌ အခြားသာမန်ဆင်တစ်စီးနှင့် အတူတွေ့ရသောဆင်ဖြူမှာ အသက်ရှစ်နှစ်သားအရွယ် ဆင်ထီးကလေးဖြစ်ပြီး အရပ်ခြောက်ပေနီးပါးမြင့်သည်။ ဆင်ဖြူအသွင် လက္ခဏာများနှင့် ပြည့်စုံသော ဆင်ဖြူပေါက်ချောကလေးဖြစ်သည်။ မျက်လုံးနှစ်စုံမှာ ပုလဲရောင်ရှိပြီး၊ ကိုယ်ခန္ဓာအရောင်သည် ရေချိုးပြီးစနှင့် မိုးရေထဲတွင် ပန်းနုရောင်ဆောင်ပြီး၊ အေးမြသောဆောင်းနေရောင်တွင် နီရင့်ရောင်သို့ ပြောင်းသွားသည်။ ဂါဇေဗဒ၊ ဂါဇေသျှတ္တရနှင့် ဂါဇဝိနိစ္ဆရစသော ဆင်ဆိုင်ရာစာပေကျမ်းဂန်ကြီးများအရ၊ ဆင်ဖြူကြန်အင်လက္ခဏာနှင့် ပြည့်စုံကြောင်းသိရသည်။ ယင်းတို့ကား- ပုလဲအသွင်မျက်လုံး၊ ခွာများဖြူခြင်း၊ ကျောကုန်းသည် ငှက်ပျောကိုင်းသဏ္ဌာန်ကဲ့သို့ ညွတ်နေခြင်း၊ ကိုယ်ခန္ဓာနှင့် အမြီးရှိအမွေးများဖြူခြင်း၊ အမြီးဖျားသည် ပိတ်ထားသော တံခါးပုံစံရှိခြင်း၊ သာမန်ဆင်တို့၏ နားရွက်များထက် နားရွက်ကြီး ခြင်းတို့ ဖြစ်သည်။ တွေ့ရသောဆင်ပေါက်ကလေး၏ အမြီးသည်အောက်ခြေတွင် မည်းပြီး ထိပ်ဖျားဖြူသည်။ အရှည်ဖလက်မနှင့် အဝန်း ၅ လက်မရှိသော အစွယ်နှစ်ချောင်းပါသောကြောင့် စွယ်စုံဆင်ထီးကလေးဖြစ်သည်။ နားရွက်နှစ်ဖက်သည် သာမန်ဆင်တို့နားရွက်ထက်ကြီးမားသည်။ ရေချိုးပေးသောအခါကိုယ်ခန္ဓာအရောင်သည် ပန်းနုရောင်ပြောင်းသွားသည်။ အလွန်တည်ငြိမ်ယဉ်ပါး၍ လူနှင့်ရင်းနှီးသည်။ ဤဆင်ဖြူကလေးနှင့် ပတ်သက်၍ မြန်မာပညာရှင်ကြီးများနှင့် တိုင်ပင်ပြီး ဆရာတော်ဘုရားကြီးများထံမှ သြဝါဒခံယူကာ ဆင်ဖြူကလေးအား "ရာဇဂဟသီရိပစ္စယဂါဇရာဇာ" ဘွဲ့ကို ချီးမြှင့်သည်။

ရခိုင်ပြည်စစ်တွေမြို့မှ ရန်ကုန်မြို့သို့ အောင်ရတနာသင်္ဘောနှင့် ရာဇဂဟသီရိပစ္စယဂါဇရာဇာကို အခမ်းအနားနှင့် သယ်ဆောင်လာခဲ့ရာ နိဝင်ဘာလ ၁၅ ရက်နေ့၊ နေ့ခင်း ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော်၊ အောင်ဇေယျဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ထိုမှတစ်ဆင့် အင်းစိန်



ရာဇဂဟ သီရိပစ္စယ ဂါဇရာဇာဆင်ဖြူတော်ကလေး (ယာ)

မြို့.နယ်၊ မင်းဓမ္မကုန်းဥယျာဉ်ရှိ အသင့်ဆောက်လုပ်ထား သော ယာယီဆင်ဖြူတော်စံအိမ်သို့ အခမ်းအနား နှင့် သယ်ဆောင်သည်။ ခမ်းနားလှပစွာ မွမ်းမံထား သော အမိုး ဖွင့်ကား ပေါ်တွင် ဆင်ဖြူတော်ကလေး ကို ထီးဖြူနှစ်စင်းရဲ့ လျက်တင်ဆောင်လာသည်။ ရှေ့ပြေး ကား များနှင့် နောက်ပါ ကား များ ပေါ်တွင် မြန်မာမင်းခမ်းမင်းနား နှင့် ဝင်းခင်းလိုက်ပါ လာကြသည်။ ဆင်ဖြူတော်ကလေးနှင့်အတူ တောတွင်း၌ တွေ့ရသော ၅ နှစ်သား အရွယ် ဆင်ထီးကလေး "တိုင်းချမ်း အောင်"ကိုလည်း သီးခြား ကား ပေါ်တွင် အခမ်းအနား ဆင်ယင်၍ တင်ဆောင်လာသည်။ အလုံမြို့.နယ် မြန်မာ့သစ်လုပ်ငန်း ပိုင် အောင်ဇေယျဆိပ်ကမ်းမှ မင်းဓမ္မကုန်းဥယျာဉ်၊ ယာယီ ဆင်ဖြူတော်စံအိမ်အထိ လမ်းခရီးတစ်လျှောက် ဝဲယာမှ တန်းစီ၍ ကြိုဆိုကြည့်ရှုကြသော ရဟန်းရှင်လူပရိသတ်များ အထူးစည်ကား သည်။ ခရီးစဉ်၌ ရွှေတိဂုံစေတီတော် တည်ရှိရာ သိဂုံတွာရကုန်းတော်ကို လက်ယာရစ်တစ်ပတ်ပတ်၍ ပူဇော်ကန်တော့ကြသည်။

ယာယီစံအိမ်ရှိရာသို့ ရောက်လာသော အခါ နိုင်ငံတော် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကော်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး မင်းညွန့်.နှင့်အဖွဲ့.က ဆင်ဖြူတော် အား ဆီးကြိုကြသည်။ ဆင်ဖြူတော်ကလေး ရာဇဂဟသီရိ ပစ္စယဂါဇရာဇာနှင့် သူ၏ရောင်းရင်းဆင်ကလေး တိုင်းချမ်း အောင်တို့ကို ဆင်ဖြူတော်စံအိမ်အတွင်းသို့ နေရာချထား ပြီးသော အခါ ရေစင်သွန်းဖျန်းသော မင်္ဂလာ စတင်ကျင်းပ သည်။ သဗ္ဗဇေယျမင်္ဂလာ မန္တန်တော်ကို ရွတ်ဆိုချီနှင်တွင် ဆင်ဖြူတော်ကလေး၏ ဦးခေါင်းနှင့်ကိုယ်ခန္ဓာပေါ်သို့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်.က သပြေ ညွန့်.များနှင့်နံ့သာရေစင်ကို သွန်းလောင်းပက်ဖျန်းပေး သည်။ စိန္တာမဏိဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပြီး ခရုသင်းနှင့် စည်တော်တို့ကို သုံးကြိမ်တီးမှုတ်ကာ ဆင်ဖြူတော်ကြီးဆို၊ ရေစင်သွန်းအခမ်းအနား ကို အောင်မြင်စွာပြီးမြောက်သွား စေသည်။

ရာဇဂဟသီရိပစ္စယဂါဇရာဇာ ဆင်ဖြူတော်ကလေး ပေါ်ထွန်းလာပြီးနောက် နှစ်လနီးပါးအကြာ၊ နောက်ထပ် ဆင်ဖြူတစ်စီး ပေါ်ထွန်းလာပြန်သည်။ ခရစ်နှစ် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလက ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့.နယ် အတွင်း တောအုပ်များတွင် သာမန်ဆင်ရိုင်းရှစ်စီးနှင့် အတူ လှည့်လည်ကျက်စားနေသော ဆင်ဖြူတစ်စီးကို၊ ဒေသခံ လုံခြုံရေးနှင့် ထောက်လှမ်းရေးယူနစ်များမှ တာဝန်ရှိပုဂ္ဂိုလ် တို့ တွေ့မြင်ရကြောင်းကို အထက်အာဏာပိုင်အဖွဲ့.အစည်း အသီးသီးထံသို့ သတင်းပို့.ကြသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်.က သေချာစွာစုံစမ်းပြီး မှန် သောသတင်းဖြစ်ပါက၊ ဆင်ဖြူကို သိမ်းယူရန် ဆင်အဖွဲ့. စေလွှတ်ရန် ညွှန်ကြား သည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့.တွင် ဆင်ဖြူတစ်စီးအမှန် တွေ့.ရှိကြောင်း သတင်းပို့.သောကြောင့်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနခွဲမှ ဆင်ဖြူရှာဖွေသိမ်းယူရေးအဖွဲ့. ဖွဲ့.၍ စေလွှတ်သည်။ ရှစ်ဦးပါဝင်သော အဆိုပါအဖွဲ့.တွင် ရုံးချုပ်မှ ကွဲဖက်အထွေထွေမန်နေဂျာဦးအေးကြိုင် ခေါင်း ဆောင်၍ ဒီဇင်ဘာလ ၁၆ ရက်နေ့.တွင် ရခိုင်ပြည်နယ်သို့ သွားရောက်ကြသည်။ ဒေသခံ ဆင်ဖြူရှာဖွေထိန်းသိမ်းရေး အဖွဲ့.၊ ဒေသခံလုံခြုံရေးနှင့် ထောက်လှမ်းရေးယူနစ်တို့. ပူးပေါင်းကူညီမှုဖြင့် ဆင်စွယ်ရစခန်းကို အခြေစိုက်ပြီး သစ်တောများအတွင်း၌ ရှာဖွေကြသည်။ သီးတော၊ မောရဝတီ၊ ကိုင်းကြီးနှင့် ကင်းချောင်းရွာအစရှိသော ဧမရာ တောင်တန်းကြောင်းတစ်လျှောက်ရှိ စခန်းများသို့.လည်း ပြောင်းရွှေ့.ရှာဖွေကြသည်။

ထိုဒေသများတွင် ဆင်ရိုင်းပေါင်း ၂၅၀ ကျော် ကျက် စားနေသည်ဖြစ်ရာ၊ ယင်းတို့.အထဲ၌ ဆင်ဖြူရှိ၊ မရှိ၊ ရှာဖွေ ရာတွင် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့.မှသည် ၂၀၀၂ ခုနှစ်၊ ဧန်နဝါရီလ ၂၅ ရက်နေ့.အထိ တစ်လကျော် ကြာသည်။ ၂၀၀၂ ခုနှစ်၊ ဧန်နဝါရီလ ၂၅ ရက်နေ့.တွင် မြန်မာ့သစ်လုပ်ငန်း၊ တွဲဖက်မန်နေဂျာ ဦးညွန့်.ဝေခေါင်း ဆောင်သော ပေါင်းစည်းအဖွဲ့.သည် မောင်တောမြို့.နယ်၊ ကိုင်းကြီးချောင်း၏ ဝဲဘက်လက်တက်အနီး ကျက်စားနေ သော (၁၈) စီးပါ ဆင်ရိုင်းအုပ်စုတွင် ထူးခြား သော ဆင်ဖြူ တစ်စီးကို တွေ့မြင်ကြသည်။ ဧန်နဝါရီလ ၂၈ ရက်နေ့.နံနက် ၁၀ နာရီခန့်.တွင် ဆင်ရိုင်းကိုးစီးအုပ်စုတွင် ဆင်ဖြူတစ်စီးကို တွေ့.မြင်ကြပြန် သည်။ သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ ဆင်ယဉ်သုံးစီးနှင့် ဆင်ရိုင်းအုပ်စုကို ခွဲကြည့်သည်။ မြေပြန့်.သို့.ဆင်းလာစေရန် ဖြားယောင်းခေါ်ယူသည်။ ဆင်ဖြူအပါ အဝင် ဆင်လေးစီးအုပ်စုသည် မြေပြန့်.သို့.ဆင်းလာသော အခါ ဆင်သိမ်းအဖွဲ့.က ထက်ကြပ်မကွာလိုက်ကြသည်။ ညနေစောင်း၍ မိုးချုပ်ချိန်ရောက်လာသည်။ ညနေ ၅ နာရီ ခန့်.တွင် ကိုင်းကြီးချောင်းယာဘက်လက်တက်တွင် ဆင်ဖြူ ကိုမေ့ဆေးသေနတ်နှင့်ပစ်၍ ရရှိသည်။ ဖြာသိုလပြည့်နေ့. ည လရောက်အောက်တွင် ဆင်ဖြူကို သေချာစွာ ကွပ်ထိန်း ချည်ပြီးနောက် မေ့ဆေးဖြေပေး သည်။ ဆင်ယဉ်သုံးစီးတွဲပြီး ကင်းချောင်းအနီးရှိ ယာယီဆင်လေ့ကျင့်ရေးစခန်းဖြစ်သော

ပခက်ရုံစခန်းသို့ ဆောင်ယူလာကြသည်။ ညဉ့် ၁၁ နာရီတွင် စခန်းသို့ ချောမောစွာရောက်ရှိကြသည်။

ဆင်ဖြူကို သိမ်းယူစဉ်က ရုန်းကန်သောကြောင့် မတော်တဆရခဲ့သော ကြိုးချည်ဒဏ်ရာများနှင့် အပွန်းအပဲ့များကို စခန်းတွင်တစ်လကြာ (၂၉-၁-၂၀၀၂ မှ ၂၈-၂-၂၀၀၂ အထိ) ဆေးကုသပေးပြီး ယဉ်ပါး၊ သိမ်မွေ့၊ တည်ငြိမ်လာစေရန်လည်း လေ့ကျင့်ပေးသည်။ သည့်နောက် လုံခြုံရေးအတွက် ဆင်ဖြူကို ဘူးသီးတောင်မြို့နယ်ရှိ၊ ထောက်လှမ်းရေးယူနစ်ရုံးဝင်းအတွင်းသို့ ပြောင်းရွှေ့သယ်ဆောင်ထားရှိသည်။ ယင်းနေရာသစ်မှာလည်း ဆင်ဖြူသည် တစ်လကြာ (၁-၃-၂၀၀၂ မှ ၃၀-၃-၂၀၀၂ အထိ) ဆေးကုသမှုနှင့် လေ့ကျင့်မှုကို ခံယူပြီးနောက်၊ အကောင်းပကတိအခြေသို့ ရောက်လာသောအခါ၊ ဆင်ယဉ်အထီး ရွှေတိုးဝင်း" ကို အဖော်ပြုပြီး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ ရေကြဲ" အမည်ရှိ ဇက်ရေယာဉ်နှင့် စစ်တွေမြို့သို့ ၃၁-၃-၂၀၀၂ နေ့တွင် သယ်ယူလာသည်။ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် မြန်မာ့သစ်လုပ်ငန်းပိုင် အောင်ရတနာ" ဇက်ရေယာဉ်နှင့် ဆင်ဖြူကို ရန်ကုန်မြို့သို့ သယ်ဆောင်လာရာ၊ ဧပြီလ ၅ ရက်နေ့၊ နံနက် ၉ နာရီတွင် အလုံမြို့နယ်ရှိမြန်မာ့သစ်လုပ်ငန်းပိုင် အောင်ဇေယျသစ်ဆိပ်ကမ်းသို့ ချောမောစွာရောက်ရှိလာသည်။ ထို့နောက် သစ်တောဌာန၏ လော်ကားဥယျာဉ်သို့ ဆင်ဖြူကို ကားနှင့်ဆောင်ယူခဲ့ရာ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရောက်ရှိရာ ဥယျာဉ်တွင်း၌ ကြိုတင်တည်ဆောက်ထားသော ယာယီဆင်ဖြူစံအိမ်တွင် နေရာချထားပေးသည်။

၂၀၀၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်တွင် နိုင်ငံတော်အေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် လော်ကားဥယျာဉ်သို့ ရောက်ရှိလာပြီး ဆင်ဖြူကို စစ်ဆေးကြည့်ရှု၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးလျက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဒုတိယမြောက်ပေါ်ထွန်းလာသော ဆင်ဖြူမှာ ဆင်မဖြစ်ပြီး သက်တမ်းအားဖြင့် ၂၅ နှစ်ခန့်ရှိသည်။ နွာနုံ့နှစ်အရောင်ရှိသည်။ အလွန်သိမ်မွေ့ယဉ်ပါးပြီး ထူးခြားသော လက္ခဏာများပါရှိသည်။ အရပ် ၇ ပေ ၂ လက်မ၊ ကိုယ်လုံး ကိုယ်ထည် ၁၀ ပေ ၇ လက်မ၊ ကျောအလျား ၇ ပေ ၂ လက်မနှင့် အမြီးအရှည် ၃ ပေ ၈ လက်မရှိပြီး အမြီးတွင် အမွေးနီများရှိသည်။ မျက်လုံးအစုံမှာ ပုလဲရောင်အဆင်း၊ ကိုယ်ခန္ဓာသည် ပန်းနုရောင်ဖျော့ဖျော့အရောင်၊ ရေနှင့်ထိတွေ့ပါက တောက်ပသောပန်းရောင်ပြောင်းသည်။ အမွေးဖြူများပါရှိပြီး ကျောသည် ၄ က်ပျော်ကိုင်းကဲ့သို့ ပုံစံရှိသည်။ နား၊ရွက်များသည် သာမန်ဆင်များ နား၊ရွက်ထက်ကြီးမားသည်။



သီဂီမာလာ ရတနာဆင်ဖြူတော်

ကြေးစည်ပုံစံရှိသည်။ ရှေ့ခြေနှစ်ချောင်းတွင် ခြေညှိုးလေးချောင်းစီရှိသည်။ နောက်ခြေနှင့်ခွာများသည် ပန်းနုရောင်များထနေသည်။ အဖြူရောင် မျက်တောင်မွေးများပါပြီး စွယ်စုံပါသော ဆင်ဖြူမဖြစ်သည်။ ဆင်ဖြူတော် အမကလေးအား သိဂီမာလာ ရတနာဆင်ဖြူတော်ဟု ဘွဲ့မည်ပေးသည်။ ယခုအချိန်အထိ ပေါ်ထွန်းပြီးသော ဆင်ဖြူနှစ်စီးရှိရာ၊ အထီးနှင့်အမစုံသည်။ မင်းဓမ္မကုန်း ဥယျာဉ်ရှိ ဆင်ဖြူတော်စံအိမ်ဝယ် အဖော်ဆင်နှစ်စီးနှင့်အတူ ထားရှိရာ ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူတို့ နေ့စဉ် လာရောက်ကြည့်ရှုပြီး ဆင်ဖြူနှစ်စီးအတွက် လှူဒါန်းနေကြသည်။

တစ်မူထူးခြားသော တိရစ္ဆာန်ဖြူတို့ကို ရှေးအကျဆုံးယဉ်ကျေးမှုများတွင် နိမိတ်ကောင်းသည်။ လာဘ်ကောင်းသည်။ ဘုန်းကျက်သရေတိုးစေသည်ဟု ယူဆကာ အထွတ်အမြတ်ထား မွေးမြူထားကြသည်။ ကျီးဖြူ၊ ဒေါင်းဖြူ၊ နွားဖြူ၊ ကျွဲဖြူ၊ ကျား၊ ဖြူ၊ မြင်းဖြူနှင့် ဆင်ဖြူတို့ကို မင်္ဂလာရှိသော အထိမ်းအမှတ် သူတော်ကောင်း သတ္တဝါအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ မိုးကောင်းပြီးကောက်ပဲသီးနှံဖြစ်ထွန်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို သယ်ဆောင်လာသော သတ္တဝါများအဖြစ်လည်းကောင်း၊ ယင်းသတ္တဝါများပိုင်ရှင်များနှင့် ယင်းသတ္တဝါတို့ ပေါ်ထွန်းသောနိုင်ငံများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး၊ တိုင်းသူပြည်သာ်းတို့အပေါ် ကောင်းကျိုးချမ်းသာရောက်စေသည်ဟု အစဉ်အလာ ယုံကြည်ကြသည်။

ဗုဒ္ဓဘာသာတွင် ဘုရားလောင်းသည် နုစဉ်ဘဝများ၌ ဆဒ္ဒန်ဆင်မင်းဘဝ ရောက်ခဲ့ခြင်းသည်လည်းကောင်း၊ ဝေဿန္တရာမင်းကြီးဘဝ၌ မိုးခေါ်ပေးသော ပစ္စယဆင်ဖြူတော်ကို လှူမိသောကြောင့်၊ ပြည်သူတို့ငြိုငြင်ခံရကာ၊ တောထွက်ခဲ့ရခြင်းသည်လည်းကောင်း၊ မယ်တော်မဟာမာယာသည် မိမိဝမ်းတိုက်တွင်၌ ဘုရားလောင်းသန္ဓေတည်မည့်အကြောင်းကို ကောင်းကင်ယံမှ ဆင်ဖြူတော်သည် နာမောင်းတွင် အောင်သပြေခက်ကို ချီ၍ ညာဘက်မှ ဝမ်းတိုက်တွင်းသို့ ဝင်လာသည်ဟု အိပ်မက်မြင်မက်ခြင်းသည်လည်းကောင်း၊ အခြားသော ဇာတ်နိပါတ်တော်များတွင် ဆင်ဖြူတော်အခန်းများ ပါဝင်ခဲ့ခြင်းသည်လည်းကောင်း၊ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံများတွင် ဆင်ဖြူတော်ကို အမြတ်တနိုး မွေးမြူထိန်းသိမ်း ပိုင်ဆိုင်လိုကြသော အကြောင်းရင်းခံများဖြစ်သည်။

ယနေ့တိုင်အောင် မြန်မာနိုင်ငံသည် သစ်တောကြီးများစွာ ရှိနေသေးသဖြင့် သတ္တဝါမျိုးနွယ် စုပေါင်းများစွာ ကျက်စားရာ ဘူမိနက်သန်ဖြစ်သည်။ ထို့ကြောင့်ဆင်ရိုင်းများသာမက ဆင်ဖြူတို့၏ ဂေဟဖြစ်သည်။ ဆင်ဖြူသည်ကား ဗုဒ္ဓစာပေကျမ်းဂန်များအရ၊ စကြဝတေးမင်းတို့၏ အင်္ဂါလက္ခဏာတစ်ပါးဖြစ်ရာ၊ တန်ခိုး၊ အာဏာ၊ ဘုန်းတေဇာ၊ ကျက်သရေမင်္ဂလာ၊ အချုပ်အခြာအာဏာ၊ ငြိမ်းချမ်းသာယာဝပြော၊ ဆန်ရေစပါးပေါများမှုတို့၏ အထိမ်းအမှတ်ကြီးဖြစ်သည်။ ရခိုင်၊ မွန်၊ ရှမ်း၊ ဗမာစသော မြန်မာတိုင်းရင်းသားမင်းအားလုံးသည် ဆင်ဖြူကို ပိုင်ဆိုင်ရယူလိုကြသည်။ ဆင်ဖြူရသော မင်းတိုင်း ဆင်ဖြူရှင်ဘွဲ့ကို ခံယူကြသည်။ မြန်မာ့သမိုင်းတွင် အနော်ရထာ (အေဒီ ၁၀၄၄–၇၇)၊ အလောင်းစည်သူ (အေဒီ ၁၁၁၂–၆၇)၊ ကျော်စွာ (အေဒီ ၁၃၄၃–၅၀)၊ မင်းကြီးစွာစော်ကဲ (အေဒီ ၁၃၆၈–၁၄၀၁)၊ ဝါရိရု (အေဒီ ၁၂၈၇–၁၂၀၆)၊ ရာဇာဓရာဇ် (အေဒီ ၁၃၈၅–၁၄၂၃)၊ မင်းရာဇာကြီး (အေဒီ ၁၅၉၃–၁၆၁၃)၊ ဘုရင့်နောင် (အေဒီ ၁၅၅၁–၈၁)၊ အလောင်းမင်းတရားကြီး (အေဒီ ၁၇၅၂–၆၀)၊ ဆင်ဖြူရှင် (အေဒီ ၁၇၆၃–၇၆)၊ ဘိုးတော်ဘုရား (အေဒီ ၁၇၈၂–၁၈၁၉)၊ ဘကြီးတော် (အေဒီ ၁၈၁၉–၁၈၃၇) နှင့် မင်းတုန်းမင်း (အေဒီ ၁၈၅၃–၇၈) တို့သည်ကား ဆင်ဖြူရ၍ "ဆင်ဖြူရှင်" ဘွဲ့ခံ ထင်ရှားသော မြန်မာတိုင်းရင်းသား မင်းများဖြစ်သည်။ ဘိုးတော်ဘုရားသည် နိဗ္ဗာန်နပစ္စယဂါဇရာဇာဘွဲ့ခံ ဆဒ္ဒန်ဆင်ကိုပါ ရရှိသောကြောင့် ဆင်ဖြူရှင်ဘွဲ့အပြင် ဆဒ္ဒန်ဆင်မင်းသခင်ဘွဲ့ကိုပါ ခံယူသည်။ ထိုဆင်ဖြူတော်သည် မင်းဝါးဆက်အထိ အမှူထမ်းသွားသည်။

မြန်မာ စာပေ၊ ဂီတ၊ တေးသီချင်း၊ ဇာတ်သဘင်တို့တွင် ဆင်ဖြူတော်ကိုဂုဏ်ပြုသော အရေးအသား အဖွဲ့အနွဲ့ အသီအကုံးများစွာရှိရာ မော်ကွန်း၊ လင်္ကာ၊ ရတု၊ သီ ချင်းကြီး သီချင်းခန့်နှင့် ဝတ္ထုများစွာရှိသည်။ အလားတူဆင်ဖြူတော်ကို အကြောင်းပြု၍ ဟိုင်းကြီးကျွန်း၊ ရှင်မဖြူကျွန်း (ဆင်မဖြူကျွန်း) ဆင်ဖြူကျွန်း၊ ရှင်မတောင် (ဆင်ဖြူမတောင်) ဆင်တည်းဝ၊ ဆင်များရှင်ဘုရား၊ ဆင်ဖြူတံတား (ဆင်တံတား) ဆင်ဖြူကန်၊ ဆင်တဲတို့က် (ဘုန်းကြီးကျောင်း) စသော အရပ်ဒေသ၊ တော၊ တောင်၊ ကျွန်း၊ နေရာဌာန အဆောက်အအုံများရှိနေသည်မှာ ဆင်ဖြူကို နိုင်ငံတော်၏ အချုပ်အခြာအာဏာ အထိမ်းအမှတ်အဖြစ် မြတ်နိုးခဲ့ကြောင်း ထင်ရှားသော သာဓကများဖြစ်သည်။


ဒေါက်တာ ခင်မောင်ညွန့်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက် ။ ။ လူသား:မျိုးနွယ်ကို အညွှန့်တုံး:စေသော ကြောက်မက်ဖွယ်မူးယစ်ဆေး:ဝါး:အန္တရာယ်ကို ပြည်သူတစ်ရပ်လုံး: မျက်ဝါး:ထင်ထင် သိမြင်နား:လည်ပြီး: ရှောင်ရှား:နိုင်ရန်နှင့် မြန်မာနိုင်ငံ ခေတ်အဆက်ဆက် မူးယစ်ဆေး:ဝါး: ပပျောက်ရေး:ကြိုး:ပမ်း:ဆောင်ရွက်ချက်များ:ကို နိုင်ငံတကာက အဖြစ်မှန်အတိုင်း: သိရှိနား:လည်စေရန်တို့အတွက် နိုင်ငံတော်အေး:ချမ်း:သာယာရေး:နှင့် ဖွံ့ဖြိုး:ရေး:ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး:ဦး:စီး:ချုပ် ဗိုလ်ချုပ်မှူး:ကြီး:သန်း:ရွှေ၏ လမ်း:ညွှန်ချက်နှင့်အညီ တည်ဆောက်ပြီး:စီး:သွား:သည့် မူးယစ်ဆေး:ဝါး: ပပျောက်ရေး: အထိမ်း:အမှတ်ပြတိုက်ဖွင့်ပွဲ အခမ်း:အနား:ကို ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ကျွန်း:တော်လမ်း:နှင့် ဟံသာဝတီလမ်း:ထောင့်ရှိ အဆိုပါ မူးယစ်ဆေး:ဝါး:ပပျောက်ရေး: အထိမ်း:အမှတ်ပြတိုက်ရှေ့ ဥပစာ၌ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့က ကျင်းပရာ နိုင်ငံတော်အေး:ချမ်း:သာယာရေး:နှင့် ဖွံ့ဖြိုး:ရေး:ကောင်စီ အတွင်း:ရေး:မှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး: ခင်ညွှန့်. တက်ရောက်မိန့်ခွန်း:ပြောကြား:ပြီး: မူးယစ်ဆေး:ဝါး: ပပျောက်ရေး: အထိမ်း:အမှတ်ပြတိုက် ကမ္ဘည်း:မော်ကွန်း: ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး:သည်။

ဤပြတိုက်ကြီး:သည် နိုင်ငံတော်အေး:ချမ်း:သာယာရေး:နှင့် ဖွံ့ဖြိုး:ရေး:ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး:ကြီး:သန်း:ရွှေ၏ မှန်ကန်သော ဦး:ဆောင်မှုအောက်တွင် နိုင်ငံတော်အစိုး:ရနှင့် တိုင်း:ရင်း:သား:ခေါင်း:ဆောင်များ:၊ တိုင်း:ရင်း:သား:ပြည်သူများ:၊ မူးယစ်ဆေး:ဝါး:နှင့် စိတ်ကိုပြောင်း:လဲစေသော ဆေး:ဝါး:များ: အန္တရာယ်တား:ဆီး:ကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်း:အဖွဲ့များ: ပူး:ပေါင်း:ပြီး: အမျိုး:သား:ရေးအသိစိတ်ဓာတ် ပြင်း:ပြစွာဖြင့် တက်ညီလက်ညီ ဝိုင်း:ဝန်း:ကြိုး:ပမ်း: ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မူးယစ်ဆေး:ဝါး:တိုက်ဖျက်ရေး: သမိုင်း:စဉ်ကို ပကတိအတိုင်း: ဖော်ညွှန်း:ပြသသည့် သမိုင်း:မှတ်တိုင်ကြီး:တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေး:ဝါး:သမိုင်း:ကြောင်း:ကို ပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ် ဗြိတိသျှနယ်ချဲ့အစိုး:ရသည် နယ်စပ်အစွန်အဖျား:မှ ရိုး:သား:ပြီး: မသိနား:မလည်သည့် တိုင်း:ရင်း:သား:လူမျိုး:များ:အတွင်း: ဘိန်း:စိုက်ပျိုး:အသက်မွေး:မှုကို စတင်မျိုး:စေ့ချပေး:ခဲ့ခြင်း:မှ စကင်ခဲ့သည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှသို့ ဘိန်း: စတင်ရောက်ရှိလာမှု၏ အဓိကတရား:ခံသည် ကိုလိုနီနယ်ချဲ့တို့ပင် ဖြစ်သည်။ ကိုလိုနီနယ်ချဲ့ ခေတ်ကာလတွင် မူးယစ်ဆေး:ဝါး:ကို လက်နက်အဖြစ် အသုံး:ချခဲ့ခြင်း:ကို ဘိန်း:စစ်ပွဲ၏ နောက်ပိုင်း:ကာလများ:တွင် အထင်အရှား: တွေ့ခဲ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေး:ရပြီး:နောက်တွင် ကိုလိုနီဆိုး:မွေဖြစ်သည့် ဘိန်း:စိုက်ပျိုး:ထုတ်လုပ်မှုကို



မြန်မာနိုင်ငံမူးယစ်ဆေး:ဝါး:ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဖွင့်ပွဲ အခမ်း:အနား:မြင်ကွင်း



ကုန်းဘောင်ခေတ် ပဒုံမင်းလက်ထက် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အမိန့်ပြန်တမ်းထုတ်ပြန်နေပုံ

သက်ဆိုးရှည်အောင် မသမာသူများက ဖန်တီးလုပ်ဆောင်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးမင်းများလက်ထက်မှ ယနေ့ခေတ်ကာလအထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အလေးထားကြိုးပမ်းခဲ့သည်။ မြန်မာ့တပ်မတော်ကလည်း ဘုရင့်နောင်၊ ဆင်ဖြူရင်၊ ရန်ကြီးအောင်၊ မဲခေါင်၊ မိုးဟိန်းစစ်ဆင်ရေးများဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်တားဆီးခဲ့သည်။

ယနေ့ခေတ်ကာလတွင် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာ၌ တိုက်ဖျက်ချေမှုန်းရေးအပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးရင်း ဒေသခံပြည်သူများ၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်မှုနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းပပျောက်စေရန် စည်းရုံးမှု၊ ပညာပေးမှုများပါ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများက နိုင်ငံ့စေတနာကို ယုံကြည်လက်ခံလာပြီး နိုင်ငံတော်နှင့် အင်တိုက်အားတိုက်လက်တွဲကာ ဘိန်းပပျောက်ရေးကို တက်တက်ကြွကြွဆောင်ရွက်လာခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသသည် ဘိန်းပပျောက်သည့် ဒေသအဖြစ် စတင်ပေါ်ပေါက်လာခဲ့သည်။ ဤသို့ပင် ကိုးကန့်ဒေသနှင့် 'ဝ' ဒေသတို့ ၌လည်း ၂၀၀၅ ခုနှစ်များတွင် ဘိန်းလုံးဝ ပပျောက်ရမည်ဟူသော ရည်မှန်းချက်ဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၏ဦးဆောင်မှု၊ ဒေသခံပြည်သူများ အားတက်သရောကူညီမှုတို့ဖြင့် ဘိန်းအစားထိုး စီးပွားရေးလုပ်ငန်းများ အစီအရီပေါ်ထွက် လာခဲ့ပြီဖြစ်သည်။ နိုင်ငံတော် အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ လမ်းညွှန်သည့်အတိုင်း မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ (၁၅) နှစ် စီမံကိန်းကို ရေးဆွဲပြီးကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။


မူးယစ်ဆေးဝါးပြဿနာသည် လူသားအားလုံးနှင့် သက်ဆိုင်သည့်အတွက် တစ်နိုင်ငံတည်းပြဿနာ မဟုတ်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံအားလုံး နားလည်မှုရှိစွာ လက်တွဲပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်သည့်လုပ်ငန်းဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်နှင့်အညီ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသတွင်း နိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများနှင့်အတူ မူးယစ်ဆေးဝါးပပျောက်ရေးကိုထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်လိုက်သော မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သည် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး ဆောင်ရွက်ချက်များ၏ လက်တွေ့အကောင်အထည်ဖော်သော သက်သေသာဓကတစ်ရပ်ပင်ဖြစ်သည်။ ဤပြတိုက်ကြီးကို နိုင်ငံတော်၏ မတည်ငွေ ကျပ်

၅၁၄ သန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနများက ထည့်ဝင်ငွေကျပ် ၂၀၇ သန်း၊ စေတနာရှင်ပြည်သူများက ထည့်ဝင်ငွေကျပ် သန်း ၁၀၀ စုစုပေါင်းငွေကျပ်သန်းပေါင်း ၈၂၀ ကျော် အကုန်ကျခံအကောင်ထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်မြေညီထပ်ပြခန်းပြကွက်များအနက် ပြကွက်(၁)၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရတနာစံပန်းချီပုံနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အဆိုဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်. မော်ကွန်းမှတ်တမ်းရေးသားနေပုံ ဆီဆေးပန်းချီကားတို့ကို ပြသထား သည်။

ပြကွက် (၂) တွင် ကမ္ဘာ့မြေပုံနှင့် ဘိန်းဖြူ၊ ဆေးခြောက်နှင့် ကိုကင်းသယ်ဆောင်ရာလမ်းကြောင်းပြ မြေပုံတို့ကို ရှင်းလင်းချက်များနှင့်လည်းကောင်း၊ ပြကွက် (၃) တွင် မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိလာပုံ မြေပုံပြကွက်နှင့် မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါး အမျိုးအစားများ၊ ဘိန်းစိမ်းနောက်ခံသမိုင်း၊ ဘိန်းစတင်ပေါ်ပေါက်လာပုံ၊ ဘိန်းပင်၊ ဘိန်းပန်း၊ ဘိန်းသီးနမူနာများကို ပြသထား သည်။



မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ပြသထားသောပြကွက်တစ်ကွက်

အမိန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးကိုးကန့်ဒေသခရီးစဉ်တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံနှုတ်ဆက်နေပုံ ဆီဆေးပန်းချီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်. ကိုးကန့်ဒေသနှင့် '၀' ဒေသဆက်သွယ်သည့် နမ့်တိန်တံတားဖွင့်ပွဲ ဆီဆေးပန်းချီ၊ ကိုးကန့်ဒေသ လောက်ကိုင် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးကိုးကန့်ဒေသခရီးစဉ်တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံနှုတ်ဆက်နေပုံ ဆီဆေးပန်းချီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်. ကိုးကန့်ဒေသနှင့် '၀' ဒေသဆက်သွယ်သည့် နမ့်တိန်တံတားဖွင့်ပွဲ ဆီဆေးပန်းချီ၊ ကိုးကန့်ဒေသ လောက်ကိုင် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)

ပြကွက် (၄) တွင် မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါးထိန်းချုပ်မှုပြကွက်နှင့် ပဒုံမင်း၏ မူးယစ်ဆေးဝါးဆိုင်ရာ အမိန့်ပြန်တမ်းများကို ပေစာဖြင့်ဖော်ပြခင်းကျင်းထား၍ ဘိန်းဘင်းကစော်၊ လှော်စာ၊ အရက် ပိတ်ပင်တားမြစ်ချက်များကို ပြသထား သည်။ ပြကွက် (၅)တွင် မူးယစ်ဆေးသုံးလူညွန့်တုံးဖြစ်ရပုံ မှတ်တမ်းဓာတ်ပုံတို့ကို ပြသထားပြီး ပြကွက် (၆) တွင် တရုတ်ဖြူကုမင်တန် ကျူးကျော်ဝင်ရောက်ခြင်း စစ်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ သတင်းစာ အထောက်အထား ရှင်းလင်းချက်များကို ဖော်ပြထား သည်။

ပြကွက် (၇) တွင် ဗိုလ်ပီတာလေယာဉ်ပျက်ကျခြင်းနှင့် တရုတ်ဖြူကူမင်တန် ပြန်လည်ဆုတ်ခွာသွားသည့် ရုပ်လုံးရုပ်ကြွပြကွက်၊ ပြကွက် (၈) တွင် ယွတ်လပ်ရေးရပြီး ၁၉၄၈ မှ ၁၉၆၂ အထိ မူးယစ်ဆေးဝါးပပျောက် ရေးကြိုးပမ်းမှုများ၊ ပြကွက် (၉) တွင် ၁၉၆၂ မှ ၁၉၇၄အထိ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများကိုပြသထား သည်။

ပြကွက် (၁၀) ၁၉၇၄ မှ ၁၉၈၈ အထိ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများပြကွက်တွင် တပ်မတော်မှ ဘိန်းချက်စခန်းများ ဖောက်ထုတ်ခြင်း၊ ဘိန်းချက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ ပြသခြင်းနှင့် ဘိန်းခင်းဖျက် ငရဲပန်းတောင်ရန်ရှင်းစစ်ဆင်ရေး ပန်းခြံရုပ်လုံးရုပ်ကြွများ ပြကွက်၊ Thrush ဆေးဖျန်းလေယာဉ်ပြကွက်၊ ငရဲပန်း စစ်ဆင်ရေး အဆင့် (၁) မှ (၈)၊ မိုးဟိန်းစစ်ဆင်ရေးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိုးဟိန်း အဆင့် (၆) လှုပ်ရှားမှု သမိုင်းဝင် ဓာတ်ပုံကြီး (၃) ပုံ ပြကွက်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မိုးဟိန်း အဆင့် (၈) လှုပ်ရှားမှုသမိုင်းဝင် ဓာတ်ပုံကြီး (၃) ပုံ ပြကွက်၊ မိုးဟိန်းအဆင့် (၁) မှ (၂) အထိ မှတ်တမ်းဓာတ်ပုံကြီးများနှင့် သတင်းစာအထောက်အထား များ၊ မိုးဟိန်းစစ်ဆင်ရေး တိုက်ပွဲဝင် သရုပ်ဖော်ပန်းချီကားနှင့် ရုပ်လုံးရုပ်ကြွများ ပြကွက်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိုးဟိန်းစစ်ဆင်ရေး အဆင့် (၆) ရုပ်လုံးဖော်ပြကွက် စီစီဝမ်တာပန် တိုက်ပွဲဝင် သရုပ်ဖော်ပန်းချီကားနှင့် ရုပ်လုံးရုပ်ကြွများပြကွက်၊ မုံးကျွတ် ဒေသ စစ်ဆင်ရေး၊ ဘာကျန် ဒေသ စစ်ဆင်ရေးများကို ပြသထား သည်။

ပြတိုက်ပထမထပ် ပြကွက် (၁) တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုပန်းချီကားကြီးကို ပြသထား ပြီး ပြကွက် (၂) တွင် မူးယစ်ဗဟိုအဖွဲ့ ဖွဲ့စည်းမှု၊ ဓလာ၊ လုပ်ငန်းတာဝန်များကိုပြသထား သည်။ ပြကွက် (၃) တွင် မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများကို ပြသထား ပြီး ပြကွက် (၄) ကွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိခြင်းပြကွက်ကိုပြသထား သည်။ ပြကွက် (၅) တွင် ကိုးကန့်ဒေသ သဲမြေပုံ ပြကွက်နှင့် ဖွဲ့ဖြိုးတိုးတက်မှုပြကွက်ကိုလည်းကောင်း၊ ပြကွက် (၆) တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိခြင်းဆိုင်ရာ မြေပုံနှင့် မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ပြသထား သည်။

ပြကွက် (၇) တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ဥပဒေစာအုပ်များ၊ မူးယစ်ဆေး



ဘိန်းအစားထိုးသီးနှံ လှေကားထစ်တောင်ယာစိုက်ခင်းသရုပ်ပြ ပြကွက်

ဝါးဆိုင်ရာ အမိန့်ကြော်ငြာစာများကို ပြသထား သည်။ ပြကွက် (၈) မူးယစ်အထူးအဖွဲ့များဖွဲ့စည်းခြင်း၌ မြန်မာပြည်မြေပုံပေါ်တွင် မူးယစ်အထူးအဖွဲ့ တည်နေရာများကို လျှပ်စစ်မီးဖြင့် ပြသခြင်း၊ နှစ်အလိုက်ဖွဲ့စည်းခဲ့သည့် အထူးအဖွဲ့များကို အရောင်ဖြင့်ခွဲခြားပြသခြင်း၊ မူးယစ် အထူးအဖွဲ့ဖွဲ့စည်းမှုစာရင်းဇယားပြသခြင်းတို့ကို ပြသထား သည်။ ပြကွက် (၉) တွင် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်, တိုင်းရင်းသားခေါင်းဆောင်များနှင့် ဘိန်းခင်းဖျက်ဆီးခြင်း ရုပ်လုံးရုပ်ကြွပြကွက်ကိုလည်းကောင်း၊ ပြကွက် (၁၀) တွင် ဝဒေသ သဲမြေပုံနှင့် ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မိုင်းယွန်း ဒေသဖွံ့ဖြိုးမှုများကို ပြသထားပြီး ပြကွက် (၁၁) တွင် စိတ်ကြွရူးသွပ်ဆေး၏ အဓိပ္ပာယ်နှင့် အမျိုးအစား၊ ဖော်ထုတ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ၊ ဝင်ထွက်ရာလမ်းကြောင်းပြမြေပုံ၊ စက်ပစ္စည်းများနှင့် စိတ်ကြွရူးသွပ်ဆေး၏ အန္တရာယ်တို့ကို ပြသထား သည်။

ပြကွက် (၁၂) တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပုံကို ပြသထားပြီး ပြကွက် (၁၃) မှာ ရွှေတြိဂံဒေသ သဲမြေပုံပြကွက်ဖြစ်သည်။ ပြကွက် (၁၄) တွင် နိုင်ငံတကာဆက်ဆံရေးဓာတ်ပုံမှတ်တမ်းများနှင့် စာချုပ်စာတမ်းများကို ပြသထားပြီး ပြကွက် (၁၅) တွင် မြန်မာ– အမေရိကန် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းအထွက်နှုန်းတိုင်းတာရေး ရုပ်လုံးရုပ်ကြွကို ပြသထား သည်။ ပြကွက် (၁၆) မှာ မိုင်းလားဒေသ သဲမြေပုံပြကွက်ဖြစ်ပြီး ပြကွက် (၁၇) မှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ် စီမံကိန်း၏ ပထမ (၅) နှစ် စီမံကိန်းဒေသ၊ ဒုတိယ (၅) နှစ် စီမံကိန်းဒေသ၊ တတိယ (၅) နှစ် စီမံကိန်းဒေသတို့ကို မြေပုံဖြင့် ပြသထားပြီး ပထမ (၅) နှစ်၏ ပထမနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စာရင်းဇယားများဖြင့် ပြသထား သည်။ ပြတိုက်ဒုတိယထပ်တွင် မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များ၊ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုများကို ခင်းကျင်းပြသထား သည်။

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးသည် ကမ္ဘာ့အလယ်တွင် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာနိုင်ငံဂုဏ်ဆောင် သမိုင်းမော်ကွန်း မှတ်တိုင်ကြီးအဖြစ် တည်ရှိနေပြီ ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ပြန်ကြား ရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်သည့် အခမ်းအနား ကို ၂၀၀၂ ခုနှစ်၊ ဧန်နဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဒ္ဒီ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧနီး ဒေါက်တာဒေါ်ခင်ဝင်းရှေတို့ တက်ရောက် ချီးမြှင့်ကြသည်။

ဆုပေးပွဲအခမ်းအနား၌ ပြန်ကြား ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကား ပြောကြားပြီး ၂၀၀၀ ပြည့်နှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန် ဆု ရရှိကြသူများအား ရွှေစင်ရုပ်ဆုများနှင့် နှင်းနှင်းခိုင်ကုမ္ပဏီ လီမိတက်ဂရစ် (Ve Ve) က ချီးမြှင့်သည့်ငွေ ကျပ် တစ်သိန်း စီကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၄င်းတို့၏ ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ဂိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ အမှုဆောင်များ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ အထူးဖိတ်ကြား ထားသူများနှင့် ရုပ်ရှင်မြတ်နိုးသူပရိသတ်များ တက်ရောက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြား ရေးဝန်ကြီးဌာနသည် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်လာခဲ့သည်မှာ ၂၀၀၀ ပြည့်နှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အချိန်အထိ သက်တမ်း (၄၉) နှစ် ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ ၁၉၅၂ ခုနှစ်မှစ၍ ရုပ်ရှင်ထူးချွန်ဆုအမျိုးမျိုး ဆွတ်ခူးနိုင်ခဲ့ သည့် ဆုပေါင်းမှာ (၂၃၅) ဆု ရှိပြီဖြစ်သည်။



၂၀၀၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ ဆုယူအပြီးတွေ့ရစဉ်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စတင်ချီးမြှင့်ပေးအပ်သည့် ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်များတွင် ဇာတ်ကားဆုများကို ပထမ၊ ဒုတိယ၊ တတိယဆုများ သတ်မှတ်ချီးမြှင့်ခဲ့ပြီး ပထမအကောင်းဆုံးဆုအဖြစ် ရွှေကိန္နရီရုပ်၊ ဒုတိယ အကောင်းဆုံးဆုအဖြစ် ငွေဒေါင်းရုပ်၊ တတိယ အကောင်းဆုံးဆုအဖြစ် ကြေးခြင်္သေ့ရုပ်တို့ကို ချီးမြှင့်ခဲ့သည်။ ထို့အပြင် အကောင်းဆုံး အမျိုးသားပညာသည်ဆုနှင့် အကောင်းဆုံးအမျိုးသမီးပညာသည်ဆုနှစ်မျိုးကို ရွှေရင်ထိုးဆု ချီးမြှင့်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၅ ခုနှစ်တွင် အကောင်းဆုံးဇာတ်ကားဆုနှင့် ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင် ဓာတ်ပုံဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ဆုတံဆိပ်ပုံသဏ္ဌာန် ကိုလည်း ရွှေကိန္နရီရွှေစင်ရုပ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ရွှေကိန္နရီရွှေစင်ရုပ်ဆုအပြင် ငွေကျပ်နှစ်သောင်းကိုပါ ချီးမြှင့်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှစ၍ ရွှေကိန္နရီရုပ်တုတွင် တပ်ဆင်ပေးထားသည့် ငွေကြယ် အစား ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် ရွှေကြယ်တပ်ဆင်ချီးမြှင့်ခဲ့သည်။

ရုပ်ရှင်ထူးချွန်ဆုများကို နိုင်ငံတော်က နှစ်စဉ်ချီးမြှင့်နေခြင်းမှာ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ထူးချွန်စွာ စွမ်းဆောင်ကြိုးပမ်းမှုများကို နိုင်ငံတော်က အသိအမှတ်ပြုရန်၊ ထူးချွန်ဆုရရှိသည့် ပညာရှင်များကို ရုပ်ရှင်၏ ငွေရတု၊ ရွှေရတု၊ စိန်ရတုခေတ်များ: တစ်လျှောက်တွင် ပြည်သူ့အချစ်တော် အနုပညာရှင်အချို့ကို နိုင်ငံတော်က ရုပ်ရှင်ထူးချွန်ဆု၊ ရွှေစင်ရုပ်ဆုများ: သာမက အလင်္ကာကျော်စွာဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့စသည့် ဘွဲ့ထူး၊ ဂုဏ်ထူးများကိုလည်း ချီးမြှင့်ခဲ့သည်။ မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာနယ်ပယ်တွင် ထင်ရှားကျော်ကြား သဖြင့် ချီးမြှောက်ခြင်းခံကြရသူများမှာ အလင်္ကာကျော်စွာဘွဲ့၊ ချီးမြှင့်ခြင်းခံရသူ (၁၁) ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ ချီးမြှင့်ခြင်းခံရသူ (၁၀) ဦး ရှိခဲ့သည်။ အလင်္ကာကျော်စွာဘွဲ့၊ ရရှိကြသူများမှာရွှေပြည်အေး၊ စောင်းဦးဘသန်း၊ ဒေါ်စောမြအေးကြည်၊ မြို့မငြိမ်း၊ ရွှေမန်း ဦးတင်မောင်၊ ဆိုင်း ဦးဘမောင်၊ ဆရာစိန်ဝေလျှံ၊ စောင်းဆရာ ညိမ်း၊ ဦးဟန်ပ၊ အော်ဝမ်း ဦးတင်မောင်နှင့် ဆရာကြီး ဦးသုခတို့ ဖြစ်ကြသည်။

ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်း ခံကြရသူများမှာ ဦးစိန်အောင်မင်း၊ ဦးစိန်မြမောင်၊ ဦးရန်နိုင်စိန်၊ ဦးဖိုးပါကြီး၊ ဦးကက်နက်စိန်၊ ဦးအောင်မောင်း၊ ဒေါ်မေရှင်၊ ဒေါ်မေသစ်၊ ဒေါ်ကြည်ကြည်ဌေးနှင့် ဒေါ်ကြည်အောင်တို့ ဖြစ်ကြသည်။ ၄င်းတို့အနက် အလင်္ကာကျော်စွာ ဆရာကြီး ဒေါက်တာဦးသုခ၊ ဝဏ္ဏကျော်ထင် ဒေါ်မေရှင်၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်တို့မှာ ယနေ့တိုင် သက်ရှိထင်ရှား ရှိနေ ကြဆဲဖြစ်သည်။

အား:ကျအတုယူကာ ကျန်ရုပ်ရှင်ပညာရှင်များ:ကပါ အား:ထုတ်ကြို: ပမ်:လာကြစေရန်၊ ထိုသို့ ကြို:စာ:စွမ်:ဆောင်လာကြသည်နှင့်အမျှ မြန်မာ့ရုပ်ရှင်အဆင့်အတန်: ပိုမို တို:တက်မြင့်မာ: လာစေရန်ပင် ဖြစ်သည်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်: မြင့်မာ:ရေးအတွက် အမျို:သာ:အနုပညာခိုင်မာဖွံ့ဖြို:တို: တက်ရေးဖြစ်သည့် ဤရည်ရွယ်ချက်များသာမက မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်မှ ချမှတ်ခဲ့သည့် ဦ:တည်ချက် ၆ ရပ်ကိုပါ မဖြစ်မနေ ဆောင်ရွက်သွာ:ကြရမည်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်အတွက် အကောင်:ဆုံ: မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ရန် အကျို:ဝင်သည့် ရုပ်ရှင်ဇာတ်ကာ:များ:မှာ နှစ်ယောက်တစ်အိပ်မက်၊ အချစ်ကို စာ:သောကိန်:ဂဏန်း:များ:၊ နှုတ်ခမ်:ထက်ကစာ:သွာ:၊ ငရဲသာ:၊ မချစ်တတ်သောမိန်:မ အချစ်ငတ်သောယောကျာ:၊ အချစ်သင့်သူ၊ အသည်:ကို လေလံပစ်မယ်၊ မောဟမျဉ်:ပြိုင်များ:၊ မမုန်:လေနဲ့ငပလီ၊ မောင်မူပိုင်ရှင်၊ ကြည်ပြာရောင်နဂါတစ်များ:နှင့် သမီ:ရှင်ဇာတ်ကာ:များ: ဖြစ်ကြသည်။ ယင်:ဇာတ်ကာ:များ:ထဲမှ အကောင်:ဆုံ: မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ:ကို ဓမ္မဓိဋ္ဌာန်ကျကျ တရာ:မျှတမှုန်ကန်စွာ စိစစ်ရွေး:ချယ်သည်။

၂၀၀၀ပြည့်နှစ်အတွက် ရရှိသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အမျို:အစာ:များ:မှာ ရုပ်ရှင်ဓာတ်ပုံဆု၊ အမျို:သာ:ဇာတ်ပို့ဆု၊ ရုပ်ရှင်ဇာတ်ကာ:ဆု၊ အမျို:သမီ:ဇာတ်ပို့ဆု၊ ရုပ်ရှင်ဒါရိုက်တာဆု၊ အမျို:သာ:ဇာတ်ဆောင်ဆုနှင့် အမျို:သမီ:ဇာတ်ဆောင်ဆုများ: ဖြစ်ကြသည်။ ယင်:ဆုများ:မှာ အောက်ပါအတိုင်: ဖြစ်သည်။

၂၀၀၀ပြည့်နှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကာ:အမည်
၁။	အကောင်:ဆုံ:အမျို:သာ:ဇာတ်ဆောင်ဆု	ရန်အောင်	မောဟမျဉ်:ပြိုင်များ:
၂။	အကောင်:ဆုံ:အမျို:သာ:ဇာတ်ဆောင်ဆု	သီဟတင်စိုး:	ငရဲသာ:
၃။	အကောင်:ဆုံ:အမျို:သမီ:ဇာတ်ဆောင်ဆု	မျို:သန္တာထွန်:	နှုတ်ခမ်:ထက်ကစာ:သွာ:
၄။	အကောင်:ဆုံ:ဒါရိုက်တာ	သီဟတင်စိုး:	ငရဲသာ:
၅။	အကောင်:ဆုံ: ရုပ်ရှင်ဇာတ်ကာ:ဆု		ငရဲသာ:

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကာ:အမည်
၆။	အကောင်:ဆုံ: ရုပ်ရှင်ဓာတ်ပုံဆု	သန်:ညွန့်, (ပန်:သာ)	မောင်မူပိုင်ရှင်
၇။	အကောင်:ဆုံ:အမျို:သာ:ဇာတ်ပို့ဆု	အောင်ခိုင်	ငရဲသာ:
၈။	အကောင်:ဆုံ:အမျို:သမီ:ဇာတ်ပို့ဆု	ခင်သန်:နု	သမီ:ရှင်

ခမ်:ငယ်

မြန်မာ့သွင်ပြင် အိုင်တီလူငယ့်အမြင်ပြပွဲ။ ။ ပညာရေ:ဝန်ကြို:ဌာန၊ မြန်မာ့သွင်ပြင် အိုင်တီလူငယ့်အမြင်ပြပွဲကို ရန်ကုန်မြို့၊ ဦ:ဝိစာရလမ်:ရှိ တပ်မတော်ခန်:မတွင် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်:ပသည်။

ဦ:တည်ချက်နှင့် ရည်ရွယ်ချက်များ

မြန်မာ့သွင်ပြင် အိုင်တီလူငယ့်အမြင်ပြပွဲကို မျက်မှောက်ခေတ်ကျောင်:သာ:လူငယ်များ:၏ ကွန်ပျူတာနှင့်နည်:ပညာကို အသုံ:ပြု၍ မြန်မာနိုင်ငံ၏ တို:တက်မှုဖြစ်စဉ်ကို လူငယ့်အတွေ:အမြင်ဖြင့် ဖော်ထုတ်ရန်ဟူသော ဦ:တည်ချက်နှင့် ပညာရေ:ကဏ္ဍတို:တက်မှု နှစ်ရှည်စီမံကိန်:၊ နည်:ပညာအသုံ:ပြုမှုဆိုင်ရာ မျှော်မှန်:ချက်ဖြစ်သည့် ခေတ်နှင့်အညီ ပေါ်ထွန်:လာမည့် နည်:ပညာများ:ကို အချိန်နှင့်တစ်ပြေး:ညီ အသုံ:ချနိုင်ပြီ: အမြဲရှင်သန်နေသော အသိဉာဏ်အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့်ပညာရေ:ပတ်ဝန်:ကျင်ကို ဖန်တီ:ရန်ဟူသော မျှော်မှန်:ချက်ကို အကောင်အထည်ဖော်ရန်၊ ပညာရပ်များ:ကို ပေါင်:စပ်အသုံ:ပြုနိုင်စွမ်:ရှိခြင်:၊ လေ့လာဝေဖန်သုံ:သပ်ခြင်:၊ တီထွင်ကြံဆနိုင်ခြင်:နှင့် လေ့လာစရာနယ်ပယ်သစ်များ:ကို မြင်နိုင်စွမ်:ရှိခြင်:စသော အလေ့အကျင့်ကောင်:များ:ကို ပြုစုပျို:ထောင်ရန်၊ ငယ်ရွယ်စဉ်ကာလမှစ၍ သုတေသနဆောင်ရွက်ခြင်:လုပ်ငန်:နှင့် အကျွမ်:တဝင်ရှိစေရန်နှင့် တီထွင်ကြံဆတတ်ခြင်:၊ ခွဲခြမ်:စိတ်ဖြာတတ်ခြင်:စသော အရည်အသွေ:များ:ကို ပြုစုပျို:ထောင်ရန်၊ နိုင်ငံတော်၏ ဖွံ့ဖြို:တို:တက်မှုဖြစ်စဉ်ကို လူငယ်ဘဝမှစ၍ သိရှိနား:လည်လေ့လာတတ်ပြီ: နောင်အနာဂတ်တွင် နိုင်ငံတော်၏ ဖွံ့ဖြို:မှုဖြစ်စဉ်၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် တို:တက်မှုကို ထိန်:သိမ်:နိုင်စေရန်၊ အမျို:သာ:ရေ:လက္ခဏာများ:ကာကွယ်ထိန်:သိမ်:ရန်နှင့် ဒေသအတွင်: ယုံကြည်နာ:လည်မှုတည်ဆောက်ရန်ဟူသော ရည်ရွယ်ချက်များ:ဖြင့် ကျင်:ပခြင်:ဖြစ်သည်။



ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲ

အထင်ပေါ်ဆုံးဆု ရရှိသူ မစုပုံချစ်အား ဆုချီးမြှင့်စဉ်

ဖွင့်ပွဲအခမ်းအနား

မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ နံနက် ၈ နာရီ၌ တပ်မတော်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂ ဦးက တယောဖြင့် လည်းကောင်း၊ ဒဂုံမြို့နယ်အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူမအိယဉ်မွန်နှင့် ဒဂုံမြို့နယ်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမောင်ဝေလင်းထွန်းတို့က အော်ဂင်ဖြင့်လည်းကောင်း တွဲဖက်၍ ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀၀ တို့က မြန်မာ့ကျောင်းသီချင်းကို သံပြိုင်သီဆိုကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းကိုယ်စားပြု ကွန်ပျူတာထူးချွန်သူကျောင်းသားကျောင်းသူ ၁၀ ဦးတို့က မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြပွဲခန်းမအတွင်း ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပုသိမ်မြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း မှ ၂၀၀၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဂါဒီဘာသာဖြင့် အောင်မြင်သည့် ကွန်ပျူတာထူးချွန်ကျောင်းသူ မဆုကပြပွဲ၏ Logo နှင့် စာတန်းကို ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မခိုင်သက်ဆုက ပြပွဲခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်များ၊ ပြပွဲ၏ ဗဟိုခန်းမဆောင်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မြန်မာနိုင်ငံတွင် e-Education စတင်အကောင် အထည်ဖော်သည့်နေ့တွင် ပေးပို့သောသဝဏ်လွှာကို မှတ်တမ်းတင်ဂုဏ်ပြု ပြသထားမှု၊ ပြပွဲတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာမှုနှင့် သတင်းအချက်အလက် နည်းပညာတို့ ပေါင်းစပ်ကာ ကွန်ပျူတာနည်းပညာ ကျွမ်းကျင်မှုကို အသုံးပြုပြီး သင်ကြားသင်ယူမှုများ၊ တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်ဆွေးနွေးနိုင်သည့် Video-Conferencing ပြုလုပ်မှုများ ပြသထားမှု အခြေအနေ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ ပို့ဆောင်

ဆက်သွယ် တည်ဆောက်ရေး၊ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေး စသည့် ကဏ္ဍများဖြင့် မြန်မာနိုင်ငံ၏ တိုးတက်မှုဖြစ်စဉ်များကို သတင်းအချက်အလက် နည်းပညာအသုံးပြု၍ ပြသထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ပြကွက်အသီးသီးနှင့် ကွန်ရက်ချိတ်ဆက်ပြီး Computer Network ဖြင့် သရုပ်ဖော်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲအတွင်း ပြသထားသော ပြကွက်များတွင် ကျောင်းသားကျောင်းသူများ၏ သရုပ်ဖော်တင်ဆက်ပြသမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ကွန်ပျူတာပန်းချီ

ပြပွဲ၏ဗဟိုခန်းမဆောင် ဝဲယာတစ်ဖက်တစ်ချက်ရှိ ကွန်ပျူတာပန်းချီပြကွက်၌ အောက်မြန်မာပြည် ပြည်နယ်နှင့် တိုင်းများမှ ကျောင်းသားကျောင်းသူ ၂၂ ဦး၊ အထက်မြန်မာပြည် ပြည်နယ်နှင့်တိုင်းများမှ ကျောင်းသားကျောင်းသူ ၁၆ ဦး၊ ရန်ကုန်တိုင်းမှ ကျောင်းသားကျောင်းသူ ၉၃ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၃၁ ဦးတို့က နေ့စဉ် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အလှည့်ကျ သတ်မှတ်ခေါင်းစဉ်များနှင့် စိတ်ကြိုက်ခေါင်းစဉ်များကို လူငယ်အမြင်ဖြင့်ခံစား၍ iMac ကွန်ပျူတာ ၃၅ လုံးတွင် သရုပ်ဖော်ရေးဆွဲတင်ပြသည်။

PowerPoint သရုပ်ဖော်

PowerPoint သရုပ်ဖော်ပြကွက်၌ အောက်မြန်မာပြည် ပြည်နယ်နှင့်တိုင်းများမှ ကျောင်းသားကျောင်းသူ ၃၁ ဦး၊ အထက်မြန်မာပြည် ပြည်နယ်နှင့်တိုင်းများမှ ကျောင်းသားကျောင်းသူ ၁၇ ဦး၊ ရန်ကုန်တိုင်းမှ ကျောင်းသားကျောင်းသူ ၉၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၃၈ ဦးတို့က နေ့စဉ် နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် သတ်မှတ်ခေါင်းစဉ်များနှင့် စိတ်ကြိုက်ခေါင်းစဉ်များကို IBM ကွန်ပျူတာ ၃၂ လုံးတွင် PowerPoint များ တီထွင်ပြသသည်။

ပြကွက်များ

School Profile Project ပြကွက်၌ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း တတိယတန်းမှဆဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူလေးများက ကျောင်းအလိုက် စာရင်းကောက်သူ၊ စာရင်းစိစစ်သူ၊ ပုံဆွဲသူ၊



မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲတွင် ကျောင်းသားများ ကွန်ပျူတာဖြင့် ပန်းချီသရုပ်ဖော်နေကြစဉ်



မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲ computer Painting ပြကွက်

ကွန်ပျူတာတွင် ထည့်သွင်းပုံဖော်သူ စသည်ဖြင့် ကွန်ပျူတာနည်းပညာအသုံးပြုပြီး ပညာသင်ရာကျောင်း၏ အရေးပါသည့် အချက်အလက်များနှင့် ကျောင်းဒီဇိုင်းပုံစံ လေ့လာစုစည်းဖော်ထုတ်မှုဖြစ်စဉ် အဆင့်ဆင့်ကို သရုပ်ဖော်ပြသသည်။

Science Demonstration ပြကွက်၌ ဒဂုံမြို့နယ် အမှတ် (၁) နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၂၀ စီတို့က သိပ္ပံပညာရပ်အပါအဝင် ပညာရပ်များကို ကွန်ပျူတာ Software အသုံးပြု၍ လက်တွေ့စိတ်ကြိုက် လေ့လာသင်ယူဆည်းပူးနိုင်မှုစွမ်းရည်ကို IBM ကွန်ပျူတာအလုံး ၂၀ တွင် အလှည့်ကျ လက်တွေ့သရုပ်ပြသသည်။

Video-Conferencing ပြကွက်၌ ရန်ကုန်တိုင်းရှိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း ၁၂ ကျောင်းမှ ကျောင်းသားကျောင်းသူများက တစ်နေရာနှင့်တစ်နေရာ အပြန်အလှန်ဆက်သွယ်ဆက်ဆံတုံ့ပြန်နိုင်သည့် သင်ယူမှုနည်းဖြင့် အပြန်အလှန်ဆွေးနွေးသင်ကြားနေမှုများကို သရုပ်ဖော်ပြသသည်။

Tele-Conferencing ပြကွက်၌ ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားများက တစ်နေရာနှင့် တစ်နေရာ မည်မျှဝေးကွာသည်ဖြစ်စေ အချိန်မှန် (Real Time) တွင် အလင်း၏အမြန်နှုန်း (Speed of Light) ဖြင့် ရောက်အောင် ပေးပို့ဆက်သွယ်ဆက်ဆံပြီး ပညာအပြန်အလှန် ဆွေးနွေးဆင်ကြွားမှုစွမ်းရည်များကို အဝေးသင်စနစ် အထောက်အကူအဖြစ် တင်ဆက်ပြသသည်။

PowerPoint Presentation ပြကွက်၌ ကျောင်းသားကျောင်းသူများက မိမိတို့ကိုယ်တိုင် တီထွင်တည်ဆောက်ထားကြသည့် PowerPoint များကို IBM ကွန်ပျူတာနှင့် LCD Projector တို့ကို အသုံးပြု၍ ကိုယ်တိုင်ပြန်လည်ရှင်းလင်းတင်ပြသည်။

Student's Web နှင့် Website ပြကွက်၌ ရန်ကုန်ပညာရေး တက္ကသိုလ်လေ့ကျင်ရေးကျောင်း၊ ဒဂုံမြို့နယ်အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက animation ပြကွက်ဖြစ်သည့်ပြခန်း Plan ပြကွက်အပြင် ကွန်ပျူတာ အသုံးပြုသုံးဖက်မြင် လူပ်ရှားမှုစနစ်ဖြင့် ဖန်တီးထားသည့် အချိန်

ခရီးသည် (Space Travel) ပြကွက်တို့ကို လက်တွေ့ပြသသည်။

Online Learning via VSAT ပြကွက်၌ ကျောင်းသားကျောင်းသူများက တစ်နေရာတည်းမှနေ၍ အခြားနေရာတွင် ဖြစ်တည်ပေါ်ထွန်းနေသည့် တိုးတက်အောင်မြင်မှုကို VSAT Network မှတစ်ဆင့် ဆက်သွယ်လေ့လာမှုကို လက်တွေ့စွမ်းဆောင်ပြသသည်။

Have Fun with Computer ပြကွက်၌ ပြပွဲသို့လာရောက်ကြည့်ရှုကြသည့် ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများကိုယ်တိုင် ကွန်ပျူတာပန်းချီ၊ PowerPoint သရုပ်ဖော်ခြင်းတို့ကို လက်တွေ့စမ်းသပ် လေ့ကျင့်နိုင်စေရန် Apple ကွန်ပျူတာ ၁၀ လုံးနှင့် IBM ကွန်ပျူတာ ၁၀ လုံးတို့ဖြင့် စီစဉ်ထားရှိကာ ကျောင်းသားကျောင်းသူများက လက်တွေ့ သရုပ်ဖော်ပြသသည်။

Network ပြကွက်၌ ပြပွဲတွင်ပြသထားသော ကွန်ပျူတာပန်းချီ၊ PowerPoint သရုပ်ဖော်နှင့်ပြကွက် အသီးသီး၏ အစီအစဉ် တင်ဆက်ပြသမှုအား လုံးကို တစ်နေရာတည်းမှနေ၍ ကြည့်ရှုလေ့လာနိုင်ရန် Network ဖြင့် ချိတ်ဆက်ပြသသည်။

အဆင့်မြင့်ပညာကဏ္ဍ

အဆင့်မြင့်ပညာကဏ္ဍပြကွက်၌ ရန်ကုန်တက္ကသိုလ် သတ္တမေဒဌာန၊ ပထဝီဝင်ဌာန၊ သမိုင်းဌာန၊ ရန်ကုန် အဝေးသင်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့၏ ပထဝီဆိုင်ရာ သတင်းအချက် အလက်စနစ် (GIS)၊ Data Base Design သုတေသနလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ မြေပုံများ၊ တက္ကသိုလ်များ၏ Web Page များ၊ တက္ကသိုလ်များ ဗဟို စာကြည့်တိုက်နှင့် ရှေးဟောင်း မြန်မာစာပေရေးရာဌာန (ပေစာ၊ ပုရပိုက်၊ ကျောက်စာ) တို့မှ ရှေးဟောင်းစာပေ၊ ပုရပိုက်များကို ကွန်ပျူတာနည်းပညာဖြင့် အသုံးပြုထိန်းသိမ်းမှုတို့ကို သရုပ်ဖော်ပြသသည်။ ထို့ပြင် ပညာသင်ကြားသင်ယူမှုနှင့် ဗဟုသုတရရှိဖွေရာတွင် ကျောင်းသားကျောင်းသူများအနေဖြင့် မိမိသိလို၊ တတ်လို၊ သင်ယူလိုသော အကြောင်းအရာများကို စာကြည့်တိုက်ရှိ ရည်ညွှန်းစာအုပ်များမှ ရှာဖွေတတ်ကြစေရန် အလေ့အကျင့်ပေးသည့် ဉာဏ်စမ်းမေးခွန်းအစီအစဉ်ဖြစ်သော ရည်ညွှန်းသုံးကာ အဖြေရှာအစီစဉ်ကိုလည်း နေ့စဉ်ကျင်းပပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ပိတ်ပွဲအခမ်းအနား

မြန်မာ့သွင်ပြင် အိုင်တီလူငယ်အမြင်ပြပွဲ ပိတ်ပွဲအခမ်းအနားကို ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် တပ်မတော်ခန်းမ ဗဟိုခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အမှာစကားပြောကြား၍ ပိတ်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

စိုးအောင်

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ။ ။ဗြိတိသျှစစ်လေယာဉ်များက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အစွန်အဖျားရှိ ပစ်မှတ်များအား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တိုက်ခိုက်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံက ကြေညာချက်ထုတ်ပြန်ရာ၌ အီရတ်သမ္မတဆက်ဒမ်ဟူစိန်က အီရတ်နိုင်ငံရှိလေယာဉ်မပျံသန်းရဒုန်နယ်မြေများ၌ ကင်းလှည့်တာဝန် ထမ်းဆောင်နေကြသော ဗြိတိသျှစစ်လေယာဉ်များကို ဆက်လက် တိုက်ခိုက်နေမည်ဆိုပါက ဗြိတိန်နိုင်ငံသည် အီရတ်နိုင်ငံအပေါ် ပိုမိုပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီ ဘလဲက ထုတ်ဖော်ပြောကြားရာ၌ ဗြိတိသျှနှင့် အမေရိကန်စစ်လေယာဉ်များ ပူးပေါင်းကာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီးပစ်မှတ်များအား သွားရောက်တိုက်ခိုက်ခြင်းမှာ အီရတ်နိုင်ငံလေယာဉ်မပျံသန်းရဒုန်နယ်များကို စောင့်ကြပ်နေကြသော စစ်လေယာဉ်မှူးများ၏ အသက်အန္တရာယ်ကို ကာကွယ်ရန် အကန့်အသတ်ဖြင့် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ပြောကြားသည်။ ယင်းဆောင်ရွက်ချက်မှာ လူလူချင်း စာနာထောက်ထားရေး ဆောင်ရွက်ချက်သာဖြစ်ကြောင်း ဗြိတိသျှအစိုးရကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ဗြိတိသျှနှင့် အမေရိကန်တို့အား အီရတ်သမ္မတဆက်ဒမ်က တိုက်ခိုက်ခြင်းမပြုလျှင် စစ်လေယာဉ်များ စေလွှတ်တိုက်ခိုက်ရန်ပင် လိုအပ်မည်မဟုတ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ်ဂျုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး ဥပဒေသစ်အရ သီရိလင်္ကာနိုင်ငံမှ တမီးလ်ကျားသူပုန်အဖွဲ့အပါအဝင် အဖွဲ့ပေါင်း ၂၀ အား အကြမ်းဖက်သမားများအဖြစ် ဖေဖော်ဝါရီလ ၂၈



ဘရိုက်တန်မြို့ လူထုစည်းဝေးပွဲတစ်ခုတွင် တွေ့ရသော ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ

ရက်နေ့တွင် ဗြိတိန်နိုင်ငံက သတ်မှတ်ခဲ့သည်။ ယင်းအကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးဥပဒေသစ်မှာ ဗြိတိန်နိုင်ငံအခြေစိုက် ပြောက်ကျားအဖွဲ့များကို ငွေကြေးထောက်ပံ့ခြင်း၊ အားပေးခြင်းကိစ္စများ ရပ်ဆိုင်းရန် ရည်ရွယ်သည်။ ထိုစာရင်း၌ ပါဝင်နေသော အခြားအဖွဲ့များတွင် ဆော်ဒီအာရေဗျ ခွဲထွက်ရေးသမား အိုစမာဘင်လာဒင်၏ အယ်လ်ကေဒါအဖွဲ့၊ အီရန် အတိုက်အခံအဖွဲ့၊ မူဂျာဟီဒစ်အယ်လ်ခါလ်တို့အပြင် အယ်လ်ဂျီးရီးယား အီဂျစ်နှင့် ပါလက်စတိုင်း ပြောက်ကျားအဖွဲ့အစည်းများသည် အကြမ်းဖက်ဝါဒနှင့် ပတ်သက်နေပြီး ယင်းအဖွဲ့များကို မိမိပိတ်ပင်ရသည်ကို ကျေနပ်မိကြောင်း ပြည်ထဲရေးဝန်ကြီး ဂျက်ထရောက ပါလီမန်သို့ တင်သွင်းသော အစီရင်ခံစာတွင် ဖော်ပြထား၏။

တမီးလ်ကျားသူပုန်များအား တားမြစ်သောကိစ္စ မအောင်မြင်ပါက နှစ်နိုင်ငံအကြား ဆက်ဆံမှု အတော်အသင့် တင်းမာသွားစေနိုင်ကြောင်း သိရိလင်္ကာအစိုးရက သတိပေးစကားပြောကြား၏။ တမီးလ်ကျားသူပုန်များကလည်း သူတို့အားအကြမ်းဖက်သမားစာရင်းတွင် ထည့်သွင်းလျှင် ဆွေးနွေးပွဲများကို စွန့်ခွာသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဗြိတိန်နိုင်ငံ၏ အကြမ်းဖက်ဝါဒဥပဒေသည် ဖေဖော်ဝါရီလ ဆန်းပိုင်းမှစ၍ အာဏာသက်ဝင်လာသည်။ အကြမ်းဖက်သမားများအဖြစ် သက်မှတ်ခံရသော အဖွဲ့များစာရင်းအပြည့်အစုံကို ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သောလေးနှစ် တိုနီဘလဲ ဗြိတိန်ဝန်ကြီးချုပ်ဖြစ်စက ဗြိတိန်နိုင်ငံ၌ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ တိုနီဘလဲလက်ထက်တွင်လည်း ပြဿနာမျိုးစုံကြုံတွေ့ရပြန်သည်။ အထူးသဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်နီးကပ်လာချိန်တွင် ကြီးမားသောပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းပြဿနာမှာ တိရစ္ဆာန်များ၌ ခွာနာလျှာနာရောဂါကူးစက်ပျံ့နှံ့လာခြင်းပင်ဖြစ်သည်။ ဖေဖော်ဝါရီလအတွင်းက ဗြိတိန်နိုင်ငံ၌ ခွာနာလျှာနာရောဂါစတင်တွေ့ရှိခဲ့ရာ ဗြိတိန်နိုင်ငံ၏ ဂုဏ်သိက္ခာကို ကျဆင်းစေခဲ့သည်။ တစ်နှစ်လျှင် ပေါင်ဘီလီယံ ၇၀ ဝင်ငွေရရှိနေသောခရီးသွားလုပ်ငန်းကိုလည်း ခွာနာလျှာနာက ခြိမ်းခြောက်အန္တရာယ်ပေးလာသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင်လည်း ကမ္ဘာအနှံ့အပြားမှ

နိုင်ငံများက ဗြိတိန်နိုင်ငံမှ တိရစ္ဆာန်များ၊ အသား၊ နို့နှင့် နို့ထွက်ပစ္စည်းများ တင်သွင်းခြင်းကို ပိတ်ပင်လာရာ ဗြိတိန်အစိုးရအဖို့ အထူးသဖြင့် မွေးမြူရေးသမား၊ များအဖို့ ငွေကြေး၊ များစွာ နစ်နာခဲ့ရသည်။ ခွာနာလျှာနာပြဿနာကို ဗြိတိန်အစိုးရက ဂရုစိုက်ဖြေရှင်းနေရသည်။ တိုနီဘလဲ၏ လေးနှစ်ကြာကာလ၌ ငွေကြေးကဏ္ဍတွင်လည်း အကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရ သည်။ လန်ဒန်မြို့တော်ကို ဖြတ်သန်း၊ စီးဆင်းသော မြစ်ကူး၊ တံတား၊ ကို ပေါင် ၁၈ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ရသည်။ မူလက ဗြိတိန်ရွေးကောက်ပွဲကို မေလ ၃ ရက်နေ့တွင် ကျင်းပလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ယင်းရွေးကောက်ပွဲ နိုးကပ်နေချိန်တွင် တိုနီဘလဲအဖို့ ရွေးကောက်ပွဲဝင်ရန် အစစအရာရာ ချောမောပြေပြစ်နေပြီဟု မဆိုနိုင်သေးပေ။ ခွာနာလျှာနာတိုးပွား၊ ပျံ့နှံ့မှု ထိန်းချုပ်ရေးကို အာရုံစိုက်ဆောင်ရွက်နိုင်ရန် ဗြိတိန်နိုင်ငံ၏ ဒေသန္တရရွေးကောက်ပွဲများကို မေလ ၇ ရက်နေ့တွင် ကျင်းပရန် ဝန်ကြီးချုပ်တိုနီဘလဲက ဧပြီလ ၂ ရက်နေ့တွင် တရားဝင်ကြေညာခဲ့သည်။ ဗြိတိန်နိုင်ငံ၌ ဒေသန္တရရွေးကောက်ပွဲများ ရှေ့ဆိုင်းခြင်းမှာ ဒုတိယကမ္ဘာစစ်ကြီးပြီး၊ သည့်နောက် ပထမဆုံးအကြိမ်ဖြစ်သည်။

ဒေသန္တရရွေးကောက်ပွဲများ ရှေ့ဆိုင်းခြင်းမှာ တိုနီဘလဲအနေဖြင့် ချီတုံချတုံဖြစ်နေပြီး အင်အား၊ချည့်နဲ့ကြောင်း ပြသရာရောက်သည်ဟု ဝေဖန်သူများက ဆိုကြသည်။ အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီကလည်း ခွာနာလျှာနာကူးစက်ခြင်းကို မထိန်းချုပ်နိုင်မချင်း ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာခြင်းမှာ အချိန်စောနေကြောင်း ဝေဖန်ထောက်ပြကြသည်။ "ဇွန်လ ၇ ရက်နေ့မှာ ရွေးကောက်ပွဲကျင်းပနိုင်မယ်၊ မကျင်းပနိုင်ဘူးဆိုတာကို အစိုးရက မသိသေးပါဘူး၊ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်အရွေးခံဖို့ထက် ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးထိခိုက်စေတဲ့ခွာနာလျှာနာရောဂါတိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်ရမယ်" ဟု ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဝီလီယံဟိတ်က ဝေဖန်သည်။ "ဒီမိုကရေစီကျတဲ့လုပ်ထုံးလုပ်နည်းကို အကန့်အသတ်မရှိမရွေ့ဆိုင်းသင့်ဘူး၊ ရွှေ့ဆိုင်းမှာလဲ မဟုတ်ဘူး" ဟု ဝန်ကြီးချုပ်တိုနီဘလဲက တုံ့ပြန်ပြောကြား၊ခဲ့သည်။

ဇွန်လ ၇ ရက်နေ့၌ ကျင်းပသော ဗြိတိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်တိုနီဘလဲ၏ အာဏာရလေဘာပါတီက အောက်လွှတ်တော်၌ အမတ်နေရာအများစုရရှိခဲ့ပြီး အောင်ပွဲခံခဲ့သည့် တိုနီဘလဲသည် လေဘာပါတီ၏ သမိုင်းတွင် ဝန်ကြီးချုပ်ရာထူးကို ဒုတိယအကြိမ်ဆက်ခံနိုင်သည့် ပထမဆုံးလေဘာပါတီခေါင်းဆောင်ဖြစ်လာသည်။ အောက်လွှတ်တော်တွင် အမတ်နေရာ ၆၅၉ နေရာအတွက် အမတ်လောင်း ၃၂၄၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အောက်လွှတ်တော်တွင် အများစုအနေအထား၊ရရှိရန် နိုင်ငံရေးပါတီတစ်ပါတီအတွက် အမတ်နေရာ ၃၃၀ ရရှိရန် လိုအပ်သည်။ ရွေးကောက်ပွဲတွင် မဲအများဆုံး ရရှိ၍ ယခုအခါ ဝန်ကြီးချုပ်တိုနီဘလဲသည် အာဏာကို ဆက်လက်ထိန်းချုပ်ထား၊နိုင်မည်ဖြစ်သည်။ ကွန်ဆာဗေးတစ်ပါတီက ဗြိတိန်နိုင်ငံအား နှစ်ပေါင်း ၂၀ နီးပါးကြာမျှ ထိန်းချုပ်လာခဲ့ပြီး၊နောက် ၁၉၉၇ ခုနှစ်၊ ရွေးကောက်ပွဲတွင် လေဘာပါတီအောင်ပွဲခံခဲ့ပြီး ၂၀၀၁ ခုနှစ်၊ ရွေးကောက်ပွဲတွင်လည်း လေဘာပါတီက အာဏာကို ဆက်လက်ထိန်းချုပ်ထား၊နိုင်ခဲ့သည်။ ဝန်ကြီးချုပ်တိုနီဘလဲ ၄၈ နှစ်သည် ဝန်ကြီးချုပ်ရာထူး



ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဝီလီယံဟိတ်

တွင် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်လိုသော ရည်မှန်းချက်ပြည့်စုံသွား၍ ဇွန်လ ၈ ရက်နေ့၌ အစိုးရသစ်ဖွဲ့ရန် ပြင်ဆင်ရသည်။ အတိုက်အခံကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဝီလီယံဟိတ် ၄၀ နှစ်မှာ ရွေးကောက်ပွဲတွင် ရုံးနိမ့်၍ ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်တော့မည်ဟု တိုနီဘလဲအား ဟိတ်က ပြောကြား‌ခဲ့သည်ဟု ဆိုသည်။ ရွေးကောက်ပွဲတွင် လေဘာပါတီက အမတ်နေရာ ၄၁၃ နေရာ ကွန်ဆာဗေးတစ်ပါတီက ၁၆၆ နေရာနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ၅၂ နေရာရရှိခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲသည် အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီဗာ့ဂျ်ပါယီးနှင့် အောက်တိုဘာလ ၃ ရက်နေ့က တယ်လီဖုန်းဆက်ပြီး ဆွေးနွေးသည်။ ထိုသို့ ဆွေးနွေးရာတွင် လူ ၃၅ ဦး သေဆုံးခဲ့ရသော အိန္ဒိယနိုင်ငံ ကက်ရ်မီးယားပြည်နယ် လွှတ်တော်၌ အသေခံတိုက်ခိုက်ခြင်းကိုဘလဲက ပြစ်တင်ရှုတ်ချသည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၌ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒ ပူးပေါင်းတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ ဆွေးနွေးခြင်းမှာ စက်တင်ဘာလ ၁၁ ရက်နေ့နောက်ပိုင်းတွင် ဒုတိယအကြိမ်ဖြစ်သည်။

စီးပွားရေး – ဗြိတိန်နိုင်ငံသည် စားသုံးသူအသုံးစရိတ် လျော့ကျမှုကြောင့် ဗြိတိန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးရေး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးရသော အခြေအနေမျိုး ဆိုက်ရောက်လာကြောင်း ဧန်နဝါရီလ ၂၃ ရက်နေ့ထုတ် အစီရင်ခံစာတွင် ဖော်ပြထား‌သည်။ ဗြိတိသျှလူမျိုးများ‌မှာ အသား‌တင်ရရှိသော လုပ်ခလစာလျော့နည်း‌လာခြင်း‌ကြောင့် ဖြစ်ပေါ်လာသည့် တကယ့်ဒုက္ခကို တွေ့ကြုံခံစား‌ရ၍ အသုံး‌စရိတ်‌ကို ချွေတာစပြုလာကြပြီဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အသုံး‌အဖြုန်း‌ကြီး‌သော ဗြိတိန်နိုင်ငံသား‌များ‌သည် ငွေကြေး‌အကျပ်အတည်း‌ကြုံရမည်‌ကို သဘော‌ပေါက်‌နား‌လည်‌ကြသော‌အခါ အကြီး‌အကျယ် တုန်လှုပ်ချောက်ချား‌သွား‌ကြမည်ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် စား‌သုံး‌သူအသုံး‌စရိတ်နှုန်း‌မှာ ၂၀၀၀ ပြည့်နှစ်‌က‌ထက် ၂ ဒသမ ၅ ရာခိုင်နှုန်း‌အထိ လျော့‌ကျသွား‌သည်။ ၂၀၀၂ ခုနှစ်တွင် ၂ ရာခိုင်နှုန်း‌အထိ လျော့‌ကျသွား‌မည်။ ၂၀၀၀ ပြည့်နှစ်တွင် ရင်း‌နှီး‌မြှုပ်နှံသော အစုရှယ်ယာများ‌အပေါ် အကျိုး‌အမြတ်‌နည်း‌ပါး‌မှုသည်‌လည်း ငွေကြေး‌ကို ဖောခြင်း‌သောခြင်း‌သုံး‌စွဲရာ၌ နှောင့်နှေး‌စေသည်။ ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်း နှေးကွေးမှုကြောင့် စီးပွားရေးလုပ်ငန်း အသုံးစရိတ်သည်လည်း မြင့်မားလျက်ရှိသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းများမှာ ယင်းအသုံးစရိတ်ကို စားသုံးသူများအပေါ် ပုံချရန်စိုင်းပြင်းလျက်ရှိသည် စသည်ဖြင့် အစီရင်ခံစာပြုစုသူ စီးပွားရေးအကြံပေးအရာရှိ ပီတာစပင်စာကပြော‌သည်။

ဗြိတိန်နိုင်ငံအတွင်း၌ အင်တာနက်ဆက်သွယ် အသုံးပြုသော လူနေအိမ်အရေအတွက်မှာ ပထမဦးဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ကြောင်း လန်ဒန်မြို့တွင် နိဝင်ဘာလ ၇ ရက်နေ့က ထုတ်ပြန်ချက်၌ ဖော်ပြထား‌သည်။ အင်တာနက်အသုံးပြုသူများ‌မှာ မိုဘိုင်းဖုန်းနှင့် ဒီဂျစ်တယ်ရုပ်မြင်သံကြား အပါအဝင် အခြား‌စက်မှုနည်း‌ပညာများ‌ကို ပိုမိုနှစ်သက်ကြကြောင်း လေ့လာဆန်းစစ်ချက်တွင် ဖော်ပြထား‌သည်။

ဗြိတိန်နိုင်ငံသား‌ ငါးသန်းကျော်သည် ယခင်ကဖွဲ့ဖြိုးဆဲနိုင်ငံများ‌ရှိ ပြည်သူများ‌ကဲ့သို့ ဆင်းရဲမွဲတေမှုအတိုင်းအတာဖြင့် နေထိုင်ရသည်ဟု မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်သော လေ့လာဆန်းစစ်ချက်၌ ဖော်ပြထား‌သည်။ ၁၉၅၅ ခုနှစ်တွင် ကုလသမဂ္ဂ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဆင်းရဲမွဲတေမှုဆိုသည်မှာ အစာ‌အစာ၊ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ၊ သန့်ရှင်းရေးဆိုင်ရာ အဆောက်အအုံများ‌ ကျန်းမာရေးခိုနာ‌းစရာ၊ ပညာရေးနှင့် သတင်းပြန်ကြား‌ရေးဆိုင်ရာကဏ္ဍတို့၌ ခံစား‌မှုနည်း‌ပါး‌မှုများ‌ ပါဝင်သည်။

ဗြိတိသျှအိမ်ထောင်စု ၉ ရာခိုင်နှုန်း‌မှာ ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရေး‌အတွက် ကျား‌ကန်ပေး‌နိုင်ရန် လိုအပ်သော ဝင်ငွေထက် နည်း‌ပါး‌သော ဝင်ငွေကို ရရှိနေပြီး နောက်ထပ် ၈ ရာခိုင်နှုန်း‌မှာလည်း ဝင်ငွေအနည်း‌ငယ်သာ ရရှိကြသည်။ ဗြိတိသျှလူဦးရေလေး‌ရာခိုင်နှုန်း သို့မဟုတ် ဗြိတိသျှနိုင်ငံသား‌ နှစ်သန်း‌ခန့်မှာ ဖေဖော်ဝါရီလအတွင်း‌က စား‌နပ်ရိက္ခာပြတ်လပ်ခဲ့ရသည်။ ဆင်းရဲမွဲတေမှုကို ရှောင်ရှား‌နိုင်ရေး‌အတွက် အကူအညီရရှိမှုမှာလည်း လျော့ပါး‌နေသည် စသည်ဖြင့် လေ့လာချက်တွင် ဖော်ပြပါရှိသည်။

ဆွာနာလျှာနာ ကူး‌စက်မှုပြဿနာသည် ရပ်ဆိုင်း‌ပြေလည်သွား‌ခြင်း‌မရှိ၍ ရောဂါကူး‌စက်သော မွေး‌မြူရေး‌လုပ်ငန်း‌မှ ကျွဲနွား‌များ‌ကို သတ်ပစ်သကဲ့သို့ ရောဂါကူး‌စက်နေသော မွေး‌မြူရေး‌ခြံဝန်း‌ကျင်ရှိ ရောဂါကူး‌စက်ခြင်း‌မရှိသေး‌သော ကျွဲ၊ နွား‌၊ သိုး၊ ဆိတ်များ‌ကိုပါ ရောဂါမကူး‌စက်အောင် သတ်ပစ်နေကြသည်။ဗြိတိသျှအစိုး‌ရနှင့်မွေး‌မြူရေး‌လုပ်ငန်း‌ရှင်များ‌က ဆွာနာ၊ လျှာနာကူး‌စက်မှုကို အကြောင်း‌ပြု၍ ရောဂါကူး‌စက်

ဖွယ်ရာရှိသည်ဟု သံသယရှိ၍ သတ်ဖြတ်ခဲ့သော တိရစ္ဆာန်ကောင်ရေ တစ်သန်းနီးပါးရှိသွားပြီဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ခွာနာလျှာနာ ရောဂါကာကွယ်ဆေးများ ရှိစေကာမူ သန့်စင်စွမ်းသော ကာကွယ်ထိုးဆေးများမဟုတ်တော့ဟု ယုံကြည်ကြသဖြင့် ယင်းကာကွယ်ထိုးဆေးများ ဝယ်ယူတင်သွင်းရန် ငြင်းဆိုကြရာ ဗြိတိန်နိုင်ငံ၏စီးပွားရေးတွင် ဒေါ်လာသန်း ၁၀၀၀ နီးပါး နစ်နာဆုံးရှုံးစရာရှိနေသည်။

အခြားဥရောပသမဂ္ဂ ၁၂ နိုင်ငံတွင် တစ်ခုတည်းသော ဥရောပငွေကြေးကို သုံးစွဲခွင့်ပြုပြီးနောက် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဗြိတိသျှဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများက ဥရောပငွေကြေးကို လက်ခံသင့်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ပီတာဟိန်က ဒီဇင်ဘာလ ၂၈ ရက်နေ့က ပြောကြားသည်။

ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ယူရိုဒေါ်လာကို စတင်သုံးစွဲရန် ဝန်ကြီးချုပ်တို့နိဘလဲက လိုလားသည်။ ဗြိတိန်နိုင်ငံက ယူရိုဒေါ်လာသုံးစွဲရေးတွင် ပါဝင်ခြင်းမရှိသေးသော်လည်း အောင်မြင်ပါက ဗြိတိန်နိုင်ငံ အကျိုးရှိလိမ့်မည်ဟု မစ္စတာဘလဲက ပြောကြားသည်။ ကျွန်ုပ်တို့၏ ကုန်သွယ်ရေးနှင့် အလုပ်အကိုင်များစွာတို့မှာ ကျန်ဥရောပနိုင်ငံများနှင့် ဆက်စပ်နေရာ ယူရိုဒေါ်လာအောင်မြင်ပါက ကျွန်ုပ်တို့ပြည်သူများ အကျိုးရှိလိမ့်မည်ဟု နှစ်သစ်ကူးသဝင်္ကာလွှာတွင် မစ္စတာဘလဲက ဖော်ပြထားသည်။ ကုမ္ပဏီများစွာတို့က ယူရိုဒေါ်လာဖြင့် ရောင်းဝယ်မှုပြု၍ ဗြိတိသျှစီးပွားရေးကို အကျိုးရှိမည်ဖြစ်သောကြောင့် ဗြိတိန်နိုင်ငံက တစ်ခုတည်းသော ငွေကြေးသုံးစွဲရေးအတွက် ပြင်ဆင်ပြီးဖြစ်သည်။ ဗြိတိသျှအလုပ်အကိုင်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံခြင်းကို အန္တရာယ်ပြုလိမ့်မည် မဟုတ်ဟု စိတ်ချရစေရန် ဗြိတိသျှ



ရွေးကောက်ပွဲအနိုင်ရခဲ့ပြီးနောက် ဝမ်းပန်းတသာအောင်ပွဲခံနေသည့် တိုနီဘလဲ

အစိုးရက ပြုလုပ်ထားသော စီးပွားရေးစမ်းသပ်ချက်ငါးခုကို ပြုလုပ်အောင်မြင်ပြီးသည်နှင့် တစ်ပြိုင်နက် ယူရိုဒေါ်လာဇုန်အတွင်းဝင်ရောက်ရေးနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံက လူထုဆန္ဒခံယူပွဲပြုလုပ်မည်။ ချမှတ်ထားခဲ့သော စမ်းသပ်ချက်ငါးခုပြည့်စုံလျှင် ယူရိုဒေါ်လာဇုန်အတွင်းပါဝင်ရန် အစိုးရဝါဒ ချမှတ်ထား သည်။

ယူရိုဒေါ်လာငွေစက္ကူများနှင့် ဒင်္ဂါးများ လှည့်ပတ်သုံးစွဲသော ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဥရောပသမဂ္ဂဝင် ၁၂ နိုင်ငံတွင် ယူရိုဒေါ်လာ အကောင်အထည် ပေါ်လာပြီဖြစ်သည်။ သို့ရာတွင် ပေါင်ငွေဆုံးရှုံးရမည်ကို ဗြိတိန်နိုင်ငံသားများစွာတို့က ဆန့်ကျင်ကြသောကြောင့် ဗြိတိန်နိုင်ငံမှာ ပါဝင်ခြင်းမရှိသေးပါဟု တိုနီဘလဲက ပြောကြား သည်။

နိုင်ငံတကာဆက်ဆံရေး – ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ဂျော်ဒန်ဘုရင် အမ္မဒူလာနှင့် ဇွန်လ ၂၆ ရက်နေ့တွင် တွေ့ဆုံပြီး အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ကိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ညှိနှိုင်းပေးထားသော ငြိမ်းချမ်းရေးအစီအစဉ်ကို အပြည့်အဝအကောင်အထည်ဖော်သွားရန် မေတ္တာရပ်ခံလိုက်သည်ဟု ဝန်ကြီးချုပ်တိုနီဘလဲရုံးမှ ကြေညာသည်။ ခေါင်းဆောင်နှစ်ဦးသည် ဝန်ကြီးချုပ်တိုနီဘလဲ၏ လန်ဒန်မြို့ ဒေါင်းနင်းလမ်းရုံး၌ နာရီဝက်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြရာ အီရတ်ကိစ္စကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ကြေညာချက်တွင် ဖော်ပြထား သည်။ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးကြစဉ် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျော့တီနက် ညှိနှိုင်းပေးထားသော အရှေ့အလယ်ပိုင်းဒေသ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို အပြည့်အဝအကောင်အထည်ဖော်ကြရန် မစ္စတာဘလဲက မေတ္တာရပ်ခံသည်။ ယင်းအစီအစဉ်မှာ ကိုးလကြာအကြမ်းဖက်မှုများကို အဆုံးသတ်သွားစေမည့် အစီအစဉ်ဖြစ်ကြောင်း မစ္စတာဘလဲက ပြောသည်။ မိမိတို့၏ အခန်းကဏ္ဍသည် နိုင်ငံအချို့၏ အခန်းကဏ္ဍလောက် အရေးမကြီးကြောင်း သို့သော် မိမိတို့တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ဟု မဆိုလိုကြောင်း မစ္စတာဘလဲက ပြောကြား သည်။

ရုရှားနှင့် နေတိုးဆက်ဆံရေးများ ပိုမိုနီးကပ်မှုရှိစေရန် ဗြိတိန်နှင့် ရုရှားခေါင်းဆောင်များက ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဖိအားပေးကြပြီး မဟာမိတ်အဖွဲ့ဝင်အများစုက ထိုအစီအစဉ်ကို ထောက်ခံကြသည်။ ယခုအခါမိမိတို့သည် နေတိုးရုရှားကောင်စီသစ်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးနိုင်ကြပြီဖြစ်ကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက ရုရှားသမ္မတပူတင်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြား သည်။ ရုရှားသမ္မတနှင့် ဇနီးတို့သည် တိုနီဘလဲ၏ ကျေးလက်နေအိမ်တွင် ခေတ္တတည်းခိုခဲ့ကြသည်။ ဆက်ဆံရေးသစ်၏ ဆောင်ရွက်မှုယန္တရားများကို ၂၀၀၂ ခုနှစ်၊ မေလ၌ ထူထောင်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက သဘောတူရန် အသင့်ရှိကြောင်း အကြမ်းဖက်မှုနှိမ်နင်းရာတွင် ပူးပေါင်းသွားမည်။ နှစ်နိုင်ငံလုပ်ငန်းဆောင်ရွက်မှု အုပ်စုကို ဖွဲ့စည်းထူထောင်မည်ဖြစ်သည်ဟု ရုရှားသမ္မတပူတင်က ပြောကြား ခဲ့သည်။

ဗြိတိသျှဘုရင်မကြီး ဒုတိယမြောက်အဲလ်လိဇဘက်က ဧည့်သည်တော်တရုတ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့ကို အောက်တိုဘာလ ၃၀ ရက်နေ့တွင် လန်ဒန်မြို့ နန်းတော်၌ တွေ့ဆုံပြီး ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ ဗြိတိန်နိုင်ငံသို့တရား၀င်လာရောက်လည်ပတ်သော တရုတ်ဒုတိယသမ္မတအား ဘုရင်မကြီးကကြိုဆို၍ ၁၉၈၆ ခုနှစ်က တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ပျော်ရွှင်ခဲ့ရပုံကို ပြောပြသည်။ မကြာမီနှစ်များအတွင်းက တရုတ်နှင့်ဗြိတိန်နိုင်ငံတို့အကြား ဆက်ဆံရေးမှာ လျင်မြန်စွာတိုးတက်ကောင်းမွန်လာကြောင်း ၁၉၉၉ ခုနှစ်က တရုတ်သမ္မတကျန်ဇီမင်း ဗြိတိန်နိုင်ငံသို့ အောင်မြင်စွာလာရောက်ပြီးနောက် ဆက်ဆံရေးအထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြောင်း ဘုရင်မကြီးက ပြောကြား သည်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်၍ တိုက်ရိုက်ဆက်သွယ်ကြခြင်းမှာ အချင်းချင်းနားလည်မှုရရှိစေခဲ့ကြောင်း ဘုရင်မကြီးက ပြောကြား သည်။ ဘုရင်မကြီးနှင့် ဖိုးလစ်မင်းသားတို့အား တရုတ်သမ္မတကျန်ဇီမင်းက နွတ်ခွန်းဆက်သလိုက်ကြောင်း တရုတ်ဒုတိယသမ္မတက ဘုရင်မကြီးအား ပြောကြား သည်။

ဗြိတိန်နိုင်ငံသို့ တရား၀င်ချစ်ကြည်ရေးခရီး လာရောက်သော ဂျော်ဒန်ဘုရင်ကို ဝင်ဆာရဲတိုက်၌ အဲလ်လိဇဘက်ဘုရင်မကြီးနှင့် ဖိုးလစ်မင်းသားတို့က နံဝင်ဘာလ ၇ ရက်နေ့က ကြိုဆိုကြသည်။ ညနေပိုင်းတွင် အသက် ၃၉ နှစ်အရွယ်ရှိ ဂျော်ဒန်ဘုရင်နှင့် အသက် ၃၁ နှစ်အရွယ်ရှိ မိဖုရားတို့က အသက် (၁၀၁) နှစ်အရွယ်ရှိ မိဖုရားကြီး၏မယ်တော်ကို သွားရောက်တွေ့ဆုံ နွတ်ဆက်ကြသည်။ လန်ဒန်တွင် သုံးရက်ကြာနေထိုင်ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဒိုင်ယာနာအမှတ်တရ – ၁၉၉၇ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖြစ်ပွားခဲ့သော မော်တော်ယာဉ်တိုက်မှုကြောင့် ကွယ်လွန်ခဲ့ရသော ဝေလမင်းသမီးဒိုင်ယာနာအတွက် အောက်မေ့ဖွယ်အမှတ်တရ နေရာကိုဖြတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဟိုက်ပါ့ခ်ကို ရွေးချယ်ပိုက်ကြောင်း ဒိုင်ယာနာအမှတ်တရ ဗိမာန်တည်ဆောက်ရေး ကော်မတီက ဇွန်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ဟိုက်ပါ့ခ်၏ ဆာပင်ကိုင်းကန်တော်ကမ်းပေါ်တွင် ပေါင်ငွေသုံးသန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်းခန့်) အသုံးပြု၍ ရေပန်းတစ်ခုကို တည်ဆောက်မည်ဖြစ်ရာ ဒိုင်ယာနာအမှတ်တရ စကြံ့လမ်းနှင့် ယှဉ်တွဲနေမည်ဖြစ်ကြောင်း ယင်းကော်မတီ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြား၊သည်။

ဗြိတိသျှဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွင်ဘရောင်းဉက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဒိုင်ယာနာအမှတ်တရဗိမာန်တည်ဆောက်ရေးကော်မတီသည် ဒိုင်ယာနာအောက်မေ့ဖွယ်ရေပန်းတည်ဆောက်ရေးစီမံကိန်းကို ကြီးကြပ်မည်ဖြစ်ပြီး ယင်းစီမံကိန်း၏ အပြီးသတ်ဒီဇိုင်းပုံစံကို အတည်ပြုပေးရမည်ဖြစ်သည်။ ဒိုင်ယာနာအောက်မေ့ဖွယ် အမှတ်တရနေရာအဖြစ် လန်ဒန်မြို့တော်ရှိ ဟိုက်ပါ့ခ်ကို သင့်လျော်စွာရွေးချယ်နိုင်ခြင်းအတွက် မိမိကျေနပ်မိကြောင်း ဒိုင်ယာနာအောက်မေ့ဖွယ်ရေပန်းသည် ယခင်နှစ်က ဖွင့်လှစ်ခဲ့သော ဒိုင်ယာနာအမှတ်တရစကြံ့လမ်းနှင့် ယှဉ်တွဲနေမည်ဖြစ်ရာ ပြည်သူလူထုကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဘရောင်းက ပြောကြား၊သည်။ ဒိုင်ယာနာသည် ၁၉၉၇ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်နေ့က လန်ဒန်မြို့ရှိ အကြီးဆုံးကုန်တိုက်ကြီးဖြစ်သော ဟာရော့ဒ်ကုန်တိုက်ပိုင်ရှင်သူဌေးကြီးသား ဒိုဒီဆိုသူနှင့် တပူးတွဲတွဲသွား၊လာစဉ် မော်တော်ယာဉ်တိုက်မှုဖြစ်ပွား၊ပြီး ကွယ်လွန်ခဲ့သည်။

သင့်ဘဝ – ဦးရဲလွင်



စာရေးဆရာမကြီး
ဒေါ်ရိုကြိုန်

ဒေါ်ရိုကြိုန်သည် ငယ်စဉ်က စစ်ကိုင်းမြို့၊ မင်းလမ်းရှိ ဦးခင်မောင် မူလတန်းကျောင်းနှင့် အောဘိအမ် မိန်းကလေးကျောင်း၊ မန္တလေးမြို့ အောဘိအမ် မိန်းကလေးအထက်တန်းကျောင်းတို့တွင် ပညာသင်ယူသည်။ ၁၉၃၈ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ်မှ ဘီအေအောင်မြင်သည်။ ၁၉၃၈ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ စစ်ကိုင်းမြို့အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာမအဖြစ် စေတနာ့ဝန်ထမ်းဆောင်ရွက်သည်။ ၁၉၄၅ – ၄၆ ခုနှစ်တွင် ဘီအီးဒီဘွဲ့ရရှိသည်။

ဒေါ်ရိုကြိုန်သည် ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ အာရှလူငယ်အစည်းအရုံးတွင် အမျိုးသမီးဌာန စည်းရုံးရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ရန်ကုန်တိုင်းအမျိုးသမီး ပညာအုပ်အဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ စာပေဗိမာန် (မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း) တွင် လက်ထောက်စာတည်းအဖြစ် လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အထိ ရှမ်းပြည်နယ် လူထုပညာရေးဌာနတွင် အုပ်ချုပ်မှု အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၅၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကာကွယ်ရေးဌာနတွင် ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး) သုတေသနအရာရှိနှင့် တပ်မတော်စာစဉ်စာတည်းအဖွဲ့ဝင်အဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်သည်။ ကာကွယ်ရေးဌာနတွင် တာဝန်ထမ်းဆောင်စဉ် ၁၉၅၈ ခုနှစ် မှ ၁၉၇၇ ခုနှစ်ထိ မြန်မာ့အသံ၊ ပြောပါရစေကဏ္ဍမှ တစ်လလျှင်နှစ်ကြိမ် အမျိုးသမီးများအတွက် ဟောပြောထုတ်လွှင့်သည်။

ဒေါ်ရိုကြိုန်သည် ၁၉၄၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့၌ ကျင်းပသော လူငယ်ညီလာခံသို့လည်းကောင်း၊ ၁၉၄၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မိုက်ဆိုး၌ ကျင်းပသော သက်ကြီးပညာရေးနှင့် စာမတတ်သူပပျောက်ရေး ညီလာခံသို့လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် သက်ကြီးပညာရေးလေ့လာရေး ခရီးအဖြစ် ကနေဒါနိုင်ငံ နိုဗာစကိုးရှား:

ရိုကြိုန်၊ ဒေါ် (သက်ကြီးစာပေပညာရှင်) (ခရစ်နှစ် ၁၉၁၅–၂၀၀၁) ။ ။ သက်ကြီးစာပေပညာရှင် ဆရာမကြီး ဒေါ်ရိုကြိုန်ကို ဖခင် ဦးလောစံ၊ မိခင် ဒေါ်အိတို့က ၁၉၁၅ ခုနှစ်၊ ဧနှစ်ဝါရီလ ၁၈ ရက်နေ့၌ စစ်ကိုင်းမြို့တွင် မွေးဖွား၊သည်။

ပြည်နယ်၊ အင်တိုဂိုးနစ်မြို့နယ်ရှိ သက်ကြီးတက္ကသိုလ်သို့ လည်းကောင်း သွားရောက်သည်။

ဒေါ်ရိကြွိန်သည် အမျိုးသမီးဆေးရုံဗဟို အမှုဆောင်အဖွဲ့ဝင်၊ စာပေလုပ်သားအဖွဲ့အမှုဆောင်၊ ရုပ်ရှင်မြွင့်တင်ရေးအဖွဲ့အမှုဆောင်၊ စစ်ကိုင်းမြို့နှင့် တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်၊ အမျိုးသား စာပေဆုရွေးချယ်ရေးအဖွဲ့တွင် ဝတ္ထုတိုနှင့် ကလေးသူငယ်စာပေဆု ရွေးချယ်ရေးတာဝန်များ ထမ်းဆောင်သည်။ လူမှုဝန်ထမ်းဌာန အမျိုးသမီးသင်တန်းများတွင် ဟောပြောပို့ချမှုများ ဆောင်ရွက်သည်။ မြဝတီ၊ ငွေတာရီနှင့် လူငယ်စာစောင်များတွင် ဆောင်းပါးများ အများအပြား ရေးသားသည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် အတွေ့ကြုံဆောင်းပါးများ၊ လူမှုရေးကိုယ်တွေ့ ဆောင်းပါးများကို လစဉ်ရေးသားပြုစုသည်။

နိုင်ငံတော်တာဝန်နှင့် စာပေတာဝန်များကို ကျပွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့သော ဒေါ်ရိကြွိန်သည် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယအဆင့်) ကို ရရှိသည်။

ဒေါ်ရိကြွိန်သည် ဒေါက်တာလှကျော်နှင့် လက်ထက် ထိမ်းမြားခဲ့ရာ သားသမီးလေးဦး ထွန်းကားသည်။ ခင်ပွန်းဖြစ်သူ ဒေါက်တာလှကျော်မှာ ကွယ်လွန်ပြီးဖြစ်သည်။

သက်ကြီးစာပေပညာရှင် ဆရာမကြီး ဒေါ်ရိကြွိန်သည် ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးလေးဦးနှင့် မြေးကိုးဦး ကျန်ရစ်သည်။

ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံ။ ။ပါဗယ်လ်ဘိုရိုဒင် သည် ဧန်နဝါရီလ ၁၇ ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကင်နေဒီလေဆိပ်၌ အဖမ်းခံလိုက်ရသည်။ ဘိုရိုဒင်သည် ရုရှားသမ္မတ၏အုပ်ချုပ်ရေးရုံးမှ ရုံးအဖွဲ့မှူးဟောင်းဖြစ်သည်။ ငွေမည်းကို ငွေဖြူဖြစ်အောင် လုပ်မှုဖြင့် ဆွစ်အာဏာပိုင်များက သူ့အား ဖမ်းဆီးရန် နိုင်ငံတကာ ဖမ်းဆီးခွင့်ဝရမ်းကို ဧန်နဝါရီလအတွင်းက ထုတ်ပြန်ပေးထားသည်။ ထိုဝရမ်းဖြင့်ပင် သူ့အား ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၁၉၉၃ ခုနှစ်က ဘိုရိုဒင်အား ကရင်မလင်နန်းတော်ပိုင် ပစ္စည်းများကို ကြီးကြပ်စီမံခန့်ခွဲရန် တာဝန်ပေးအပ်ခဲ့သည်။ ဘိုရိုဒင်သည် သမ္မတဟောင်း ယဲလ်ဆင်၏ အတွင်းစည်းမှ လူယုံတော်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ကရင်မလင်နန်းတော်ကို ပြန်လည်ပြင်ဆင်မွမ်းမံစဉ်က ဆွစ်အခြေစိုက် မာဘေတက်စ် ဆောက်လုပ်ရေးကုမ္ပဏီအား တာဝန်ပေးအပ်ခဲ့သည်။ ထိုစဉ် ကာလအတွင်းက ဘိုရိုဒင်သည် မာဘေတက်စ်ကုမ္ပဏီမှ လာဘ်ငွေယူကာ ဒေါ်လာ ၂၅ သန်းကို ငွေဖြူဖြစ်အောင် လုပ်ခဲ့သည်ဟု သသယများ ထွက်ပေါ်ခဲ့သည်။ မာဘေတက်စ်ကုမ္ပဏီမှ လာဘ်ယူခဲ့မှု အရှုပ်တော်ပုံနှင့် ပတ်သက်၍ ဘိုရိုဒင်နှင့်တကွ ယဲလ်ဆင်၏မိသားစုများ၊ အပေါင်းအသင်းများပါ ပတ်သတ်မှုရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ရှေ့နေချုပ်ရုံးက ထိုအရှုပ်တော်ပုံအမှုကို ပိတ်သိမ်းခဲ့သည်။ ဧန်နဝါရီလ ၂၅ ရက်နေ့တွင် ရုရှားလွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေအရ သမ္မတဟောင်းများနှင့် ယင်းတို့၏သားသမီးများသည် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရခဲ့သည်။ ဤသို့ဖြင့် သမ္မတဟောင်း ယဲလ်ဆင်မိသားစုနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှုများမှာ ရပ်ဆိုင်းသွားတော့သည်။

ဘိုရိုဒင်သည် သမ္မတသစ်ကျော့ဘုရှ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ရန် ရုရှား – ဘေလာရုစ်ပြည်ထောင်စု၏ နိုင်ငံတော်အတွင်းဝန်အနေဖြင့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဘိုရိုဒင်အား ဖမ်းဆီးခဲ့မှုအတွက် ရုရှားအာဏာပိုင်များက အကြီးအကျယ် ကန့်ကွက်ခဲ့ကြသည်။ ၁၉၉၆–၉၇ ခုနှစ်များက သမ္မတပူတင်သည် ဘိုရိုဒင်၏လက်အောက်တွင် တာဝန်ထမ်းခဲ့ဖူးသော်လည်း ယခုအမှုနှင့်ပတ်သက်၍ ပူတင်သည် ရေငုံနှုတ်ပိတ်နေခဲ့သည်။ အမေရိကန်တို့သည် ဘိုရိုဒင်အား ဆွစ်အာဏာပိုင် များလက်သို့ လွှဲပြောင်းပေးအပ်ခြင်းမပြုသေးဘဲ ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

ပါရီအသင်းမှ ကြွေးများပြန်လည်ပေးဆပ်ရေး – ပါရီအသင်း (Pari Club) သည် အချုပ်အခြာအာဏာပိုင် လွှတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသော ငွေချေးအသင်းဖြစ်သည်။ အနောက်ဥရောပနိုင်ငံများက တည်ထောင်ထားသည့် အသင်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုလက်ထက်က ရုရှားသည် ထိုအသင်းမှ ဒေါ်လာ ၄၈ ဘီလီယံ ချေးယူထားခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၉၁ ခုနှစ်က ပြိုကွဲခဲ့ပြီး နောက် ထိုအကြွေးသည် ဆက်လက်ကျန်ရှိနေခဲ့သည်။ ပါရီအသင်းသည် ရုရှားပြည်ထောင်စုက ထိုအကြွေးများကို ပြန်မဆပ်ဘဲရပ်ဆိုင်းထားမည်ဟု စိုးရိမ်ခဲ့သည်။ သို့ရာတွင် ဧန်နဝါရီလ ၂၆ ရက်နေ့က ရုရှားဘဏ္ဍာရေးဝန်ကြီး အလက်ဘီကူဒရင်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မြို့၌ ကျင်းပသောကမ္ဘာ့စီးပွားရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရင်း ပါရီအသင်းသို့ တင်ရှိနေသော ကြွေးမြီများအတွက် အတိုးနှင့် အရင်းများကို နှစ်စဉ်အရစ်ကျပေးဆပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပါရီအသင်းသို့ တင်ရှိသောကြွေးမြီများ ပြန်လည်ပေးဆပ်ရေးနှင့် ပတ်သက်၍ ရုရှားထိပ်တန်းအရာရှိကြီးများအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ အကြွေးကိုမပေးဆပ်သေးဘဲ အချိန်ကာလရှေ့ဆိုင်းထားရန် ပြုလုပ်လိုသူများရှိသည်။ ပါရီအသင်းမှရယူခဲ့သော ချေးငွေများ၏ ရာခိုင်နှုန်း ၄၀ မှာ ဂျာမနီနိုင်ငံမှဖြစ်သည်။ ရုရှားသည် ဂျာမန်ပို့ကုန်အာမခံကုမ္ပဏီမှ ချေးယူခဲ့သော ဂျာမန်မတ်ငွေ ၁၀ သန်းကို ၂၀၀၁ ခုနှစ်တွင် ပေးဆပ်ချိန်တန်ပါလျက် မပေးဆပ်ဘဲ နေခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက ရုရှား၏ စီးပွားရေးစွမ်းဆောင်မှုသည် အောင်မြင်တိုးတက်ခဲ့သည်။ ထို့ကြောင့် ၂၀၀၀ ပြည့်နှစ်တွင် ရုရှား၏ဂျီဒီပီသည် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ကုန်သွယ်ရေးပိုငွေပြမှုလည်း ဒေါ်လာ ၆၆ ဒသမ ၈ ဘီလီယံ အထိ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ကြွေးရှင်များက ရုရှားထံမှ ကြွေးများကိုရယူလို ကြသည်။ ဧန်နဝါရီလ ၆ – ၇ ရက်များက ဂျာမန်ဝန်ကြီးချုပ်ရှဂိုဒါသည် ရုရှားသို့ အလည်အပတ်ရောက်စဉ် အကြွေးများ ပြန်ဆပ်ရန် ပြောခဲ့သည်။ ရုရှားသမ္မတပူတင်ကလည်း အကြွေးများကို ပြန်လည် ပေးဆပ်မည်ဟု ကတိပြုခဲ့သည်။

ရုရှား–အမေရိကန်ဆက်ဆံရေး – အမေရိကန်ပြည်ထောင်စုတွင် သမ္မတသစ်ဘုရှ်တက်လာသည့်အခါ ရုရှား – အမေရိကန် ဆက်ဆံရေးမည်သို့ ပြောင်းလဲဖြစ်ပေါ်လာမည်ကို ကမ္ဘာက စောင့်ကြည့်နေခဲ့ကြသည်။ ဧန်နဝါရီလအတွင်း ရုရှား – အမေရိကန်ဆက်ဆံရေးမှာ ကောင်းချည်တစ်ခါ ဆိုးချည်တစ်လှည့် ဖြစ်ခဲ့သည်။ ဧန်နဝါရီလ ၂၇ ရက်နေ့တွင် ရုရှားသမ္မတပူတင်က အမေရိကန်သမ္မတသစ်ဘုရှ်ထံသို့ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ထိုစာတွင် ရုရှားနှင့် အမေရိကန်တို့ နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံစလုံး ရင်ဆိုင်နေရသည့် အရေးတကြီး အလေးထားရမည့် စိန်ခေါ်မှုများကို အတူတကွပူးပေါင်း၍ အဖြေရှာရင်ဆိုင်ကြရန်လည်း တိုက်တွန်းခဲ့သည်။

သို့သော် စစ်အေးကာလ အတွေးအခေါ်ကြွင်းကျန်နေသေးသည့် သမ္မတဘုရှ်က ရုရှားကိုကူညီသည့်အခါ အကုမြူလက်နက်များ ဖျက်သိမ်းရေးအတွက်သာဖြစ်သင့်ကြောင်း ဧန်နဝါရီလ ၁၅ ရက်နေ့က ပြောကြားခဲ့သည်။ ကွန်ကရက်မှ နှစ်ပါတီပူးတွဲအဖွဲ့ကလည်း ရုရှား၏ အကုမြူလက်နက်များကို လုံခြုံဘေးကင်းစွာ ထိန်းသိမ်းနိုင်ရေးအတွက် ဒေါ်လာဘီလီယံ ၃၀ အသုံးပြုရန် ဘုရှ်အစိုးရအဖွဲ့သစ်သို့ အကြံပေးခဲ့သည်။

ရုရှားသမ္မတပူတင်ကလည်း ဝိုင်းပတ်ပိတ်ဆို့မှုခံရမည်ကို စိုးရိမ်ပြီး နေတိုးအဖွဲ့က ဘောလ်တစ်ဒေသသို့ တိုးချဲ့လာ ခြင်းသည် လွဲမှားသောလုပ်ရပ်သာဖြစ်ကြောင်း၊ အမျိုးသား ဒုံးကျည်ကာကွယ်ရေးအစီအစဉ်ကို မပြုလုပ်ဘဲ ၁၉၇၂ ခုနှစ် ဒုံးခွင်းဒုံးသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းရန်လိုကြောင်း ဧန်နဝါရီလ ၂၆ ရက်နေ့က အမေရိကန်သို့ ပြောကြားခဲ့သည်။ ရုရှားသည် ဘောလ်တစ်နိုင်ငံများအကြား ချောင်ပိတ်ကျန်ရှိနေသည့် ကာလင်နင်ဂရက်သို့ ၂၀၀၀ ပြည့်နှစ်အတွင်းက တာတိုပစ်ဒုံးကျည်စခန်းကို ရွှေ့ပြောင်းထားခဲ့သည်။ ဤသို့လျှို့ဝှက်စွာပြောင်းရွှေ့ခြင်းအတွက် အမေရိကန်နှင့် နေတိုးအဖွဲ့တို့က စိုးရိမ်မကင်းဖြစ်ခဲ့ကြသည်။

သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ကြွေးမြီကိစ္စ – ဧန်နဝါရီလအတွင်း ရုရှားသတင်းများနှင့် ပတ်သက်၍ မီဒီယာမို့စ် (Media Most) ၏ ကြွေးမြီတင်ရှိနေမှု ကိစ္စ၊ မီဒီယာလွတ်လပ်ခွင့်ကိစ္စ၊ အင်တီဗီ (NTV) ကိစ္စ၊ ပြည်ပအရင်းရှင်ကြီးများ ၏ ဝင်ရောက်စွက်ဖက်မှုကိစ္စတို့က လွှမ်းနေခဲ့သည်။ မီဒီယာမို့စ် ခေါ် သတင်းမီဒီယာ အင်ပိုင်ယာပိုင်ရှင်မှာ ဗလာဒီမာဂူဆင်စကီဖြစ်သည်။ သူသည် ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့က စပိန်နိုင်ငံတွင် အကျယ်ချုပ်ချထားခံလိုက်ရသည်။ ဤအခြေအနေတွင် မီဒီယာမို့စ်လက်အောက်ခံ အင်တီဗီမှာ ဂက်ဇ်ပရွမ် (Gaz prom) ကုမ္ပဏီကြီးသို့ ကြွေးမြီ အမြောက်အမြား တင်ရှိသည်။ ဂက်ဇ်ပရွမ်သည် ဓာတ်ငွေ့နှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သော ကုမ္ပဏီကြီးဖြစ်သည်။ ပင်မလုပ်ငန်းအပြင် အခြားသော လုပ်ငန်းများ၌လည်း အစုရှယ်ယာများ ထည့်ဝင်ထား

ရဂျားဖက်ဒရေးရှင်း သမ္မတနိုင်ငံ



ရဂျားသမ္မတပူတင်

သည့် ကုမ္ပဏီကြီးဖြစ်သည်။ အင်တီဗီသည် ရဂျားနိုင်ငံ၌ တစ်ခုတည်းသော သီးခြားလွတ် လပ်စွာ သတင်းများထုတ် လွှင့်နေသော ရုပ်မြင်သံကြား လုပ်ငန်းဖြစ်သည်။

ဂက်ဇ်ပရွမ်နှင့် အင်တီဗီတို့အကြား ကြွေးမြီအရှုပ် အရှင်းကိစ္စကြောင့် အစိုးရက အင်တီဗီ၏ အစုရှယ်ယာများ မှ ၁၉ ရာခိုင်နှုန်းကို ထိန်းချုပ်ခဲ့သည်။ ထိုအခါ အင်တီဗီတွင် အစုရှယ်ယာ ၄၆ ရာခိုင်နှုန်း ထည့်ဝင်ထား သည့် ဂက်ဇ်ပရွမ်က အင်တီဗီကို ချုပ်ကိုင်ခွင့်ရရှိသွား သည်။ ဤအတောအတွင်း အစိုးရရှေ့နေချုပ်ရုံးကလည်း အင်တီဗီမှ အရာရှိကြီးများကို မကြာခဏခေါ်ယူ စစ်ဆေးမေးမြန်းနေသည်။ အင်တီဗီသည် ချီချင်ညာသတင်း၊ လျှပ်စစ်စွမ်းအားများ ပြတ်တောက်မှုသတင်းတို့ကို အမှန်အတိုင်းဖွင့်ဟထုတ်ဖော် တင်ပြလျက် ရှိသည်။ ယင်းသို့သတင်းမှန်များ ထုတ်လွှင့်နေမှုကို ရဂျားအာဏာပိုင်များက မခံချည့်မခံသာဖြစ်နေသည်။ ထို့ကြောင့် သတင်းမီဒီယာများကို အစိုးရက နှိပ်ကွပ်နေသည်ဟု အင်တီဗီက စွပ်စွဲခဲ့သည်။

သမ္မတပူတင်သည် အင်တီဗီမှ ဝါရင့်ဝန်ထမ်းများကို ခေါ်ယူ၍ သတင်းများကို လွတ်လပ်စွာဖော်ထုတ်ရေးသား

နိုင်ကြောင်း ဇန်နဝါရီလ ၂၉ ရက်နေ့က ပြောကြား၊ခဲ့သည်။ သို့သော် မီဒီယာလွတ်လပ်ခွင့်ပေးနိုင်သော်လည်း တရား ဥပဒေကြောင်းနှင့် ဘဏ္ဍာငွေကြေးကိစ္စတို့၌ ဝင်ရောက်စွက်ဖက်နိုင်ခွင့်မရှိကြောင်းကို သမ္မတပူတင်က အင်တီဗီ တာဝန်ခံများအား ပြောကြား၊ခဲ့သည်။

အမေရိကန် မီဒီယာသူဌေးကြီး တက်ဒ်တန်းနာ ခေါင်းဆောင်သည့် နိုင်ငံခြား၊ဘဏ္ဍာအရင်းရှင်တစ်စုကလည်း အင်တီဗီမှ ကြေးမုံ၊ပြေလည်ရေးအတွက် အစုရှယ်ယာများ ဝယ်ယူမည်ဟုကမ်းလှမ်း၊ခဲ့သည်။ ထိုသို့ကမ်းလှမ်းသူများတွင် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဥရောပဘဏ် (EBRD) နှင့် ငွေကြေးကစား၍ အမြတ်ထုတ်သူဟု ကျော်ကြား၊သော ဘဏ္ဍာအရင်းရှင်ဂျော့ဆိုရော့စ်လည်း ပါဝင်သည်။ ထိုဘဏ္ဍာအရင်းရှင်အဖွဲ့က အင်တီဗီ၏ သတင်းထုတ်လွှင့်မှုကိစ္စများ၌ နိုင်ငံရေးစွက်ဖက်မှု ကင်းရှင်းစေရမည်ဟု တောင်းဆိုထား၊ကြသည်။ သမ္မတပူတင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာခြင်းကို ကြိုဆိုကြောင်း ဝတ်ကျေတန်းကျေ ပြောကြား၊ခဲ့သည်။

ချီချင်ညာစစ်ဆင်ရေး ဦးစီးကွပ်ကဲမှု အပြောင်းအလဲ – ချီချင်ညာ ခွဲထွက်ရေးသမား၊များကို ရုရှား၏ စစ်တပ်ကိုယ်တိုင်ဝင်ရောက် တိုက်ခိုက်ခဲ့သည်မှာ ကာလတာရှည်ပြီဖြစ်သော်လည်း ထိရောက်မှုအား နည်း၊ခဲ့သည်။ ရုရှား၊ပြည်ထောင်စုမှ သီး၊ခြား၊ခွဲထွက်ရေး ပြောက်ကျား၊တပ်သား၊များ၏ တိုက်ခိုက်မှုကြောင့် စစ်သည်များ အသေအပျောက်များ၊ခဲ့သည်။ ဤအခြေအနေကို ပြန်လည်သုံး၊သပ်လျက် ချီချင်ညာစစ်မြေပြင်တွင် ဦးစီးကွပ်ကဲနေသော ကာကွယ်ဝန်ကြီးဌာနကို ရုပ်သိမ်း၍ ပြည်ထောင်စုလုံခြုံရေးအဖွဲ့ (Federal Security Service) သို့ လွှဲအပ်လိုက်ကြောင်း ဇန်နဝါရီ ၂၂ ရက်နေ့တွင် သမ္မတပူတင်က အမိန့်ဒီကရီဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ကြီးမား၊သော ရန်ပြုတိုက်ခိုက်မှုများ မရှိတော့၍ ချီချင်ညာတွင် ဤကဲ့သို့ စစ်ဆင်ရေးဦးစီးကွပ်ကဲမှု အပြောင်းအလဲလုပ်ခဲ့သည်ဟု အကြောင်း၊ပြခဲ့သည်။ သို့ရာတွင် မော်တော်ယာဉ်ယန္တရား တပ်ဆင်ထား၊သော စစ်သည် ၁၅,၀၀၀ နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်ခံတပ်သား ၇၀,၀၀၀ တို့ကို ချန်ထား၊ခဲ့သည်။ ထို့ပြင် ချီချင်ညာ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုပေး၊သည့် အုပ်ချုပ်ရေးဖွဲ့စည်းပုံ အပြောင်းအလဲလည်း ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းလည်း ချီချင်ညာ၌ အကြမ်းဖက်ဝါဒီများ ရှိနေ၍ အကြမ်းဖက်နှိမ်နင်းရေး အင်အား၊ကို တိုး၊ချဲ့အသုံး၊ပြုရန် စီစဉ်ခဲ့သည်။ ချီချင်ညာ၌ ဝန်ကြီး၊ချုပ်၊ ဒုတိယဝန်ကြီး၊ချုပ် အပြောင်းအလဲကိုလည်း ပြုလုပ်ခဲ့သည်။

ချီချင်ညာတွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်း၍ အရပ်ဘက်အုပ်ချုပ်ရေးကို လွှဲပြောင်း၊ပေး၊ခဲ့သဖြင့် ဥရောပကောင်စီကလည်း ၄င်း၏ ပါလီမန်ညီလာခံတွင် ရုရှား၊အား မဲဆန္ဒပေး၊ခွင့်ကို ပြန်လည်ပေး၊အပ်ခဲ့သည်။

ရုရှား၊အရှေ့ဖျား၊အစွန်မှ လောင်စာအကျပ်အတည်း – ၂၀၀၁ ခုနှစ်ဆောင်း၊ရာသီတွင် ရုရှား၊အရှေ့ဖျား၊ရှိ ဆိုက်ဘေးရီးယား၊ဒေသ တစ်ခွင်လုံး၊တွင် ရေခဲမှတ်အောက် ၃၀ ဒီဂရီအထိ အအေး၊ဓာတ်လွန်ကဲခဲ့သည်။ လူပေါင်း ၁၅,၀၀၀ အတွက် အပူဓာတ်ပေး၊ခြင်း လုံး၀မပြုနိုင်သဖြင့် ဆန္ဒပြမှုများ ဖြစ်ပေါ် ခဲ့သည်။ ပြည်ထောင်စုအစိုးရက ရုဘယ်လ်ငွေ ၁၈ ဘီလီယံချပေး၊ခဲ့သော်လည်း လျှပ်စစ်မီတာအား ပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ထို့ကြောင့် ဇန်နဝါရီလ ၂၆ ရက်နေ့က အရေး၊ပေါ်ကိစ္စများဆိုင်ရာ ဝန်ကြီး၊ဆာဂျီရှိုအုဂုသည် အရှေ့ဖျား၊အစွန်ဆုံး၊ဖြစ်သော ပရီဗော့စကီမြို့သို့ ရောက်လာခဲ့သည်။ စွမ်းအင်နှင့် လောင်စာ ပြတ်တောက်မှုများ၊အတွက် ဒေသဆိုင်ရာအာဏာပိုင်များ၏ စွမ်းဆောင်ရည်ကင်းမဲ့မှုကို ထိုဝန်ကြီး၊က ပြစ်တင်ဝေဖန်ခဲ့သည်။ ဒေသတာဝန်ခံ အပြောင်းအလဲပြုလုပ်ခဲ့သည်။ သမ္မတပူတင်က အရှေ့ဖျား၊ဒေသတွင် လျှပ်စစ်နှင့် လောင်စာဖြည့်တင်း၊ရေး ကိစ္စကို စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်း၊များ၊အား လုံး စုပေါင်း၊တာဝန်ယူကြရန် လမ်း၊ညွှန်ခဲ့သည်။

ချီချင်ညာ၌ ခြေလွန်လက်လွန်ဖြစ်မှု – ဇူလိုင်လ ၁ – ၂ ရက်နေ့များ၊အတွင်း၊က ချီချင်ညာရှိ ကျေး၊ရွာနှစ်ခုတို့တွင် ဗုံးပေါက်ကွဲမှုများ၊ကြောင့် ရုရှား၊စစ်သား ၁၁ ဦး၊ ကျဆုံး၊သွား၊ခဲ့သည်။ ယင်းသို့ ကျဆုံး၊သွား၊မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အချင်း၊ဖြစ်ရာနေရာရှိ ကျေး၊ရွာသုံး၊ခုကို ရုရှား၊စစ်သည်များ၊က တလင်း၊ပြင်ဖြစ်သွား၊အောင် မီး၊ရှို့သုတ်သင် ရှင်း၊လင်း၊ပစ်ခဲ့ကြသည်။ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း၊များလည်း ကျူး၊လွန်ခဲ့ကြသည်။ ဤလုပ်ရပ်နှင့် စပ်လျဉ်း၍ ရုရှား၊အစိုးရက ခန့်ထား၊သည့် ချီချင်ညာအုပ်ချုပ်ရေး၊မှူး၊က လက်နက်များ၊လည်း မရရှိ၊ လူဆိုး၊တစ်ဦး၊တစ်ယောက်မျှလည်း ဖမ်း၊ဆီး၊ရမိခဲ့ခြင်း၊မရှိဘဲ ထိုကျေး၊ရွာများ၊ကို ပြောင်တလင်း၊ခါသွား၊အောင် ရုရှား၊စစ်တပ်များ၊က ပြုလုပ်ခဲ့သည်ဟုပြောကြား၊ခဲ့သည်။ ချီချင်ညာဆိုင်ရာ တပ်ပေါင်း၊စုမှူး၊ဒုတိယဗိုလ်ချုပ်ကြီး မော့လ်တင်စကွိုင်း၊ကလည်း ထိုစစ်သည်များ၊

သည် ရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြောင်း၊ ထိုရွာများကို အပြောင်ရှင်းခဲ့ပြီး ဘာမျှမဖြစ်လေဟန်ဆောင်နေခဲ့ကြောင်း ပြစ်တင်ရှုတ်ချလိုက်သည်။ ဤကျူးလွန်မှုများအတွက် ပြည်ထောင်စုအစိုးရက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ချီချင်ညာလုံခြုံရေးတပ်ဖွဲ့ အင်အားကိုလည်း လျှော့ချမည်ဟု ပြောကြား ခဲ့သည်။

အရှုမြူရေငုပ်သင်္ဘော ဆယ်တင်ရေး – ၂၀၀၀ ပြည့်နှစ်၊ သြဂုတ်လ ၁၂ ရက်နေ့က ရုရှား အရှုမြူရေငုပ်သင်္ဘော သည် ဘဲရင့်ပင်လယ်ပြင်အတွင်း နစ်မြုပ်ခဲ့သည်။ သင်္ဘော သား ၁၁၈ ဦးလည်း တစ်ပါတည်းသေဆုံးခဲ့ကြသည်။ ထို အရှုမြူရေငုပ်သင်္ဘော နစ်မြုပ်သွားမှုအတွင်း ပြည်တွင်း ပြည်ပသတင်း ရိုက်ခတ်သွား ခဲ့သည်။ ရုရှားအစိုးရသည် ထိုသင်္ဘောကို ဆယ်တင်ရေးအတွက် ဒတ်ချ်ကုမ္ပဏီတစ်ခုကို ဒေါ်လာ သန်း ၈၀ ဖြင့် ငှားရမ်းခဲ့သည်။ ရေငုပ်သမားများသည် ထိုသင်္ဘောအား စက်တင်ဘာလလယ်ပိုင်းတွင် ဆယ်တင်နိုင်ရေးအတွက် ရေငုပ်သင်္ဘောပျက်ကို လှည့်လည်စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိကြသည်။ ထိုသင်္ဘော နစ်မြုပ်မှုနှင့် စပ်လျဉ်း၍ ရုရှားရေတပ်အတွက် လည်း သိက္ခာကျစရာဖြစ်ခဲ့ခြင်း၊ ထိုသင်္ဘော၌ပါသွား သော တော်ပီဒို ဗုံးကွဲခြင်း မှန်သလော၊ အခြားရန်သူ တစ်ဦးဦး၏ လက်ချက်လောဟူ၍ သံသယများဖြစ်ခဲ့ခြင်း တို့ကြောင့် ဤသတင်းကို ပြည်တွင်းပြည်ပက စိတ်ဝင်စားစွာ စောင့်ကြည့်လေ့လာနေခဲ့ကြသည်။

၂၀၀၁ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်နေ့က ထို အရှုမြူရေငုပ်သင်္ဘော ထွက်ခွာသွားရာ ဗစ်ဒယာလေဗို ရေတပ်စခန်းနှင့် အခြားရေတပ်စခန်းများ၌ ထိုသင်္ဘော နစ်မြုပ်မှု နှစ်ပတ်လည်အထိမ်းအမှတ်ကို ကျင်းပခဲ့သည်။ နစ်မြုပ်သွားသည့် သင်္ဘောမှ ရေတပ်သား ၁၁၈ ဦးတို့၏ မိသားစုများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

မအောင်မြင်သည့် အာဏာသိမ်းပိုက်ရေး အထိမ်းအမှတ် – ၂၀၀၀ ပြည့်နှစ်၊ သြဂုတ်လသည် မအောင်မြင်သော အာဏာသိမ်းပိုက်ရေး ကြိုးပမ်းမှု၏ ၁၀ နှစ်မြောက် အခါသမယနှင့်လည်း ကြုံကြိုက်နေသည်။ ၁၉၉၁ ခုနှစ်၊ သြဂုတ်လ ၁၈–၂၁ ရက်နေ့များတွင် "အရေးပေါ် အခြေအနေဆိုင်ရာ နိုင်ငံတော်ကော်မတီ" ဟု အမည်ခံထားသော အဖွဲ့က ထိုစဉ်က လက်ရှိသမ္မတ ဂေါ်ဘာချော့ဗ်အား အာဏာယူပါရန် ထားခဲ့ပြီး နိုင်ငံတော်အာဏာကို ၄၄ ဦးကော်မတီကပင် ကျင့်သုံးရန် ကြိုးပမ်းခဲ့သည်။ သို့သော် ခုခံမှုများရှိခဲ့သဖြင့် ထို အာဏာသိမ်းရန် ကြံစည်မှုမှာ ပျက်ပြယ်သွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုကြံစည်မှုသည် ဆိုဗီယက်ပြည်ထောင်စုကို ပြိုကွဲစေလျက် ဘောရစ်ယဲလ်ဆင်အနေဖြင့် ပထမဆုံး သမ္မတအဖြစ် တက်လာစေရန် အခြေအနေ ဖန်တီးပေးခဲ့သည်။ ထို့ကြောင့် ယခုနှစ် သြဂုတ်လ ၁၈ – ၂၀ ရက်နေ့များတွင် ၁၉၉၁ ခုနှစ်၊ အာဏာသိမ်းပိုက်ရေး ကြံစည်မှုအထိမ်းအမှတ်နေ့များကို တရားဝင် ကျင်းပခဲ့သည်။ သို့ရာတွင် ယဲလ်ဆင်နှင့် လက်ရှိသမ္မတ ပူတင်တို့သည် ထိုအခမ်းအနား



ရုရှားသမ္မတပူတင်က အမေရိကန်နိုင်ငံမှ သတင်းစာဆရာများအား ရုရှား–အမေရိကန် ဆက်ဆံရေးနှင့် ရုရှားနိုင်ငံပြည်တွင်းရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားနေစဉ်

များသို့ မတက်ရောက်ခဲ့ပေ။ လူထုကလည်း ထိုနေ့အထိမ်းအမှတ်ပွဲကို စိတ်ဝင်စားမှု မရှိခဲ့ပေ။

လျှပ်စစ်နှင့် ရပ်/သံလွင့်ကဏ္ဍများ ပြုပြင်ရေး – ဝန်ကြီးချုပ်မစ်ခိုင်းလ်ကပ်စီယာနော့ဗ်သည် ဩဂုတ်လ ၆ နေ့ရက်က ဥပဒေကဲ့သို့ အာဏာသက်ရောက်သောအမိန့်များဖြင့် လျှပ်စစ်လုပ်ငန်းအားလုံးကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားသော "ပေါင်းစည်းထားသည့် စွမ်းအင်စနစ်များ" အဖွဲ့ကို တစ်ပိုင်းစီခွဲခြားလိုက်သည်။ လျှပ်စစ်မာတ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို သီးခြားစီခွဲထုတ်လိုက်သည်။ အစိုးရက လျှပ်စစ်မီတာခများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဈေးနှုန်းယန္တရားဖြင့် လည်ပတ်ရန်စီစဉ်ခဲ့သည်။

ဩဂုတ်လ ၁၃ ရက်နေ့တွင် သမ္မတပူတင်သည် ရုရှားပြည်ထောင်စုအတွင်း ရပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်းအားလုံးကို နိုင်ငံတော်က ထိန်းချုပ်ထားသည့် "ရုရှားရပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ရေး ကွန်ရက် (RTRS)က ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အမိန့်ဒီကရီထုတ်ပြန်လိုက်သည်။ ဤကော်ပိုရေးရှင်းသည် တစ်နိုင်ငံလုံးအတွက် အချက်ပြစနစ်ဖြန့်ဖြူးရေးကို ဆောင်ရွက်သွားရန် စီစဉ်ထားသည်။ ဤအမိန့်ဒီကရီကြောင့် ပုဂ္ဂလိကအသံလွှင့်ဌာနများက သူတို့၏လုပ်ငန်းများကိုပါ လက်ဝါးကြီးအုပ်ချုပ်လာမည်ကို စိုးရိမ်နေကြသည်။

ငွေဖြူလုပ်မှု တိုက်ဖျက်ရေးဥပဒေ – ၁၉၉၉ ခုနှစ်အတွင်းက နယူးယောက်ဘဏ်မှတစ်ဆင့် ငွေမည်းများကို ငွေဖြူဖြစ်အောင် လုပ်ခဲ့သည်ဟု စွပ်စွဲခံရကာ ရုရှားသည် နာမည်ပျက်ခဲ့သည်။ သို့ဖြစ်၍လည်း ဂျီ ၇ အုပ်စုနှင့် အိုအီးစီဒီအဖွဲ့တို့က ရုရှားနိုင်ငံအား နာမည်ပျက်စာရင်းဝင် ပြုလုပ်ထားခဲ့သည်။ ငွေဖြူလုပ်မှုနှင့်ပတ်သက်၍ ရုရှားနိုင်ငံက ထိရောက်သော အစီအမံပြုလုပ်ခြင်းမရှိလျှင် တားမြစ်မိန့်များ ချမှတ်ခံရလိမ့်မည်ဟုလည်း သတိပေးခဲ့ကြသည်။ ထို့ကြောင့် ဩဂုတ်လ ၆ ရက်နေ့တွင် သမ္မတပူတင်သည် ငွေဖြူလုပ်မှုတိုက်ဖျက်ရေး ဥပဒေကို လက်မှတ်ရေးထိုးပေးလိုက်သည်။ ရုဘယ်လ်ငွေ ခြောက်သိန်းနှင့် အထက်ငွေသွင်း ငွေထုတ်ပြုလုပ်သောဘဏ်တိုင်းက ဘဏ္ဍာရေးသတင်း စိစစ်မှုဗဟိုဌာနသို့ သတင်းပေးပို့မည်ဟုလည်း အမိန့်ထုတ်ပြန်ခဲ့သည်။

အမျိုးသား သန်းခေါင်စာရင်း ကော်မရှင် – ရုရှားနိုင်ငံတွင် ၁၉၈၉ ခုနှစ်၊ ဆိုဗီယက်ခေတ်အတွင်းက ပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်း ပြုစုခြင်း ပြုလုပ်ပြီးခဲ့သည့်နောက်ပိုင်း ရန်ပုံငွေအခက်အခဲကြောင့် သန်းခေါင်စာရင်းမပြုလုပ်နိုင်ခဲ့ပေ။ ယခုအခါ ရူဘယ်လ် ၃ ဘီလီယံ အကုန်အကျခံလျက် သန်းခေါင်စာရင်း ပြုစုရေးကော်မရှင်ကို ဩဂုတ်လ ၁ ရက်နေ့က ဖွဲ့စည်းပေးခဲ့သည်။ ၂၀၀၂ ခု၊ အောက်တိုဘာလတွင် သန်းခေါင်စာရင်းကို ပြုစုမည်ဖြစ်သည်။

စက်တင်ဘာ ၁၁ အရေးအခင်းအပေါ် တုံ့ပြန်ချက် – စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုအပေါ် တိုက်ခိုက်ခဲ့မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာအကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင် ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုကို ကူညီပံ့ပိုးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အာဖဂန်နစ္စတန်တွင် အကြမ်းဖက်သမားများအား အမေရိကန်ဦးဆောင်သော နိုမ်နင်းတိုက်ခိုက်ရေး၌ ရုရှားနိုင်ငံအနေဖြင့် နယ်ပယ် ၎င်းခုတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်း စက်တင်ဘာလ ၂၄ ရက်နေ့က ရုပ်မြင်သံကြားမှတစ်ဆင့် သမ္မတပူတင်က ပြောကြားခဲ့သည်။ (၁) အကြမ်းဖက်ဝါဒီတို့၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် တည်နေရာတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးမည်။ (၂) လူသားချင်းစာနာထောက်ထားသည့် ခရီးစဉ်များအတွက် ရုရှားလေပြင်ကို ဖြတ်ကျော်ပျံသန်းခွင့်ပေးမည်။ (၃) ရုရှား၏ မဟာမိတ်ဖြစ်သော ဗဟိုအာရှနိုင်ငံများနှင့် ညှိနှိုင်းကာ လူသားချင်းစာနာထောက်ထားသည့် ခရီးစဉ်များဖြတ်ကျော်ပျံသန်းမှုကို သဘောတူညီသည်။ (၄) ရာဖွေရေးနှင့် ကယ်ဆယ်လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းမည်။ (၅) အာဖဂန်နစ္စတန်၌ တာလီဘန်နှင့် အယ်လ်ကေဒါတို့အား ဆန့်ကျင်နေသည့် စစ်အုပ်စုတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သွားသည်။ ဤလုပ်ငန်းနယ်ပယ်ငါးခု၌ ရုရှားသည် အမေရိကန်အား ထောက်ခံအားပေးသွားမည်ဟု ကြေညာခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုအပေါ် တိုက်ခိုက်မှုနှင့်ပတ်သက်၍ ပူးပေါင်းကူညီမည်ဖြစ်ကြောင်း ကြေညာသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ထိုအကြမ်းဖက်တိုက်ခိုက်မှုနှင့် ချီချင်ညာခွဲထွက်ရေးသူပုန်တို့မှာလည်း ဆက်စပ်နေကြောင်း ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။ ချီချင်ညာသူပုန်တို့သည် အိုစမာဘင်လာဒင်၏ အယ်လ်ကေဒါအဖွဲ့ကွန်ရက်နှင့် ဆက်စပ်နေကြောင်း ရုရှားအဆင့်မြင့် အရာရှိကြီးများက ပြောဆိုခဲ့ကြသည်။ ထိုသို့ဆက်စပ်ပြောဆိုမှုများကို ချီချင်ညာအစိုးရကငြင်းဆိုခဲ့သည်။ စက်တင်ဘာ ၁၁ အရေးအခင်း၏ ဂယက်ပြင်းထန်နေဆဲတွင် ရုရှားတို့သည် ဗဟိုအာရှနိုင်ငံများ၏

အခန်းကဏ္ဍ အရေးပါပုံနှင့် ချီချင်ညာသူပုန်တို့အပေါ် ရှား၏ ထိုးစစ်ဆင်နေမှုနှင့် ပတ်သက်၍ ကမ္ဘာ့ထင်မြင်ချက်ကောင်း ရရှိလာစေရန် သံတမန်နည်းလမ်းများအရ အထူးကြိုးပမ်း လုပ်ရှားခဲ့ကြသည်။

ဤကဲ့သို့ အခွင့်ကောင်းအခါကောင်းတွင် ရှားကနိုင်ငံတကာ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင် ပါဝင်ကူညီပူးပေါင်းမည်ဟု ဆိုခဲ့ခြင်းကြောင့် အနောက်တိုင်းခေါင်းဆောင်များသည် ချီချင်ညာ၌ ရှား၏စစ်တပ်တို့၏လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် လေသံပျော့လာကြသည်။ အမျိုးသားဒုံးကျည် ကာကွယ်ရေးအစီအစဉ်နှင့် ပတ်သက်၍ ရှားနှင့် အမေရိကန်ဆက်ဆံရေးသည် ယခင်က တင်းမာခဲ့သော်လည်း ယခုအခါ ပျော့ပျောင်းသွားသည်။

စက်တင်ဘာ ၂၆ ရက်နေ့တွင် ချီချင်ညာဆိုင်ရာ ရှား အထူးသံတမန်က လက်နက်ချရမည် သို့မဟုတ် ချေမှုန်းသုတ်သင်ခံရမည်ဟု ကြေညာခဲ့သည်။ ချီချင် ကိုယ်စားလှယ်အဖွဲ့ကလည်း လက်နက်ဖျက်သိမ်းရေးအတွက် ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာခဲ့သည်။

ဂျာမန်ဝန်ကြီးချုပ် ရှရိဒါကလည်း ရှား၊ချီချင် သူပုန်တို့အပေါ် တိုက်ခိုက်မှုကို တစ်မျိုးတစ်ဖုံ စဉ်းစားပေးရလိမ့်မည်ဟု ရှား၊တို့ဘက်မှ သာသာထိုးထိုးပြောဆိုခဲ့သည်။ အမေရိကန်သမ္မတ ဘုရှ်ကလည်း ချီချင်သူပုန်တို့ အနေဖြင့် နိုင်ငံတကာ အကြမ်းဖက်ဝါဒီများနှင့် အဆက်အသွယ်ဖြတ်ကြရန် စက်တင်ဘာလ ၂၆ ရက်နေ့က ပြောကြား၊ခဲ့သည်။

မြေရောင်းချမှု ဥပဒေကြမ်း – မြို့ပြနှင့် စက်မှုမြေများကို ရောင်းချရာတွင် နိုင်ငံသားများနှင့် နိုင်ငံခြားများအားတန်းတူ အခွင့်အရေးပေးမည်ဟူသော အချက်ပါဝင်သည့် ဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုပေးလိုက်သည်။ ဤဥပဒေကြမ်းအရ မြေအား၊လုံး၏ ၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ အကျုံးဝင်ပြီး စိုက်ပျိုးမြေများ၊ မြစ်ချောင်း အင်းအိုင်များ၊ သစ်တောများ ပါဝင်ခြင်းမရှိပေ။ မြို့ပြနှင့် စက်မှုလုပ်ငန်းသုံး မြေရောင်းချရေးဆိုင်ရာ ဥပဒေကြမ်းသည် အငြင်းပွား၊ခဲ့သော ပြဿနာဖြစ်သည်။ သို့သော် စီးပွားရေးကျပ်တည်းနေသော ရှရှား၊က ၄င်းဥပဒေကို အတည်ပြုပေး၊ခဲ့သည်။ ထိုဥပဒေကြမ်းကို အောက်တိုဘာလ ဆန်းပိုင်း၌ အထက်လွှတ်တော်ကလည်း အတည်ပြုပေး၊ခဲ့ပြီး နောက် သမ္မတပူတင်က ဥပဒေအဖြစ် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ ဥပဒေသစ်အရ စက်မှုလုပ်ငန်း လုပ်ကိုင်သူတို့သည် စက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်၍ မြေယာပိုင်ဆိုင်ခွင့်လည်း ရသွား၊ကြသည်။ ဤဥပဒေသစ်ကြောင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများသည် ရှရှားနိုင်ငံတွင်းသို့ စီးဝင်လာလိမ့်မည်ဟု မျှော်မှန်းထား၊ကြသည်။

အနောက်တိုင်းနှင့် တိုးချဲ့ပေါင်းစည်းရေး – စက်တင်ဘာ ၁၁ အရေးအခင်းနှင့် ဆက်နွယ်လျက် အောက်တိုဘာလအတွင်း ရှရှားသည် ထင်ရှား၊အရေးပါသော နိုင်ငံတကာဆွေးနွေးညှိနှိုင်းပွဲနှစ်ခု၌ ပါဝင်ခဲ့သည်။ ဤသို့ပါဝင်ခဲ့ခြင်းဖြင့် ရှရှားသည် အနောက်တိုင်းနှင့် တိုးချဲ့ပေါင်းစည်းရေးကို ဆောင်ရွက်ခဲ့သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့်လည်း ရှရှားသည် ချီချင်ညာတိုက်ပွဲ၌ အနောက်တိုင်း၏ ဝေဖန်ပြစ်တင်မှုများလျော့ပါး၊ပြီး ပြည်တွင်း၌လည်း ပူတင်၏ မူဝါဒများအပေါ် ယုံကြည်ထောက်ခံမှုများ တိုး၊ပွား၊လာခဲ့သည်။

အောက်တိုဘာလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆဲလ်စ်မြို့၌ သမ္မတပူတင်သည် ဥရောပသမဂ္ဂမှ အဆင့်မြင့်အရာရှိကြီးများနှင့် လည်းကောင်း၊ နေတိုးအဖွဲ့အထွေထွေအတွင်းရေးမှူး ဂျော့ရော်ဘတ်ဆင်နှင့်လည်း လက်ခံတွေ့ဆုံခဲ့သည်။ ဥရောပလုံခြုံရေးနှင့် ကာကွယ်ရေးတို့အတွက် ဥရောပသမဂ္ဂအတွင်း ဆွေးနွေးညှိနှိုင်းမှုများကို ရှား၊နိုင်ငံအား အသိပေးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ရှား၊ပါဝင်ခွင့် ရရှိရေးအတွက် ဥရောပသမဂ္ဂက ထောက်ခံပေးမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ အဆင့်မြင့်အရာရှိကြီးများက သမ္မတပူတင်အားပြောကြား၊ခဲ့သည်။

အောက်တိုဘာလလယ်ပိုင်းက တရုတ်ပြည် ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့သည့် အေပက်အဖွဲ့၏ ထိပ်သီးအစည်းအဝေးတွင် သမ္မတပူတင်နှင့် သမ္မတဘုရှ်တို့သည် စတင်တွေ့ဆုံညှိနှိုင်း၊ခဲ့ကြသည်။ ယင်းသို့ သမ္မတနှစ်ဦး မတွေ့ဆုံမီကပင် အောက်တိုဘာလ ၁၇ ရက်နေ့တွင် သမ္မတပူတင်က ကျူး၊ဘား၊နိုင်ငံ၌ ရှရှား၊က တည်ထောင်ထား၊ခဲ့သည့် သူလျှို့လုပ်ငန်း ဗဟိုဌာနကိုလည်း၊ ဗီယက်နမ်နိုင်ငံရှိ ကမ်ရန်ပင်လယ်အော်မှ ရှရှား၊ရေတပ်စခန်း တို့ကိုလည်း ကောင်း ဖျက်သိမ်း၊ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဤသို့ ဖျက်သိမ်း၊ရန်စီစဉ်ခြင်းများသည် ငွေကြေးချွေတာရေးတွင်သာမက ရှရှား၊နှင့်အမေရိကန် ဆက်ဆံရေး၊ တင်းမာမှုများ လျော့ပါး၊ရေး၊ အပြန်အလှန် ယုံကြည်မှုနှင့် ပူး၊ပေါင်း၊ဆောင်ရွက်ရေးတို့အတွက်ပါ များစွာအထောက်အကူ ဖြစ်စေခဲ့သည်။

အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဘုရှ်နှင့်ပူတင်တို့သည် ပူး၊တွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ နိုင်ငံ

တကာ အကြမ်းဖက်ဝါဒဆန်ကျင်ရေးနှင့် ပတ်သက်၍ ၄င်းတို့ နှစ်နိုင်ငံသည် အပြန်အလှန်သဘော တူညီမှုများ ရခဲ့ကြောင်း၊ အမေရိကန်ကလည်း ၁၉၇၂ ခု ဒုံးခွင်ဒုံးစာချုပ်ကို ပြင်ဆင်ရန်ကိစ္စကို ပြန်လည်စဉ်းစားမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

အကြမ်းဖက်ဝါဒအန္တရာယ်ကို ပူးပေါင်းဆန်ကျင်ကြရန် ကိစ္စနှင့်ဆက်နွယ်လျက် ရုရှားနှင့်အမေရိကန်တို့သည် ပြန်လည်သင့်မြတ်ရေး၊ အကျိုးတူပူးပေါင်းရေးတို့ကို ရှေးရှုလာကြသည်။ အမေရိကန်သည် ရေနံစိမ်းရရှိမှုအတွက် အရှေ့အလယ်ပိုင်းဒေသအပေါ် မှီခိုအား ထားနေခဲ့ရာမှ ရုရှားနှင့် ဗဟိုအာရှနိုင်ငံများမှ ရေနံစိမ်းရရှိမှုကို မျှော်မှန်းဆောင်ရွက် ခဲ့သည်။ ရုရှားကလည်း အမေရိကန်နှင့် အနောက်တိုင်းတို့၏ အကူအညီဖြင့် ၄င်း၏နိုင်ငံအတွက် နိုင်ငံရေးနှင့်စီးပွားရေးအကျိုးအမြတ်များ ရရှိရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။

အကုမ္ပဏီရေငုပ်သင်္ဘောကို ဆယ်တင်နိုင်ခြင်း – ဘဲရင့်ပင်လယ်ပြင်အတွင်း နစ်မြုပ်သွားခဲ့သော ရုရှားအကုမ္ပဏီ ရေငုပ်သင်္ဘောကို ဒတ်ချ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က အောက်တိုဘာလ ၈ ရက်နေ့တွင် ဆယ်တင်နိုင်သွားပြီဖြစ်သည်။ အကုမ္ပဏီရေငုပ်သင်္ဘောသည် ပဲ့ပိုင်းမှပေါက်ကွဲသွားခဲ့ခြင်း ဖြစ်သည်။ တော်ပီဒုတစ်ခုလွဲချော်ပစ်မိရာမှ သင်္ဘောပဲ့ပိုင်း ပျက်စီးကာ နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။ သင်္ဘောကို ဆယ်တင်ရာမှ ရှေးဦးစွာအလောင်း ၅၉ လောင်းကို ပြန်လည်ရရှိခဲ့သည်။ ထိုသင်္ဘောပေါ်၌ အကုမ္ပဏီမာတ်ပေါင်းဖိုနှစ်ခုမှာ မပျက်မယွင်း မာတ်ငွေ့ရောင်ခြည်များ ပေါက်ကွဲယိုစီးခြင်းမရှိဘဲ အကောင်းပကတိအတိုင်း ပြန်လည်တွေ့ရှိခဲ့သည်။ အောက်တိုဘာလအတွင်းမှာပင် သင်္ဘောကိုယ်ထည်မှ အလောင်းများကိုထပ်မံရရှိခဲ့သည်။ သင်္ဘောဦးပိုင်းမှတွေ့ရှိခဲ့သော လူသေအလောင်းများ၏ အိတ်များထဲမှ စာတိုမှတ်စုများကို တွေ့ရှိခဲ့ရသည်။ ထိုမှတ်စုများအရ ပဲ့ပိုင်း၌ ပေါက်ကွဲသွားချိန်တွင် ဦးပိုင်းမှစစ်သားများသည် ချက်ချင်းမသေသေးဘဲ အသက်ရှင်ကျန်ရှိနေခဲ့ကြောင်း သိရှိရသည်။

စွမ်းအင်လုပ်ငန်း ပြန်လည်ဖွဲ့စည်းရေး၊ ရေနံရှာဖွေရေး – ရုရှားနိုင်ငံ၌ စွမ်းအင်ထုတ်လုပ်မှုကို လက်ဝါးကြီးအုပ်ထားသည့်အဖွဲ့ကို လုပ်ငန်းကဏ္ဍတစ်ခုစီ သီးခြားခွဲထုတ်၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထိုသို့ပြင်ဆင်ဖွဲ့စည်းရေးအတွက် ကုန်ကျစရိတ်များကို ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥရောပဘဏ် (EBRD) က ရုရှားသို့ ယူရိုငွေ သန်း ၁၀၀ ချေးပေးခဲ့သည်။ ဆာခါလင်ကျွန်းအနီး ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းအတွက် အမေရိကန်၊ ဂျပန်၊ အိန္ဒိယနှင့် ရုရှားတို့သည် ဖက်စပ်လုပ်ငန်းတစ်ခုကို တည်ထောင်ခဲ့ကြသည်။ ရုရှားသည် အခွန်နှင့်အမြတ်ငွေများရရှိရန် ရည်ရွယ်ခဲ့သည်။

ရုရှား–အမေရိကန်ထိပ်သီးတွေ့ဆုံပွဲ – နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ရုရှားသမ္မတပူတင်သည် အမေရိကန်ပြည်ထောင်စု သို့ ၃ ရက်ကြာခရီး သွားရောက်ခဲ့သည်။ ပူတင်နှင့်သမ္မတဘုရှ်တို့သည် ဝါရှင်တန်တွင်လည်းကောင်း၊ တက်ဆပ်ခ်ရှိဘုရှ်မိသားစုပိုင် မြင်းခြံတွင်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အကုမ္ပဏီထိပ်ဖူးများ လျော့ချရေးအတွက် နှုတ်အားဖြင့်သာ သဘောတူညီမှုရခဲ့သည်။ လက်နက်များလျှော့ချရေးကို ဆက်လက်ညှိနှိုင်းကြရန်သာ အကြမ်းဖျင်းသဘောတူခဲ့ကြသည်။ သို့ရာတွင် စီးပွားရေးနှင့် ပတ်သက်၍ အမေရိကန်တို့ဘက်မှ လိုက်လျောသဘောတူညီမှုများ ရရှိခဲ့သည်။ ရုရှားနိုင်ငံအား လွတ်လပ်သော စျေးကွက်စီးပွားရေးကို ကျင့်သုံးသောနိုင်ငံအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။

နိုဝင်ဘာ ၇ ရက် အထိမ်းအမှတ် – ရုရှားနိုင်ငံတွင် နိုဝင်ဘာလ ၇ ရက်နေ့သည် ၁၉၁၇ ခုနှစ်က အောင်ပွဲခံခဲ့သော အောက်တိုဘာတော်လှန်ရေးနေ့ဖြစ်သည်။ သို့ရာတွင် ၁၉၉၆ ခုနှစ်မှစ၍ ထိုနေ့ကို "သဘောတူညီမှုနှင့် ပြန်လည်သင့်မြတ်မှုနေ့" ဟု ပြန်လည်သတ်မှတ် ခေါ်တွင်ခဲ့သည်။ ဤကဲ့သို့ အထိမ်းအမှတ်နေ့၏ အခေါ်အဝေါ်ကို ပြောင်းလဲသတ်မှတ်ခဲ့ခြင်းသည် ရုရှားနိုင်ငံရေးအသွင်အပြင် ပြောင်းလဲလာခြင်း၏ လက္ခဏာဖြစ်သည်။ ရုရှားနိုင်ငံ၌ ကွန်မြူနစ်ကိုလိုလား မှု နည်းပါးလာပြီး အစိုးရအနေဖြင့် အမျိုးသားညီညွတ်ရေးကို ပိုမို အလေးထား လာကြောင်း ပေါ်လွင်ထင်ရှားစေခဲ့သည်။ ကွန်မြူနစ်ပါတီဝင်အချို့ကမူ "မဟာအောက်တိုဘာ တော်လှန်ရေးနေ့" ဟု ဆက်လက်ခေါ်ဝေါ်ကာ ဆန္ဒပြပွဲ အနည်းအကျဉ်း ပြုလုပ်ခဲ့ကြသေးသည်။ မော်စကိုမြို့၌ ဒုတိယကမ္ဘာစစ်တွင် ပါဝင်ခဲ့သော ရဲဘော်ဟောင်းများက စစ်အခမ်းအနားဖြင့် ချီတက်ပြခဲ့ကြသည်။ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့က ရုရှားစစ်တပ် (တပ်နီတော်) သည် ဂျာမန်ကျူးကျော်သူများကို တွန်းလှန်ရန် ရင်ပြင်နိမ့ထွက်ခွာခဲ့ကြသည်။ ဤသို့ စစ်ထွက်ခဲ့သည့် နှစ် ၆၀ မြောက် အထိမ်းအမှတ်ပွဲကို တခမ်းတနားစစ်ရေးပြပွဲဖြင့် ပြုလုပ်ခဲ့သည်။ သမ္မတပူတင်ကလည်း ဒုတိယကမ္ဘာစစ်အတွင်းက မျိုးချစ်သူရဲကောင်းများကို ချီးကျူးပြောဆိုခဲ့သည်။ သမ္မတပူတင်ကို လိုလားထောက်ခံသော လူငယ်များကလည်း "လက်တွဲညီညာ ချီတက်ပါ" ဟူသော ကြွေးကြော်

သံဖြင့် ချီတက်ပွဲများကို အကြီးအကျယ် ကျင်းပခဲ့ကြသည်။ လူငယ်များက မော်စကိုနှင့် အခြားမြို့ကြီးများတွင် စေတနာဝန်ထမ်း လမ်းများ သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြသည်။


တီဗီ – ဖ ကို ကြွေးဖြင့် သိမ်းပိုက်လိုက်ခြင်း – တီဗီ – ဖ သည် မော်စကိုလွတ်လပ်သော အသံလွှင့်ကော်ပိုရေးရှင်း (MNVK) ဦးပိုင်လီမိတက်က ပိုင်ဆိုင်သော ရုပ်မြင်သံကြား အသံလွှင့်ထုတ်လုပ်ရေးဌာနဖြစ်သည်။ ရုရှားနိုင်ငံ၌ တစ်ခုတည်းသော လွတ်လပ်သည့် သတင်းမီဒီယာလည်းဖြစ်သည်။ တီဗီ – ဖ သည် နိုင်ငံပိုင်ရေနံကုမ္ပဏီသို့ ကြွေးများတင်ရှိခဲ့သည်။ ကြွေးများကို မပေးဆပ်နိုင်သဖြင့် တီဗီ–ဖ ကို ပိတ်သိမ်းရန် တရားစွဲဆိုခဲ့ရာ တရားရုံးအဆင့်ဆင့်၌ ရေနံကုမ္ပဏီက အနိုင်ရရှိခဲ့သဖြင့် တီဗီ – ဖ မှာ ပိတ်သိမ်းခံခဲ့ရသည်။

ချီချင်ညာခွဲထွက်ရေးသမားများနှင့် ညှိနှိုင်းခြင်း – ချီချင်ညာသမ္မတ အက်စလန်မာ့စခါဒေါ့ဗ်၏ ကိုယ်စားလှယ်နှင့် သမ္မတပူတင်၏ အထူးသံတမန်တို့သည် နိုဝင်ဘာလ ၁၈ ရက်နေ့ မော်စကိုမြို့အနီးတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲမှာ အပြုသဘောဆောင်ပြီး သူပုန်တပ်မှူး အချို့ကိစ္စနှင့် သူပုန်တပ်များ လက်နက်ချရေး ကိစ္စများကို ဆက်လက်ညှိနှိုင်းကြရန် သဘောတူညီခဲ့ကြသည်။ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းနေစဉ်အတွင်း ရုရှားတပ်များနှင့် သူပုန်တပ်များသည် မကြာခဏတိုက်ခိုက်ခဲ့ကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး – ရုရှားနိုင်ငံအစိုးရသည် အဂတိလိုက်စားမှုများကို ထိရောက်စွာ နှိမ်နင်းရန်ကြိုးပမ်းနေကြောင်း သိသာထင်ရှားသည့် လက္ခဏာများပေါ်လွင်လာသည်။ ပြန်ကြားရေးဝန်ကြီးဌာန အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာန၊ နိုင်ငံတော် အကောက်ခွန်ကော်မတီ၊ နိုင်ငံကော် ငါးဖမ်းရေးလုပ်ငန်းကော်မတီတို့ကို အကျင့်ပျက် လာဘ်စားမှုများ၊ အလွဲသုံးစားပြုမှုများ ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်။ စောစောပိုင်းကပင် မီးရထားဝန်ကြီးဌာနကို စုံစမ်းစစ်ဆေးခဲ့သည်။ စာရင်းစစ်ဌာန၏ တွေ့ရှိချက်အရ ဝန်ကြီးဌာနအချို့သည် မလျော်မကန်ပြုလုပ်ခဲ့ခြင်း သို့မဟုတ် ငွေကြေးသုံးစွဲရာတွင် စေ့စပ်သေချာမှု မရှိခြင်းတို့ကြောင့် ရုဘယ်လ်ငွေ ၆၅ ဘီလီယံကျော်ဟပျောက်ဆုံးနေခဲ့သည်။ ဝန်ကြီးဌာနအချို့နှင့် အရာရှိကြီးအချို့သည် ရာထူး အခွင့်အာဏာကို အလွဲသုံးစားပြုခဲ့ကြောင်း သတိထားတွေ့ရှိခဲ့ရသည်။

ရေတပ်အရာရှိကြီးအချို့အပေါ် အရေးယူခြင်း – ဘဲရင့်ပင်လယ်ပြင်အတွင်း နစ်မြုပ်ခဲ့သော အဏုမြူရေငုပ်သင်္ဘောကို ဆယ်တင်နိုင်ခဲ့ပြီဖြစ်ရာ ထိုသင်္ဘောနစ်မြုပ်သွားခြင်း၏ အကြောင်းအရင်းမှန်လည်း ပေါ်ထွက်လာခဲ့သည်။ ထိုသင်္ဘော၌ပါသည့် တော်ပီဒိုတစ်ခု စတင်ပေါက်ကွဲခဲ့ရာမှ အခြားတော်ပီဒိုများပါ ပေါက်ကွဲသဖြင့် ထိုသင်္ဘောတစ်စီးလုံး ပေါက်ကွဲနစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ သမ္မတပူတင်က ဒီဇင်ဘာလ ၁ ရက်နေ့တွင် အဆင့်မြင့် ရေတပ်အရာရှိကြီးဝုံးဦးအား ရာထူးနှိမ့်ချလိုက်သည်။ ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် တပ်မှူးဝုံးဦးတို့အား ရာထူးမှ ထုတ်ပယ်ခဲ့သည်။

သမ္မတပူတင်၏ သံတမန်ရေးရာနှင့် ပုဂ္ဂိုလ်ရေးစွမ်းရည် – သမ္မတပူတင်သည် ရုရှားနိုင်ငံ၏ အကျိုးစီးပွားနှင့် သူ၏ပုဂ္ဂိုလ်ရေး ဩဇာတိက္ကမ ကြီးထွားခိုင်မာရေးအတွက် နိုင်ငံတကာခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှု၊



ရုရှားသမ္မတပူတင်၏ ပြည်ပခရီးစဉ်များတွင် တရုတ်သမ္မတကျန်ဇီမင်းနှင့် တွေ့ဆုံစဉ်

နားလည်ယုံကြည်မှုရအောင် အစဉ်တစ်စိုက် ကြိုးပမ်းခဲ့သည်။ သူသည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ကိုးကြိမ်တိုင်တိုင် တွေ့ဆုံခဲ့သည်။ ဒီဇင်ဘာလကုန်ပိုင်းကလည်း ဗြိတိန်သို့သွားရောက်၍ ချစ်ကြည်ရင်းနှီးမှုနှင့် ထောက်ခံမှုကို ရယူခဲ့သည်။ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် တိုနီဘလဲက ရုရှားနှင့် အနောက်တိုင်းတို့သည် ရင်းနှီးဆုံးကာလသို့ရောက်လာပြီ ဖြစ်ကြောင်း၊ နေတိုးအဖွဲ့နှင့် ပိုမိုနီးစပ်လာကြောင်း၊ နေတိုးအဖွဲ့ဝင်အများစုက ရုရှားနှင့် ဆက်ဆံရေးပြုလုပ်ရန် ထောက်ခံပြောဆိုလာကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ရုရှား၀င်ခွင့်ရရှိရေးအတွက် ဗြိတိန်က ထောက်ခံရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

ပူတင်သည် ဂျာမနီဝန်ကြီးချုပ်ရှိရိုဒါ၊ ပြင်သစ်သမ္မတ ရှီရပ်၊ တရုတ်သမ္မတ ကျန်ဇီမင်း၊ ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိတို့နှင့်လည်း အပြန်အလှန်လည်ပတ်၍ ချစ်ကြည်ရင်းနှီးမှု၊ ကူညီထောက်ပံမှုများကို ရယူခဲ့သည်။

ပိုင်ငွေပြသော ၂၀၀၂ ခုနှစ် ဘတ်ဂျက် – ဒီဇင်ဘာလအတွင်းမှာပင် အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်လုံးက ၂၀၀၂ ခုနှစ်အတွက် ဘတ်ဂျက်ကို အတည်ပြုပေးလိုက်သည်။ ထိုဘတ်ဂျက်ကို သမ္မတက လက်မှတ်ရေးထိုးနိုင်ရန် တင်ပြခဲ့ကြသည်။ လွှတ်တော်သို့ တင်ပြခဲ့သော ဘတ်ဂျက်အရသုံးစွဲငွေမှာ ရူဘယ်လ် ၁၁၉၄၇ ဘီလီယံဖြစ်ပြီး ရရှိငွေမှာ ၂,၁၂၅ ဘီလီယံဖြစ်သည်။ ဂျီဒီပီတန်ဖိုးမှာ ရူဘယ်လ် ဘီလီယံ ၁၀,၉၅၀ ဖြစ်သည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၂ ရာခိုင်နှုန်း ဖြစ်ခဲ့သည်။ အမေရိကန် တစ်ဒေါ်လာသည် ရူဘယ်လ် ငွေ ၃၁ ဒသမ ၅ နှင့် ညီမျှခဲ့သည်။

နိုင်ငံရေးပါတီများ ပြင်ဆင်ဖွဲ့စည်းမှု – အဖွဲ့ချုပ်ပုံ၊ ပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းထားခဲ့သော ရှေးရိုးစွဲဝါဒီအဖွဲ့များသည် "ရုရှားပြည်လုံးဆိုင်ရာ ညီညွတ်ရေးနှင့် အဘနိုင်ငံပါတီ" ဟူ၍ တစ်ခုတည်းသော ပါတီအဖြစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် လက်ယာအင်အားစုများ သမဂ္ဂက နိုင်ငံရေးပါတီအဖြစ် ခံယူဖွဲ့စည်းခဲ့သည်။

အားဖြည့်ထားသည့် ယူရေနီယမ်ကို လျှို့ဝှက်ရောင်းချရေး – အားဖြည့်ထားသည့် ယူရေနီယမ် တစ်ကီလိုဂရမ်ကို ဒေါ်လာ ၃၀,၀၀၀ဖြင့် လျှို့ဝှက်ရောင်းချရန် ကြိုးပမ်းသည့် ဒုစရိုက်ဂိုဏ်းဝင် ခုနစ်ဦးတို့အား ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့သည်။ ထိုယူရေနီယမ်ပမာဏသည် အဏုမြူဗုံး ပြုလုပ်လောက်အောင်မများသော်လည်း ရုရှားနိုင်ငံ၌ ယူရေနီယမ်များ လျှို့ဝှက်ရောင်းချမှုများရှိနေကြောင်း ပေါ်လွင်ခဲ့သည်။ အဏုမြူလက်နက် ထုတ်လုပ်နိုင်သည့် အဆင့်အတန်းရှိသော ယူရေနီယမ်များ ခိုးထုတ်ရောင်းချနေမှုသည် အကြမ်းဖက်ဝါဒီတို့နှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ အဏုမြူလက်နက် ပြန့်ပွားရေးအတွက်လည်း အထောက်အကူပြုရာရောက်သည့် လုပ်ရပ်ဖြစ်နေသည်။


စစ်ဘက်ဆိုင်ရာ သတင်းထောက်ကို ထောင်ဒဏ်ပေးလိုက်ခြင်း – ရေတပ်မှဗိုလ်ကြီးအဆင့်ရှိသူ ဂရီဂိုရီပတ်စ်ကိုသည် စစ်ဘက်ဆိုင်ရာ သတင်းထောက်လည်းဖြစ်သည်။ သူသည် ဆိုက်ဘေးရီးယားရှိ ဗလာဒီဗော့စကော့ဆိပ်ကမ်း၌ အမှုထမ်းခဲ့သည်။ သူသည် ဂျပန်သတင်းမီဒီယာများသို့ ရုရှား

နိုင်ငံက အဏုမြူစွန့်ပစ်ဉီးများနှင့် အဆိပ်သင့်ထားသည့် လက်နက်များကို ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ပစ်လွှင့်ခဲ့ကြောင်း သတင်းပေးခဲ့သည်။ ဤသို့ သတင်းပေါက်ကြားမှုအတွက် သူ့အား ထောင်ဒဏ်လေးနှစ် ချမှတ်ခဲ့သည်။

ဦးခင်မောင်မြ

လာဘသာမိ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ)(မြန်မာ ၁၂၈၄–၁၃၆၃)

။ ဆရာတော် ဘဒ္ဒန္တလာဘသာမိကို ဧရာဝတီ တိုင်း၊ ဟင်္သာတခရိုင်၊ ဧလွန်မြို့၊ ကိုင်းတောကွင်းကျေးရွာတွင် ခမည်းတော် ဦးဘိုးခြုံ၊ မယ်တော် ဒေါ်မယ်စံတို့က ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ၌ ဖွားမြင်သည်။ မွေးချင်းလေးယောက်တွင် အထွေးဆုံး တစ်ဦးတည်းသော သားရတနာဖြစ်သည်။



ဘဒ္ဒန္တ လာဘသာမိ
(ဟင်္သာတဆရာတော်)

၁၂၉၆ ခုနှစ်၊ တပို့တွဲလတွင် ဧလွန်မြို့နယ်၊ ကျုံခမွန်ရွာ၊ ခေမာသီဝံကျောင်းတိုက် ဆရာတော် ဦးဝိမလဗုဒ္ဓိကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၃၀၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်နေ့တွင် ကျုံခမွန်ရွာ ခေမာသီဝံကျောင်းတိုက်ရှိ သာသနဓောတိကခဏ္ဍသိမ်တော်၌ ကျုံခမွန်ရွာ ကျောင်းဒါယကာကြီး ဦးမောင်နှင့် သမီးဒေါ်ဒေါ်စိန်၊ ဒေါ်အေးညွန့်တို့နှင့် မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူရာ မူလဆရာရင်း ခေမာသီဝံဆရာတော်ကြီး ဦးဝိမလဗုဒ္ဓိကို ပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ရှင်သာမဏေပြုပြီး သည့်နောက် ခေမာသီဝံဆရာတော်နှင့် တိုက်အုပ်ဘုန်းကြီး ဦးနာရဒ၊ စာချဘုန်းကြီး ဦးအာစရ၊ ဉက္ကံမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇယနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ဗဟန်းပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သေနာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယာဘိဝံသ၊ ဘဒ္ဒန္တ ခေမိန္ဒာဘိဝံသစသော ဆရာတော်များထံ၌ ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူသည်။

ဆရာတော်သည် ညောင်တုန်းကျောင်းတိုက် သာသနာ့ပါလအသင်းက ကြီးမှူးကျင်းပသော သာသနပါလ ဓမ္မာစရိယတန်းကို ဖြေဆိုအောင်မြင်တော်မူ၍ "သာသနပါလ ဓမ္မာစရိယဘွဲ့" နှင့် အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းနှင့် အောင်မြင်သဖြင့် "သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့" တို့ ရရှိသည်။

၁၃၄၂ ခုနှစ်၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး စတင်ကျင်းပသောအခါ သံဃသမ္မတိရသံဃာ့ ကိုယ်စားလှယ်အဖြစ် ဟင်္သာတမြို့မှ တက်ရောက်သည်။ ၁၃၄၃ ခုနှစ်၊ ဒုတိယဗဟိုဝန်ဆောင် စည်းဝေးပွဲကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း ထမ်းရွက်ရန် တာဝန်အပ်နှင်းခြင်း ခံရသည်။

၁၃၄၆ ခုနှစ်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးမှ စတင်၍ စတုတ္ထအကြိမ် သံဃာ့အစည်းအဝေးတိုင် သံဃသမ္မတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ် သာသနာ့တာဝန် ထမ်းဆောင်တော်မူသည်။

ဆရာတော်အား ၁၃၅၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည်။(စွယ်စုံနှစ်ချုပ် – ၁၉၉၂၊ စာ – ၁၁၁ရှု။)

ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ် သာသနာ့တာဝန်ထမ်းဆောင်နေစဉ်အတွင်း နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ်ပါ ၁၃၅၆ ခုနှစ်မှစ၍ သာသနာ့တာဝန် ထမ်းဆောင်တော်မူသည်။ ၁၃၅၆ ခုနှစ်တွင် တောင်ကိုးရီးယားနိုင်ငံသို့လည်းကောင်း၊ ၁၃၅၇ ခုနှစ်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း သာသနာပြုခရီးကြွရောက်တော်မူသည်။

၁၃၆၂ ခုနှစ်၊ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲ၌ ကျန်းမာရေးအခြေအနေကြောင့် လည်းကောင်း၊ မိမိသိတင်းသုံးရာဖြစ်သော ရတနာဗိမာန်ကျောင်းတိုက်အတွင်းရှိတပည့်စာသင်သားများအား စာပေပြန်လည်ပို့ချလိုရှိလည်းကောင်း သံဃမဟာနာယကတာဝန်မှအနားယူခဲ့ပြီး စာသင်သားတပည့်များကို စာဝါများပို့ချနေစဉ် ၁၃၆၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၃၀–၅–၂၀၀၁) နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

လေးခင်၊ ဦး(သက်ကြီးစာပေပညာရှင် မျိုးမြင့်စော) (ခရစ် ၁၉၀၀ – ၂၀၀၁)။

။ မျိုးမြင့်စော ကလောင်အမည်ဖြင့် ထင်ရှားခဲ့သော သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးလေးခင်ကို ဖခင် ဦးဘိုမြနှင့် မိခင် ဒေါ်ဆုံတို့က ၁၉၀၀ ပြည့်နှစ်၊ ဧန်နဝါရီလ ၉ ရက်နေ့၌ မွေးဖွားသည်။



မျိုးမြင့်စော အမည်ခံ စာရေးဆရာကြီး ဦးလေးခင်

ဦးလေးခင်သည် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်နှင့် ဂျပန်ဘာသာစကားလေးမျိုးကို ကျွမ်းကျင်စွာတတ်မြောက်သည်။ ကာကွယ်ရေးပညာဌာနတွင် လက်ထောက်သုတေသနအရာရှိ၊ စာပေဗိမာန် ဝေါဟာရဘဏ်ပြုစုရာတွင် သုခမိန်အဖွဲ့၊အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်သည်။ တပ်မတော်မော်ကွန်းတိုက်မှ အငြိမ်းစားယူပြီးနောက် တရုတ်စာတတ်အပ်စိုက်သင်တန်းဖွင့်လှစ်သည်။ ထို့နောက် မြန်မာ့ရိုးရာသိုင်းပညာအတွင်းအား၊စာစောင်ကို ထုတ်ဝေသည်။ နောက်ပိုင်းတွင် မြန်မာ့သိုင်း အား၊ကစား အဖွဲ့ချုပ်၌ အတွင်းအား၊ဆရာကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

ဦးလေးခင်သည် မန်ရှုးကျမ်းကို တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဆရာလုခ်နှင့်အတူ ဘာသာပြန်ဆို ရေး

သား:သည်။ မြန်မာ့ယဉ်ကျေး:မှုအခြေပြုနှင့် ဓာတ်ဆီအင်ဂျင်စာမူတို့ကို ရေး:သား:ပြုစုပြီး: စာပေဗိမာန်မှ ထုတ်ဝေသည်။ ဒီဇယ်အင်ဂျင်ပညာစာအုပ်ကို ဒေး:လီး:ဂေ၎က်ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့ပြီး: တရုတ်ဓာတ်အပ်စိုက် ပညာကျမ်း:ကိုလည်း: ရေး:သား:ပြုစုသည်။

သက်ကြီး:စာပေပညာရှင် ဆရာကြီး:ဦး:လေး:ခင်သည် ကိုယ်ခံအား:နည်း:ရောဂါနှင့် ဓာတ်အပ်စိုက်ကုထုံး:ကျမ်း:ကို အင်္ဂလိပ်ဘာသာဖြင့် ရေး:သား:ပြုစုနေဆဲ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး:ဒေါ်တင်ရီ(ခ) ဒေါ်တင်ကြည်၊ သား:သုံး:ယောက်၊ သမီး:လေး:ယောက်နှင့် မြေး:ခြောက်ယောက် ကျန်ရစ်သည်။

လက်တင်အမေရိကနိုင်ငံများ။ ။ လက်တင်အမေရိကနိုင်ငံများ:အနက် ၂၀၀၁ ခုနှစ်အတွင်း: နိုင်ငံရေး၊ စီး:ပွား:ရေး၊ လူမှုရေး:ဆိုင်ရာ ထူး:ခြား:ပြောင်း:လဲ ဖြစ်ပေါ်ခဲ့သော နိုင်ငံများ:ကို အောက်ပါအတိုင်း: ဖော်ပြပါသည်။

အယ်ဆာဗေဒို – အယ်ဆာဗေဒိုနိုင်ငံတွင် ငလျင်လှုပ်သဖြင့် လူ ၃၈၀ ကျော် သေဆုံးပြီး: ၇၇၉ ဦး: ထိခိုက်ဒဏ်ရာ ရရှိ၍ လူပေါင်း:များ:စွာ ပျောက်ဆုံး:နေကြောင်း: ဇန်နဝါရီလ ၁၅ ရက်နေ့က ရိုက်တာသတင်း:ဌာနက ထုတ်ပြန်ကြေညာသည်။ လူ ၁၃၃၆ ဦး:ကို အခြား:နေရာသို့ ရွှေ့ပြောင်း:ပေး:ထား:ရသည်။ လူပေါင်း: ၁၂၀၀ ကျော် ပျောက်ဆုံး:နေဆဲဖြစ်သည်။ ကမ္ဘာလှည့်ခရီး:သည် ၅၀ ကျော်နှင့် ဒေသခံများ:မှာ အယ်ဆာဗေဒိုဆင်ခြေဖုံး:ရှိ မီး:တောင်ပေါ်တွင် ပိတ်မိနေကြသည်။ အခြား:နိုင်ငံများ:မှ ဆေး:ဝါး၊ ရိက္ခာများ:ပေး:ပို့ကူညီကြသည်။ ရစ်ချ်တာစကေး: ၇ ဒသမ ၆ အဆင့်ရှိ အင်အား:ပြင်း: ငလျင်လှုပ်မှုကြောင့် လူ ၆၀၀ ကျော် သေဆုံး:ပြီး: ၅၀၀ ကျော် ပျောက်ဆုံး:နေကြောင်း: သက်ဆိုင်ရာက အတည်ပြုပြောကြား:သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ၆ ဒသမ ၆ အဆင့်ရှိ အင်အား:ပြင်း:ငလျင်လှုပ်ပြန်ရာ လူ ၁၂၇ ဦး: ထက်မနည်း သေဆုံး:ပြီး: လူ ၁၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လူနေအိမ်များ၊ စာသင်ကျောင်း:များ:နှင့် ဘုရား:ရှိခိုး:ကျောင်း:များ: ပြိုကျခဲ့သည်။

အယ်ဆာဗေဒိုနိုင်ငံ၏ သီး:နှံအများ:အပြား:ကို ပျက်စီး:စေခဲ့သော တစ်လကြာမိုး:ခေါင်မှုကြောင့် အယ်ဆာဗေဒိုကွန်ဂရက်လွှတ်တော်က ဩဂုတ်လ ၁၂ ရက်နေ့တွင် အရေး:ပေါ်အခြေအနေ ကြေညာခဲ့ရသည်။ အရေး:ပေါ်ကြေညာချက်ကို ဥပဒေလွှတ်တော်အမတ် ၈၄ ဦး:အနက် ၇၄ ဦး:က ထောက်ခံအတည်ပြုပေး:ခဲ့သည်။ အယ်ဆာဗေဒို၌ စား:နပ်ရိက္ခာ လုံလောက်မှုမရှိကြောင်း: သတင်း:ကို စိုက်ပျိုး:ရေး:နှင့် မွေး:မြူရေး:ဝန်ကြီး:က ငြင်း:ဆိုသော်လည်း: မိုး:ခေါင်မှုကြောင့် တောင်သူလယ်သမာ:များ: ထိခိုက်ရကြောင်း: ပြောကြား:သည်။ မိုး:မရွာ၍ သီး:နှံရိတ်သိမ်း:နိုင်ခြင်း:မရှိသော ဒေသများ:သို့ ကယ်ဆယ်ရေး:အကူအညီကို အမြန်ပေး:ပို့မည်ဟု ဝန်ကြီး:က ပြောသည်။ မိုး:ခေါင်မှုကြောင့် အယ်ဆာဗေဒို၊ ဂွာတီမာလာ၊ ဟွန်း:ဒူး:ရပ်စ်၊ နီကာရာဂွာနိုင်ငံတို့တွင် စိုက်ပျိုး:ရေး:ကို ထိခိုက်ပျက်စီး:ရပြီး: ယင်း:နိုင်ငံများ:မှ စိုက်ပျိုး:ရေး:ဝန်ကြီး:များ:က မိုး:ခေါင်၍ ဖြစ်ပေါ်ရသော အကျပ်အတည်း:ကို ဖြေရှင်း:ရန် သတင်း:ဖလှယ်ရေး:အတွက် အရေး:ပေါ်အစည်း:အဝေး:ကျင်း:ပရန် သဘောတူခဲ့ကြသည်။ အယ်ဆာဗေဒို၌ လူ ၈၀၀၀၀ နီကာရာဂွာ၌ လူ ၂၄၇၀၀၀ ကျော် ဟွန်း:ဟူရပ်စ်၌ လူ ၇၀၀၀၀ နှင့် ဂွာတီမာလာ၌ လူ ၆၃၀၀၀ တို့. မိုး:ခေါင်မှုဒဏ်ကို ခံစား:နေကြသည်ဟု တရား:ဝင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထား:သည်။

အာဂျင်တီး:နား – အမေရိကကန်ဒေါ်လာ ၄ ဒသမ ၄၅ ဘီလီယံ ကုန်ကျမည့် ခြိုး:ခြံခွေတာရေ: စီမံကိန်း:သစ်ကို အာဂျင်တီး:နား:စီး:ပွား:ရေး:ဝန်ကြီး:က မတ်လ ၁၈ ရက်နေ့တွင် အမှန်မ်:တင် ထောက်ခံခဲ့သည်။ အာဂျင်တီး:နား:နိုင်ငံတွင် ဖြစ်ပွား:နေသော နိုင်ငံရေး:နှင့် စီး:ပွား:ရေး:အကျပ်အတည်း:များ:က လက်ရှိအာဏာရ ညွှန့်ပေါင်း:အစိုး:ရပြိုကွဲသွား:လောက်အောင် အန္တရာယ်ပြု ခြိမ်း:ခြောက်နေစဉ်တွင် ယင်း:ကဲ့သို့ ထောက်ခံပြောကြား:သွား:ခြင်း:ဖြစ်သည်။ အာဂျင်တီး:နား:နိုင်ငံ၌ နှစ်ရှည်လများ: မတိုး:တက်ဘဲ ငြိမ်သက်နေသော စီး:ပွား:ရေး:အပေါ် ယုံကြည်မှုပြန်လည် တည်ဆောက်မည့် မိမိ၏အစီအစဉ်ကို ထောက်ခံအား:ပေး:ကြရန် စီး:ပွား:ရေး:ဝန်ကြီး:သစ် ရီဒါပိုလိုပက်ဖ်မာဒီက စီး:ပွား:ရေး:လုပ်ငန်း:ရှင်များ:အား: မေတ္တာရပ်ခံသည်။ စနစ်အပြောင်း:အလဲလုပ်ခြင်း:၏ ကုန်ကျစရိတ်မှာ မယုံကြည်နိုင်စရာ အတိုင်း:အတာအထိ များ:ပြား:တတ်ကြောင်း: ဝန်ကြီး:က ပြောကြား:သည်။ ယင်း:အစီအစဉ်သစ်မှာ အာဂျင်တီး:နား:သမ္မတ၏ သက်တမ်း: ၁၅ လတာ ကာလအတွင်း: အစိုး:ရအသုံး:စရိတ်ကြီး:မား:မှုနာတာရှည် ရောဂါကိုကုသနိုင်ရေး:အတွက် တတိယအကြိမ်ကြီး:ပမ်း:သော အစီအစဉ်ဖြစ်သည်။

အာဂျင်တီးနားသမ္မတ ဖာနန်ဒိုဒီလာရူအာ၏ ဖိတ်ကြားချက်အရ တရုတ်သမ္မတကျန်ဇီမင်း အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိမြို့သို့ ဧပြီလ ၈ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ အာဂျင်တီးနားသမ္မတနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အခမ်းအနားဖြင့် ကြိုဆိုကြသည်။ သမ္မတကျန်ဇီမင်းနှင့်အတူ ဇနီးဖြစ်သူ ဝမ်ယီပင်၊ ဒုတိယဝန်ကြီးချုပ်စသော အစိုးရအရာရှိကြီးများ လိုက်ပါလာကြသည်။ တရုတ်သမ္မတကျန်ဇီမင်းက သမ္မတဖာနန်ဒို ဒီလာရူအာနှင့် ဧပြီလ ၉ ရက်နေ့က ဗျူနိုအေရိမြို့တွင် တွေ့ဆုံဆွေးနွေးရာ တရုတ်နိုင်ငံ၏ ရပ်တည်ချက် သဘောထားများကို တင်ပြဆွေးနွေးသွားခဲ့သည်။

ယခုအခါ စီးပွားရေးအကျပ်အတည်းနှင့် အကြီးအကျယ်ရင်ဆိုင်နေရသော အာဂျင်တီးနားနိုင်ငံအား တောင်အမေရိကဘုံစျေး (မာကိုဆူ) ၏ ထောက်ခံမှုကို ဘရာဇီးသမ္မတ အာနန်ဒိကာဒိုဆိုက ဂုလိုင် ၂၉ ရက်နေ့တွင် ထပ်မံအတည်ပြုခဲ့သည်။ ပီရူးနိုင်ငံ မြို့တော်လီမာတွင် ပီရူးသမ္မတ သစ် အလီကျန်ဒရိုတိုလီနို သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသော အခမ်းအနားသို့ တက်ရောက်စဉ် ယင်းသို့ အတည်ပြု ပြောကြားခြင်းဖြစ်သည်။ ဘရာဇီး၊ ပါရာဂွေးနှင့် ချီလီနိုင်ငံ တို့အတွက် အာဂျင်တီးနားနိုင်ငံမှာ အရေးကြီးကြောင်း၊ အာဂျင်တီးနားကို မာကိုဆူက ထောက်ခံခြင်းသည် နိုင်ငံရေးတစ်ခုအဖြစ် မသတ်မှတ်နိုင်ကြောင်း ဘရာဇီးသမ္မတက ပြောကြားခဲ့သည်။

ဘရာဇီး – ကမ္ဘာပေါ်တွင် အကြီးဆုံးကမ်းလွန် ရေနံတူးစင်ပေါက်ကွဲမှုဖြစ်ပွားရာ ထိန်းသိမ်းရေးလုပ်ငန်းများကို လေးရက်ကြာ ပြုလုပ်သည့်တိုင်အောင် စင်ကြီးမှာ နစ်မြုပ်သွားတော့မည့်အနေအထားတွင် ရှိနေကြောင်း ရေနံတူးစင်ပိုင်ရှင် ဘရာဇီးနိုင်ငံသားတို့က မတ်လ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ဧရာမရေနံတူးစင်ကြီးမှာ အထပ်ပေါင်း ၄၀ ရှိ၍ ရေနံတူးစင်ကို အီတလီနိုင်ငံတွင် တည်ဆောက်ခဲ့သည်။ ရီယိုဒီဂျနေးပြည်နယ် ကမ်းရိုးတန်းမှ မိုင် ၈၀ အကွာတွင် ၂၀၀၀ ပြည့်နှစ်၊ မတ်လမှစ၍ ရေနံတူးစင်ကြီးကို စတင် သုံးစွဲခဲ့သည်။ မတ်လ ၁၅ ရက်နေ့က ရေနံတူးစင်ကြီးပေါက် ကွဲပျက်စီးရာတွင် အလုပ်သမား ၁၇၅ ဦးအနက် တစ်ဦးသေ ဆုံး၍ ကိုးဦးမှာပျောက်ဆုံးနေသည်။

ဘရာဇီးသမ္မတ ဖာနန်ဒိအန်ရဇ် ကေကာဒိုဆိုသည် အမေရိကန်ပြည်ထောင်စုသို့ မတ်လ ၂၉ ရက်နေ့တွင် ၃ ရက်ကြာအလည်သွားရောက်၍ သမ္မတကျော့ဒဗလျူဘုရှ်နှင့် ဆွေးနွေးခဲ့သည်။ တောင်နှင့်မြောက် အမေရိကတို့၏ ပူးပေါင်းကာ လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တာ) ကို (၂၀၀၃–၂၀၀၅) နှစ်များအတွင်း ထူထောင်သွားရန် ရည်ရွယ်ထားကြရာ ဘရာဇီးနိုင်ငံက အမေရိကန်နှင့် စစ်မှန်သော ဆက်ဆံရေးကို လိုလားကြောင်း သမ္မတကကဒိုဆိုက ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် ကိုကင်းသုံးစွဲမှုမြင့်တက်နေရာမြောက်အမေရိကတိုက် နိုင်ငံများကသာ မူးယစ်ဆေးဝါးရောင်းဝယ်သော ကုန်သွယ်မှုလုပ်ငန်းတွင် လှုပ်ရှားနေသည်ဟု အပြစ်ဖို့ပြောရန် ပို၍ ခက်ခဲလာပြီဖြစ်သည်။ ကိုကင်းတစ်ကီလိုစျေးနှုန်းကို လေ့လာကြည့်ပါက မူးယစ်ဆေးဝါးရာဇာများ လှုပ်ရှားနေသော အမေဇုန်သစ်တောထဲတွင် တစ်ကီလိုလျှင်ဒေါ်လာ ၅၅၀၀ တန်သော်လည်း ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေယိုမြို့သို့ ရောက်သောအခါ ဒေါ်လာ ၇၀၀၀ အထိ ဖြစ်လာသည်။ နယူးယောက်မြို့တွင် တစ်ကီလိုဒေါ်လာ ၁၅၀၀၀ အထိ မြင့်တက်လာသည်။ ယခု အခါ ဘရာဇီးနိုင်ငံ၌ ချမ်းသာကြွယ်ဝသော လူကုံထံများသာ မကဆင်းရဲသားများကပါ မူးယစ်ဆေးဝါးသုံးစွဲမှု တိုးမြှင့်လာ ရာ ဘရာဇီးနိုင်ငံ၏ ပြည်တွင်းမူးယစ်ဆေးဝါး စျေးကွက်ကကြီးမားလာသည်။ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အကြမ်းဖက်မှုပြဿနာကိုလည်း ဘရာဇီးနိုင်ငံ ရင်ဆိုင်နေရသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေယိုမြို့တွင် ဖန်ခ်တေးဂီတပွဲပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီး စတင်ပေါ်ပေါက်ခဲ့စဉ်က ဆင်းရဲသားရပ်ကွက်တွင် နေထိုင်သူအတွက် အပျင်းပြေစရာ ပွဲလမ်းတစ်ခုမျှသာ ဖြစ်ခဲ့သော်လည်း ယခုအခါ ယင်းတေးဂီတပွဲသည် တစ်နိုင်ငံလုံးအသည်းစွဲဖြစ်နေသည်။ စနေ–တနင်္ဂနွေနေ့များတွင် လူငယ်ထောင်ပေါင်းများစွာက ဖန်ခ်တေးဂီတပွဲတော်သို့ လာရောက်အားပေးကြသည်။ ထိုအခါ မူးယစ်ဆေးဝါးရာဇာများက လူထုလူတန်းစား အလွှာအသီးသီးအတွင်း ထိုးဖောက်ဝင်ရောက်ရန် နည်းလမ်းတစ်ခုအဖြစ် ရီယိုနှင့်ဆော်ပိုလိုကဲ့သို့သော မြို့စွန်ရှိဆင်းရဲသားရပ်ကွက်များတွင် ဖန်ခ်တေးဂီတပွဲများ ကျင်းပကာ မူးယစ်ဆေးဝါးများကို ရောင်းချကြသည်။ ယင်းတေးဂီတပွဲသို့ ဆင်းရဲသားများသာမက လူချမ်းသာ သားသမီးများလည်း တက်ရောက်ကြသည်။

ဘရာဇီးနိုင်ငံသည် ယခင်က မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် ကြားခံနိုင်ငံအဖြစ် တည်ရှိခဲ့သော်လည်း ယခုအခါ ပြည်တွင်းမူးယစ်ဆေးဝါး အထူးသဖြင့် ကိုကင်းသုံးစွဲမှုမှာ ကြီးထွားနေသည်ဟု မူးယစ်ဆေးဝါး ကျွမ်းကျင်သူများက ပြောသည်။ ၂၀၀၀ ပြည့်နှစ်တွင် ကိုကင်း ၄ ဒသမ ၇ မက်ထရစ်တန်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးမိခဲ့ရာ အများစုမှာ ပြည်တွင်းစျေးကွက်အတွက်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယူဆထားသည်။ ဘရာဇီးနိုင်ငံ၌ မူးယစ်ဆေးဝါးပြဿနာ ကြီးထွားရသော အခြားအကြောင်းတစ်ချက်မှာ အိမ်နီးချင်းနိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုမှုကြောင့် ဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ကိုကင်းအနည်းငယ်မျှသာ ထွက်ရှိသော်လည်း ကိုကင်းထုတ်လုပ်ရာတွင် အရေးပါသော ဓာတုပစ္စည်းများကို ဖြန့်ဖြူးပေးနေသည်။ ဘရာဇီး၊ အာဂျင်တီးနား၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံတို့၏ မာကိုဆာ ကုန်သွယ်ရေးစာချုပ်အရ ဘရာဇီးနိုင်ငံတောင်ပိုင်း နယ်စပ်တွင် ကုန်စည်များ လွတ်လပ်စွာစီးဆင်းနေသည်။ ထိုအထဲတွင် မူးယစ်ဆေးဝါးလည်းပါသည်။ ဘရာဇီးနိုင်ငံ၌ ရာဇဝတ်မှုများနှင့် ဆင်းရဲသားများမှာ အမြဲဒွန်တွဲတည်ရှိနေသည်။ မူးယစ်ဆေးဝါးကြောင့် အကြမ်းဖက်မှုများတိုးပွားလာသည်။ ပြန်ပေးဆွဲမှုများ မကြာခဏဖြစ်တတ်သည်။ ဧပြီလအတွင်း က ဘရာဇီးနိုင်ငံမှ မူးယစ်ဆေးဝါးခေါင်းဆောင်တစ်ဦးဖြစ်သူ ဖါနန်ဒင်ဟိုဘိုင်ရာမာကို၊ ကိုလံဘီယာစစ်တပ်က အမေဇုန်တောတွင်းမှ ဖမ်းမိခဲ့သည်။ ဘရာဇီးနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များက အကြမ်းဖက်မှုများ ကြီးထွားနေသော မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းလှုပ်ရှားနေကြသည်။

ဘရာဇီးနိုင်ငံ၌ စာမတတ်သူဦးရေမှာ လွန်ခဲ့သော ၁၀ နှစ်ကထက် ၇ ရာခိုင်နှုန်း လျော့နည်းသွားသည့်တိုင် အောင် တောင်အမေရိက ဘုံစျေးဒေသတွင် စာမတတ်သူဦးရေ အများဆုံးဖြစ်၍ ၂၀၀၀ ပြည့်နှစ်တွင် စာမတတ်သူဦးရေ ၁၂ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိနေကြောင်း ဘရာဇီးအာဏာပိုင်များက ဒီဇင်ဘာလ ၂၆ ရက်နေ့က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဘရာဇီးနိုင်ငံ ကျေးလက်ဒေသများ၌ စာမတတ်သူ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း ၁၉၉၀ ပြည့်နှစ်တွင် စာမတတ်သူ ၇၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၅၉ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ချနိုင်ခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကျူးဘား – ကျူးဘားနိုင်ငံအတွက် တရုတ် နိုင်ငံက တရားဝင်ချေးငွေ အမေရိကန်ဒေါ်လာ ၃၇၅ သန်း ခွင့်ပြုသော သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဧပြီလ ၁၃ ရက်နေ့က ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနား၌ ကျင်းပရာ တရုတ်သမ္မတကျန်ဇီမင်းနှင့် ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ တရုတ်အစိုးရက ကျူးဘားအတွက် အလွန်အရေးကြီးသော ချေးငွေခွင့်ပြုသည့် သဘောတူညီချက်များကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက လက်မှတ်ရေးထိုးကြသည်။

ကျူးဘားနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ ရန်လိုသော မူဝါဒထား ရှိမှုနှင့်ပတ်သက်၍ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုနှင့် ကျူးဘားနိုင်ငံသား ထောင်ပေါင်းများစွာတို့က အမေရိကန်ပြည်ထောင်စုကို ဧပြီလ ၉ ရက်နေ့က ပြစ်တင်ရှုတ်ချကြသည်။ ကျူးဘားနိုင်ငံရှိ အလုပ်သမားအဖွဲ့အစည်းများက အမေရိကန်ပြည်ထောင်စုအား ဆန့်ကျင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းကြရာ၌ ယင်းကဲ့သို့ ပြစ်တင်ရှုတ်ချခြင်းဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ပြုလုပ်ရန် အယ်လ်ဂျီးရီးယားနိုင်ငံသို့ သမ္မတကက်စထရိုမေလ ၆ ရက်နေ့က ထွက်ခွာသွားခဲ့သည်။ ထိုမှတစ်ဆင့် မေလ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ အီရန်နှင့်မလေးရှားနိုင်ငံများသို့လည်း ဆက်လက်သွားရောက်ခဲ့သည်။ အာဖရိက၊ အာရှနှင့် ဥရောပတိုက်ရှိ နိုင်ငံအချို့သို့ ရက်သတ္တာနှစ်ပတ်ကြာ သွားရောက်လည်ပတ်ခဲ့ပြီးနောက် သမ္မတကက်စထရို မေလ ၂၀ ရက်နေ့က ဟာဗားနားသို့ပြန်ရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ကက်စထရိုသည် အယ်လ်ဂျီးရီးယား၊ အီရန်၊ မလေးရှား၊ ကာတာ၊ ဆီးရီးယား၊ လစ်ဗျားနှင့် ပေါ်တူဂီနိုင်ငံများသို့ ရောက်ရှိခဲ့သည်။

ကျူးဘားနိုင်ငံ၌ နိုဝင်ဘာလ ၄ ရက်နေ့ကမီရဲလ်အမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ ကြောက်မက်ဖွယ်ကောင်းအောင် တိုက်ခတ်ခဲ့သဖြင့် လူ ၆၀၀၀၀၀ နီးပါးကို နေအိမ်များမှ ဖယ်ရှားပြောင်းရွှေ့ပေးထားရသည်။ ယင်းမုန်တိုင်းမှာ ၁၉၄၄ ခုနှစ်မှစ၍ ကျူးဘားနိုင်ငံ၌ တိုက်ခတ်ခဲ့သော မုန်တိုင်းများတွင် ဆိုးရွားပြင်းထန်လှသော မုန်တိုင်းဖြစ်သည်။ ယင်းမုန်တိုင်းမှာ နိုဝင်ဘာလ ၄ ရက်နေ့လယ်ပိုင်း၌ ကျူးဘားနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းအတွင်းသို့ တစ်နာရီ ၁၃၅ မိုင်နှုန်းဖြင့် ပြင်းထန်စွာဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းသည် ကျူးဘားနိုင်ငံ၏ တောင်ကုန်းဒေသကိုဖြတ်ကျော်နေချိန်၌ အားပျော့သွားဖွယ်ရှိပြီးနောက် ဖလော်ရီဒါရေလက်ကြားအတွင်းသို့ နိုဝင်ဘာလ ၅ ရက်နေ့တွင် ဝင်ရောက်ပြီး ဘာဟားမားနိုင်ငံဘက်သို့ ဦးတည်ရွေ့လျား သွားဖွယ်ရှိသည်။

ကျူးဘားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ခေါင်းဆောင် မစ္စတာလီဖုန်းက ကျူးဘားသမ္မတ ကက်စထရိုနှင့် ဟားဗားနားမြို့တွင် တွေ့ဆုံစဉ် လေမုန်တိုင်း ဒဏ်ခံရသည့်အတွက် အကူအညီပေးမည်ဟု ပြောကြောင်း နိုဝင်ဘာလ ၆ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသည်။ ကျူးဘားအစိုးရနှင့် ကျူးဘားကွန်မြူနစ်ပါတီတို့၏ ဦးဆောင်မှုဖြင့် ကျူးဘားပြည်သူများသည် သဘာဝဘေးအန္တရာယ်ကို ကျော်လွှားနိုင်မည်ဟု မိမိယုံကြည်ကြောင်း၊ မစ္စတာလီဖုန်းက ပြောကြား၊သည်။ လူလူချင်း စာနာထောက်ထား၊သော အကူအညီများ၊ တင်ဆောင်လာသော ရုရှား၊လေယာဉ်နှစ်စင်း၊သည် ကျူးဘားနိုင်ငံမြို့တော် ဟားဗားနား၊သို့ ရောက်ရှိလာကြောင်း၊ ယင်း၊ပစ္စည်း၊များကို ကျူးဘားနိုင်ငံသို့ ပေး၊အပ်ကူညီမည်ဖြစ်ကြောင်း၊ ကျူးဘားနိုင်ငံမှာ ဟာရီကိန်း၊မုန်တိုင်း၊ဒဏ်ကို အကြီး၊အကျယ်ခံခဲ့ရကြောင်း၊ ကျူးဘား၊အစိုး၊ရ သတင်း၊စာ၀ရန်မာတွင် နိုဝင်ဘာလ ၁၅ ရက်နေ့၌ ရေး၊သား၊ဖော်ပြသည်။ နိုဝင်ဘာလ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ကျူးဘားနိုင်ငံ၌ တစ်နာရီ ၂၁၀ ကီလိုမီတာနှုန်း တိုက်ခတ်သော မီရဂဲလ်ဟာရီကိန်း တိုက်ခတ်မှုကြောင့် လူ၀ါဒီး၊သေဆုံး၊ပြီး လူ ၇၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ကာ စီး၊ပွား၊ရေး၊အကြီး၊အကျယ် ထိခိုက်ပျက်စီး၊ခဲ့ရသည်။

မီရဂဲလ်ဟာရီကိန်း မုန်တိုင်း၊ဒဏ်ခံရသူများ၊အတွက် အမေရိကန်ပြည်ထောင်စုမှ အစား၊အစာနှင့်ဆေး၀ါး၊များ ၀ယ်ယူခွင့်ရရှိသည့်အတွက် သမ္မတကက်စထရိုက နိုဝင်ဘာလ ၁၇ ရက်နေ့က ကြိုဆိုလိုက်သော်လည်း ကုန်သွယ်ရေး၊ပိတ်ပင်မှုကိုမူ မပြောင်း၊လဲမချင်း နောက်ထပ်၀ယ်ယူမည် မဟုတ်ကြောင်း အလေး၊အနက်ပြောကြား၊သည်ဟု ရိုက်တာသတင်း၊ဌာနက ရေး၊သား၊ဖော်ပြသည်။ ကျူးဘားနိုင်ငံက အမေရိကန်ကုမ္ပဏီများမှ အစား၊အစာဒေါ်လာသန်း ၃၀ ဖိုး ၀ယ်ယူလိုသည့်ပြင် ဆေး၀ါးထုတ်လုပ်ရန် ကုန်ကြမ်း၊များလည်း ၀ယ်ယူလိုကြောင်း အမေရိကန်အာဏာပိုင်များက အတည်ပြုပြောကြား၊သည်။ ထိုကိစ္စကို အခြား၊အစိုး၊ရအေဂျင်စီများနှင့် ဆွေး၊နွေး၊ညှိနှိုင်း၍ အမြန်ဖြစ်မြောက်အောင် ကြိုး၊ပမ်း၊မည်ဟု အမေရိကန်နိုင်ငံခြား၊ရေး၊ဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြား၊သည်။

၁၅ နိုင်ငံပါ၀င်သော ဥရောပသမဂ္ဂ (အီး၊ယူ) သည် မီရဂဲလ်ဟာရီကိန်း၊မုန်တိုင်း၊ကြောင့် ပျက်စီး၊မှုများ ပြန်လည်ထူထောင်ရေး၊အတွက် ကျူးဘားနိုင်ငံသို့ အရေး၊ပေါ်လူသား၊အကျိုး၊ပြု အကူအညီတန်ဖိုး အမေရိကန်ဒေါ်လာ ၉၃၁၅၀ ကို ထောက်ပံ့မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် သံတမန်ရုပ်ကွက်က ပြောကြား၊သည်။

ဗင်နီဇွဲလား – တရုတ်သမ္မတကျန်ဇီမင်း၊သည် ဗင်နီဇွဲလား၊သမ္မတ ဟူဂိုရှာဗက်ဇီဖရေး၊ခ်၏ ဧည့်သည်တော်အဖြစ် လည်ပတ်ရန် ဧပြီ လ ၁၅ ရက်နေ့တွင် ဗင်နီဇွဲလား၊နိုင်ငံ ကရာကာ့ဒ်မြို့သို့ ရောက်ရှိခဲ့သည်။ သမ္မတကျန်ဇီမင်း၊စီး၊နင်း၊လိုက်ပါလာသော အထူး၊လေယာဉ်သည် ဆိုင်မွန်ဗိုလီဗာနိုင်ငံတကာလေဆိပ်သို့ ဒေသစံတော်ချိန် ၁၂ နာရီ ၂၅ မိနစ်အချိန်၌ ဆိုက်ရောက်လာရာ သမ္မတရှာဗက်နှင့် အခြား၊အဆင့်မြင့် အရာရှိများက ကြိုဆိုနှုတ်ခွန်း၊ဆက်ကြပြီး၊ ကော်ဇော၊နီခင်း၍အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး၊ ဂုဏ်ပြုကြသည်။ လေဆိပ်၌ သမ္မတ ရှာဗက်က မိန့်ခွန်း၊ပြောကြား၊ရာတွင် တရုတ်သမ္မတ ကျန်ဇီမင်း၏ ခရီး၊စဉ်ကို ကြိုဆိုလိုက်ပြီး၊ သမ္မတကျန်ဇီမင်း၊ကလည်း၊ ဗင်နီဇွဲလား၊နိုင်ငံသို့ လာရောက်လည်ပတ်ရသည်ကို ဝမ်း၊မြောက်ကြည်နူး၊မိကြောင်း၊ ပြန်လည်ပြောကြား၊သည်။

တောင်အမေရိကတိုက် အနှံ့ဒီယင်း၊တောင်တန်း၊ဒေသ နိုင်ငံများ၏ အဋ္ဌမအကြိမ်မြောက် ထိပ်သီး၊အစည်း၊အ၀ေး၊ကို ဗင်နီဇွဲလား၊နိုင်ငံအလယ်ပိုင်း၊ စက်မှုမြို့တော် ဇာလန်စီယာမြို့တွင် ဇွန်လ ၂၃ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ယင်း၊ထိပ်သီး၊အစည်း၊အ၀ေး၊တွင် လွတ်လပ်စွာ ကုန်သွယ်ရေး၊မူ၊ယစ်ဆေး၀ါး မှောင်ခိုရောင်း၀ယ်မှု၊ နိုင်ငံရေး၊မတည်ငြိမ်မှု၊ သောင်း၊ကျန်း၊သူများနှင့် ဆင်း၊ရဲမွဲတေမှုတို့ အပါအ၀င် ဒေသဆိုင်ရာ အရေး၊ကိစ္စများကို စဉ်း၊စား၊ဆွေး၊နွေး၊ကြသည်။ နှစ်ရက်ကြာ အစည်း၊အ၀ေး၊သို့ ဗင်နီဇွဲလား၊၊ ကိုလံဘီယာ၊ ဘိုလီဗီး၊ယား၊နှင့် အီကွေဒေါနိုင်ငံတို့မှ သမ္မတများ၊နှင့် ပီရူး၊နိုင်ငံခြား၊ရေး၀န်ကြီး ဟာဗီယာဖီရက်ဒီကွေး၊လျာ၊တို့တက်ရောက်ကြသည်။ ထိပ်သီး၊အစည်း၊အ၀ေး၊ဖွင့်ပွဲနေ့တွင် ဗင်နီဇွဲလား၊သမ္မတ ဟူဂိုရှာဗစ်တက်ရောက်မိန့်ခွန်း၊ ပြောကြား၊ရာ၌ လွတ်လပ်စွာကုန်သွယ်ရေး၊စနစ်ကို ၀ေဖန်ပြောကြား၊ပြီး၊ ဒေသတွင်း နိုင်ငံများ၊စုစည်း၊ညီညွတ်မှုရှိကြရန် တိုက်တွန်း၊ပြောကြား၊သည်။ ပေါင်း၊စည်း၊ရေး၊လုပ်ငန်း၊စဉ်များကို ပြောင်း၊လဲရန် လိုအပ်မည်ထင်သည်။ တောင်အမေရိကတိုက် နိုင်ငံများ၊သည် ဥ၊စွာပထမ ညီညွတ်ရေး၊ကိုမကြိုး၊စား၊ဘဲ အမေရိကတိုက် လွတ်လပ်စွာ ကုန်သွယ်ရေး၊နယ်မြေသို့ အဆောတလျင် ဝင်ရောက်ကြမည်ဆိုပါက ဒေသတွင်း၌ စီး၊ပွား၊ရေး၊လုပ်ငန်း၊များကို ၀ါး၊မျိုပစ်ကြမည့် နိုင်ငံစုံစီး၊ပွား၊ရေး၊လုပ်ငန်း၊များကို ဖိတ်ခေါ်ရာရောက်မည်ဟု သမ္မတရှာဗက်က ပြောကြား၊သည်။

သြဂုတ်လ ၁၃ ရက်နေ့တွင် အသက် ၇၅ နှစ် မြောက်ခဲ့သော ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိက ဗင်နီဇွဲလားနိုင်ငံတွင် မိမိ၏ မိတ်ဆွေဖြစ်သူ သမ္မတ ဟူဂိုချာဗက်နှင့် တစ်နေ့တာလည်ပတ်ကြည့်ရှုပြီး အနာ ယူခြင်းဖြင့် မိမိ၏ အပျော်ရွှင်ဆုံးမွေးနေ့ကို ကုန်လွန်ခဲ့ကြောင်း ပြောကြားသည်။ ရေနံကြွယ်ဝသော တောင်အမေရိက နိုင်ငံ ဗင်နီဇွဲလားသို့ သမ္မတကက်စထရို လာရောက်လည် ပတ်သော ဒုတိယနေ့တွင် ကက်စထရိသည် အိမ်ရှင်သမ္မတ ဟူဂိုချာဗက်နှင့်အတူ တောတွင်းဒေသဖြစ်သော အရှေ့ တောင်ပိုင်းရှိ ကနေမာအမျိုးသားဥယျာဉ်သို့ သွားရောက် လည်ပတ်ခဲ့သည်။ ယင်းဥယျာဉ်၌ တောင်ကုန်းအထပ်ထပ် နှင့် ကမ္ဘာ့အမြင့်ဆုံး ရေတံခွန်ရှိပြီး သမ္မတနှစ်ဦး နေ့လယ်စာ စားသုံးကြပြီးနောက် ဗင်နီဇွဲလား၊ ကျူးဘားပူးပေါင်းဆောင် ရွက်ရေးစာချုပ် တိုးချဲ့သော သဘောတူညီချက်ကို လက်မှတ် ရေးထိုးကြသည်။ ကျူးဘားခေါင်းဆောင် သမ္မတကက် စထရိအား ဗင်နီဇွဲထား တွင် ၇၅ နှစ်ပြည့် မွေးနေ့အတွက် မည်သို့ကျေနပ်မှုရှိသည်ကို မေးမြန်းရာ အားလုံးကိုမေ့သွား ခဲ့ကြောင်း မိမိ၏ အပျော်ရွှင်ဆုံး မွေးနေ့ဖြစ်ကြောင်း ကက်စထရိက ပြုံးရွှင်စွာပြောကြားခဲ့သည်။

၀.၀ ၀၄.၀၀ ၀၄.၀၀

ကိုလံဘီယာ – ကျာမနှင့် ကိုလံဘီယာနိုင်ငံရှိ စီးပွား ရေးလုပ်ငန်းများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် စီးပွားရေးလုပ်ငန်းရှင်များ ပူးတွဲကောင်စီကို ဧပြီလ ၂၈ ရက် နေ့တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ ယင်းအခမ်းအနား၌ ကိုလံဘီယာသမ္မတ အန်ဒရက်စ်ပါထရာနာက ကျာမနီကုမ္ပဏီ များအား ကိုလံဘီယာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်း ခဲ့သည်။

ကိုလံဘီယာနှင့် တောင်အာဖရိက အစိုးရတို့သည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရမည့် ပူးတွဲကော် မတီဖွဲ့စည်းရန် မေလ ၁၅ ရက်နေ့က သဘောတူညီကြသည် ဟု ကိုလံဘီယာသမ္မတနန်းတော်က ကြေညာသည်။ ကိုလံဘီယာ ဒုတိယသမ္မတ ဂစ်စတာဗိုလ်ဘဲလ်နှင့် ဧည့်သည်တော် တောင်အာဖရိက ဒုတိယသမ္မတ ကျာကော့ ဇာမား တို့လက်မှတ်ရေးထိုးထားသော စာလွှာတွင် နှစ်နိုင်ငံ အစိုးရတို့က မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော ရာဇဝတ် မှုသတင်းများ အပြန်အလှန်ဖလှယ်ကြရန် စိတ်ဝင်စား ကြောင်း ဖော်ပြသည်။ မူးယစ်ဆေးဝါးပင်များ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို တိုက်ဖျက်ချေမှုန်းရာ၌ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြ ရန်လည်း ကတိပြုကြသည်။

ကိုလံဘီယာနှင့် အမေရိကန်ရဲတပ်ဖွဲ့ဝင်များက ကိုလံ ဘီယာနိုင်ငံ ငွေကြေးအတုပြုလုပ်သော လုပ်ငန်း အကြီးမား ဆုံးနှိမ်နင်းမှုအဖြစ် အမေရိကန်ဒေါ်လာတု (၁၁) သန်းဖိုး ခန့် သိမ်းဆည်းရမိပြီး အမေရိကန်မြို့ကြီးများတွင် ဖမ်းဆီး ရမိသူ ၁၇ ဦးအပါအဝင် လူ ၃၁ ဦးကို ဖမ်းဆီးလိုက်ကြောင်း ကိုလံဘီယာအစိုးရ အရာရှိများက ဒီဇင်ဘာလ ၇ ရက်နေ့က ပြောကြားသည်။ ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒေါ်လာအတုလုပ်ငန်း အကြီးကျယ်ဆုံးထုတ်လုပ်သော နိုင်ငံ ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၌ လည်ပတ်သုံးစွဲနေသည့် ဒေါ်လာတုများ၏ ၄၂ ရာခိုင်နှုန်းခန့်မှာ ကိုလံဘီယာနိုင်ငံ မှ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်အတွင်း ကိုကာစိုက်ခင်း ဟတ်တာ ၎ကေ ၉၀၀၀၀ နှင့် ဘိန်းခင်းဟတ်တာ ၎ကေ ၂၀၀၀ ကို ဖျက်ဆီး ခဲ့ကြောင်း ကိုလံဘီယာ မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ဒီဇင်ဘာလ ၂၄ ရက်နေ့က ပြောကြားသည်။ မူးယစ်ဆေးဝါး များကို တိုက်ဖျက်နှိမ်နင်းရာ၌ ကိုကင်းထုတ်လုပ်ရာတွင် အသုံး ပြုသော ဓာတုဗေဒပစ္စည်းတန်ချိန် ၃၃၀၀ နှင့် ကိုကင်းနှင့် ကိုကာ အခြေခံပစ္စည်းတန်ချိန် ၃၀ ကိုလည်း သိမ်းဆည်းခဲ့သည်။ ယခုနှစ်အတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သူများ၊ မှောင်ခို ရောင်းဝယ်သူများနှင့် ကူးသန်းရောင်းဝယ်သူအဖွဲ့အစည်း များကို ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်နှိမ်နင်းခဲ့သည် ဟု ကိုလံဘီယာမူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ဗိုလ်ချုပ် ဂတ်စတာဗိုဆိုချာကဗေလာမာကာက ပြောသည်။ ကမ္ဘာပေါ် တွင် ကိုကင်းအများဆုံးထုတ်လုပ်သော ကိုလံဘီယာနိုင်ငံ သည်နိုင်ငံတစ်ဝန်းလုံးတွင် ကိုကင်းစိုက်ခင်း ဟတ်တာ ၁၃၀၀၀ ကျော်ခန့် ရှိနေဆဲဖြစ်၍ အများစုကို အမေရိကန်ပြည်ထောင်စု သို့ တင်ပို့နေသည်။

ပီရူး – ပီရူးနိုင်ငံ ပီယူရာပြည်နယ်ရှိ မိုးရွာသွန်းမှုဒဏ်ကို ခံနေရသော ဒေသများတွင် ပီရူးအစိုးရက ဧပြီလ ၂၉ ရက် နေ့၌ အရေးပေါ်အခြေအနေကြေညာခဲ့သည်။ အရေးပေါ် ကြေညာထားရသော နေရာဒေသများတွင် ခရိုင် ၅၃ ခရိုင် ပါဝင်သည်။ ပီယူရာပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် မြေ ပြိုမှုများ၊ စိုက်ခင်းရေလျှံမှုများ၊ ရေပေးဝေဖြန့်ဖြူးသော တူး မြောင်းစနစ်ပျက်စီးမှုများ၊ လမ်းပြတ်တောက်မှုများ ဖြစ်ပွား ခဲ့သည့်ပြင် ကျောင်းများလည်း ပိတ်ထားခဲ့ရသည်။

ပီရူးနိုင်ငံတောင်ပိုင်းတွင် ဇွန်လ ၂၄ ရက်နေ့က ၇ ဒသမ ၉ ရစ်ချ်စကေးရှိ မြေငလျင်ပြင်းတစ်ခု လူပ်သွားခဲ့ရာ လူ ၃၀ ကျော် သေဆုံးပြီး အမျာအပြာဒဏ်ရာ ရရှိသွားသည်။ မြေငလျင်ကြောင့် မိုက်ကွက်မြို့တွင် လူ ၁၄ ဦးသေဆုံးပြီး အာရေကွိပါမြို့တွင် ၁၆ ဦးသေဆုံးခဲ့သည်။ ငလျင်ဒဏ်ခံရသော ဒေသအတွက် အမေရိကန်ဒေါ်လာ ၅၁၆၀၀၀ တန်ဖိုးရှိ အကူအညီမျာကို ဂျပန်အစိုးရကပေးမည်ဟု ဂျပန်နိုင်ငံခြား ရေးဝန်ကြီးဌာနက ဇွန်လ ၂၅ ရက်နေ့က ကြေညာသည်။ ယင်းငလျင်ကြောင့် လူ ၇၀ ကျော်သေဆုံးပြီး ၁၁၇၈ ဦး ဒဏ်ရာရရှိကာ ၆၁ ဦး ပျောက်ဆုံးပြီး လူ ၂၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ပီရူးနိုင်ငံတောင်ပိုင်း ဒေသမျာတွင် ဇူလိုင်လ ၇ ရက်နေ့က ရစ်ချ်တာစကေး ၇ ဒသမ ၂ အထိငလျင်ပြင်းလူပ်သွားခဲ့ရာ လူ ၇ ဦး ဆေးရုံတင်လိုက်ရပြီး ဇွန်လကလူပ်သောငလျင်ဒဏ်ကြောင့် ယိုယွင်းနေသောအဆောက်အအုံမျာ ပြိုကျ ပျက်စီးခဲ့ရသည်။ ဇွန်လ ၂၃ ရက်နေ့က လူပ်သောငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသော ပြည်သူမျာမှာ တစ်မိနစ်ကြာမျှ ငလျင်ကြီးထပ်မံလူပ်ချိန်၌ နေအိမ်မှ လမ်းမပေါ်သို့ ထွက်ပြေးကြရသည်။


ပီရူးသမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ အလီဟန်ဒရိုတိုလီဒိုသည် သမ္မတရာထူးတွင် စတင်တာဝန်ထမ်းဆောင်ရန် ဇူလိုင်လ ၂၈ ရက်နေ့က မြို့တော်လီမာ၌ ကျမ်းသစ္စာကျိန်ဆိုသည်။ တိုလီဒိုသည် ကမ္ဘာ့ဘဏ်၏ အတိုင်ပင်ခံ ဘောဂဗေဒပညာရှင်ဟောင်းဖြစ်၍ ရာထူးမှနုတ်ထွက်သွားခဲ့ရသော သမ္မတအယ်လ်ဘာတိုဖူဂျိမိုရီ၏ နေရာကို ဆက်ခံရသူဖြစ်သည်။ ဖူဂျိမိုရီသည် အဂတိလိုက်စားမူ အရှုပ်တော်ပုံကြောင့် ဂျပန်နိုင်ငံသို့ ထွက်ပြေးခိုလှုံသွားခဲ့ရသည်။ အစိုးရအဖွဲ့သစ်၏ ထိပ်တန်းဦးစားပေးလုပ်ငန်းမှာ စီးပွားရေးကျဆင်းနေသော ပီရူးနိုင်ငံ၏ အမျိုးသားစီးပွားရေးကို ပြန်လည်မြှင့်တင်ရန်နှင့် ဆင်းရဲမွဲတေမှု လျော့ချပေးနိုင်ရန်ပင် ဖြစ်သည်ဟုဆိုသည်။

ဆင်းရဲချို့တဲ့ခြင်းနှင့် ဆင်းရဲခြင်းဒုက္ခရောက်မှုကို တိုက်ဖျက်သွားမည်ဟု လာမည့်ငါးနှစ်ကာလအတွက် ပီရူးသမ္မတ ဖြစ်လာခဲ့သူ အလီဂျန်ဒရိုတိုလီဒိုက ဇူလိုင်လ ၂၈ ရက်နေ့တွင် ကတိပေးလိုက်သည်။ တိုလီဒိုသည် ကွန်ဂရက်လွှတ်တော် အခမ်းအနားဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ ယင်းအခမ်းအနားသို့ လက်တင်အမေရိကတိုက်မှ သမ္မတအချို့နှင့် အခြားအစိုးရအဖွဲ့အစည်းမျာမှ ကိုယ်စားလှယ်မျာ တက်ရောက်ကြသည်။ တိုလီဒိုသမ္မတသစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသောနေ့မှာ ပီရူးနိုင်ငံ လွတ်လပ်ရေးရသောနှစ် (၁၈၀) ပြည့်နှစ်ပတ်လည်နေ့နှင့် တိုက်ဆိုင်နေသည်။ ယခုအခါ ပီရူးနိုင်ငံသား ၆၄ ရာခိုင်နှုန်းသည် ဆင်းရဲချို့တဲ့စွာ နေထိုင်ကြရကြောင်း၊ ၂၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မာတ်အား မရှိကြ၊ ထောင်ပေါင်းမျာစွာသော ပြည်သူတို့မှာ ဆေးဝါးမရှိ၊ လူမှုလုံခြုံမှုမရှိ၊ ပညာရေး မှာ ပို၍အခြေအနေဆိုးရွား နေကြောင်း၊ မိမိတို့အစိုးရသစ်သည် အလုပ်အကိုင်မျာ ပိုမိုရရှိရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးမည့်အပြင် ပို့ကုန်နှင့် ခရီးသွားလုပ်ငန်းကိုလည်း တိုးမြှင့်လုပ်ဆောင်သွားမည်။ လုပ်ငန်းမျာကို ဒေါ်လာသန်း ၅၀ ထုတ်ချေးပြီး ကျာကန်ပေးသွားမည်ဟု ပီရူးခေါင်းဆောင်သစ် တိုလီဒိုက ပြောကြားခဲ့သည်။

သင့်ဘဝ – ဦးရဲလွင်

လှကြည်၊ ဦး (မဏ္ဍိုင်)(ခရစ် ၁၉၁၉ – ၂၀၀၁)။ ။

သတင်းစာဆရာကြီး မဏ္ဍိုင်ဦးလှကြည်ကို ဖခင်ဦးစံလင်း၊ မိခင် ဒေါ်ခင်မိုးတို့က ၁၉၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၌ မွေးဖွားသည်။



မဏ္ဍိုင် ဦးလှကြည်

ဦးလှကြည်သည် စစ်ကြိုခေတ်ကပင် ကဗျာ၊ ဆောင်းပါးမျာ စတင်ရေးသားသည်။ စစ်ကြိုခေတ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ဥပစာတန်းအထိ ပညာသင်ယူသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဌာနပေါင်းစုံ မြန်မာစာပေပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ထီရူးဝတ္ထုဖြင့် ပထမဆုရရှိသည်။ တစ်ချိန်တည်းမှာပင် ဘာသာပြန်ဆုကိုလည်း ရရှိ

သည့်အတွက် ဆုတစ်ခုထပ်မံချီးမြှင့်ခံရသည်။ ထိရှုးဝတ္ထုကို မြန်မာ့အသံက ဇာတ်လမ်းပမာအဖြစ် ထုတ်လွှင့်ခဲ့သည့် အပြင် တက္ကသိုလ်ထင်ကြီးက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။

ဦးလှကြည်သည် ဘိအိုင်အေ၊ ဘီဒီအေ၊ ဘီပီအက်ဖ်၊ ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် စစ်မှုထမ်းဆောင်သည်။ စစ်ပညာဌာနဒ်၌ ပြည်သူ့ရဲဘော်ဂျာနယ် ထုတ်ဝေရာတွင် ပါဝင်ဆောင်ရွက်သည်။ ထို့နောက် ဒီဇူဇာဆေးတိုက်က ထုတ်ဝေသော ကောဇာသစ်ဂျာနယ်တွင် ကဗျာရေးဖွဲ့သည်။ ဒီးဒုတ်ဂျာနယ်တွင် ပင်တိုင်ရေးသားပြီး နဂါးနီ၊ ဒဂုန်၊ ကဝိမျက်မှန်မဂ္ဂဇင်းများတွင်လည်း စာပေများရေးသားသည်။ မြန်မာ့အလင်းနှင့် ရန်ကုန်တက္ကသိုလ်သတင်းစာတွင် အဝေးရောက် သတင်းထောက်အဖြစ် လုပ်ကိုင်သည်။

ဦးလှကြည်သည် သတင်းစာလောကသို့ ဂျာနယ်ကျော်မှ စတင်ဝင်ရောက်သည်။ မဏ္ဍိုင်သတင်းစာနှင့် နေ့ရှင်းသတင်းစာတွင် အုပ်ချုပ်မှုအယ်ဒီတာ၊ နိုင်ငံသစ်သတင်းစာနှင့် ဘွင်းဘွင်းနေ့စဉ်သတင်းစာတွင် အယ်ဒီတာချုပ်တာဝန်များကို ထမ်းဆောင်သည်။ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပြန်ကြား ရေးဌာနတွင် ဘာသာပြန်အဖြစ်ဆောင်ရွက်သည်။ ရိုက်တာ နိုင်ငံခြားသတင်းဌာနတွင် လုပ်ကိုင်နေရာမှ အငြိမ်းစားယူသည်။ စာပေလုပ်သားအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် ပါဝင်သည်။ နေမျိုးနွယ်၊ တက္ကသိုလ်မောင်မျိုးသန့်.ကလောင်အမည်များဖြင့်လည်း စာပေများ ရေးသားသည်။

စာနယ်ဇင်းလောကတွင် မဏ္ဍိုင်လှကြည်ဟု လူသိများသည့် သတင်းစာဆရာကြီးဦးလှကြည်သည် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) တို့ကို ရရှိသည်။

နိုင်ငံတော်တာဝန်၊ စာပေနှင့် စာနယ်ဇင်းတာဝန်တို့ကို ကြီးပမ်းဆောင်ရွက်ခဲ့သော သက်ကြီးစာပေပညာရှင် သတင်းစာဆရာကြီး ဦးလှကြည်သည် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား၁သမီး၁သုံးဦးနှင့် မြေးလေးဦး ကျန်ရစ်သည်။

သန်းဖေလေး (အဆိုတော်၊ သရုပ်ဆောင်၊ ဒါရိုက်တာ) (ခရစ် ၁၉၃၇ - ၂၀၀၁) ။ ။ ဂီတလောက၊ ရုပ်ရှင်လောကတွင် သန်းဖေလေးဟု ထင်ရှားကျော်ကြား လူကြိုက်များခဲ့သော နိုင်ငံကျော် အဆိုတော်၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာ သန်းဖေလေး ခေါ် ဦးသန်းဖေကို ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ဖခင် ဦးမောင်စန်း ခေါ် ဦးထွန်းမောင်နှင့် မိခင် ဒေါ်တင်မေတို့က ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်တွင် မွေးဖွားသည်။ မွေးချင်းညီအစ်ကို သုံးယောက်အနက် အထွေးဆုံးသားဖြစ်ပြီး ငယ်နာမည်မှာ မောင်သန်းဖေဖြစ်သည်။



အဆိုတော်
ရုပ်ရှင်မင်းသား
သန်းဖေလေး

ဖခင်ဖြစ်သူသည် ရန်ကုန်ဂေဇက် အင်္ဂလိပ်သတင်းစာတိုက်၌ အလုပ်လုပ်၍ မိခင်ဖြစ်သူသည် လက်မှုပညာလုပ်ငန်းလုပ်ကိုင် သည်။

သန်းဖေလေးသည် အရိုးကုန်း မြို့နိစိပယ်ကျောင်းတွင် သူငယ်တန်း၌ စတင်ပညာသင်ယူသည်။ ရေကျော်မက်သဒစ် အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ အထက်တန်းပညာ ဆက်လက် သင်ယူခဲ့သည်။ ထို့နောက် ဝါသနာကြီးလှသော ဂီတဓလောကသို့ ခြေချဝင်ရောက်သည်။

သန်းဖေလေးသည် ၁၉၅၂ ခုနှစ်တွင် တယောကိုပါရေးသားသော 'မမြင်နိုင်တဲ့မီး' သီချင်းဖြင့် ဝင်ဒါမီယာကရက်ဆင့် အသံလွှင့်ရုံမှ သီဆိုအသံလွှင့်ရင်း ဂီတလောကသို့ ရောက်ရှိသည်။ 'ရွှေမြို့ငြင်ကြည်' တူရိယာအဖွဲ့မှ တေးသီချင်းများ သီဆိုအသံလွှင့်ခဲ့ရာ ထိုအဖွဲ့၌ သူနှင့်အမည်တူလူတစ်ယောက်ရှိနေသဖြင့် သန်းဖေလေးဟု အမည်ပြောင်းလိုက်ရာမှ သန်းဖေလေးအမည်ဖြင့် ဂီတလောကတွင် ထင်ရှားကျော်ကြားလာသည်။

သန်းဖေလေးသည် ၁၉၅၃ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရုံးချုပ် ဗဟိုမှတ်ပုံတင်ဌာန၌ အရပ်သားစာရေးအဖြစ် စတင်အမှုထမ်းသည်။ ၁၉၅၆ ခုနှစ်တွင် ဂီတ

စာဆို ဘိုကလေးမြင့်မောင်၏ မေတ္တာဇာတ်လမ်း၊ မောင်လွမ်းပြေ၏ အပေါင်းသခင်မာ မင်းသမီး၊ ညီမလေးရယ် စိုးရိမ်မိတယ် သီချင်းများဖြင့် ဒေါ်မြင့် ကျော်ကြားလာသည်။ ၁၉၅၈ ခုနှစ်တွင် ကာကွယ်ရေးငွေစာရင်း ဝန်ကြီးမှ အင်းဝဘဏ်သို့ ပြောင်းရွှေ့အမှုထမ်းသည်။ တစ်ဖက်မှလည်း တေးသီချင်းများဆက်လက်သီဆိုအသံလွှင့်ခဲ့ရာ လေရူးမလေး မိမိမော်၊ ငယ်ကချစ်တော့ မမေ့သာသည်၊ ကြာလေလေ ဝေးမှာစိုးတယ်၊ လောင်းရိပ်မိသော ပန်းကလေးများ သီချင်းများဖြင့် ပို၍ ကျော်ကြားထင်ရှားသည်။

သန်းဖေလေးသည် အဆိုတော် ကိုသန်းလှိုင်၊ စန္ဒရားလှထွတ် တို့နှင့်အတူ တေးသီချင်းများ သီဆိုအသံလွှင့်ခဲ့သည်။ 'သီတဂူ တူရိယာအဖွဲ့' ကို ကိုသန်းလှိုင်နှင့်ပူးတွဲ၍ ဦးဆောင်ဖွဲ့စည်းသည်။ ကိုယ်တိုင် သီဆိုအသံလွှင့်ခဲ့သော တေးသီချင်းအပုဒ် ၁၀၀ ခန့်ရှိပြီး ကိုယ်တိုင်တေးသီချင်းအပုဒ် ၂၀ ခန့်ရေးသားခဲ့သည်။

သန်းဖေလေးသည် ၁၉၆၂ ခုနှစ်တွင် ဒါရိုက်တာ မင်းသား တင်ညွန့်ရိုက်ကူးသော ရန်သူ့ကျောက္ကင်း ရုပ်ရှင်ဇာတ်ကား၌ မင်းသားရွှေဘ၊ မင်းသမီး သင်းသင်းလဲတို့နှင့်တွဲဖက်ကာ ရုပ်ရှင်လောကသို့ စတင်ဝင်ရောက်သည်။ နောင်ကျိန်ဖူးစာဇာတ် ကားတွင် ခင်သန်းနှင့်တွဲဖက်ကာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ တတိယအရွယ်၏ ဒုတိယဝေဒနာ၊ ပဲခူးဆားစသည်ဖြင့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင် ခဲ့ရာ ၁၉၈၀ ပြည့် နှစ်ဝန်းကျင်တွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၅၀ ခန့် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ကိုယ်တိုင် ပထမဆုံးဒါရိုက်တာအဖြစ် 'မရယ်ပါနဲ့လွမ်းနေတယ်' ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူး သည်။

သန်းဖေလေးသည် ခေတ်အဆက်ဆက် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားမြောက်မြားစွာ၌ မင်းသား၏ ညီအစ်ကိုအဖြစ် လည်းကောင်း၊ သူငယ်ချင်းအဖြစ် လည်းကောင်း ဟာသနှင့်သဘာဝနေရာမှ လိုရာအားဖြည့်ပေးခဲ့သော အနုပညာရှင်တစ်ဦးအဖြစ် ကျွမ်းကျင်စွာပါဝင်သရုပ်ဆောင်ခဲ့သည်။

သန်းဖေလေးသည် ရုပ်ရှင်လောကတွင် ဟာသနှင့်သဘာဝ သရုပ်ဆောင်အဖြစ် နှစ်အတန်ကြာရပ်တည်နေစဉ်မှာပင် တေး သီချင်းများကိုလည်း ဆက်လက်သီဆိုထုတ်လွှင့်သည်။ တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော တေးသံရှင်ကိုမြကြီး သီဆိုခဲ့သည့် မခင်နှင်းဆီ၊ မခင်နှင်းဆီရဲ့နှင်းဆီ၊ မခင်နှင်းဆီရဲ့ဇာတ်သိမ်း၊ မခင်နှင်းဆီသို့ပေးစာ သီချင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ သီဆိုဖျော်ဖြေသည်။ ကျွန်တော်နှင့် ကိုမြကြီးခေါင်းစဉ်ဖြင့် ကိုမြကြီး၏ တေးသီချင်းများကို ပြန်လည်ဆန်းသစ်သီဆိုပြီး တေးစီးရီးခွေ ထုတ်လုပ်သည်။ ဗီဒီယိုလောကတွင် ဗီဒီယိုဇာတ်ကားပေါင်း ၁၀၀ ခန့် ရိုက်ကူးခဲ့ရာတွင် ဒါရိုက်တာ၊ သရုပ်ဆောင် အဖြစ်ပါဝင်သည်။

အဆိုတော်၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် နိုင်ငံအဝန်းထင်ရှားကျော်ကြားခဲ့သော သန်းဖေလေးသည် ၂၀၀၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်နုနုရီနှင့် သားနှစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်သည်။

စိုးအောင်

သိန်းမောင်၊ ဦး (သက်ကြီးစာပေပညာရှင် ရတနာပုံသိန်းသိန်း) (ခရစ် ၁၉၀၂ – ၂၀၀၁)။

။ ရတနာပုံသိန်းသိန်းကလောင်အမည်ဖြင့် လူသိများထင်ရှားသော သက်ကြီးစာပေပညာရှင် ဆရာကြီးဦးသိန်းမောင်ကို ဖခင် ဦးဘိုးလှ၊ မိခင် ဒေါ်ဒေါ်မွန်တို့က ၁၉၀၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ ချောင်းဦးမြို့တွင် မွေးဖွားသည်။



ရတနာပုံသိန်းသိန်း အမည်ခံ စာရေးဆရာကြီး ဦးသိန်းမောင်

ဦးသိန်းမောင်သည် ၁၉၂၁ ခုနှစ်၌ မန္တလေးမြို့တွင် ထုတ်ဝေသော ကြည်တော်ဆက်ဂျာနယ်မှ စတင်၍ ရတနာပုံသိန်းသိန်း ကလောင်အမည်ဖြင့် "မျိုးချစ်မင်္ဂလာစုံတွဲ" ဝတ္ထုကို ရေးသားသည်။ စစ်ကြိုခေတ် ဒဂုန်မဂ္ဂဇင်းက

ကျင်းပသော ဆောင်းပါးပြိုင်ပွဲတွင် "၁၅၀၀ မေတ္တာဖြင့် ချစ်ခြင်း၏အကျိုးအပြစ်" ဆောင်းပါးဖြင့် ပထမဆုရရှိပြီး စစ်ပြီးခေတ် မန္တလေးသူရိယသတင်းစာတိုက်က ကျင်းပသော ကဗျာပြိုင်ပွဲတွင် "ဂျစ်ဒေဝီ" ကဗျာဖြင့် ပထမဆုရရှိသည်။

ဦးသိန်းမောင်သည် မင်္ဂလာဦးသိန်းမောင် ကလောင်အမည်ဖြင့် ၃၈ ဖြာမင်္ဂလာပေါင်းချုပ်ကျမ်း (ပထမတွဲနှင့် ဒုတိယတွဲ)၊ စကားပုံနီတိကျမ်း၊ ကဗျာစာအုပ်၊ အသေတတ်နည်း နိသရည်းကျမ်းစသည့် စာအုပ်များရေးသားပြုစုထုတ်ဝေသည်။ ကဗျာအပုဒ်ပေါင်း ၁၀၀၀ ကျော် ရေးသားစပ်ဆိုသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊စာစောင်များတွင် ကဗျာနှင့် ဆောင်းပါး အမြောက်အမြား ရေးသားပြုစုသည်။

ဆရာကြီးဦးသိန်းမောင်သည် ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသည်။

သက်ကြီးစာပေပညာရှင် ဆရာကြီးဦးသိန်းမောင်သည် ၂၀၀၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

အမေရိကန်ပြည်ထောင်စု ။ ။ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အရွေးချယ်ခံသမ္မတကျော့ဒဗလျူဘုရှ်သည် အမေရိကန်ပြည်ထောင်စု၏ ၄၃ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပခဲ့သည်။ ၁၈၂၅ ခုနှစ်က သမ္မတဖြစ်ခဲ့သူ ဂျွန်အဒမ်ကွင်စီကဲ့သို့ပင် ဘုရှ်သည်လည်း ဖခင်၏နည်းတူ သမ္မတဖြစ်လာခဲ့သော ဒုတိယမြောက်ပုဂ္ဂိုလ်ဖြစ်သည်။ ဇန်နဝါရီလ ၂၀ ရက်နေ့မွန်းတိမ်းပြီးစအချိန်တွင် တရားရုံးချုပ်တရားသူကြီးချုပ် ဝီလျမ်ရိန်ကွစ်၏ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဘုရှ်သည် သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ မိနစ်၃၄ မိနစ်ကြာပြောဆိုခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ နိဝင်ဘာလအတွင်းက ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ဖလော်ရီဒါပြည်နယ်၌ မဲဆန္ဒပေးမှု၊ မဲဆန္ဒရေတွက်မှုတို့နှင့် စပ်လျဉ်း၍ အမျိုးသားညီညွတ်ရေးပြိုကွဲလုနီးပါး အငြင်းပွားခဲ့ရသည်။ ရွေးကောက်ပွဲအငြင်းပွားမှုကို တရားရုံးချုပ်က အဆုံးအဖြတ်ပေးခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ဤသို့ဖြစ်ခဲ့ရသည်ကို ရည်ရွယ်လျက် ဘုရှ်သည် အမျိုးသားအင်အားစုအားလုံးကို လွှမ်းခြုံသည့် စေ့စပ်လိုက်လျောသော ညီညွတ်ရေးကိုရွေးရှုသော မိန့်ခွန်းမျာ်းကို ပြောဆိုခဲ့ရသည်။

နိုင်ငံရေးဘဝ၌ "ယဉ်ကျေး၍ပြည်သူ့အကျိုးရွေးရှုမှု" ရှိကြရန် ထိုမိန့်ခွန်း၌ မကြာခဏ ထည့်သွင်းပြောဆိုခဲ့ရသည်။ "တရားမျှတမှုနှင့် အခွင့်အလမ်းတူညီမှုရှိသည့် တစ်ခုတည်းသော အမျိုးသားနိုင်ငံ" တည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်ပါမည်ဟု ကတိပြုခဲ့ရသည်။ ရီပတ်ဘလိကန်ပါတီက လျစ်လျူရှုပစ်ပယ်ခံခဲ့ရသူများကို ရည်ညွှန်းလျက် "ကျွန်တော်တို့ရဲ့ ကွဲပြားခြားနားမှုတွေဟာ တစ်ခါတစ်ရံမှာ နက်ရှိုင်းလွန်းသွားတဲ့အတွက် နိုင်ငံတစ်ခုတည်းမှာ နေကြသူတွေနဲ့မတူဘဲ တိုက်ချင်းကွဲခြားပြီးနေထိုင်ရသူတွေလို ဖြစ်ခဲ့ရပါတယ်" ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုအတွက် တာဝန်ယူထားခဲ့ရာမှ နောက်ဆုတ်သွားလိမ့်မည်ဟု ထင်နေကြသော နိုင်ငံတကာပရိသတ်ကို ရည်ညွှန်းလျက် "သမိုင်းကြောင်းအရလည်းကောင်း၊ ရွေးချယ်ဆောင်ရွက်မှုအရလည်းကောင်း ကမ္ဘာ့အရေးတွေမှာ အမေရိကန်ဟာ မူလအတိုင်းဆက်လက် ရပ်တည်သွားပါ့မယ်" ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဘုရှ်အစိုးရအဖွဲ့သစ်အတွက် အမည်စာရင်းတင်သွင်းခြင်း – သမ္မတသစ်ဘုရှ်၏ ပြည်တွင်းပြည်ပနိုင်ငံရေး အတွေ့အကြုံနည်းပါးမှုကို အကြောင်းပြု၍ အစိုးရအသစ်ဖွဲ့စည်းရေးအတွက် ပြည်သူများက စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။ မျှော်လင့်ယုံကြည်မှုနည်းပါးခဲ့သည်။ ထိုကြောင့် သမ္မတသစ်ဘုရှ်သည် သူ၏အစိုးရအဖွဲ့သစ်၌ သမ္မတဟောင်း ရော်နယ်ရေဂင်လက်ထက်နှင့် သူ့ဖခင်သမ္မတဟောင်း ဂျော့အိတ်ချ်ဘုရှ်လက်ထက်တို့က အစိုးရတာဝန်အသီးသီးကို ဆောင်ရွက်ခဲ့ဖူးသူ ဝါရင့်ပုဂ္ဂိုလ်များအား ထည့်သွင်းဖွဲ့စည်းရန် အမည်စာရင်းတင်သွင်းခဲ့ရသည်။ ဤသို့ဖြင့် ဒုတိယသမ္မတအဖြစ် ဒစ်ချေနေး၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီးဟောင်း ကောလင်းပါဝဲလ်၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ပေါလ်အိုနီးလ်၊ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ကွန်ဒိလီစာပရိုက်စ် စသူများပါဝင်လာခဲ့သည်။ အစိုးရအဖွဲ့ဝင် အမည်စာရင်းတင်သွင်းရာတွင် လက်ယာစွန်းရောက် ရွေးရိုးစွဲဝါဒီဂျွန် အက်ရှ်ခရော့ဖ်အား ရွေးနေချုပ်အဖြစ်လျာထား‌မှု၊ ဂျပန်အမေရိကန်ကပြား ဂေးလ်နော်တွန်အား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် လျာထားမှုတို့နှင့် စပ်လျဉ်း၍ အကြီးအကျယ်အတိုက်အခံပြမှုများပေါ်ခဲ့သည်။ဆီးနိတ်အဖွဲ့က စိစစ်လက်ခံရေးအတွက် အခက်အခဲများစွာ ဖြစ်ခဲ့ရသည်။ ဘုရှ်က အစိုးရအဖွဲ့ဝင်အဖြစ် လျာထားခဲ့သူအချို့မှာလည်း နောက်ကြောင်းသမိုင်းမရှင်းသဖြင့် ဆန့်ကျင်မှုလေသံများ:

ပေါ်ထွက်လာသောအခါ သူတို့ အလိုအလျောက် လျာထား မှုကို မခံယူလိုကြောင်း ပြောဆိုနောက်ဆုတ်သွားသူတို့လည်း ရှိခဲ့သည်။

သမ္မတသစ်ဘုရှ်သည် အက်ဖ်ဘီအိုင်ညွှန်ကြား ရေးမှူး လူဝိဖရီးနှင့် စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တင်းနက်တို့ အား လက်ရှိတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရန် အတည်ပြုလက်ခံခဲ့သည်။

ဖလော်ရီဒါမှ မဲဆန္ဒရေတွက်မှုသတင်းအဆက် – ဖလော်ရီဒါပြည်နယ်ရှိ ပမ်းဘိချ်ဒေသတွင် သမ္မတရွေးကောက်ပွဲကျင်းပစဉ်က ဆန္ဒမဲရေတွက်မှုနှင့် စပ်လျဉ်းသည့်သတင်းကို ပမ်းဘိချ် ပို့စ်သတင်းစာက ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ရေးသားဖော်ပြခဲ့သည်။ ထိုသတင်းတွင် ထူးခြားချက်ပါရှိခဲ့သည်။ အကယ်၍သာ တရားရုံးချုပ်က ကြားဝင်၍ ထိုဆန္ဒမဲများကို လက်ဖြင့်ရေတွက်ခြင်း၊ ဆက်လက်မပြုလုပ်ဟု တားမြစ်ခြင်း သာမရှိခဲ့ပါမူ အငြင်းပွားနေခဲ့သော ဆန္ဒမဲ ၄၀၀၀ အနက် ဒီမိုကရက်တစ်သမ္မတလောင်း၊ အယ်လ်ဂိုးသည် သမ္မတလောင်းဘုရှ်ထက် ၆၈၂ မဲ အသာစီးရနိုင်ကြောင်း၊ ဤသို့ဖြင့် ဖလော်ရီဒါပြည်နယ်မှ ရွေးကောက်ပွဲကောလိပ်၏ ၂၅ မဲကိုလည်း အလိုအလျောက်ရရှိသွားကာ အယ်လ်ဂိုးသည် အရွေးချယ်ခံ သမ္မတဖြစ်လာနိုင်မည်ဟု ထိုသတင်းက ဖော်ပြထား သည်။

ရွေးကောက်ပွဲ အောင်နိုင်ရေး ရန်ပုံငွေအမှု – အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးလုပ်ကိုင်နေသူ အင်ဒိုနီးရှားလူမျိုး ဂျိမ်းစ်ရီယာဒီသည် ၁၉၈၈–၉၄ ခုနှစ်ကလည်းကောင်း၊ ၁၉၉၅–၉၆ ခုနှစ်များကလည်းကောင်း ဒီမိုကရက်တစ်ပါတီ အား ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ရန်ပုံငွေများပေးခဲ့သည်။ ငွေမည်းကို ငွေဖြူဖြစ်အောင်လုပ်လျက် တရား၀င် ရန်ပုံငွေပေးပိုင်ခွင့်ရှိသော အလှူရှင်များမှတစ်ဆင့် ရွေးကောက်ပွဲအောင်နိုင်ရေး လှုပ်ရှားမှုများအတွက် ရန်ပုံငွေများ ပေးခဲ့သည်။ အမေရိကန်နိုင်ငံရေးတွင် ရွေးကောက်ပွဲအောင်နိုင်ရေး ရန်ပုံငွေစုဆောင်းရာဖွေမှု၊ အသုံးချမှု၊ လာဘ်ပေးလာဘ်ယူလုပ်မှု၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ငွေရှင်လုပ်ငန်းရှင်တို့အကြား အပေးအယူလုပ်မှုတို့သည် များစွာပွေလိမ်ရှုပ်ထွေးသောကိစ္စများဖြစ်သည်။ ငွေနှင့် အာဏာပေါင်းစပ် ဖလှယ်မှုလုပ်ဆောင်ခြင်းများပင် ဖြစ်သည်။ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဂျိမ်းစ်ရီယာဒီက ပြစ်မှုများကျူးလွန်ခဲ့ကြောင်း တရားရုံး၌ ဝန်ခံထွက်ဆိုခဲ့သည်။

ဘုရှ်၏ ပထမဆုံးပြည်ပခရီး – ဘုရှ်မိသားစုသည် နိုင်ငံရေးလောကသို့ မဝင်မီက ရေနံလုပ်ငန်းကို လုပ်ကိုင်ခဲ့သော မိသားစုဖြစ်သည်။ သူတို့ မိသားစုသည် အိမ်နီးချင်းမက်ဆီကိုမှ နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးခဲ့သည်။ သို့ဖြစ်၍ ပြည်ပအတွေ့အကြုံနည်းပါးသော သမ္မတသစ်ဘုရှ်သည် သူ၏ပုဂ္ဂိုလ်ရေးသံတမန်စွမ်းရည်ကို ပိုမိုပြသနိုင်မည့် ရင်းနှီးပြီးသားမက်ဆီကိုသို့ ဖေဖော်ဝါရီလ လယ်က ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။ မက်ဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မိုင်ပေါင်း ၂၀၀၀ ကျော် ဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံအကြား လူဝင်လူထွက်ပြဿနာ၊ မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းပြဿနာ၊ နယ်စပ်ဖြတ်ကျော်သည့် ဒုစရိုက်မှုများပြဿနာတို့လည်း ရှိကြသည်။ လွတ်လပ်သော ကုန်သွယ်ရေးဒေသ တည်ဆောက်ရေး ညှိနှိုင်းရန်ကိစ္စများလည်းရှိသည်။ သမ္မတဘုရှ်သည် မက်ဆီကိုသမ္မတနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးမှုတည်ဆောက်၍ နှစ်နိုင်ငံအကြား ဆက်ဆံမှုတိုးတက်ရေးအတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဥရောပခေါင်းဆောင်များ၏ အမည်များကို မှန်ကန်စွာ မပြောတတ်သော ဘုရှ်သည် မက်ဆီကိုတွင် ကျွမ်းကျင်ရေးလည်စွာ ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံနိုင်ခဲ့ခြင်းဖြင့် သူ၏ နိုင်ငံခြားဆက်ဆံရေး ကျွမ်းကျင်မှုကို ပြနိုင်ခဲ့သည်။

နောက်ဆုတ်ပေးခဲ့ရသည့် ဥပဒေကြမ်းများ – ဘုရှ်အစိုးရနှင့် ရိပတ်ဘလိကန်ပါတီတို့သည် ဥပဒေသစ်များ ပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ ရွေးကောက်ပွဲအောင်နိုင်ရေး ကိစ္စများတွင် ရန်ပုံငွေအရှုပ်တော်ပုံသည် အမေရိကန်ဒီမိုကရေစီကို အကျည်းတန်စေခဲ့သည်။ ထို့ကြောင့် ရိပတ်ဘလိကန်ပါတီက "ငွေပျော့များ လှူဒါန်းမှု" (Soft money donation) ကို ပိတ်ပင်ရန် ကြိုးပမ်းခဲ့သည်။ အသင်းအဖွဲ့များ၊ သမဂ္ဂများ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကများက အမေရိကန်ရွေးကောက်ပွဲများတွင် အသုံးပြုရန် "ငွေပျော့" များကို လှူဒါန်းခဲ့ကြသည်။ အမှန်စင်စစ်အားဖြင့် ငွေပျော့များကို မဲစာရင်းပြုခြင်း၊ ပါတီအလိုက် အခြေခံသစ္စာခံယူပွဲများ ကျင်းပခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင်သာ အသုံးပြုရန်ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးပါတီများသည် ထိုငွေပျော့များကို ကိုယ်စားလှယ်လောင်းများ၏ အောင်နိုင်ရေးအတွက် အသုံးချခဲ့သည်။ သို့ဖြစ်၍ ငွေပျော့များ လှူဒါန်းခြင်း ပိတ်ပင်တားမြစ်သည့် ဥပဒေပြဋ္ဌာန်းရေးကို တင်သွင်းရန် စီစဉ်သောအခါ ကွန်ဂရက်ရှိ ပါတီနှစ်ရပ်လုံးမှ အမတ်များက ထိုဥပဒေကြမ်းကို ထောက်ခံမည်မဟုတ်ကြောင်း သိရှိလာရသည်။ ဤသို့ဖြင့် ထိုဥပဒေကြမ်းတင်သွင်းရေးကို ဇူလိုင်လအတွင်းက နောက်ဆုတ်ပေးခဲ့ရသည်။

တစ်ဖန် ရီပတ်ဘလီတန်ပါတီသည် ဇူလိုင်လတွင် ဥပဒေကြမ်းတစ်ရပ်တင်သွင်းရန် ကြိုးပမ်းခဲ့သေးသည်။ လူမှုရေးလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရက ငွေကြေးထောက်ပံ့ထားသော လူပ်ရှားမှုများတွင် ဘာသာရေးရန်ပုံငွေများ၏ အခန်းကဏ္ဍကို တိုးချဲ့အသိအမှတ်ပြုမည့် ဥပဒေကြမ်းဖြစ်သည်။ သို့ရာတွင် ပါတီနှစ်ရပ်လုံးမှ ဝေဖန်သူများက ဤကဲ့သို့ ဘာသာရေး၏အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းသည် အခြေခံဥပဒေနှင့်မညီညွတ်ကြောင်း၊ ဘာသာရေးနှင့် နိုင်ငံတော်ကိစ္စရပ်တို့ကို ခွဲခြားထားရန် သတ်မှတ်ထားသည့် အခြေခံဥပဒေ၏ အခြေခံမူများနှင့် ဆန့်ကျင်ကြောင်း ပြောကြားခဲ့ကြသည်။ ဤသို့ဖြင့် ထိုဥပဒေကြမ်းတင်သွင်းရေးကိုလည်း နောက်ဆုတ်ပေးခဲ့ရသည်။

အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးသစ် – အခြေခံဥပဒေအရ သမ္မတသည် ဆီးနိတ်၏အတည်ပြုချက်ဖြင့် အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးအား ၁၀ နှစ်သက်တမ်းအထိခန့်ထားခွင့်ရှိသည်။ ဤအစိုးရသစ်သည် တာဝန်ထမ်းဆောင်ဆဲ လူဝီဖရီးအား အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်ရန် အတည်ပြုပေးခဲ့သည်။ ဖရီးသည် သက်တမ်းကုန်ဆုံးရန် နှစ်နှစ်ကျန်ရှိသေးသည်။ သို့ရာတွင် အက်ဖ်ဘီအိုင်မှ အဆင့်မြင့်အရာရှိရောဘက်ဟင်ဆင်သည် ဆိုဗီယက်ရုရှားအတွက် သူလျှိုလုပ်ပေးခဲ့ပေးမှုဖြင့် အဖမ်းခံရခြင်း၊ အိုကလာဟိုးမားတွင် ဗုံးခွဲသူအား အရေးယူအပြစ်ပေးရန် တုံ့ဆိုင်းခဲ့ခြင်း စသည့်နာမည်ပျက်မှုကြောင့် ဖရီးသည် သက်တမ်းမကုန်မီ နုတ်ထွက်သွားခဲ့သည်။ ၄င်း၏နေရာတွင် လက်ထောက်ရှေ့နေချုပ်လုပ်နေသူ ရောဘတ်မူလာအား ညွှန်ကြားရေးမှူးသစ်အဖြစ် ဇူလိုင်လ ၅ ရက်နေ့က ခန့်ထားခဲ့သည်။

စစ်သဘောတရား အပြောင်းအလဲ – ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးချိန် ၁၉၉၃ ခုနှစ်မှစ၍ ချမှတ်ထားသော အမေရိကန်စစ်သဘောတရားမှာ စစ်မျက်နှာပြင်နှစ်ရပ်ကို တစ်ပြိုင်တည်းဆင်နွှဲရေးဖြစ်သည်။ အာရှအရှေ့မြောက်ဖျား၊ နှင့် အရှေ့အလယ်ပိုင်းဒေသတို့၌ စစ်မျက်နှာပြင်များဖွင့်ရန် တစ်ချိန်တည်းတိုက်ခိုက်နိုင်ရန် ပြင်ဆင်ထားခဲ့သည်။ သို့ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် ၄ နှစ်တစ်ကြိမ် စစ်ရေးသဘောတရားနှင့် လက်တွေ့အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ရာတွင် စစ်မျက်နှာတစ်ခုကိုသာဖွင့်၍ ဖိဖိစီးစီးအနိုင်တိုက်ရန်၊ ထိုသို့တိုက်ခိုက်အောင်မြင်ပြီးနောက်မှ ကျန်စစ်မျက်နှာပြင်များကို အလုံးအရင်းနှင့် ထိုးနှက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကန့်သတ်အဆင့်ရှိသော ဤသို့အပြောင်းအလဲလာသည့် စစ်သဘောတရားချမှတ်ကြောင်းသတင်းသည် သတင်းမီဒီယာများမှ ဇူလိုင်လ ၁၅ ရက်နေ့ကပေါ်ထွက်လာခဲ့သည်။ စစ်သဘောတရားကိုဤသို့ပြောင်းလဲသတ်မှတ်ခဲ့ခြင်းမှာ စစ်အသုံးစရိတ်ငွေများ လျော့နည်းချမှတ်ပေးနေခြင်းနှင့် အမျိုးသားဒုံးကျည်ကာကွယ်ရေးစနစ် (NMD System) ကို ဦးစားပေးကျင့်လိုခြင်းတို့ကြောင့် ဖြစ်မည်ဟု အကဲခတ်သမားများက ခန့်မှန်းခဲ့ကြသည်။

စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်တိုက်ခိုက်မှု – စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုသည် အမေရိကန်သမိုင်းနှင့် ကမ္ဘာ့သမိုင်းတွင် ထင်ရှားသောအပြောင်းအလဲများကိုဖြစ်ပေါ်စေသည့် သမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခုဖြစ်ခဲ့သည်။ ၁၉၄၁ ခုနှစ်က ပါးလ်ဟာဘာရှိ အမေရိကန် ရေတပ်စခန်းကို ဂျပန်တို့၏တိုက်ခိုက်မှုကိုခံခဲ့ရပြီးနောက် အမေရိကန်ပြည်ထောင်စုတွင် အသက်အိုးအိမ် ဆုံးရှုံးမှုအကြီးမားဆုံးဖြစ်ပေါ်စေခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကို ခံလိုက်ရခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံဖြစ်နေသည့် အမေရိကန်ပြည်ထောင်စုသည် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးနှင့် နည်းပညာရေးတို့အရ မည်သည့်နိုင်ငံနှင့်မျှ မယှဉ်နိုင်လောက်အောင် အင်အားကြီးထွားခိုင်မာနေသည်။ သို့ဖြစ်၍ အမေရိကန်တို့သည် ဘယ်သူ့ကိုမျှ ထိမထင်ဘဲ မောက်မာဝင့်ကြွားနေခဲ့သည်။ ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြီးနှစ်စင်းတို့ ခြားနားထားသဖြင့် ဘေးရန်ကင်းရှင်း လုံခြုံစိတ်ချရပြီဟုထင်နေခဲ့သည်။ မဟာအထီးကျန်ဝါဒကို ကျင်းသုံးသကဲ့သို့ ငါမြင်းငါစိုင်းသော တစ်ဖက်သတ်ဝါဒ (Unilateralist Policy) ကိုလည်း တစ်ပြိုင်တည်းကျင့်သုံးခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ရန်သူတို့၏ ထိပါးနှောင့်ယှက်ခံရခြင်းမှ ကင်းလွတ်နေသည်၊ မကြေပြန်းနိုင်ဟု ထင်နေခဲ့သည်။ ဤအခြေအနေတွင် အမေရိကန်မြေပေါ်၌ အမေရိကန်လေယာဉ်များကို အသုံးချကာ အမျိုးသားဂုဏ်ဆောင် မျော်စင်ညီနှောင်ကိုတိုက်ခိုက်ခံလိုက်ရသဖြင့် အမေရိကန်တို့သည် ကယောင်ချောက်ချာဖြစ်ခဲ့ကြရသည်။ ဤဖြစ်ရပ်သည် သမိုင်းရေးအမြင်အရထူးခြားလွန်းလှသဖြင့် မှတ်တမ်းအလို့ငှာ စက်တင်ဘာ ၁၁ ရက်နေ့က နာရီအချိန်ပိုင်းအလိုက် ဖြစ်ပျက်ခဲ့မှုများအောက်ပါအတိုင်း တင်ပြပါသည်။

စက်တင်ဘာ ၁၁ ရက်နေ့ဖြစ်စဉ်များ
(အရှေ့တိုင်း နေ့ခင်းစံတော်ချိန်ဖြင့်)

၀၈:၄၈ နာရီ ။ ခရီးသည် ၉၂ ဦး၊ လေယာဉ်ဝန်ထမ်းများပါသော အမေရိကန်လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၆၇ သည် ခရီးစဉ်အမှတ် ၁၁ ဖြင့် ဘော့စတွန်နိုင်ငံတကာလေဆိပ်မှ လော့စ်အိန်းဂျလိစ်သို့ ပျံသန်းလာစဉ် လေယာဉ် အပိုင်စီးခံခဲ့ရသည်။ ထိုလေယာဉ်သည် ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနမှ မြောက်ဘက်မျှော်စင်ကို အသေခံ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

၀၉:၀၃ နာရီ ။ ခရီးသည် ၆၅ ဦးနှင့် လေယာဉ်ဝန်ထမ်းများပါသော ယူနိုက်တက်လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၆၇ သည် ခရီးစဉ်အမှတ် ၁၇၅ ဖြင့် ဘော့စတွန်လေဆိပ်မှ လော့စ်အိန်းဂျလိစ်သို့ ပျံသန်းလာစဉ် လေယာဉ်အပိုင်စီးခံခဲ့ရသည်။ ထိုလေယာဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနမှ တောင်ဘက်မျှော်စင်ကို အသေခံဝင်ရောက်တိုက်ခိုက်ခဲ့သည်။

၀၉:၄၀ နာရီ ။ ခရီးသည် ၆၄ ဦးနှင့် လေယာဉ်ဝန်ထမ်းများပါသော အမေရိကန်လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၅၇ သည် ခရီးစဉ်အမှတ် ၇၇ ဖြင့် ဒါးလက်စ် နိုင်ငံတကာလေဆိပ်မှ လော့အိန်းဂျလိစ်သို့ပျံသန်းလာစဉ် လေယာဉ်အပိုင်စီးခံခဲ့ရသည်။ ထိုလေယာဉ်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ဌာနချုပ်တည်ရှိရာ ပင်တဂွန်အဆောက်အအုံကို အနောက်ဘက်မှ အသေခံဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုအဆောက်အအုံတွင်စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းပေါင်း ၁၈၉ ဦးသေဆုံးခဲ့ရသည်။

၀၉:၄၅နာရီ ။ ၀ါရှင်တန်မြို့တော်ရှိ အစိုးရရုံးအဆောက်အအုံ အား‌လုံးမှ ဝန်ထမ်းများ စွန့်ခွာထွက်သွားကြသည်။ အာဏာပိုင်များက အမေရိကန်ပြည်ထောင်စုတစ်ခုလုံးရှိ လေဆိပ်အား‌လုံးကို ပိတ်ထား‌လိုက်ကြသည်။ နိုင်ငံတကာလေယာဉ်ပျံသန်းမှုခရီးစဉ်အား‌လုံးကို ပယ်ဖျက်လိုက်သည်။ အမေရိကန် ပြည်ထောင်စုသို့ မဝင်ဘဲ ကနေဒါနှင့် ကာရစ်ဘီယန်လေဆိပ်များသို့ သွား‌ရန် လမ်းကြောင်းပြောင်းပေးခဲ့သည်။ နယူးယောက်မြို့ရှိစတော့လဲလှယ်ရေးစခန်းကို ပိတ်ထား‌လိုက်သည်။ ၀ါရှင်တန်ဒီစီနှင့် နယူးယောက်မြို့တို့တွင် အမျိုး‌သား‌စောင့်တပ်ကို နေရာချထား‌လိုက်သည်။

၀၉:၅၀ နာရီ ။ အိမ်ဖြူတော်၏ လျှို့ဝှက်သင်္ကေတများကို အသုံးပြုလျက် တယ်လီဖုန်းစကား‌ပြော‌သူ တစ်ဦး‌က “နောက်တစ်ခါ အဲယား‌ဖို့စ်၀မ်း‌ပဲ” ဟု ခြိမ်း‌ခြောက်ခဲ့သည်။ (အဲယား‌ဖို့စ်၀မ်း‌သည် အမေရိကန်သမ္မတစီး‌သော လေယာဉ်ဖြစ်သည်။)ယုံကြည်လောက်သော ခြိမ်း‌ခြောက်မှုဖြစ်နေ သဖြင့် လျှို့ဝှက်စုံထောက်အဖွဲ့က သမ္မတဘုရှ်အား‌၀ါရှင်တန်မြို့တော်သို့ပြန်မသွား‌ရန် ဟန့်တ် ဟန့်တား‌သည်

၀၉:၅၉ နာရီ။ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနမှ တောင်ဘက်မျှော်စင်ပြိုကျသွား‌ခဲ့သည်။ စတင်တိုက်ခိုက်ခံရစဉ်က မသေဘဲ ကျန်ရစ်သူအား‌လုံး‌နှင့်တကွ အရေး‌ပေါ်ကယ်ဆယ်ရေး‌အဖွဲ့၀င် ၄၂၀ ခန့်တို့ သေဆုံး‌ခဲ့ကြရသည်။


၁၀:၁၀ နာရီ ။ ခရီးသည်၄၅ ဦးနှင့် လေယာဉ်ဝန်ထမ်းများပါသော ယူနိုက်တက်လေကြောင်းလိုင်းပိုင် ဘိုးယင်း ၇၅၇ သည် ခရီးစဉ်အမှတ် ၉၃ ဖြင့် နယူး၀ပ်နိုင်ငံတကာလေဆိပ်မှ ဆန်ဖရန်ဆစ္စကိုသို့ပျံသန်းလာစဉ် လေယာဉ်အပိုင်စီးခံခဲ့ရသည်။ ထိုလေယာဉ်ပေါ်တွင် ခရီးသည်များနှင့် အပိုင်စီး‌သူများ‌အ‌ကြား လူပ်ရှား‌ရန်းကန်မှုများ ရှိခဲ့ဟန်တူသည်။ ထိုလေယာဉ်သည် ပင်ဆိလ်ဗင်းနီးယား အနောက်ပိုင်းရှိ ပစ်ဖ်သ်ဘဂ်မြို့၏ အရှေ့တောင်ဘက်ကီလိုမီတာ ၁၃၀ အကွာတွင် ထိုး‌ဆင်း‌ခဲ့ရသည်။

၁၀:၂၉ နာရီ။ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနမှ မြောက်ဘက်မျှော်စင် ပြိုကျသွား‌ခဲ့သည်။

၁၇:၂၀ နာရီ ။ မျှော်စင်ညီနောင်နှင့် ဆက်စပ်နေသော ကမ္ဘာ့ ကုန်သွယ်ရေးဗဟိုဌာနပိုင် ၄၇ ထပ်ရှိ အမှတ် ၇ အဆောက် အအုံမှာလည်း ပြိုကျသွား‌ခဲ့သည်။

၁၉:၀၀ နာရီ။ ဖလော်ရီဒါတွင် ရောက်ရှိနေသော သမ္မတဘုရှ်သည် လူ၀ီစီးယား‌နား‌နှင့် နေဘရပ်စ်ကား လေတပ်အခြေစိုက်စခန်းများမှတစ်ဆင့် ၀ါရှင်တန်ဒီစီသို့ ပြန်လည်ရောက် ရှိလာခဲ့သည်။

၂၀:၃၀ နာရီ။ သမ္မတဘုရှ်သည် ရုပ်မြင်သံကြား‌အစီအစဉ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ မိန့်ခွန်းပြောကြား‌ခဲ့သည်။



စက်တင်ဘာ ၁၁ ရက်နေ့က အကြမ်းဖက်တိုက်ခိုက်ခံရသည့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ
ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို လေယာဉ်ဖြင့် အသေခံဝင်ရောက်တိုက်ခိုက်နေသည်ကို တွေ့ရစဉ်



ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန မီးလောင်ပြိုကျပြီးနောက် တွေ့မြင်ရသည့် နယူးယောက်မြို့ကောင်းကင်မြင်ကွင်း


အမေရိကန်ပြည်ထောင်စုအပေါ် စက်တင်ဘာလ ၁၁ ရက်နေ့က တိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့ကမျှ ဝန်ခံပြောကြားခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် လေယာဉ်မျာ်းကို အသေခံအပိုင်စီးကာ ပိပိရိရိ လိမ်လည်လှည့်ဖျာ်း၍ ထင်ယောင်ထင်မှာ်းဖြစ်အောင်လုပ်သွာ်းခဲ့မှုကြောင့်လည်း ကောင်း၊ ၁၉၉၃ ခုနှစ်က ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနကို ကာ်းဗုံးဖြင့် အသေခံတိုက်ခိုက်ခဲ့မှု၊ ၁၉၉၈ ခုနှစ်က အာဖရိကအရှေ့ပိုင်းတွင် အမေရိကန်သံရုံးမျာ်းအား တိုက်ခိုက်ခဲ့မှု၊ ၂၀၀၀ ပြည့်နှစ်က ယီမင်နိုင်ငံ၌ အမေရိကန် စစ်သင်္ဘောကိုတိုက်ခိုက်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ သင်္ကာမကင်း ဖြစ်ခဲ့မှုတို့ကြောင့်လည်းကောင်း၊ ယခုလက်ချက်သည် အိုစမာဘင်လာဒင်၏ အထောက်အပံ့ခံ အယ်လ်ကိုင်ဒါ အဖွဲ့၏ လက်ချက်ပင် ဖြစ်ဖွယ်ရှိသည်ဟု ချက်ချင်းပင် ထင်မှတ်ခဲ့ကြသည်။ "အယ်လ်ကိုင်ဒါ" (al-Caida) ဟူသော အာရပ်စကာ်းသည် "အခြေစိုက်စခန်း" ဟု အဓိပ္ပာယ်ရသည်။ ဆော်ဒီအာရေဗျ နိုင်ငံဖွာ်းအိုစမာ ဘင်လာဒင်သည် မွတ်ဆလင်စစ်သွေးကြွတစ်ဦးဖြစ်သည်။ သူသည် အာဖဂန်နစ္စတန်နိုင်ငံကို အခြေပြုလျက် ငွေကြေ်းထောက်ပံ့ကာ အခြေခံဝါဒီ မွတ်ဆလင် စစ်သွေးကြွမျာ်းအာ်း စုစည်းပြီ်း အယ်လ်ကိုင်ဒါကွန်ရက်ကို ကမ္ဘာ့နိုင်ငံအနံ့ ဖွဲ့စည်းထာ်းခြင်းဖြစ်သည်။ အမေရိကန် ထောက်လှမ်းရေးပါရဂူတို့သည် ယခုတိုက်ခိုက်မှုမှာ အယ်လ်ကိုင်ဒါကွန်ရက်၏ လက်ချက်အမျာ်းဆုံ်း ဖြစ်နိုင်သည်ဟု တွက်ချက်ထာ်းသော်လည်း အခြာ်းနိုင်ငံခြာ်းထောက်လှမ်းရေးအဖွဲ့မျာ်း၏ လက်ချက်လည်းဖြစ်နိုင်သေ်းသည်ဟု ခန့်မှန််းခဲ့ကြသည်။

ကနေဦးတွင် အမေရိကန်တို့သည် ၄င်းတို့အတိုက်ခံလိုက်ရပြီဟု ခံရသည့်ဘက်မှ ရပ်တည်ပြောခဲ့ကြသည်။ သို့ရာတွင် အချိန်တိုအတွင်းမှာပင် ခံစစ်အနေအထားမှ ထိုးစစ်အသွင်ဘက်သို့ လေသံချက်ချင်းပြောင်းလဲခဲ့ကြသည်။ ဂရိတ်ဗြိတိန်၏ အဓိကထောက်ခံအားပေးမှုဖြင့် အမေရိကန်အစိုးရသည် "အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲ" (War againt terrorism) ဟု ပြောင်းလဲသုံးနှုန်းခဲ့သည်။ ဤသို့ဖြင့် အာဖဂန်နစ္စတန်ရှိ အယ်လ်ကိုင်ဒါတို့အပေါ် စစ်ရေးအရ လက်တုံ့ပြန်နိုင်ရန် အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များကို ဗဟိုအာရှဒေသသို့ စေလွှတ်ခဲ့ကြသည်။ အမေရိကန်တို့အနေဖြင့် တရားဥပဒေအရအရေးယူနိုင်ရန် ဘင်လာဒင်အား လွှဲပြောင်းအပ်နှံရမည်ဟု အာဖဂန်အစိုးရအား တောင်းဆိုခဲ့သည်။ ဘင်လာဒင်အား အပ်နှံခြင်းမပြုလျှင် အာဖဂန်နစ္စတန်အတွင်း ဝင်ရောက်တိုက်ခိုက်မည်ဟုလည်း အကျပ်ကိုင်ခြိမ်းခြောက်ခဲ့သည်။ ထိုအချိန်က အာဖဂန်နစ္စတန်ကိုစိုးမိုးထားသော တာလီဘန်တို့ကလည်း ဘင်လာဒင်အားလွှဲပြောင်းပေးမည်မဟုတ်ဟု တင်းတင်းမာမာပင် ငြင်းဆန်ခဲ့ကြသည်။ ထိုကြောင့် စက်တင်ဘာ လကုန်ပိုင်းတွင် အာဖဂန်စစ်ပွဲဖြစ်တော့မည့် အခြေအနေအထိ ဆိုက်ရောက်သွားတော့သည်။

ပြည်တွင်းပြည်ပ တုံ့ပြန်မှုများ – အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရသဖြင့် တုန်လှုန်ချောက်ချားသွားသော သမ္မတဘုရှ်သည် လူဝီစီယားနားပြည်နယ်ရှိ ဘတ်စဒေးလ်လေတပ်အခြေစိုက်စခန်းတွင် စက်တင်ဘာ ၁၁ ရက် နေ့လယ်ပိုင်းက "ဒီနေ့မနက်ပိုင်းမှာ လွတ်လပ်မှုသည်ပင်လျှင် အရှက်မဲ့တဲ့သရဲဘောကြောင်သူတစ်ဦးရဲ့ တိုက်ခိုက်မှုကိုခံလိုက်ရတယ်။



ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးကို
ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက သယ်ဆောင်လာစဉ်



အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခံရသည့် ပင်တဂွန်စစ်ဌာနချုပ်ကို သွားရောက်စစ်ဆေးသည့် အမေရိကန်သမ္မတ ဘုရှ်ကို တွေ့ရစဉ်

လွတ်လပ်မှုကိုတော့ ကာကွယ်ရမှာပဲ" ဟု တုံ့ပြန်ပြောဆိုခဲ့သည်။ ထိုနေ့ညပိုင်းက ရုပ်မြင်သံကြား မှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပြောကြား ရာတွင် "ဒီတိုက်ခိုက်မှုအတွက် တာဝန်ရှိသူတွေကိုသာမကဘဲ ဒီကျူးလွန်သူတွေကို အားပေးတဲ့သူများ၊ ကွယ်ဝှက်ပေးထားသူများကိုပါ လိုက်လံရှာဖွေပြီး ပြစ်ဒဏ်ခတ်မှာဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုဟာ တိုက်ခိုက်မှုကို ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်သမား တွေနဲ့ သူတို့ကို ဖုံးကွယ်ပေးထားသူတွေကို ခွဲခြားနေမှာ မဟုတ်တော့ဘူး" ဟူ၍လည်း ထည့်သွင်းခြိမ်းခြောက်ခဲ့သည်။

စက်တင်ဘာလ ၁၃ ရက်နေ့ကလည်း သမ္မတဘုရှ်သည် "ကျုပ်တို့အပေါ် စစ်ကြေညာလိုက်ပြီဖြစ်တော့ ကျုပ်တို့ကလည်း ၂၁ ရာစုနှစ်ရဲ့ ပထမဆုံးစစ်ပွဲမှာ ကမ္ဘာကြီးအတွက် အောင်ပွဲခံနိုင်တဲ့အထိ ဦးဆောင်သွားတော့မှာဖြစ်တယ်" ဟု ပြောကြား ခဲ့သည်။


သမ္မတဘုရှ်ပြောကြားတုံ့ပြန်ခဲ့မှုများသည် ပြည်တွင်းပြည်ပအငြင်းပွားဖွယ်ရာများဖြစ်စေခဲ့သည်။ စက်တင်ဘာလ ၁၆ ရက်နေ့က "အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲဟာ ခရူးဆိတ်စစ်ပွဲဖြစ်တယ်" ဟု ပြောကြား ခဲ့သည်။ "ခရူးဆိတ်" ဟူသောအသုံးအနှုန်းကြောင့် ခရစ်ယာန်တို့၏ အရေးတော်ပုံကဲ့သို့ မွတ်ဆလင်များအပေါ် တိုက်ခိုက်တော့မည်လောဟု ထင်မှတ်ဖွယ်ရာဖြစ်သွား ခဲ့သည်။ စက်တင်ဘာလ ၁၇ ရက်နေ့ကလည်း ပင်တဂွန်၌ မိန့်ခွန်းပြောကြား ရာတွင် "ကျုပ်တို့က တရားမျှတမှုကို အလိုရှိတယ်။ "အသေရရ၊ အရှင်ရရ" ဆိုတဲ့ ကြော်ငြာပို့စတာကြီး အနောက်ဘက်မှာ ကပ်ထားတယ်" ဟု ဆိုခဲ့သည်။ အဓိပ္ပာယ်မှာ ကောင်းဘိုင်ခေတ်က လူဆိုးဖမ်းသလိုဖမ်းမည်ဆိုသည့် သဘောသက်ရောက်သွားသည်။ စက်တင်ဘာလ ၂၀ ရက်နေ့ ကွန်ဂရက်သို့ပြောကြား ရာတွင် "ကမ္ဘာတစ်ဝန်းလုံးအနှံ့ ခြေဆန့်နေတဲ့ အကြမ်းဖက်အုပ်စုတိုင်းကို တွေ့ရှိ၊ ရပ်တန့်၊ နှိမ်နင်းလို့ မပြီးမချင်း ဒီစစ်ပွဲဟာလည်း ပြီးဆုံးမှာမဟုတ်ဘူး" ဟု နှုတ်ကျွံသွားခဲ့သည်။ "ကမ္ဘာတစ်ဝန်းလုံး" ဟူသည့် အသုံးအနှုန်းကြောင့် ပြဿနာရှုပ်ထွေးသွားစေသည်။ သေးငယ်သော အကြမ်းဖက်မှုများကို အဆမတန်အင်အားသုံး၍ သက်ဆိုင်ရာပြည်တွင်းဆန့်ကျင်ဘက် အင်အားစုများကို နှိမ်နင်းနေသည့် နိုင်ငံခြားအစိုးရများကို အမေရိကန်ပြည်ထောင်စုက ထောက်ခံအားပေးသည့် သဘောသက်ရောက်စေခဲ့သည်။ "အကြမ်းဖက်ဝါဒ" ဟူသော အသုံးအနှုန်းကြောင့် ပြဿနာရှုပ်ထွေးသွားစေသည်။ ဝေါဟာရကို ကမ္ဘာတစ်ဝန်းလုံးက အမျိုးမျိုးလိုရာဆွဲ၍ အဓိပ္ပာယ်ဖွင့်ဆို ဆောင်ရွက်လာစေခဲ့သည်။

သမ္မတဘုရှ်၏ အမိန့်အာဏာဖြင့် အရန်စစ်သည်များနှင့် အမျိုးသားစောင့်တပ်ဖွဲ့ဝင် ၅၀၀၀၀ တို့သည် လေဆိပ်များနှင့် အခြားသော အများပြည်သူဆိုင်ရာနေရာများ၏ လုံခြုံရေးတာဝန်ကို ယူခဲ့ကြသည်။ ပြည်တွင်းလုံခြုံရေးညွှန်ကြားမှုဦးစီးဌာနကို ဖွဲ့စည်းရန်စီစဉ်ခဲ့သည်။

အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးအတွက် အရေးပေါ်သုံးစွဲခွင့်ငွေ ဒေါ်လာ ၄၀ ဘီလီယံနှင့် နယူးယောက်မြို့ပြန်လည်ထူထောင်ရေးအတွက် ဒေါ်လာ ၂၀ ဘီလီယံကို ကွန်ဂရက်က တစ်ညီတစ်ညွတ်တည်း ထောက်ခံမဲပေး၍ ခွင့်ပြုခဲ့သည်။ သုံးစွဲရန်ခွင့်ပြုငွေများပြားလွန်းသဖြင့် လူမှုဖူလုံရေးအတွက် ဘတ်ဂျက်ခွင့်ပြုငွေများမှပင် နှုတ်ယူသုံးစွဲတော့မည့် အခြေအနေဖြစ်လာခဲ့သည်။ ထို့ပြင် အကြမ်းဖက်

တိုက်ခိုက်သူများနှင့် ဖုံးကွယ်ထားသူများအား တိုက်ခိုက်ရေးအတွက် လိုအပ်သောအင်အားများ အသုံးပြုခွင့်အာဏာကိုလည်း ကွန်ဂရက်က သမ္မတသို့ပေးအပ်ခဲ့သည်။ ဤသို့ဖြင့် သမ္မတဘုရှ်အား စစ်ကြေညာခွင့်အာဏာ အပ်နှင်းလိုက်သည့်နှိုးပါးအထိ ဖြစ်သွားခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမေရိကန်တို့တိုက်ခိုက်ခံလိုက်ရမှုနှင့် စပ်လျဉ်း၍ကမ္ဘာအရပ်ရပ်မှတုံ့ပြန်မှုများရှိခဲ့သည်။ ရုရှားသမ္မတပူတင်၊ ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲ၊ ဥရောပသမဂ္ဂမှ သမ္မတများနှင့် ဝန်ကြီးချုပ်များက အပြင်းထန်ဆုံးအသုံးအနှုန်းများဖြင့် ရှုတ်ချခဲ့ကြသည်။ သူတို့နိုင်ငံအသီးသီးတွင်လည်း အရေးပေါ်လုံခြုံရေးအစီအစဉ်များကို ချမှတ်ခဲ့သည်။ အိန္ဒိယနိုင်ငံက အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချပြီး အိန္ဒိယလေတပ်အခြေစိုက်စခန်းများကို အမေရိကန်စစ်လေယာဉ်များ ဓာတ်ဆီဖြည့်ခွင့်ပေးခဲ့သည်။ အမေရိကန်အား အပြည့်အဝပူးပေါင်းကူညီမည်ဟုပြောကြားခဲ့သည်။ တရုတ်သမ္မတ ကျန်ဇီမင်းကလည်း အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချပြီး အကြမ်းဖက်သမားများနှင့် စပ်လျဉ်းသော ထောက်လှမ်းရေးသတင်းများပေးခြင်း၊ ဖလှယ်ခြင်းတို့ဖြင့် ထောက်ခံပူးပေါင်းမည်ဟု ပြောကြားခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ကိုအိဇူမိကလည်း အမေရိကန်တပ်များကို တက်ကြွစွာ ကူညီပံ့ပိုးမည်ဟုပြောခဲ့သည်။ ဆော်ဒီအာရေဗျကလည်း အကြမ်းဖက်တိုက်ခိုက်မှုသည် အစ္စလာမ်အခြေခံမူဝါဒများနှင့် ဆန့်ကျင်ကြောင်း၊ အမေရိကန်တို့အပေါ် တိုက်ခိုက်မှုကို ရှုတ်ချကြောင်း ကြေညာခဲ့သည်။ ဩစတြေးလျကလည်း ၄င်း၏တပ်များအနေဖြင့် အမေရိကန်ပြည်တွင်းပြည်ပ၌ အမေရိကန်တပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်ကလည်း အမေရိကန်ပြည်ထောင်စုတွင် ခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်း၊ သို့ရာတွင် အင်အားကြီးမားဆုံးနိုင်ငံအနေဖြင့် သဘောထားကြီးရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်ကလည်း ထိုအကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။ ဗဟိုအာရှနိုင်ငံများဖြစ်သော ကာဇာက်စတန်၊ တာဂျီကစ္စတန်နိုင်ငံတို့ကလည်း အမေရိကန်တို့နှင့် ပူးပေါင်းမည်ဟု ပြောခဲ့သည်။



နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနပြိုကျပျက်စီးသည်ကို တွေ့မြင်ရသည့်အတွက် အထိတ်တလန့်ဖြစ်နေသော လမ်းသွားလမ်းလာများ

အမေရိကန်၏ အစဉ်အလာ ရန်ဘက်ဖြစ်သော ကျူးဘားသမ္မတ ကတ်စထရိုနှင့် အီရန်သမ္မတ ခါတာမီတို့ကလည်း အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချခဲ့ကြသည်။

သို့ရာတွင် လက်ဘနွန်နိုင်ငံနှင့် အစ္စရေးတို့သိမ်းပိုက်ထားသော နယ်မြေများရှိ ပါလက်စတိုင်းဒုက္ခသည်စခန်းများက အမေရိကန်တို့တိုက်ခိုက်ခံရမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကတော့ "သူ့နိုင်ငံခြားရေးမူဝါဒရဲ့ ဆူးငြောင့်ဒဏ်ကို သူခံလိုက်ရတာပဲ" ဟု ပြောကြားခဲ့သည်။

စစ်ရေးညွှန့်ပေါင်းဖွဲ့စည်းခြင်း – စက်တင်ဘာလ ၁၂ ရက်နေ့တွင် နေတိုးအဖွဲ့သည် ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်စစ်မြို့၌ ဆွေးနွေးခဲ့သည်။ နေတိုးဖွဲ့စည်းမှုစာချုပ်ပုဒ်မ ၅ အရ အဖွဲ့ဝင်တစ်နိုင်ငံအပေါ် တိုက်ခိုက်ခြင်းသည် ကျန်အဖွဲ့ဝင်နိုင်ငံများအပေါ် တိုက်ခိုက်မှုနှင့်အတူပင်ဖြစ်သည်ဟုဆိုကာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုအား ကူညီရန် ဆုံးဖြတ်ခဲ့သည်။ စက်တင်ဘာ ၁၃ ရက်နေ့တွင် နေတိုး–ရုရှား အမြဲတမ်းပူးတွဲကောင်စီကလည်း အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချလျက် အမေရိကန်နှင့်ပူးပေါင်းကာ အကြမ်းဖက်ဝါဒနှင့် လုပ်ရပ်များကို နှိမ်နင်းမည်ဟု ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အပျက်အစီးများအကြား ရှာဖွေကယ်ဆယ်မှုများပြုလုပ်ခဲ့ရာ ထိုတိုက်ခိုက်မှု၌ နိုင်ငံပေါင်း ၃၉ နိုင်ငံတို့မှ နိုင်ငံသားများ သေဆုံးခဲ့ရကြောင်း ထင်ရှားပေါ်လွင်သွားသည်။ ကမ္ဘာတစ်ဝန်းလုံးကနာကြည်ဒေါသဖြစ်မှုကို အခွင့်ကောင်းယူကာ အမေရိကန်သည် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲ၌ ကမ္ဘာ့နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ကြိုးပမ်းခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အမေရိကန်အစိုးရသည် အကြမ်းဖက်သမားများကို ကမ္ဘာအနှံ့ရှာဖွေတိုက်ခိုက်ရေးအတွက် ညွှန့်ပေါင်းဖွဲ့စည်းနိုင်ရန် နိုင်ငံခြားအစိုးရများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်နေသည်ဟု စက်တင်ဘာလ ၁၂ ရက်နေ့က ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်ဝါဒသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်နေကြောင်း၊ အကြမ်းဖက်သမားများအား ကူညီထောက်ပံ့သူ၊ ဖုံးကွယ်ထားသူ၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်းအောင် စည်းရုံးဆော်သြသူတို့သည် တာဝန်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ဥရောပသမဂ္ဂကလည်း အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲတွင် အစွမ်းကုန်ကူညီမည်ဖြစ်ကြောင်း၊ သို့ရာတွင် အကြမ်းဖက်ဝါဒအား တုံ့ပြန်တိုက်ခိုက်ရာ၌ "ပစ်မှတ်သေချာမှု" ရှိရန်လိုအပ်ကြောင်း၊ တိုက်ခိုက်ရာတွင်လည်း "အတိုင်းအတာရှိမှု" လိုအပ်ကြောင်းများကို ကြေညာခဲ့သည်။ တရုတ်ပြည်ကလည်း ဘင်လာဒင်အပေါ် စစ်ရေးအရအရေးယူတိုက်ခိုက်ခြင်းမပြုမီ အပြစ်ကျူးလွန်ကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားရှိရန် လိုအပ်ကြောင်း၊ စစ်ရေးအရတိုက်ခိုက်ရာတွင် အပြစ်မဲ့အရပ်သားများကို မထိခိုက်စေရန် ဂရုပြုဖို့လိုအပ်ကြောင်းများကို ပြောကြားခဲ့သည်။ မည်သို့ပင်ဖြစ်စေ စက်တင်ဘာလကုန်ပိုင်းတွင်



အကြမ်းဖက် တိုက်ခိုက်မှုလက်သည်တရားခံဟု စွပ်စွဲခြင်းခံရသည့် ဘင်လာဒင်

အမေရိကန်သည် အာဖဂန်နစ္စတန်ရှိ ဘင်လာဒင်နှင့် အယ်လ်ကိုင်ဒါအဖွဲ့အား တိုက်ခိုက်ရန်ညွှန်ပေါင်းဖွဲ့စည်းမှု အတော်အတန်ခရီးရောက်သွားပြီ ဖြစ်လေသည်။

မြွေပွေးခါးပိုက် ပိုက်မိသည့် အမေရိကန် – စက်တင်ဘာ ၁၁ ရက်နေ့က တိုက်ခိုက်သူများကို အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၆၀ ၌ အပူငာပြင်းစုံစမ်းစစ်ဆေးခဲ့ ရာမှ နိုင်ငံအသီးသီးတွင် အယ်လ်ကိုင်ဒါကွန်ရက်ကို အထိုက် အလျောက်ဖော်ထုတ်နိုင်ခဲ့သည်။ အယ်လ်ကိုင်ဒါအဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်၏ အကြောင်းလည်း တစ်စွန်းတစ်စ သိလာရသည်။ အာဖဂန်နစ္စတန်တွင် ကျူးကျော်ဝင်ရောက်ခဲ့သည့် ဆိုဗီယက်ရုရှားတပ်တို့အား တွန်လှန်စဉ်က ဘင်လာဒင်အား စီအိုင်အေသည် ငွေကြေး၊ လက်နက်တို့ကို ထောက်ပံ့ခဲ့သည်။ အနောက်နိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့တို့၏ အကူအညီဖြင့် အယ်လ်ကိုင်ဒါ အဖွဲ့ကြီးထွားလာခဲ့သည်။ စက်တင်ဘာအရေးအခင်းတွင် ပါဝင်ခဲ့သည့် အသေခံလေယာဉ်အပိုင်စီး၁၉ ဦး အကြောင်း ပေါ်ထွက်လာခဲ့သည်။ ၁၉ ဦးအနက် ၁၂ ဦးမှာ ဆော်ဒီအာ ရေဗျနိုင်ငံသားများဖြစ်ကြောင်း၊ ကျန်ပုဂ္ဂိုလ်များမှာ အီဂျစ်၊ မော်ရိုကို၊ လက်ဘနွန်တို့မှဖြစ်ကြောင်း ပေါ်လွင်ခဲ့သည်။ ၄င်း ၁၉ ဦးတို့သည် မူလကထင်ထားခဲ့သော ပါလက်စတိုင်း များမဟုတ်ကြဘဲ ချမ်းသာသော လူကုံထံပညာတတ်များ ဖြစ်နေကြသည်။ ဂျာမန်ရဲများ၏ ဖော်ထုတ်ချက်အရ အသေခံလေယာဉ်အပိုင်စီးခဲ့သူ အီဂျစ်နိုင်ငံသား မိုဟာမက် အတ္တာနှင့် မာရ်ဝမ်အယ်လ်ရှေဟီးတို့သည် ဂျာမန်တက္ကသိုလ်၌ လျှပ်စစ်အင်ဂျင်နီယာပညာကို သင်ယူခဲ့သူများဖြစ်သည်။ ၄င်းတို့နှင့်တကွ ဆော်ဒီတို့သည် အမေရိကန်ပြည်ထောင်စု ရှိ ဖလော်ရီဒါပြည်နယ်အတွင်း တရား၀င်ပတ်စ်ပို့မှာဖြင့် နေထိုင်ကာ လေယာဉ်မောင်းသင်တန်းများကို တက်ရောက် ခဲ့ကြသည်။ ၄င်းတို့သည် လေယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းမှု ကိုပါ လေ့ကျင့်ခဲ့ကြသည်။ တရား၀င်နေထိုင်ခွင့်ကို အခွင့် ကောင်းယူလျက် ၄င်းတို့သည် စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်လေကြောင်းလိုင်းများကို ပိရိစွာအပိုင်စီးနိုင်ခဲ့ ကြောင်း ပေါ်လွင်သွားခဲ့သည်။

စီးပွားရေးထိခိုက်မှုများ – ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနသည် အမေရိကန်၏ အကြီးဆုံး ငွေကြေးရပ်ကွက်ဖြစ်သည့် မင်ဟက်တန်တွင်တည်ရှိပြီး အဆိုပါဗဟိုဌာနတွင် စတော့ နှင့် ငွေကြေးဈေးကွက်များလည်းတည်ရှိသည်။ ရင်းနှီးမြှုပ်နှံ မှု ဘဏ်ကြီးဖြစ်သည့် မော်ဂန်စတန်လေဒိန်း၀စ်တား၊ကုမ္ပဏီ ကလည်း ထိုအဆောက်အအုံတွင် အထပ်ပေါင်း ၅၀ ကို ငှားရမ်းလုပ်ကိုင်နေသော အဖွဲ့ဖြစ်သည်။ ဇုံကြောင့်ကမ္ဘာ့ ကုန်သွယ်ရေးဗဟိုဌာနမှ မျှော်စင်ညီနောင်ပြိုကျသွားရာ ငွေကြေးဈေးကွက်မှာ အများဆုံးထိခိုက်သွားခဲ့သည်။ နယူး ယောက်မြို့ရှိ စတော့ဈေးကွက်များ ရပ်ဆိုင်းသွားခဲ့သည်။ လေကြောင်းလိုင်းများ ရပ်ဆိုင်းသွားသဖြင့် အရှုံးပေါ်သွားခဲ့ သည်။ ဆက်စပ်နေသော ခရီးသွားလုပ်ငန်းနှင့် ဟိုတယ် လုပ်ငန်းများမှာလည်း ထိခိုက်ခဲ့သည်။ ငွေကြေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားသဖြင့် စက်မှုလုပ်ငန်းများမှာ ကုန်ကြမ်းပြတ်လပ်ပြီး လုပ်ငန်းများ ရပ်ဆိုင်း ခဲ့ရသည်။ မူလကပင် စီးပွားရေးနှေးကွေးခဲ့ရာ ယခု ကဲ့သို့ အရေးပေါ်အခြေအနေဖြစ်ပေါ်ခဲ့ရာ အမေရိကန် အဖို့ ငွေကြေးနှင့်စီးပွားရေး ထိခိုက်နစ်နာဆုံးရှုံးမှုမှာ ကြီးမား လှသည်။ ဆုံးရှုံးနစ်နာမှုကို ရှေးဦးစွာခံလိုက်ရသည့် လေကြောင်းလိုင်းများအတွက် အမေရိကန်အစိုးရက အရေး ပေါ်ကယ်ဆယ်ရေး ငွေကြေးထောက်ပံ့မှုများကို ပြုလုပ်ပေး ခဲ့ရသည်။

ဒေါင့်သန်းရောဂါပိုးဖြင့် တိုက်ခိုက်ခံရပြန်ခြင်း – အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း အမေရိကန်ပြည် ထောင်စု၌ ဒေါင့်သန်းပိုးဖြင့် တိုက်ခိုက်ခံရမှုသတင်း လွှမ်းမိုး ခဲ့သည်။ ဖလော်ရီဒါပြည်နယ်တွင် သတင်းမီဒီယာတစ်ခုမှ စာတိုက်သား တစ်ဦးသည် ပထမဦးစွာ ဒေါင့်သန်းရော ဂါပိုးထိပြီး သေဆုံးသွားခဲ့သည်။ ဒေါင့်သန်းရောဂါပိုးပါသော စာအိတ်များဖြင့် ပေးပို့ခဲ့ရာ စာတိုက်အလုပ်သမားများမှာ ထိုရောဂါပိုးဖြင့် ထိခိုက်ခံခဲ့ကြရသည်။ ဒေါင့်သန်းရောဂါပိုး သည် ဝါရှင်တန်ဒီစီ၊ နယူးယောက်မြို့တို့ကိုပါ ထိခိုက်ခဲ့သည်။ တရား၊ရုံးချုပ်နှင့် ကွန်ဂရက်အဆောက်အအုံကို ဒေါင့်သန်း ရောဂါပိုးရောက်လာသဖြင့် ထိုရုံးများကို ခေတ္တပိတ်၍ ဒေါင့်သန်းရောဂါပိုးများ သန့်စင်အောင်ပြုလုပ်ပေးခဲ့ရသည်။ အစပထမတွင် ဒေါင့်သန်းရောဂါပိုးသည် အီရတ်စသည့် နိုင်ငံတို့မှလာသည်ဟု ထင်ခဲ့ကြသည်။ နောက်ပိုင်းစိစစ် ချက်များအရ ဒေါင့်သန်းပိုးသည် အမေရိကန်ပြည်ထောင်စု အတွင်းမှ ပေးပို့ဖြန့်ဖြူးပေးနေကြောင်း သိရှိလာရသည်။

အကြမ်းဖက်မှုဆန့်ကျင်ရေး ဥပဒေအတည်ပြုခြင်း – အောက်တိုဘာလ ၂၄ နှင့် ၂၅ ရက်နေ့များတွင် အောက် လွှတ်တော်နှင့် အထက်လွှတ်တော်တို့က အကြမ်းဖက်မှု ဆန့်ကျင်ရေးဥပဒေကို အတည်ပြုပေးလိုက်ကြသည်။ ထိုဥပဒေကို ပြည်ချစ်ဥပဒေဟု အများက နာမည်ခေါ်ဆို ခဲ့ကြသည်။ ထိုဥပဒေအရ အစိုးရသည် တယ်လီဖုန်းလိုင်း

ကြိုးများမှ တစ်ဆင့် ဖမ်းယူနားထောင်ခွင့်ရှိသည်။ အင်တာနက်ဖြင့် ဆက်သွယ်မှုများကိုလည်း ဖမ်းယူကြည့်ရှုနိုင်သည်။ အကြမ်းဖက်လှုပ်ရှားမှုနှင့် ဆက်စပ်မှုရှိမည်ဟု မသင်္ကာသော နိုင်ငံခြားသားများအား စွပ်စွဲချက်မရှိဘဲ ခုနစ်ရက်ထိန်းချုပ်ထားနိုင်သည်။ ထို့ပြင် ငွေဖြူလုပ်မှုကို ထိန်းချုပ်နိုင်ရန် ဘဏ်နှင့်ငွေကြေးအဖွဲ့အစည်းများ၏ စာရင်းအင်းများကို တောင်းယူကြည့်ရှုစစ်ဆေးနိုင်သည်။ ထိုဥပဒေသည် နိုင်ငံခြားသားများနှင့် ပြည်သူ့အခွင့်အရေးများကို ကန့်သတ်ရာရောက်သည့်အတွက် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

စီးပွားရေးတွန်းအားပေးမှု အစီအစဉ် – ဘုရှ်အစိုးရက အဆိုပြုသည့် ဒေါ်လာဘီလီယံ ၁၀၀ စီးပွားရေးတွန်းအားပေးမှု အစီအစဉ်ကို အောက်လွတ်တော်က ၂ မဲအသာစီးဖြင့် အတည်ပြုပေးခဲ့သည်။ ဤအစီအစဉ်အရ ပုဂ္ဂလိကတစ်ဦးချင်းနှင့် ကော်ပိုရေးရှင်းတို့၏ အမြတ်ခွန်များကို လျှော့ပေါ့သတ်မှတ်ခွင့်ရှိသွားသည်။ အလုပ်လက်မဲ့အများဆုံးဖြစ်ပေါ်သည့် ပြည်နယ်သို့ အလုပ်လက်မဲ့ထောက်ပံ့ငွေတိုးမြှင့်ပေးခွင့်ရသွားသည်။

အကြမ်းဖက်ဝါဒီတို့အပေါ် ခြေရာခံမှုသတင်း – စက်တင်ဘာအရေးအခင်းနှင့် ဆက်စပ်လျက် အမေရိကန်ပြည်ထောင်စုတွင် လူ ၁၀၀၀ ကျော် ဖမ်းဆီးခဲ့သော်လည်း ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို တိုက်ခိုက်သူတို့နှင့် ပတ်သက်၍ တိကျခိုင်လုံသော သက်သေအထောက်အထားမရဘဲ ဖြစ်ခဲ့သည်။ အသေခံလေယာဉ်အပိုင်စီးသူ ၁၉ ဦးတို့နှင့် ထိုက်ရိုက်ဆက်စပ်မှုရှိသူတစ်ဦးကို ဩဂုတ်လ ၁၇ ရက်နေ့တွင်မှ ဖမ်းဆီးမိခဲ့သည်။ သူသည် မော်ရိုကိုလူမျိုး ပြင်သစ်နိုင်ငံသား ဇာကရီးယပ်စ်မူဆာဝီဖြစ်သည်။ မင်နီဆိုတာလေယာဉ်မောင်းသင်တန်းတက်နေစဉ် သူ့အား ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ချက်နိုင်ငံမှ ရဲတပ်ဖွဲ့၏ထုတ်ဖော်ချက်အရ စက်တင်ဘာ ၁၁ ရက်နေ့က တိုက်ခိုက်မှုကို ခေါင်းဆောင်ခဲ့သူတစ်ဦးဖြစ်သည့် အသေခံလေယာဉ်အပိုင်စီးသူ မိုဟာမက်အတ္တာအကြောင်း အောက်တိုဘာ ၂၆ ရက်နေ့က သိရှိလာရသည်။ ဤသတင်းကို ဗြိတိန်ထောက်လှမ်းရေးအဖွဲ့က အတည်ပြုထောက်ခံပေးခဲ့သည်။ သူ၏ အမည်ရင်းမှာ မိုဟာမက်အာတက်ဖ်ဖြစ်သည်။ သူသည် အီဂျစ်ရဲအရာရှိဟောင်းဖြစ်ပြီး ဘင်လာဒင်၏ အနီးကပ်လူယုံတော်လည်းဖြစ်သည်။ သူသည် အာဖရိကအရှေ့ပိုင်းရှိ အမေရိကန်သံရုံးများကို ဗုံးခွဲတိုက်ခိုက်ရေးကို ဦးဆောင်ခဲ့သူဖြစ်သည်။ ဆိုမာလီးယားနိုင်ငံ၌လည်း အမေရိကန်တို့ကို ဒုက္ခပေးခဲ့သူဖြစ်သည်။ အမေရိကန်အစိုးရက သူ့ကို ဖမ်းဆီးမိရန် ဆုငွေထုတ်ပြန်ထားသည်။ ယခုပြောင်းထားသည့် မိုဟာမက်အတ္တားဟူသောအမည်ဖြင့် စက်တင်ဘာအရေးအခင်းကို ညွှန်ကြားခဲ့သူဖြစ်သည်။ ဘော့စတွန်လေဆိပ်၌ သူ၏ အထုပ်တစ်ခုသည် သူနှင့်အတူ ပါမသွားဘဲ ကျန်ရစ်ခဲ့သည်။ ထိုအထုပ်တွင်းမှ အာရပ်ဘာသာစကားကို လက်ရေးဖြင့် ရေးသားထားသည့် စာမျက်နှာ ၅ မျက်နှာ အထောက်အထားကို တွေ့ခဲ့ရသည်။ ထိုမှတ်စုတွင် အခြားလေယာဉ်အပိုင်းစီးသူများသို့ ညွှန်ကြားထားသည့်အချက်များ၊ အစွယ်လာမ်ဆုတောင်းစာများကို တွေ့ရသည်။

အယ်လ်ကိုင်ဒါနှင့် တာလီဘန်တို့ကို ပံ့ပိုးနေသည့် အရင်းအနှီးများကို ထိန်းချုပ်လိုက်ခြင်း – အမေရိကန်အာဏာပိုင်များက အယ်လ်ကိုင်ဒါကွန်ရက်နှင့် ဆက်စပ်နေသည့် အုပ်စု ၂၇ စုနှင့် တသီးပုဂ္ဂလတို့၏ ငွေးကြေးနှင့် အရင်းအနှီးများကို ထိန်းချုပ်ခဲ့သည်။ ယင်းကို အတုယူလျက် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံပေါင်း ၁၉ နိုင်ငံတို့က ထိုကွန်ရက်ကို ထောက်ပံ့နေသည့်ငွေကြေးအရင်းအနှီးတန်ဖိုး ဒေါ်လာသန်း ၁၀၀ ကို အောက်တိုဘာ ၃ ရက်နေ့က ထိန်းချုပ်လိုက်ကြသည်။ တာလီဘန်တို့သည် အမေရိကန်သို့ဘင်လာဒင်ကို လွှဲအပ်ပေးရန်ငြင်းဆန်သဖြင့် ကုလသမဂ္ဂ၏ ပန်ကြားချက်အရ နိုင်ငံအများအပြားတွင် ရှိနေသော တာလီဘန်တို့၏ ငွေကြေးအရင်းအနှီးများကိုလည်း ထိန်းချုပ်ခဲ့သည်။ အယ်လ်ကိုင်ဒါကွန်ရက်ကို ထောက်ပံ့နေသည့်အဖွဲ့အစည်း ၃၉ ခု၏ အရင်းအနှီးများကိုလည်း အမေရိကန်က ထပ်မံထိန်းချုပ်လိုက်သည်။

တိုးမြှင့်လာသည့် အမျိုးသားလုံခြုံရေးအစီအစဉ်များ – အကြမ်းဖက်မှုအန္တရာယ်ဖြင့် တုန်လှုပ်ချောက်ချားနေသော အမေရိကန်တို့သည် အမျိုးသားလုံခြုံရေးအစီအစဉ်များကို တိုးမြှင့်လာခဲ့ကြသည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် အိမ်ဖြူတော်က ညှိနှိုင်းပေါင်းစပ်ကြီးကြပ်ကွပ်ကဲသည့် ပြည်တွင်းလုံခြုံရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ လေဆိပ်များ၏လုံခြုံရေးကို ပြည်ထောင်စုလုံခြုံရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လိုက်သည်။ လေယာဉ်မှူးတို့၏ အခန်းကိုပိုမိုလုံခြုံအောင်စီမံခဲ့သည်။ အချို့ပျံသန်းမှုအစီအစဉ်များတွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ လိုက်ပါခွင့်ပြုခဲ့သည်။ အရှေ့အလယ်ပိုင်းနှင့် မွတ်ဆလင်နိုင်ငံများမှ အသက် ၁၆ နှစ်နှင့် ၄၅ နှစ်အကြား ရှိ အမျိုးသားတို့၏ ပြည်ဝင်ခွင့်ဗီဇာများကို တင်းကျပ်စွာ စိစစ်ခဲ့သည်။ တရားရေးဝန်ကြီးဌာနနှင့်

အက်ဖ်ဘီအိုင်အဖွဲ့တို့အား စစ်ရေးကာလဖွဲ့စည်းမှုပုံစံဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ အမေရိကန်တို့သည် အကြမ်းဖက်သမား၊ မျာ:က သမား:ရိ:ကျမဟုတ်သော ပုံစံအမျို:မျို:ဖြင့် တိုက်ခိုက်လာနိုင်မှု အန္တရာယ်တို့ကို ကြိုတင်မှန်:ဆ၍ လုံခြုံရေး အစီအစဉ်သစ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဇာကရိုးယပ်စ်မူဆာဝီကို စွဲချက်တင်လိုက်ခြင်း – စက်တင်ဘာ ၁၁ ရက် မတိုင်မီက ဖမ်:ဆီ:မိခဲ့သော မူဆာဝီသည် စက်တင်ဘာအရေ:အခင်:နှင့် ဆက်စပ်ကြောင်း၊ အသေခံလေယာဉ်အပိုင်စီ:သူ ၁၉ ဦ:နှင့် ဆက်စပ်ကြောင်း၊ ပင်စီလ်ဗင်:နီ:ယား:ၦ ထိုးကျခဲ့သောလေယာဉ်တွင် မူဆာဝီလိုက်ပါရန် အစီအစဉ်ရှိကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် ဗာ:ဂျီ:နီ:ယား:ပြည်နယ်၊ အလက်ဇန်:ဒရီ:ယား:ခရိုင်တရာ:ရုံ:က ဒီဇင်ဘာ ၁၁ ရက်နေ့တွင် မူဆာဝီအပေါ် စွဲချက် ၆ ခုဖြင့် လက်ခံစစ်ဆေး:ခဲ့သည်။ သူသည် စက်တင်ဘာ ၁၁ တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပထမဆုံ:စွဲချက်တင် ခံခဲ့ရသူဖြစ်သည်။

ဘင်လာဒင်မီဒီယိုအခွေကို ထုတ်ပြန်လိုက်ခြင်း – အာဖဂန်နစ္စတန်နိုင်ငံမှ ရှာဖွေတွေ့ရှိသည့် ဘင်လာဒင်နှင့်ပတ်သက်သော ဗီဒီယိုအခွေကို အမေရိကန်အစိုး:ရသည် ဒီဇင်ဘာလ ၁၇ ရက်နေ့က ထုတ်ပြန်လိုက်သည်။ ထိုအခွေကို အောက်တိုဘာ သို့မဟုတ် နိဝင်ဘာလအတွင်:က ရိုက်ကူး:ခဲ့သည်ဟု ယူဆရသည်။ ထိုအခွေ၌ ဘင်လာဒင်က နယူး:ယောက်နှင့် ပင်တဂွန်တို့အပေါ် တိုက်ခိုက်မှုသည် မျော်မှန်း:ထား:သည့်ထက် ပိုမိုအောင်မြင်ခဲ့ကြောင်း၊ အသေခံလေယာဉ်အပိုင်စီ:၍ တိုက်ခိုက်မှုများကို မိုဟာမက်အတ္တာ:က ဦ:ဆောင်ခဲ့ကြောင်း၊ လေယာဉ်အပိုင်စီ:သူတို့သည် အသက်စွန့်အာဇာနည်များဖြစ်ကြောင်း၊ သူ့မိတ်ဆွေများနှင့် စာ:သောက်ရင်း ပြောဆိုနေပုံများကို ရိုက်ကူး:ထား:ခဲ့သည်။ ထိုအခွေသည် အတုမဟုတ်ကြောင်း အာရပ်ပညာရှင်တစ်ဦး:၏ အတည်ပြုချက်ရရှိသည်။ ထိုအခွေသည် စက်တင်ဘာ ၁၁ တိုက်ခိုက်မှုတွင် ဘာလာဒင်ပါဝင်ညွှန်ကြား:ကြောင်း အခိုင်အမာ သက်သေအထောက်အထား: ဖြစ်သွား:ခဲ့သည်။

ဒီဇင်ဘာလ ၂၇ ရက်နေ့ကလည်း အယ်လ်ဂျာရိ:ရာရုပ်မြင်သံကြား:မှတစ်ဆင့် ပြောကြား:နေသည့် ဘင်လာဒင်၏ပုံကို ပါကစ္စတန်မှတစ်ဆင့် ရခဲ့သဖြင့် အမေရိကန်တို့က ထုတ်ပြန်ခဲ့သည်။ ထိုအခွေ၌ ဘင်လာဒင်သည် ညှိုး:လျန္မမ်း:ခွေနေပုံကို မြင်ရသည်။ ဘင်လာဒင်က "ကျွန်ုပ်တို့၏ အကြမ်းဖက်ဝါဒသည် ဘုရား:သခင်က ကောင်:ချီး:ပေး:ထား:သည့် အကြမ်းဖက်ဝါဒဖြစ်သည်။ မတရား:သူက တရား:မဲ့မှု မပြုလုပ်နိုင်အောင် ဟန့်တား:ရန်နှင့် အမေရိကန်တို့က အစွေရေး:အား: ထောက်ခံနေမှုကို ရပ်တန့်စေရန်ဖြစ်သည်" ဟု ပြောကြား:ခဲ့သည်။ ဤအခွေကြောင့် ဘင်လာဒင်သည် ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ အသက်ထင်ရှား:ရှိနေသေး:ကြောင်း ပေါ်လွင်ခဲ့သည်။

အမေရိကန်သမိုင်း:တွင် အကြီး:ဆုံး:ဒေဝါလီခံမှု – စွမ်:အင်ကုမ္ပဏီကြီး:ဖြစ်သည့် အင်ရွန်ကော်ပိုရေး:ရှင်း:နှင့်တစ်ကွ ဆက်စပ်ထား:သော လုပ်ငန်း:အဖွဲ့ ၁၃ ခုဟိုက ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒေဝါလီခံခွင့်ပြုရန် လျှောက်ထား:ခဲ့သည်။ အင်ရွန်ကုမ္ပဏီသည် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် သာမက အခြား:နိုင်ငံ ၄၀၀ ခန့်တို့၌ပါ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား:လုပ်ငန်း:တို့ကို လုပ်ဆောင်နေသော ကုမ္ပဏီကြီး:ဖြစ်သည်။ ကမ္ဘာ့စွမ်:အင်စွေး:ကွက်၏ ၂၀ ရာခိုင်နှုန်:ကို ကိုင်ထား:သော ကုမ္ပဏီကြီး:ဖြစ်သည်။ ထိုကြောင့် အင်ရွန်ကုမ္ပဏီဒေဝါလီခံခြင်း:သည် အမေရိကန်သမိုင်း၌ အကြီး:မား:ဆုံး:ဖြစ်သွား:သည်။ ကမ္ဘာ့စီး:ပွား:ရေး:အတွက်လည်း: ထိခိုက်စေခဲ့သည်။

ဦ:ခင်မောင်မြ

အရှေ့တောင်အာရှ စာပေဆုရှင် (မြန်မာနိုင်ငံ) (၂၀၀၁)။ ။ ၂၀၀၁ ခုနှစ် အရှေ့တောင်အာရှ စာပေဆု (2001 S.E.A Write Award) ကို မြန်မာနိုင်ငံမှ စာရေး:ဆရာကြီး ဦ:ထင်ကြီး (တက္ကသိုလ်ထင်ကြီး) က ဆွတ်ခူး:ရရှိသည်။ စာရေး:ဆရာကြီး တက္ကသိုလ်ထင်ကြီး:သည် အရှေ့တောင်အာရှစာပေဆုကို မြန်မာနိုင်ငံမှ စတုတ္ထမြောက် ဆွတ်ခူး:ရရှိသူဖြစ်သည်။

၂၀၀၁ ခုနှစ် အရှေ့တောင်အာရှစာပေဆုရှင် စာရေး:ဆရာကြီး တက္ကသိုလ်ထင်ကြီး:ကို ဖခင်ဦ:စံ၊ မိခင်ဒေါ်ခင်တို့တို့က ၁၉၁၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဖွား:မြင်သည်။ အမည်ရင်:မှာ ဦ:တင်မောင်ဖြစ်ပြီး အဘို:မှာ သီပေါဘုရင်၏ စာတော်ဖတ်မင်: ဦ:မောင်မောင်ကြွယ်နှင့် အဘွား:မှာ သုသီရိဂန္ဓာဘွဲ့ခံ ရင်:မာချောင်:ခင်လေး:ဖြစ်သည်။

စာရေး:ဆရာကြီး တက္ကသိုလ်ထင်ကြီး:သည် ၁၉၃၅ ခုနှစ်တွင် မန္တလေး:ဥပစာကောလိပ်၌ ပညာသင်ယူသည်။ ၁၉၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ မောင်ထင်ကြီး:ဟူသော ကလောင်အမည်ဖြင့် မန္တလေး:ဥပစာကောလိပ် ကျောင်:သား:သမဂ္ဂ နှစ်ပတ်လည်မဂ္ဂဇင်:



အရှေ့တောင်အာရှ စာပေဆုရှင်တက္ကသိုလ်ထင်ကြီး

တွင် 'ကုသနှင့်ကျွန်တော်' ဟာသဆောင်းပါးကို ရေးသားပြီး ပထမဆုံးပုံနှိပ်စာလုံးဖြင့် ဖော်ပြခြင်းခံရသည်။ မန္တလေးဉပစာကောလိပ်၌ ပညာသင်ယူစဉ် မန္တလေးသူရိယသတင်းစာနှင့် New Burma အင်္ဂလိပ်သတင်းစာတို့၏ သတင်းထောက်အဖြစ် ဆောင်ရွက်သည်။

စာရေးဆရာကြီး တက္ကသိုလ်ထင်ကြီးသည် မြန်မာနိုင်ငံ အစိုးရပညာတော်သင်အဖြစ် သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်နိုင်ငံ၊ မင်နီဆိုတာတက္ကသိုလ်မှ ရရှိသည်။ အိုးဝေနေ့စဉ်သတင်းစာ အယ်ဒီတာချုပ်၊ ပြင်သစ်သတင်းဖြန့်ချိရေး အုပ်ချုပ်ရေးမှူး၊ စာပေဗိမာန်မဂ္ဂဇင်းအယ်ဒီတာအဖြစ်ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ပြင်သစ်နိုင်ငံ၊ ယူနစ်စကိုဌာနချုပ်၌ စီစဉ်ရေးကျွမ်းကျင်ပုဂ္ဂိုလ် (Progra- mme Specialist) အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၆ ခုနှစ်တွင် စာပေဗိမာန်အဖွဲ့ ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

စာရေးဆရာကြီးတက္ကသိုလ်ထင်ကြီးသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့စည်းရုံးရေးကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၈၅ ခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာန မြန်မာစာအဖွဲ့ဝင် (အချိန်ပြည့်) အဖြစ်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှစ၍ မြန်မာသမိုင်းအဖွဲ့ဝင် (အချိန်ပိုင်း) အဖြစ်လည်းကောင်း ထမ်းဆောင်လျက်ရှိသည်။ ထို့ပြင် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယကကြီးအဖြစ်လည်း ဆောင်ရွက်ဆဲဖြစ်သည်။

စာရေးဆရာကြီးတက္ကသိုလ်ထင်ကြီးသည် ၁၉၉၂ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုကို မြန်မာနိုင်ငံသတင်းစာများအသင်း (ပထမတွဲ၊ ဒုတိယတွဲ) စာအုပ်ဖြင့် ဆွတ်ခူးရရှိသည်။ ၁၉၉၇ ခုနှစ်အတွက် ပခုက္ကူဦးအုန်းဖေ တစ်သက်တာ စာပေဆုချီးမြှင့်ခံရသည်။

စာရေးဆရာကြီး တက္ကသိုလ်ထင်ကြီး ဆွတ်ခူးရရှိသော ၂၀၀၁ ခုနှစ် အရှေ့တောင်အာရှစာပေဆုသည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ စာပေပညာရှင် ၁၀ ဦးတို့အားချီးမြှင့်သောဆုဖြစ်သည်။ ၂၀၀၁ ခုနှစ်အရှေ့တောင်အာရှစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင်ကျင်းပရာ မြန်မာနိုင်ငံမှ အမျိုးသားစာပေဆုရှင် မြန်မာစာအဖွဲ့ဝင်စာရေးဆရာကြီးတက္ကသိုလ်ထင်ကြီး တက်ရောက်၍ ၂၀၀၁ ခုနှစ်အရှေ့တောင်အာရှစာပေဆုကိုလက်ခံရယူသည်။

အရှေ့အလယ်ပိုင်းဒေသ ။ ။ ၁၉၈၈ ခုနှစ်တွင် အမေရိကန်ပိုင် ပင်အမ်လေကြောင်းမှ ခရီးသည်တင်လေယာဉ်တစ်စီးသည် လန်ဒန်မှနယူးယောက်သို့ ပျံသန်းစဉ် စကော့တလန်မှလော့ကာဘီအရပ်၌ ဗုံးပေါက်ကွဲ ပျက်ကျသွားသည်။ လူပေါင်း ၂၇၀ သေဆုံးသွားခဲ့သည်။ ဤလော့ကာဘီအမှုကို စကော့တလန်တရားသူကြီးများကနယ်သာလန်နိုင်ငံ၌ သွားရောက်စစ်ဆေးခဲ့သည်။ ဤအမှုတွင် လစ်ဗျာလုံခြုံရေးအရာရှိနှစ်ဦးသည် လေယာဉ်ဗုံးပေါက်ကွဲမှုအတွက် တရားခံများအဖြစ်စစ်ဆေးခံခဲ့ရသည်။ တရားရုံးက တရားခံတစ်ဦးအား ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့ပြီး ကျန်တစ်ဦးအား တရားသေလွှတ်ပေးခဲ့သည်။ တရားသေလွှတ်မြောက်လာသူအား လစ်ဗျာနိုင်ငံက သူရဲကောင်းအဖြစ် ကြိုဆိုခဲ့သည်။

အကြမ်းဖက်မှု ဆက်ဖြစ်နေသည့် အယ်လ်ဂျီးယား

– အယ်လ်ဂျီးယားနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်အတွင်းက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စစ်သား ၂၆၉ ဦး၊ မြို့နို





အနောက်ဘက်ကမ်းဒေသတွင် ပါလက်စတိုင်းတို့၏ ဆူပူအုံကြွမှုများ နေ့စဉ်ရက်ဆက်ဆိုသလိုဖြစ်ပေါ်ခဲ့ပြီး သေဆုံးမှုများလည်း ရှိနေဆဲဖြစ်သည်

စီပယ်အစောင့်ဝန်ထမ်း ၂၁၀ တို့အပြင် အရပ်သား ပေါင်း ၂၅၀၀ သေဆုံးခဲ့ကြောင်း ဇန်နဝါရီလ ၁၃ ရက်နေ့ယုတ် အယ်လ်ဂျီးယား သတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။ အယ်လ်ဂျီးယားမြို့နှင့် အလှမ်းမဝေးသော အရပ်၌ပင် "လက်နက်ကိုင် အစွန်းရောက်စု" (GIA) က အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်နေသည်ဟု ထိုသတင်းစာက ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၄ ရက်နေ့တွင် အယ်လ်ဂျီးယားသမ္မတက အထက်လွှတ်တော်အမတ်သစ် ၂၉ ဦးကို ခန့်အပ်တာဝန်ပေးခဲ့သည်။ သမ္မတသည် အထက်လွှတ်တော် အမတ်စုစုပေါင်း၏ သုံးပုံတစ်ပုံကို မိမိစိတ်ကြိုက် ခန့်ထားခွင့်ရှိသည်။ အသစ်ခန့်အပ်လိုက်သော အထက်လွှတ်တော်အမတ်အများစုမှာ အသိပညာရှင်၊ အတတ်ပညာရှင် ပါမောက္ခများ ဖြစ်ကြသည်။

ပါလက်စတိုင်း ပဋိပက္ခနှင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်များ– အင်တီဖာဒါခေါ် ပါလက်စတိုင်း အုံကြွမှုဖြစ်ပေါ်ပြီး သည့်မှစ၍ ဇန်နဝါရီလတစ်လလုံးတွင် ပါလက်စတိုင်းနှင့် အစ္စရေးပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ သံတမန်နည်းလမ်းများဖြင့် ကြိုးပမ်းနေသည့်အကြား၊ မှ ပါလက်စတိုင်းတို့ကလည်း အစ္စရေးအရပ်သားများကို တိုင်ခိုက်ခဲ့ကြသည်။ အစ္စရေးတပ်များကလည်း အနောက်ဘက်ကမ်းခြေနှင့် ဂါဇာဒေသတို့၌ စစ်ရေးအင်အားဖြင့်ဖိနှိပ်ခဲ့ကြသည်။ ပါလက်စတိုင်းနှင့် အစ္စရေးညှိနှိုင်းရေးသမားများသည် အီဂျစ်နိုင်ငံ၊ တာဘာအရပ်၌ "နောက်ဆုံးအဆင့်" ညှိနှိုင်းပွဲကို ပြုလုပ်ခဲ့သည်။ အစ္စရေးနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများ ပြုလုပ်ရန်နီးကပ်လာချိန်တွင် လက်ရှိဝန်ကြီးချုပ် အေဟုဘာရက်သည် တင်းမာပြတ်သားသော လိုက္ခဒ်ခေါင်းဆောင်အရီယာယ်လ်ရွာရွန်လောက် လူထုမကြိုက်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဘာရက်အား မဲတင်းပေးနိုင်ရန် ပါလက်စတိုင်းခေါင်းဆောင်အာရာဖတ်က ဘာရက်အစိုးရအဖွဲ့နှင့် ပြေလည်မှုရအောင် ဆွေးနွေးမှုကို ပြန်လည်လက်ခံခဲ့သည်။ သို့သော် အနောက်ဘက်ကမ်းခြေ၌ အစ္စရေးအရပ်သား နှစ်ဦး အသတ်ခံရသဖြင့် အီဂျစ်နိုင်ငံ၊ တာဘာမြို့၌ ဆွေးနွေးနေသော အစ္စရေးကိုယ်စားလှယ်များကို ဘာရပ်က ပြန်လည်ရုပ်သိမ်းခဲ့သည်။ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် နော့ဘလပ်စ်မြို့၌ ပါလက်စတိုင်း လုံခြုံရေးတပ်ဖွဲ့များက အစ္စရေးတပ်တို့နှင့် ပူးပေါင်းသူနှစ်ဦးအား လူထုရှေ့မှောက်တွင် သတ်ပစ်ခဲ့သည်။ အစ္စရေးတပ်များကလည်း ၄င်းတို့၏ အရပ်သားများကို တိုက်ခိုက်ခဲ့သူများဟု မသက်ာသူ ပါလက်စတိုင်း ၂၀ တို့အား ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

လက်ဘနွန်၌ ယူရေနီယမ်လက်နက်သုံးခဲ့မှု – လက်ဘနွန်နိုင်ငံတွင် ၁၉၇၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် အထိ အစ္စရေးတပ်များက ဝင်ရောက်သိမ်းပိုက်ထားခဲ့စဉ်အတွင်း အစ္စရေးတို့က အစွမ်းထုတ်ပြီးသည့် ယူရေနီယမ်လက်နက်



ဂျေရုဆလင်မြို့ရှိ ဈေးတစ်ခုကို ပါလက်စတိုင်းအကြမ်းဖက် အသေခံဗုံးဖောက်ခွဲရေးသမားများက တိုက်ခိုက်ပြီးနောက် တွေ့ရစဉ်

များကိုအသုံးပြုခဲ့သဖြင့် လက်ဘန္နန်အစိုးရက စုံစမ်းမှုများပြု လုပ်ခဲ့သည်။ ဘောလကန်စစ်ပွဲ၌ နေတိုးကပ်ဖွဲ့များက အစွမ်းထုတ်ပြီး ယူရေနီယမ်လက်နက်များကို အသုံးပြုခဲ့သဖြင့် ဌာနေပြည်သူများအား မာတင်ဒွေ့ရောင်ခြည်သင့်ခဲ့ကြောင်း၊ ရောဂါများဖြစ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ လက်ဘန္နန်နယ်စပ်အနီး၌လည်း ဟစ်ဘိုလာပြောက်ကျားများနှင့်အစွယ်ရေးတပ်တို့အကြား မကြာခဏပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။


အီရန်ပြည်တွင်းအားပြိုင်မှုများ – အီရန်နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးသမားများနှင့် ရှေးရိုးစွဲအယူသည်း ဝါဒီတို့အကြားတွင် လည်းကောင်း၊ ဥပဒေပြုလွှတ်တော်နှင့် အစွယ်လာမ်ဘာသာရေး ခေါင်းဆောင်များကြီးစိုးသော တရားစီရင်ရေး အာဏာပိုင်အဖွဲ့တို့အကြားတွင် လည်းကောင်း အားပြိုင်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ၁၉၉၈ ခုနှစ်က ပြုပြင်ရေးကို ထောက်ခံသော အသိပညာရှင်လေးဦးတို့အား အစဉ်လိုက် သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည်။ ထိုအမှုကို တံခါးပိတ်တရား စီရင်ခဲ့ပြီးနောက် ပြစ်မှုကျူးလွန်သူ လုံခြုံရေးအရာရှိတို့အား သေဒဏ်နှင့် ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသော ကွန်ဖရင့်သို့ တက်ရောက်ခဲ့သော အီရန်ပြုပြင်ရေးဝါဒီ ၇ ဦးအား ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြုလွှတ်တော်နှင့် တရားစီရင်မှုအာဏာပိုင်အကြား လုပ်ပိုင်ခွင့်နှင့် အာဏာအငြင်းပွားခဲ့သည်။ ဥပဒေပြုအာဏာပိုင်တို့၏ လုပ်ပိုင်ခွင့်ကို တရားစီရင်ရေးအာဏာပိုင်တို့က လုယူအသုံးချခဲ့ကြောင်း စွပ်စွဲမှုများ ပေါ်ထွက်လာခဲ့သည်။

အီရန်နိုင်ငံနှင့် အီတလီနိုင်ငံတို့သည် ဇန်နဝါရီလ ၇ ရက်နေ့က ဒုစရိုက်ဂိုဏ်းများနှင့် အကြမ်းဖက်လုပ်ရပ်များအား တိုက်ခိုက်နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ အီရန်သည် ဥရောပသမဂ္ဂနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို လိုလားသဖြင့် ဤသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အီရန်နှင့် အနောက်တိုင်းအကြား ဤသဘောတူညီစာချုပ်သည် ပထမဆုံးသဘောတူညီချက်ဖြစ်သည်။

ကျော်ဒန်နိုင်ငံမှ ရွှေးကောက်ပွဲဥပဒေသစ် – ဇွန်လ အလယ်ပိုင်းတွင် ကျော်ဒန်နိုင်ငံ၌ လွှတ်တော်နှစ်ရပ်ပါသော အမျိုးသားလွှတ်တော်ကို ဖျက်သိမ်း၍ ရွှေးကောက်ပွဲသစ်များ ပြုလုပ်ရန်

စီစဉ်ခဲ့သည်။ ရွေးကောက်ပွဲဥပဒေသစ်ကို ဝန်ကြီးအဖွဲ့က အတည်ပြုပြီးနောက် ဇူလိုင်လ ၂၂ ရက်နေ့တွင် ဘုရင်အဗ္ဗဒူလာက အတည်ပြုလက်မှတ်ရေးထိုးပေးလိုက်သည်။ ထိုဥပဒေသစ်အရ ဆန္ဒမဲပေးပိုင်ခွင့်အသက်ကို ၁၉ နှစ်မှ ၁၈ နှစ်သို့ လျှော့ချပေးခဲ့သည်။ လွှတ်တော်အမတ်ဦးရေကိုလည်း ၈၀ မှ ၁၀၄ ဦးအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။ မဲဆန္ဒနယ်မြေအလိုက် ကိုယ်စားပြုမှုတွင် ကျော်ဒန်နိုင်ငံသားဖြစ်နေသော ပါလက်စတိုင်းတို့အတွက် ကိုယ်စားပြုမှုအရေအတွက်ကို လျှော့ချထားသည်။ ကျော်ဒန်နိုင်ငံ၌ ပါလက်စတိုင်းလူဦးရေ ရာခိုင်နှုန်း ၄၀ ခန့်ရှိသည်။ သို့ရာတွင် ပါလက်စတိုင်း အာဏာပိုင်တို့က ကျော်ဒန်ကို အစ္စရေးနှင့်ငြိမ်းချမ်းရေးယူထားသဖြင့် မကျေမနပ်ဖြစ်နေကြသည်။ ဇူလိုင်လဆန်းပိုင်းတွင် ကျော်ဒန်ရှိ ဟာမာ့အဖွဲ့မှ ပေါလစ်ဗျူရိုဌာနချုပ်ကို အမန်မြို့တော်မှ ဆီးရီးယားနိုင်ငံရှိ အမတ်စကပ်မြို့တော်သို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့သည်။ အစ္စရေးကို အန္တရာယ်ပြုနေသော ဟာမာ့အဖွဲ့သည် ကျော်ဒန်၌အခြေစိုက်လှုပ်ရှားနေခြင်းကို ကျော်ဒန်အစိုးရက မလိုလားသည့်သဘောပင် ဖြစ်သည်။

ရာရွန်အပေါ် စစ်ရာဇဝတ်ဖြင့် ဘယ်လ်ဂျီယံကစုံစမ်းစစ်ဆေးခြင်း – ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သောဥပဒေအရ ဘယ်လ်ဂျီယံတရားရုံးသည် စစ်ရာဇဝတ်ကျူးလွန်သောနိုင်ငံခြားသားများအား တရားစစ်ဆေးစီရင်ခွင့်ရှိသည်။ ဤဥပဒေပြဋ္ဌာန်းချက်ကို အခွင့်ကောင်းယူလျက် လက်ဘနွန်လူသတ်ပွဲ၌ အသက်ရှင်ကျန်ရစ်သူ ၂၈ ဦးတို့က ဘယ်လ်ဂျီယံတရားရုံးသို့ လျှောက်ထားခဲ့သည်။ ၁၉၈၂ ခုနှစ်



မုဲ်းဖောက်ခွဲ အကြမ်းဖက်တိုက်ခိုက်ခံရသည့်ဈေးမှဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက သယ်ဆောင်နေစဉ်

အတွင်းက အစ္စရေးဗိုလ်ချုပ်ကြီး အေရီယမ်ရှာရွန်သည် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ ပါလက်စတိုင်းဒုက္ခသည် စခန်းမှ အရပ်သား ပေါင်း ထောင်ချီ၍ သတ်ဖြတ်ခဲ့သည့် ထိုလူသတ်ပွဲကို လူသား များအပေါ် ရာဇဝတ်မှုကျူးလွန်ခြင်း ဟု မှတ်ယူကာ အစ္စရေး ဗိုလ်ချုပ်ကြီးဟောင်း ရှာရွန် (ယခုဝန်ကြီးချုပ်) အပေါ် ဘယ်လ်ဂျီယံတရား ရုံးက လက်ခံ ကြားနာရန် ဇူလိုင်လ ၂ ရက် နေ့က ဆုံးဖြတ်ခဲ့သည်။ ရှာရွန် ကလည်း ရှေ့နေဌား ရန် ခုခံချေဖျက်ရန် စီစဉ်ခဲ့သည်။

ပါလက်စတိုင်း – အစ္စရေးတို့၏ အပြန်အလှန်အကြမ်းဖက်မှု – ပါလက်စတိုင်းနယ်မြေ အနောက်ဘက်ကမ်းခြေနှင့် ဂါဇာ ကမ်းမြောင်တို့တွင်လည်းကောင်း၊ အစ္စရေးနိုင်ငံတွင်း၌ လည်းကောင်း ပါလက်စတိုင်းနှင့် အစ္စရေးတို့သည် အပြန် အလှန်ကလဲစား ချေမှုများဖြင့် အကြမ်းဖက်မှုသည် ဆက်လက် ဖြစ်ပေါ် နေခဲ့သည်။ ပါလက်စတိုင်းတို့ဘက်မှ ချောင်းမြောင်း ပစ်ခတ်ခြင်း၊ အသေခံဗုံးခွဲခြင်းတို့ ပြုလုပ်နေသည်များကို အစ္စရေးတို့က စစ်လေယာဉ်များ၊ တင့်ကား များဖြင့် ပါလက် စတိုင်းနယ်မြေအတွင်း ချဉ်းနင်းဝင်ရောက် ချေမှုန်းတိုက်ခိုက် ခဲ့ကြသည်။ ဇွန်၊ ဇူလိုင်၊ သြဂုတ်လများအတွင်း နေ့စဉ်ရက် ဆက်နီးပါးမျှ အပြန်အလှန်အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။ အာရာဖတ်ခေါင်းဆောင်သည့် ပါလက်စတိုင်းအာဏာပိုင် အဖွဲ့သည် ဟားမာခ်အဖွဲ့၊ အစ္စလာမ်ဂျီဟပ်အဖွဲ့ စသည်အဖွဲ့ အစည်းများအပေါ် သြဇာမညောင်းဘဲ ဖြစ်နေသည်။ ယင်း ကိုပင် အစ္စရေးအစိုးရက အာရာဖတ်အား အကြမ်းဖက်သူတို့ ကို ထိန်းချုပ်ခြင်းမရှိဟု စွပ်စွဲနေသည်။ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ကလည်း အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချ ကြောင်း မကြာခဏကြေညာသည်။ အစ္စရေးတို့ကလည်း ၄င်းတို့၏ အရပ်သား များနှင့်စစ်သား များကို အကြမ်းဖက် တိုက်ခိုက်နေခြင်းကြောင့် အစ္စရေးတပ်များ၏လက်တုံ့ပြန် နှိမ်နင်းမှု၊ ပါလက်စတိုင်းနယ်မြေအတွင်း ဝင်ရောက်မှုတို့ သည် တရား မျှတမှုန်ကန်ကြောင်း ပြောဆိုသည်။

အီရန်နှင့် အနောက်တိုင်းဆက်ဆံရေး – စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်စ်မြို့၌ အီရန် နိုင်ငံခြားရေးဝန်ကြီးကမား လ်ခါရပ်ဇီသည် ဥရောပသမဂ္ဂမှ ဥရောပကော်မရှင်ဥက္ကဋ္ဌ ရိုမန်နိုပရိုဒီ၊ နိုင်ငံခြားရေးတာဝန်ခံ ခရစ်ပက်တင်၊ နိုင်ငံခြားနှင့်လုံခြုံရေးတာဝန်ခံ ယာအီးဟာ ဘိုလာရာတို့နှင့် ဆွေးနွေးခဲ့သည်။ ၁၉၇၉ ခုနှစ် အစ္စလာမ် တော်လှန်ရေး ဖြစ်ပေါ် ခဲ့ပြီးနောက် အီရန်နှင့်ဥရောပ ခေါင်းဆောင်တို့အကြား ပထမဆုံးအကြိမ် ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ ထိုဆွေးနွေးပွဲ၌ အမြင်ချင်းဖလှယ်၍ လွတ်လပ် ပွင့်လင်းစွာပြောဆိုခဲ့ကြသည်။ ကုန်သွယ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများအတွက် ထပ်မံညှိနှိုင်းကြရန် သဘော တူခဲ့ကြသည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဗြိတိသျှနိုင်ငံခြား ရေးဝန်ကြီးဂျက်စရောသည် အီရန်သို့ရောက်ရှိကာ သမ္မတ ခါတာမီအပါအဝင် ထိပ်တန်းခေါင်းဆောင်များနှင့် ဆွေးနွေး ခဲ့သည်။ ဂျက်စရောသည် အမေရိကန်ဦးဆောင်သော နိုင်ငံ စုံတပ်များက အာဖဂန်နစ္စတန်၌ ဘင်လာဒင်နှင့် အယ်လ်ကိုင်ခါ အဖွဲ့အပေါ် စစ်ရေးအရတိုက်ခိုက်မှုတွင် အီရန်၏ထောက်ခံ မှုကို ရယူရန်ဖြစ်သည်။ စက်တင်ဘာ ၁၁ ရက်နေ့တိုက်ခိုက် မှုတွင် ဘင်လာဒင်ပါဝင်ကြောင်း ခိုင်လုံသော အထောက် အထား ကို တင်ပြနိုင်မှသာ အာဖဂန်စစ်ပွဲကို ကူညီမည်ဟု အစကနဦးတွင် အီရန်တို့ဘက်က ပြောခဲ့သည်။ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဘရပ်ဆဲလ်မြို့သို့ရောက် ရှိလာသည့် အီရန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန် ပြည်ထောင်စုအနေဖြင့် ခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်း ပြောကြား ခဲ့သည်။ သို့ရာတွင် စက်တင်ဘာလ ၂၆ ရက် နေ့၌ပင် အထွတ်အထိပ်ခေါင်းဆောင်ကြီး အယာတိုလာအလီ ခါမေနိုက အီရန်ပြည်သူလူထုရှေ့မှောက်တွင် အာဖဂန် စစ်ပွဲ၌ အမေရိကန်နှင့် မဟာမိတ်တို့အား အကူအညီပေး မည်မဟုတ်ကြောင်း အမေရိကန်ဆန့်ကျင်ရေး သြဝါဒ မိန့်ခွန်းပြောခဲ့သည်။ ထိုအချိန်မှစ၍ အီရန်အစိုးရ၏ လေသံပြောင်းလဲသွားခဲ့သည်။ "အမေရိကန် သေပါစေ" ဟူ သော ကြွေးကြော်သံများ ပြန်လည်ထွက်ပေါ်လာခဲ့သည်။

ဆော်ဒီက တာလီဘန်တို့နှင့် သံအဆက်အသွယ် ဖြတ်လိုက်ခြင်း – စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဆော် ဒီအာရေဗျကအာဖဂန်နစ္စတန်ရှိတာလီဘန်အစိုးရနှင့် သံတ မန်ဆက်သွယ်ရေးကို ဖြတ်တောက်လိုက်ကြောင်း ကြေညာ ခဲ့သည်။ တာလီဘန်တို့သည် စက်တင်ဘာ ၁၁ ရက်နေ့က အမေရိကန်တို့အပေါ် တိုက်ခိုက်မှုကိုဦးဆောင်လမ်းညွှန် ခဲ့သူ ဘင်လာဒင်ကို လွှဲအပ်မပေးခြင်း၊ အစ္စလာမ်တရား တော်နှင့်အညီ ချစ်ကြည်ရေး၊ တိုးတက်ရေးတို့အတွက် မဆောင် ရွက်ဘဲ တာလီဘန်တို့သည် နိုင်ငံစုံမှ အသိအမြင်လွဲမှားနေ သူများကို ရာဇဝတ်မှုများကျူးလွန်စေရန် လှုံ့ဆော်စည်းရုံး လေ့ကျင့်ပေးနေခြင်း၊ အထူးသဖြင့် ဆော်ဒီနိုင်ငံသားတို့အား မြှုဆွယ်သိမ်းသွင်းခြင်းတို့ကြောင့် သံတမန်အဆက်အသွယ်

ဖြတ်တောက်လိုက်ကြောင်း ပြောကြား:ခဲ့သည်။ ခွင့်မလွှတ်နိုင်သောပြစ်မှုများ:ကို ကျူး:လွန်ထား:သည့် ဘင်လာဒင်ကိုလည်း ဆော်ဒီနိုင်ငံသား:အဖြစ်မှ ရပ်စဲကြောင်း:ကြေညာခဲ့သည်။

ပါလက်စတိုင်း–အစ္စရေးလောင်မီး – စက်တင်ဘာလတွင် ပါလက်စတိုင်း:နှင့် အစ္စရေး:တို့အကြား: အပြန်အလှန်အကြမ်း:ဖက်မှုများ:မှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ စီအိုင်အေအကြီး:အကဲ ဂျော့ကင်း:နက်သည် ထိုပဋိပက္ခပြဿနာ:ရေးအတွက် အပစ်အခတ်များ: အမြန်ဆုံး:ရပ်ဆိုင်း:ရေး၊ အစ္စရေး:တို့အနေဖြင့် ပါလက်စတိုင်း:နယ်မြေများ:အတွင်း: ဆက်မတိုး:ချဲ့ရေး၊ နှစ်နိုင်ငံအကြား:ပိတ်ဆို့ထား:မှုများ: ဖယ်ရှား:ရေး:တို့ အဆိုပြုခဲ့သည်။ အမေရိကန်ကွန်ဂရက်မှ စေလွှတ်ခဲ့သည့် မစ်ချဲလ်ကော်မရှင်ကလည်း: ရှေးဦး:စွာ ယုံကြည်မှု တည်ဆောက်ရေး:ကို အချိန်ယူပြုလုပ်ရန်၊ ယုံကြည်မှု တည်ဆောက်စဉ်ကာလအတွင်း: အပြန်အလှန် အကြမ်း:ဖက်မှုများ: ရပ်ဆိုင်း:ရန်တိုက်တွန်း:ခဲ့သည်။ ဥရောပသမဂ္ဂမှ ကိုယ်စား:လှယ်များ:ကလည်း: နှစ်ဖက်တင်း:မာမှု ပြေလျော့ရေး:အတွက် ကြိုး:ပမ်း:ခဲ့ကြသည်။ အကြမ်း:ဖက်မှုများ: မပြုလုပ်ဘဲ နှစ်ဘက်တွေ့ဆုံလျက် ငြိမ်း:ချမ်း:ရေး:ကိစ္စများ: ဆွေး:နွေး:ကြရန် ညှိနှိုင်း:ခဲ့သည်။ သို့သော် ဒေါသရန်ညှိုး:နှင့် ကလဲ့စား:ချေမှုများ:မှာ ရပ်တန့်မရနိုင်အောင်ဖြစ်နေသည်။

ဤအတောအတွင်း: အမေရိကန်ပြည်ထောင်စုအပေါ် အကြမ်း:ဖက်တိုက်ခိုက်မှုသည် စက်တင်ဘာလ ၁၁ ရက်နေ့က ဖြစ်ပွား:ခဲ့သည်။ ထိုအကြမ်း:ဖက်တိုက်ခိုက်မှု သတင်း: ထွက်ပေါ်လာသောအခါ ပါလက်စတိုင်း:နယ်မြေအတွင်း:၌ ရှင်မြူး:ဟစ်ကြွေး:မှုများ: ဖြစ်ပေါ်လာခဲ့သည်။ အမေရိကန်တို့ တိုက်ခိုက်ခံရသဖြင့် ဒေါသမွန်နေချိန်တွင် ပါလက်စတိုင်း:များ: အူမြူး:နေခြင်း:သည် အမေရိကန်တို့ဘက်မှ အထင်မှား: စေနိုင်ကြောင်း:, ထိုအကြမ်း:ဖက်တိုက်ခိုက်မှုနှင့် ပါလက်စတိုင်း:တို့ ဆက်စပ်မှုရှိသည်ဟု ယူဆလာနိုင်ကြောင်း:၊ အမေရိကန်တို့ ပါလက်စတိုင်း:တို့အပေါ် တိုက်ခိုက်လာနိုင်ကြောင်း: အာရာဖတ်နှင့် ပါလက်စတိုင်း: အာဏာပိုင်အဖွဲ့တို့က ပြောကြား:ခဲ့သည်။ ထိုကြောင့် အာရာဖတ်က စက်တင်ဘာအကြမ်း: ဖက်တိုက်ခိုက်မှုကို ရှုတ်ချကြောင်း၊ အမေရိကန်တို့ဘက်မှ ထောက်ခံမည်ဖြစ်ကြောင်း: ကြေညာခဲ့သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်း:ဖက်တိုက်ခိုက်မှုကို အကြောင်း:ပြုကာ အစ္စရေး:ဝန်ကြီး:ချုပ် ရာရွှန်က အာရာဖတ်သည် အိုစမာဘင်လာဒင်နှင့် အတူတူပင်ဖြစ်ကြောင်း:၊ ပါလက်စတိုင်း:တို့သည် အကြမ်း:ဖက်ဝါဒီများ:ဖြစ်ကြောင်း: စွပ်စွဲခဲ့သည်။ ထိုစက်တင်ဘာအရေး:အခင်း: ဖြစ်ပြီး:နောက် အကြမ်း:ဖက်ဝါဒီနှိမ်နင်း:ရေး: အကြောင်း:ပြချက်ဖြင့် အစ္စရေး:တို့သည် ပါလက်စတိုင်း:တို့အပေါ် ဖိအား:ပိုမိုအသုံး:ပြုကာ နှိမ်နင်း:လာခဲ့သည်။

ပါလက်စတိုင်း–အစ္စရေး:ပဋိပက္ခပြေလည်ရေး:အတွက် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ရုရှား:တို့အပါအဝင် နိုင်ငံတကာအသိုင်း:အဝိုင်း:၏ ဖိအား:ပေး:မှုများ:ကြောင့် ငြိမ်း:ချမ်း:ရေး:အတွက် စေ့စပ်ဆွေး:နွေး:ကြရန် အကြိမ်ကြိမ်ကြိုး:ပမ်း:ခဲ့သော်လည်း: အပြန်အလှန်ကလဲ့စား:ချေမှုများ: အချိန်ကိုက်ဖြစ်ပေါ်လာပြီး: ပျက်သွား:သည်ချည်:ဖြစ်ခဲ့သည်။ ပါလက်စတိုင်း:တို့ဘက်တွင် အာရာဖတ်နှင့် ပါလက်စတိုင်း:အာဏာပိုင်အဖွဲ့ဝင်ကိုကို့ကပျော့ပျောင်း:သောသဘောထား:ရှိသော်လည်း: ဟား:ယာစ်အဖွဲ့၊ ပါလက်စတိုင်း:လွတ်မြောက်ရေး: ပြည်သူ့တပ်ဦး: အစ္စလာမ်ဂျီဟဒ်အဖွဲ့စသည်တို့က မစေ့စပ်စတမ်း: ရပ်တည်နေကြသည်။ အစ္စရေး:တို့ဘက်တွင်လည်း: နိုင်ငံခြား:ရေး:ဝန်ကြီး: ရှီမွန်ပီရက်ဇ်ကဲ့သို့ လေဘာပါတီအချို့က ငြိမ်း:ချမ်း:ရေး:အတွက် စေ့စပ်ညှိနှိုင်း:မှုကို လက်ခံလိုသော်လည်း: ဝန်ကြီး:ချုပ်ရာရွှန်နှင့် လီကွဒ်ပါတီသည် ပါလက်စတိုင်း: အကြမ်း:ဖက်မှုကို နာလန်မထူထောင်နိုင်အောင် အပြက်နှိမ်နင်း: ရေး:ကို လိုလား:ကြသည်။

ထို့ကြောင့် ပါလက်စတိုင်း: – အစ္စရေး: ပဋိပက္ခတွင် စေ့စပ်ရေး၊ ငြိမ်း:ချမ်း:ရေး: အပြုသဘောဝင်လာသည့် အခါတိုင်း: နှစ်ဘက်စလုံးမှ ကလဲ့စား:ချေရေး၊ အပြတ်နှိမ်နင်း:ရေး: အဖျက်သဘောများ: ဝင်လာခဲ့သည်။ ဤပဋိပက္ခ ပြေလည်ရေး: အတွက် အကြံပြုချက်အမျိုး:မျိုး:၊ ကြား:ဝင်ဖျန်ဖြေမှုအမျိုး:မျိုး: ပေါ်ပေါက်လာခဲ့သော်လည်း: ငြိမ်း:ချမ်း:ရေး:ရောင်ခြည် သန်း: ရံမှု ဖြစ်လာချိန်တွင် ဒေါသ၊ အာဃာတ အမှောင်ထုကြီး:က နောက်ဆုံး:လွှမ်း:မိုး:သွား:ခဲ့သည်။

အောက်တိုဘာလ ၁၇ ရက်နေ့တွင် အစ္စရေး:ခရီး:သွား: လုပ်ငန်း:ဝန်ကြီး: ရေဟာဗမ်ဇေအေဗီသည် အရှေ့ဂျေရုဆလင်ရှိ ဟိုတယ်တစ်ခု၏ အပြင်ဘက်တွင် ပစ်သတ်ခံလိုက်ရသည်။ ဝန်ကြီး:ဇေအေဗီသည် ပါလက်စတိုင်း:ဆန့်ကျင်ရေး: လက်ယာအစွန်း:ရောက်ဝါဒီတစ်ဦး: ဖြစ်ခဲ့သည်။ အသက် ၇၅ နှစ်ရှိ ဇေအေဗီသည် အစ္စရေး:အရေး:တော်ပုံအတွက် ငယ်စဉ်ကပင် ပါဝင်ခဲ့သော စစ်ရေး:အတွေ့အကြုံလည်း: ရင့်ကျက်သော ထင်ရှား:သည့်ခေါင်း:ဆောင်တစ်ဦး: ဖြစ်သည်။ သူသည် ပထမ

ဆုံး အသတ်ခံလိုက်ရသော အစွန်ရေးဝန်ကြီးလည်း ဖြစ်သည်။ ပါလက်စတိုင်းလွတ်မြောက်ရေး ပြည်သူ့တပ်ဦးက ၄င်းကို သတ်ဖြတ်ခဲ့ကြောင်း၊ သူတို့အဖွဲ့၏ ဒုတိယခေါင်းဆောင် အဘူအလီမွတ်စတီဖာ အသတ်ခံခဲ့ရမှုအတွက် ကလဲ့စား ချေခြင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ဝန်ကြီးချုပ် ရာဗွန်က အစွန်ရေးခရီးသွားဝန်ကြီးအား သတ်ဖြတ်ခဲ့သူများကို အစွန်ရေးသို့လွှဲအပ်ပေးရမည်ဟု တောင်းဆိုခဲ့သည်။ ဤလူသတ်မှုသည် ရေရှည်အကျိုးဆက်များဖြစ်ပေါ်စေခဲ့သည်။ အစွန်ရေးတပ်များသည် အလုံးအရင်းဖြင့် အနောက်ဘက်ကမ်းခြေရှိမြို့များကို ဝင်ရောက်စီးနင်းခဲ့သည်။ အာရာဖတ်နေထိုင်ပြီး ၄င်း၏ဌာနချုပ်လည်းဖြစ်သော ရာဟာလာမြို့ကို အစွန်ရေးတပ်များက ဝန်းရံပိတ်ဆို့ခဲ့သည်။ ပါလက်စတိုင်းနှင့်အစွန်ရေး အကြား အပြန်အလှန်အကြမ်းဖက်မှုများ အဆောမသတ်နိုင် အောင် တိုးပွားလာခဲ့သည်။

အမေရိကန်အစိုးရ၏ မူဝါဒအပြောင်းအလဲ – အစဉ်အလာအားဖြင့် အမေရိကန်တို့သည် အစွန်ရေးတို့ဘက်မှ ရပ်တည်ခဲ့သည်။ သို့ရာတွင် စက်တင်ဘာ ၁၁ ရက် အရေးအခင်း ဖြစ်ပေါ်လာပြီးနောက် အမေရိကန်အစိုးရသည် နိုင်ငံတကာ အကြမ်းဝါဒ ဆန့်ကျင်ရေးအတွက် တစ်ကမ္ဘာလုံးလွှမ်းခြုံသော ညွှန့်ပေါင်းဖွဲ့စည်းရေးကို အထူးကြိုးပမ်းဆောင်ရွက်လာခဲ့သည်။ နိုင်ငံတကာ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို မရမနေ ကြိုးပမ်းလာခဲ့သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် သမ္မတဘုရှ်က သီးခြားလွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကို ထောက်ခံကြောင်း အတိအလင်းထုတ်ဖော် ပြောကြားခဲ့သည်။ သမ္မတဘုရှ်၏ ရပ်တည်ချက်ကို အာရာဖတ်နှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့က ကြိုဆိုထောက်ခံခဲ့သည်။ သို့ရာတွင် အစွန်ရေးဝန်ကြီးချုပ် ရာရွန်နှင့်အစွန်ရေးတင်းမာသူများက ဘုရှ်၏ရပ်တည်ချက်ကို ဝေဖန်ပြစ်တင်ခဲ့ကြသည်။ ဤသို့ဖြင့် ထိုကာလအတွင်း အမေရိကန်နှင့်အစွန်ရေးတို့အကြား ဆက်ဆံရေးတင်းမာသွားခဲ့သည်။

ဆော်ဒီနှင့် အမေရိကန်ဆက်ဆံရေး – ပင်လယ်ကွေ့စစ်ပွဲဖြစ်ချိန်မှစ၍ ဆော်ဒီအာရေဗျနှင့်အမေရိကန်တို့သည် မဟာမိတ်ဖြစ်ခဲ့သည်။ သို့ရာတွင် စက်တင်ဘာ ၁၁ ရက်နေ့တိုက်ခိုက်မှုတွင် ဘင်လာဒင်နှင့်အတူ ဆော်ဒီနိုင်ငံသား များ အများအပြားပါဝင်နေခြင်း၊ ပင်လယ်ကွေ့စစ်ပွဲအတွင်းမှစ၍ အမေရိကန်တပ်များ ဆော်ဒီအာရေဗျခွဲချထားခြင်းကို ဆော်ဒီနိုင်ငံသားအများစုက ဆန့်ကျင်နေခြင်းတို့ကြောင့် စက်တင်ဘာအရေးအခင်းဖြစ်လာသောအခါ ဆော်ဒီ–အမေရိကန်ဆက်ဆံရေးမှာတင်းမာလာခဲ့သည်။ ဆော်ဒီအစိုးရသည် ဘင်လာဒင်အား နိုင်ငံသားအဖြစ်မှ ရုပ်စဲခဲ့ပြီး တာလီဘန်အစိုးရနှင့် သံတမန်ဆက်သွယ်မှုကို ပြတ်တောက်ခဲ့သည်။ သို့ရာတွင် အောက်တိုဘာ ၇ ရက်နေ့မှစ၍ အာဖဂန်နစ္စတန်အပေါ် အမေရိကန်ဦးဆောင်သောတပ်များက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်လာသောအခါ ဆော်ဒီ–အမေရိကန်ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။

အောက်တိုဘာ ၆ ရက်နေ့က ဆော်ဒီအာရဗျရှိ အမေရိကန် စစ်အခြေစိုက်စခန်းအနီးတွင် အမေရိကန်တစ်ဦးနှင့် နိုင်ငံခြားသားတို့သည် မုံးတို့ဖြင့် တိုက်ခိုက်ခံခဲ့ရမှု သေဆုံးသွားခဲ့သည်။

အစွန်ရေး–ပါလက်စတိုင်းအရေး – အစွန်ရေးနှင့် ပါလက်စတိုင်းတို့အကြား ပဋိပက္ခသည် ပိုမိုပြင်းထန်ကြမ်းတမ်းလာသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်မကင်းဖြစ်လာကြသည်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများအတွင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၊ အမေရိကန်အထူးသံတမန် မီလျံဘန်းစ်၊ အန်ထော်နီဇင်နီတို့သည် အဆိုပါဒေသသို့ ရောက်ရှိပြီး အစွန်ရေးဝန်ကြီးချုပ် ရာရွန်၊ ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်တို့နှင့် သာမက နှစ်နိုင်ငံမှလုံခြုံရေးအရာရှိများ၊ စေ့စပ်ညှိနှိုင်းရေးသတင်းများနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကလည်း နှစ်ဘက်စလုံးကတင်းမာမှုလျော့နည်းရေးနှင့် အကြမ်းဖက်မှုများရပ်ဆိုင်းရေးတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပါလက်စတိုင်းဘက်မှ အကြမ်းဖက်မှုများကို ရပ်ဆိုင်းရန်နှင့် အစွန်ရေး ရပ်တည်နေမှုကို လက်ခံရန်လိုအပ်သကဲ့သို့ အစွန်ရေးတို့ဘက်မှလည်း ဂျူးအခြေစိုက်စခန်းများ တိုးချဲ့တည်ဆောက်ခြင်း မပြုသင့်ကြောင်း ပြောကြားခဲ့သည်။

အစွန်ရေးနိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပီရက်ဇ်ကလည်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအတွက် ကျယ်ပြန့်သော သဘောတူညီမှုများရလာနေပြီဖြစ်ကြောင်း၊ နှစ်ဖက်မဟုတ်သော စီးပွားရေးအရ ရှင်သန်ရပ်တည်နိုင်သော ပါလက်စတိုင်းနိုင်ငံ

ဖြစ်လာရေးမှာ အရေးအကြီးဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၌ ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကို ထည့် သွင်းပြောကြားသဖြင့် ရှိမွန်ပီရက်ဇ်အား အစွေရေး ဝန်ကြီးအဖွဲ့မှ ထုတ်ပယ်ပစ်ရန် ဝန်ကြီးချုပ်ရာရွန်အား လီကွဒ်ပါတီဝင် များက တောင်းဆိုခဲ့ကြသည်။

ဤသို့ဖြင့် ငြိမ်းချမ်းရေး၊ နိုင်ငံသစ်ထူထောင်ရေးတို့ အတွက် အသီးသီးပြောဆိုနေကြဆဲမှာပင် အပြန်အလှန် အကြမ်းဖက်မှုများမှာ ဖြစ်ပေါ်ဆဲရှိနေခဲ့သည်။ ဒီဇင်ဘာလ ၁-၂ ရက်နေ့များတွင် ဂျေရုဆလင်နှင့် ဟိုင်ဖာမြို့တို့၌ ဟားဟစ်အဖွဲ့၏ အသေခံဗုံးပေါက်ခွဲတိုက်ခိုက်မှုတို့ကြောင့် အစွေရေး ၂၅ ဦး အနည်းဆုံးသေဆုံးခဲ့သည်။ ထိုတိုက်ခိုက်မှုကို အစွေရေးတို့က စစ်အင်အား အလုံးအရင်းဖြင့် တုံ့ပြန်လက်စားချေခဲ့သည်။ အာရာဖတ်အား တာဝန်ရှိသည်ဟုလည်း ရာရွန်က စွပ်စွဲခဲ့သည်။ အာရာဖတ်နေထိုင်ရာ ဌာနချုပ်ကိုလည်းကောင်း၊ တူလ်ကမ်ရှိ လုံခြုံရေးအဖွဲ့ဌာနချုပ်ကို လည်းကောင်း တိုက်ခိုက်ခဲ့ကြသည်။

အာရာဖတ်က အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချပြီး ပါလက်စတိုင်းစစ်ဘက် ပုဂ္ဂိုလ်များအနေဖြင့် အစွေရေးနိုင်ငံအတွင်း လုံးဝ ဝင်ရောက်တိုက်ခိုက်ခြင်းကိုလည်း ချက်ချင်းရပ်ဆိုင်းကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ဟားမာ့စ် အဖွဲ့ဝင် အချို့ကိုလည်း ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဟားမာ့စ်အဖွဲ့က အစွေရေးနိုင်ငံအတွင်း အသေခံဗုံးခွဲမှုကို ရပ်ဆိုင်းလိုက်ကြောင်းကြေညာခဲ့သည်။ သို့ရာတွင် ဒီဇင်ဘာလ ၃၀ ရက်နေ့၌ ဂါဇာကမ်းမြောင်ဒေသတွင် အစွေရေးတို့၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းအချို့ သေဆုံးခဲ့ရာမှ အပြန်အလှန်အကြမ်းဖက်မှုများ ထပ်မံတိုးချဲ့ဖြစ်ပေါ်ခဲ့ပြန်သည်။


ဦးခင်မောင်မြ

အီမောဘွန်းတောင်ထိပ်ရောက် ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း။

။ အီမောဘွန်း ဆီးနှင်းရေခဲတောင်သည် ကချင်ပြည်နယ်၊ မြစ်ကြီးနာခရိုင်၏ အရှေ့မြောက်ဘက်၊ မြောက်လတ္တီတွဒ် ၉၈' ၄၂' နှင့် အရှေ့လောင်ဂျီတွဒ် ၂၆° ၄၈' အကြား၊ ဆော့လော်နှင့် ချီဖွေမြို့နယ်အစပ်တွင် တည်ရှိ၍ ပေ ၁၃,၃၅၀ မြင့်သည်။ မြစ်ကြီးနာခရိုင်တွင် အမြင့်ဆုံးဖြစ်သကဲ့သို့ မြန်မာ့အရှေ့မြောက်နယ်နိမိတ်မျဉ်း တောင်တံတိုင်းကြီး၏ မျှော်စင်ကြီးဟုလည်း ဆိုနိုင်သည်။ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှ၏ အမြင့်ဆုံးတောင်ထွတ်ဖြစ်သော ခါကာဘိုရာဇီ (၁၉,၂၉၆') ကို ၁၉၉၆ ခုနှစ်က ဂျပန် – မြန်မာချစ်ကြည်ရေး တောင်တက်အဖွဲ့က တက်ရောက်ခဲ့ပြီးဖြစ်သော်လည်း ဒုတိယအမြင့်ဆုံး ဂန်လန်ရာဇီ (၁၉,၀၄၂) နှင့် ကချင်ပြည်နယ်အတွင်း ပေ ၁၄,၀၀၀ ကျော် ၁၅,၀၀၀ ဝန်းကျင်တောင်ထွတ်အချို့ကို လူတက်ရောက်နိုင်ခြင်း မရှိသေးပေ။ အီမောဘွန်းရေခဲတောင်မှာမူကား ခါကာဘိုရာဇီပြီးလျှင် မြန်မာနိုင်ငံတွင် တောင်တက်သမားများ တက်ရောက်နိုင်ခဲ့သည့် ဒုတိယအမြင့်ဆုံး တောင်ထွတ်ဖြစ်သည်။

အီမောဘွန်းသည် မြင့်မားသော တောင်ထွတ်ဖြစ်ခြင်းကြောင့် တောင်ထွတ်ဝန်းကျင်တွင် သစ်ပင်ကြီးများ မပေါက်ရောက်ဘဲမြက်ပင်ရှည်များသာ ပေါက်ရောက်သည်။ ထို့ကြောင့် ဂျိန်းဖောဘာသဖြင့် အီမော – မြက်ပင်ရှည် (ပေါက်သော)၊ ဘွန်း – တောင်ဟု ဆိုထားခြင်းဖြစ်သည်။ ၁၉၆၁ ခုနှစ်က မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး လှအောင် (အငြိမ်းစား) (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်) က ဦးဆောင်၍ တောင်တက်အဖွဲ့ဝင် ၇၃ ဦး၊ တပ်မတော်သား ၁၇ ဦး ပေါင်းလူ ၉၀ နှင့် လမ်းပြအဖွဲ့ အပါအဝင် လူ ၁၅၀ ခန့်သည် အီမောဘွန်းတောင်ထိပ်သို့ တက်ရောက်ခဲ့သည်။ ရာသီဥတုဆိုးဝါး အေးမြလှခြင်းနှင့် ခရီးလမ်းကြမ်းတမ်းလှခြင်းတို့ကြောင့် စခန်းအသီးသီးမှ နောက်တန်းသို့ အဖွဲ့ဝင်အချို့ကို ပြန်ပို့ခဲ့ရသည်။ ၁၁-၁၁-၆၁ ရက်နေ့နံနက်၌ တောင်ထွက်သို့ အဖွဲ့ဝင် ၃၅ ဦး အောင်မြင်စွာရောက်ရှိ၍ နိုင်ငံတော်အလံကို ပထမဆုံးအကြိမ် လွှင့်ထူနိုင်ခဲ့သည်။ ထိုစဉ်က မြစ်ကြီးနာမှချီဖွေရွာ (ယခု ချီဖွေမြို့)၊ ချီဖွေမှ အရှေ့မြောက်ဘက် လောခေါင်၊ မန်ဇမ်၊ ထောဂေါ၊ နူဒွန်ဘော်၊ ထန်တုံ၊ နံချီလောရွာများအတိုင်း ခရီးဆက်၍ အရှေ့ဘက်တရုတ်နိုင်ငံနယ်စပ်အနီးမှ အနောက်ဘက်သို့ချိုးကာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဤခရီးစဉ်နှင့် ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးလှအောင် ရေးသားသော မှတ်တမ်းဆောင်းပါးကို အခြေပြု၍ ထိုနှစ်များအတွင်းကထုတ်ဝေသော မူလတန်းကျောင်းသုံး မြန်မာဖတ်စာအုပ်တွင် "တောင်ကြီးဖဝါးအောက်" ခေါင်းစဉ်ဖြင့် အကျဉ်းချုပ်ပြဋ္ဌာန်းခဲ့ဖူးသည်။

ဗိုလ်မှူးကြီးလှအောင်နှင့်အဖွဲ့ အီမောဘွန်းသို့ ရောက်ရှိပြီးနောက် နှစ်ပေါင်း ၄၀ နီးပါးအတွင်း စီစဉ်ရန်ခက်ခဲလွန်း




အီမောဘွန်းရေခဲတောင်ကိုတွေ့ရစဉ်

ခြင်းနှင့် နယ်မြေမအေးချမ်းခြင်းတို့ကြောင့် မည်သည့်တောင်တက်အဖွဲ့မျှ မတက်ရောက်နိုင်ခဲ့သော ဤခရီးစဉ်ကြီးကို ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းက ၂၀၀၀ ပြည့်နှစ်အတွင်း စွန့်စားစီစဉ်ဆောင်ရွက်ခဲ့သည်။ ရှေးဦးစွာ ကချင်ပြည်နယ် အားကစား‌နှင့် ကာယပညာဦးစီးဌာနနှင့် ညှိနှိုင်း၍ ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်ဦးဆောင်သော ရှေ့ပြေးလေ့လာရေးအဖွဲ့က ၂၀၀၀ ပြည့်နှစ်၊ မတ်လနှင့် ဧပြီလအတွင်း လမ်းကြောင်းရှာဖွေလေ့လာခဲ့သည်။ ရှေ့ပြေးအဖွဲ့သည် လွန်ခဲ့သောနှစ်၄၀က တောင်တက်အဖွဲ့ သွားခဲ့သောလမ်းအတိုင်း မဟုတ်ဘဲ ချီဖွေမှမေခမြစ်ရိုးဘေးအတိုင်း မြောက်ဘက်ဖလံရွာ၊ ဆော့ကော်မြို့၊ ဂျမ်ဘုတ်ရွာ စသည့်ရွာစဉ်အတိုင်း သွား၍ ထိုမှ အရှေ့တောင်သို့ချီး၍ ယကျောင်ရွာ၊ ခင်ချဲ့ရွာတို့မှ တစ်ဆင့် အီမောဘွန်းရေခဲတောင်သို့ ချဉ်းကပ်တက်ရောက် လေ့လာခဲ့သည်။ ဖ-၄-၂၀၀၁ ရက်နေ့တွင် ပေ ၁၂,၄၀၀ အမြင့်သို့ ရောက်ရှိခဲ့ပြီး ဆိုးဝါးသောရာသီဥတုနှင့် အန္တရာယ်ကြီးမားသော ဆီးနှင်းထု အနေအထား အရလည်းကောင်း၊ ရိက္ခာနှင့် အထောက်အကူပြုပစ္စည်းလို အပ်ချက်အရလည်းကောင်း အချက်အလက်များ ရသလောက်လေ့လာစူးစမ်းကာ နောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။ ရှေ့ပြေးအဖွဲ့သည် အသွားအပြန် ခြေလျင်တောင်တက်မိုင် ၁၇၀ ခရီး နှင်ခဲ့ရသည်။

ရှေ့ပြေးအဖွဲ့ လေ့လာတွေ့ရှိခဲ့သော ခရီးစဉ်အခြေအနေ၊ ရေ-မြေအနေအထား၊ ဖြတ်သန်းရမည့်ကျေးရွာများနှင့် လူမှုဓလေ့ထုံးစံများ၊ စခန်းချရမည့်နေရာများ၊ သယ်ဆောင်ရမည့် အထောက်အကူပြုပစ္စည်းများနှင့် အထွေထွေလိုအပ်ချက်များကို စနစ်တကျသုံးသပ်ဖြည့်ဆည်း၍ တောင်ထိပ်သို့တက်ရောက်မည့် ပင်မအဖွဲ့ဝင် ၁၈ ဦးသည် ၅-၁၀-၂၀၀၀ ရက်နေ့တွင် ရန်ကုန်မှ စတင်ထွက်ခွာခဲ့သည်။ ဤအဖွဲ့ကို ရန်ကုန်တက္ကသိုလ် တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့် (ကထိက၊ မြန်မာစာဌာန) (အတွင်းရေးမှူး၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်)ကပင် ဦးဆောင်ခဲ့သည်။ ထိုအချိန်က ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဝင်းကလည်း "အီမောဘွန်းရေခဲတောင်၊ တောင်တက်အဖွဲ့ကူညီရေးကော်မတီ" ကို

အီမောဘွန်းတောင်ထိပ်ရောက် ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း



အီမောဘွန်းရေခဲတောင် ကတိယအခြေခံစခန်းသို့ အတက်ခရီး

မြစ်ကြီးနား၊ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကို ခေါင်းဆောင်အဖြစ်ထား၍ ဖွဲ့စည်းပေးထားသည်။ တိုင်းမှူးသည် တောင်တက်အဖွဲ့ ခရီးမထွက်ခွာမီမှာပင်၊ လက်ဖက်ရည်ပွဲဖြင့် နှုတ်ခွန်းဆက်စည်ခဲ့ကာ ထောက်ပံ့ငွေများအပြင် သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်သို့ လမ်းညွှန်စီစဉ် ကူညီပေးခဲ့သည်။

တောင်တက်အဖွဲ့သည် ရှေ့ပြေးခရီးစဉ်လမ်းကြောင်း အတိုင်း ၉-၁၁-၂၀၀၀ ရက်နေ့တွင် ချီဖွေမှစ၍ ခြေလျင်တောင်တက်ခရီးကြမ်းနှင်လာရာ ပေတစ်သောင်းကျော်မြင့်သည့် တောင်လယ်စခန်းသို့ ၁၆-၁၁-၂၀၀၀ ရက်နေ့တွင် ရောက်ရှိသည်။ ဤစခန်းတွင် ညဘက်အပူချိန် (-၇)စင်တီဂရိတ်) အထိကျဆင်း၍ ရေစတင်ခဲနေပြီ ဖြစ်သည်။ ၁၇-၁၁-၂၀၀၀ ရက်နေ့တွင် ထူထပ်သောကျူဝါးများကို ခုတ်ထွင်ရှင်းလင်း၍ တောင်ထိပ်စခန်း ပေ ၁၂,၄၀၀ သို့ တက်ရောက်ကြသည်။ ဤစခန်းတွင် ဆီးနှင်းဖတ်များကျနေပြီ ဖြစ်သည်။ ၁၈-၁၁-၂၀၀၁ ရက်နေ့တွင် ရာသီဥတုဆိုးဝါးသည့်ကြားမှ ပေ ၁၅၀ ခန့်အထိမြင့်သော ကျောက်နံရံကြီးများ၊ ကျောက်သား ကျောက်စိုင်များကို တွယ်ကပ်၍လည်းကောင်း၊ တောင်တက်ကြိုးများ သုံး၍လည်းကောင်း တက်ရောက်ကြသည်။ တောင်ထိပ်ကြောကြီးပေါ် ရောက်ရှိရာတွင်လည်း ဆီးနှင်းဖုံးနေသော ကျောက်စိုင်များပေါ်ကျော်လွှား၍ တောင်ထိပ်ကြောကြီးပေါ်ရှိ တောင်ထွတ်ရှစ်လုံးအနက် အမြင့်ဆုံးဖြစ်သော အမှတ် ၇ တောင်ထွတ်ပေါ်သို့ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၈ ရက် မွန်းလွဲ ၁း၁၈ နာရီတွင် ရောက်ရှိကြသည်။ တောင်တက်အဖွဲ့ဝင် ၁၈ ဦး၊ အမှတ် ၆၁၆ ဆက်သွယ်ရေးတပ်မှ ရဲဘော် သုံးဦး၊ လမ်းပြ၊ စကားပြန်နှင့် ဝန်ထမ်း ကိုးဦး စုစုပေါင်း ၃၀ ဦးစလုံး ရာနှုန်းပြည့် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ မိနစ်ပိုင်းအတွင်း အပူချိန် -၁၁ဒီဂရီ -၂၀ စင်တီဂရိတ်အထိ ကျဆင်းလာသော ရာသီဥတုဆိုးဝါးမှုကြောင့် တောင်ထိပ်တွင် နာရီဝက်ခန့်သာနေ၍ နိုင်ငံတော်အလံ လွှင့်ထူခြင်း၊ မှတ်တမ်းကမ္ပည်းလွှာချခြင်းနှင့် တောင်ထိပ်ဆီးနှင်းမှုန်ကြားမှ ကျောက်နမူနာယူခြင်းတို့ကို ဆောင်ရွက်ပြီး တောင်ထိပ်စခန်းသို့ အန္တရာယ်ပေါင်းစုံကိုကျော်လွှား၍ ပြန်လည်ဆင်းသက်ခဲ့သည်။ တောင်ထိပ်စခန်းတွင်လည်း ဆီးနှင်းများ အဆက်မပြတ်ကျသဖြင့် မိုးကာတဲများ ပျက်လုခမန်း ဖြစ်လာသည့်အပြင် ၁၉-၁၁-၂၀၀၀ ရက်နေ့တွင် ဆီးနှင်းမုန်တိုင်း စတင်ဆင်လာသဖြင့် အရေးကြီးသောပစ္စည်းများနှင့် တဲကဲ့သို့ ကြီးမားသောပစ္စည်းများကိုသာ သယ်ကာကျန်ပစ္စည်းများကို ဆီးနှင်းကြားမှ ပြန်မဖော်နိုင်ဘဲ အခြေခံစခန်း ၂၊ ရေကန်သို့ ပြန်ဆင်းကြရသည်။ ထို့နောက် အလာ



ဆော့ကော်မြို့နယ် လာချိတ်တိုင်းရင်းသူအဘွားတစ်ဦးနှင့်အတူ တောင်တက်အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်



ကချင်ပြည်နယ် ဆော့ကော်မြို့နယ် ဂျမ်ဘုတ်ရွာ၌ လော်ဝေါတိုင်းရင်းသားတို့အား ပုတီးလက်ဆောင်ပေးစဉ်

ခရီးစဉ်အတိုင်း ပြန်လည်ထွက်ခွာရာ မြစ်ကြီးနား၊မို့သို့ ၂၇-၁၁-၂၀၀၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။ ထိုညမှာပင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဝင်းက အောင်ပွဲခံတောင်တက်အဖွဲ့ကို တိုင်းစစ်ဌာနချုပ်၊ မလိခရိုပ်သာမြက်ခင်းပြင်တွင် ညစာစား ပွဲဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။

တောင်တက်ခြင်းသည် လူသားချင်းယှဉ်ပြိုင်ရသော အားကစားမဟုတ်ဘဲ လူသားတို့ကိုစိန်ခေါ်နေသော သဘာဝတရား၏ပြယုဂ်ဖြစ်သည့် ရေမြေတောတောင်တို့နှင့် ရင်ဆိုင်အနိုင်ယူရသော အားကစားဖြစ်သည်။ အီမောဘွန်းရေခဲတောင်ကို နှစ် ၄၀ အတွင်း ပထမဆုံး ပြန်လည်တက်ရောက်ခဲ့သော ရန်ကုန်တက္ကသိုလ်တောင်တက်အဖွဲ့သည် အပြောင်းအလဲမြန်သော ရာသီဥတု၊ ပရိယာယ်ကြွယ်ဝသော တောတောင်ရေမြေအနေအထား၊ အန္တရာယ်မျိုးစုံပြွမ်းတီးသော ပတ်ဝန်းကျင်စသည်တို့ကို အဖွဲ့ဝင်အချင်းချင်း စည်းလုံးခြင်း၊ ကိုယ်စိတ်ကြံ့ခိုင်ခြင်း၊ အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း အဖွဲ့ခေါင်းဆောင်၏ အမိန့်ကို နာခံ၍ စည်းကမ်းရှိရှိ ဆောင်ရွက်ခြင်း၊ ခွဲသတ်တိလုံလ၊ အားမာန်အပြည့်ဖြင့် တစ်ဦးသည် အမျာအတွက်၊ အမျာသည် တစ်ဦးအတွက် ဟူသောခံယူချက်ကို စွဲမြဲစွာကျင့်သုံးခြင်းကြောင့် ထူးခြားသောအောင်ပွဲကို ရရှိခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ကို တိုက်ရိုက်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့အတူ လူငယ်မျာ ကိုယ်လက်ကြံ့ခိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး၊ ကိုယ့်အား ကိုယ်ကိုး၍ အမျာအကျိုးသယ်ပိုးရေး၊ ခွဲလုံလ မဖြစ်မနေဆန္ဒမျာ ထက်သန်ရေး၊ အဖွဲ့အစည်း စိတ်ဓာတ်ရင့်ကျက်ရေးနှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် အမျိုးသားစစ်မှုထမ်းပညာ လေ့ကျင့်ရာတွင် အထောက်အကူပြုရေးဟူသော မြန်မာနိုင်ငံ တောင်တက်အဖွဲ့ချုပ်၏ ရည်မှန်းချက်မျာကိုပါ အီမောဘွန်းဆီးနှင်းတောင်ခရီးစဉ်က ရှပ်လုံးဖော်နိုင်ခဲ့သည်။ ။

ဦးမျိုးသန့် (မြန်မာစာဌာန)

အီရတ်သမ္မတနိုင်ငံ။ ။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ညက အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်မျာသည် အီရတ်နိုင်ငံအပေါ် "သဲကန္တာရမုန်တိုင်း" စစ်ဆင်ရေးကို စတင်ဆင်နွှဲခဲ့သည်။ ယင်းသို့ စစ်ဆင်ခဲ့မှု၏ ၁၀ နှစ်မြောက် အထိမ်းအမှတ်အဖြစ် သမ္မတ ဆက်ဒမ်ဟူစိန်သည် ရုပ်မြင်သံကြားမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ မိန့်ခွန်းပြောကြားခဲ့သည်။ သမ္မတ ဆက်ဒမ်ဟူစိန်က ဤနေ့သည် အီရတ်တို့၏ အောင်ပွဲနေ့ဖြစ်ကြောင်း၊ ဆေတန်၏ အကာအကွယ်ကို ယူထားသည့် ရန်သူတို့အပေါ် အီရတ်က အောင်ပွဲခံခဲ့သောနေ့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုနေ့က ပြုလုပ်သည့် သီးခြား သတင်းစာရှင်းလင်းပွဲတစ်ခုဌ ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ်က ၁၉၉၁ ခုနှစ်တွင် အီရတ်နိုင်ငံအပေါ် တိုက်ခိုက်မှုသည် အာရပ်အမျိုးသားတို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်လျက် တရားမဲ့သော အကျိုးစီးပွားရလိုသောကြောင့်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြခဲ့သည်။

ပင်လယ်ကွေ့စစ်ပွဲ စတင်ဆင်နွှဲမှု ၁၀ နှစ်မြောက် အထိမ်းအမှတ်အဖြစ် အီရတ်သမ္မတက အမေရိကန်ပြည်ထောင်စုမှ ဆင်းရဲနွမ်းပါးသူမျာ၊ အိုးခွေအိမ်ခွေမဲ့သူမျာအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုလှူဒါန်းငွေမျာ ဖြန့်ဖြူးရေးကို အထူးကော်မရှင်တစ်ရပ်က ကြီးမှူးစီမံခန့်ခွဲပေးမည်ဖြစ်ကြောင်း အီရတ်သတင်းဌာနက ပြောကြားခဲ့သည်။

ဆက်လက် မုံးကြဲခံနေရဆဲ ဖြစ်ခြင်း – ဇန်နဝါရီလ အတွင်း အမေရိကန်နှင့် ဗြိတိန်စစ်လေယာဉ်တို့သည် အီရတ်နိုင်ငံအပေါ် ပျံသန်းကာ မုံးကြဲတိုက်ခိုက်နေကြဆဲ ဖြစ်သည်။ ဆက်ဒမ်ဟူစိန်၏သားကြီး အူဒေးဟူစိန်က ကူဝိတ်တစ်စိတ်တစ်ပိုင်းပါဝင်သည့် အီရတ်နိုင်ငံ၏ တိုးချဲ့မြေပုံသစ်ကို ရေးဆွဲရန် လိုအပ်ကြောင်း ခြိမ်းခြောက်စကားပြောခဲ့သည်။ ယင်းသို့ ပြောကြားချက်ကို တုံ့ပြန်သောအားဖြင့် အင်္ဂလန်နှင့် အမေရိကန်တို့က တိုးချဲ့မုံးကြဲခဲ့ကြသည်။

ယူရေနီယမ် လက်နက်အသုံးပြုမှု စုံစမ်းရေး – ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အီရတ်အစိုးရက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအန်နန်ထံသို့ စွမ်းအားထုတ်ပြီး ယူရေနီယမ်လက်နက်မျာအား အီရတ်နိုင်ငံအပေါ် အသုံးချမှုကို စုံစမ်း စစ်ဆေးပေးပါရန် အကြောင်းကြားစာပေးပို့ခဲ့သည်။ ယူရေနီယမ်လက်နက်မျာကို အင်္ဂလန်၊ အမေရိကန်တို့က

အသုံးပြုခဲ့သဖြင့် ၁၉၉၁ ခုနှစ် နောက်ပိုင်းတွင် အီရတ်ပြည်သူလူထုအတွင်း ကင်ဆာရောဂါဖြစ်ပွားမှု များပြားလာကြောင်း၊ မွေးဖွားလာသော ကလေးငယ်များမှာလည်း ရုပ်ပျက်ဆင်းပျက် အင်္ဂါချွတ်ယွင်းနေကြောင်း အထောက်အထားများကိုပါကုလသမဂ္ဂသို့ တင်ပြခဲ့သည်။ အင်္ဂလိပ်နှင့် အမေရိကန်တို့ကလည်း အီရတ်နိုင်ငံအပေါ် ယူရေနီယမ်အဆိပ်ငွေ့သင့်စေသော လက်နက်များကို အသုံးပြုခဲ့သည် ဝန်ခံထားကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးက ပြောဆိုခဲ့သည်။ အီရတ်တောင်းဆိုချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ယူရေနီယမ်အဆိပ်ငွေ့သင့်မှု၏ အကျိုးဆက်များကို စုံစမ်းစစ်ဆေးရန် အီရတ်နိုင်ငံသို့သွားရောက်လေ့လာမည်ဟု တုံ့ပြန်ပြောကြားလိုက်သည်။

ဆက်ဒမ်၏ကျန်းမာရေးသတင်း – ဇန်နဝါရီလဆန်းတွင် ဆက်ဒမ်ဟူစိန်သည် လေဖြတ်သွားပြီဟူသော သတင်းထွက်ပေါ်လာခဲ့သည်။ ထိုသတင်းကို အီရတ်အစိုးရက ပယ်ချခဲ့သည်။ လန်ဒန်အခြေစိုက်ထားပြီး ဆော်ဒီအာရေဗျဘဏ္ဍာငွေဖြင့်ထုတ်ဝေသော အာရပ်ဘာသာစကားသုံးသတင်းစာ၌ ဆက်ဒမ်သည် ရောဂါအသည်းအသန်ဖြစ်၍ ဆေးရုံတင်ထားရကြောင်း၊ အထူးဂရုစိုက်နေရသည့် အခြေအနေရှိကြောင်း ဖော်ပြခဲ့သည်။ ထိုသတင်းထွက်ပေါ်ပြီးနောက် အစိုးရရုပ်မြင်သံကြားသတင်းတွင် ဆက်ဒမ်ဦးဆောင်သော ဝန်ကြီးအဖွဲ့ အစည်းအဝေးကျင်းပနေပုံကို ပြသခဲ့သည်။ ဤသို့ဖြင့် ဆက်ဒမ်၏ လေဖြတ်မှုသတင်းမမှန်ကြောင်း ချေဖျက်ခဲ့သည်။

ဓာတုလက်နက်စက်ရုံများ တည်ဆောက်မှုသတင်း – ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဗြိတိန်နှင့်အမေရိကန်တို့က အီရတ်တွင် ဓာတုလက်နက်များ ထုတ်လုပ်သည့် စက်ရုံသုံးခုရှိကြောင်း စွပ်စွဲခဲ့ကြသည်။ အီရတ်ကုန်သွယ်ရေးဝန်ကြီးသည်ကာတာနိုင်ငံမှထုတ်လွှင့်သော အယ်လ်ဂျာစီးရာရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းပြုရာတွင် ဓာတုလက်နက်ထုတ်လုပ်နေသည်ဆိုသော သတင်းမှာ မမှန်ကြောင်း၊ ရှားသွပ်နေသူတို့၏ စွပ်စွဲချက်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အီဂျစ်၊ ဆီးရီးယားတို့နှင့် ဆက်ဆံရေး – ဇန်နဝါရီလအတွင်း အီရတ်နှင့် အီဂျစ်၊ ဆီးရီးယားတို့၏ ဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လာခဲ့သည်။ အီရတ်နှင့် အီဂျစ်အစိုးရတို့သည် အပြန်အလှန်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ အီဂျစ်နှင့်အီရတ်တို့သည် လွတ်လပ်သော ကုန်သွယ်ရေးဈေးကွက်တည်ဆောက်ရန် သဘောတူခဲ့ကြသည်။ ထိုလွတ်လပ်သော ကုန်သွယ်ရေးဈေးကွက်၌ ဆီးရီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အီရတ်နှင့်ဆီးရီးယားတို့ သည် နှစ်နိုင်ငံအပြန်အလှန်လည်ပတ်မှုများကို ပြုလုပ်ခဲ့ကြသည်။ အီရတ်က ဆီးရီးယားနိုင်ငံ၏ ဆည်မြောင်းလုပ်ငန်း၊ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းတို့၌ ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများကို ရယူလိုကြောင်း ပြောကြားခဲ့သည်။

အင်္ဂလန်–အမေရိကန်တို့၏လေကြောင်းတိုက်ခိုက်မှုများ – ဂူလိုင်လအတွင်းက အမေရိကန်ထောက်လှမ်းရေး လေယာဉ်တစ်စီးသည် အီရတ်တို့၏ ခုံးကျည်နှင့်သီသီကလေးလွဲခဲ့ရသည်။ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် အမေရိကန်လေယာဉ်များက အီရတ်တို့၏ လေကြောင်းကာကွယ်ရေးစခန်းများကို တိုးချဲ့ချမှန်းရန် စီစဉ်ခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့က ဗြိတိသျှနှင့် အမေရိကန်တိုက်လေယာဉ်များသည် အီရတ်မြောက်ပိုင်းရှိ လေယာဉ်မပျံသန်းရ ဇုန်အတွင်းပျံသန်းကာ အီရတ်လေကြောင်း ကာကွယ်ရေး စခန်းများကို တိုက်ခိုက်ဗုံးကြဲခဲ့ကြသည်။ အီရတ်တို့က အမေရိကန်လေယာဉ်တစ်စီးကို ပစ်ချခဲ့ကြသည်။ သမ္မတဘုရှ်က ၄င်းတို့၏ လေယာဉ်များသည် တိုးချဲ့ပျံသန်းခြင်းမဟုတ်ဘဲ မဟာမိတ်တို့၏ လုပ်ရိုးလုပ်စဉ် ပျံသန်းမှုများသာ ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ဩဂုတ်လအတွင်းက အင်္ဂလန် – အမေရိကန် စစ်လေယာဉ် ၂၀ တို့သည် အထောက်အကူပြုလေယာဉ် ၃၀ တို့ဖြင့် အီရတ်နိုင်ငံအပေါ် ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ အီရတ်ရေဒါစခန်းများ၊ ခုံးကျည်စခန်းများကို ဖျက်ဆီးခဲ့ကြသည်။ အမေရိကန်လေယာဉ်တစ်စီးနှင့် လေယာဉ်မှူးမပါသော သူလျှိုလေယာဉ်တစ်စီးတို့ကို အီရတ်တို့က ပစ်ချနိုင်ခဲ့သည်။ အမေရိကန်လေယာဉ်များအား ပစ်ချနိုင်မှုအတွက် အီရတ်တို့က အောင်ပွဲခံကျင်းပခဲ့သည်။ စက်ဆုပ်ဖွယ်ရာဇဝတ်မှုကို ကျူးလွန်သော အမေရိကန်တို့ကို ဆုံးမနိုင်ခဲ့သည်ဟု ဝင့်ကြွားပြောဆိုခဲ့ကြသည်။

ဆီးရီးယားဝန်ကြီးချုပ်၏ ခရီးစဉ် – ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်မွတ်စတာဖာမေရိုးသည် ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော အဖွဲ့ကြီးကို ဦးဆောင်လျက် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ဆီးရီးယားထိပ်တန်းကိုယ်စားလှယ်အဖွဲ့သည် နှစ်ပေါင်း ၂၀ ကာလအတွင်း ပထမဆုံးအကြိမ် ရောက်ရှိသွားခြင်းဖြစ်သည်။ ဘာဘတ်သ်ပါတီတွင်း ဂိုဏ်းကွဲမှုဖြစ်ပြီးနောက် အီရတ်နှင့် ဆီးရီးယားတို့

ကင်းကွာသွားခဲ့သည်။ ယခုတစ်ကြိမ်သည် နှစ်နိုင်ငံအကြား ပြန်လည်သင့်မြတ်သွားပြီဖြစ်ကြောင်း နိမိတ်လက္ခဏာ ဆောင်နေပေသည်။ ပါတီတွင်း အယူအဆကွဲမှုကြောင့် ရန်သူများ ဖြစ်ခဲ့ကြသော နှစ်နိုင်ငံတို့သည် ပြန်လည် ချစ်ကြည်သွား ကြပြီ ဖြစ်သည်။

အမေရိကန်စစ်လေယာဉ်ပစ်ချခံရခြင်း – စက်တင်ဘာလ အတွင်း၌လည်း ဗြိတိန်နှင့် အမေရိကန်စစ်လေယာဉ်တို့သည် အီရတ်နိုင်ငံကို ဆက်လက်ဗုံးကြဲတိုက်ခိုက်နေခဲ့ကြသည်။ ထိုစစ်လေယာဉ်၏ တိုက်ခိုက်မှုကြောင့် အီရတ်အရပ်သားများ သေဆုံးဒဏ်ရာရခဲ့ကြသည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် လေယာဉ်မှူးမပါသော သူလျှိုလေယာဉ်နှင့် အနိမ့်ပျံသန်းသော တိုက်လေယာဉ်တို့ကို အီရတ်တို့က ပစ်ချနိုင်ခဲ့သည်။

ကာ့ဒ်အုပ်စုချင်း တိုက်ပွဲဖြစ် – အီရန်နှင့် နီးကပ်နေသော အီရတ်မြောက်ပိုင်း၌ ကာ့ဒ်လူမျိုးစုများနေထိုင်ကြသည်။ ကာ့ဒ်တို့သည် အီရတ်တို့နှင့် မသင့်မြတ်ဘဲ သီးခြားခွဲထွက်လိုကြသည်။ သို့သော် ကာ့ဒ်အုပ်စုချင်း မသင့်မြတ်ကြပေ။ စက်တင်ဘာလကုန်ပိုင်းတွင် အီရတ်မြောက်ပိုင်း၌ ကာ့ဒ်အုပ်စုချင်း တိုက်ခိုက်ခဲ့ကြရာ ကာ့ဒ်အုပ်စုတစ်စုမှ တပ်သား ၁၀၀ ကျော် သေဆုံးခဲ့ရသည်။ ကာ့ဒ်အုပ်စုတစ်စုမှာ အာရပ်များ၊ အာဖဂန်များ ပါဝင်ဖွဲ့စည်းထားသည့် မွတ်ဆလင် အခြေခံဝါဒီ အုပ်စုဖြစ်သည်။ ဤအုပ်စုကို အိုစမာဘင်လာဒင်က ရန်ပုံငွေနှင့် လက်နက်များ ထောက်ပံ့ထားကြောင်း သိရှိသည်။ အီရတ်မြောက်ပိုင်း၌ အယ်လ်ကိုင်ဒါတို့နှင့် အဆက်အသွယ်ရှိသော ကာ့ဒ်အုပ်စုသည် အင်အားတောင့်တင်းနေသည်။

ရေနံနှင့် စားနပ်ရိက္ခာ လဲလှယ်ရေးအစီအစဉ် – ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အီရတ်နိုင်ငံအတွက် "ရေနံနှင့် စားနပ်ရိက္ခာ လဲလှယ်ရေးအစီအစဉ်" ကို နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နောက်ထပ် ခြောက်လကာလ သတ်မှတ်လိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်တွင် ဗြိတိန်နှင့် အမေရိကန်တို့၏ အဆိုပြုချက်အရ အီရတ်နိုင်ငံအပေါ် "စမတ်တားမြစ်မိန့်များ" ကျင့်သုံးရန်လည်း ပါရှိခဲ့သည်။ "စမတ်တားမြစ်မိန့်" သည် သာမန်အရပ်သားများကို မထိခိုက်စေဘဲ ထိပ်ပိုင်းအစိုးရအသိုင်းအဝိုင်းကိုသာ အထိနာစေရန် ရည်ရွယ်ထားသည့် အမိန့်မျိုးဖြစ်သည်။ အရပ်သား သုံးကုန်ပစ္စည်းများကို တိုးမြှင့်တင်သွင်း ရောင်းဝယ်ခွင့်ပေးသွားသည်။ သို့ရာတွင် စစ်ဘက်သုံးပစ္စည်းများကိုတင်သွင်း ဝယ်ယူခွင့်ပြုမည် မဟုတ်ပေ။ အီရတ်၏ တိုက်တွန်းချက် အရ လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ပါဝင်နေသည့် ရုရှားက "စမတ်တားမြစ်မိန့်များ" ပါဝင်မှုကို ကန့်ကွက်ပိတ်ဆို့ခဲ့သည်။


ကူဝိတ်နယ်စပ်တွင် ပစ်ခတ်မှုဖြစ်ခြင်း – နိုဝင်ဘာ ၁၂ ရက်နေ့က အီရတ်တပ်များသည် စစ်မဲ့ဇုန်နှင့် ကူဝိတ်နယ်စပ်သို့ စက်သေနတ်များ၊ မော်တာများဖြင့် ပစ်ခတ်ခဲ့ကြသည်။ အီရတ်တို့က ကူဝိတ်နယ်မြေအတွင်းသို့ ပစ်ခတ်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။ သို့ရာတွင် ကူဝိတ်အစိုးရက ဤသို့ပစ်ခတ်မှုကို ကုလသမဂ္ဂက ဖွဲ့စည်းပေးထားသည့် စောင့်ကြည့်လေ့လာရေးမစ်ရှင်အဖွဲ့သို့ တိုင်တန်းခဲ့သည်။

ဦးခင်မောင်မြ

အီလက်ထရွန်းနစ်ပညာရေး (e - Education) ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် အီလက်ထရွန်းနစ်အချက်အလက် ထုတ်လွှင့်ခြင်းစနစ် (Electronic Data Broadcasting System) အစီအစဉ်ကို ၁.၁.၂၀၀၁ နေ့က စတင်အသုံးပြုသည်။


ပညာရေးဝန်ကြီးဌာနသည် ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးရေးအတွက် အခြေခံပညာကျောင်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ ခေတ်မီဆက်သွယ်ပို့ချမှု နည်းပညာများဖြင့် သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန်၊ ဆရာဆရာမများ အရည်အသွေးပိုမိုပြည့်ဝလာစေရန် နိုင်ငံသားတိုင်း အခြေခံပညာသင်ယူတတ်မြောက်ကြစေရေးအတွက် လိုအပ်သည့် နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Learning Society) ကို ဖန်တီးပေးလျက် ပညာခေတ် (Knowledge Age) ၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ပြီးနိုင်ငံတကာ ပညာရည်အဆင့်မီစေရန် ရည်ရွယ်ချက်များဖြင့် အီလက်ထရွန်းနစ်ပညာရေးစနစ်ကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

ယခုအချိန်အခါတွင် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာနှင့် အဆင့်မြင့်ကဏ္ဍ (၂) ရပ်လုံးအတွက် သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲခြင်း၊ ပေါင်းစပ်ဘာသာရပ် သင်ကြားရေးအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်



အီလက်ထရွန်းနစ်ပညာရေးနှင့် လက်တွေ့ထိတွေ့နေကြသော ကျောင်းသားကျောင်းသူများ

ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့်အညီ ပြန်လည်ဆန်းသစ်သော စနစ်ကို နိုင်ငံတကာနည်းစနစ်အတိုင်း ဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ်ပညာရေး **(Life Long Learning and Continuing Education)** အစီအစဉ်များဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်



အီလက်ထရွန်းနစ်ပညာရေး အကောင်အထည်ဖော်မှုတစ်ရပ်အဖြစ် ကျောင်းသူကလေးများ ကွန်ပျူတာစွမ်းရည် ပြသနေကြစဉ်

အီလက်ထရွန်းနစ်ပညာရေး



အီလက်ထရွန်းနစ်ပညာရေးတွင်ပါဝင်သော Multimedia Class Room တစ်ခုမြင်ကွင်း

ဖြည့်ဆည်းပေးမည့် အစီအစဉ်များဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြုပြီး ဆောင်ရွက်မည့် အစီအစဉ်များကို ဆောင်ရွက်ခြင်း၊ ပညာရေးကွန်ရက် MOE net တည်ထောင်သော လုပ်ငန်းအစီအစဉ်များဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးဂြိုဟ်တုမှ တစ်ဆင့် တစ်နိုင်ငံလုံး Electronic Broadcasting System တည်ထောင်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်များဆိုင်ရာ အဆင့်မြင့်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ အခွင့်အလမ်းပွင့်သော ပညာရေးစနစ် (Open Education System) တည်ထောင်ရန် ဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။

ဤသို့အားဖြင့် အီလက်ထရွန်းနစ် ပညာစနစ်အောက်ဝယ် အခြေခံပညာကျောင်းများတွင် Multimedia Class room များတိုးချဲ့ဖွင့်လှစ်သည်။ တက္ကသိုလ်ကောလိပ်များတွင် IT Learning Centre များ၊ Electronic Resource များ၊ Computer Training Centre များ၊ Multimedia Resource Centre များနှင့် Language Lab များကို ခေတ်မီနည်းပညာနှင့် ပစ္စည်းများတပ်ဆင်ဖြည့်ဆည်း၍ သင်ကြားပို့ချလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် အီလက်ထရွန်းနစ်သင်ယူမှုဌာန (Electronic Learning Centre) များဖွင့်လှစ်ထားရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် အီလက်ထရွန်းနစ် အချက်အလက်ထုတ်လွှင့်ခြင်းစနစ်ကို (Electronic Data Broadcasting System) အသုံးပြုလျက် သင်ကြားမှု၊ သင်ယူမှု ပတ်ဝန်းကျင်သစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အကောင်အထည်ဖော်ဆောင်ရွက်ချက်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးတွင် သင်ယူမှုဌာန (၂၀၃) ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုသင်ယူမှုဌာနများရှိနေရာအနှံ့သို့ဖြန့်ဝေထုတ်လွှင့်နိုင်သည့် ပင်မကွန်ပျူတာမှတစ်ဆင့်သော်လည်းကောင်း၊ ပို့ချချက်များ၊ ပညာရပ်များ၊ ကျွမ်းကျင်မှုနည်းပညာရပ်များကို ရပ်မြင်သံကြားမှလည်းကောင်း၊ ဆက်သွယ်ရေးဂြိုဟ်တုမှလည်းကောင်း အလွယ်တကူ လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ တိုက်ရိုက်ထုတ်လွှင့်စဉ်မအား၊လပ်သဖြင့် မလေ့လာနိုင်ပါက နေရာအနှံ့သို့ဖြန့်ဝေထုတ်လွှင့်နိုင်သည့် ပင်မကွန်ပျူတာမှတစ်ဆင့် ကြိုက်နှစ်သက်ရာအချိန်တွင် ထုတ်ယူသုံးစွဲနိုင်လေသည်။

Electronic Data Broadcasting ကွန်ရက်တည်ဆောက်အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ ပညာရေးစနစ်သည် အီလက်ထရွန်းနစ်ပညာရေးစနစ် (e - Education) အတွင်းသို့ အောင်မြင်စွာအခြေချနိုင်ပြီဖြစ်သည်။

အေးကြူး၊ ဦး (ရုပ်ရှင်မင်းသားကြီး) (ခရစ် ၁၉၁၆–၂၀၀၁) ။ ။ ရုပ်ရှင်တစ်ခေတ်တွင် မင်းသားလိုတစ်မျိုး လူကြမ်းလိုတစ်ဖုံ ရုပ်ရှင်အနုပညာ ပြောင်မြောက်ထူးချွန်ခဲ့သည့် မင်းသားကြီးဦးအေးကြူးသည် အဘ ဦးမြဂဲ၊ အမိ ဒေါ်စောရင်တို့၏ အထွေးဆုံးသားဖြစ်သည်။ ဦးအေးကြူးကို ၁၉၁၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့၌ မင်းလှမြို့တွင် ဖွားမြင်၍ ငယ်နာမည်မှာ အကြိုင်ဖြစ်သည်။ သုံးလသား အရွယ်တွင် ဖခင်ဦးမြဂဲ ကွယ်လွန်ခဲ့သည်။ စစ်ကြီးဖြစ်သော အခါ ဦးအေးကြူးတို့မိသားစုသည် ရန်ကုန်မြို့အောဝမ်းခြံသို့ ပြောင်းရွှေ့နေထိုင်ကြ၍ နောက်ပိုင်းတွင် ကြည့်မြင်တိုင် အိုးဖိုရပ်၌ အခြေချနေထိုင်ခဲ့ကြသည်။

ဦးအေးကြူးသည် ငယ်စဉ်မှစ၍ ဆယ်တန်းအထိ မြို့မကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ပညာသင်ကြားနေစဉ် ဘောလုံးဝါသနာပါ၍ ကြည့်မြင်တိုင်နယ်မြေ ဆိုရှယ်အသင်းတွင် ပါဝင်ကစားခဲ့ရာ နယ်မြေလက်ရွေးစင် ဂိုးသမား၊ အားကစားသမားကောင်းတစ်ယောက်ဖြစ်သည်။ ဘောလုံးကန်ကောင်းသည့်အတွက် သဘော်ကုမ္ပဏီတစ်ခုက ခေါ်ယူ၍ စာရေးအဖြစ်ခန့်ထားခဲ့သည်။ ဦးအေးကြူးတွင် မွေးချင်းညီအစ်ကိုငါးယောက်ရှိရာ အစ်ကိုအကြီးဆုံးဦးလှဘူးသည် ကြည့်မြင်တိုင် ရွှေတိုင်သီရိရုပ်ရှင်ရုံတည်ထောင်ခဲ့သူ၊ အောဝမ်းခြံမန်နေဂျာချုပ်ဖြစ်သည်။ ဒုတိယအစ်ကိုဖြစ်သူ ဦးမြမောင်မှာ ဖ.ဆ.ပ.လခေတ်တွင် အမတ်တစ်ဦးဖြစ်ခဲ့သည်။ တတိယအစ်ကိုဖြစ်သူ ဗိုလ်မှူးအေးငွေသည် ဗိုလ်မှူးဘဝဖြင့် ဩစတြေးလျတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်မှူးအေးငွေသည် မြတ်လေးနွယ်ကလောင်အမည်ဖြင့် စာပေနယ်ပယ်တွင် နာမည်ကျော်ကြားခဲ့သည်။ ဦးအေးကြူး၏ အစ်ကိုအငယ်ဆုံး ဦးဖေမောင်သည် ဦးတင်မောင်ပထမဆုံးရိုက်ကူးခဲ့သော မြဂနိုင်ရုပ်ရှင်ဇာတ်ကားတွင် သစ်တောဝန်ထောက်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

အနုပညာ အသိုင်းအဝိုင်းအတွင်း ကြီးပြင်းလာခဲ့ရသူ ဦးအေးကြူးသည် ရုပ်ရှင်လောကထဲသို့ ဝင်ရောက်လာခဲ့သည်မှာ အဆန်းမဟုတ်ပေ။ သဘော်ကုမ္ပဏီတွင် စာရေးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အောဝမ်းရုပ်ရှင်ကုမ္ပဏီသည် ရုပ်ရှင်အတော်များများ ရိုက်ကူးနေရချိန်ဖြစ်သည်။ မင်းသားအခက်အခဲ ပြဿနာဖြစ်ပေါ်နေစဉ် အောဝမ်းသူဌေးကြီးက အောဝမ်းဖလင်မန်နေဂျာချုပ် ဒဂုန်ဦးလှဘူးအား ညီဖြစ်သူ ဦးအေးကြူးကို မင်းသားအဖြစ် သုံးရန်ပြောသည်။ အနုပညာ မျိုးရိုးရှိသူ ဦးအေးကြူးသည် အစ်ကိုကြီး၏ အားပေးတိုက်တွန်းမှုဖြင့် ၁၉၃၈ ခုနှစ်တွင် ရုပ်ရှင်လောကထဲသို့ စတင်ဝင်ရောက်ခဲ့သည်။

ရာဇဝင်ဇာတ်ကားတစ်ကားဖြစ်သော "စင်္ကြာမ" ဇာတ်ကား ရိုက်ကူးရန်စီစဉ်နေချိန် ရာဇဝင်ဇာတ်လိုက် မင်းသားမောင်မောင်လေး ကွယ်လွန်သွားသဖြင့် ထိုစဉ်က အကြိုင်ဟုခေါ်သော ဦးအေးကြူးသည် အလုပ်မှခွင့်ယူ၍ အေးကြူးနာမည်ဖြင့် မင်းသမီးမေမြင့်နှင့်တွဲကာ ရိုက်ကူးခဲ့ရသည်။ ဇာတ်ကားရုံတင်သောအခါ လူကြိုက်များ၍ ရာဇဝင်ဇာတ်လိုက်မင်းသားချော အေးကြူးအဖြစ် ထင်ရှားလာခဲ့သည်။ ရုပ်ရှင်ကြည့်ပရိသတ်၏ နှစ်သက်အားပေးခြင်းခံရသော မင်းသားအေးကြူးသည် "ရွှေဒေါင်းတောင်" ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့ရာ မိန်းမလှာအသွင်ဖြင့် သရုပ်ဆောင်ခြင်း၊ အကြမ်း၊ အလွမ်း၊ အညှာ၊ အခရာ စသည်တို့၌လည်း ထိမိလွှသဖြင့် ပရိသတ်၏ နှစ်ထောင်းအားရတစ်ခဲနက်အားပေးခြင်းဖြင့် ကျော်ကြားမှုရခဲ့ပြန်သည်။



ရုပ်ရှင်မင်းသားကြီး
ဦးအေးကြူး

ရုပ်ရှင်မင်းသားအဖြစ် ခိုင်မြဲလာသောအခါ စာရေးအလုပ်မှထွက်၍ ရုပ်ရှင်ပညာသည် ဘဝခရီးလမ်းကြောင်းပေါ်တွင် ရဲဝံ့စွာလျှောက်လှမ်းခဲ့တော့သည်။ ဒါရိုက်တာ၊ ဆရာသမားများ၏ သွန်သင်ညွှန်ပြမှုကို ကြိုးစားလေ့လာသင်ကြားလိုက်စားမှုကြောင့် မင်းသားအေးကြူး၏ အနုပညာပန်းတိုသည် ပွင့်လန်းဝေဖြာခဲ့ရသည်။ စစ်ကြီးခေတ်တွင် စင်္ကြာမဇာတ်ကားမှ စတင်၍ ရှင်ဖြူရှင်ညို၊ နှစ်ဆောင်ပြိုင်၊ ကေလာသ၊ ဝံဇယ၊ ရွှေဒေါင်းတောင်၊ ဘုမသိဘမသိ၊ ဘာမထိ စသည်ဖြင့် ရာဇဝင်ဇာတ်ကားကြီးများ ရိုက်ကူးခဲ့သည်။

၁၉၅၄–၅၅ ခုနှစ်၌ ကြည့်မြင်တိုင် မီးသတ်အဖွဲ့၌ စေတနာဝန်ထမ်း မီးသတ်ဗိုလ်အဖြစ်အမှုထမ်းခဲ့သည်။

ဦးအေးကြူး နောက်ဆုံးရိုက်ကူးခဲ့သော ဇာတ်ကား၊ သမန်းကျား ဇာတ်ကား ဖြစ်သည်။ လူငယ်ကိုယ်စား ပြု ဇာတ်ကား တစ်ကား ဖြစ်သည်။ ကျောင်းသား မိဘအဖြစ် အရေးပါသော အခန်းမှ ပါဝင်ရခြင်း ဖြစ်ရာ သား သမီး ပြု ပြင်ရေး တွင် ဝတ္တရား ကျေပွန်သည့် ဖခင်ကြီး၏ အမူအရာ စရိုက်လက္ခဏာ ပေါ်လွင်အောင် သရုပ်ဆောင်သွား နိုင်ခဲ့သည်။ ဦးအေးကြူး သည် အသံတိတ်၊ အသံထွက် ခေတ်များ တွင် ဇာတ်ကား ပေါင်း ၉၀ ကျော် ရိုက်ကူး ခဲ့ရာ ကျော်ကြား ခဲ့သော ဇာတ်ကား များ မှာ စကွော်မ၊ ရှင်ဖြူရှင်ညို၊ နှစ်ဆောင်ပြိုင်၊ ကလာသ၊ ရွှေဒေါင်းတောင်၊ ဘုမသိဘမသိ၊ နန်းသာကီ၊ ဝံဇယ၊ မြတဘက်၊ မိုးကြယ်မို့လား၊ မိုးပြာအောက်ကမေ၊ ပန်းသာမစာဉ၊ ချစ်စေတမန်၊ သူဌေးလောင်း၊ လှည်းကျိုးနဲ့ နွားသိုး၊ ဘဝသံသရာ၊ မြဲတဲ့သစ္စာ၊ တစ်ပါးကျွန်၊ ဘယ်ရပ်ဌာနီ၊ ထား၊ သစ္စာလွင်ပြင်၊ ဆင်းရဲချမ်းသာ၊ တောင်နန်းဒေဝီ၊ ဒေါက်တာမာလာ၊ ယမုံနာ၊ တစ်နေ့ပြန်လာမည်၊ ခိုနှံတန်ပြီ၊ ဝဏ္ဏကျော်ထင် ဦးမင်းဒင်နှင့် သမန်းကျား ဇာတ်ကားများ ဖြစ်သည်။

ဦးအေးကြူး၏ ထူးခြားချက်မှာ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်နှင့် အသံထွက်ခေတ်များ အထိ မင်းသမီး အစုံနှင့် တွဲဖက်ရိုက်ကူးခဲ့ခြင်း ပင် ဖြစ်သည်။ မေမြင့်၊ မေမြ၊ မေဆန်း၊ မေနု၊ မေသစ်၊ မေရီမြင့်၊ မေမေဝင်း၊ မေလွင်၊ မချစ်၊ ခင်ခင်ရီ၊ တင်တင်မူ၊ မြင့်မြင့်ဌေး၊ မြင့်မြင့်ခင်၊ ကြည်ကြည်ဌေး၊ နော်လီဇာဘင်ဆင်မှသည် ဝါဝါဝင်းရွှေ၊ (ဘယ်ရပ်ဌာနီ) အထိ တွဲခဲ့ရသော မင်းသားတစ်လက် ဖြစ်သည်။

ဦးအေးကြူးသည် ဒါရိုက်တာ ဦးတင်နွယ်၊ ဦးလွန်းဖေ၊ ဦးတင်မောင်၊ ဦးတင်ယု၊ ဦးအောင်ဇံတို့ ရိုက်ကူးသော ဇာတ်ကားများ တွင် အများဆုံး ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဗြိတိသျှရုပ်ရှင်၊ ရွှေဝယ်သီရိရုပ်ရှင်၊ ပန်းသာရုပ်ရှင်၊ အောဝမ်းရုပ်ရှင်၊ လျှပ်စစ်ရုပ်ရှင်၊ ဇေယျာရွှေပြည်ရုပ်ရှင်၊ မန္တလေးရုပ်ရှင်၊ စိန်ရုပ်ရှင်၊ ရန်ကုန်ရုပ်ရှင်၊ ပဒေသာရုပ်ရှင်နှင့် ယမုံနာရုပ်ရှင်တို့မှထွက်သော ဇာတ်ကားများ တွင် အများဆုံး ပါဝင်ရိုက်ကူးခဲ့ရသည်။

ရုပ်ရှင်ဇာတ်လမ်းအရ သူများမယား ကြာခို၊ သူများရည်းစား အတင်းလု၊ သူများသမီးဖျိုဖျက်ဆီး၊ မတရား စီးပွား ရှာ စသော အပြုအမူများကို သဏ္ဌာန်လုပ် အဟုတ်ထင်အောင် သရုပ်ဆောင်ခဲ့ရသော်လည်း ဦးအေးကြူးသည် အပြင်လောက လူမှုဆက်ဆံရေးတွင် မြင့်မြတ်သော ယင်းအဖွဲ့သည် စေတနာဝန်ထမ်းမိတ်ဆွေများ ဖြင့် ဖွဲ့တည်ထားခြင်း ဖြစ်သည်။ တစ်ဖန်ကြည့်မြင်တိုင်ရှိ အစ်ကိုကြီး ဒဂုန် ဦးလှဘူး၏ ရွှေတိုင်သီရိရုပ်ရှင်ရုံတွင် မန်နေဂျာအဖြစ်ဝင် ရောက်လုပ်ကိုင်ရင်း ရုပ်ရှင်ဇာတ်ကား များ ဆက်လက်ရိုက်ကူးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အထက်တန်းပြဆရာမ ဒေါ်ခင်အေးရီနှင့် လက်ထပ်သည်။ သည့်နောက်ပိုင်းတွင် ရာဇဝင်မင်းသား အေးကြူသည် အကြောင်းအား လျော်စွာ လူကြမ်းမင်းသား ဘက်သို့ ကူးပြောင်းခဲ့ရသည်။ ဦးလေးဖြစ်သူ ဆရာရင်းလည်းဖြစ်သူ အေဝမ်းဦးတင်မောင်သည် သူလို ကိုယ်လို သရုပ်ဆောင်များ နှင့်မတူ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင်စွမ်းဆောင်နိုင်သည့် ဦးအေးကြူအား သူ၏ ရတနာပုံဇာတ်ကား တွင် အရေးကြီးသည့် ကြာကူလီသက်ညွှန့်အဖြစ် သရုပ်ဆောင်စေခဲ့သည်။ ရတနာပုံဇာတ်ကား သည် တစ်ချိန်က ကျောင်းသုံးပြဋ္ဌာန်းခဲ့သော ရတနာပုံဝတ္ထုကြီးကို ရိုက်ကူးခြင်း ဖြစ်သည်။

ရတနာပုံဇာတ်ကား တွင် လူကြမ်းအဖြစ် အသွင်ဆောင်ရသည့် သက်ညွှန့်တည်းဟူသော ဇာတ်ကောင်သည် ရုပ်ချောရမည်။ အပြောကောင်းရမည်။ မျက်နှာပြောင်တိုက်ရမည်။ ကြာကူလီလုပ်တတ်ရမည်။ ယင်းသို့သော သရုပ်ဆောင်မှုမျိုးကို မင်းသားလုပ်နေသူ ဇာတ်ဆောင်များ မလုပ်ချင်၊ မလုပ်ရဲကြ။ ဦးအေးကြူကမူ ကြာကူလီသက်ညွှန့်နေရာတွင် ဝင်ရောက်သရုပ်ဆောင်ခဲ့သည်။ ယင်းသို့ သရုပ်ဆောင်ခဲ့ခြင်းသည် သူ၏ အနုပညာရှင်ပီသသော အနုပညာရှင် သတ္တိကြောင့်ပင် ဖြစ်သည်။ ရှာမှာသည့် အနုပညာရှင်တစ်ဦးပင် ဖြစ်သည်။ ရတနာပုံဇာတ်ကား ရုံတင်ပြသည့် အခါတွင် ဦးအေးကြူသည် ကြာကူလီအေးကြူ–ကြာကူလီအေးကြူဟူ၍ ရုပ်ရှင်ကြည့်ပရိတ်သတ်များ၏ စိတ်အစဉ်တွင် အရိပ်ထင်နေပေတော့သည်။

ရတနာပုံဇာတ်ကား ပြသပြီးနောက်တွင် မြတဘက် ဇာတ်ကားကို ဒါရိုက်တာမောင်တင်ယုက မင်းသမီး ကြည်ကြည်ဌေးနှင့် တွဲဖက်ရိုက်ကူးခဲ့သည်။ မြတဘက် ခြိုလိုက်ရုံဖြင့် ယောကျ်ားက မိန်းမဖြစ်သွားသော ဇာတ်အိမ်ဖြစ်သည်။ ရာဇဝင်မေတ္တာဖွဲ့ဇာတ်ဆန်းတစ်ပုဒ် ဖြစ်သည်။ မြတဘက်ဇာတ်ကားအပြီးတွင် အေးကြူသည် မင်းသားအဖြစ်ပါဝင်သရုပ်ဆောင်ခြင်း မပြုတော့ဘဲ ကြာကူလီအခန်းများမှသာ မအား မလပ်အောင် ဇာတ်ကားများ ရိုက်ကူး သရုပ်ဆောင်ခဲ့ရသည်။

စိတ်ထား:ရှိ၍ လူကြီး:လူကောင်:ပီသသည်။ အသက် ၆၀ အရွယ်တွင် သဲအင်:ဂူဆရာတော်ကြီးနှင့် တွေ့ပြီး:နောက် ရုပ်ရှင်လောကမှ အနာ:ယူကာ တရား:ဘက်လိုက်ခဲ့သည်။ ဘုရား:ဒါယကာ၊ ကျောင်:ဒါယကာလုပ်နေခဲ့သည်။ ရုပ်ရှင်အစည်:အရုံ:တွင် နာယကကြီး:အဖြစ် တာဝန်ယူ၍ ဆောင်ရွက်ခဲ့သည်။ မြန်မာ့ရုပ်ရှင် ၇၅ နှစ်ပြည့် ဖွင့်ပွဲ၌ နိုင်ငံတော်အကြီး:အကဲများနှင့်အတူ ဖွင့်ပွဲအခမ်း:အနား:ကို ဦး:ညီပု၊ အောဝမ်း:ဦး:တင်မောင်တို့နှင့်အတူ ဦး:အေး:ကြူ ဖွင့်ပေး:ခဲ့သည်။

ဦး:အေး:ကြူသည် သူချစ်သော အနုပညာဘဝခရီး:တစ်လျှောက်တွင် တာဝန်ကျေပွန်ခဲ့သည့် အနုပညာခရီး:သည်တစ်ဦး:ဖြစ်သည်။ ဤကဲ့သို့ အနုပညာရည်ပြည့်ဝသော ရုပ်ရှင်အနုပညာရှင်ကြီး ဦး:အေး:ကြူသည် ၂၀၀၁ ခုနှစ်၊ မေလ ၃၀ ရက်နေ့၌ လူကြီး:ရောဂါဖြင့်ကွယ်လွန်သည်။

ဇနီး:ဖြစ်သူ ဒေါ်ခင်အေး:ရီမှာ ၁၉၉၆ ခုနှစ်က ကွယ်လွန်ခဲ့ပြီး:ဖြစ်ရာ ဦး:အေး:ကြူကွယ်လွန်ချိန်တွင် သား:ကြီး:ကိုဝင်း:ကြိုင်၊ သမီး:မဝင်း:ဝင်း:ခိုင်၊ မအေး:အေး:ခိုင်နှင့် မြေး:တစ်ဦး: ကျန်ရစ်သည်။

သီသီအေး (ပြန်/ဆက်)

အေးမောင်၊ ဦး (စာပေဗိမာန် ဦး:အေး:မောင်) (ခရစ် ၁၉၁၄ – ၂၀၀၂)။ ။ ဆရာကြီး ဦး:အေး:မောင်ကို ၁၉၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့၌ ပြင်ဦး:လွင်မြို့တွင် အဘ ဦး:သိန်း:ကျော်၊ အမိ ဒေါ်သင်တို့က ဖွား:မြင်သည်။

မန္တလေး:မြို့ ဝက်စလီကျောင်း:မှ ၁၉၃၂ ခုနှစ်၌ ဆယ်တန်း:အောင်မြင်သည်။ ရန်ကုန်ဆရာဖြစ်သင် ကောလိပ်သို့ တက်ရောက်၍ ၁၉၃၇ ခုနှစ်၌ ဆရာဖြစ်စာမေး:ပွဲ အောင်မြင်သည်။ မုံရွာမြို့ ဝက်စလီကျောင်း:တွင် ၁၉၃၈ မှ ၁၉၄၀ အထိ သုံး:နှစ်ကြာ ဆရာလုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်ဆရာဖြစ်သင် ကောလိပ်လေ့ကျင့်ရေး:ကျောင်း:၌ ဆရာအဖြစ် နှစ်နှစ်လုပ်ခဲ့သည်။

၁၉၄၉ မှ ၁၉၅၅ အထိ စာပေဗိမာန်တွင် လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ဦး:အေး:မောင် (စာပေဗိမာန်) အမည်ဖြင့် မြဝတီမဂ္ဂဇင်း၊ ဂါ:ဒီ:ယန်:မဂ္ဂဇင်း၊ လုပ်သား:ပြည်သူ့နေ့စဉ် (မြန်မာ – အင်္ဂလိပ်) သတင်:စာနှင့်



စာပေဗိမာန် ဦး:အေး:မောင်


အခြား:မဂ္ဂဇင်း:များ:တွင် ဘာသာရေး၊ စိတ်ပညာ၊ ဒဿန၊ သိပ္ပံပညာနှင့် အခြား:ပညာရေး:ဆောင်း:ပါး:များ:ကို နှစ်ပေါင်း:၂၀ ကျော်မျှ ရေး:သား:ခဲ့သည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ (သုံး:တွဲ)၊ ဗီဇနှင့် ပတ်ဝန်း:ကျင်၊ လူ့စိတ်သဘာဝ၊ သိပ္ပံနည်း:စူး:စမ်း:မှုနှင့် သိပ္ပံပညာသဘော၊ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ ဘဝဆည်း:ဆာ၊ စိတ်ပညာနှင့် ကိုယ်ကျင့်တရား၊ စိတ်ပညာနှင့် စိတ်ငြိမ်း:ချမ်း:မှု၊ သေသည်၏ အခြား:မဲ့၌၊ လူ့ဘဝ လူ့လောကအမြင် (နှစ်တွဲ)၊ ပိဋိကတ်မှ ဗုဒ္ဓနှင့်ဓမ္မ၊ ဗုဒ္ဓအမြင် လူသား:စွမ်း:အင်စာအုပ်များ ရေး:သား:ခဲ့သည်။ ထို့အပြင် မဟာစည်ဆရာတော်၏ တရား:စာအုပ်ငါး:အုပ်၊ ပိဋိကတ်ဘာသာပြန် စာပေဖြန့်ချိရေး:အဖွဲ့အတွက် မဇ္ဈိမနိကာယ် (မူလပဏ္ဏာသ)၊ ထေရအပါဒါန် (ပထမပိုင်:) နှင့် မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) များ:ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

၂၀၀၂ ခုနှစ်၊ မေလ ၁၁ ရက် (စနေနေ့) ညနေ ၄:၃၅ တွင် ရန်ကုန်မြို့၊ စမ်း:ချောင်း:ရပ်၊ သံတံတား:လမ်း: နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်သည်။ ဇနီး:ဖြစ်သူမှာ ဒေါ်သန်း:ရင် (ကွယ်လွန်) ဖြစ်ပြီး: သား:သမီး:ငါး:ဦး: ကျန်ရစ်သည်။

အင်ဒိုနီးရှားနိုင်ငံ။ ။ လာဘ်စား:မှု အရွဲ့တော်ပုံနှစ်ခုတွင် သမ္မတဝါဟစ်၏ပါတီ ပါဝင်ပတ်သက်နေသည်ဟု ပါလီမန်အစီရင်ခံစာ ဖော်ပြချက်ကို ပါလီမန်၌ အမတ်နေရာ ၁၀ ရာခိုင်နှုန်း:ရရှိထား:သော သမ္မတအဗ္ဗဒူဝါဟစ်၏ ပါတီက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပယ်ချခဲ့သည်။ လာဘ်စား:မှု အရွဲ့တော်ပုံနှစ်ခု၌ သမ္မတပါဝင် ပတ်သက်နိုင်ကြောင်း: ပါလီမန်ကော်မတီက ရှာဖွေတွေ့ရှိမှုအပေါ် ပါလီမန်အမတ်

အင်ဒိုနီးရှားနိုင်ငံ



အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုကို အသစ်ဖွဲ့စည်းပြီးသော အစိုးရအဖွဲ့သစ်အဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်

မျာ: အခြေအတင်ဆွေးနွေးခဲ့ခြင်းမှာ ဝါဟစ်အတွက် ပထမဆုံးဖော်ပြလိုက်သော ထောက်ခံမှု အရိပ်လက္ခဏာ ဖြစ်သည်။ နောက်ဆုံးတွင် အဆိုပါကော်မတီက တရား:မျှတသော နိုင်ငံရေးရည်မှန်းချက်မျာ: ဖြစ်စေရေးကိုသာ ညွှန်ကြား:ခဲ့သည်ဟု အမျို:သား:နိုးကြား:ရေးပါတီမှ ဆော့ဖ်ဝမ်ချူ ဒိုရိုက ပြောကြား:သည်။ ပါလီမန်၌ အများစု ပေါင်:စပ်ဖွဲ့စည်:ထာ:သော ယင်:ပါတီကြီ: နှစ်ပါတီကို အရှုပ်တော်ပုံနှင့် စပ်လျဉ်:၍ ဝါဟစ်အာ: ပြင်:ထန်စွာ သတိပေ:ရန် တိုက်တွန်:ထာ:သည်။

အင်ဒိုနီ:ရှာ: လက်နက်ကိုင် ကာကွယ်ရေ:တပ်ဖွဲ့မျာ: (တီအင်အိုင်) နှင့် အမျို:သား:ရဲတပ်ဖွဲ့တို့သည် လက်ရှိ သမ္မတ အဗ္ဗဒူရာမန်ဝါဟစ်အာ: ၂၀၀၄ ခုနှစ် အထိ ဆက်လက် တာဝန်ထမ်:ဆောင်ရန် လိုလား:ကြောင်: စစ်ဘက်မှ ဥပဒေပြု လွှတ်တော်အမတ်တစ်ဦ:က ပြောကြား:ခဲ့သည်။ သမ္မတ ဝါဟစ်မှာ ငွေကြေ:အရှုပ်တော်ပုံနှစ်ခုတွင် ပါဝင်ပတ်သက်နေကြောင်: အင်ဒိုနီ:ရှာ:ပါလီမန် အောက်လွှတ်တော် (ဒီပီအာရ်) က စွပ်စွဲပြောကြား:လျက် ရှိနေသော်လည်: စစ်ဘက်နှင့်ရဲတပ်ဖွဲ့တို့ကမူ သမ္မတအာ: ထောက်ခံမှု ရှုပ်သိမ်:မည်မဟုတ်ကြောင်: စစ်ဘက်ဥပဒေပြုလွှတ်တော် ဥက္ကဋ္ဌ၊ အငြိမ်:စာ:ဒုတိယဗိုလ်ချုပ်ကြီ: တာရီဆာဘာနီက ပြောကြား:သည်ဟု ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် အင်ဒိုနီ:ရှာ: အော်ဘဇာ:ဗာ:သတင်:စာက ရေ:သာ:ဖော်ပြသည်။ အင်ဒိုနီ:ရှာ: ပါလီမန်မျက်နှာစုံညီအစည်:အဝေ:ကို ဇန်နဝါရီလ ၃၁ ရက် နေ့က ကျင်:ပရာတွင် သမ္မတဝါဟစ်အာ: ငွေကြေ:အရှုပ်တော်ပုံနှစ်ခု၌ ပါဝင်ပတ်သက်မှုဖြင့် စုံစမ်:စစ်ဆေ:ခြင်:ကို စစ်ဘက်ဥပဒေပြု အမတ်မျာ:အဖွဲ့က လက်ခံခဲ့သော်လည်: စစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့က သမ္မတဝါဟစ်အာ: ထောက်ခံမှု ရှုပ်သိမ်:ခြင်:၊ ထောက်ခံမှုလျော့ချခြင်: ပြုလုပ်မည့်



သမ္မတဖြစ်ပြီးနောက် ပထမဆုံးအကြိမ်ကျင်:ပသည့် သတင်:စာရှင်:လင်:ပွဲတွင် ရှင်:လင်:ပြောကြား:နေသော အင်ဒိုနီ:ရှာ:သမ္မတ မယ်ဂါဝတီ ဆိုကာနို

အဝိဟွာယ်မဆောင်ကြောင်း၊ ပါလီမန်မျက်နှာစုံညီ အစည်းအဝေးကျင်းပပြီးနောက် အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ဆာဘာနီက ပြောကြားသည်။ ထို့ပြင် အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့များ (တီအင်အိုင်) နှင့် အမျိုးသားရဲတပ်ဖွဲ့တို့သည် ဒုတိယသမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီထံ ဘက်ပြောင်းထောက်ခံသည်ဟူ၍လည်း မမှတ်ယူစေလိုကြောင်း အင်ဒိုနီးရှားစစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့သည် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စွဲမြဲစွာထောက်ခံသွားမည်သာ ဖြစ်ကြောင်း ဆာဘာနီက ဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုကြရန် နိုင်ငံခြားတိုင်းပြည်များအား အင်ဒိုနီးရှားအောက်လွှတ်တော် (ဒီပီအာ) ဥက္ကဋ္ဌ အတ္တဘာတန်ယွန်းနှင့် အင်ဒိုနီးရှားတပ်မတော် မဟာဗျူဟာဌာန .အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ရယာမီဇတ်ရာ ယာကူဒူတို့က မတ်လ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကမ္ဘာပေါ်တွင် စတုတ္ထမြောက်လူဦးရေအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ပျက်စီးပြိုကွဲသွားခြင်းမရှိအောင် ကယ်တင်နိုင်ရေးအတွက် သမ္မတအမှုဒူရာမန်ဝါဟစ်ထံမှ အာဏာလွှဲယူရန် အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့ (တီအင်အို) ကို ထောက်ခံအားပေးဖို့ အမေရိကန်အစိုးရက စဉ်းစားနေသည်ဟူသော သတင်းများထွက်ပေါ်လာပြီးနောက် ယင်းသတင်းကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါသတိပေးချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ အင်ဒိုနီးရှား ပြိုကွဲပျက်စီးမှုမရှိအောင် ကာကွယ်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ငြိပ်ဝပ်ပိပြားအောင် ဆောင်ရွက်နိုင်စွမ်းရှိပြီး စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်မည့် အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့အား အမေရိကန်ပြည်ထောင်စု၏ ထောက်ခံအားပေးမှုကို လွှဲပေးရဖွယ်ရှိသည်ဟု မတ်လ ၇ ရက်နေ့ထုတ် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပို့စ် သတင်းစာအယ်ဒီတာ အာဘော်တွင် ဖော်ပြခဲ့သည်။ ယင်းလုပ်ဆောင်ချက်မျိုးမှာ မလျော်ကန်သော လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားနိုင်ငံများက အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်မစွက်ဖက်သင့်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ပြဿနာဟူသမျှကို မိမိတို့ဘာသာ ဖြေရှင်းသွားသင့်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ပြဿနာကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံများက ဆရာကြီးမလုပ်သင့်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီးက ပြောကြားသွားသည်ဟုလည်း အင်ဒိုနီးရှားအော့ဘဇာဗာ သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ယင်းသို့ဖြစ်ပေါ်လျက်ရှိနေရာမှ အင်ဒိုနီးရှားသမ္မတ အမှုဒူရာမန်ဝါဟစ်ကို ထောက်ခံသူ ထောင်ပေါင်းများစွာသော လူအုပ်ကြီးက ဂျကာတာမြို့တော်ရှိ ပါလီမန်အဆောက်အအုံသို့ မေလနောက်ဆုံးပတ်အတွင်းက စုရုံးရောက်ရှိလာကြပြီး ပါလီမန်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်၍ အကျပ်အတည်းတွေ့ကြုံနေသော သမ္မတဝါဟစ်ကို ကာကွယ်ရေးအတွက် အသေခံတိုက်ခိုက်သွားကြရန် သန္နိဋ္ဌာန်ချထားကြသည်။ ဒေါသထွက်နေသော ဆန္ဒပြသမားများက ပါလီမန်အဆောက်အအုံအတွင်းရှိ ပါလီမန်အမတ် ၅၀၀ ကိုပင် ဂရုမစိုက်ကြချေ။ သမ္မတဝါဟစ်အား ပြစ်တင်ရှုတ်ချရန် ပါလီမန် အမတ်များက မဲပေးဆုံးဖြတ်ခဲ့ကြသည်။ လုပ်ရည်ကိုင်ရည်မရှိဆိုသော စွဲဆိုချက်များအပြင် သမ္မတဝါဟစ်အား အကျင့်သိက္ခာဖောက်ပြားမှုဖြင့် ဆက်လက်တရားစွဲဆိုနိုင်မည်ဖြစ်သည်။ အသက် ၆၀ အရွယ်ရှိ သမ္မတဝါဟစ်က ပြန်လည်ထိုးနှက်တိုက်ခိုက်ရာတွင် ပါလီမန်ကို ဖျက်သိမ်းမည် သို့မဟုတ် နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာမည်ဟု ခြိမ်းခြောက်ခဲ့သည်။ မေလအတွင်းက အစိုးရအဖွဲ့ကို အပြောင်းအလဲပြုလုပ်ရာတွင် လုံခြုံရေးဝန်ကြီး ဆူစီလိုဘမ်ဘန်နှင့် အစိုးရရှေ့နေချုပ် မာဇူကီဒါရူစမန် တို့ကို အစိုးရအဖွဲ့မှ ထုတ်ပစ်ခဲ့သည်။ လူကြိုက်များနေသော ဒုတိယသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီကမူ ဝါဟစ်၏နေရာတွင် တာဝန်ဆက်လက်ထမ်းဆောင်ရန် ပြင်ဆင်လျက်ရှိသည်။ ဝါဟစ်က အချိန်ကပ်ပြီး အာဏာခွဲဝေပေးရေးကမ်းလှမ်းချက်ကို မယ်ဂါဝတီက ပယ်ချလိုက်သည့်အပြင် သူမ၏ အင်ဒိုနီးရှားဒီမိုကရက်တစ် တိုက်ပွဲဝင်ပါတီကိုလည်း အထူးအစည်းအဝေးတွင် မဲပေးကြရန် တိုက်တွန်းလိုက်သည်။ အထူးအစည်းအဝေး၌ သက်တမ်း ၂ နှစ်ပင် မပြည့်သေးသော သူ၏ သမ္မတရာထူးကို အကာအကွယ်ယူမည့် ရှင်းလင်းတင်ပြချက်မိန့်ခွန်းကို ဝါဟစ်က ပြောကြားရမည်ဖြစ်သည်။ မျှော်လင့်ထားသည့်အတိုင်း ပါလီမန်အမတ် ၅၀၀ အပါအဝင် အများစုက ဝါဟစ်၏မိန့်ခွန်းကိုပယ်ချလျှင် ဝါဟစ်သမ္မတရာထူးမှ ထွက်ပေး၍ ဒုတိယသမ္မတ မယ်ဂါဝတီက ၂၀၀၄ ခုနှစ်အထိ သမ္မတရာထူးကို ထမ်းဆောင်ရမည်ဖြစ်သည်။ မယ်ဂါဝတီကို လူထုလူတန်းစားအသီးသီးက လေးစားကြသည်မှာ သူမ၏ဖခင် ဆိုကာနို၏ လူကြိုက်များအောင် အုပ်ချုပ်ပုံကို ပြန်ပြောင်းသတိရကြသောကြောင့် ဖြစ်သည်။ ဆိုကာနိုသည် လွတ်လပ်သော အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သည်။

သမ္မတဟောင်း ဆူဟာတို၏ ကျန်းမာရေး – အင်ဒိုနီးရှား သမ္မတဟောင်းဆူဟာတိုသည် ဇွန်လ ၁၃ ရက်နေ့က ခွဲစိတ်ကုသမှုခံယူပြီးနောက် အခြေအနေတိုးတက်ကောင်းမွန်လာသည်ဟု ဆူဟာတိုမိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။ အသက် ၈၀ နှစ်အရွယ်ရှိအင်ဒိုနီးရှားသမ္မတ ဆူဟာတိုကို ဇွန်လ ၁၂ ရက်နေ့က ဂျကာတာမြို့တောင်ဘက် ဆေးရုံတစ်ရုံသို့ တင်ပို့ခဲ့ရသည်။ ဆူဟာတိုအား ခွဲစိတ်ကုသမှုပြုစဉ် သားအငယ်ဆုံး ဟူတိုမိုမင် ဒါလာယူထရာမှ တစ်ပါးမိသားစုအား လုံး ဆေးရုံတွင် ရှိနေကြသည်။ ဟူတိုမိုသည် အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ် ၁၈ လကျခံရန် တရားရုံးက အမိန့်ချထား သည်ကို အဖမ်းမခံဘဲ ယခင်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှစ၍ တိမ်းရှောင်နေခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် သမ္မတရာထူးမှ ဖယ်ရှားခံခဲ့ရချိန်အထိ အင်ဒိုနီးရှားနိုင်ငံကို ၃၂ နှစ်အုပ်ချုပ်ခဲ့သော ဆူဟာတိုသည် ဇွန်လ ၁၅ ရက်နေ့တွင် အသက် ၈၀ ပြည့်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် စောစောပိုင်းက အဂတိလိုက်စားမှုဖြင့် ဆူဟာတိုအား တရားစွဲဆိုရန် အစိုးရ၏ မေတ္တာရပ်ခံချက်ကို အင်ဒိုနီးရှားတရားရုံးက ပယ်ချခဲ့သည်။ ဆူဟာတိုသည် အလွန်အမင်း မကျန်းမာဖြစ်နေသည်ဟု အကြောင်းပြကာ ဗဟိုတရားရုံးက အစိုးရ၏ မေတ္တာရပ်ခံချက်ကို ပယ်ချခဲ့ခြင်းဖြစ်သည်။ ဆူဟာတိုကို နှလုံးခုန်နှုန်းထိန်းပေးသော ကိရိယာ တပ်ဆင်ပေးပြီးနောက် ဇွန်လ ၁၃ ရက်နေ့တွင် သူ၏အခြေအနေ တည်ငြိမ်မှုရှိလာသည်။ အသက် ၈၀ မွေးနေ့ကျင်းပပြီးနောက် နှလုံးရောဂါနှင့် သွေးအားကျဆင်းခြင်းတို့ကြောင့် ဆေးရုံတင်ခဲ့ရသည်။

သမ္မတဝါဟစ်အား ရာထူးမှ ဖယ်ရှားခြင်း – သမ္မတဝါဟစ်သည် ဇူလိုင်လ ၂၀ ရက် နောက်ဆုံးသတ်မှတ်ထားသော နေ့ရက်တွင် ဥပဒေပြုအမတ်များက သူ့ထံလာရောက်ညှိနှိုင်းခြင်းမရှိသဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေသတ်မှတ်ကြေညာကြောင်း အမိန့်ဒီဂရီထုတ်ပြန်လိုက်သည်။ သို့သော် လက်နက်ကိုင်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ပါလီမန်အမတ်များက ယင်းအမိန့်ဒီဂရီကို လိုက်နာခြင်းမရှိဘဲ ဇူလိုင်လ ၂၃ ရက် တနလ်းနေ့တွင် ပါတီဥက္ကဋ္ဌက ပြည်သူ့အတိုင်ပင်ခံလွှတ်တော်အထူးအစည်းအဝေး ကျင်းပပြီး သမ္မတဝါဟစ်အား အဂတိလိုက်စားကာ စာရိတ္တပျက်ပြားခြင်းနှင့် နိုင်ငံတော်ကို အုပ်ချုပ်နိုင်သောစွမ်းရည် မပြည့်ဝခြင်း စသော စွဲချက်များဖြင့် သမ္မတရာထူးမှ ဖယ်ရှားလိုက်သည်။ ထို့နောက် လစ်လပ်သွားသော သမ္မတရာထူးနေရာအတွက် ဒုတိယသမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီကို လွှတ်တော်က တညီတညွတ်တည်း ရွေးချယ်တင်မြှောက်လိုက်သည်။ ဤသို့ဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲမှာ မူလက မျှော်မှန်းထားသည်ထက် အချိန်စောပြီး ပြောင်းလဲသွားခဲ့သည်။

ရာထူးမှ နုတ်ထွက်ပေးရန် အဗ္ဗဒူရာမန်ဝါဟစ်က ငြင်းဆန်နေစေကာမူ မယ်ဂါဝတီ ဆိုကာနိုပူထရီကို



ရာထူးမှဖယ်ရှားခြင်းခံရသည့် သမ္မတဝါဟစ်

အင်ဒိန်းရှားနိုင်ငံ၏ သမ္မတသစ်အဖြစ် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) က အသိအမှတ်ပြုကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဂိုဒိဖိုဆီဖီရီနိုက ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြောကြား:သည်။ အင်ဒိန်းရှားနိုင်ငံ၏ အစိုးရအဖွဲ့ပြောင်း:လဲသွား:ခြင်း:ကို အာဆီယံက လက်ခံကြောင်း: ဟန္ခိုင်း:မြို့၌ သတင်း:ထောက်များ:အား: ဆီဖီရီနိုက ပြောကြား:သည်။ ဝါဟစ်သည် သမ္မတရာထူး:မှ ဖယ်ရှား:ခံရပြီး:နောက် မိတ်ဆွေများနှင့် တွေ့ဆုံရာတွင်ဖြစ်စေ၊ ရုပ်မြင်သံကြား:ဌာနက တွေ့ဆုံမေး:မြန်း:ရာတွင်ဖြစ်စေ မိမိမှာ အင်ဒိန်း:ရှား:နိုင်ငံ၏ မှန်ကန်ဖြောင့်မတ်သော ခေါင်း:ဆောင်တစ်ဦး:ဖြစ်ကြောင်း: ယုံကြည်ဆဲပင်ဖြစ်ကြောင်း: ပြောကြား:သည်။ သို့ရာတွင် မိမိ၏ကျန်း:မာရေး:ကြောင့် နိုင်ငံရေး:တိုက်ပွဲကို စွန့်လွှတ်ခဲ့ကြောင်း: ပြောကြား:သည်။ ဝါဟစ်သည် မျက်စိကွယ်လုနီး:ပါး: အခြေအနေတွင် ရှိနေပြီး: နှစ်ကြိမ်တိုင်လေဖြတ်ခံရ၍ နောက်ထပ်လေဖြတ်ဦး:မည်ကို ဆရာဝန်များက စိုး:ရိမ်နေကြသည်။ ဝါဟစ်သည် စင်ကာပူမှတစ်ဆင့် လန်ဒန်သို့သွား:ပြီး: ထိုမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ ကျန်း:မာရေး: စစ်ဆေး:မှုခံယူရန် ထွက်ခွာသွား:ပြီဖြစ်သည်။

အစိုးရအဖွဲ့သစ် ဖွဲ့စည်း:ခြင်း: – အင်ဒိန်း:ရှား:နိုင်ငံ၏ အမြင့်ဆုံး: အာဏာပိုင်အဖွဲ့ဖြစ်သော ပြည်သူ့အတိုင်ပင်ခံလွှတ်တော်သည် ညီညွတ်သော ဖွဲ့ဖြိုး:ရေး:ပါတီ (ပီပီပီ) ခေါင်း:ဆောင် ဟမ်ဇာဟတ်ဇ်ကို ဒုတိယသမ္မတအဖြစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ရွေး:ချယ်လိုက်သည်။ အတိုင်ပင်ခံလွှတ်တော် ဒုတိယသမ္မတရွေး:ချယ်ပွဲ၌ ယခင်အာဏာရ ဂိုလ်ကာပါတီခေါင်း:ဆောင် အက္ကဘာတန်ဂျန်:ကို ဟမ်ဇာဟတ်ဇ်က အနိုင်ရရှိခဲ့သည်။ (ပီပီပီ) ပါတီမှာ ပါလီမန်တွင် တတိယအင်အား:အကောင်း:ဆုံး: ပါတီဖြစ်သည်။ ဒုတိယသမ္မတသစ် ဟမ်ဇာဟတ်ဇ်ကို ဇူလိုင်လ ၂၆ ရက်နေ့ ညနေပိုင်း:က ကျမ်း:သစ္စာကျိန်ဆိုပြီး: ခန့်အပ်လိုက်သည်။ ဒုတိယသမ္မတရွေး:ချယ်ပွဲတွင် လျှို့ဝှက်မဲပေး:ရာ၌ ၆၀၄ မဲအနက် ထောက်ခံမဲ ၃၄၀ ဖြင့် အနိုင်ရရှိခဲ့သည်။

အင်ဒိန်း:ရှား:နိုင်ငံ ခေါင်း:ဆောင်များဖြစ်ကြသော သမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီနှင့် ဒုတိယသမ္မတ ဒေါက်တာဟမ်ဇာဟတ်ဇ်တို့သည် နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးနှင့် စီး:ပွား:ရေးပြဿနာပေါင်း:စုံနှင့် ရင်ဆိုင်နေရသော အင်ဒိန်း:ရှား:နိုင်ငံ တည်ငြိမ်အေး:ချမ်: သာယာဝပြောလာစေရေး:အတွက် မည်သို့ စွမ်း:ဆောင်ကြမည်ကို စောင့်ကြည့်ရပေမည်။

သမ္မတသစ် မယ်ဂါဝတီဆိုကာနိုပူထရီသည် ညွန့်ပေါင်း: အစိုး:ရဖွဲ့စည်း:ရေး:လုပ်ငန်း:များ:ကို ထား:ရစ်ခဲ့ပြီး: နိုင်ငံတစ်ဝန်း:ရှိ ပြည်နယ်အတော်များများ:သို့ ခရီး:လှည့်လည်ရန် ဇူလိုင်လ ၂၆ ရက်နေ့က ဂျကာတာမြို့မှ ထွက်ခွာသွား:ခဲ့သည်။ မယ်ဂါဝတီသည် အနောက်ဂျာ:ဗား:နှင့် နိုင်ငံ၏အရှေ့ပိုင်း: ဆာလာဝေဆီကျွန်း:၏ အချို့ဒေသများ:သို့ သွား:ရောက်လည်ပတ်၍ အခမ်း:အနား:များ:စွာသို့ တက်ရောက်ခဲ့သည်။ အင်ဒိန်း:ရှား:နိုင်ငံကို ထူထောင်ခဲ့သော ဖခင်သမ္မတဆိုကာနို၏ ဂူဗိမာန်သို့လည်း: သွား:ရောက် ဂါရဝပြုခဲ့သည်။

အစိုး:ရအဖွဲ့သစ်စာရင်း:ကို ဩဂုတ်လ ၉ ရက်နေ့တွင် သမ္မတသစ် မယ်ဂါဝတီဆိုကာနိုပူထရီက ကြေညာရာတွင် လက်ရှိနိုင်ငံရေးအင်အား:စုများ:နှင့် ဝန်ကြီး:များ:ပါဝင်သည်။ ယင်း:အစိုး:ရအဖွဲ့သစ်ကို "အပြန်အလှန်ပူး:ပေါင်း: ဆောင်ရွက်ရေး:အစိုး:ရအဖွဲ့" ဟု အမည်ပေး:ထား:ပြီး: ပူး:တွဲဝန်ကြီး:သုံး:ဦး:၊ အရေး:ပါသောဝန်ကြီး: ၁၇ ဦး:နှင့် ဒုတိယဝန်ကြီး: ၁၀ ဦး:တို့ ပါဝင်သည်။

လွတ်လပ်ရေးနေ့အခမ်း:အနား: – အင်ဒိန်း:ရှား:နိုင်ငံ၏ ၅၆ ကြိမ်မြောက် လွတ်လပ်ရေးနေ့နှစ်ပတ်လည် အခမ်း:အနား:ကို ဩဂုတ်လ ၁၆ ရက်နေ့က ဂျကာတာမြို့ သမ္မတနန်း:တော်၌ ကျင်း:ပရာ သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီ၊ ဒုတိယသမ္မတ ဟမ်ဇာဟတ်ဇ်၊ ပြည်သူ့အတိုင်ပင်ခံ လွှတ်တော်ဥက္ကဋ္ဌ အမ်မီယန်ရေ့စ်၊ အောက်လွှတ်တော်ဥက္ကဋ္ဌ အက္ကဘာတန်ဂျန်နှင့် အစိုး:ရအဖွဲ့ဝင် ဝန်ကြီး:များ: တက်ရောက်ကြသည်။ အဆင့်မြင့်အစိုး:ရအရာရှိကြီး:များ:၊ ဝန်ကြီး:ဌာနနှင့် အမျိုး:သား: ဝါဒရေး:ရာ အရာရှိများ:၊ သံတမန်များ:နှင့် ဆုတ်ဆိပ်တပ်ဆင်ထား:သော စစ်မှုထမ်း:ဟောင်း:များ:လည်း: တက်ရောက်ကြသည်။ ၁၉၄၅ ခုနှစ်က အင်ဒိန်း:ရှား:နိုင်ငံ၏ ပထမဆုံး:သမ္မတဖြစ်သူနှင့် မယ်ဂါဝတီ၏ဖခင်ဖြစ်သူ ဆိုကာနိုက အင်ဒိန်း:ရှား:နိုင်ငံ၏ လွတ်လပ်ရေး:ကို ကြေညာခဲ့သော ဒေသစံတော်ချိန်နံနက် ၁၀ နာရီတွင် အမြောက်များ: ပစ်ဖောက်၍ လွတ်လပ်ရေး:နေ့ အခမ်း:အနား:ကို ဖွင့်လှစ်ခဲ့သည်။ အင်ဒိန်း:ရှား:နိုင်ငံသည် ဒတ်ချ်ကိုလိုနီအဖြစ် နှစ်ပေါင်း ၃၅၀ ကျော်နေခဲ့ရပြီး: နောက် ဒုတိယကမ္ဘာစစ်အတွင်း: ဂျပန်စစ်တပ်၏သိမ်း:ပိုက်မှုကို လေး:နှစ်ကြာခံခဲ့ရပြီး: ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် လွတ်လပ်ရေး: ကြေညာခဲ့သည်။

မယ်ဂါဝတီ၏ ပြည်ပခရီး:စဉ် – သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီသည် အရှေ့တောင်အာရှ အလည်အပတ်ခရီး:ကို



